
တက္ကသိုလ်

# ငှဂပင်းဝံ့ဝေအကင်

ကျင်းတုံ၏ စီဂုဏ်ချီရှုဝတွန်

ဝန်တိုခြင်း မနာလိုခြင်းနှင့်
ချစ်ခြင်းမေတ္တာ



## ဒို့တာဝန်အရေးသုံးပါး

☆ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆တိုင်းပြည်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
☆နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
☆နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
☆ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံသစ် ဖြစ်ပေါ်လာရေး
☆ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
☆တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၃၉၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၄၆၀၆၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (ပုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေလင်းအောင်

# ဝန်တိုခြင်းမနာလိုခြင်းနှင့်ချစ်ခြင်းမေတ္တာ

(ပထမပိုင်း)

## အခန်း(၁)
## လက်မထောင်ရမည့်လူ

"ဗိုး .... ဗိုး .... ဗိုး"

"ဗုစ် .... ဗုစ် .... ဗုစ်"

"ဗိုး .... ဖလန်း .... ဖလန်း .... "

တစ်ဒင်္ဂအချိန်အတွင်း၌ သိုင်းကွက်ပေါင်းနှစ်ဆယ်ခန့်တိုက်ခိုက်ပြီးလေပြီ။ ထက်မြက်သောသိုင်းကွက်များပါပေ။

သို့သော် လုလင်၏တိုက်ကွက်များမှာ အဘိုးအို၏အကျီစကိုပင် ထိခိုက်နိုင်စွမ်းမရှိချေ။ ထိုအခါ လုလင်သည် ခံပြင်းလာလေ၏။ စိတ်ထဲတွင်လည်း ထူးဆန်းသလိုခံစားမိ၏။

သည့်နောက် .... သူသည် တိုက်ခိုက်ခြင်းကိုရပ်တန့်လိုက်ပြီး မျက်မှောင်ကုပ်ကာ အဘိုးအိုအား ငေး၍အကဲခတ်ကြည့်နေမိ၏။ အဘိုးအိုမှာ အသက်ခြောက်ဆယ်ခန့်ရှိသည်။ အိုမင်းသော်လည်း အနုတ်စုတ်ဂုတ်စုတ် ရုပ်ရည်မျိုးမဟုတ်ပေ။

ခန့်ညားသောရုပ်ရည်ရှိ၏။

ချိုင့်ဝင်နေသောနား‌ထင်နှင့် စူးရှသောမျက်လုံးအစုံရှိသည်။ သူ့ရုပ်ရည်ကို မည်သူမျှ အထင်သေး၍မရချေ။

သူကား .... သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းဘုရင်တစ်ဆူဖြစ်သည့် ဟုန်စွန်းအီပင် ဖြစ်တော့သည်။ အဘိုးအိုဟုန်စွန်းအီကလည်း လူငယ်လုလင်ကို အကဲခတ်ကြည့်နေ၏။

လုလင်မှာ သိုင်းပညာနုသေးသည်။ သိုင်းကွက်များကထက်မြက်သော်လည်း အားမပါကြောင်းသူသိသည်။

သို့သော် ....

ခွဲလုံ့လဝီရိယနှင့်ပြည့်စုံသော လူငယ်တစ်ယောက်ဖြစ်ခြင်းကိုမူ အဘိုးအိုကသဘောပြုမိ၏။ အသက်အရွယ်ကြီးရင့်သူဖြစ်၍ လူကဲခတ်တတ်သည်။

လူငယ်မှာ ကြည်လင်စူးရှသောမျက်လုံး .....

နက်မှောင်သောမျက်ခုံး .....

ဖြောင့်တန်းသောနှာတံနှင့် .....

တည်ကြည်သောရုပ်ဆင်း လက္ခဏာရှိသဖြင့် အထင့်သေး၍မရသောရုပ်လက္ခဏာဖြစ်သည်။ ထိုစဉ် ဟုန်စွန်းအီသည် ခေါင်းတစ်ချက်ညိတ်ပြီးမေးလေ၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မွန်တင်းပါ"

"မင်း ဘာကိစ္စနဲ့ငါ့ဆီလာရတာလဲ"



ကျွန်တော် ဦးဆီမှာသိုင်းပညာသင်ချင်လို့ပါ"

"ဘာရည်ရွယ်ချက်နဲ့သင်ချင်တာလဲ"

"ကျွန်တော့်အဖေကိုသတ်သွားတဲ့လူကို ကလဲ့စားချေချင်လို့ပါ"

ဟုန်စွန်းအီခေါင်းခါလိုက်သည်။

"မင်းမှားနေပြီသူငယ်"

"ကျွန်တော်မမှားပါဘူး၊ အဖေ့ကိုသတ်တဲ့လူကို လက်စားမချေသင့်ဘူးလား"

"မင်းခံစားရတာတစ်ပိုင်း သိုင်းပညာသင်တာက တစ်ပိုင်းပဲ"

"ကျွန်တော်ကတော့ လက်စားချေဖို့ပဲစဉ်းစားတာပဲ.."

"ဒါပေမဲ့ ငါ့ရဲ့သိုင်းပညာက လက်စားချေဖို့မဟုတ်ဘူးကွ၊ သိုင်းပညာရဲ့အနှစ်သာရကို မင်းသဘောမပေါက်ပါဘူး"

မွန်တင်းက လက်နှစ်ဖက်ဆုပ်ကာ ....

"ဟုတ်တော့ဟုတ်ပါတယ်ဦး၊ ဒါပေမဲ့ ကျွန်တော့်မှာ သိုင်းပညာမပြည့်စုံရင် ရန်သူကိုကလဲ့စားချေနိုင်မှာမဟုတ်ဘူး ...."

လူငယ်၏စကားမဆုံးမီ ဟုန်စွန်းအီကလက်ကာ၍ ....

"မင်းဘာမှထပ်မပြောနဲ့တော့"

အဘိုးအိုက အနီး၌ရပ်နေသောလူငယ်တစ်ယောက်အား ....

"ကဲ .... ကျင်းဟုတ် သူ့ကိုလမ်းစရိတ်ပေးပြီး အပြင်ခေါ်သွားပေတော့"

ထို့နောက်အဘိုးအိုချာခနဲလှည့်ထွက်သွား၏။ ရုတ်တရက် မွန်တင်းသည် နောက်မှလိုက်၍တိုက်ခိုက်လေ၏။ သို့သော် .....

"ဒီ .... ဒီး ..... ဝုစ်"

ဟုန်စွန်းအီသည် လှည့်ပင်မကြည့်ဘဲခြေဖြင့်နောက်သို့လှမ်းကန်လိုက်၏။

"ဝုန်း"

မွန်တင်း၏ကိုယ်ခန္ဓာကိုယ်သည် ဝါးတစ်ရိုက်ခန့်လွင့်စဉ်သွားလေ၏။ ထိုအခါ ကျင်းဟုတ်သည် လဲကျသွားသောမွန်တင်းကို သွားရောက်ဖေးမထူလိုက်သည်။

"ဒီမှာသူငယ်.... ကျုပ်တို့ဆရာကြီးက ဘယ်သူ့ကိုမှ သိုင်းပညာမသင်တော့ဘူးလို့ဆုံးဖြတ်ထားလို့ပါ"

မွန်တင်းက ထိုလူ့ထံမှရုန်းဖယ်ထွက်လိုက်ပြီး ....

"ခင်ဗျားတို့ဆရာက သိပ်မာနကြီးတာဘဲ၊ သူ့ဆီမှာ သိုင်းပညာမသင်ရပေမဲ့ သူ့ထက်သာတဲ့သိုင်းဆရာတွေအများကြီးပါ"

လူငယ်သည် ထိုသို့ပြောပြီး ချာခနဲလှည့်ကာထွက်ခွာသွားလေတော့၏။

****



နေဝန်းနီသည် ....

မြေပြင်သို့ တစ်ဝက်ခန့်ငုပ်လျှိုးသွားလေပြီ။ ကောင်းကင်တစ်ခုလုံးတွင် ပုစွန်ဆီရောင်ခြယ်သထားသည်မှာ အလွန်လှပနေပေသည်။ ရောင်စုံကောင်းကင်ကြီးဖြစ်နေ၏။

စိမ်းလန်းစိုပြေသောကမ္ဘာမြေတစ်လွှားတွင် ရောင်စုံပန်းများ ဝေဆာဖူးပွင့်နေသည်။ သဘာဝရှုခင်းသည် သာယာကြည်နူးဖွယ်ကောင်းလှသည်။

သို့သော် .... မွန်တင်းတယောက်မပျော်ရွှင်နိုင်ပါ။

သူသည် မိမိ၏ဖခင်အတွက် ကလဲ့စားချေနိုင်ရန် အားကိုးတကြီးနှင့် သိုင်းဘုရင်ဟုန်စွန်းအီထံသို့ရောက်သွားခဲ့လေ၏။

သို့သော်... သူသည် သိုင်းပညာသင်ကြားခွင့်မရသည့်ပြင် လူ့ပုံအလယ်တွင်အရှက်ရခဲ့သဖြင့် စိတ်ထဲ၌ခံပြင်းခဲ့ရသည်။

သူဝမ်းနည်းလာသည်။

စိတ်ဓာတ်လည်းကျလာမိလေ၏။

သူသည် တောလမ်းအတိုင်း ဆက်၍လျှောက်လာရင်း မျက်ရည်များ မျက်လုံးအိမ်တွင်းမှကျဆင်းလာလေတော့သည်။

ထိုစဉ် .... ရုတ်တရက် ....

လူတစ်ယောက် ဖြတ်ကျော်တက်သွားသည်ကိုသာ သိလိုက် သည်။ မည်သူကျော်တက်သွားသည်ကို မတွေ့လိုက်ရချေ။ ၎င်းသူသည် အေးအေးဆေးဆေး ဖြတ်ကျော်တက်သွားသည် မဟုတ်ချေ။ မွန်တင်းအား စကားပြောသွားသေးသည်။

"သိုင်းပညာမသင်ရလို့ ငိုတာ ယောကျ်ားတစ်ယောက်ရဲ့ အလုပ်မဟုတ်ပါဘူးကွာ"

မွန်တင်းကြည့်လိုက်သောအခါ ထိုလူမှာ ခြေလက်လှုပ်ရှားမှုသွက်လက်လွန်းလှသဖြင့် အချိန်အနည်ငယ်အတွင်း ထိုလူ့ကိုအရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

မွန်တင်းသည် ကြောင်အမ်းအမ်းဖြင့်ရပ်သွားလေ၏။

သူသည်ဆရာကြီးဟုန်စွန်းအိထံမှ ဝမ်းပန်းတနည်းထွက်လာခဲ့သည်။ ယခုဘာမဟုတ်ညာမဟုတ် လူတစ်ယောက်က သူ့အား အချောင်သက်သက်စော်ကားသွားသည်။

သူသည် ကြက်သေသေသွားပြီး ဝမ်းနည်းခြင်း ခံပြင်းခြင်း ဒေါသဖြစ်ခြင်းတို့ကို ခံစားလိုက်ရလေ၏။

****



ဟူး ..... ဟူး ..... ဟူး .....

လေတဟူးဟူးတိုက်ခတ်နေသည်။ နှင်းပွင့်ကလေးများစတင်ကျလာ၏။ ရာသီဥတုမှာ တစ်မဟုတ်ချင်းအေးချမ်းလာ၏။

ဤနေရာသည် ခိုက်ဟုန်းမြို့ဖြစ်၏။

ချမ်းအေးတည်းခိုခန်း။

ချမ်းအေးတည်းခိုခန်းသည် ခိုက်ဟုတ်းမြို့သို့ ဝင်ရာလမ်းဆုံလမ်းခွတွင်တည်ရှိ၏။ အချက်အချာကျသောနေရာတွင် ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ ယခု ချမ်းအေးတည်းခိုခန်းတွင် ကုန်သည်များ၊ ခရီးသည်များဖြင့် ပြည့်နှက်လျက်ရှိနေသည်။

ခန့်ငြားကျယ်ဝန်းသောဧည့်ခန်းတွင် ....

သုံးယောက်တစ်စု.........

ငါးယောက်တစ်စု.........

ကိုယ့်အဖွဲ့နှင့်ကိုယ်အုပ်စုဝိုင်းဖွဲ့ကာ ဆူဆူညံညံပြောဆိုရင်းစားသောက်နေကြသည်။ တစ်ဦးချင်းစားသောက်သူနည်းပါးလှသည်။ ချောင်ကျသောတစ်နေရာတွင် လုလင်တစ်ယောက်သည် တစ်ယောက်တည်းထိုင်၍အရက်သောက်နေ၏။

ဤလိုလူများကား အနည်းစုပင်။

ထိုစဉ်.... လူနှစ်ယောက်ဧည့်ခန်းမထဲသို့ဝင်လာသည်။

သူတို့သည် ဧည့်ခန်းကို မျက်လုံးတစ်ချက်ဝေ့၍ကြည့်လိုက်၏။ စားပွဲအားလုံး လူပြည့်နေသည်။

လုလင်ထိုင်နေသောစားပွဲတစ်ခုတည်းသာ လူပွတ်နေရာ

ရှိနေသည်ကိုတွေ့ရသည်။ ကျန်စားပွဲများကား လူစုံတက်စုံပင်။

ထို့ကြောင့် သူတို့သည် လုလင်စားပွဲရှိရာသို့လျှောက်သွား၏။ ထို့နောက် ....

"ဟေ့သူငယ် ဖယ်စမ်း .... ငါတို့ ဒီမှာထိုင်မလို့"

လုလင် မျက်မှောင်ကုတ်သွားသည်။

"ဒီဆိုင်ဟာ တိုင်းသူပြည်သားလူအများ စိတ်ကြိုက်ဝင်စားနိုင်တဲ့ဆိုင်ပါ၊ ဘယ်သူစားရမယ်၊ ဘယ်သူမစားရဘူးလို့ သတ်မှတ်ထားတဲ့ဆိုင်မဟုတ်ပါဘူး၊ ခင်ဗျားတို့ ထိုင်ချင်ရင်ဝင်ထိုင်ပါ၊ ကျုပ်ကိုနှင်လွှတ်ခွင့် ခင်ဗျားတို့မှာမရှိပါဘူး"

ထိုလူများထဲမှတစ်ယောက်က စားပွဲကိုလက်နှင့်ထုချကာ-

"ဝုန်း"

"မလိုချင်ဘူး ....မင်းအမြန်ဆုံးထွက်သွား"

လုလင်သည် ဆတ်ခနဲမတ်တပ်ရပ်လိုက်ပြီး......

"ခင်ဗျားတို့လွန်ပြီထင်တယ် .... မွန်တင်းဆိုတဲ့ကျုပ်ကမတရားတာကို ဘယ်တော့မှငုံ့မခံဘူးဆိုတာနားလည်ထားပါ"

ထိုသူနှစ်ယောက်၏ မျက်နှာ ကွက်ခနဲပျက်သွား၏။

"ခင်ဗျားနာမည် မွန်တင်းဟုတ်လား"

"ဟုတ်ပါတယ်"

ထိုအခါ သူတို့မျက်နှာမှာချက်ချင်းပျော့ပျောင်းသွား၏။

"လက်စသတ်တော့ ခင်ဗျားကမွန်တင်းကိုး"

"ကျွန်တော်တို့ ပြောမိဆိုမိတာကိုခွင့်လွှတ်ပါဗျာ"



ထိုလူနှစ်ယောက်သည် ထိုသို့ပြောဆိုတောင်းပန်ပြီး ထိုနေရာမှ ကပျာကယာထွက်ခွာသွားလေတော့သည်။

ထို့နောက် ....

သူတို့သည် အခြားစားပွဲလွတ်နေရာသို့ လျှောက်သွားလေတော့၏။ ရုတ်ရက်ဖြစ်သောကြောင့် မွန်တင်းမှာကြောင်အမ်းအမ်းဖြင့်ရပ်၍ငေးကြည့်နေမိလေ၏။

သူအလွန်အံ့ဩသွားသည်။

ထိုသူနှစ်ယောက် ချက်ချင်းအမူအရာပြောင်းလဲသွားသည်မဟုတ်ပါလား။

ထိုလူနှစ်ယောက်ကား မည်သူနည်း။

သူတို့သည် အဘယ်ကြောင့် မိမိအား ရုတ်တရက်ဆိုသလိုကြည်ညိုလေးစားသွားရပါသနည်း။

သူစဉ်းစား၍မရ။

ထိုစဉ် ....

သူ့ထံသို့ လူငယ်တစ်ယောက်ရောက်လာပြန်သည်။

"အစ်ကိုကြီးကမွန်တင်းလား"

မွန်တင်းသည် ထိုလူငယ်ကိုအံ့ဩစွာကြည့်ရင်း ....

"ဟုတ်ပါတယ် ခင်ဗျားကဘယ်သူပါလိမ့်"

"ကျွန်တော်နာမည်စွန်းယုံပါ၊ အခုလိုမမျှော်လင့်ဘဲ အစ်ကိုကြီးနဲ့လာတွေ့တဲ့အတွက် အများကြီးဝမ်းသာပါတယ်"

မွန်တင်းက မျက်မှောင်ကုတ်လိုက်သည်။

"ဟုတ်ကဲ့ .... ဒါပေမဲ့ ခင်ဗျားကျွန်တော့်ကိုသိလို့လား"

စွန်းယုံကရယ်မောလိုက်ပြီး......

"ကျွန်တော်က အစ်ကိုကြီးကိုမမြင်ဘူးပေမဲ့ အစ်ကိုကြီးရဲ့နာမည်ဟာ သိုင်းလောကတစ်ခုလုံးမှာ ဟိုး ဟိုးကျော်နေပါတယ်"

မွန်တင်းက အံ့ဩသွားမိ၏။

"ဗျာ ကျွန်တော်နာမည်ကို ကြားဖူးတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး .... ကျွန်တော့်ကိုဘယ်လိုများကြားမိလို့လဲ"

စွန်းယုံက တဟားဟားရယ်မောလိုက်ပြီး ......

"အစ်ကိုကြီးဟာ တော်တော်လျှို့ဝှက်တဲ့ဘူပဲ"

မွန်တင်း အူကြောင်ကြောင်ဖြစ်ကာ .....

"နေပါဦး ဘာများလျှို့ဝှက်လို့လဲ"

"သိုင်းဘုရင်ဟုန်စွန်းအီကို သွားပြီးတိုက်ခိုက်ဝံ့တဲ့သတ္တိဟာ နည်းတဲ့သတ္တိမှမဟုတ်ဘဲ၊ ဒါကြောင့် မွန်တင်းဆိုတဲ့နာမည်ကို မသိသူမရှိသလောက်ဖြစ်နေတာပေါ့ဗျာ"

"ဟောဗျာ"

ထိုအခါမှ ... မွန်တင်းသည် မိမိကိုတွေ့သမျှလူအားလုံးက အဘယ်ကြောင့် လေးစားကြည်ညိုနေကြသည့်အကြောင်းကိုသိခွင့်ရှိရလိုက်တော့၏။ စွန်းယုံက သူ့အားပြုံး၍....

"ကဲဗျာ .... ခုလိုကြုံကြိုက်တုန်း ကျွန်တော်ဧည့်ဝတ်ပြုပါရစေ"



သူသည် ပြောပြီးသည်နှင့်စားပွဲထိုးလုလင်အားလှမ်းခေါ်လိုက်ပြီး ......

"ဟေ့ တို့အတွက် ထမင်းဟင်းနဲ့အရက်တွေယူလာခဲ့ကွာ"

ဆိုင်လုလင်ကခေါင်းညိတ်ရင်း ....

"ဟုတ်ကဲ့ဆရာလေး .... ချက်ချင်းရစေရပါမယ်"

စွန်းယုံနှင့်မွန်တင်းတို့သည် ပြူးရင်း ထိုင်ခုံများ၌ထိုင်လိုက်ကြလေတော့၏။

****

## အခန်း(၂)
## လက်ဆောင်

ညည့်ခန်းမဆောင် ....

ခန်းမဆောင်သည် စည်ကားသိုက်မြိုက်စွာရှိနေ၏။

စွန်းယုံနှင့်မွန်တင်းတို့သည် စားသောက်ရင်း စကားစမြည် ပြောဆိုနေကြသည်။ ထမင်းစားသောက်ပြီးသောအခါ သူတို့သည် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာကြသည်။

ထိုစဉ် .... လူတစ်ယောက် သူတို့ထံလျှောက်လာသည်ကို တွေ့လိုက်ရလေ၏။ စွန်းယုံက ခပ်တိုးတိုးဖြင့်ပြောသည်။

"အခုလာနေတဲ့သူက သိုင်းအကျော်ငါးယောက်ထဲက တစ်ယောက်ပေါ့၊ သူ့နာမည်က ကျူကြီးလို့ခေါ်တယ်"

မွန်တင်းသည် သိုင်းအကျော်အမော်ငါးယောက်သတင်းကို ကြားဖူး၏။

သိုင်းအကျော်အမော်ငါးဖော် ....

ထိုသိုင်းအကျော်အမော်ငါးယောက်မှာ ....



သိုင်းဘုရင်ဟုန်စွန်းအီကလွဲလျှင် .....

သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းအကျော်ငါးယောက်ဖြစ်ကြလေ၏။

သို့သော်.... သူသည် တစ်ကြိမ်တစ်ခါမှမတွေ့မမြင်ခဲ့ချေ။ သူသည် ကျူကြီးအားအကဲခတ်ကြည့်နေစဉ်မှာပင် ကျူကြီးသည်သူ့ အနီးရောက်ရှိလာပြီး ....

"မွန်တင်းဆိုတာခင်ဗျားလား"

ကျူကြီးကစတင်နှုတ်ဆက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျား"

မွန်တင်းက တစ်ဖန် စွန်းယုံနှင့်မိတ်ဆက်ပေးလိုက်၏။

"သူက ကျွန်တော့်သူငယ်ချင်းစွန်းယုံပါ"

သို့သော် .... ကျူကြီးသည် စွန်းယုံကို လှည့်၍ပင်မကြည့် ဘဲ စားပွဲပေါ်မှအရက်ခွက်တစ်ခွက်ကိုလှမ်းယူလိုက်ပြီး.........

"အခုလို နာမည်ကျော်ကြားနေတဲ့သိုင်းသမားတယောက် ကိုတွေ့ရတာ ကျွန်တော်ဂုဏ်ယူပါတယ်ဗျာ"

စကားဆုံးသည်နှင့် သူသည် အရက်ကိုမော့ချလိုက်၏။

ထိုစဉ် သူသည် ကြေးဖြင့်ပြုလုပ်ထားသော အရက်ခွက်ကို လက်မနှင့်နှိပ်လိုက်၏။ အရက်ခွက်ပေါ်တွင် သူ၏လက်မရာသည် ဆန်တစ်လုံးခန့်မျှချိုင့်ဝင်သွားသည်ကို တွေ့မြင်လိုက်ရ၏။

မွန်တင်း မျက်လုံးပြူးကျယ်သွား၏။ ကျူကြီးက ပညာပြ လိုက်သည်ဟု သူသဘောပေါက်နားလည်မိ၏။

သို့သော် ....သူ၏ သိုင်းပညာမှာ အလွန်နုသေးသည်။

မည်သည့်နည်းနှင့်မျှမယှဉ်သာ ....

ထို့ကြောင့် သူသည် ကြောင်အမ်းအမ်းဖြင့်ငေး၍ရပ်ကြည့်နေမိသည်။ ကျူကြီးသည် သဘောကျစွာဖြင့်.....

"ဟား.........ဟား............ဟား.....ဘယ့်နှယ်လဲ မွန်တင်း ကျုပ်ဂုဏ်ပြုတာကို လက်မခံနိုင်ဘူးလား"

ကျူကြီး၏ စကားများသည် သူ့အား စိန်ခေါ်နေမှန်း ထင်ရှားလှသည်။ မွန်တင်းမှာ မည်သို့လုပ်ဆောင်ရမည်ကို မသိဘဲ ငေးငိုင်၍သာကြည့်နေမိသည်။

သူကြည့်ရုံသာကြည့်နိုင်သည်။

သူ ဘာမှမတတ်နိုင်ပေပဲ။

ထိုစဉ် .....

စွန်းယုံကပြုံးပြီး အရက်တစ်ခွက်ထည့်ကာ မွန်တင်းအား ကမ်းပေးလိုက်၏။

"ဟုတ်ပါတယ်ဗျာ ..... အစ်ကိုကြီးမွန်တင်းက တုံ့ပြန်တဲ့ သဘောနဲ့ အရက်သောက်လိုက်ပါဦး"

မွန်တင်းက အူကြောင်ကြောင်ဖြင့် စွန်းယုံလှမ်းပေးသော အရက်ခွက်ကိုယူပြီး မော့သောက်ချလိုက်၏။ စွန်းယုံခိုင်းသမျှသာ သူလုပ်တတ်သည်။ ထို့နောက် .... သောက်ပြီးသောအရက်ခွက်ကို စားပွဲပေါ်ပြန်တင်လိုက်ပြီး .....

"ဟုတ်ကဲ့ ကျွန်တော်လဲဝမ်းသာပါတယ်"



စွန်းယုံသည် အံ့ဩဝမ်းသာသောအသံဖြင့်......

"ကြည့်စမ်း ကြည့်စမ်း အစ်ကိုကြီးမွန်တင်းရဲ့အတွင်းအားက တော်တော်ကိုချီးကျူးစရာကောင်းပါကလား"

မွန်တင်းသည် ထိုစကားကိုကြားရသောအခါ နားမလည်နိုင်သောမျက်လုံးဖြင့် စွန်းယုံကိုကြည့်လိုက်မိသည်။ စွန်းယုံက ပြုံးလိုက်ပြီး မွန်တင်းချထားသောအရက်ခွက်ကိုယူ၍ မြှောက်ပြလိုက်၏။

"ဟောဒီမှာကြည့် .... အစ်ကိုကြီးမွန်တင်းရဲ့လက်သုံးချောင်းရာဟာ အရက်ခွက်ထဲကိုချိုင့်ဝင်သွားတယ်လေ"

ကျူကြီးသည် စွန်းယုံမြှောက်ပြသောအရက်ခွက်ကိုကြည့်လိုက်မိ၏။ ဟုတ်ပါ၏။ ကြေးအရက်ခွက်ပေါ်တွင် ချိုင့်ဝင်နေသော လက်ချောင်းသုံးချောင်း၏အရာများကို တွေ့ရှိရသည်။

သူသည် မျက်နှာကွက်ခနဲပျက်သွားလေ၏။

"ဟုတ်ပါတယ်ဗျာ ဒါကြောင့်လဲ သိုင်းလောကမှာ ခင်ဗျားနာမည်က တော်တော်လေးကျော်ကြားနေတာပေါ့ဗျာ"

သည့်နောက် သူသည် လက်နှစ်ဖက်ယှက်၍ ....

"ကဲ ..... ကျုပ်ကိုသွားခွင့်ပြုပါဦးဗျာ"

စကားဆုံးသည်နှင့် ထိုနေရာမှ ချာခနဲလှည့်၍ထွက်ခွာသွားလေတော့သည်။

****

မွန်တင်းသည် ငေးကြောင်ကြည့်နေမိ၏။

သူ၏လက်ချောင်းများကိုလည်း အံ့သြစွာကြည့်နေမိပြန်လေသည်။

"ဟဲ .... ဟဲ .... ဟဲ .... ခင်ဗျား ဘာတွေငေးနေတာလဲ၊ ထိုင်ပါဦးဗျ"

သူသည် အရက်ခွက်ကို မယုံကြည်နိုင်စွာ ကြည့်နေမိ၏။

ထို့နောက် ခပ်တိုးတိုးရေရွတ်လေသည်။

"ဒါ .... ဒါ .... ဘယ်လိုဖြစ်ရတာလဲ၊ ငါ့သိုင်းပညာဟာ ကကြီးရေက အဆင့်ပဲရှိသေးတယ်၊ ဘယ်လိုအတွင်းအားတွေဖြစ်ပေါ်လာရတာလဲ၊ အရက်ခွက်ပေါ်က လက်ချောင်းရာတွေက ဘယ်လိုပေါ်လာရတာလဲ"

ထိုအခါ စွန်းယုံကတဟားဟားရယ်မောပြီး.....

"ဘာလဲ အစ်ကိုကြီးကအံ့သြသွားသလား၊ ကျူကြီးဆိုတဲ့လူက တော်တော်ကြွားတယ်၊ ဒါ့ကြောင့် ကျွန်တော်က သူ့ကိုပညာပြလိုက်တာပါ"

ထိုစကားကြားရသောအခါ ....

မွန်တင်းက အံ့သြစွာဖြင့် စွန်းယုံအားစေ့စေ့ကြည့်လိုက်သည်။ စွန်းယုံမှာ အသက်နှစ်ဆယ် ဝန်းကျင်ခန့်ရှိမည်ဟုထင်ရလေသည်။ မျက်ခုံးကောင်းသည်။

မျက်လုံးဝိုင်းစက်သည်။

အလွန်နုနယ်ပြီး ရုပ်ရည်ကချောမောသည်။



ဤမျှနုနယ်သော လူတစ်ယောက်က သိုင်းလောကတစ်ခုလုံး လျှမ်းလျှမ်းတောက်နေသော သိုင်းအကျော်ငါးယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်သော ကျူကြီးထက် အတွင်းအား သိုင်းပညာသာလွန်နေသည်ကို အံ့သြစွာတွေ့မြင်နေရသည်။

သူသည် မျက်မှောင်ကုတ်၍ စွန်းယုံကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ.........

"ငါ့ညီက သိုင်းပညာတော်တော်လေး တော်တာကိုး"

စွန်းယုံက ပြုံးလိုက်ပြီး .....

"ဟဲ ဟဲ ဟဲ ဒီပညာတွေကမခက်ပါဘူးဗျာ၊ အစ်ကိုကြီးက လေ့ကျင့်ပေးမယ်ဆိုရင်တော့ ...."

သူသည်ပြောရင်း အိတ်ထဲမှစာအုပ်အဝါလေးတစ်အုပ်ထုတ်ယူပြီး မွန်တင်းအားလှမ်းပေးလိုက်၏။ သူက တလေးတစားပြောသည်။ စွန်းယုံက....

"ဟောဒီစာအုပ်ထဲမှာပါတဲ့အတိုင်း လေ့ကျင့်ပါ၊ အစ်ကိုကြီးဟာ တစ်နေ့ ကျွန်တော့်ထက် အများကြီး သာလာမယ်ဆိုတာပြောရဲပါတယ်"

စကားဆုံးသည်နှင့် စွန်းယုံသည် လက်နှစ်ဖက်ကိုဆုပ်၍ ဂါရဝပြုလိုက်၏။

"ဟဲ.....ကျွန်တော်ကိစ္စရှိလို့သွားလိုက်ပါဦးမယ်"

နှုတ်ဆက်ပြီး စွန်းယုံက ချာခနဲလှည့်၍ပြေးထွက်သွားလေတော့၏။

မွန်တင်းသည် စာအုပ်အဝါလေးကိုကိုင်၍ကြည့်ရင်း ငေးမောနေမိသည်။

သို့သော် ....

စွန်းယုံ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

မွန်တင်းက ကျောက်ရပ်ပမာ မလှုပ်မယှက်ရပ်နေပြီး ငေးငိုင်နေဆဲပင်။

ထိုစဉ် ....

ရုပ်တရက် လေပြင်းတစ်ချက်ရိုက်ခတ်လာပြီး ပြတင်းပေါက်တံခါးပွင့်သွားလေ၏။

နှင်းပွင့်ကလေးများသည် လေနှင့်အတူ အခန်းတွင်းသို့လွင့်ပျံလာ၏။

မွန်တင်း၏မျက်နှာနှင့်ကိုယ်ခန္ဓာပေါ်သို့ နှင်းပွင့်လေးများပက်ဖျန်းပြီး ဖွေးဖွေးဖြူသွားစေသည်။

အေးစက်သောနှင်းပွင့်များနှင့်ထိတွေ့မှ ....

မွန်တင်းသည် သတိပြန်လည်ရရှိလာမိသည်။

သူသည် မျက်နှာပေါ်မှနှင်းပွင့်လေးများကို လက်နှင့်သပ်ချလိုက်မိသည်။

ရင်ထဲဆို့နင့်သွားသောကြောင့် မျက်ရည်များသည် ပါးပြင်ပေါ်သို့လိမ့်ဆင်းကျလာလေ၏။

အရည်ပျော်သွားသောနှင်းရည်များနှင့် မျက်ရည်များရောယှက်ကာကျဆင်းလာ၏။



မည်မျှကြာသွားသည်မသိ။

ဆိုင်လုလင်လာရောက်မှ မွန်တင်းကရွှေပြားလေးတစ်ပြားကိုထုတ်ပေးလိုက်ပြီး ထိုနေရာမှထွက်ခဲ့လေသည်။

အပြင်ဘက်၌ နှင်းပွင့်များတဖွဲဖွဲကျလျက်။

သို့သော် မွန်တင်းက ဘာကိုမှဂရုမစိုက်။

သူသည် ဖွေးဖွေးလှုပ်ကျနေသော နှင်းပွင့်များကြားမှ ခေါင်းငိုက်စိုက်ချကာ တစ်လှမ်းချင်းလျှောက်သွားလေတော့၏။

*****

## အခန်း(၃)
## ပဋိရူပအရပ်

ညဉ့် .....

သန်းခေါင်ယံ ....

အေးစက်သောလေများက တသုန်သုန်တိုက်ခိုက်နေသည်။

နှင်းပွင့်ကလေးများက ပို၍ထူထပ်စွာကျလျက်ရှိနေ၏။

မွန်တင်းသည် မှောင်မည်းနေသောလမ်းမပေါ်တွင် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်နေသည်။ သူသည် မည်မျှကြာအောင်လျှောက်နေသည်မသိ။

လျှောက်နေရင်း သူ၏ဦးနှောက်ထဲတွင် အတွေးများလည်း တတွေးတည်းတွေးနေမိ၏။ ဟုန်စွန်းအီက မိမိအားသိုင်းပညာသင်မပေးသည့်အပြင် အရှက်တကွဲပြုမူဂိုက်ခြင်းကို မကျေမနပ်ဖြစ်မိသည်။ ထို့ကြောင့် .... သူသည် သိုင်းပညာကို အစွမ်းကုန်သင်ယူပြီး ဖခင်အားသတ်သွားသောရန်သူနှင့် ဟုန်စွန်းအီအား ကလဲ့စားချေရန် သန္နိဋ္ဌာန်ချလိုက်သည်။



သို့သော် .... မည်သည့်ပုဂ္ဂိုလ်ထံတွင် သိုင်းပညာများကို သင်ကြားရမည်နည်း။

သူသည် ထိုသို့တွေးနေစဉ် စွန်းယုံက မိမိအားပေးထားသည့်သိုင်းပညာစာအုပ်ကိုရုတ်တရက်သတိရလာမိ၏။ ထိုအခါ သူ၏ခြေလှမ်းမှာရပ်တန့်သွားတော့သည်။ ထို့နောက် သူသည် ပတ်ဝန်းကျင်ကိုလှေ့လာအကဲခတ်ကြည့်လိုက်၏။

အရှေ့ဘက်တွင် အရုဏ်ဦးထွန်းသစ်လာလေပြီ။ မြင့်မားသောတောင်ကို အရှေ့ဘက်ဖူးဖူးတွင်အထင်အရှားမြင်တွေ့ရသည်။

"ဟုတ်ပြီ၊ ငါဒီလိုဆုံးဖြတ်မယ်"

ထိုသို့ပြောဆိုရင်း သူ၏မျက်နှာမှာ ပြုံးယောင်သန်းလာလေသည်။ သည့်နောက် သူသည် ခြေလှမ်းခပ်ကျဲကျဲဖြင့် မြင့်မားသောတောင်တန်းကြီးဆီသို့ ဦးတည်၍လျှောက်သွားပေတော့သတည်း။

****

နေဝန်းနီသည် ပေါ်ထွက်လာချေပြီ။

ကျေးငှက်များသည် တေးသံကျူးရင့်ကာ ပျံဝဲနေကြသည်။

ရောင်စုံပွင့်ဖူးနေကြသည့် ပန်းမန်တို့သည် နေရောင်နှင့် လန်းဆန်းလှပနေသည်။

သဘာဝ၏ရှုခင်းကသာယာလှသည်။

ဤသို့ဖြင့် ..... မွန်တင်းသည် တောင်ခြေရင်းသို့ရောက်ရှိလာခဲ့၏။ ထို့နောက် သူသည် တောင်ပေါ်သို့တက်ရန် လမ်းစရှာလေ၏။

အတန်ကြာသော် .....

ချုံနွယ်များဖုံးနေသော တောင်ပေါ်တက်လမ်းတစ်လမ်းကို တွေ့ရှိရသည်။ သူသည် ထိုတောင်ပေါ်တက်လမ်းကို ရှင်းလင်းဖယ်ရှား၍တက်လာ၏။

သို့သော် .... လမ်းကမတ်စောက်နေသည်ကတစ်ကြောင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည်ကတစ်ကြောင်းကြောင့် ခရီးက သိပ်မတွင်လှချေ။

ချုံနွယ်ပိတ်ပေါင်းများကို လက်နှင့်ရှင်းရသည်မှာမလွယ်လှချေ။ မွန်တင်း စိတ်ပျက်လာ၏။

ဤသို့ဒုက္ခခံခြင်းမှာ သူသည် ကာလဲ့စားချေရန်သိုင်းပညာကိုသင်ယူရန်ပင်မဟုတ်ပါလော။

သူ့စိတ်ကို သူတင်းလိုက်၏။

ထို့ကြောင့် သူကလက်မလျှော့တော့ချေ။



အံကိုတင်းတင်းကြိတ်၍ တောင်ဘက်လမ်းကို ကြိုးစားတက်လာပြန်သည်။ သူကြိုးစားခဲ့ရသည်မှာ နဖူးကချွေး မြေမသို့ကျနေလေပြီ။

အတန်ကြာသော် ....

သူသည် ကျောက်တုံးကြီးတစ်တုံးရှိသောနေရာသို့ ရောက်ရှိလာခဲ့၏။ သူသည် မောပန်းလာသောကြောင့် ထိုနေရာ၌ ခေတ္တအနားယူထိုင်ချလိုက်လေသည်။

ထိုစဉ် ရုတ်တရက် အသံတစ်သံကိုကြားလိုက်ရလေ၏။

"ယောကျ်ားကောင်းဆိုတာ ဘယ်လိုလူစားမျိုးလဲ၊ တစ်အချက် စိတ်ခံတတ်နိုင်မာရမယ်၊ နှစ်အချက် စိတ်ခံတတ်နိုင်မာရမယ်၊ သုံးအချက် စိတ်ခံတတ်နိုင်မာရမယ်၊ ကဲ ....ဘယ်လိုလဲ ကိုယ်ဖြစ်ချင်တာဖြစ်ဖို့ မိတ်ဆွေ စိတ်လျှော့လိုက်ချင်သလား၊ လုံ့လဝီရိယ၊ ခွဲမာန် စွမ်းရည်အကြံအစည်အားလုံး အပြင်းထန်ဆုံးကြိုးစားရမယ်၊ မိတ်ဆွေ .... အားလျှော့ချင်တယ်ဆိုရင် မိတ်ဆွေရဲ့စိတ်ထဲမှာ ကြံစည်ထားတဲ့အရာအားလုံးကို စွန့်လွှတ်လိုက်တော့ ...."

ထိုအသံမှာ စွန်းယုံ၏အသံဖြစ်၏။

"ဟင် .... စွန်းယုံ"

သူသည် လွှတ်ခနဲခေါ်လိုက်လေ၏။

သို့သော် ဝန်းကျင်တစ်ခုလုံးဆိတ်ငြိမ်သွားပြန်သည်။

အသံများလည်း ပျောက်ကွယ်သွား၏။

မွန်တင်း၏ရင်ထဲ၌လှုပ်ရှားလာသည်။

စွန်းယုံ၏ မေတ္တာစေတနာကို နားလည်မိ၏။

ကျေးဇူးလည်းတင်မိသည်။ လူစိမ်းတစ်ယောက်က သူ့ကို အဆုံးမရှိအကူအညီပေးနေပါကလား .....

"ဩော် ..... စွန်းယုံ ,.... စွန်းယုံ မင်းက ငါနဲ့ဆွေမတော် မျိုးမတော်တဲ ဘာဖြစ်လို့ ငါ့အပေါ်ဒါလောက်စေ့မင်ရတာလဲ၊ တစ်နေ့ ငါကောင်းစားရင် မင်းကိုငါမမေ့ပါဘူးကွာ"

သူသည် ရင်ထဲ၌ ဤသို့တစ်ယောက်တည်းပြောဆိုမိပေတော့သည်။

*****



နေရောင်ခြည်၏ အပူရှိန်ကြောင့် နှင်းခဲနှင်းပွင့်လေးများမှာ တဖြည်းဖြည်းနှင့် အရည်ပျော်ကျလျက်ရှိနေချေ၏။

ကောင်းကင်တစ်ခုလုံးမှာ သာသာယာယာရှိနေသည်။

မွန်တင်းသည် တောင်ပေါ်သို့တက်ရန် လမ်းစကို ရှာနေသည်။ သူ၏ လျှောကျလုလုအားမာန်များသည် အထွတ်အထိပ်သို့ ပြန်လည်ရောက်ရှိသွားလေသည်။ တောင်ပေါ်တွင် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးရှိနေ၏။

ထိုကျောက်တုံးကြီးမှာ အလွန်ချောမွတ်၍ အထက်ပိုင်းသည် ညီညာနေသည်။ ပြင်ချောကြီးဖြစ်နေ၏။

ထိုနေရာသို့တက်၍ 'စွန်းယုံ' ပေးထားသော သိုင်းပညာကျမ်းကိုလေ့ကျင့်ရင် ကောင်းမလားဟု မွန်တင်းစိတ်ကူးမိလေ၏။

သူသည် ထိုကျောက်တုံးပေါ်သို့ မည်သည့်နည်းနှင့်တက်ရမည်ကိုစဉ်းစားနေသည်။

ရုတ်တရက် .....

ချိုလွင်သော အသံတစ်သံကိုကြားလိုက်ရလေ၏။

"မောင်လေး......သွားကြည့်စမ်း၊ ဘယ်သူများ ဒီတောင်ပေါ်တက်လာသလဲမသိဘူး"

"မမကလဲ၊ ဒီနေရာကိုဘယ်သူလာနိုင်မှာလဲ၊ စိတ်မပူစမ်းပါနဲ့မမရယ်"

လူငယ်တစ်ဦး၏အသံနှင့် အမျိုးသမီးတစ်ဦး၏ အပြန်အလှန်ပြောဆိုသံပင်။

"အို......မောင်လေးကလဲ၊ ခုနက လူတစ်ယောက်ရဲ့စကား ပြောသံလိုလိုကြားမိတယ်၊ ဒီလူကတော့ တော်တော်လေးကြွားတာပဲ၊ ယောက်ျားဆိုတာဖွဲ့ရှိရမယ်၊ ဘာညာနဲ့ ပြောသံကြားရတယ် မောင်လေးရဲ့"

"ဟုတ်လားမမ၊ ကျွန်တော်တော့မကြားလိုက်မိဘူး"

ထိုအခါ .... မွန်တင်းသည် အသံကြားရာသို့လှမ်းမျှော် ကြည့်လိုက်မိလေ၏။

****

ဝါးသုံးရိုက်ခန့်အကွာရှိ အုပ်အုပ်ဆိုင်းဆိုင်းပေါက်နေသော သစ်ပင်များနောက်ကွယ်မှ တစ်ကိုယ်လုံးဆွတ်ဆွတ် ဖွေးနေသော အဝတ်အစားကိုဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို သူတွေ့လိုက်ရလေ၏။

မွန်တင်းသည် သူမအား စူးစူးစိုက်စိုက်ကြည့်မိ၏။

အမျိုးသမီးမှာ အသက် ၁၈–နှစ်၊ ၁၉–နှစ်ခန့် ရှိမည်ဟု ထင်ရသည်။ အလွန် လှပချောမော၏။ သူမ၏သွားကလေးက ဖြူဖွေးနေသည်။ မွန်တင်းသည် သူမ၏အလှတွင် နစ်မျောနေမိရင်း ငေးကြည့်နေမိပြန်သည်။

ထိုစဉ် သူမ၏နောက်မှ လူငယ်လေးတစ်ယောက် လိုက်ပါလာရင်း ....



"မမကြည့်လိုက်စမ်း .... ဟိုမှာ လူတစ်ယောက်၊ မမကို မျက်လုံးပြူးပြီးကြည့်နေတယ်၊ မျက်တောင်မခတ်ဘဲ ..."

သူမကလှမ်းကြည့်လိုက်၏။

မွန်တင်းက မိမိအား ဤသို့ငေးမောစိုက်ကြည့်နေသည်ကို တွေ့ရသောအခါ ရှက်သွားမိလေ၏။ သူမ၏မျက်နှာလေးမှာလည်း နီရဲသွားသည်။ သူမသည် လူငယ်ဘက်သို့လှည့်ကြည့်လိုက်ပြီး......

"မောင်လေး .... ဒီလူကြည့်ရတာ အလိမ်ခံရပြီး ဒီတောင်ပေါ်ရောက်လာတာနဲ့တူတယ်၊ မောင်လေးပဲ သွားမေးလိုက်ပါကွယ် ဟုတ်ရင် သူ့ကိုတောင်ဆင်းလမ်းကိုညွှန်ပြလိုက်ပါကွယ် သနားပါတယ်"

လူငယ်လေးမှာ အသက်ဆယ့်တစ်နှစ်ခန့်ရှိ၏။ ပီဘိ လူငယ်လေးပင်။ သူသည် မွန်တင်းထံသို့ခုန်ပေါက်လာနေသည်။

"ဒီမှာ ....မမပြောတာကြားတယ်မဟုတ်လား၊ ဘယ်သူက ခင်ဗျားကို ဒီတောင်ပေါ်လိမ်ခေါ်လာခဲ့တာလဲ ပြောစမ်း မညာနဲ့နော်"

မွန်တင်းက လူငယ်လေးအားပြောပြလိုက်၏။

"ငါလူလိမ်ခံရတာမဟုတ်ပါဘူး .... ဒီတောင်ပေါ်လာပြီး သိုင်းပညာလေ့ကျင့်မလို့ပါ"

"ဘာရှင့် .... သိုင်းပညာလေ့ကျင့်မလို့ဟုတ်လား"

မွန်တင်းက ခေါင်းညိတ်ပြလေ၏။

"ဒီတောင်ပေါ်မှာ ....."

မိန်းကလေးကအံ့သြဟန်ဖြင့်မေး၏။

မွန်တင်းခေါင်းညိတ်ပြပြန်သည်။

"ဒီတောင်ပေါ်မှာသိုင်းဆရာမရှိဘူး၊ ရှင်ဘယ်လိုလုပ် သိုင်းပညာသင်မလဲ......"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်က သိုင်းဆရာ ရှာဖို့မဟုတ်ပါဘူး"

မွန်တင်းက သူ၏အိတ်ထဲမှ စွန်းယုံပေးလိုက်သော သိုင်းစာအုပ်ငယ်ကိုထုတ်ရင်း........

"ကျွန်တော် ဒီသိုင်းစာအုပ်ထဲမှာပါတဲ့သိုင်းကွက်တွေကို လေ့ကျင့်မလို့ပါ"

မိန်းကလေးက သဘောပေါက်နားလည်သွားသည်။

"ဪ .... ဒီလိုကိုး၊ အင်း....ဒါပေမဲ့ ဒီကျောက်ဆောင်ကြီးပေါ်ကိုတက်ဖို့မလွယ်ဘူးရှင့်၊ နောက်ပြီး ဒီနေရာတစ်ဝိုက်မှာ စားစရာလဲဘာမှမရှိဘူး၊ ဖြစ်ပါ့မလားရှင်"

သူမ၏စကားကိုကြားရတော့မှ သူသည် စားရေးသောက်ရေးအတွက်လိုအပ်နေသည်ကို သတိပြုမိလိုက်သည်။

အစားအစာသည် အလွန်အရေးကြီးလှပါကလား။

သို့သော် ..... သူ၌ သိုင်းပညာတတ်မြောက်လိုသောဆန္ဒကပြင်းပြနေ၏။ ထို့ကြောင့် .....

"ကိစ္စမရှိပါဘူး... အခြေအနေကိုကြည့်ပြီး လုပ်ဆောင်ရမှာပေါ့ဗျာ"



"ရှင်မစားဘဲနေနိုင်ပါ့မလား။ တော်ကြာ သိုင်းပညာမရဘဲ သေပွဲဝင်နေရဦးမယ်၊ အူမတောင့်မှသီလစောင့်နိုင်မယ်ရှင့်"

မွန်တင်း ခံပြင်းလာ၏။

"ဒါကျွန်တော့်ကိစ္စပါ၊ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ကျွန်တော့်ကိစ္စဝင်စွက်တာကိုလဲ ကျွန်တော်မကြိုက်ဘူး"

လူငယ်လေးကမျက်လုံးလေးပြူးသွားရင်း........

"ဒီမယ် .... မမက စေတနာနဲ့ပြောနေတာဗျ၊ ခင်ဗျားက ဘာဖြစ်လို့စိတ်ဆိုးရတာလဲ"

မွန်တင်းသည် လူငယ်လေး၏စကားကိုကြားရသောအခါ သူ၏စကားလွန်သွားသည်ကို သတိပြုလိုက်မိ၏။ သူသည် လက်နှစ်ဖက်ယှက်ပြီး မိန်းကလေးအားအရိုအသေပေးရင်း.......

"ကျွန်တော်ပြောတာလွန်သွားရင် တောင်းပန်ပါတယ် ခွင့်လွှတ်ပါ"

မွန်တင်းက ထိုသို့ပြောပြီး ကျောက်ဆောင်ပေါ်သို့တက်ရန် လမ်းစရှာကာဆက်၍တက်သွားလေတော့သည်။

****

## အခန်း(၄)
## ကိုယ့်အားကိုယ်ကိုး

ကျောက်တုံးကြီး .....

ကျောက်တုံးကြီးဟုဆိုသော်လည်း တောင်ငယ်တစ်ခုနှင့်တူသည်။ အလွန်ကြီးမားသော ကျောက်တုံးကြီးဖြစ်ပါ၏။

ယင်းကျောက်တုံးကြီးမှာ ဝါးဆယ်ရပ်ခန့်မြင့်မား၏။

အလွန်မတ်စောက်ပြီး အချွန်အတက် အဖုအထစ်များပြားလှသဖြင့် ထိုအပေါ်သို့တက်ရန်အလွန်ခက်ခဲလှသည်။ သာမန်လူတို့တက်နိုင်ရန်ဆိုသည်မှာ လွန်စွာခက်ခဲလှပါ၏။

မွန်တင်းသည် ကျောက်တုံးကြီးပေါ်သို့တက်ရန်လမ်းရှာနေသည်။ ထိုစဉ် မိန်းကလေးက သူ့မောင်လေးဘက်လှည့်၍ ....

"မောင်လေး သူ့ကိုအကူအညီပေးလိုက်ပါကွယ်"

အသံစပ်တိုးတိုးဖြင့်ပြောလိုက်၏။

လူငယ်သည် အစ်မဖြစ်သူ၏စကားကြောင့် မွန်တင်းထံသို့လျှောက်လာပြီးလျှင် ....



မွန်တင်း ကျောက်တုံးပေါ်သို့တက်လှမ်းတော့မည့်ခြေကို လက်ဖြင့်တွန်းပို့ပေးလိုက်၏။ မွန်တင်းသည် ခြေကုပ်စရာနေရာရသွားသဖြင့် သူ၏ကိုယ်ခန္ဓာမှာ အပေါ်သို့တဆင့်တက်သွားလေ၏။

သို့သော် ... ယခုကဲ့သို့တက်နိုင်ခြင်းမှာ ထိုလူငယ်၏အကူအညီကြောင့်ဖြစ်နေသည်ကိုတွေးမိသည့်အခါ .....

သူသည် အောက်သို့တဖန်ပြန်၍စုန်ဆင်းလိုက်လေ၏။

ထိုလူငယ်က အံ့ဩသင့်သွားပြီး....

"ခင်ဗျား ဘာဖြစ်လို့ပြန်စုန်ဆင်းရတာလဲဗျ"

"ငါဟာငါတက်ချင်တယ်၊ မင်းမကူညီနဲ့"

လူငယ်လေးက မိန်းကလေးဘက်လှည့်ကြည့်ကာ ....

"မမ ဒီလူကလူတစ်မျိုးပဲ၊ ကျွန်တော်ကူညီတာတောင်လက်မခံဘူး"

သူမကပြုံးလိုက်ပြီး....

"ကဲပါ မောင်လေးရယ် .... မင်းရဲ့စေတနာကို သူမှအသိအမှတ်မပြုချင်ဘဲ၊ ကဲလာ .... သွားကြမယ်"

စကားဆုံးသည်နှင့် သူမသည် ထိုနေရာမှထွက်ခွာရန်ဟန်ပြင်လိုက်လေ၏။

*****

ထိုစဉ်.......

လှူရိပ်တစ်ခု ပြေးလွှားလာသည်ကို တွေ့လိုက်ရသည်။

"မမ......ဟိုမှာ လူတစ်ယောက်ထပ်လာနေပြန်ပြီ"

သူမသည် ခြေလှမ်းရပ်တန့်ကာ လှည့်ကြည့်လိုက်လေ၏

"ဟုတ်တယ်မောင်လေး၊ ခုတလော လူစိမ်းတွေ တို့တောင်ပေါ်ကို ခဏခဏလာနေကြတယ်၊ ဘာဖြစ်နေတယ်မသိဘူး"

လူငယ်လေးက ခေါင်းယမ်းလိုက်ပြီး......

"ဟုတ်တယ်မမ ကျွန်တော်တို့ဘာလုပ်ကြရင်ကောင်းမလဲ တစ်ခုခုလုပ်ရင်ကောင်းမယ်ထင်တယ်........"

သူမက ခေါင်းခါယမ်းလိုက်သည်။

"ဘာမှလုပ်စရာမလိုပါဘူး မောင်လေး"

ထိုစဉ်မှာပင် ထိုလူသည် မွန်တင်းအနီးသို့ရောက်ရှိလာသည်။ ထိုသူမှာ စွန်းယုံပင်ဖြစ်နေပါ၏။

****



မွန်တင်းက စွန်းယုံကိုတွေ့ရသောအခါဝမ်းသာသွားမိ၏။

"ဟင် စွန်းယုံပါလား၊ ဘာကိစ္စနဲ့ဒီကိုရောက်လာရတာလဲ"

စွန်းယုံကပြုံးလိုက်ပြီး.......

"အစ်ကိုကြီးက ဒီကျောက်တုံးပေါ်မှာ သိုင်းပညာလေ့ကျင့်မလို့မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား ဒီအပေါ် ဘယ်လိုတက်မလဲ၊ ဒီကျောက်တုံးကတက်ရခက်မယ်လို့မထင်ဘူးလား"

မွန်တင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ရပါတယ် ကြိုးစားပြီးတက်ရမှာပေါ့"

စွန်းယုံကပြုံးလိုက်ပြီး .....

"ဒီလိုဆို ကျွန်တော်ကူညီမယ်"

သူသည် ပြောပြီးသည်နှင့် .... မွန်တင်းလက်ကိုဆွဲကာ ကျောက်တုံးကြီးပေါ်တက်သွားလေ၏။

ထူးခြားလှသည်။ မွန်တင်း ခက်ခက်ခဲခဲတက်ရသည်ကို ယခု စွန်းယုံ၏အကူအညီကြောင့် ချောချောမောမောရောက်ရှိသည်ကိုတွေ့ရသည်။

ကျောက်တုံးပေါ်သို့ရောက်သောအခါ မွန်တင်းကလက်နှစ်ဖက်ကိုဆုပ်ကိုင်ကာ .....

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

စွန်းယုံက လက်ကိုကာပြလိုက်ရင်း.....

"မလိုပါဘူး"

ထိုသူငယ်ကပြုံးလိုက်ပြီး........

"မမ.......ဟိုလူက ကျွန်တော်တို့ကူညီတာ လက်မခံဘဲ အခုကျတော့ သူများအကူအညီနဲ့တက်ရတာပဲ၊ မဟုတ်လား"

ထိုလူငယ်၏စကားကိုကြားရသောအခါ မွန်တင်းမှာ ရှက်သွားလေသည်။

ရုတ်တရက် ... ထိုကျောက်တုံးပေါ်မှ အောက်သို့ ပြန်လည်ခုန်ဆင်းလိုက်လေတော့သည်။

မွန်တင်းမှာ အောက်သို့ဒလိမ့်ကောက်ကွေးကျသွား၏။

စွန်းယုံအံ့အားသင့်သည်။ ကျောက်တုံးအောက်သို့ ပြန်၍ခုန်ဆင်းပြီး လဲကျနေသောမွန်တင်းအား ဖေးမထူလိုက်သည်။

"ခင်ဗျား ဘာဖြစ်လို့ခုန်ချရတာလဲ"

မွန်တင်းက ခေါင်းငုံ့ထားရင်းငြိမ်နေပေသည်။

လူငယ်လေးက မွန်တင်းအားပြုံးစေ့စေ့ကြည့်ကာပြောလိုက်မိလေ၏။

"ဒီလူက ဘယ်လိုလူမျိုးပါလိမ့်၊ ကိုယ့်ဟာကိုယ်လဲ မတက်နိုင်ဘူး၊ သူများကူညီတာလဲမခံဘူး၊ ခွစာပဲ"

စွန်းယုံသည် မျက်မှောင်ကုတ်ပြီး မွန်တင်းအားကြည့်ကာ

"ဟုတ်လားအစ်ကိုကြီး ... ဘာဖြစ်လို့ အကူအညီပေးတာကိုလက်မခံရတာလဲ"

မွန်တင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး .....



"ကျုပ်က မျောက်ဖြူးတယောက်ပါ၊ ဒီကျောက်တုံးကြီးပေါ်ကိုတက်နိုင်အောင်မကြိုးစားဘဲ၊ သူများရဲ့အကူအညီယူပြီးတက်ရမယ်ဆိုတော့ ကျုပ်ကိုယ်ကျုပ်ရှက်မိလို့ပါ"

သူသည် ပြောရင်း၊ စွန်းယုံအား လက်နှစ်ဖက်ဆုပ်၍ အလေး ပြုလိုက်ပြီး ......

"ငါ့ညီက သိုင်းစာအုပ်လဲလက်ဆောင်ပေးသေးတယ်၊ ခုလဲလာပြီးကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

လူငယ်က မိန်းကလေးအားပြုံးပြရင်း ......

"ကြည့်စမ်းမမ ... ခုတော့လဲ၊ ဟိုလူက ဘာမပြောတော့ပါလား"

မိန်းကလေးက သူတို့အားလှည့်၍ပင်မကြည့်ဘဲပြော၏။

"အဲဒီလူ နှစ်ယောက်စလုံးက တော်တော်လေး ရယ်စရာကောင်းတယ်မောင်လေး"

"ဘာဖြစ်လို့လဲမမ"

"တစ်ယောက်က ကိုယ်မတက်နိုင်ဘဲ ဖွတ်လုပ်ချင်တယ်၊ တစ်ယောက်ကလဲ၊ မိန်းကလေးတန်မဲ့ ယောကျ်ားလေးလိုဝတ်ထားတယ်"

လူငယ်လေးက အံ့အားသင့်သွားသည်။

သူသည် စွန်းယုံအား မျက်လုံးပြူး၍စေ့စေ့ကြည့်ရင်း ....

"သူက မိန်းကလေးဟုတ်လား"

သူမကပြုံးလိုက်ပြီး ......

"မမ ဘယ်တုန်းကလိမ်ပြောဖူးလို့လဲ"

"ဒါဖြင့် သူက ဘာဖြစ်လို့ယောကျ်ားလေးလိုဝတ်ထားရတာလဲ"

"ဒါတော့ မမလဲဘယ်သိမလဲ၊ သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့မောင်လေး"

သူမသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ....

"ကဲ .... သွားကြပါစို့မောင်လေးရယ်"

သူမသည် လူငယ်လေး၏လက်ကိုဆွဲကာထိုနေရာမှထွက်ခွာသွားလေတော့သည်။

မွန်တင်းက စွန်းယုံအား အံ့အားသင့်စွာငေးကြည့်နေမိသည်။ ထိုမောင်နှမစကားကိုကြားရမှ စွန်းယုံမှာ မိန်းကလေးမှန်းသတိပြုမိတော့သည်။

သူ ထိုမိန်းကလေးကိုသတိမပြုမိခြင်းမှာ သူ့အပြစ်မဟုတ်ပါ။ ထိုမိန်းကလေးက ယောကျ်ားလိုဟန်ဆောင်ခဲ့ခြင်းမှာလွန်စွာပိရိသည်မဟုတ်ပါလား။

ဝတ်ရုံဖြူဝတ်ဆင်ထားသောမိန်းကလေးက သတိပြုမိခြင်းမှာ အမြင်စူးရှ၍ဖြစ်သည်။

မွန်တင်းမှာ ထိုမိန်းကလေးကဲ့သို့အမြင်မစူးရှပါ။

ဝတ်ရုံဖြူနှင့်မိန်းကလေး၏မောင်လေးသည်လည်း စွန်းယုံအား မိန်းကလေးဟုမသိရှိခဲ့ပါ။ သူ့အစ်မဝတ်ရုံဖြူမိန်းကလေး ပြောပြခဲ့၍သာသိရှိခဲ့ခြင်းဖြစ်ပါသည်။



စွန်းယုံ အတန်ကြာခေါင်းငုံ့နေရာမှ ရုတ်တရက်ခေါင်းမော့လိုက်သည်။

ခေါင်းပေါ်မှဦးထုပ်ကိုချွတ်လိုက်သည်နှင့် နက်မှောင်သောဆံကေသာများ ပြန့်ကျဲ၍ကျလာသည်။ သူမသည် အားတုံ့ အားနာအမူအရာဖြင့် မွန်တင်းအားကြည့်ရင်း ......

"ဟုတ်ပါတယ်အစ်ကိုမွန်တင်း ... ကျွန်မမိန်းကလေးတစ်ယောက်ပါရှင်၊ ကျွန်မနာမည်ရင်းကစွန်းကျဲပါ၊ အခုလို အစ်ကို့ကိုလိမ်ညာမိတာ ကျွန်မတောင်းပန်ပါတယ်ရှင်"

သူမသည် စကားဆုံးသည်နှင့် ထိုနေရာမှခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေတော့၏။

မွန်တင်းသည် ကျောက်တုံးကြီးကိုသာ စူးစိုက်ကြည့်လိုက်သည်။ ကျောက်တုံးကြီးအပေါ်ရောက်ရှိရန်သာ သူ့အတွက် အရေးအကြီးဆုံးမဟုတ်ပါလား။

အမှောင်ထုက တဖြည်းဖြည်းစိုးမိုးလာလေပြီ......

မွန်တင်းသည် ကျောက်တုံးကြီးပေါ်သို့ရောက်ရှိလာပြီဖြစ်သည်။

သူသည်မောပဟိုက်လွန်း၍ ကျောက်တုံးကြီးပေါ်တွင် ခြေပစ်လက်ပစ်လဲလျောင်းလိုက်သည်။

သူပက်လက်လန်နေလေပြီ။

သူ၏ခြေဖဝါးတွင် ကျောက်ခဲကျောက်လုံးများနှင့်ထိခိုက်မိ၍ပွန်းပဲ့ကာ သွေးများဖြင့်ခြင်းခြင်းနီရဲနေသည်။

အကျီအဝတ်အစားများမှာလည်း ထိနိုက်မိ၍စုတ်ပြဲနေသည်။

သို့သော် .... သူသည် မည်သူ့အကူအညီကိုမျှမယူဘဲ ကိုယ့်အားကိုယ်ကိုး၍ ရွှဲလုံ့လဖြင့် တက်လာနိုင်ခဲ့သည်ကို ကျေနပ်နေတော့သည်။

*****



## အခန်း (၅)
## ဝက်ဝံပါလိုက်ဝှ

နေရောင်ခြည်ကွယ်ပျောက်သွားချေပြီ။

ကြယ်လေးများ ဟိုတစ်ပွင့် ဒီတစ်ပွင့်ပေါ်ထွက်လာသည်။

ကောင်းကင်၌ လရောင်မရှိချေ။

မွန်တင်းသည် မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ပေးနေသောကြယ်ကလေးများကိုကြည့်ရင်း ရင်ထဲတွင် ဖော်မပြနိုင်သောခံစားချက်များကိုခံစားမိပြန်သည်။

သူသည် ဖခင်၏ရန်သူကို ကလဲ့စားချေရန် သိုင်းဘုရင် ဟုတ်စွန်းအီထံတွင် သိုင်းပညာသင်ကြားရန် သွားရောက်ခဲ့သည်။

သို့သော် ဟုတ်စွန်းအီသည် သူ့အားသိုင်းပညာမသင်ပေးခဲ့သည့်အပြင် မြေမြင့်ကန်ထုတ်ခြင်းကိုခံလိုက်ရသေး၏။

သူသည် ခံပြင်းစွာဖြင့် ထိုနေရာမှထွက်ခွာလာခဲ့ရာ မမျှော်လင့်ဘဲ စွန်းကျဲနှင့်တွေ့ဆုံခွင့်ရလာ၏။ စွန်းကျဲက မီမီအား သိုင်းရှစ်ကွက်ပါဝင်သောကျမ်းစာအုပ်တစ်အုပ်ကို လက်ဆောင်ပေးခဲ့သည်။

ထို့ကြောင့် ....

သူသည် ဤလူသူ မရောက်သောနေရာသို့ လာရောက်ပြီး စွန်းကျဲလက်ဆောင်ပေးသည့် သိုင်းစာအုပ်မှသိုင်းကွက်များကို လေ့ကျင့်ရန် လာရောက်ခြင်းပင်ဖြစ်လေသည်။

ဤနေရာသည် အလွန်ခေါင်ပြီး လူသူမပေါက်ဟု ထင်မှတ်ခဲ့သည်။ သို့သော် ယခုထင်မြင်ချက်သည်မှားယွင်းခဲ့လေပြီ။

မမျှော်လင့်ဘဲ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့်လူငယ်ကလေးတို့ကိုတွေ့ခဲ့ရသည်။

ထိုမောင်နှမ မည်သည့်နေရာတွင် နေထိုင်သည်ကို အတပ်မပြောနိုင်သော်လည်း သူတို့သည် ဤနေရာအနီးတစ်ဝိုင်တွင် နေထိုင်မည်ဟုခန့်မှန်းမိ၏။

အဘယ်ကြောင့် ဤသို့ခန့်မှန်းနိုင်သနည်း။

ထိုမောင်နှမနှစ်ယောက်ပြောကြားသည့်စကားများကို သူကြားခဲ့ရသည်မဟုတ်ပါလော။

သူမက ပြောခဲ့သည်။ "ဒီနေရာ တစ်ဝိုက်မှာ စားစရာဆိုလို့ ဘာမှမရှိဘူး....." ဟုပြောခဲ့သည်မဟုတ်ပါလား။

ဤစကားကိုထောက်၍ ဤအရပ်ဒေသကို ဤမောင်နှမ ရင်းနှီးကျွမ်းဝင်သောဒေသသာဖြစ်ပေလိမ့်မည်။

သူသည် လဲလျောင်းနေရင်း အတွေးများသည် ဆင့်ကာဆင့်ကာပေါ်ထွက်လာသည်။

ထို့နောက် ....



သူ၏မျက်လုံးများ တဖြည်းဖြည်းလေးလံလာပြီး ....

နောက်ဆုံး အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာသွားသည်မသိ ....

မွန်တင်းအိပ်ရာမှနိုးလာသောအခါ နေရောင်ခြည်အလင်းရောင်သည် သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်နေချေပြီ။

သူ့ခန္ဓာကိုယ်ပေါ်သို့အပူဓာတ်ကျရောက်နေလေပြီ။

ထို့နောက် .... သူသည် သိုင်းလေ့ကျင့်ရန်နေရာများကို မျက်လုံးဝေ့၍ရှာဖွေကြည့်ရှုသည်။ အတန်ကြာကြည့်လိုက်ပြီးနောက် သူသည် မျက်မှောင်ကုပ်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် .... ကျောက်သားမျက်နှာပြင်တွင် အဖု အထစ်များဖြင့်ပြည့်နှက်နေသည်။

မညီမညာဖြစ်နေသည်။

ထို့ပြင် သူသည်သိုင်းလေ့ကျင့်ရန် အနည်းဆုံးသုံးလေးလခန့်ကြာမည်ဟုခန့်မှန်း၏။

ယခုကဲ့သို့ အကာအကွယ်မရှိ။ စားသောက်ရန် အသီးအရွက်ပင် များများစားစားမရှိသောဤနေရာတွင် နေထိုင်ရန်မှာ မလွယ်ကူသည်ကို သူတွက်ဆမိ၏။

ထို့ကြောင့် .... သူသည်အခြားသင့်လျော်သည့် တစ်နေရာရှာဖွေရန်စိတ်ကူးလာမိလေတော့သည်။

ဤနေရာသည် သူ့အတွက် ပဋိရူပဒေသမဟုတ်မှန်း သိလာသည်။ သူသည် ကျောက်တုံးကြီးပေါ်မှခုန်ချလိုက်လေ၏။

ထို့နောက် .... သူသည် ရှေ့သို့ဆက်၍ လျှောက်သွားလေတော့သည်။ ထိုကျောက်တုံးကြီး၏ တစ်ဖက်တွင် တောင်ပူစာတစ်ခုကိုတွေ့ရပြန်သည်။

ယင်းတောင်ပူစာဝန်းကျင်တစ်ဝိုက်တွင် မြက်ပင်များ၊ သစ်ပင်များဖြင့် လန်းဆန်းစိုပြေနေသည်ကိုတွေ့လိုက်ရ၏။

သူသည် ဝမ်းသာသွားသည်။

ယင်းနေရာသို့ ခြေလှမ်းစပ်သွက်သွက်ဖြင့်လျှောက်သွားရာ ထိုတောင်ပူစာအနီးသို့ ရောက်လာသောအခါ သူ၏နှာခေါင်းထဲသို့ အလွန်မွှေးကြိုင်သည့်အနံ့အသက်များ စူးဝင်လာသည်ကို ခံစားလိုက်ရသည်။

သူသည် ထိုရနံ့ကိုရှူရှိုက်မိသည်နှင့် စိတ်လက်ကြည်လင်လန်းဆန်းလာပြီး ခွန်အားပြည့်ဖြိုးလာသည်ဟုခံစားမိလိုက်သည်။

သူသည် အနံ့အသက်ရသည့်နေရာသို့ ချဉ်းကပ်သွားလေသည်။ မကြာပါချေ။ လှိုဏ်ဂူတခုကို တွေ့မြင်လိုက်ရလေတော့သည်။ မွှေးကြိုင်သောအနံ့အသက်များမှာ ထိုလှိုဏ်ဂူထဲမှလွင့်ပျံ့လာကြောင်း သူသိလိုက်ရသည်။

သူဝမ်းသာသွားသည်။

ယင်းဂူထဲတွင်တည်းခိုရင်း ....

သိုင်းလှေကျင့်ရန်ဆုံးဖြတ်လိုက်လေ၏။

******



မွန်တင်း လှိုဏ်ဂူအနီးသို့နီးကပ်လာသောအခါ ....

ရုတ်တရက် ပြင်းထန်သောလေမွှေတစ်ခုသည် ကြီးမားသောစုပ်အားဖြင့် သူ၏ခန္ဓာကိုယ်အား လှိုဏ်ဂူထဲသို့ စုပ်ဝင်သွားစေလေ၏။

သူ၏ခန္ဓာကိုယ်သည် ဒလိမ့်ခေါက်ကွေးဖြင့် လှိုဏ်ဂူထဲသို့ဝင်ရောက်သွားတော့သည်။

သူသည် အလွန်ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် လဲကျနေရာမှ ကပျာကယာထလိုက်၏။

လှိုဏ်ဂူတွင်းသို့ အကဲခတ်ကြည့်မိသည်။

လှိုဏ်ဂူထဲတွင် ဘာကိုမျှမတွေ့ရပါ။

လှိုဏ်ဂူ၏ထိပ်ပိုင်းတွင် အပေါက်ကလေးတစ်ပေါက်သာရှိ၏။

နေရောင်ခြည်သည် ထိုအပေါက်ကလေးမှ လှိုဏ်ဂူထဲသို့ ထိုးဝင်ကျရောက်နေသည်။

ထိုအလင်းရောင်ကြောင့် သူသည် လှိုဏ်ဂူ၏တစ်ဘက်တစ်ချက်တွင် ထူးဆန်းသည့်မြက်ပင်ကလေးများကိုတွေ့မြင်ရ၏။

ရှူရှိုက်မိသောအမွှေးနံ့မှာ ထိုမြက်ပင်မှဖြစ်သည်ကို သိလိုက်ရလေသည်။

သူသည် လှိုဏ်ဂူအပြင်ဘက်သို့ ပြန်ထွက်လာသည်။

သို့သော် ပြင်းထန်သောလေသည် သူ၏ခန္ဓာကိုယ်အား စုပ်ယူလိုက်ပြန်သဖြင့် ....

သူသည် သူ၏ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ လေစုပ်ယူရာအတွင်းဘက်သို့ ပြန်လည်လွင့်ပါးသွားရပြန်သည်။

သူအံ့အားသင့်သွားသည်။

ထို့နောက် ....

လဲကျရာမှလူးလဲထကာ အပြင်ဘက်သို့ထွက်ရန် ကြိုးစားပြန်လေတော့သည်။

ထိုစဉ် ....

"ဟား .... ဟား .... ဟား"

ရယ်မောသံကိုကြားလိုက်ရလေ၏။

သူသည် ထိတ်လန့်စွာဖြင့် အတွင်းဘက်သို့ကြည့်လိုက်သည်။ လိုဏ်ဂူအတွင်း၌ မည်းမှောင်နက်ရှိုင်းသည်ကို မခန့်မှန်းနိုင်ချေ။ ရယ်မောသံမှာ ထိုနေရာမှထွက်ပေါ်လာခြင်းဖြစ်၏။

"အထဲမှာဘယ်သူလဲဗျ၊ လူရှိရင်ပြောပါ"

သူက အမှောင်ထုဘက်သို့လှမ်း၍မေးလိုက်၏။

စူးရှနက်မှောင်လှသော အမှောင်ထုကြီးပင်။

"ဟား .... ဟား .... ဟား"

ရယ်သံထပ်မံကြားရပြန်သည်။

"ဟေ့သူငယ် .... မင်း ဘာအကြောင်းကြောင့်လုပ်နေရတာလဲ၊ ငါ့ကို သေသလား ရှင်သလားဆိုတာစုံစမ်းဖို့ အဘိုးကြီးက လွှတ်လိုက်တာမဟုတ်လား"

ထိုစကားကိုကြားရသောအခါ ....



ထိုလူမှာ .... မိမိအား အထင်လွဲမှားနေခြင်းဖြစ်ကြောင်း မွန်တင်းသိလိုက်ရ၏။

"မဟုတ်ပါဘူးဗျာ ကျွန်တော် လေပွေကြောင့် ဒီလိုဏ်ဂူထဲကိုရောက်လာရတာပါ၊ ဒီလေပွေက စုပ်တဲ့လေပွေပါဗျာ၊ ဒီစုပ်လေပွေကို ကျွန်တော်မခုခံနိုင်ပါဘူး"

"ဟေ့ .... မင်းငါ့ကိုလိမ်နေတာလား၊ ဒီနေရာက လူသူမရောက်နိုင်တဲ့နေရာကွ၊ မင်းဘယ်လိုရောက်လာတာလဲ၊ မင်းငါ့ကို လိမ်ပြောဖို့ စိတ်မကူးနဲ့"

"ကျွန်တော်လိမ်ပြောနေတာ မဟုတ်ပါဘူး"

မွန်တင်းသည် လိုဏ်ဂူအတွင်းသို့ရောက်ရှိလာရသည့် အကြောင်းရင်းများကို အသေးစိတ်ရှင်းပြလိုက်၏။

သူ၏စကားဆုံးသည်နှင့် အမှောင်ထုထဲမှ လူတစ်ယောက် သူ့ထံသို့ လျှောက်လာသည်ကိုတွေ့ရသည်။

ထိုသူမှာ ကိုယ်လုံးကိုယ်ပေါက်သေးသွယ်သော အဘိုးအိုတယောက်ဖြစ်နေသည်။ သူ့ဆံပင်များမှာရှုပ်ပွနေ၏။ မျက်နှာကို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများဖြင့်ဖုံးအုပ်နေသည်။

သူ၏အဝတ်အစားများမှာလည်း စုတ်ပြတ်ပေရေနေ၏။ တစ်ဦးကိုတစ်ဦးအပြန်အလှန်အကဲခတ်ကြည့်နေပြီးမှ အဘိုးအိုက သက်ပြင်းတစ်ချက်ချပြီး

"အင်း .... သနားစရာကောင်းလိုက်တာကွာ၊ မင်းရဲ့အသက်ကငယ်ငယ်ပဲရှိသေးတယ်၊ ခုတော့ ... မင်းလဲငါ့လိုပဲ ဒီဝက်ပါ

လိုဏ်ဂူထဲမှာ အရိုးထုတ်ရမှာပါလား"

မွန်တင်း အံ့အားသင့်သွားမိ၏။

"ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားက ဘယ်သူလဲ၊ ဒီလိုဏ်ဂူကို ဘာဖြစ်လို့ ဝက်ပါလိုဏ်ဂူလို့ခေါ်ရတာလဲဗျ"

တကယ်မသိသဖြင့် မွန်တင်းသည် အထက်ပါအတိုင်း မေးမြန်းလိုက်မိခြင်းဖြစ်လေ၏။

****



အခန်း (၆)

သိုင်းရှစ်ကွက်ကျမ်း

အဘိုးအိုက အားရပါးရရယ်မောလိုက်လေ၏။

"ဟား......ဟား..........ဟား"

"ငါ့နာမည်က ယီးမုလို့ခေါ်တယ်၊ ဒီလိုဏ်ဂူကို ဘာဖြစ်လို့ ဝက်ပါလိုဏ်ဂူလို့ခေါ်ရတယ်ဆိုတာ မင်း နောက်တော့သိရမှာပေါ့၊ အခု မင်းသိသင့်တာက မင်းဟာ ဒီဂူရဲ့အကျဉ်းသားဖြစ်နေပြီ ဆိုတာပဲ"

မွန်တင်းမှာ အဘိုးအိုယီးမု၏စကားကြောင့် တွေဝေသွားသည်။ သူက မေးရန်ဟန်ပြင်လိုက်စဉ်မှာပင် ....

အဘိုးအိုကဆက်ပြောလေ၏။

"ဟိုမှာကြည့် ဒီလိုဏ်ဂူပေါ်ကအပေါက်လေးကို မင်းတွေ့တယ်မဟုတ်လား"

မွန်တင်းက လိုဏ်ဂူထိပ်မှအပေါက်လေးကိုလှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့တွေ့ပါတယ်"

"အဲဒီ အပေါက်ကလေးကို မင်းအထင်မသေးနဲ့ကွ၊ ပထဝီ မြေအနေအထားကနေပြီး လေပွေတွေစုစည်းတဲ့နေရာလေးဖြစ်တယ်၊ ဒါကြောင့် ဒီလိုဏ်ဂူဝကိုရောက်လာတဲ့ အရာဝတ္ထုမှန်သမျှ လေပွေကလိုဏ်ဂူထဲကိုစုပ်ယူလိုက်တာပဲ"

ထိုစကားကိုကြားရလျှင် မွန်တင်းထိတ်လန့်သွားမိ၏။

"ဦးလဲ ဒီလိုဏ်ဂူထဲကို လေပွေကြောင့်ဝင်လာရတယ်ဟုတ်လား၊ ဦးလဲ ကျွန်တော့်လိုပဲပေါ့ ...."

"ဟုတ်တယ်"

"ဒီလိုဏ်ဂူထဲကထွက်ဖို့ကော မကြိုးစားကြည့်ဘူးလား"

"မင်း ထွက်လို့ကောရရဲ့လား"

မွန်တင်းက ခေါင်းခါယမ်းလိုက်၏။

အဘိုးအိုက ကျေနပ်စွာရယ်လိုက်သည်။

"ကျုပ် လိုဏ်ဂူထဲမှာနေခဲ့တာ (၁၇)နှစ်ရှိပြီ။ ဒီလိုဏ်ဂူထဲကထွက်ဖို့အကြိမ်ကြိမ်ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မင်းတွေ့တဲ့အတိုင်းပဲမဟုတ်လား၊ ငါ မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် ဒီလိုဏ်ဂူကို ဝင်ပေါက်လိုဏ်ဂူလို့ခေါ်တာ၊ မင်းသဘောပေါက်ပြီမဟုတ်လား"

မွန်တင်းသည် အဘိုးအို၏စကားကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားမိသည်။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် မြေပေါ်သို့ထိုင်ချလိုက်သည်။



အတန်ကြာမှ အဘိုးအိုကိုမော့ကြည့်လိုက်၏။

"နေပါဦး၊ ဦး ဒီမှာနေတာ (၁၇)နှစ်ရှိပြီ၊ ဘာနဲ့စားသောက်နေသလဲ၊ (၁၇)နှစ်ဆိုတာ နည်းနည်းနောနောကာလမဟုတ်ဘူး"

အဘိုးအိုက ပြုံးလိုက်သည်။ သူ့အပြုံးမှာ မချိပြုံးဖြစ်သည်။ သူသည် လိုဏ်ဂူနံဘေးတွင်ပေါက်နေသောမြက်ပင်များကို ညွှန်ပြလိုက်သည်။

"ဒီမြက်ပင်တွေကိုပဲစားရတာပေါ့၊ တစ်ခါတစ်ခါ ဒီလိုဏ်ဂူဝမှာဖြတ်ကျော်သွားတဲ့ သမင်တို့၊ ယုန်တို့ လေပွေကြောင့် လိုဏ်ဂူထဲရောက်လာတဲ့အခါမှာတော့ ကျုပ်အဖို့ သုံးလေးလလောက်တော့ အသားစားရတာပေါ့ကွာ၊ အခုတောင်မှ ငါ့မှာ သမင်သား ပေါင်တစ်ဖက်ကျန်သေးတယ်ကွ"

အဘိုးအိုသည် ယင်းသို့ပြောရင်း တစ်စုံတရာကိုသတိရပြီး ပြောလိုက်လေ၏။

"ဟော .... ခုမှဒုက္ခပဲ၊ မင်းတစ်ယောက်ပိုလာတဲ့အတွက် ငါ့စားစရာတွေတော့ လျော့တော့မှာပဲကွ၊ ငါတစ်ယောက်အတွက်တော့မဆိုးပါဘူး၊ နောက်တစ်ယောက်အတွက်တော့ ဆိုးသကွ...."

"မပူပါနဲ့ဦး .... ဦးရတဲ့အသားကို ဦးပဲစားပါ၊ ကျွန်တော့်အတွက်အရေးမကြီးဘူး"

အဘိုးအိုက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းမဆိုးဘူး"

မွန်တင်းက နားမလည်စွာလှမ်းကြည့်မိသည်။

အဘိုးအိုက ....

"မင်းက ငါ့ကိုစားစရာရှိတာစားပါပြောလို့ မင်းကိုချီးကြူး နေတာကွ"

မွန်တင်းကခေါင်းယမ်း၏။

"ကျွန်တော်ရတဲ့ အစားအစာမှ မဟုတ်တာပဲဗျာ"

"ဒီလိုလဲဘယ်ဟုတ်မလဲ၊ အခုဆိုရင် ငါကအိမ်ရှင်ဖြစ်သွားပြီ၊ မင်းကဧည့်သည်ပေါ့၊ အိမ်ရှင်က ဧည့်သည်မငတ်ရလေအောင် ပြုစုဖို့တာဝန်ရှိနေတာပေါ့ကွာ"

အဘိုးအိုက မြက်ပင်များကိုညွှန်ပြလိုက်ပြီး ....

"ဟောဒီမြက်ပင်တွေကို မင်းတစ်နေ့ဆယ်ပင်တော့စားခွင့် ပေးနိုင်မယ်"

"ကျေးဇူးပဲဦး ဒါပေမဲ့ ရေမရှိတော့မခက်ဘူးလား"

အဘိုးအိုက ခေါင်းခါယမ်းလိုက်၏။

"ရေအတွက် မပူပါနဲ့ကွာ"

အဘိုးအိုက မွန်တင်းအားလိုဏ်ဂူအတွင်းသို့ခေါ်ဆောင် သွားတော့သည်။

****



လိုဏ်ဂူတစ်နေရာတွင် ကျောက်နံရံမှ တစ်စက်ပြီးတစ်စက် ရေစက်များကျဆင်းနေသည်။ အဘိုးအိုသည် မွန်တင်းအားပြုံးပြ လိုက်ပြီး......

"တွေ့လား .... ဟောဒီမှာ ရေစိမ့်ကျနေတယ် မင်းအတွက် ရေပြဿနာလုံးဝမရှိနိုင်တော့ဘူး"

မွန်တင်းသည် ကျလာသောရေစက်များကို လက်ဝါးနှစ် ဖက်နှင့်ခံ၍ သောက်လိုက်မိသည်။ ထိုရေမှာ အလွန်အေးမြသည်။ ချိုမြမြအရသာရှိ၏။ ရေနှင့်မြက်ပင်များကို စားသောက်ပြီးသည့် နောက် မွန်တင်းသည် အားအင်ပြည့်ဖြိုးလာသည်ကို ခံစားလိုက်ရ လေ၏။

အဘိုးအိုက သူ့အားကျေနပ်စွာကြည့်လိုက်ရင်း.......

"ကဲ ... မင်းလဲမောလာတယ်၊ ခဏလေး နားလိုက်ဦးကွာ ငါတော့အချိန်ရှိတုန်း သိုင်းကွက်တွေလေ့ကျင့်လိုက်ဦးမယ်"

အဘိုးအိုသည် ပြောဆိုပြီး လိုဏ်ဂူထိပ်ရှိအပေါက်မှတိုးဝင် လာသောနေရောင်ခြည်အောက်တွင် ခြေလက်များကို လှုပ်ရှားကာ သိုင်းကွက်များကိုလေ့ကျင့်နေတော့သည်။

အဘိုးအို၏ သိုင်းဟန်ကစားကွက်များကို တွေ့ရသောအခါ မွန်တင်းမှာ မျက်မှောင်ကုတ်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် အဘိုးအိုလေ့ကျင့်နေသော ပုံဟန် မှာ သိုင်းကွက်နှင့်လုံးဝမတူဘဲ ကခုန်နေသည်ဟုထင်မှတ်ရသည်။

"ဦး ... ဦး အခုလေ့ကျင့်နေတာဘာသိုင်းကွက်လဲဗျ"

အဘိုးအိုမှာ ဘာမှပြန်မပြောဘဲ တစ်နာရီခန့်လေ့ကျင့်ပြီးမှ ရပ်လိုက်လေ၏။ သူသည် မွန်တင်းအားပြုံးပြလိုက်ပြီး ....

"ဒီသိုင်းကွက်ကို ငါဒီလိုဏ်ဂူထဲ (၁၇)နှစ်လုံးလုံး လေ့ကျင့်တီထွင်ထားတဲ့သိုင်းကွက်တစ်မျိုးကွ၊ နာမည်ကိုတော့ ငါက ဝက်ပါသိုင်း(၇)ကွက်လို့ပေးထားတယ်"

မွန်တင်း မျက်မှောင်ကုတ်သွား၏။

"ဦးက ဒီသိုင်းကွက်ကိုဘယ်လိုများအသုံးချမှာလဲဦး"

အဘိုးအိုက ရယ်လိုက်ပြီး .....

"ဒီလိုကွ .... ငါဒီလိုဏ်ဂူထဲရောက်တုန်းက ဒီအထဲမှာ ပိုးကောင် ပိုးမွှားကောင်ဆိုတာ အပြည့်ပဲ၊ ဒီပိုးကောင်တွေမကိုက်ရအောင် ငါကရှောင်တိမ်းရင်း အဲဒီသိုင်းကွက်ကို တီထွင်လိုက်တာပဲ၊ ရှင်းရှင်းပြောရရင် ငါလေ့ကျင့်ထားတဲ့သိုင်းကွက်ဟာဘယ်ပိုးကောင်ကိုမဆိုရှောင်တိမ်းနိုင်တဲ့အပြင် သူတို့ကိုလဲပြန်သတ်ပစ်နိုင်တယ်ကွ"

မွန်တင်းကပြုံးလိုက်မိ၏။ သူသည် ဆက်၍မပြောတော့ဘဲ မြေပေါ်တွင်ထိုင်ချကာ သိုင်းကျမ်းစာအုပ်ကိုထုတ်၍ လေ့လာကျက်မှတ်နေပေတော့သည်။

အဘိုးအိုကမူ လိုဏ်ဂူတစ်နေရာတွင်အိပ်ချလိုက်သည်။

****



လခြမ်းကလေး၏ အလင်းရောင်များသည် ....

လိုဏ်ဂူထိပ်ရှိအပေါက်ကလေးမှတစ်ဆင့် လိုဏ်ဂူထဲသို့ တိုးဝင်လာသည်။ လေပွေဖွဲ့ယမ်း တိုက်ခိုက်နေသော အသံများသည် တဟူးဟူးနှင့်မြည်ဟီးနေသည်။

မွန်တင်းသည် မိန်းမချောလေး စွန်းယုံပေးခဲ့သော သိုင်းစာအုပ်ကို လရောင်အောက်၌ စိတ်ဝင်စားစွာလေ့ကျင့်မှတ်သားနေသည်။ ထိုကျမ်းစာအုပ်ငယ်မှာ (၆၄)မျက်နှာရှိ၏။

အခန်းရှစ်ခန်းပါဝင်၏။ သိုင်းရှစ်ကွက်ကျမ်းဟု ခေါင်းစည်း၍ ရေးသားထားသည်ကို တွေ့ရသည်။ ထိုအခန်း ရှစ်ခန်းတွင် လေးခန်းမှာ အတွင်းအားလေ့ကျင့်ရန်ဖြစ်၏။ တစ်ဝက်တိတိမှာ အတွင်းအားကိုသာ အသားပေးထားသည်။

ပဌမအခန်းမှာ ကိုယ်ဖော့သိုင်းပညာ လေ့ကျင့်ခန်းဖြစ်သည်။ ဆဋ္ဌမအခန်းမှစ၍ သိုင်းကွက်များကိုဖော်ပြထား၏။ သတ္တမအခန်းမှာ နက္ခတ်တာရာဗေဒင်ကျမ်းများဖြစ်သည်။ အဋ္ဌမအခန်းမှာ မည်သည့် ပညာကိုလေ့ကျင့်ရမှန်းမသိဖြစ်နေသည်။

မွန်တင်းသည် အတန်ကြာကြည့်နေသော်လည်း လုံးဝနားလည်ခြင်းမရှိပါ။ သူသည် အတွင်းအား လေ့ကျင့်သောအခန်းမှစ၍လေ့ကျင့်ရန် ဆုံးဖြတ်လိုက်လေတော့၏။

****

ထိုနေ့မှစ၍ မွန်တင်းသည် သိုင်းကျမ်းမှသိုင်းပညာများကို စတင်လေ့ကျင့်၏။ သိုင်းကျမ်း၌ရေးထားသောပုံများ၊ ရှင်းလင်းချက်များ သဘောတရားများကို အာရုံစူးစိုက်စွာလေ့လာကျက်မှတ်နေသည်။

အဘိုးအိုမှာမူ မွန်တင်းကို လုံးဝလှည့်မကြည့်ဘဲ လိုဏ်ဂူတစ်နေရာတွင် သူ၏သိုင်းကွက်များကို စိတ်ဝင်စားစွာလေ့ကျင့်နေ၏။ မွန်တင်းသည် အဘိုးအိုခွင့်ပြုထားသောအပင်များကို တစ်နေ့ဆယ်ပင်ခူး၍ ရေနှင့်အတူစားသောက်ရသည်။

ထိုအပင်များမှာ အလွန်မွှေးကြိုင်ပြီး အဆာခံနိုင်စွမ်းရှိသဖြင့် မွန်တင်းသည် သက်သာရာရနေလေသည်။

ဤသို့ဖြင့် ....

သူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပင်မပြောဘဲ ကိုယ်စီကိုယ်င သိုင်းကွက်လေ့ကျင့်နေကြရာမှ ....

တစ်လခန့်ကြာသောအခါ .....

မွန်တင်းသည် မိမိကိုယ်ခန္ဓာ တစ်မျိုးတစ်ဖုံပြောင်းလဲထူးခြားလာသည်ကိုသတိပြုမိလေတော့သည်။

သူသည် ကျမ်းစာထဲတွင်ဖော်ပြထားသည့်အတိုင်း အတွင်းအားကိုလေ့ကျင့်ခဲ့ရာ ....

မိမိ၏ရင်ထဲ၌ အပူငွေ့တစ်ခု ကိုယ်ခန္ဓာတစ်ခုလုံးသို့လှည့်ပတ်သွားလာနေသည်ဟုခံစားလာရလေတော့သည်။ သိုင်းရှစ်ကွက်ကျမ်း၏ထူးခြားမှုပေတည်း။



ဤသို့ဖြင့် သူသည် နောက်ထပ်ဆယ်ရက်ခန့်လေ့ကျင့်ပြီးနောက် သိုင်းကွက်များကို စတင်လေ့ကျင့်လေတော့သည်။

သိုင်းကွက်များလေ့ကျင့်လိုက်သောအခါ သူ၏ကိုယ်ခန္ဓာမှာ ပေါ့ပါးသွက်လက်ပြီး ခြေလက်များမှာ မိမိ၏ဆန္ဒအရလိုရာသို့လှုပ်ရှားနိုင်သည်ကိုတွေ့ရသည်။

သူသည် အလွန်ဝမ်းသာသွားသည်။

မိမိ၏သိုင်းပညာမှာ တစ်နေ့တခြားတိုးတက်လာသည်ဟုယုံကြည်လာမိလေတော့သည်။

****

## အခန်း (၇)
## လေစုပ်ဓါတ်

တစ်ည ....

လိုဏ်ဂူထဲသို့ အလွန်အေးစိမ့်သောလေများတိုက်ခတ်လာသည်။ ဤသည်မှာ ဤဂူ၏ထူးခြားချက်ဖြစ်လေတော့၏။

ဤလိုဏ်ဂူထဲသို့ သူစရောက်သည့်အချိန်မှ ယခုအချိန်အထိ မည်သည့်ထူးခြားသည့်အပူအအေးကိုမျှ မတွေ့ကြုံခဲ့ရပေ။ ယခု ပထမဆုံးအကြိမ် အလွန်အေးစိမ့်သောလေ၏တိုက်ခိုက်မှုကို ခံစားရခြင်းပင်။

သူသည် တစ်ကိုယ်လုံး အေးစက်တောင့်တင်းလွန်း၍ အိပ်မရသဖြင့် အိပ်နေရာမှထပြီး သိုင်းကွက်များကိုလေ့ကျင့်နေ၏။

မကြာပါချေ။ သူ၏တစ်ကိုယ်လုံးမှာ ထွေးထွေးနွေးနွေးဖြစ်လာရုံမက သူ၏ငယ်ထိပ်မှလည်း အငွေ့တထောင်းထောင်းထနေသည်ကို ခံစားလိုက်ရသည်။

"အမလေး ... ချမ်းလိုက်တာ ... ချမ်းလိုက်တာ"



ရုတ်တရက် အဘိုးအို၏ငြီးငြူသံကိုကြားလိုက်ရ၏။

အဘိုးအိုသည် လက်နှစ်ဖက်ကို ချိုင်းအောက်ထဲထည့်ထားပြီးလျှင် အအေးဒဏ်ကိုခံနိုင်ရန် လိုဏ်ဂူထဲ၌ ပြေးလွှားခုန်ပေါက်နေသည်ကိုတွေ့လိုက်ရလေသည်။

"ဦး .... တော်တော်ချမ်းနေသလား"

မွန်တင်း မနေနိုင်ဘဲမေးလိုက်၏။ သူမေးလိုက်တော့မှ အဘိုးအိုက မွန်တင်းအား သတိပြုကြည့်လိုက်လေသည်။ မွန်တင်းမှာ အအေးဒဏ်ကိုခံနိုင်ရုံမက တစ်ကိုယ်လုံးပင် အငွေ့တထောင်းထောင်းဖြစ်နေသည်ကိုတွေ့မြင်ရမိ၏။

အဘိုးအိုမှာ အံ့ဩသင့်သွားသည်။ သို့သော် ... သူသည် မေမြန်းခြင်းမရှိပါ။ အဘိုးအိုသည် အအေးဒဏ်ခံနိုင်ရန် ပြေးလွှားခုန်ပေါက်နေသည်။ မွန်တင်း မနေနိုင်တော့ပါ။

"ဒီမှာဦး သိပ်ချမ်းနေပြီထင်တယ်၊ ကျွန်တော်အကူအညီပေးရမလား"

အဘိုးအိုမှာ ချမ်းလွန်း၍ သွားများပင် တစ်ခုနှင့်တစ်ခုထိခိုက်ခါ တုန်တုန်ယင်ယင်ဖြစ်နေ၏။

သို့သော် သူသည် ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးကွ ငါဒီမှာ (၁၇)နှစ်တိုင်တိုင်နေခဲ့ပြီပဲ၊ အအေးဒဏ်ကိုခံနိုင်လို့ ငါအသက်ရှင်နေတာပေါ့"

အဘိုးအို၏စကားကြောင့် မွန်တင်းသည် ပခုံးတစ်ချက်တွန့်ကာ သူ၏နံဘေးတွင်ထိုင်ချလိုက်၏။

အဘိုးအိုက စကားဆက်လိုက်သည်။

"ဒီမယ်ငါ့တူ......ဒီလိုဏ်ဂူထဲမှာ နှစ်စဉ်နှစ်တိုင်း အခုလို ထူးထူးခြားခြားတစ်ကြိမ်တော့ ချမ်းတတ်တယ်ကွ"

မွန်တင်းကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

သူသည် တစ်စုံတရာကိုသတိရမိ၏။

"ဦး ကျွန်တော်တစ်ခုမေးချင်တယ်"

"မေးပါ"

"ဦး အခုလို အတော်အေးတာဟာ တစ်နှစ်တစ်ကြိမ်ပဲ ဖြစ်လေ့ရှိတတ်သလား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

သူက နောက်ထူးခြားချက်ကိုပါပြောပြသည်။

"ဟုတ်တယ် ဒီလိုဏ်ဂူထဲမှာ တစ်နှစ်မှာတစ်ကြိမ် တော်တော်အေးတယ်၊ တကြိမ်မခံနိုင်အောင် ပူတတ်တယ်ကွ"

မွန်တင်းမျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် ဘယ်တော့မှပူတဲ့အကြိမ်ကျမလဲခင်ဗျာ"

"အခုလိုအေးပြီးတဲ့နောက် ခြောက်လဆိုရင် မခံနိုင်အောင် ပူလာတတ်ပါတယ်"

မွန်တင်းက စဉ်းစားလိုက်သည်။ သဘာဝဖေတ်များသည် ဆန့်ကျင်ဘက်ရှိတတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။

ယင်းသဘောတရားအရ ....



ဤလိုဏ်ဂူထဲသို့ တစ်နှစ်ပတ်လုံး လေပွေတိုက်ခတ်ရာမှ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ယင်းလေပွေသည်ရပ်တန့်သွားလိမ့်မည် ဟု သူစဉ်းစားမိသည်။

သူသည် ဤသို့စဉ်းစားမိသည်နှင့် ....

"ဦး ကျွန်တော်တစ်ခုမေးပါရစေဦး"

"မေးပါ"

"ဦး ဒီလိုဏ်ဂူထဲမှာ (၁၇)နှစ်လုံးလုံးနေခဲ့တာ ဒီလေပွေဟာ တစ်ချိန်မှရပ်တန့်မသွားဘူးလား"

အဘိုးအိုသည်ခေါင်းခါယမ်းလိုက်၏။

"မရပ်ဘူးကွ ... ရပ်မှတော့ ငါဒီလိုဏ်ဂူထဲမှာဘယ်ရှိတော့မလဲ"

ထိုစကားကိုကြားရသောအခါ မွန်တင်းသည် စိတ်ဓာတ်ကျသွားမိလေ၏။ ထို့နောက် .... အဘိုးအိုသည် အအေးဒဏ်ကို ခါးစည်းခံနေတော့သည်။

****

သူ့အဖို့ကား .... အကြောင်းမဟုတ်လှပါ။

သူလေ့ကျင့်နေသည့်သိုင်းကွက်သည် ထိုအအေးဒဏ်ကို ခံနေနိုင်သည်မဟုတ်ပါလား။

ဤသို့ဖြင့် အချိန်မှာ ကုန်မှန်းမသိကုန်လွန်သွားခဲ့သည်။

မွန်တင်းသည် သိုင်းကျမ်းစာအုပ်ထဲမှ နောက်ဆုံးအခန်းမှလွဲ၍ ကျန် (၇)ခန်းကိုအောင်မြင်စွာလေ့ကျင့်နိုင်ခဲ့လေပြီ။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ သုံးလအတွင်း အလွန်တောင့်တင်းတိုးတက်လာသည်။ ထို့ကြောင့် သူသည် ယင်းလိုဏ်ဂူထဲမှ ထိုးဖောက်ထွက်သွားရန် ဆုံးဖြတ်ချက်ချလိုက်မိ၏။

သူသည် ဤသို့ဆုံးဖြတ်ပြီးနောက် လိုဏ်ဂူဝသို့တစ်လှမ်းချင်းလှမ်းသွားလေ၏။

အဘိုးအိုသည် မွန်တင်း၏လှုပ်ရှားမှုကိုတွေ့လိုက်ရသောအခါ ထိတ်လန့်သွား၏။

"ဟေ့.....ဟေ့... မင်းအပြင်ထွက်ဖို့မကြိုးစားနဲ့ကွ၊ ဒုက္ခရောက်သွားလိမ့်မယ်"

မွန်တင်း၏ခြေလှမ်းများ ရပ်တန့်သွား၏။

"ဘာဖြစ်လို့လဲဗျ"

အဘိုးအိုကခေါင်းခါယမ်းရင်း ....

"ဘာဖြစ်ရမှာလဲကွ ... ငါလဲမင်းလိုပဲ ဒီလိုဏ်ဂူထဲကထွက်ဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ငါရဲ့ခန္ဓာကိုယ်ဟာ လေပွေရဲ့အားကို မခံနိုင်တဲ့အတွက် ကံကောင်းလို့မသေခဲ့တာ"



မွန်တင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဦးကအသက်ကြီးပြီကိုး ... ခံနိုင်ရည်က ကျွန်တော်တို့လူငယ်လောက်ရှိချင်မှရှိမှာ ကျွန်တော်တော့ ဒီလိုဏ်ဂူထဲမှာ အရိုးမထုတ်နိုင်ဘူး၊ သေကာမှသေရော ကြိုးစားကြည့်ရမှာပဲ"

သူသည် ဤသို့ပြောဆိုပြီး လိုဏ်ဂူဝသို့လျှောက်သွား၏။

"ဟေ့ .... မလုပ်နဲ့ကွ"

အဘိုးအိုက ထိတ်လန့်တုန်လှုပ်စွာဖြင့်ဟန့်တားလိုက်၏။

သို့သော် .... မွန်တင်းက အဘိုးအို၏စကားကိုမနာယူဘဲ လိုဏ်ဂူဝသို့ ဆက်၍လျှောက်သွားလေတော့သည်။

သူ့အနေဖြင့် ဤဂူထဲ၌ (၁၇)နှစ်မပြောနှင့် တစ်ဆယ့်ခုနစ်လပင် အရိုးမထုတ်နိုင်ပါ။

ဤဂူထဲမှ လွတ်မြောက်ရန်ကြိုးစားရပေမည်။ သို့မှသာ ဖခင်၏ရန်သူကို လက်စားချေနိုင်မည်မဟုတ်ပါလား။

မွန်တင်းသည် လိုဏ်ဂူဝသို့ရောက်ရန် ခြေလှမ်း(၁၀)လှမ်းသာလိုတော့သည်။ ထိုစဉ် .....

ရုတ်တရက် အလွန်ပြင်းထန်သောလေပွေလှိုင်းတစ်ခုသည် သူ၏ခန္ဓာကိုယ်ကို ရိုက်ခတ်လာလေတော့၏။ သူ၏ခန္ဓာကိုယ်သည် လိုဏ်ဂူထဲသို့အရှိန်အဟုန်ပြင်းစွာဖြင့်လွင့်စဉ်လာပြီး လိုဏ်ဂူ၏နံရံနှင့်ဆောင့်မိကာ မြေပေါ်သို့ကျသွားလေတော့သည်။ လေ၏ဆွဲစုပ်အား ပြင်းထန်လှသဖြင့် မွန်တင်းမှာတောင့်မခံနိုင်ချေ။

အဘိုးအိုသည် သူ့ထံသို့ကပျာကယာပြေးလာ၏။

မွန်တင်း သတိမေ့နေသည်ကိုတွေ့ရသောအခါ သက်ပြင်းချလိုက်မိ၏။

"အင်း တော်တော်ခေါင်းမာတဲ့သူငယ်ပါလား၊ အင်းလေ လူငယ်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့လေ"

အဘိုးအိုကညည်းညူလိုက်လေသည်။

****

မည်မျှကြာသွားသည်မသိ .....

မွန်တင်းသတိရလာသောအခါ ....

အဘိုးအိုသည် သူ့အား ကရုဏာသက်သော မျက်လုံးအစုံဖြင့်ကြည့်နေခြင်းကိုတွေ့ရလေ၏။

သူသည် လူးလိမ့်ကာထရန်ကြိုးစားလိုက်၏။

"အား"

သူ၏တစ်ကိုယ်လုံးမှာ ပြင်းထန်သောဝေဒနာကိုခံစားနေရသဖြင့် လုံးဝမထနိုင်ပါ။

"ငြိမ်ငြိမ်နေပါသူငယ်"

အဘိုးအိုက သူ၏ပခုံးကိုအသာအယာဖိထားရင်း ကြင်နာသောအသံဖြင့်ပြောလိုက်သည်။ မွန်တင်းမှာ မိမိအကြံမအောင်မြင်ဘဲ ယခုကဲ့သို့ပြင်းထန်သောဒဏ်ရာရရှိခဲ့သည်ကို စိတ်ထိခိုက်သွားသည်။



သူသည် အံကိုတင်းတင်းကြိတ်ပြီးကြေကွဲစွာတွေးမိ၏။

"ဦး ... ကျွန်တော်တို့ ဒီလိုပဲ တစ်သက်လုံး ဒီလိုဏ်ဂူထဲမှာနေရတော့မှာလားဗျာ"

အဘိုးအိုက သက်ပြင်းတချက်ချလိုက်သည်။

"ဒီတောင်ပြိုသွားမှ တို့ထွက်နိုင်လိမ့်မယ်ထင်တာပဲကွာ၊ ဒါပေမဲ့ ကံကောင်းထောက်မတဲ့အခါမှာတော့ တို့ထွက်နိုင်မှာပေါ့၊ အားမငယ်စမ်းပါနဲ့"

မွန်တင်းမှာ ဝမ်းနည်းလာသဖြင့် မျက်ဝန်းမှမျက်ရည်များပင်ကျဆင်းလာမိလေ၏။

"ကဲ ငါ့တူ မင်းအေးအေးဆေးဆေးအနားယူပါ၊ ဒဏ်ရာပျောက်ကင်းမှ တစ်မျိုးတစ်ဖုံကြံကြသေးတာပေါ့ကွယ်"

အဘိုးအို၏စကားမှာတကယ်တော့ အားဆေးတစ်ခွက်ပင်။

****

## အခန်း (၈)
## သူရဲကောင်းစိတ်ဓာတ်

အချိန်မှာ တရွေ့ရွေ့ကုန်လွန်ခဲ့သည်။

မွန်တင်း၏ ဒဏ်ရာမှာ .... အဘိုးအို၏ ပြုစုပေးမှုကြောင့် ပျောက်ကင်းသွား၏။ လိုဏ်ဂူအတွင်းမှ လွတ်လမ်းမရှိတော့သဖြင့် မွန်တင်းသည် သိုင်းပညာကိုသာ အားစိုက်ခွန်စိုက်ကြိုးစားလေ့ကျင့် ရင်း အချိန်ကုန်လွန်ခဲ့ရသည်။

တစ်ည .... လရောင်ထိန်ထိန်သာနေသောတစ်ည။

လရောင်ကြောင့် လိုဏ်ဂူတစ်ခုလုံးမှာ ထိန်ထိန်လင်းနေ သည်။ မွန်တင်းသည် ခါတိုင်းညများကဲ့သို့ သိုင်းကျမ်းစာအုပ်ကို ကျက်မှတ်နေသည်။

ရုတ်တရက် လိုဏ်ဂူဝမှလေသံများ ထူးထူးခြားခြား ဖြစ် ပေါ်လာသည်ကိုကြားလိုက်ရသည်။ သူသည် စိတ်ထဲတွင် ထူးခြား သည်ကိုသတိပြုမိသောကြောင့် သိုင်းစာအုပ်ကိုသိမ်းဆည်းပြီးလိုဏ် ဂူဘက်သို့လျှောက်သွားမိ၏။



လေများသည် လိုဏ်ဂူဝမှ ပြင်းထန်စွာတိုက်ခတ်လာခြင်း ကိုခံလိုက်ရလေသည်။

သို့သော် ... ယင်းလေများသည် အလွန်အားကောင်းသော် လည်း ဖော့ယမ်းသောလေပွေမဟုတ်သည်ကို သူအကဲခတ်မိ၏။

သူသည်လိုဏ်ဂူထိပ်၏အပေါက်သို့ မော့ကြည့်လိုက်၏။

လကလေးသည် လိုဏ်ဂူထိပ်၏အပေါက်တည့်တည့်တွင် ရောက်ရှိနေသည်ကို အံ့ဩစွာတွေ့မြင်ရလေသည်။

သူသည် စိတ်ကူး တစ်ခု ရုတ်တရက်ပေါက်လာသည်။ မြေပေါ်မှ ကျောက်တုံးတစ်တုံးကိုယူပြီး လိုဏ်ဂူထိပ်ပေါ်သို့ပစ်သွင်း လိုက်သည်။

ကျောက်တုံးကလေးသည် လိုဏ်ဂူဝမှတိုက်ခတ်လာသော လေ၏အဟုန်ကြောင့် အပေါက်မှအပြင်သို့ ထိုးထွက်သွားသည်ကို တွေ့လိုက်ရပေသည်။

သူသည် အံ့ဩ၍ဝမ်းသာသွား၏။

ကျောက်တုံးကလေး အပြင်သို့ထွက်သွားနိုင်လျှင် မိမိ လည်း အပြင်ထွက်နိုင်လိမ့်မည်ဟု တွေးမိလာသည်။

ထို့ကြောင့် သူသည် မဆိုင်းမတွဘဲ သူ၏ခန္ဓာကိုယ်ကို အပေါ်သို့ခုန်၍ လိုဏ်ဂူထိပ်အပေါက်မှတက်သွားလေသည်။

လိုဏ်ဂူအဝမှတိုက်ခတ်လာသော လေ၏အဟုန်ကြောင့် သူ၏ကိုယ်ခန္ဓာတစ်ခုလုံးမှာ ပေါ့ပါးစွာဖြင့်လိုဏ်ဂူထိပ်အပေါက်မှ ထိုးဖောက်ထွက်သွားလေတော့သည်။

သူသည် မမျှော်လင့်ဘဲ အပြင်ဘက်သို့ ရောက်လာသော အခါ အလွန်ဝမ်းသာသွားလေသည်။

တစ်နှစ်တစ်ကြိမ်သာ ယခုကဲ့သို့ လေကြောင်းရွှေ့ပြောင်း သည်ကိုလည်း သူသဘောပေါက်မိလေတော့သည်။

သို့သော် ....

ယခုကဲ့သို့ လေကြောင်းပြောင်းရွှေ့သည်မှာ မည်မျှအချိန် ကြာမည်ကို သူခန့်မှန်း၍မရပါ။ ထို့ကြောင့် သူသည် အဘိုးအိုယီးမှ အားကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။ ဤသည်မှ သူ၏စိတ်မြတ် စိတ်ကောင်းပင်မဟုတ်ပါလော။

ဤသည်မှာ သူ၏သူရဲကောင်းစိတ်ပင်မဟုတ်ပါလော။

အများအားဖြင့် ... လူသားသည် ကိုယ့်ကိုယ်ကိုသာ ချစ် တတ်သည်။ ကိုယ်လွတ်မြောက်ရေးကိုသာကြည့်တတ်သည်။

မွန်တင်းကဲ့သို့ ကိုယ့်လွတ်မြောက်ရေးတစ်ခုတည်းကို မကြည့်၊ မိမိ၏သေဖော်ရှင်ဖက် ရဲဘော်တစ်ဦးကိုကယ်တင်ရန် ကြံ စည်မည့်သူသည် မရှိသလောက်နည်းပါးလှမည်မဟုတ်ပါလော။

သူသည်အပေါ်က်မှ လိုဏ်ဂူထဲသို့ခုန်ချလိုက်ပြန်သည်။

အဘိုးအိုမှာ အိပ်ပျော်နေသည်ကိုတွေ့ရသည်။

"ဦး မြန်မြန်ထစမ်းပါ"

သူသည် အဘိုးအိုအားတွန်းနှိုးလိုက်သည်။ အဘိုးအိုသည် အိပ်ရာမှလူးလွန့်နိုးလာပြီး မွန်တင်းအား ငေးမောကြည့်နေမိသည်။

သူသည် အိပ်ချင်မူးတူးဖြစ်နေလေ၏။



"မင်း ဘာဖြစ်နေတာလဲ"

မွန်တင်းသည် အဘိုးအို၏လက်ကိုဆွဲလိုက်ပြီး .....

"ဦး ... ကျွန်တော်တို့ ဒီလိုဏ်ဂူထဲကမြန်မြန်ထွက်ကြရ အောင်၊ အခု ကျွန်တော်တို့လွတ်တော့မယ်ဗျ"

အဘိုးအို၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"မင်း ဘာပြောနေတာလဲကွ"

မွန်တင်းက စိတ်မရှည်နိုင်တော့ပါ။

သူသည် အဘိုးအို၏လက်ကိုဆွဲကာ လိုဏ်ဂူ၏အပေါက် ရှိရာသို့ဆွဲခေါ်လာသည်။

"ဒီမှာဦး အခုလေငြိမ်သွားပြီ၊ ကျွန်တော်တို့မြန်မြန်ထွက်မှ ဖြစ်မယ်၊ တော်ကြာ အပြင်ထုတ်တဲ့လေအားပြောင်းသွားလိမ့်မယ်၊ အဲဒီလိုဆိုရင် ကျွန်တော်တို့ထွက်နိုင်မှာမဟုတ်တော့ဘူး"

သူသည် ဤသို့ပြောဆိုရင်း အဘိုးအို၏ခန္ဓာကိုယ်ကို မွေ့ ချီပြီး လိုဏ်ဂူထိပ်အပေါက်ရှိရာသို့တွန်းပို့လိုက်သည်။ လေ၏အရှိန် ကြောင့် အဘိုးအို၏ခန္ဓာကိုယ်တစ်ခုလုံးသည် လေအားဖြင့် ပါသွား ပြီးလျှင် လိုဏ်ဂူအပြင်သို့ရောက်ရှိသွားသည်။

မွန်တင်းက နောက်မှလိုက်၍ခုန်ထွက်သွားလေ၏။

အဘိုးအိုသည် ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး၊ အား ရပါးရရယ်မောလိုက်သည်။ သူသည် လိုဏ်ဂူပြင်ပသို့ (၁၇)နှစ်ကြာ မျှ မရောက်ခဲ့ဖူးပေ။

ယခု လိုဏ်ဂူပြင်ပသို့ရောက်ရှိခဲ့လေပြီ။

လရောင်ဖြင့် တောတောင်ရေမြေအားလုံးကို သူမြင်တွေ့လိုက်ရပေပြီ။ သူလွန်စွာဝမ်းသာအားရဖြစ်သွား၏။

“ဟား.....ဟား........ဟား.....ငါတို့လွတ်ပြီကွ”

မွန်တင်းသည် အဘိုးအို၏လက်ကိုဆွဲကာ........

“ကဲ ဦး ... ကျွန်တော်တို့ ဒီနေရာကအမြန်ဆုံးထွက်သွားရင်ကောင်းမယ်ထင်တယ်”

အဘိုးအိုကလက်ကာပြလိုက်ပြီး..........

“အေး .... နေဦးကွ၊ ငါယူစရာရှိသေးတယ်ကွ”

သူသည် ပြောပြီးနောက် အပေါက်ထဲသို့ခုန်ချလိုက်ပြန်၏။ မွန်တင်းမှာ ထိတ်လန့်သွား၏။ အဘယ်ကြောင့်ဆိုသော် လေတိုက်ခတ်သောအရှိန်အဟုန်မှာ အနည်းငယ်အားပျော့သွားသည်ကို သတိပြုမိလိုက်သောကြောင့်တည်း။

ထို့ကြောင့် သူသည် အဘိုးအိုနောက်သို့ခုန်ချလိုက်ပြန်သည်။ ဤသည်မှာ မွန်တင်း၏သူရဲကောင်းအပြုအမူတစ်ခုပင် မဟုတ်ပါလော။

သူသည် အဘိုးအိုကိုချန်မထားခဲ့ရစ်လိုသဖြင့် သူလွတ်မြောက်နေပြီးလျက်မှ သွားရောက်ကယ်တင်ခဲ့၏။ ယခု အဘိုးအိုက အခြေအနေကိုနားမလည်ဘဲ ဒုတိယအကြိမ် ဂူထဲပြန် ဝင်သွားသောအခါ သူလိုက်ပါခုန်ဝင်ရန်မသင့်တော့ချေ။

သူ လိုက်မဝင်လျှင်လည်း သူ့ကို မည်သူမျှအပြစ်မတင်နိုင်ချေ။



ယခု ... သူသည် အဘိုးအိုနောက်သို့လိုက်ပါခုန်ဝင်သွားခဲ့လေ၏။

“ဦး မြန်မြန်လုပ်၊ လေအားနည်းလာပြီဗျ”

အဘိုးအိုသည် အထုပ်လေးကိုပိုက်ကာ အပေါ်သို့ခုန်တက်သွားသည်။ သို့သော် လေအားကနည်းလာကာ သူသည် အပေါက်၏အနားတွင်သာ လက်နှင့်ဖမ်းတွယ်ထားမိသည်။

မွန်တင်းသည် သူ၏ခြေထောက်ကို လက်နှစ်ဖက်ဖြင့် တွန်းတင်ပေးလိုက်မှ အပေါ်သို့ရောက်သွားသည်။ အဘိုးအို အပြင်သို့ရောက်သွားသောအခါ သူသည် ကပျာကယာခုန်တက်လိုက်၏။

လေအားသည် ပို၍အားပျော့လာသည်။

သူ၏လက်နှစ်ဖက်သည် အပေါက်၏အနားသို့ကုတ်ဆွဲနိုင်ခဲ့သည်။ တစ်ကိုယ်လုံး အပြင်သို့မရောက်တော့ပေ။ အောက်မှ အပေါ်သို့ပင့်တိုက်သောလေအားက လုံးဝငြိမ်သက်သွားသည့်ပြင် ဆွဲအားရှိသောလေအဖြစ်သို့ စတင်ပြောင်းလဲတိုက်ခတ်လာတော့သည်။

သူ၏ခန္ဓာကိုယ်အောက်ပိုင်းသည် လေးလံသောခဲဖြင့် ဆွဲထားသည့်အလား လေးလံ၍လာသည်။ အခြေအနေမဟန်မှန်းသိသောအခါ အဘိုးအိုသည် သူ့အား ကပျာကယာဆွဲတင်လိုက်သည်။

ကံကောင်းထောက်မ၍ မွန်တင်းမှာ အပြင်သို့ရောက်ရှိနိုင်ခဲ့သော်လည်း ပြင်းထန်သောလေပွေ၏တိုက်ခတ်မှုကြောင့် သူသည် သတိမေ့သွားလေတော့၏။

လေဆွဲအားနှစ်ခု၏ ဆန့်ကျင်မှုသည် သူ၏အသက်ကိုပင် ပျောက်စေနိုင်သည်။ ကံကောင်းလွန်းသဖြင့်သာ သတိမေ့ရုံ မေ့သွားခြင်းဖြစ်သည်။

အဘိုးအိုယီးမုသည် သတိလစ်မေ့မြောနေသောမွန်တင်းအားပွေ့ချီ၍ ထိုနေရာမှထွက်ခွာလာခဲ့လေတော့၏။

ထိုလိုဏ်ဂူနှင့် ဝါးသုံးရိုက်ခန့်အကွာတွင် ....

ကြီးမားသောသစ်ပင်တစ်ပင်ကို တွေ့ရှိရလေသည်။

ယီးမုသည် မွန်တင်းအား သစ်ပင်ခြေရင်းတွင် အသာချထားလိုက်သည်။ လရောင်အောက်တွင် မွန်တင်း၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူ၏နှုတ်ခမ်းစွန်းတွင် သွေးများစိမ့်ထွက်နေသည်။

လေများသည် တဟူးဟူးတိုက်ခတ်နေ၏။

ယီးမုမှာ ခိုက်ခိုက်တုန်ချမ်းနေလေ၏။ သူသည် မွန်တင်းအနီးသို့ထိုင်ချလိုက်ပြီး ဒဏ်ရာပြင်းထန်စွာရရှိနေသော မွန်တင်းအားကြည့်ကာ စိတ်မကောင်းဖြစ်မိသည်။

ဤသူငယ်သည် လွန်စွာခင်မင်နှစ်သက်ဖွယ်ရာကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် ဤသူငယ်သည် သူ့ကောင်းစွာလွတ်မြောက်သွားနိုင်ပါလျက် သူ့အားနှစ်ကြိမ်တိုင်တိုင်ကယ်ဆယ်ခဲ့သည်မဟုတ်ပါလော။

ယခုတော့ သေကံမရောက် သက်မပျောက်သော်လည်း ကြီးကျယ်စွာဒဏ်ရာရရှိသွားလေပြီ။



သူသည် မွန်တင်း၏သွေးများလည်ပတ်လာစေရန် လက်နှစ်ဖက်ဖြင့် တစ်ကိုယ်လုံးကိုပွတ်တိုက်ပေးနေသည်။

ထိုစဉ် ကျားဟိန်းသံတစ်ချက်ကြားလိုက်ရ၏။

ယီးမုက ကျားဟိန်းသံဘက်သို့လှည့်ကြည့်လိုက်သည်။

အလွန်ကြီးမားသောကျားကြီးတစ်ကောင်သည် သူတို့ထံဦးတည်ပြေးလာနေသည်ကိုမြင်တွေ့ရသည်။ ယီးမုမှာ ထိတ်လန့်သွား၏။ ထိုင်ရာမှ ကပျာကယာထပြီး ကျားနှင့်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ယီးမုကလည်း ကျားကြီးကိုအလစ်မပေး။

ဤသို့ဖြင့် ....

ယီးမုနှင့်ကျားကြီးသည် မျက်နှာချင်းဆိုင်ကာ တစ်ဦးကိုတစ်ဦး အလစ်တိုက်ခိုက်ရန်ချောင်းမြောင်းနေကြလေတော့၏။

****

## အခန်း ( ၉ )
## ကတိစကား

ချိုလွင်သာယာသောအသံတစ်သံ ထွက်ပေါ်လာသည်။

"ကျော ... ကျော .... လာခဲ့ ... လာခဲ့"

အလွန်လှပသောမိန်းကလေးတစ်ယောက်သည် သူတို့ထံ လျှောက်လာနေသည်ကိုတွေ့လိုက်ရသည်။ ထိုမိန်းကလေး အနီးသို့ရောက်လာမှ အသက်(၁၈)နှစ်ခန့်ရှိပြီး အဖြူရောင်အဝတ်အစားများကိုဝတ်ဆင်ထားသော မိန်းမလှလေးတစ်ဦးဖြစ်နေသည်။

"ကျော .... ပြန်သွားစမ်း"

ထိုမိန်းကလေးက ကျားကြီးကို အသံခပ်ဆတ်ဆတ်ပြောလိုက်သည်။

ကျားကြီးသည် ယီးမုအား တစ်ချက်ဟိန်းလိုက်ပြီး ခေါင်းလှည့်ကာ ထွက်သွားလေတော့သည်။ သူမက သတိမေ့နေသော မွှန်တင်းအားကြည့်ပြီး ယီးမုဘက်လှည့်ကာ ....

"ရှင် ... သူ့ကိုဘယ်လိုလုပ်လိုက်တာလဲ"



ယီးမုက ခေါင်းခါယမ်းလိုက်ပြီး ....

"ကျုပ် သူ့ကိုဘယ်လိုမှမလုပ်ရပါလား၊ ဒါပေမဲ့ ...."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ"

"သူက ကျုပ်အတွက်ကြောင့် ခုလိုဒဏ်ရာပြင်းထန်စွာရသွားတာပါ"

သူမသည် မျက်နှာအနည်းငယ်ညိုးငယ်သွားပြီး ချက်ချင်းပြန်ရှုပြုံးကာ...

"သူ ဒီလောက်အထိအသက်ရှင်နေတာပဲ ကံကောင်းတယ်လို့ပြောရမယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ သူ ဒီကိုလာတုန်းက ကျွန်မက မလာဖို့ အတန်တန်တားပါတယ်၊ သူက ခေါင်းမာပြီး ကျွန်မစကားကိုနားမထောင်ခဲ့ဘူး"

ယီးမုက ခေါင်းခါယမ်းလိုက်သည်။

"မင်း ဒီလိုမပြောပါနဲ့၊ ဒီသူငယ်က အင်မတန်စိတ်ကောင်းရှိတာ၊ ကျုပ်ကို သူ မကယ်ခဲ့ရင် ခုလိုဖြစ်မှာမဟုတ်ဘူး၊ သူက ကျုပ်ကိုအသက်စွန့်ပြီးကယ်ခဲ့လို့ အခုလိုဒုက္ခရောက်ရတာပါ"

သူမကမဲ့ပြုံးပြုံးလိုက်သည်။

"ဪ .... သူကရဲရင့်ကျားနားရှိလို့ ရှင်က စိတ်မကောင်းဖြစ်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

“ဒါဖြင့် ရှင်သူ့ကိုကုသပေါ့”

“ကျုပ်ဆေးမကုတတ်လို့ ခုလို လက်ပိုက်ကြည့်နေရတာပေါ့၊ သူဟာ ဆန့်ကျင်ဘက်လေဒဏ်ကိုခံလိုက်ရတယ်”

သူမကပြုံးလိုက်ပြီး ....

“ကျွန်မ သူ့ကိုကောင်းကောင်းကုသနိုင်မယ်လို့ထင်တယ်”

“ဘာပြောတယ်”

ယီးမုက အံ့အားသင့်သွားသည်။

“မင်းက သူ့ကိုဆေးကုသနိုင်တယ်ဟုတ်လား”

“ဟုတ်ပါတယ်ရှင်”

“ဒါဖြင့် သူ့ကိုကုသပေးပါလား၊ ကျုပ်တောင်းပန်ပါတယ်”

“ရပါတယ်၊ ဒါပေမဲ့ .... ကျွန်မကို ကတိတစ်ခုတော့ပေးရလိမ့်မယ်”

“ဘာများလဲ”

“ရှင် ခုချိန်ကစပြီးဒီနေရာကထွက်သွားရမယ်”

ယီးမုသက်ပြင်းတစ်ချက်ချလိုက်သည်။

“မင်းသာ သူ့ကို ပကတိအတိုင်းကောင်းအောင် ကုသပေးမယ်ဆိုရင် ကျုပ်အခုချက်ချင်း....”

သူ၏စကားအဆုံးမသတ်မီ ....

“ဒီမှာဦး ´သူ့ကိုကတိမပေးနဲ့၊ ကျွန်တော့်ဒဏ်ရာကို ကျွန်တော်ကုသနိုင်ပါတယ်”

မွန်တင်း၏အသံဖြစ်၏။



သူ့အသံကိုကြားရသောအခါ ယီးမုသာမက မိန်းကလေးပင် အံ့အားသင့်သွားမိ၏။

သူတို့သည် ပြိုင်တူ မွန်တင်းအား လှည့်ကြည့်လိုက်ကြသည်။ မွန်တင်းသည် တဖြည်းဖြည်း မြေပေါ်မှထလာနေသည်ကို တွေ့လိုက်ရသည်။ သူသည် အဖြူရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေးကို တွေ့မြင်လိုက်သည်နှင့် ....

“ဩော် .... လက်စသတ်တော့ ခင်ဗျားကိုး”

ယီးမုသည် ကပျာကယာဖေးမထူပေးလိုက်မည်ပြုစဉ်...

“နေပါစေဦး ကျွန်တော်ထနိုင်ပါတယ်”

သူမကမဲ့ပြုံးပြုံးလိုက်ပြီး.........

“ဩော် ရှင်ကဘာမှမဖြစ်ဘဲကိုး၊ ဒီလိုဆို ဒီနေရာကအမြန်ဆုံးထွက်သွားရင်ကောင်းမယ်၊ တော်ကြာ ကျွန်မမွေးထားတဲ့ကျားတွေ တိရစ္ဆာန်တွေလာနေရင် ရှင်တို့သက်သာမှာမဟုတ်ဘူး”

ယီးမုက ဒေါသထွက်လာသည်။

“မင်းက အသက်ငယ်ငယ်လေးနဲ့ စကားပြော တော်တော်မောက်မာလှချည်လား၊ မင်းမွေးထားတဲ့တိရစ္ဆာန်တွေအားလုံး ခေါ်လိုက်ပါ၊ ကျုပ်တို့ ဗိုက်ဆာနေတာနဲ့ အတော်ပဲ အားလုံးချက်စားပစ်မယ်”

သူမကစိတ်ဆိုးခြင်းမရှိပါ။

နောက်သို့ရှာခနဲလှည့်ထွက်သွားရင်း........

“ရှင်တို့နှစ်ယောက် တစ်ယောက်ကလဲ ဒဏ်ရာအပြင်း

အထန်ရထားတယ်၊ တစ်ယောက်ကလဲ အဘိုးကြီး၊ အကယ်၍ အခုနေများ ကျွန်မရဲ့တိရစ္ဆာန်တွေအားလုံးကိုခေါ်လိုက်ရင် ရှင်တို့ အရိုးအသားတောင်ရှာလို့တွေ့မှာမဟုတ်ဘူး"

မိန်းကလေးကပြောရင်း မွန်တင်းအားတစ်ချက်ကြည့်ကာ

"ရှင့်ဒဏ်ရာ တော်တော်ပြင်းနေသေးတယ်၊ ဒီတော့ ရှင်တို့ကို နောက်ဆုံးအခွင့်အရေးပေးတဲ့အနေနဲ့ ဒီနယ်မြေက (၄၉)ရက်ထိ အချိန်ပေးမယ်၊ ဒီရက်ကကျော်ရင် ကျွန်မကိုရက်စက်တယ်လို့ မပြောနဲ့နော်"

သူမကပြောဆိုပြီး လှည့်ထွက်မည်ပြုစဉ် ....

"ခဏနေဦး"

မွန်တင်းကဟန့်တားလိုက်၏။

သူမကခြေလှမ်းရပ်တန့်သွား၏။

"ရှင်ကဘာပြောမလို့လဲ"

မွန်တင်းကမဲ့ပြုံးပြုံးပြီးပြောလိုက်လေ၏။

"ဒီမှာ မိန်းကလေး (၄၉)ရက်ခွင့်ပြုဖို့မလိုပါဘူး၊ ကျုပ်တို့ကို (၇)ရက်ပဲ အချိန်ပေးပါ၊ ခုနစ်ရက်မြောက်တဲ့နေ့မှာ မင်းရဲ့တိရစ္ဆာန်တွေအားလုံးခေါ်လိုက်၊ ကျုပ်အားလုံးသတ်ပြီးစားပြမယ်"

သူမ ထိုစကားကိုကြားရသောအခါ ဒေါသထွက်လာလေတော့သည်။ သူမသည် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်၏။ အလွန်ပါးနပ်သောယီးမှသည် သူမက မွန်တင်းကို တိုက်ခိုက်တော့မည်ကိုရိပ်စားမိသဖြင့် ....



သူသည် မွန်တင်းအားပွေ့ချီကာ သူ၏ဝက်ပါသိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်လေသည်။

"ဟော့ .... ဟော့ .... ဒါဘာလုပ်တာလဲ"

ယီးမှက သူမကိုအပြစ်တင်လိုက်၏။

မိန်းကလေးသည် မွန်တင်းအားညွှန်ပြရင်း........

"သူပြောတာ ရှင်မကြားဘူးလား"

"ကြားပါတယ် .... ဒါပေမဲ့ သူ့မှာဒဏ်ရာကြီးနဲ့၊ မင်းသူ့ကိုတိုက်ခိုက်ချင်ရင် သူ့ဒဏ်ရာပျောက်အောင်စောင့်မှ တရားမျှတမှာပေါ့"

သူမက, မဲ့ပြုံးပြုံးလိုက်ပြီး.........

"ကောင်းပြီ .... ခုနစ်ရက်မြောက်တဲ့နေ့ကျမှ ကျွန်မလာခဲ့မယ်"

သူမသည် ပြောပြောဆိုဆိုပင် ချာခနဲလှည့်၍ထွက်သွားလေတော့သည်။

ထို့နောက် .... မွန်တင်းမှာ ပြန်လည်၍သတိလစ်မေ့မြောသွားလေတော့သည်။

ယီးမှ ထိတ်လန့်သွားလေ၏။

သူသည် မွန်တင်းအားပြုစုရပြန်တော့သည်။

အတန်ကြာသောအခါမှ မွန်တင်းသည် ပြန်လည်သတိရလာလေ၏။

"ဘယ့်နှယ်လဲငါ့တူ သက်သာသွားပြီလား"

"ဟုတ်ကဲ့ နည်းနည်းသက်သာလာပါပြီ"

"ကောင်းပြီလေ .... မင်းခဏ လှဲနေလိုက်ဦး ငါဆေးဝါး သွားရှာလိုက်ဦးမယ်"

စကားဆုံးသည်နှင့် ယီးမုသည် အနီးတစ်ဝိုက်တွင်ဆေးဝါး များကိုလိုက်လံရှာဖွေစုဆောင်းလေတော့သည်။

ဤသို့ဖြင့် ....

ယီးမုက ဆေးဝါးပင်များဖြင့် မွန်တင်းအားကုသပေး၏။

သုံးရက်မြောက်သောနေ့မှ မွန်တင်းသည် အံတော်ကလေး နာလံထလာနိုင်လေသည်။

****



ယနေ့ ယီးမုသည် ခါတိုင်းကဲ့သို့ ဆေးရွက်များထွက်၍ရှာ ဖွေရာ ရုတ်တရက်စူးရှသောရယ်မောသံကိုကြားလိုက်ရမိသည်။

အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်တစ်ယောက် ဖြစ်နေ သည်။ ထိုလူငယ်မှာ ပိန်သေးသေးဖြစ်သော်လည်း သူ၏မျက်လုံး အစုံသည် စူးရှတောက်ပြောင်ပြီး နားထင်နှစ်ဖက်မှာ ချိုင့်ဝင်နေ သည်။ ထိုအခြင်းအရာကိုတွေ့မြင်လိုက်သည်နှင့် ....

ယင်းလူငယ်သည် သိုင်းပညာအဆင့် အလွန်မြင့်မားသော သိုင်းသမားတစ်ယောက်ဖြစ်မည်ဟု ယီးမုခန့်မှန်းနိုင်လိုက်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ ဤလူငယ်၏သိုင်းပညာအဆင့်သည် သူ၏အသက်အရွယ်နှင့်မလိုက်အောင် ရှိနေခြင်းပင်တည်း။

ထိုလူငယ်သည် .... ယီးမုကိုတွေ့ရသောအခါ သူ၏ကိုယ် ခန္ဓာတစ်ချက်လှုပ်ရှားလိုက်သည်နှင့် ယီးမုရှေ့သို့ရောက်ရှိလာ၏။

ထိုလူငယ်၏ကိုယ်ဖော့သိုင်းပညာမှာ အဆင့်မြင့်လှသည်။ ထိုလူငယ်မှာ ရန်သူလော မိတ်ဆွေလောဟူ၍ ခွဲခြားမသိရသေး သည့်အတွက် ယီးမုသည် မွန်တင်းထံသို့ပြေးလွှားသွားပြီး အကာ အကွယ်ပြုလိုက်ရတော့သည်။ ယီးမုသည် မွန်တင်းအတွက် သူ့ အသက်စွန့်၍ကာကွယ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

****

## အခန်း (၁၀)
## ဉာဏ်ကူခြင်း

ယီးမုံ၏အမူအရာကိုတွေ့လိုက်ရသောအခါ ထိုလူငယ်က နှစ်ခြိုက်စွာပြုံးလေတော့သည်။

ထိုလူငယ်က မဲ့ပြုံးတစ်ချက်ပြုံးပြီး ....

"ဘာလဲ .... ကျုပ်ကခင်ဗျားလူကိုဒုက္ခပေးမယ်လို့ ထင်နေသလား၊ ကျုပ်ဘာမှမလုပ်ပါဘူး၊ ကျုပ်သာရန်ရှာချင်ရင် ခင်ဗျားလို လူမျိုးတစ်ရာရှိပါစေ၊ ကျုပ်မှုဘူးဗျ"

ယီးမုက သူ့အားစေ့စေ့ကြည့်ကာ.....

"ဒါဖြင့် မင်းဘာလာလုပ်တာလဲ"

"မေးစရာရှိလို့ပေါ့ဗျာ"

"ဘာမေးမလို့လဲ"

"ခင်ဗျားတို့ အဖြူရောင်ဝတ်ဆင်ထားတဲ့မိန်းကလေးတစ်ယောက်ကိုတွေ့မိသလား"

ယီးမုမှာ ထိုအခါကျမှစိတ်သက်သာရာရသွား၏။

"တွေ့ပါတယ်"



"အခု သူဘယ်မှာလဲ"

"ဒါတော့ ငါမသိဘူးကွာ"

ထိုစဉ် လူရိပ်တစ်ရိပ် လျှပ်တစ်ပြက်ပေါ်ထွက်လာသည်။ အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးဖြစ်နေသတည်း။

သူမ၏မျက်နှာမှာ ဒေါသရောင်ထွက်နေ၏။

"ဒီမယ် .... ကျွန်မ ဘယ်နှစ်ခါပြောရမလဲ၊ ရှင်တို့ ဒီနေရာကအမြန်ဆုံးထွက်သွားပါလို့၊ ရှင်ခုထိထွက်မသွားသေးပါလား"

ယီးမုက မျက်မှောင်ကုတ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ထိုမိန်းကလေးသည် ထိုလူငယ်နှင့်ယှဉ်ပြိုင်ပါက ရှုံးနိမ့်မည်ဟုအကဲခတ်မိသောကြောင့်ပင်တည်း။

သူသည် မိန်းကလေးအတွက်စိုးရိမ်စိတ်ဖြစ်မိလေသည်။

သို့သော် သူထင်သကဲ့သို့မဟုတ်ပါ။

ထိုလူငယ်က စိတ်ဆိုးခြင်းမရှိပါ။

မိန်းကလေးအား ပြုံးပြလိုက်ပြီး .....

"ကျွန်တော့်နာမည်ထင်းစိန်ပါ၊ အနောက်ပိုင်းတောင်တန်းကသိုင်းပညာဟာ တစ်မူထူးခြားတယ်သတင်းကြားလို့ လာခဲ့တာပါ၊ အနောက်ပိုင်းရဲ့ထူးခြားတဲ့သိုင်းပညာကိုလေ့လာရင်း ညီမလို နတ်သမီးတမျှချောမောလှပတဲ့မိန်းကလေးကိုလည်း တွေ့ချင်လို့ ဆိုပါတော့လေ"

သူမအာမဲ့ပြုံးပြုံးလိုက်ပြီး .....

"ကောင်းပြီလေ ရှင်သေချင်တယ်ဆိုရင်တော့ ...."

သူမသည် စကားဆုံးသည်နှင့် သူမ၏သိုင်းပညာ ဆယ့်ရှစ်ကွက်ဖြင့် ထင်းစိန်ကိုတိုက်ခိုက်လိုက်လေတော့သည်။

ထင်းစိန်ကမမှုဘဲ သူ၏ခန္ဓာကိုယ်ကို ဘယ်တိမ်းညာတိမ်းဖြင့် မိန်းကလေး၏သိုင်းကွက်ဆယ့်ရှစ်ကွက်ကို အေးဆေးစွာ ရှောင်တိမ်းနေသည်။

မိန်းကလေးက သူ၏သိုင်းကွက်များကို ပေါ့ပေါ့တန်တန် ရှောင်တိမ်းနေသည်ကို တွေ့ရသဖြင့် ထိတ်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း ရောယှက်ဖြစ်ပေါ်မိသည်။

သူမသည် ဆက်၍ တိုက်ကွက်နှစ်ကွက်ဖြင့် ဆက်တိုက်တိုက်ပြန်သည်။

သူမ၏ညာလက်သည် သိန်းငှက်တောင်ပံဖမ်း၊ ဝဲဘက်လက်သည် ကျားရုပ်ဆွဲဟူသောသိုင်းကွက် နှစ်ကွက်ဖြင့် ထင်းစိန်အားတိုက်ခိုက်လေ၏။

ထင်းစိန်သည် စတိုက်စဉ်ကကဲ့သို့ ခပ်ပေါ့ပေါ့သဘောမထားတော့ပါ။

သူ၏ညာဘက်လက်ဖြင့် သူမ၏ညာလက်ကို ကာလိုက်ပြီးလျှင် သူ၏ခန္ဓာကိုယ်သည် ဝဲဘက်သို့ ကိုယ်တစ်ဝက်လှည့်ပြီး ဘယ်လက်ဝါးစောင်းဖြင့် မိန်းကလေး၏ခါးကိုခုတ်ချလိုက်၏။

သူမသည် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီးနောက် လက်သီးဖြင့် ထင်းစိန်၏နဖူးပြင်ကိုတွန်းထိုးလိုက်လေ၏။

ထင်းစိန်က ရှောင်တိမ်းခြင်းမရှိပါ။



သူ၏လက်နှစ်ဖက်ဖြင့် မိန်းကလေး၏ရင်ဝသို့ကုတ်ချလိုက်သည်။ အလွန်ရိုင်းစိုင်းသော တိုက်ကွက်ပေတည်း။

ဤသို့သောသိုင်းကွက်မျိုးကို ....

တရားမျှတသောသိုင်းသမားများက မည်သည့်အခါမျှ အသုံးမပြုပါ။ မိန်းကလေးက နောက်သို့ ကပျာကယာ ဆုတ်လိုက်၏။ ထင်းစိန်၏ယုတ်ညံ့သောတိုက်ကွက်ကိုလည်း ဒေါသထွက်လွန်း၍ မျက်နှာတစ်ပြင်လုံးမှာနီရဲလာသည်။

ဘေးတွင်ရပ်ကြည့်နေသောယီးမုပင် မခံမရပ်နိုင်အောင်ဖြစ်လာမိသည်။ သူသည် ပြစ်တင်ပြောဆိုရန် ဟန်ပြင်လိုက်လေ၏။

****

ထိုစဉ်မှာပင် ....

မွန်တင်းအသံထွက်ပေါ်လာသည်။

"လောကမှာ သိုင်းကွက်အမျိုးမျိုးအဖုံဖုံရှိကြပါတယ်၊ ဂိုဏ်းတစ်ခုဟာ သူ့ရဲ့သိုင်းကွက်တစ်မျိုးစီရှိကြစမြဲပါပဲ၊ ဒါပေမဲ့ သိုင်းသမား အားလုံးတို့ဟာ သိုင်းသမားကောင်းတစ်ယောက် ပီပီ သသနဲ့အသုံးပြုရတာချည်းပဲ၊ အခုလို ယုတ်ညံ့တဲ့သိုင်းကွက်ကို အသုံးပြုလာတယ်ဆိုတာ တော်တော်ရှက်ဖို့ကောင်းပါတယ်"

မွန်တင်း၏အသံမှာမကျယ်သော်လည်း ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေခြင်းကြောင့် အားလုံးပီပီသသကြားလိုက်ရသည်။

ယီးမုသည် မွန်တင်း၏စကားကိုကြားရသောအခါ စိုးရိမ် ထိတ်လန့်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ....

မွန်တင်း၏ဒဏ်ရာမှာ သက်သာခါစပင်ရှိသေးသည်။

အကယ်၍သာ ထင်းစိန်က သူ့အားတိုက်ခိုက်လာခဲ့သော် သူ့အတွက်စိုးရိမ်ရသည်။

သူထင်သည့်အတိုင်းပင် ထင်းစိန်က မွန်တင်းဘက်သို့ စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ထင်းစိန်သည် တစ်လှမ်းချင်း မွန်တင်းထံသို့လှမ်းလာနေသည်။ ယီးမုက မနေနိုင်တော့ပါ။

သူသည် ထင်းစိန်ထံသို့ခုန်၍ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။



ထင်းစိန်ကမဲ့ပြုံးပြုံးကာ .....

"ခင်ဗျားသေချင်လို့လား"

သူသည် ပြောရင်း လက်နှစ်ဖက်ဖြင့် ယီးမုကိုတိုက်ခိုက်လိုက်၏။ သို့သော် သူ၏လက်များသည် ယီးမုကိုမထိမိဘဲ လေထဲ၌သာတိုးမိသွားလေ၏။

ယီးမု၏ခန္ဓာကိုယ်သည် ချာခနဲလှည့်ကာ ....

ထင်းစိန်၏နောက်ကျောဘက်သို့ရောက်သွားသည်။

တစ်ဆက်တည်း သူ၏လက်ဝါးစောင်းသည် ထင်းစိန်၏ လည်ဂုတ်ဆီသို့ခုတ်ချလိုက်သည်။ ထင်းစိန် ထိတ်လန့်သွား၏။

သူသည် ကမျာကယာလှည့်လိုက်ပြီး ညာဘက်တံတောင်ဆစ်ဖြင့် ယီးမု၏ဝမ်းဗိုက်သို့ထိုးသွင်းပြီး ဝဲဘက်လက်ဝါးစောင်းဖြင့် ယီးမု၏ခါးသို့ခုတ်ချလိုက်လေသည်။

သို့သော် သူ၏သိုင်းကွက်သည် ယီးမုကိုမထိခိုက်မိချေ။ ယီးမု၏ခန္ဓာမှာ လျှပ်တစ်ပြက်ရှောင်တိမ်းသွားသည်။

ဤသို့ဖြင့် သူတို့သည် သိုင်းကွက်နှစ်ဆယ်မျှယှဉ်ပြိုင်ခဲ့ကြလေ၏။ ထင်းစိန်၏ တိုက်ကွက်များမှာ ယီးမုအား တစ်ချက်မှ မထိချေ။ ယီးမု၏ကိုယ်ခန္ဓာသည် ....

လျှပ်စီးလက်သလို သူ၏ရှေ့နောက် ဝဲယာလှည့်ပတ်ပြေးလွှားနေသည်ကိုတွေ့ရသည်။

****

အမှန်မှာ ....

ယီးမုသည် သူ၏သိုင်းပညာမှာ ထင်းစိန်နှင့် မယှဉ်သာ မှန်းကြိုတင်ခန့်မှန်းမိသဖြင့် ....

သူသည် ထင်းစိန်အား ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ သူကိုယ်တိုင်တီထွင်ထားသော ဝက်ံပါသိုင်းကွက်ခုနစ်ကွက်ဖြင့်သာ ထင်းစိန်အားတိုက်ခိုက်နေခြင်းဖြစ်သည်။

သူသည် ဤသို့ရှောင်တိမ်းတိုက်ခိုက်နေရင်း....

"ဟဲ ဟဲ ဟဲ မင်းက သိုင်းပညာ တော်တော် တော်တယ်လို့ ငါထင်ခဲ့တာ၊ လက်စသတ်တော့ မင်းဟာ တော်တော်ညံ့သေးတာပဲ၊ ငါ့ဆရာ အတွင်းအားလေ့ကျင့်နေတဲ့အချိန်နဲ့တွေ့နေလို့ပေါ့၊ နို့မဟုတ်ရင် .... အခုလောက်ဆို မင်းရဲ့အသက်နဲ့ခန္ဓာ အိုးစားကွဲနေလောက်ပြီ"

ထင်းစိန်သည် ယီးမုစကားကြောင့် ထိတ်လန့်တုန်လှုပ်သွားလေတော့၏။ သူသည် တိုက်ခိုက်ရင်း မြေပေါ်တွင်ထိုင်နေသောမွန်တင်းကို လှမ်းကြည့်လိုက်သည်။

သူသည် အံ့ဩသွားမိ၏။

"ဘာ .... သူက ခင်ဗျားရဲ့ဆရာ .... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့"

"အိုး .... မဟုတ်တာ သူကအသက်ငယ်ငယ်ပဲ၊ ခင်ဗျားက အသက်ကြီးနေပြီပဲ၊ ဘယ်လိုလုပ်ပြီး ခင်ဗျားဆရာဖြစ်ရမှာလဲ"

"ဟား ..... ဟား ..... ဟား"



ယီးမုကရယ်မောလိုက်ရင်း......

"မင်းတော်တော်ထုံတဲ့အကောင်ပဲ .... ငါ့ဆရာဟာ အနည်းဆုံး အသက်တစ်ရာ့နှစ်ဆယ်ရှိပြီကွ၊ သိုင်းပညာနဲ့အတွင်းအားက အတော်အဆင့်မြင့်နေလို့ အသက်ငယ်တယ်ထင်ရတာကွ"

ထင်းစိန် ပို၍အံ့ဩသွားသည်။

"ဟုတ်လား ခင်ဗျားဆရာကဘယ်လိုခေါ်သလဲ"

"ဟဲ ..... ဟဲ ..... ဟဲ"

ယီးမုသည် မည်သို့ပြန်ပြောရမည်ကိုမသိဘဲ ရယ်မောရင်းဖြင့် အချိန်ယူ၍စဉ်းစားနေသည်။

"သူ့နာမည်ဘယ်လိုခေါ်သလဲ"

ထင်းစိန်က ထပ်မံမေးလိုက်သည်။

ယီးမုက ရုတ်တရက်အကြံရလာပြီး.........

"ငါရဲ့ဆရာကို ပြောပြလဲ မင်းသိမှာမဟုတ်ဘူး၊ အကောင်းဆုံးကတော့ ငါ့ဆရာလေ့ကျင့်ခန်းမပြီးခင် အမြန်ဆုံးထွက်သွားဖို့ကောင်းတယ်၊ နို့မဟုတ်ရင် ....."

ထိုစဉ်မှာပင် ... မွန်တင်းက စူးရှသောမျက်လုံးအစုံဖြင့် ထင်းစိန်အားကြည့်လိုက်လေသည်။ မွန်တင်း၏မျက်လုံးများသည် အေးစက်နေ၏။

ရေခဲတုံးလောက်အေးစက်နေသော်လည်း မီးကျီမီးခဲလို ဝင်းဝင်းတောက်နေပြန်သည်။ ဤသို့သော မျက်လုံးမျိုးကို ထင်းစိန်မမြင်ဘူးချေ။ ထို့ကြောင့် ထင်းစိန်ထိတ်လန့်သွားမိ၏။

သူသည် ထိုနေရာတွင် ဆက်မနေရဲတော့ဘဲ ကပျာကယာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ယီးမုသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး.....

"အင်း ... ငါလိမ်ပြောလိုက်တဲ့စကားကို သူယုံသွားလို့ တော်သေးတာပေါ့ကွာ"

သူသည် ပြောဆိုပြီး မွန်တင်းအားအကဲခတ်ကြည့်ရင်း ....

"ဘယ့်နှယ်လဲငါ့တူ .... ကနေ့ မင်းနေသာရဲ့လား"

မွန်တင်းကခေါင်းညိတ်ပြလိုက်သည်။

ထိုစဉ် .... မိန်းကလေးသည်လည်း ထိုနေရာတွင်ပင် ရပ်နေသည်ကိုတွေ့လိုက်ရသဖြင့် မေးလိုက်မိလေ၏။

"ဘာလဲဗျ ခင်ဗျား ကျုပ်တို့ကိုမောင်းထုတ်ဦးမလို့လား၊ ခင်ဗျား မကျေနပ်သေးဘူးပေါ့လေ"

သူမကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးရှင် အခုလို ကျွန်မကိုကူညီတာကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ နောက်သုံးရက်ကြရင် ပြန်လာခဲ့ပါဦးမယ်"

သူမသည် ပြောဆိုပြီး ချာခနဲလှည့်ကာပြေးထွက်သွားလေတော့သည်။

****



## အခန်း (၁၁)
## ဆုံးဖြတ်ချက်ပြတ်သားသူ

နေဝန်းကြီးသည် အနောက်ဘက်တောင်တန်း၌ မေးတင်စပြုလေပြီ။ မွန်တင်း၏ဒဏ်ရာမှာ သက်သာလာသော်လည်း လုံးဝမပျောက်ကင်းသေးချေ။

သူသည် သိုင်းစာအုပ်ကျမ်းမှ အတွင်းအားလေ့ကျင့်ခန်းများကိုလေ့ကျင့်ရင်း ဒဏ်ရာကိုကုစားနေသည်။

အဘိုးအိုယီးမုသည် သူ့အနီး၌စောင့်ရှောက်နေပေသည်။ ရုတ်တရက် စူးရှသောရယ်မောသံတစ်သံထွက်ပေါ်လာသည်။

ယီးမုက ထိတ်လန့်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ထိုရယ်မောသံမှာ ထင်းစိန်၏ ရယ်မောသံဖြစ်နေသောကြောင့်တည်း။

"ဟာ ...! အခုမှဒုက္ခပဲ"

သူသည် ကြိတ်၍ငြီးငြူလိုက်သည်။ ထို့နောက် သူသည် မွန်တင်းမထိခိုက်စေရန် ထင်းစိန်ထံသို့ပြေးလွှားသွားလေ၏။

ထင်းစိန်သည် ယီးမုအားတွေ့ရသောအခါ မဲ့ပြုံးပြုံးပြီး ....

"ခင်ဗျား ကျုပ်ကိုလိမ်လို့ဘယ်ရမလဲ"

ယီးမုမှာ မိမိအလိမ်ပေါ်သွားသည်ကိုသိရှိသော်လည်း ဟန်ကိုယ်ဘို့ဆိုသည့်စကားအတိုင်း......

"ဟဲ .... ဟဲ ... ဟဲ မင်းမယုံရင်စမ်းကြည့်ပေါ့ကွာ"

ယီးမုမှာ ထိုစကားကိုသာပြောလိုက်ရသည်။ သူ့အနေဖြင့် အခြားစကားပြောရန် အခြေအနေမရှိတော့ပေ။

သူသည် ပထမအကြိမ် ထင်းစိန်အား ခြောက်လှန့်ခဲ့ပြီးပေပြီ။ ယခု အလိမ်ပေါ်သွားသဖြင့် ထပ်မံခြောက်လှန့်၍ရတော့မည်မဟုတ်ချေ။

ယခုတော့ ပွဲတွေ့စိန်ခေါ်ရတော့မည်မဟုတ်ပါလား။

ယီးမုသည် စကားဆုံးသည်နှင့် ထင်းစိန်အား ဝင်ရောက်တိုက်ခိုက်လေတော့၏။ ဤတစ်ကြိမ် ထင်းစိန်သည် ခါတိုင်းကဲ့သို့ ယီးမုအား လိုက်၍တိုက်ခိုက်ခြင်းမပြုတော့ပါ။

ရှောင်တိမ်းခြင်းလည်း မပြုချေ။ ယီးမု တိုက်ခိုက်လာသည်ကို မလှုပ်မယှက်ရပ်ကာ ထင်းစိန်က လက်ဝါးနှစ်ဖက်ဖြင့် ယီးမုရင်ဝသို့ပြန်၍တိုက်ခိုက်လိုက်သည်။

ယီးမုသည် ကပျာကယာ ရှောင်တိမ်းလိုက်ရလေ၏။

ထို့နောက် .... သူသည် ဝက်ံပါသိုင်းကွက်ခုနစ်ကွက်ဖြင့် ထပ်မံ၍တိုက်ခိုက်ရလေသည်။

ထင်းစိန်သည် ယီးမု၏ဟိုက်ကွက်များကို အကဲခတ်ရင်း တစ်ချက်ပြန်၍တိုက်ခိုက်သည်။



ယီးမုမှာ ဤတစ်ကြိမ် အခြေအနေမလှမှန်းသိလိုက်၏။ ထင်းစိန်၏အမူအရာမှာ ပို၍အေးဆေးတည်ငြိမ်လာသည်ကို တွေ့လိုက်ရသည်။ ထင်းစိန်ကမဲ့ပြုံးပြုံးကာ ....

"ခင်ဗျားရဲ့သိုင်းကွက်က ဒါပဲလား"

ယီးမုသည် ဘာမှမပြောနိုင်ပါ။ သူသည် လှည့်ပတ်တိုက်ခိုက်နေရသည့်အတွက် မောပဟိုက်လာသည်။

အကယ်၍ ဤအတိုင်းဆက်လက်တိုက်ခိုက်မည်ဆိုပါက နောက်ဆုံး သူသည် ထင်းစိန်၏ လက်ချက်ဖြင့် အသက်အန္တရာယ်ပါ ဆုံးရှုံးသွားမည်ကို သူရိပ်စားမိလေတော့သည်။

ထိုစဉ် .... သူသည် ရုတ်တရက် အကြံတစ်ခုပေါ်လာလေသည်။ သည့်နောက် သူသည် ပြုံးရောင်သန်းလာသည်။

ရုတ်တရက် သူသည် ခြေထောက်ကိုတစ်ချက်ဆောင့်ကာ နောက်သို့ထွက်သွားလေတော့သည်။ ထင်းစိန်သည် ယီးမုက မဟန်၍ထွက်ပြေးသွားသည်ဟုထင်သည်။

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး........

"ဟဲ....ဟဲ.,...ဟဲ ခင်ဗျားပြေးလို့ကော လွတ်နိုင်မလား"

သူသည် ဤသို့ပြောပြီး နောက်မှထက်ကြပ်မကွာလိုက်သွားလေတော့၏။ ယီးမုသည် ဝက်ံပါလိုဏ်ဂူဘက်သို့ဦးတည်ပြေးသွားလေသည်။

ဝက်ံပါလိုဏ်၏လေစုပ်နယ်မြေကို သူသိသည်။

ထင်းစိန်ကလည်း ထပ်ကြပ်မကွာလိုက်သွားသည်။

ယီးမုသည် ဝက်ပါလိုဏ်ဂူအပေါက်ဝနားသို့ရောက်ရှိသွားသောအခါ ခြေလှမ်းကိုရပ်တန့်လိုက်၏။

ထင်းစိန်ကမဲ့ပြုံးပြုံးလိုက်ပြီး.......

"ကဲ.......ခင်ဗျားပြေးဦးလေ၊ ပြေးနိုင်သေးရဲ့လား"

စကားဆုံးသည်နှင့် ယီးမုအားခုန်အုပ်လိုက်လေတော့၏။

ထိုအခါ ယီးမုက ကိုယ်ကိုပုချပြီး မြေပေါ်သို့လိမ့်၍ ရှောင်ထွက်သွားလေတော့၏။ ထင်းစိန်မှာ ယီးမု၏အကြံကိုမသိပါ။

သူသည် ယီးမုအား အရှိန်နှင့်ဖမ်းအုပ်လိုက်သဖြင့် သူ၏ခန္ဓာကိုယ်မှာ လိုဏ်ဂူအဝသို့ရောက်ရှိသွားလေ၏။

ရုတ်တရက် .... ပြင်းထန်သောလေပွေတစ်ခုသည် သူ၏ခန္ဓာကိုယ်အား လိုဏ်ဂူထဲသို့စုပ်ယူသွားတော့သည်။

"အား ...."

ယီးမုက သက်ပြင်းတစ်ချက်ချလိုက်ပြီး........

"အင်း ... ထင်းစိန် .... ထင်းစိန်၊ မင်း ဒီလိုဏ်ဂူထဲမှာ အရိုးထုတ်ပေတော့၊ ငါတော့သွားပြီးဟေ့"

ယီးမုကပြောဆိုပြီး ချာခနဲလှည့်၍ပြေးထွက်သွားလေတော့သည်။

****



ယီးမုသည် မွန်တင်းထံသို့ပြန်ရောက်လာသောအခါ...

မွန်တင်းမှာ အတော်ပင် သက်သာနေသည်ကိုတွေ့လိုက်ရသည်။ မွန်တင်းသည် ယီးမုပြန်ရောက်လာခြင်းကိုတွေ့ရသောအခါ ဝမ်းသာသွား၏။

"ဦး......ဟိုလူကော ဘယ်ရောက်သွားပြီလဲ"

ယီးမုက သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက် သူသည် ထင်းစိန်အား ဝက်ပါလိုဏ်ဂူထဲသို့ကျရောက်သွားအောင် လုပ်ဆောင်ခဲ့သည့်အကြောင်းများကို အသေးစိတ်ရှင်းပြလိုက်သည်။ မွန်တင်းသည် ထိုစကားကိုကြားရသောအခါ မျက်မှောင်ကုပ်သွားလေသည်။

"အင်း ... ဦးက သူ့ကို ဝက်ပါလိုဏ်ဂူထဲမျှားခေါ်ပြီး သွင်းခဲ့တာတော့ဟုတ်ပါပြီ၊ ဒါပေမဲ့ သူဟာ ဒီလိုဏ်ဂူရဲ့လျှို့ဝှက်ချက်ကိုမသိလေတော့ ဂူထဲမှာတစ်သက်လုံးအရိုးထုတ်နေရတော့မှာပေါ့"

ယီးမုက ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲပေါ့ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဆိုတာ မင်းသိသင့်တယ်"

"သူ့ဘဝတစ်သက်လုံး နစ်သွားပြီပေါ့"

"နစ်ရမှာပေါ့ .... စိတ်ကောင်းမှမရှိတာ၊ မိန်းကလေးတစ်ယောက်ကို သိုင်းသမားမပီသဘဲတိုက်ခိုက်တာ၊ အတိဒုက္ခရောက်နေတဲ့ငါတို့ကို တိုက်ခိုက်ချင်တာဟာ သိုင်းသမားကောင်းမှ မပီသတာပဲ၊ စိတ်ကောင်းမရှိဘူးဆိုတာလဲ ပေါ်လွင်နေတယ်၊ ဒီလိုလူမျိုး

ဟာ လေစုပ်ဝဲဂူထဲမှာ တစ်သက်လုံးနေသင့်တာပေါ့ ဘယ်သူ့ကိုမှ လဲ ဒုက္ခမပေးနိုင်တော့ဘူးလေ"

"မဟုတ်သေးဘူးဦး၊ ဒီလိုလုပ်တာ ရက်စက်လွန်းအားကြီးပါတယ်"

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး........

"ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

"မင်း ဘယ်လိုလုပ်ချင်လို့လဲ"

"ကျွန်တော်က တစ်နှစ်တစ်ကြိမ် လေမွှေရပ်သွားတဲ့ နေ့ရွှေနဲ့အချိန်ကိုရေးပြီး သူ့ကို လိုဏ်ဂူထိပ်မှာရှိတဲ့အပေါက်ကထွက်ဖို့နည်းလမ်းရေးပေးခဲ့မယ်လေ၊ မကောင်းဘူးလား"

ယီးမုကပြုံးလိုက်သည်။

သူသည် သူ့တစ်ကိုယ်တည်းပြောသလိုပြောနေ၏။

"အေး .... ငါမင်းကို ဘယ်လိုလူလဲဆိုတာတွေ့ပြီး သိပ်မကြာခင်မှာ သိခဲ့ပါတယ်ကွာ၊ တွေ့တာကြာလာတာနဲ့အမျှ မင်းစိတ်ကောင်းရှိတာကို ငါသိခဲ့ပါတယ်၊ မင်းက ဒီမကောင်းတဲ့ကောင်ကိုကယ်ချင်တယ်၊ ဒါဟာ လူ့အသိုင်းအဝိုင်း၊ သိုင်းလောကအသိုင်းအဝိုင်းကိုဒုက္ခပေးတာပဲကွ၊ မင်းရဲ့ကူညီချင်တဲ့စေတနာကိုတော့ ငါမတားချင်လို့ မင်းသဘောကျတဲ့တိုင်းလုပ်ပါကွာ"

မွန်တင်းသည် သူ၏အကြံစကိုဆုတ်ဖြဲပြီး ဝက်ပါလိုဏ်ဂူမှထွက်နိုင်သည့်နည်းလမ်းများကိုရေးသားပြီး ယီးမုအား ကမ်းပေးလိုက်သည်။



ယီးမုသည် ထိုအဝတ်စကိုယူ၍......

သူ၏လက်ထဲရှိအထုပ်လေးကို မွန်တင်းအားကမ်းပေးရင်း

"ဒီမှာမွန်တင်း ဟောဒီအထုပ်ထဲမှာ ငါ့ရဲ့အကျီတစ်ထည်ရှိတယ်၊ ဒီအကျီဟာ ငှက်မွေးနဲ့ချုပ်ထားတဲ့ အကျီဖြစ်တယ်။ ဒီအကျီကို ဝတ်ထားရင် ရေနဲ့မီးရှောင်ကွင်းနိုင်တယ်၊ အဲဒါ မင်းကို ငါလက်ဆောင်ပေးခဲ့မယ်၊ မင်းဟာစိတ်ကောင်းရှိတယ် မင်းက ငါ့လက်ဆောင်နဲ့ထိုက်တန်ပါတယ်"

မွန်တင်းက မျက်မှောင်ကုပ်သွားသည်။

"နေပါဦး .... ဦးကဘယ်သွားမလို့လဲ"

ယီးမုကပြုံးလိုက်ပြီး.......

"ငါဟာ ဒီဝက်ပါလိုဏ်ဂူထဲမှာ (၁၇)နှစ်ကျော်နေခဲ့တာအကျင့်ရနေပြီ၊ အပြင်လောကကိုထွက်ဖို့တောင် ခပ်ခက်ခက်ဖြစ်နေတယ်၊ ဒါကြောင့် ငါလျှို့ဝှက်ဂူထဲမှာပြန်နေတော့မယ်ကွယ်"

သူ၏စကားကြောင့် မွန်တင်းမှာထိတ်လန့်သွားမိသည်။

"အို ... ဘယ်ဖြစ်ပါ့မလဲဦးရယ်၊ အခု ဒီလိုဏ်ဂူထဲမှာ ဦးကိုသတ်ဖြစ်ချင်တဲ့ရန်သူရောက်နေတယ် မဟုတ်လား၊ ဦး ဒုက္ခရောက်သွားမှာပေါ့၊ ဒီကောင် စိတ်ထားဘယ်လောက်ဆိုးတယ်ဆိုတာ ဦးသိပါတယ်၊ ကိုယ့်ကိုယ်ကိုဒုက္ခအရောက်မခံပါနဲ့"

"ဒီအတွက် မင်းမပူပါနဲ့ကွာ၊ အကယ်၍ သူကငါ့ကိုသတ်ပစ်ရင် သူဟာ ဒီလိုဏ်ဂူထဲကဘယ်ထွက်လို့ရတော့မလဲ နောက်ပြီးလိုဏ်ဂူထဲမှာ တစ်ယောက်တည်းနေရတာထက် နှစ်ယောက်နေရ

တာက အဖော်ရှိတယ်မဟုတ်လား၊ ဒါ့ကြောင့် သူ ငါ့ကိုဘာမှလုပ်မှာမဟုတ်ဘူးဆိုတာငါယုံကြည်တယ်၊ သူလုပ်ရင် သူပဲဂူထဲမှာတစ်သက်လုံးနေရတော့မှာ..........."

"ဖြစ်ပါ့မလား ဦး"

"အိုး .... ဖြစ်ပါတယ်ကွာ၊ နောက်ပြီး အချိန်ရှိတိုင်း ငါက သူ့ကိုလူကောင်းသူကောင်းဖြစ်အောင် ဖျောင်းဖျပြောဆိုရမှာပေါ့ကွာ၊ ငါလဲ ဒီလိုအနေကြာတော့လူကောင်းဖြစ်လာတာပဲ....."

မွန်တင်းက ခေါင်းခါယမ်းလိုက်၏။

"မလုပ်ပါနဲ့ဦးရယ် ဦးကိုကျွန်တော်စိတ်မချလို့ပါ"

ယီးမုကပြုံးလိုက်သည်။

"ဖြစ်ပါတယ်ငါ့တူရယ်၊ ရှင်းရှင်းပြောရမယ်ဆိုရင် တစ်ချိန်တုန်းက ငါဟာ လူဆိုးလူမိုက်ဖြစ်ခဲ့တယ်၊ နောက်ဆုံးတော့ ရန်သူတိုက်ခိုက်တာကိုရှောင်တိမ်းရင်း ဒီလိုဏ်ဂူထဲရောက်ခဲ့ရတာပဲ၊ ဒီဂူထဲမှာ (၁၇)နှစ်ကျော်နေပြီး ငါ့တူနဲ့တွေ့တော့မှ ငါဟာ လူကောင်းသူကောင်းဖြစ်လာရတော့တာပဲ၊ ဒါကြောင့် ဒီသူငယ်ကိုလည်း ငါက လူကောင်းတစ်ယောက်ဖြစ်လာအောင် တရားချချင်သေးတယ်"

မွန်တင်းသည် မည်သို့မှစကားမပြောနိုင်တော့ပါ။

သည့်နောက် ယီးမုက စာရွက်တစ်ရွက်ကိုယူပြီး မွန်တင်းအား လှမ်းပေးလိုက်ပြန်သည်။

"ဟောဒီမှာ ငါ(၁၇)နှစ်ကျော်လေ့ကျင့်တီထွင်ထားတဲ့ သိုင်းကွက်(၇)ကွက်ရဲ့နည်းတွေရေးထားတယ် .... မင်းကိုထပ်ပြီး



လက်ဆောင်ပေးခဲ့ဦးမယ်"

ယီးမုသည် ထိုစာရွက်ကိုမွန်တင်းအား ပေးပြီးနောက်...

"ကဲ .... သွားပြီ"

ယီးမုသည် ပြောဆိုနှုတ်ဆက်ပြီး ဝက်ပါလိုဏ်ဂူဘက်သို့ ပြေးထွက်သွားလေတော့သည်။

"ဦး .... ဦး၊ မသွားနဲ့ဦး"

မွန်တင်း၏ခေါ်သံများမှာ ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေတော့သည်။ ယီးမုကား လုံးဝပြန်လှည့်မလာတော့ချေ။ ဆုံးဖြတ်ချက်ပြတ်သားသူဖြစ်လေသည်တကား။

****

## အခန်း (၁၂)
## အန္တရာယ်မြင်းလှည်း

မွန်တင်းသည် ခါတိုင်းကဲ့သို့ အတွင်းအားကိုထိုင်၍လေ့ကျင့်နေသည်။

သူ၌ပညာရပ်ရှိနေလေပြီ။

သူသည် အတွင်းအားလေ့ကျင့်ပြီး မတ်တပ်ရပ်လိုက်၏။

ဤအရပ်ဒေသမှာ .... အဖြူရောင်ဝတ်မိန်းမချောလေး၏ဒေသဖြစ်သည်ကို သူရိပ်မိ၏။

သူရိပ်မိသည့်အတိုင်း .... အဖြူရောင်ဝတ်ဆင်ထားသောမိန်းမချောလေး သူ့ထံသို့လျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။ မွန်တင်းမျက်မှောင်ကုပ်သွား၏။

ယခု သူမ လာနေခြင်းမှာ သိုင်းပညာလာရောက်ယှဉ်ပြိုင်သည်ကို မွန်တင်းကြိုသိလိုက်သည်။

အကယ်၍ ယခင်အတိုင်းဆိုလျှင် သူသည် မိန်းကလေးနှင့်မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်မည်မဟုတ်ဟုသိထားမိသည်။

ယခုမူ ....



သူသည် စွန်းကျဲပေးထားသောသိုင်းကွက်ရှစ်ကွက်ကျမ်းစာအုပ်ထဲမှ အတော်အတန့်လေ့ကျင့်တတ်မြောက်ခဲ့ပြီးဖြစ်၏။

ထို့ပြင် ယီးမု၏သိုင်းကွက်(၇)ကွက်ကိုလည်း အနည်းငယ်လေ့ကျင့်ထားပြီးဖြစ်သည့်အလျောက် သူသည် မိန်းကလေးနှင့်ယှဉ်ပြိုင်ရန်မှာ ဝန်မလေးတော့ပါ။ သို့သော် .... သူသည် ရိုးသားဖြောင့်မတ်သောလူငယ်တစ်ယောက်ဖြစ်သည့်အားလျော်စွာ ....

သူမအား သက်ညှာစွာယှဉ်ပြိုင်တိုက်ခိုက်မည်ဟု စိတ်ထဲ၌ ဆုံးဖြတ်ထားသည်။ သူမ အနီးသို့ရောက်လာသောအခါ......

"ဟင် ... အဘိုးကြီးကိုမတွေ့ပါလား၊ သူဘယ်သွားသလဲ" မွန်တင်းက ပြုံးလိုက်သည်။

"သူမရှိတော့ဘူးလေ"

"ရှင့်အဖြေကတကယ်ကောင်းတာပဲ၊ ကျွန်မ ဒီရောက်လာကတည်းက ရှင်တစ်ယောက်တည်းကိုမြင်ရတယ်၊ အဘိုးကြီးရှိမနေတော့ဘူး၊ သူဒီမှာမရှိတော့ဘူးဆိုတာ ကျွန်မသိတာပေါ့၊ သူဘယ်ထွက်သွားသလဲဆိုတာ ကျွန်မ မသိဘူး၊ ဒါကို ကျွန်မ သိချင်တယ်၊ ဒီအဓိပ္ပာယ်နဲ့ကျွန်မကမေးတာရှင့်......"

"နေပါဦး .... အခု ခင်ဗျားကသူ့ကိုတွေ့ချင်သလား၊ ဒါမှမဟုတ် ကျွန်တော်နဲ့သိုင်းပညာယှဉ်ပြိုင်ဖို့လာသလား၊ ရှင်းရှင်းပြောပါ"

မိန်းကလေးက မျက်မှောင်ကုပ်သွားသည်။

"သူမှမရှိတော့ဘဲ ရှင်နဲ့သိုင်းပညာယှဉ်ပြိုင်ရမှာပေါ့ရှင်"

"ကောင်းပြီလေ"

မွန်တင်းသည် ပြောဆိုပြီး အသင့်အနေအထားဖြင့် ရပ်နေသည်။ သူမကမျက်နှာလေးပင့်၍.....

"တစ်နေ့တုန်းက ရှင် ကျွန်မကိုကူညီခဲ့ပါတယ်၊ ဒါကြောင့် ရှင်နဲ့ယှဉ်ပြိုင်တဲ့အခါမှာ ကျွန်မက ရှင့်ကို သိုင်းကွက် (၁၀)ကွက်အထိ အသာပေးပါ့မယ်"

မွန်တင်းက ကြိတ်၍ပြုံးမိ၏။ သူသည် မိန်းကလေးအား အနိုင်ယူလိုသော ဆန္ဒမရှိပါ။ ထို့ကြောင့် သူသည် မိန်းကလေးအား သိုင်းကွက်(၁၀)ကွက်ကို သူမအား မထိခိုက်စေဘဲ တိုက်ခိုက်ပြီး အရှုံးပေးလိုက်မည်ဟုဆုံးဖြတ်ထားသည်။

သူသည် မိန်းကလေးအားတစ်ချက်ပြုံးလိုက်ပြီး....

"ကဲ ... ဒါဖြင့် ကျွန်တော်စတော့မယ်၊ သတိထားပေတော့"

သူသည် ပြောဆိုပြီးသည်နှင့် သူ၏လက်နှစ်ဖက်ကို တစ်ချက်ဇွေ့ယမ်းကာ မိန်းကလေးအားစတင်တိုက်ခိုက်လိုက်သည်။

အမှန်မှာ သူသည် ခွန်အားကို လုံးဝမသုံးပါ။ သိုင်းကွက်သိုင်းဟန်ဖြင့်သာ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ သူမက မွန်တင်း၏သိုင်းကွက်ကိုတွေ့ရသောအခါအံ့ဩသွားမိသည်။

"သူ့သိုင်းကွက်ဟာ ယခုရက်အနည်းငယ်အတွင်းမှာ တော်တော်တိုးတက်လာပါလား"

သူမ၏စိတ်ထဲတွင် ကြိတ်၍ပြုံးမိလေ၏။

သူမသည် မွန်တင်း၏တိုက်ကွက်ကိုခုခံတိုက်ခိုက်ရင်း ....



"ရှင့်သိုင်းပညာက တော်တော်တိုးတက်နေပါလား၊ ကဲ ... ဒုတိယသိုင်းကွက်ကိုဆက်ပါဦး"

မွန်တင်းက ဒုတိယတိုက်ကွက်ဖြင့်တိုက်ခိုက်လိုက်ပြန်၏။

သူမက မွန်တင်းတိုက်ကွက် ခုခံလိုက်ပြန်သည်။

မွန်တင်းမှာ တိုက်ခိုက်ရင်း မိမိ၏သိုင်းပညာ အတော်လေးတိုးတက်လာသည်ကို သိမိသည်။ ထို့ကြောင့် သူသည် ဆက်လက်၍တိုက်ခိုက်ရင်း စိတ်ဓာတ်တက်ကြွလာ၏။

သူ၏တိုက်ကွက်များသည် တစ်ကွက်ထက်တစ်ကွက် မသိမသာပြင်းထန်လာ၏။ မိန်းကလေးမှာ မွန်တင်း၏တိုက်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ခုခံတိုက်ခိုက်ရင်း (၉)ကွက်မြောက်ရောက်ရှိလာသောအခါ သူမ၏တစ်ကိုယ်လုံး ချွေးများစို့ရွှဲလာလေတော့သည်။ သိုင်းကွက်တွင် အာရုံရောက်နေသော မွန်တင်းသည် သူမ၏ဖြစ်ရပ်များကိုသတိမပြုမိပါ။

"ကဲ .... သတိထားတော့ (၁၀)ကွက်မြောက်လာပြီ"

သူသည် အော်ရင်း လက်နှစ်ဖက်မှလက်ချောင်းများကို နှုတ်သီးသဏ္ဌာန်ဖြင့် သူမ၏ဝဲယာပခုံးနှစ်ဖက်သို့ပေါက်ချလိုက်လေသည်။ သူမက နောက်သို့ရှောင်တိမ်းလိုက်ရာ.....

နောက်ဆုံး သူမ၏နောက်တွင် နောက်ဆုတ်စရာနေရာမရှိတော့ပါ။ သူမ၏ခြေထောက်မှာ ချောက်ကမ်းပါးနှုတ်ခမ်းသို့ပင်ရောက်ရှိနေပြီဖြစ်သည်။ မိန်းကလေးသာ နောက်သို့ထပ်ဆုတ်လိုက်ပါက ချောက်ကမ်းပါးထဲသို့ မုချကျပေတော့မည်။

ထို့ကြောင့် သူမသည် နောက်သို့ထပ်မံ၍ရှောင်တိမ်းခြင်း မပြုတော့ဘဲ ....

သူမကလက်နှစ်ဖက်ဖြင့် မွန်တင်း၏ရင်ဝသို့တအားတွန်းထုတ်လိုက်လေသည်။ မွန်တင်းသည် မိန်းကလေးကရှောင်တိမ်းလိမ့်မည်ဟုတွက်ထားသည်။

ယခုမှာမူ သူမကနောက်သို့ ရှောင်တိမ်းခြင်းမရှိဘဲ ရှေ့သို့တိုးလာသည်ကိုတွေ့လိုက်ရသောအခါ.......

သူသည် တိုက်ခိုက်ခြင်းကို ကပျာကယာ ရပ်တန့်လိုက်၏။ သို့သော် နောက်ကျသွားလေပြီ။ သူ၏နူတ်သီးသဏ္ဍာန်ရှိသော လက်ချောင်းများသည် မိန်းကလေး၏အင်္ကျီလက်မောင်းနှစ်ခုလုံး ဆုတ်ဖြဲမိသွားလေ၏။

နုနယ်ဖြူဖွေးသော သူမ၏လက်မောင်းသားများသည် ဘွားခနဲပေါ်လာသည်။

"ဟိုက် .... ဒုက္ခပဲ"

သူသည် မမျှော်လင့်ဘဲ ယင်းဖြစ်ရပ်ကိုတွေ့လိုက်ရသောအခါ ကြိတ်၍ငြီးငြူလိုက်မိသည်။ မည်သို့လုပ်ရမည်ကို မသိဘဲ ငိုင်၍ကြည့်နေမိလေသည်။

"ဖြန်း"

သူ၏မျက်နှာတစ်ခုလုံးမှာ ထူပူသွားလေသည်။

မိန်းကလေးက သူ၏ပါးကို ဒေါသကြီးစွာဖြင့်ရိုက်ချပြီး ထိုနေရာမှပြေးလွှားထွက်သွားလေတော့သည်။



သူသည် လက်ထဲတွင်ကိုင်ထားသော မိန်းကလေး၏ လက်မောင်းအင်္ကျီစကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

မည်မျှကြာသွားသည်မသိ ....

မွန်တင်းသတိရလာသောအခါတွင် နေလုံးကြီးမှာ ပျောက်ကွယ်သွားလေပြီ။ သူသည် ဘိုက်ထဲက ဟာတာတာဖြစ်နေသောကြောင့် တောင်အောက်သို့ပြေးဆင်းသွားလေတော့သည်။

သူ၏ဦးနှောက်တစ်ခုလုံးရှုပ်ထွေးနေသည်။ သူ၏ကိုယ်ခန္ဓာမှာ မည်သည့်နေရာသို့ဦးတည်သွားနေသည်မသိ ....

တွေးလည်း မတွေးတော့ပါ။

သို့သော် သူသည် ဆက်၍သွားနေသည်။ လေနှင်ရာလွင့်ပါသွားသည့်ကြက်တောင်ကလေးနှယ်သာတည်း။

သူသည် ခေါင်းငုံ့၍လျှောက်နေရာမှ သတိထား၍ကြည့်လိုက်သောအခါ မင်းလမ်းမတစ်ခုပေါ်သို့ရောက်ရှိနေသည်ကို သတိပြုမိသည်။ သူသည် လူသူအသွားအလာရှိသောနေရာသို့ရောက်ရှိနေခဲ့လေပြီ။

သူသည် ခပ်သုတ်သုတ်လျှောက်နေသောခြေလှမ်းကို အရှိန်လျှော့လိုက်သည်။ လူသူရှိသောပတ်ဝန်းကျင်၌ ဤသို့သုတ်သီးသုတ်ပျာမလျှောက်သင့်ကြောင်း သူသိသည်။

ထိုစဉ်မှာပင် .... မြင်လှည်းတစ်စီးသည် အရှိန်အဟုန်ပြင်းစွာဖြင့်မောင်းနှင်လာသည်ကိုတွေ့မြင်လိုက်ရလေ၏။ ထိုမြင်းလှည်းသည် မြင်းလေးကောင်တပ်မြင်းလှည်းတစ်စီးဖြစ်သည်။

မြင်းလှည်း၏အရှိန်မှာ အလွန်ပြင်းနေသဖြင့် မင်းလမ်းပေါ်မှခရီးသည်များသည် ကပျာကယာလမ်းဘေးသို့ ပြေးလွှားရှောင်တိမ်းကြကုန်၏။ တိုက်မိလျှင် ဒဏ်ရာအနာတရ ရနိုင်သည်။

မွန်တင်းသည် ထိုမြင်ကွင်းကိုတွေ့ရသောအခါ အနည်းငယ်ဒေါသထွက်လာမိ၏။

"ဒီမြင်းလှည်းက ဘာမို့ ဒါလောက်တောင် ဈေးကြီးသုတ်ပျာဖြစ်နေရတာလဲ"

သူက စိတ်ထဲ၌မေးလိုက်မိ၏။

သည့်နောက် သူသည် အရှိန်အဟုန်ပြင်းစွာမောင်းနှင်လာသောမြင်းလှည်းကို အခြားလူများကဲ့သို့ ရှောင်တိမ်းခြင်းမရှိပါ။

ထို့ပြင် မွန်တင်းသည် မြင်းလှည်း၏ ရှေ့တည့်တည့်မတ်မတ်သို့ဦးတည်လျှောက်သွားလေတော့သည်။ သူ၏အမူအရာကြောင့် ခရီးသွားလာသူများက အံ့အားသင့်သွားလေ၏။

"ဟေ့ကောင် .... မင်းသေချင်လို့လား"

မြင်းလှည်းမောင်းသူသည် ထိုသို့ပြောရင်း ကျာပွတ်ဖြင့် မွန်တင်းအားလှမ်း၍ရိုက်ချလိုက်လေ၏။ မွန်တင်းက သူ့ထံသို့ရောက်လာသောကျာပွတ်ကိုဖမ်းဆွဲပြီး တအားဆွဲချလိုက်၏။

မြင်းလှည်းမောင်းသူမှာ မမျှော်လင့်ဘဲ ကျာပွတ်ကိုအဆွဲခံလိုက်ရသဖြင့် မြင်းလှည်းပေါ်မှ မွန်တင်းထံသို့ပါလာလေသည်။

မြင်းလှည်းပေါ်မှ လိမ့်ကျလေတော့သည်း

"အား ....."



ထိုစဉ် မြင်းလှည်းမှာလည်း ရပ်တန့်သွားလေ၏။

မရှေးမနှောင်းမှာပင် ....

မြင်းလှည်းထဲမှ အဝါရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် မြင်းလှည်းပေါ်မှခုန်ဆင်းလာပြီး၊ သူတို့သည် မပြောမဆိုဖြင့် မွန်တင်းအားဝင်ရောက်တိုက်ခိုက်လေ၏။

သူသည် ပထမဦးဆုံးအကြိမ် သေရေးရှင်ရေးနှင့်ရင်ဆိုင်တိုက်ခိုက်လိုက်ရသဖြင့် သူသည် လေ့ကျင့်ထားသောသိုင်းကွက်များကို အသုံးပြုလိုက်ရလေတော့သည်။

****

## အခန်း (၁၃)
## ရက်စက်သောမိန်းကလေး

လူငါးယောက်သည် မွန်တင်းနှင့် သဲသဲမဲမဲတိုက်ခိုက်ကြလေ၏။ ထိုလူငါးယောက်တို့မှာလည်း မခေကြပါ။

သိုင်းပညာအလွန်ကျွမ်းကျင်သော သိုင်းသမားများဖြစ်ကြသည်။ သိုင်းကွက်ထုတ်ပုံ လွန်စွာကျွမ်းကျင်ကြ၏။

ထိုစဉ် ....

"အားလုံး နောက်ဆုတ်လိုက်ကြစမ်း"

ကြည်လင်သော အသံတစ်သံပေါ်လာ၏။ မွန်တင်းအားတိုက်ခိုက်နေသူများမှာ နောက်သို့ဆုတ်လိုက်ကြသည်။

မွန်တင်းက အသံလာရာသို့လှမ်းကြည့်လိုက်၏။

မြင်းလှည်းတွင်းမှမိန်းကလေးတစ်ယောက် အောက်သို့ဆင်းလာသည်ကိုတွေ့လိုက်ရ၏။ ထိုမိန်းကလေးသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားသည်။ ကိုယ်ခန္ဓာကျော့ရှင်းသည်။

ရုပ်ရည်မှာ အလွန်လှပချောမောသည်။ သူမ၏အသက်မှာ ၁၈–၁၉ နှစ်ခန့်သာရှိပေဦးမည်။



သူမ၏မျက်နှာမှာ အလွန်တည်ကြည်၏။

မွန်တင်းမှာ သူမကိုငေးကြည့်နေမိသည်။

မိန်ကလေးက သူ့ထံသို့ရောက်လာသည်။

"ဒီမယ်ရှင့် ကျွန်မတို့ကို ဘာဖြစ်လို့ဟန့်တားရတာလဲ၊ ကျွန်မတို့မြင်းလှည်း အရှိန်နဲ့မောင်းလာတာကိုမတွေ့ဘူးလား"

"ကျုပ်က မဟန့်တားရင်း ခင်ဗျားတို့ မြင်းလှည်းမောင်းပုံက လမ်းသွားလမ်းလာတွေကိုတိုက်လို့သေကုန်မှာပေါ့၊ အားလုံးဒုက္ခရာအနာတရ ရကုန်တော့မှာပေါ့"

သူမကမဲ့ပြုံးပြုံးလိုက်သည်။

"ဒီမယ်ရှင့် ကျွန်မ ဒီမြင်းလှည်းစီးခဲ့တာ သုံးနှစ်ရှိပြီ၊ ဒီလမ်းကလည်း ကျွန်မသွားနေကျ၊ ဒီလိုလမ်းမကြီးပေါ်မှာ မပြောနဲ့ မြို့ထဲက လမ်းကျဉ်းတွေမှာလည်း ကျွန်မမြင်းလှည်းက ဒီလိုမောင်းနေကြပဲ၊ လူကိုတိုက်ဖို့မပြောနဲ့ ပုရွက်ဆိတ်တစ်ကောင်တောင်မှ မတိုက်မိခဲ့သေးဘူးဆိုတာ ရှင်သိရဲ့လား"

မွန်တင်း ဘာပြန်ပြောရမှန်းမသိတော့ချေ။ ငြိမ်သက်သွားလေတော့သည်။ မိန်းကလေးသည် ငြိမ်သက်နေသောမွန်တင်းအား မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ....

"ကဲ .... ရှင်အကြောင်းမဲ့ ကျွန်မရဲ့မြင်းလှည်းကိုအနှောင့်အယှက်ပေးတဲ့အတွက် ရှင့်ကိုအပြစ်ပေးရလိမ့်မယ်"

မွန်တင်းမျက်မှောင်ကုပ်သွားသည်။

"ဗျာ .... ကျုပ်ကိုအပြစ်ပေးမယ်ဟုတ်လား"

"ဟုတ်တယ် .... ဒါပေမဲ့ ရှင်က မသိလို့တားတဲ့အတွက် သေဒဏ်တော့မပေးပါဘူး၊ ဒါပေမဲ့ လက်တစ်ဖက်တော့ဖြတ်ပစ်ရလိမ့်မယ်၊ ဒါ ကျွန်မရှင့်ကို ပေါ့ပေါ့လျော့လျော့အပြစ်ဒဏ်ပေးတာပဲ"

မိန်းကလေးမှာ ကြည့်လိုက်လျှင် အသက်(၁၈)နှစ် (၁၉) နှစ်ခန့်သာရှိပေလိမ့်မည်။ သို့သော် .... သူမ၏လေသံနှင့်အပြုအမူကမူ အသက်လေးဆယ်ခန့်အမျိုးသမီးကြီး၏လေသံနှင့်အပြုအမူမျိုးဖြစ်နေသည်။ လေသံနှင့်ဟန်ပန်က အလွန်ကြီးရင့်လှ၏။ ဝါရင့်ဗိုလ်ကြိုလ်အမျိုးသမီးတစ်ယောက်၏ လေသံမျိုးဖြစ်နေသည်။

မွန်တင်း၏မျက်စိထဲ၌ အလွန်အမြီးအမောက်မတည့်သလိုမျိုး ဖြစ်နေသည်။ သူမသည် အရွယ်နှင့်စကားလုံး လိုက်ဖက်ညီခြင်းမရှိပေ။

မွန်တင်းက ဝမ်းထဲ၌ကြိတ်၍ပြုံးမိသည်။

"ခင်ဗျားပေးတဲ့အပြစ်က မလွန်လွန်းဘူးလား"

မိန်းကလေးက မျက်နှာခပ်တင်းတင်းနှင့်ပြောလေ၏။

"ရှင်စကားမရှည်နဲ့. ရှင့်ကို ကျွန်မအမိန့်ပေးနေတယ်၊ ရှင်လုပ်ရမှာက ကျွန်မရဲ့အမိန့်အတိုင်း လုပ်လိုက်ရုံပဲ၊ ရှင့်လက်မောင်းကို ရှင်ဖြတ်ပစ်လိုက်ပါ၊ ဒါကျွန်မအမိန့်ပဲ"

သူမသည် စကားကိုခေတ္တရပ်ပြီးမှဆက်၍ပြော၏။

"ရှင့် ဘာသာရှင်လက်ဖြတ်မလား၊ ဒါမှမဟုတ် ကျွန်မက ရှင့်လက်ကိုဖြတ်ပေးရမှာလား....."



မွန်တင်းခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဘာလို့ ကိုယ့်လက်ကိုယ်ဖြတ်ရမှာလဲ၊ ခင်ဗျားတို့ဖြတ်တာကိုကော ကျုပ်ကခံရမှာလား၊ ခင်ဗျားအရူးလား"

မိန်းကလေးက ထိုစကားကိုကြားရသောအခါ ကျာပွတ်ကိုင်ထားသူအား အမိန့်ပေးလေတော့၏။

"အမှတ်တစ် သူ့ရဲ့ညာဘက်လက်ကိုသွားဖြတ်လိုက်စမ်း" ဟုအမိန့်ပေးလိုက်၏။

"ဟုတ်ကဲ့သခင်မလေး"

အမှတ်တစ်ဆိုသူသည် စကားဆုံးသည်နှင့် သူ၏လက်ထဲမှကျာပွတ်ကို မြွေဟောက်တစ်ကောင်ပမာ မွန်တင်း၏ညာဘက်လက်မောင်းကိုရိုက်ချလိုက်၏။

မွန်တင်းသည် နောက်သို့တစ်ပတ်ကျွမ်းခုန်၍ရှောင်လိုက်သည်။ ကျာပွတ်ကိုင်ထားသူက လေထဲတွင်ပျံဝဲနေသောမွန်တင်း၏ခန္ဓာကိုယ်ကို ဆက်၍ရိုက်ချလိုက်ပြန်သည်။

သို့သော် မွန်တင်း၏ခန္ဓာကိုယ်မှာ လေထဲတွင် ကျာပွတ်၏ရိုက်ချက်ကိုလှည့်ပတ်ရှောင်တိမ်းပြီး မြေပေါ်သို့မတ်တပ်ရပ်ကျလာ၏။

အမှတ်တစ်ဆိုသူက မဲ့ပြုံးပြုံးလိုက်သည်။

"မဆိုးဘူး .... မင်းဆရာကဘယ်သူလဲ"

မွန်တင်းက ရှေ့တစ်လှမ်းတိုးလိုက်ပြီး ထိုသူနှင့်မျက်နှာချင်းဆိုင်ရပ်ကာ .....

"ကျုပ်ဆရာ ဘယ်သူလဲဆိုတာ ပြောစရာလိုမယ်မထင်ပါဘူး၊ ခင်ဗျားက ကျုပ်လက်မောင်းကိုဖြတ်မယ်ဆို......"

သူသည် ညာဘက်လက်မောင်းကိုမြှောက်ပြလိုက်ပြီး..

"ဟောဒီမှာ လာဖြတ်လေ"

အမှတ်တစ်ဆိုသူသည် သူ၏ကျာပွတ်ဖြင့် ဒုတိယအကြိမ်မွန်တင်းလက်မောင်းကိုရိုက်ချလိုက်ပြန်သည်။ မွန်တင်းက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ..

ထိုလူ၏ကျာပွတ်ကို ဖမ်းဆုပ်ထားမိလိုက်သည်။

တစ်ဆက်တည်းမှာပင် သူသည် လက်ချောင်းငါးချောင်းကိုစုစည်းပြီး တအားဆောင့်ဆွဲလိုက်၏။

ထိုသူမှာ တစ်ကြိမ်ခံရဖူးသဖြင့် ကျာပွတ်ကို ကပျာကယာလက်လွှတ်လိုက်ရသည်။ လက်မလွှတ်လျှင် သူကျွမ်းထိုးမှောက်ခုံဖြစ်သွားရမည်မဟုတ်ပါလား"

ဤသို့ဖြင့် .... သူ၏ကျာပွတ်သည် မွန်တင်းလက်ထဲသို့ရောက်ရှိသွားလေသည်။ သိုင်းလောက၌ လက်နက်ဆုံးလျှင် လူအရှုံးပေတည်း။

သူသည် မြင်းလှည်းရှိရာသို့ ကပျာကယာ နောက်ဆုတ်သွားလေတော့သည်။ သူ၏မျက်နှာတစ်ခုလုံးမှာ ရှက်လွန်း၍နီရဲနေသည်။ သူသည် မွန်တင်းနှင့်လုံးဝမယှဉ်သာပေ။

ထိုစဉ်........

"ဩော် .... လက်စသတ်တော့ ရှင်က ဟုန်စွန်းအီရဲ့တပည့်



ကိုး၊ အတော်ပဲ ကျွန်မ အခုလို ခရီးဝေးဝေးကလာခဲ့ရတာဟာ ရှင့်ဆရာနဲ့တွေ့ချင်လို့ပဲ"

မွန်တင်းသည် ဟုန်စွန်းအီ၏အမည်ကိုကြားရသောအခါ လူပုံအလယ်အရှက်ကွဲခဲ့ရသည်ကို ပြန်လည်သတိရလာပြီး ဒေါသထောင်းခနဲထွက်လာလေသည်။

"အိုး .... ခင်ဗျား အထင်လွဲနေပြီဗျ၊ ကျုပ်ကဟုန်စွန်းအီတပည့်မဟုတ်ဘူး၊ ဟုန်စွန်းအီရဲ့သိုင်းပညာလောက်ကို ကျုပ်က အထင်ကြီးရမှာလား"

သူမမျက်မှောင်ကုပ်သွားသည်။

"ရှင်က သူ့တပည့်မဟုတ်ဘူးသာပြောတယ်၊ ရှင့်ရဲ့သိုင်းကွက်က ဟုန်စွန်းအီရဲ့သိုင်းကွက်ပဲမဟုတ်လား၊ ကျွန်မထင်တာမလွဲဘူးဆိုရင် ရှင် အခု အမှတ်တစ်နဲ့တိုက်ခိုက်တဲ့သိုင်းကွက်က ဟုန်စွန်းအီရဲ့တံစက်မြိတ် မိုးသီးမိုးပေါက်ဆိုတဲ့သိုင်းကွက်ပဲ"

သူမစကားကိုကြားရသောအခါ မွန်တင်းကြိတ်၍ပြုံးမိလေသည်။ အမှန်မှာ .... သူ ယခုတိုက်ခိုက်သောတိုက်ကွက်များမှာ စွန်းကျဲပေးခဲ့သော သိုင်းကျမ်းစာအုပ်မှသိုင်းကွက်များ ဖြစ်နေခြင်းကို သူသာသိထားသည်။

သူကပြုံးလိုက်ပြီး .....

"ခင်ဗျားပြောတာမဟုတ်ဘူးဗျ၊ ကျုပ်ရဲ့သိုင်းကွက်က ဟုန်စွန်းအီနဲ့ဘာမှမဆိုင်ဘူး"

သူမ မျက်မှောင်ကုပ်သွားပြန်၏။

"ရှင်တကယ်ပြောနေတာလား၊ ကျွန်မကတော့ ယုံရခက်ခက် ပဲ"

"ကျုပ်က ဘာဖြစ်လို့လိမ်ရမှာလဲ"

မွန်တင်းက တစ်စုံတရာကိုသတိရမိလာသဖြင့်......

"ဩော် .... ဒါနဲ့ ခင်ဗျားက ဟုန်စွန်းအီဆီမှာ ပညာသွားသင်မလို့ ဟုတ်လား"

မိန်းကလေးက ပြုံးရင်း....

"ဘယ်ကလာ ကျွန်မ သူ့ဆီမှာသိုင်းပညာသင်ရမှာလဲ ကျွန်မရှင်းရှင်းပြောမယ် အားလုံးက ဟုန်စွန်းအီဟာ သိပ်တော်တယ် ပြောကြလို့ ကျွန်မက သူ့ကိုသတ်မလို့ရှင့်.... သိပြီလား၊ အများအထင်မှားနေတာကို ကျွန်မကသက်သေပြမလို့ရှင့်"

"ဟောဗျာ"

မွန်တင်း အံ့အားသင့်သွားတော့သည်။

"ခင်ဗျားနဲ့ဟုန်စွန်းအီရန်ငြိုးရှိလို့လား"

သူမက ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး၊ ကျွန်မ သူ့ကိုတောင် မမြင်ဖူးပါဘူး၊ ဘယ်လိုလုပ်ပြီး သူနဲ့ရန်ငြိုးရှိရမှာလဲ၊ သိုင်းလောကမှာရန်ဘက်ဖြစ်ရတာလွယ်ပါတယ်"

"ဒါဖြင့် ခင်ဗျားက သူ့ကိုဘာဖြစ်လို့သွားသတ်မှာလဲ"

"ကျွန်မပြောပြီးပကော၊ ရှင်တို့လူမျိုးတွေအားလုံးက သူဟာ သိုင်းပညာမှာပြိုင်စံရှားတယ်ပြောကြလို့ ကျွန်မက မခံချင်



တာနဲ့ သူ့ကိုသွားသတ်မလို့"

"ဗျာ ...."

မွန်တင်း ပို၍အံ့အားသင့်သွား၏။

"ဘာပြောတယ် ... ဟုန်စွန်းအီရဲ့သိုင်းပညာက ကျော်ကြားနေလို့ ခင်ဗျားကသူ့ကိုသွားသတ်မလို့ဟုတ်လား"

"ဟုတ်ပါတယ်"

သူမ၏မျက်နှာမှာ ခက်ထန်လာပြန်သည်။

"ကျွန်မ သတ်ချင်လို့ သွားသတ်မလို့ပေါ့ ... အဲဒါ ဘာဖြစ်သလဲ၊ ရှင်နဲ့ဘာဆိုင်သလဲ၊ ရှင်တားလို့ကော ရမယ်ထင်သလား"

မွန်တင်းက မိန်းကလေးကိုအံ့အားသင့်စွာကြည့်နေ၏။

အတန်ကြာမှ သူသည် ကျာပွတ်ကိုပြန်ပစ်ပေးလိုက်၏။

"ရော့ .... ခင်ဗျားကျာပွတ်ပြန်ယူသွား၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့မြင်းနှင်ပုံက တော်တော်ရမ်းကားတာပဲ၊ ပြည်သူလူထုရဲ့အသက်ကို ပုရွက်ဆိတ်တစ်ကောင်လောက်မှ တန်ဖိုးမထားတဲ့လူမျိုးကို ကျုပ်နောက်ထပ်မတွေ့ပါရစေနဲ့၊ ဒါပဲ"

မွန်တင်းက ထိုသို့ပြောဆိုပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။ အနက်ရောင်ဝတ်ဆင်ထားသောမိန်းကလေးမှာ တစ်ကြိမ်တစ်ခါမှ ဤသို့အပြောအဆိုမခံရဘူးသဖြင့် ဒေါသထွက်သွား၏။ တစ်ကိုယ်လုံးပင် တုန်တုန်ယင်ယင်ဖြစ်နေသည်။

သူမသည် မွန်တင်းအား သတိရ၍လှမ်းကြည့်လိုက်သောအခါ မွန်တင်း၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

သူမသည် စိတ်ကိုချုပ်တည်းပြီး မြင်းလှည်းမောင်းသူဘက်လှည့်လိုက်သည်။

"ရှင်တို့အားလုံး ပြန်သွားကြပါ"

ကျားပွတ်ကိုင်ထားသူ ကြောင်တောင်တောင်ဖြစ်သွား၏။

"ဗျာ ...."

အံ့အားသင့်စွာဖြင့်....

"ကျွန်တော်ပြန်သွားရမယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"သခင်မလေးကော"

"ကျွန်မတစ်ယောက်တည်း သွားစရာရှိသေးတယ်"

"ဖြစ်ပါ့မလားသခင်မလေး"

မိန်းကလေးက ထိုသူအားစေ့စေ့ကြည့်လိုက်ပြီး.....

"စကားမရှည်နဲ့ .... ရှင်တို့အားလုံး ဒီကလှည့်ပြန်ပါ၊ ဒါပဲ၊ ကျွန်မအမိန့် ....."

ကျားပွတ်ကိုင်သူနှင့် ကျွန်လူလေးယောက်တို့သည် ခေါင်းငိုက်စိုက်ကျသွားလေ၏။ သူတို့သည် မြင်းလှည်းကိုပြန်လှည့်၍လာလမ်းအတိုင်းမောင်းနှင်သွားကြလေတော့၏။ မိန်းကလေးသည် ရှေ့သို့တူရူ ခြေလျင်လျှောက်သွားလေတော့သည်။

****



## အခန်း (၁၄)
## ကယ်ဆယ်သူ

ညနေခင်းဆည်းဆာအချိန် ....

ကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်အဖြစ်ခြယ်သထားသည်။ ဝန်းကျင်တစ်ခုလုံးမှာ သာယာနေလေ၏။

မွန်တင်းသည် ခြေဦးတည့်ရာလျှောက်သွားရင်း သဘာဝအလှကိုကြည့်ကာ စိတ်ဝယ်လန်းဆန်းကြည်လင်လာသည်။

သို့သော် သူ၏ဗိုက်မှာဆာလောင်မွတ်သိပ်လာသည်။

"အင်း .... ဒုက္ခပဲ၊ ဘိုက်ကလည်း ဆာလိုက်တာ ရှေ့ရွာတစ်ရွာဝင်ပြီး စားစရာဝင်စားဦးမှပဲ၊ ဆိုင်တစ်ဆိုင်လောက်တော့ တွေ့ကောင်းပါရဲ့"

သူသည် ဤသို့စိတ်ထဲတွင် ဆုံးဖြတ်ချက်ချပြီး ခြေလှမ်းခပ်သွက်သွက်ဖြင့် ဆက်လျှောက်သွားမိသည်။ သူသည် နှစ်မိုင်ခန့်လျှောက်မိသောအခါ လယ်သမားများနေထိုင်သောအိမ်တစ်လုံးကို တွေ့မြင်ရလေသည်။

သူသည် ဝမ်းသာသွားမိ၏။

ထိုအိမ်ကလေးဆီသို့ သူလျှောက်သွားသည်။

အဘိုးအိုတစ်ယောက်သည် ရေတွင်းတွင် ရေငင်နေသည်။

မွန်တင်းကိုတွေ့ရသောအခါ အဘိုးအိုသည် ရေပုံးကိုပစ်ချပြီး ကြောက်လန့်တုန်လှုပ်စွာဖြင့် ဒူးထောက်လိုက်သည်။

"ကျုပ်တို့ကိုချမ်းသာပေးပါဗျာ၊ အိမ်ထဲမှာလည်း ပစ္စည်းတွေကုန်ပါပြီ၊ ဘာမှလဲမကျန်တော့ပါဘူး၊ အသက်တော့ ချမ်းသာပေးပါ"

မွန်တင်းသည် အဘိုးအို၏အပြုအမူကိုအံ့ဩမိသည်။

"အဘ ကျွန်တော်ကလူကောင်းပါ၊ ခရီးသွားတစ်ယောက်ပါ၊ လမ်းသွားရင်း ဗိုက်ဆာလာလို့ အဘတို့ဆီတို့မှာ စားစရာတစ်ခုခုများရှိမလားလို့ လာပြီးအကူအညီတောင်းတာပါခင်ဗျာ"

သူသည် ပြောဆိုပြီးသည်နှင့် အိတ်ထဲမှငွေတုံးလေးတစ်တုံးကိုယူ၍ အဘိုးအိုအားပေးလိုက်သည်။

"ဟောဒီငွေစကိုယူထားပါခင်ဗျား"

မွန်တင်း၏ယဉ်ယဉ်ကျေးကျေးဆက်ဆံမှုကြောင့် အဘိုးအိုသည် မွန်တင်းအားမော့ကြည့်လိုက်၏။

"ဩော် .... လက်စသတ်တော့ ဟိုလူမှမဟုတ်ဘဲ၊ အဘဖြင့် တော်တော်ကြောက်သွားတာပဲ"

သူသည် မွန်တင်း၏ငွေစကိုလက်မခံပေ။

"စားစရာကတော့ အိမ်မှာရှိပါတယ်၊ ငွေတော့လက်မခံပါရစေနဲ့၊ မောင်ရင်ကြိုက်သလောက်စားပါ"



အဘိုးအိုသည် မတ်တပ်ရပ်ပြီး ရေပုံးကိုဆွဲကာ အိမ်ထဲသို့ ဝင်သွားလေ၏။

"ကဲ .... မောင်ရင် ဒီမှာခဏထိုင်ပါဦး၊ မောင်ရင်စားဖို့ ကျုပ်သွားလုပ်လိုက်ဦးမယ်"

တစ်ခဏအကြာတွင် အဘိုးအိုသည် စားသောက်ဖွယ်ရာများကိုလာရောက်ချပေးသည်။

သူ၏နောက်တွင် အဘွားအိုတစ်ယောက်ပါလာ၏။

"ကဲ .... မောင်ရင် အားမနာနဲ့ စားသာစားပါ"

"ဟုတ်ကဲ့ .... ကျေးဇူးတင်ပါတယ်ဘဘ"

မွန်တင်းသည် ဗိုက်အလွန်ဆာနေပြီဖြစ်သဖြင့် အားမနာနိုင်တော့ဘဲ အားရပါးရစားသောက်လိုက်သည်။

သူသည် ဗိုက်ဝတော့မှ.......

"ဩော် .... ဒါနဲ့ အဘ၊ ခုနက ကျွန်တော့်ကိုတွေ့တုန်းက ဘာဖြစ်လို့ ကြောက်နေရတာလဲဟင်"

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလိုပါမောင်ရင် မနေ့က လူတစ်ယောက် ကျုပ်အိမ်လာတယ်၊ စုဆောင်းထားတဲ့ပစ္စည်းတွေအားလုံး လုယူသွားတဲ့အပြင် အဘရဲ့သမီးကိုလည်း အတင်းအဓမ္မဆွဲခေါ်သွားမလို့လုပ်နေတယ် အဘကလည်း အားမတန်မာန်လျှော့ဆိုသလို သူ့ကိုဖက်ပြိုင်မယှဉ်နိုင်မှန်းသိတာနဲ့ အဘလည်း သူ့ကိုလက်ထပ်ပေးဖို့သဘောတူပါတယ်ဆိုပြီး ညာလွှတ်လိုက်ပါတယ် ... အဲဒါ မောင်ရင့်ကိုတွေ့

တော့ သူပြန်လာတယ်အထင်နဲ့ကြောက်လန့်သွားတာပါ"

မွန်တင်း မျက်မှောင်ကုပ်သွား၏။

"ဒီလူကို အဘသိသလား"

"မသိပါဘူးကွယ်"

"ဒီလိုဆိုရင် အဘဘယ်လိုလုပ်မလဲ"

"အဘသမီးကို ဒီမနက်ဘဲ မြို့ကိုပို့ထားလိုက်ပြီလေ၊ သူလာရင်တော့ တောင်းပန်မယ်လို့စိတ်ကူးထားပါတယ်"

ရုတ်တရက်........

"ဟား.....ဟား.......ဟား"

စူးရှသော ရယ်မောသံတစ်ခုံပေါ်လာ၏။

ထိုရယ်မောသံကြောင့် .... အဘိုးအိုလင်မယားမှာ မျက်နှာကွက်ခနဲပျက်သွားလေတော့၏။ ရယ်သံဆုံးသည်နှင့် လူတစ်ယောက် တံခါးဝလာရပ်နေသည်ကိုတွေ့မြင်လိုက်ရလေ၏။

မွန်တင်းသည် ထိုလူကိုလှမ်းကြည့်လိုက်၏။

ထိုလူမှာ အသက် (၃၀)ခန့်ရှိမည်။ မျက်နှာမှာ ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်မည့်ပုံသဏ္ဍာန်ရှိလေ၏။

သူ၏ရယ်သံနှင့်လှုပ်ရှားမှုကိုကြည့်ခြင်းအားဖြင့် .....

ထိုသူမှာ သိုင်းပညာအဆင့်မြင့်သော သူတစ်ယောက်ဟုခန့်မှန်းနိုင်သည်။ သိုင်းပညာအားကိုးဖြင့် မိုက်မဲဆိုးသွမ်းနေသူတစ်ယောက်ဖြစ်ပါလိမ့်မည်။

ထိုသူက အဘိုးအိုကိုစေ့စေ့ကြည့်ရင်း.........



"ကဲ အဘိုးကြီး .... ခင်ဗျားသမီးဘယ်မလဲ၊ ပြောစမ်း"

"သမီး သမီးမရှိတော့ပါဘူးခင်ဗျား"

အဘိုးအိုမှာ ကြောက်လန့်တုန်လှုပ်လွန်းသဖြင့် စကားများပင် ထစ်ထစ်ငေါ့ငေါ့ဖြစ်သွားသည်။

"ဟား .... ဟား ..... ဟား .... ဟား"

ထိုသူက ကောက်ကျစ်စဉ်းလဲစွာဖြင့်ရယ်မောလိုက်သည်။

"ဩော် ခင်ဗျားကြီးကဒီလိုလား။ ဒီမှာအဘိုးကြီး ဖုံးတုကို ဒီလိုလုပ်လို့မရဘူးဆိုတာမှတ်ထားပါ"

ဖုံးတုဆိုသူသည် ပြောပြီး အဘိုးအိုထံသို့လျှောက်သွား၏။

"ဒီမှာမိတ်ဆွေ"

မွန်တင်းက ဟန့်တားလိုက်သည်။

ဖုံးတုသည် မွန်တင်းအား လှမ်းကြည့်လိုက်သည်။

ထို့နောက် အဘိုးအိုအားမဲ့ပြုံးပြုံးပြကာ ....

"ဩော် .... လက်စသတ်တော့ ခင်ဗျားက စစ်ကူခေါ်ထားတာကိုး"

အဘိုးအိုက လက်ကိုတုန်တုန်ယင်ယင်ဖြင့်ခါပြရင်း ....

"မဟုတ်ရပါဘူးခင်ဗျား၊ ဒီသူငယ်က ခရီးသွားဧည့်သည်ပါ၊ လမ်းမှာစားသောက်စရာမရှိလို့ အဘဆီမှာဝင်ပြီး အကူအညီတောင်းတာပါ"

မွန်တင်းသည် အဘိုးအိုအားလက်ကာပြလိုက်သည်။

"အဘ ဒီကိစ္စကျွန်တော်ဝင်ဖြေရှင်းပေးပါရစေ"

သူသည် ဖုံးတုဘက်သို့လှမ်းကြည့်ရင်း ....

"ဒီမှာမိတ်ဆွေ ..... ခင်ဗျားရဲ့လုပ်ရပ်တွေက မလွန်လွန်းဘူးလားဗျာ"

ဖုံးတုက မဲ့ပြုံးပြုံးလိုက်သည်။

"ဟား......ဟား.......ဟား...မင်းကများ ငါ့ကိုစွကိုဝင်စွက်ရသလား၊ သေချင်လို့နဲ့တူတယ်"

သူသည် ဤသို့ပြောပြီးသည်နှင့် လျှပ်တစ်ပြက် မွန်တင်းအားဝင်ရောက်တိုက်ခိုက်လိုက်၏။

မွန်တင်းသည် ယီးမုထံမှသင်ကြားခဲ့သောသိုင်းကွက် (၇) ကွက်ဖြင့် အသာအယာရှောင်တိမ်းလိုက်၏။

"ဩော် .... မင်းကသိုင်းပညာလဲတတ်တာကိုး"

ဖုံးတုသည် ပြောရင်းထပ်မံတိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ်သူသည် ပြင်းပြင်းထန်ထန်တိုက်ခိုက်ခြင်းဖြစ်သည်။ မွန်တင်းသည် သိုင်းကွက် (၇)ကွက်နှင့်ပင် ဖုံးတု၏တိုက်ကွက်ကိုရှောင်တိမ်းသည်။

ဖုံးတုသည် တိုက်ခိုက်ရာမှရပ်တန့်လိုက်၏။ ထို့နောက် မွန်တင်းအား မျက်မှောင်ကုပ်၍ကြည့်လိုက်ပြီး ....

"မင်းနာမည်ဘယ်သူလဲ"

"မွန်တင်းပါ"

"မွန်တင်းဟုတ်လား"

ဖုံးတုက ထိုနာမည်ကိုရေရွတ်ရင်းစဉ်းစားနေ၏။



အတန်ကြာမှ သူသည် တစ်စုံတစ်ရာကိုသတိရလာမိ၏။

"ဟုတ်ပြီ .... မင်း ဟုန်စွန်းအိနဲ့သွားပြီးယှဉ်ပြိုင်သေးတယ်မဟုတ်လား"

"ဟုတ်တယ် .... အဲဒါဘာဖြစ်သလဲ"

"ဩော် .... ဒါကြောင့် ငါ့ကိုအန်တုဝံ့တာကိုး"

ဖုံးတုသည် ယင်းသို့ပြောပြီး သူ၏လက်နှစ်ဖက်ကို အသာအယာဆန့်ထုတ်လိုက်သည်။

"ဒီတစ်ခါ ငါ့ရဲ့လက်မည်းသိုင်းကွက်ပညာကို စမ်းကြည့်ပါဦး"

သူသည် ဤသို့ပြောဆိုပြီးသည်နှင့် အတွင်းအားများကိုလက်ဝါးထဲသို့ပို့ဆောင်လိုက်သည်။ မွန်တင်းသည် ဖုံးတု၏လက်ဝါးနှစ်ဖက်မှာ တဖြည်းဖြည်းညိုမည်းလာသည်ကို တွေ့လိုက်ရလေသည်။ အဆိပ်လက်ဝါးပေတည်း။

သူသည် ရင်ထိတ်သွား၏။ ဤကဲ့သို့ လက်ဝါးမျိုးသည် အဆိပ်ရည်များစိမ်ထားပြီး လေ့ကျင့်ထားသောလက်ဝါးမျိုးဖြစ်သည်ကို သူရိပ်စားမိလေ၏။

သူသည် ဤသို့တွေးနေစဉ်မှာပင် .....

"ယား ...."

ရုတ်တရက် ဖုံးတု၏ကျယ်လောင်သောအသံနှင့်တကွ သူ၏လက်ဝါးနှစ်ဖက်သည် မွန်တင်းထံသို့ရိုက်ချလိုက်လေ၏။

ရုတ်တရက်ဖြစ်၍ ....

မွန်တင်းသည် ရှောင်တမ်းရန်သတိမရချေ။ ဖုံးတုတိုက်ခိုက်လာမှ ကပျာကယာရှောင်တိမ်းလိုက်သည်။

သို့သော် နောက်ကျသွားချေပြီ။ ဖုံးတု၏လက်ဝါးသည် မွန်တင်း၏ရင်ဝသို့ ထိထိမိမိရိုက်ချခြင်းခံလိုက်ရသည်။

"ဝုန်း"

မွန်တင်းမှာ ကြိုးပြတ်ထားသောစွန်ကဲ့သို့ အဝေးသို့လွင့်သွားပြီး မြေပေါ်သို့ကျသွားလေ၏။

"ဟား ..... ဟား .... ဟား ...."

ဖုံးတု အားပါးတရရယ်မောလိုက်သည်။ သူသည် မွန်တင်းထံသို့လျှောက်လာပြီး ခါးထောက်ကာငုံ့ကြည့်လိုက်သည်။

"မင်း ဒီလို မတောက်တခေါက်သိုင်းပညာလေးနဲ့ သူများကိစ္စဝင်ပြီး လူစွမ်းကောင်းလုပ်တော့ ဒီလိုပဲခံရမှာပေါ့၊ အခု မင်းဟာ ငါ့ရဲ့လက်မည်းသိုင်းကွက်မိသွားတဲ့အတွက် မင်းအသက်ဟာ (၂၄) နာရီပဲခံတော့မယ်ဆိုတာသိထားစမ်းပါ"

ဖုံးတုသည် ဤသို့ပြောပြီးသည်နှင့် မွန်တင်း၏ခန္ဓာကိုယ်ကိုခြေဖြင့်ကန်လိုက်ပြန်၏။

"အား"

မွန်တင်း၏ကိုယ်ခန္ဓာသည် အဝေးသို့လိမ့်သွားလေသည်။

"ရပ်လိုက်"

ရုတ်တရက် အသံတစ်သံပေါ်ထွက်လာ၏။

ဖုံးတုသည် အသံလာရာသို့လှမ်းကြည့်လိုက်သည်။



အခန်းဝတွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရ၏။ မွန်တင်းသည် မြေပေါ်မှလူးလဲထလိုက်သည်။ သူ၏ပါးစပ်၌လည်း သွေးများဖြင့်ပေကျံနေ၏။

သူသည် အခန်းဝတွင်ရပ်နေသူကိုတွေ့မြင်လိုက်ရသောအခါ အံ့အားသင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် .....

သူတွေ့မြင်ရသူမှာ လမ်း၌တွေ့ဆုံခဲ့ရသော အနက်ရောင်ဝတ်ဆင်ထားသည့်မိန်းကလေးဖြစ်နေသောကြောင့်တည်း။

ဖုံးတုသည် ထိုမိန်းကလေးကိုတွေ့လိုက်ရသောအခါ မျက်မှောင်ကုပ်သွား၏။

"မင်းဘယ်သူလဲ"

မိန်းကလေးကခေါင်းခါယမ်းလိုက်၏။

"ကျွန်မဘယ်သူလဲဆိုတာ အရေးမကြီးဘူး"

သူမသည် မြေပေါ်တွင်လူးလိမ့်ထနေသောမွန်တင်းအား တစ်ချက်ကြည့်လိုက်၏။

"ကျွန်မ ရှင့်ကိုလာကယ်တာမဟုတ်ဘူး၊ အခုရှင်ဒဏ်ရာတော်တော်ရနေတယ်၊ အဲဒီဒဏ်ရာကို ဆယ့်လေးငါးရက်လောက်ကုရလိမ့်မယ်၊ အေးလေ .... ရှင့်ကိုကျွန်မစောင့်ပါ့မယ်၊ ရှင့်ဒဏ်ရာလုံးဝပျောက်ကင်းမှ ရှင့်အသက်ကိုကျွန်မလာယူပါ့မယ်"

သူမသည် ပြောဆိုပြီး ဖုံးတုဘက်လှည့်ကာ....

"ရှင့်နာမည်ဖုံးတုဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်က သိုင်းလောကမှာသိုင်းရာဇာငါးယောက်ကိုအနိုင်ယူခဲ့တယ်လို့ကြားရတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ရှင်မဆိုးဘူးဘဲ၊ သိုင်းပညာအဆင့် တော်တော်မြင့်တဲ့လူတစ်ယောက်ပဲ၊ ရှင့်ကိုသတ်ရင် နှမြောစရာကောင်းမယ်၊ အဲဒီတော့ ကိုယ့်ကိုယ်ကို ခြေတစ်ဖက်ဖြတ်လိုက်ရင်တော့ အသက်ချမ်းသာပေးလိုက်မယ်"

ဖုံးတုသည် မိန်းကလေး၏စကားကြောင့် ဒေါသထွက်လာမိ၏။

သူသည်တဟားဟားရယ်လိုက်ပြီး.....

"ဩော် ..... မင်းကကျုပ်ကို ခြေထောက်ဖြတ်ခိုင်းတယ်ဟုတ်လား၊ ဒီမှာ မင်းသတ္တိရှိရင်လာဖြတ်စမ်းပါ"

မိန်းကလေးသည် မျက်မှောင်ကုပ်သွားသည်။

"ရှင့်ကိုယ်ရှင်ဖြတ်ပစ်ရင်တော့ ခြေထောက်တစ်ဖက်ပဲဖြတ်မယ် ကျွန်မကိုယ်တိုင်ဖြတ်ရမယ်ဆိုရင်တော့ နှစ်ဖက်စလုံးမှ ကျွန်မကျေနပ်နိုင်မယ်"

မိန်းကလေး၏စကားကြောင့် ဖုံးတုသည် ဒေါသထွက်လွန်း၍ ဘစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာလေသည်။

မိန်းကလေးသည် သူ့အားလှည့်၍ပင်မကြည့်ပါ။

သူသည် မွန်တင်းဘက်သို့လှည့်ကြည့်လိုက်သည်။



"ဒီမှာ ရှင်က သိုင်းပညာ မတော်ဘက်တာခေါက်တတ်တာနဲ့ ဟိုလူ့ဝင်စွက်၊ ဒီလူ့ဝင်စွက်နဲ့ အခုဘယ်နှယ့်ရှိစ၊ လမ်းမှာ ရှင် ကျွန်မကိုပြောတဲ့စကားမှတ်မိသေးလား၊ ရှင့်ကို ကျွန်မသတ်ပစ်မလို့ဘဲ၊ ဒါပေမဲ့ ရှင်အခု ဒဏ်ရာတော်တော်ပြင်းနေလို့ အသက် ချမ်းသာပေးလိုက်မယ် တစ်ခုတော့ရှိတယ် ရှင့်ဒဏ်ရာပျောက်သွားတာနဲ့ သိုင်းလောကမှ အပြီးအပိုင်အနားယူရမယ်၊ တကယ်လို့များ ကျွန်မစကားနားမထောင့်ဘဲ၊ သိုင်းလောကမှာလှုပ်ရှားနေတာကို တွေ့ခဲ့ရင်တော့ ရှင့်ကိုကျွန်မသတ်မှာပဲ"

သူမသည် အိတ်ထဲမှ ဆေးလုံးတစ်လုံးယူ၍....

"ဟောဒီမှာ ရှင်ဒဏ်ရာကုတဲ့ဆေးလုံး၊ ကျွန်မ ပေးလိုက်မယ် ရှင်ချက်ချင်းသက်သာသွားမယ်..."

မွန်တင်းသည် မိန်းကလေးပေးလာသောဆေးလုံးကို မယူဘဲ ငြင်းပယ်ရန်ဟန်ပြင်လိုက်သည်။ မိန်းကလေးသည် သူ၏နှာခေါင်းကိုပိတ်ကာ ဆေးတစ်လုံးကို ပါးစပ်ထဲသို့ထည့်လိုက်သည်။

မွန်တင်းသည် ဆေးလုံးကိုပြန်လည်ထွေးရန် ကြိုးစား၏။ သို့သော် ထိုဆေးလုံးသည် ပါးစပ်ထဲရောက်ရှိသည်နှင့် အရည်ပျော်ကာ လည်ချောင်းထဲသို့ဝင်သွားသည်။

အလွန်မွှေးကြိုင်ပြီးပူနွေးသောအငွေ့တို့သည် ကိုယ်ထဲသို့ဝင်သွားကာ အဆိပ်များသည် ချွေးသီးချွေးပေါက်အဖြင့် ကိုယ်ထဲမှထွက်လာလေ၏။ သွေးလည်ပတ်မှုများမှာလည်း ပြန်လည်ပုံမှန်လည်ပတ်လာနေသည်ကို ခံစားလိုက်ရသည်။

မွန်တင်းသည် မိန်းကလေးပေးသောဆေးလုံးမှာ အလွန်တန်ဖိုးရှိသောဆေးလုံးဖြစ်မှန်းသိလိုက်သည်။ သူသည် မိန်းကလေးကိုပြောဆိုခဲ့မိသည်ကိုပင် အားတုံ့အားနာဖြစ်မိလေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားရဲ့ကျေးဇူးကို ကျွန်တော်မှတ်ထားပါ့မယ်"

မိန်းကလေးသည် မည်သို့မှပြန်မပြောပါ။

သူသည် ဖုံးတုဘက်သို့လှည့်လိုက်သည်။

"ရှင်ကော ဒဏ်ရာရသေးလား၊ ကျွန်မက ဒဏ်ရာရတဲ့သူကို သက်သာခွင့်ပေးတတ်တယ်"

ဖုံးတုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဒဏ်ရာရစရာအကြောင်းဘာမှမရှိပါဘူး၊ ခင်ဗျားက ကျုပ်ရဲ့ခြေထောက်ကိုဖြတ်ချင်ရင်တော့ လာဖြတ်ပါ"

မိန်းကလေးသည် မဲ့ပြုံးပြုံးလိုက်သည်။

"ရှင့် ခြေထောက်တစ်ဖက်မဟုတ်ဘူး၊ နှစ်ဖက်စလုံးကို ကျွန်မ လာဖြတ်မယ်"

သူမသည်ပြောရင်း ဖုံးတုထံသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။ မွန်တင်းက ဟန့်တားလိုက်သည်။

"မလုပ်ပါနဲ့ဗျာ .... သိုင်းပညာချင်း ယှဉ်ပြိုင်ဖို့သာထုံးစံရှိပါတယ်၊ ဘာဖြစ်လို့ သူများခြေထောက်ကို ဖြတ်ချင်ရတာလဲ သူများကို ဒုက္ခမပေးပါနဲ့"

မိန်းကလေးသည် သူ့အားစေ့စေ့ကြည့်လိုက်သည်။



"ဘာလဲ ရှင်က သူ့ဘက်ကလိုက်ပြောနေတာလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က သိုင်းသမားတစ်ယောက်စောင့်ထိန်းအပ်တဲ့ကျင့်ဝတ်ကိုပြောပြနေတာပါ"

မိန်းကလေး စကားမပြောတော့ပါ။

သူမသည် လျှပ်တစ်ပြက် ဖုံးတုထံသို့ လက်ဝါးစောင်းနှစ်ဖက်ဖြင့်တွန်းထုတ်လိုက်လေသည်။

"ဂုန်း"

ဖုံးတု၏ခန္ဓာကိုယ်သည် ပြတင်းပေါက်မှလွင့်စဉ်ကာ အပြင်သို့ရောက်သွားသည်။

မိန်းကလေးက မွန်တင်းအားပြုံးပြကာ ....

"ကဲ .... ရှင်ကျေနပ်သွားပြီးမဟုတ်လား၊ ကျွန်မ သူ့ခြေထောက်ကိုမဖြတ်တော့ဘူးလေ၊ ဒါပေမဲ့ နည်းနည်းလောက်တော့ဆုံးမရမှ ကျွန်မ ကျေနပ်မယ်၊ တစ်ခုတော့ပြောပါရစေ၊ ရှင်ဒဏ်ရာပျောက်ပြီး သိုင်းလောကမှာဝင်ရှုပ်နေရင်တော့ ရှင့်ကို ကျွန်မခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ ဒါပဲ .... မပြောမရှိနဲ့"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် ကိုယ်ခန္ဓာတစ်ချက်လှုပ်ရှားပြီး ပြတင်းပေါက်မှခုန်ထွက်သွားလေတော့သည်။

****

## အခန်း (၁၅)
## သတိပေးသည့်စာ

မွန်တင်းသည် အတန်ကြာငေးငိုင်၍နေသည်။

အနက်ရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် မည်သူဖြစ်ပါသနည်း။

သူမကို သူ,မသိပါ။

သူမသည် ငယ်ငယ်ရွယ်ရွယ်ရှိလင့်ကစား .... သိုင်းပညာသည် အလွန်အံ့သြဖွယ်ရာကောင်းလောက်အောင်ထူးချွန်နေသည်။

သူမ၏အမူအရာမှာလည်း ....

အေးစက်ပြီး ရက်စက်ကြမ်းကြုတ်သည်ဟုထင်ရသည်။

သူသည် အခန်းထဲမှထွက်လာသည်။

ဖုံးတုသည် သူမ၏တိုက်ခိုက်မှုကြောင့် မည်သို့ဖြစ်နေသည်ကိုလည်း ကြည့်လို၍ဖြစ်ပါသည်။

ဖုံးတုသည် မြေပေါ်ကပင် မထနိုင်သေးပါ။

မွန်တင်းသည် သူ့အားသွားရောက်ဖေးမလိုက်သည်။



ဖုံးတုသည် ....

မွန်တင်းက မိမိအားအမုန်းမပွားသည့်အပြင်ကူညီမှုပင်ပေးနေသည်ကိုတွေ့ရသောအခါ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ကနေ့ မိန်းကလေးတစ်ယောက်ကိုရှုံးရတာ သိပ်ရှက်ဖို့ကောင်းတယ်၊ ဒါပေမဲ့ .... ကျုပ်အသက်ရှင်နေသမျှ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မင်းကိုပြန်တွေ့ရဦးမှာပေါ့"

သူသည် ဤသို့ပြောပြီး မွန်တင်းအားတွန်းဖယ်ကာ ခြေလှမ်းယိမ်းယိုင်စွာဖြင့် ထိုနေရာမှထွက်ခွာသွားလေသည်။

မွန်တင်းသည် ဖုံးတု၏ဒဏ်ရာများ အတော်ပြင်းထန်နေသည်ဟုရိပ်စားမိလိုက်၏။

ထိုမိန်းကလေး၏သိုင်းပညာကိုလည်း အမှန်ပင် အံ့အားသင့်နေမိလေသည်။ ဤမိန်းကလေးသည် ဟုန်စွန်းအိထက်ပင်သာလွန်နေသလော။

သူ ယင်းသို့တွေးတောနေစဉ်မှာပင် အဘိုးအိုဇနီးမောင်နှံသည် သူ့အားကျေးဇူးတင်စကား လာရောက်ပြောကြားလေသည်။

"မောင်ရင်ရယ် .... မောင်ရင့်ကိုကျေးဇူးတင်လို့ မဆုံးတော့ပါဘူး၊ ကျုပ်တို့ မောင်ရင့်ကိုအစားအစာကျွေးမွေးခဲ့တာ မေတ္တာစေတနာနဲ့ပါ၊ အခုတော့ မောင်ရင်က ကျုပ်တို့ကိုကယ်လိုက်တာပါပဲ၊ ကျေးဇူးတင်ပါတယ်ကွယ် .... ကျုပ်တို့ ဘယ်လိုပြောရမယ်တောင် မသိတော့ပါဘူး"

မွန်တင်းသည် အဝတ်အစားများကိုပြန်လည်ပြုပြင်ပြီး ထို

အဘိုးအိုဇနီးမောင်နှံအား နှုတ်ဆက်ကာ လာလမ်းအတိုင်း ပြန်လည်လျှောက်သွားလေတော့၏။

အဘယ့်ကြောင့် ဆိုသော်

သူသည် ယီးမုက သူ့အား ပေးထားသောအထုပ်ကလေး နှင့် သူ၏ကိုယ်ပိုင်အထုပ်ကလေးများမှာ အနောက်တောင်တန်းတွင် မေ့ကျန်ရစ်ခဲ့သောကြောင့် ပြန်လည်ယူဆောင်ရန်ဖြစ်ပေသည်။

****

မွန်တင်းသည် အတန်ကြာလျှောက်လာမိသောအခါ မင်းလမ်းနံဘေး၌ လူများ အတုံးအရုံးလဲကျနေသည်ကိုတွေ့မြင်လိုက်ရသည်။

ထိုလူများသည် သိုင်းသမားများဖြစ်ကြလေ၏။

ယင်းသိုင်းသမားများထဲတွင် အချို့မှာဒဏ်ရာပြင်းထန်စွာဖြင့် သေဆုံးနေသည်။ အချို့မှာမူ ခြေလက်ပြတ်ကာ သေဆုံးနေသည်ကိုတွေ့ရသည်။ မွန်တင်းသည် ထိုအလောင်းများကိုကြည့်ကာ ပါးစပ်အဟောင်းသားဖြင့် ငေး၍နေမိသည်။

သူသည် ဤမျှရက်ရက်စက်စက်မလုပ်ရက်ပါ။ မည်သူက ဤသူများကို ရက်ရက်စက်စက်သတ်သွားရပါသနည်း။

သူသည် အလောင်းများကို တစ်လောင်းပြီး တစ်လောင်း လိုက်၍ကြည့်ရှုရင်း ....



တောအုပ်တစ်နေရာသို့ရောက်သောအခါ သစ်ပင်များပေါ်တွင် တွဲလောင်းချထားသော လူများကိုတွေ့လိုက်ရပြန်လေသည်။

သစ်ပင်ပေါ်၌ လူငါးယောက်ကိုတွဲလောင်းချည်နှောင်ထားသည်။ ထိုလူများကိုသေချာကြည့်လိုက်သောအခါ မိမိသိကျွမ်းခဲ့ဖူးသူများဟု ထင်မိသည်။

သူသည် တစ်ဦးစီကို လိုက်၍ကြည့်သည်။ ထိုသူများမှာ တစ်ဦးမျှဒဏ်ရာမရကြပေ။ ရုတ်တရက် သူသည် ထိတ်လန့်အံ့အားသင့်သွား၏။

ထိုလူများကို သူမှတ်မိလိုက်သည်။

ဤလူငါးယောက်သည် သိုင်းလောကတွင် နာမည်ကြီးနေသော သိုင်းရာဇာများဖြစ်ကြလေသည်တကား။

သူသည် တုန်လှုပ်သွားမိ၏။ ဤလူများကို သိုင်းလောကတစ်ခုလုံး ဟုန်စွန်းအီမှအပ မည်သူကမှယှဉ်ပြိုင်နိုင်သူမရှိပါ။

ယခု .... ထိုသိုင်းရာဇာများကို မည်သူကသတ်သွားပါသနည်း။

ရုတ်တရက် .... သူသည် တစ်စုံတစ်ယောက်သောသူကို သတိရလာမိသည်။

"အင်း အနက်ရောင်ဝတ်ဆင်ထားတဲ့မိန်းကလေးပဲထင်တယ်၊ ဩော်တော်ရက်စက်တဲ့မိန်းကလေးပဲ"

မွန်တင်းက ထိုသို့စိတ်ထဲတွင်ပြောမိ၏။ သူသည် အနက်ရောင်မိန်းကလေးအပေါ် ခံပြင်းစိတ်ပေါ်လာလေတော့သည်။

ထို့နောက် သူသည် သိုင်းရာဇာငါးယောက်၏ အလောင်းများကိုချပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်တော့သည်။

ဤသည်မှာ သူ၏ ကရုဏာတရားပင် ဖြစ်ပါ၏။

တစ်ဖန် လမ်းဘေး၌သေးဆုံးနေသူများကိုလည်း မြေမြှုပ်ပေးလိုက်၏။ အလောင်းများအားလုံးကိုမြေမြှုပ်ပြီးသောအခါ သူ့တစ်ကိုယ်လုံးလည်း သွေးများပေကျံ၍နေသည်။

ထို့ကြောင့် ..... သူသည် မြို့ထဲသွား၍အဝတ်အစားတစ်စုံ ဝယ်ယူရန်ဆုံးဖြတ်လိုက်သည်။ သို့သော် သူသည် အိတ်ထဲသို့နှိုက်ကြည့်လိုက်သောအခါ...

"ဟိုက် .... ဒုက္ခပဲ၊ ငါ့မှာငွေဆိုလို့ တစ်တုံးတစ်စမှမရှိတော့ပါလား၊ ငါတော့ဒုက္ခရောက်ပြီ"

သူ လွှတ်ခနဲညည်းညူပြောဆိုနေစဉ် ....

"ဘုတ် ..."

သစ်ပင်များကြားမှ ရုတ်တရက် အရာဝတ္ထုတစ်ခု သူ့ထံသို့ကျရောက်လာသည်ကိုတွေ့လိုက်ရလေ၏။ ထိုအရာဝတ္ထုကို လှမ်းကြည့်လိုက်သောအခါ အံ့အားသင့်သွားမိသည်။

အဘယ့်ကြောင့်ဆိုသော် .... ယင်းအရာဝတ္ထုသည် ရွှေတုံးတစ်တုံးဖြစ်သောကြောင့်တည်း။

သူ ဝန်းကျင်ကိုကြည့်လိုက်သည်။ လူရိပ်ဟူ၍မတွေ့ရချေ။ သူ အတွေးရခက်သွားသည်။ သူသည် ရွှေတုံးကိုကောက်ယူလိုက်လေ၏။



ယခု သူ့အဖို့ အင်္ကျီဝယ်ယူရန်ရွှေတုံးလေး ရှိနေပြီမဟုတ်ပါလား။

မည်သူက တိတ်တဆိတ်ကူညီခဲ့ပါသနည်း။

ထို့နောက် သူသည် ယင်းနေရာမှ ထွက်သွားလေတော့သည်။ သူ၏ခြေလှမ်းများသည် သွက်လက်လာလေ၏။

မြို့ရိုးကို ခပ်လှမ်းလှမ်းမှမြင်တွေ့ရသည်နှင့် မွန်တင်းသည် ဝမ်းသာသွားမိသည်။ သူသည် တအားတက်လာကာ ခြေလှမ်းသွက်သွက်လျှောက်သွားမိတော့သည်။

ထိုမြို့သည် မည်သည့်မြို့ဖြစ်သည်ကို မွန်တင်းက မေးမြန်းစုံစမ်းခြင်းပင် မရှိပါ။ သူသည် မြို့ထဲသို့ရောက်ရှိသွားသည်နှင့် ဟည်းခိုခန်းတစ်ခုသို့တန်းဝင်သွားသည်။ ရွှေတုံးကလေးကို ဆိုင်လုလင်အားပေးပြီး လိုအပ်သောအစားအသောက်ကို မှာကြား၏။

ထို့နောက် ဆိုင်လုလင် နေရာချပေးသောအခန်းသို့ဝင်ကာ ရေမိုးချိုးသည်။ သူသည် ရေမိုးချိုးပြီး မကြာမီ ဆိုင်လုလင်သည် အဝတ်အစားနှင့်အစားအသောက်များကိုယူ၍ ရောက်ရှိလာ၏။

မွန်တင်းသည် အဝတ်အစားကိုယူ၍ဝတ်ကြည့်သည်။

သူ၏ကိုယ်တိုင်းနှင့် တညီတည်းဖြစ်နေသည်ကိုတွေ့ရလေသည်။ ဆိုင်လုလင်ပြန်အမ်းသော ရွှေတုံးကလေးများကိုပြန်ယူပြီးနောက် သူသည် ဆိုင်လုလင်အား အခန်းခ၊ အစားအသောက်ဖိုးနှင့်ဆုငွေအဖြစ် ရွှေတုံးလေးတစ်တုံးပါပေးလိုက်လေသည်။

သူသည် အိပ်ရန်ခုတင်ပေါ်သို့တက်ရောက်မိသောအခါ

ရုတ်တရက် ပြတင်းပေါက်မှ အရိပ်တစ်ခုကိုမြင်တွေ့လိုက်ရသည်။

သူသည် ကပျာကယာထ၍သွားကြည့်၏။ လုံးထွေးထားသောစက္ကူလုံးတစ်လုံး သူထံသို့လွင့်ပျံရောက်ရှိလာလေ၏။

ထို့နောက် သူသည် ထိုစက္ကူလုံးကိုကောက်ယူပြီး ပြတင်းပေါက်မှခုန်ထွက်၍ကြည့်လိုက်သောအခါ လူရိပ်မျှပင်မတွေ့ရတော့ချေ။ သူသည် အခန်းထဲသို့ပြန်ဝင်လာပြီး စက္ကူလိပ်ကိုဖြေ၍ကြည့်လိုက်သည်။

စက္ကူပေါ်တွင် စာကြောင်းတစ်ကြောင်းကိုတွေ့ရ၏။

"ဒီနေရာက အမြန်ဆုံးထွက်သွားပါ" ဟူ၍ပါရှိသည်။

မွန်တင်းသည် တွေးရခက်သွား၏။

ဤသတိပေးသောစာကို လာရောက်ပေးသွားသူမှာ မည်သူနည်း။

ဤသူသည် မိတ်ဆွေလော၊ ရန်သူလော။

သူသည် ထိုကိစ္စအားလုံးကိုဂရုမစိုက်ဟုဆုံးဖြတ်လိုက်၏။ သူသည် ဤသို့ဆုံးဖြတ်ပြီးနောက် အိပ်ရာထဲသို့လှဲချကာ အိပ်လိုက်မိလေတော့သည်။

****



မည်မျှကြာသွားသည်မသိ ....

ရုတ်တရက် အသံတစ်သံကြောင့် မွန်တင်းသည် အိပ်ရာမှ လန့်နိုးလာသည်။ သူသည် အိပ်ရာမှ ကပျာကယာထလိုက်မိ၏။

ထို့နောက် ပြတင်းပေါက်မှခုန်ထွက်သွားလေတော့သည်။

လမင်းကထိန်ထိန်သာနေသောကြောင့် ဝန်းကျင်တစ်ခုလုံးကို ပီပီပြင်ပြင်တွေ့မြင်နေရသည်။

သို့သော် .... သူသည် မျက်လုံးဖြင့်ကြည့်သော်လည်း လူရိပ်ဟူ၍မတွေ့ရပါ။ မွန်တင်းသည် စိတ်ပျက်စွာဖြင့် အခန်းဆီသို့ ပြန်လာခဲ့၏။

အခန်းသို့ရောက်ရှိလာသောအခါ အခန်းပြတင်းပေါက်ရှေ့တွင် မည်းမည်းသဏ္ဍာန်တစ်ခုကိုတွေ့မြင်လိုက်ရလေတော့သည်။

သူသည် ထိုမည်းမည်းသဏ္ဍာန်အရာကို ဂရုစိုက်၍ကြည့်လိုက်ရာ လူတစ်ယောက်ခွေခွေကလေးလဲနေသည်ကိုတွေ့မြင်ရလေတော့သည်။

သူသည် မျက်မှောင်ကုပ်သွားသည်။

ထိုလူကိုစမ်းသပ်လိုက်သည်။

လဲနေသူမှာ သေဆုံးနေချေသည်။

"ဒုက္ခပါပဲ .... ဒီလူက ဘာဖြစ်လို့ ငါ့အခန်းအနီးမှာလာပြီး သေနေရတာလဲ"

မွန်တင်းသည် ညည်းညူရင်း အခန်းထဲပြန်ဝင်လာသည်။

သူသည် အခန်းထဲသို့ဝင်ရောက်ပြီးကာမှ တစ္ဆေတစ်ရာကို

သတိရမိလိုက်သည်။

"ဟိုက် .... ဒါမှဒုက္ခပဲ လူတစ်ယောက် ငါ့အခန်းအနီးမှာ လာသေနေတယ်၊ ဒီလူကို ငါသတ်တယ်လို့ထင်မှာပေါ့၊ မဖြစ်ဘူး မဖြစ်ဘူး၊ ဒီအလောင်းကိုသွားဖျောက်ပစ်မှဖြစ်မယ်"

သူသည် ဤသို့တွေးမိပြီးအလောင်းရှိရာသို့ပြန်သွား၏။

သူသည် အလောင်းကိုထမ်းတင်ရန်ဆွဲလိုက်ရာ ထိုသူ၏ ရင်ဘတ်တွင် စုတ်တံဖြင့်နဂါးတစ်ကောင်ထိုးထားသည်ကိုတွေ့မြင်ရလေသည်။

"ဒုက္ခပဲ ဒီလူဟာ နဂါးစိမ်းဂိုဏ်းကလူဖြစ်နေပါလား၊ နဂါးစိမ်းဂိုဏ်းကလူကို ဘယ်သူသတ်ပြီး ငါ့ဆီလာထားသွားတာလဲ"

သူသည် ဤသို့စိတ်ထဲတွင်ပြောပြီး အလောင်းကိုပွေ့ပူမည်ပြုစဉ် ရုတ်တရက် အရာဝတ္ထုတစ်ခုသည် သူထံသို့လွင့်လာသည်ကိုတွေ့လိုက်ရသည်။ သူသည် အလောင်းကို ကမျာကယာချထားပြီး ထိုအရာဝတ္ထုကိုဖမ်းယူလိုက်သည်။

လုံးထွေးနေသောစက္ကူလုံးတစ်လုံးဖြစ်သည်။

သူသည် စက္ကူလုံးကိုဖြေကြည့်လိုက်သောအခါ မညီမညာသောစာလုံးများဖြင့် ရေးသားထားသည်ကိုတွေ့လိုက်ရသည်။

"ဒီနေရာက အမြန်ဆုံးထွက်မသွားရင် အသက်ဆုံးရှုံးသွားလိမ့်မယ်၊ တောင်အရပ်ကအမြန်ဆုံးထွက်သွားရင် အသက်ချမ်းသာရာရလိမ့်မယ်"

သူသည် စာလုံးများကိုသေချာစွာကြည့်လိုက်သည်။



မိန်းကလေး လက်ရေးဖြစ်နေသည်ကိုသတိပြုမိ၏။

ယင်းသို့ စာရေးသတိပေးသောသူမှာ မိမိအပေါ်ဒုက္ခပေးခြင်းမဟုတ်ဘဲ တကယ်ပင် စေတနာနှင့် သတိပေးနေခြင်းဖြစ်သည်ကို သူယုံကြည်သွားသည်။

သို့သော်........သူစဉ်းစားရတော့သည်။

မိမိအား မည်သူက လိုက်လံသတ်ဖြတ်ရန် ကြိုးစားနေပါသနည်း။ မိမိအား မည်သူက ဒုက္ခရောက်စေချင်သနည်း။

မိမိအပေါ် မည်သို့သောရန်ငြိုးရှိနေပါသနည်း။

သူသည် အတန်ကြာဆင်ခြင်တွေးဆပြီးနောက်......

ထိုစာ၏သတိပေးချက်ကိုနာခံပြီး ဤနေရာမှထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။ ဤသို့ဆုံးဖြတ်ပြီးနောက် .....

အလောင်းကိုချထားလိုက်ပြီး ထိုအခန်းမှပြေးလွှားထွက်ခွာသွားလေတော့၏။

****

## အခန်း (၁၆)
## လုပ်ကြံသတင်း

မွန်တင်းသည် တောင်ဘက်အရပ်သို့ မူ၍လျှောက်သွားနေသည်။ သူသည် အတန်ကြာလျှောက်မိသောအခါ သူ့နောက်၌ လေချွန်အချက်ပေးသံကိုကြားရလေ၏။

သူ ရင်ထိတ်သွားသည်။ ရှေ့သို့လျင်မြန်စွာပြေးသွား၏။

ထိုအခါ လေချွန်သံ တဖြည်းဖြည်းနီးကပ်လာသည်။

နောက်ဆုံး သူ့နောက်သို့ပင်ရောက်ရှိလာလေ၏။

မွန်တင်းက သူ၏ခြေလှမ်းကိုရပ်တန့်လိုက်သည်။

နောက်မှ လိုက်လာသူများကို လှည့်ကြည့်လိုက်သည်။ လူ (၁၀)ယောက်ခန့်ရှိ၏။ သူတို့သည် အဖြူရောင်အဝတ်အစားများ ဆင်တူဝတ်ဆင်ထားကြ၏။

"ခင်ဗျားတို့ ကျုပ်နောက်လိုက်လာကြတယ်ဟုတ်လား"

မွန်တင်းကမေးလိုက်သည်။ ရှေ့ဆုံးသို့ရောက်ရှိလာသူသည် မွန်တင်းအား စေ့စေ့ကြည့်လိုက်သည်။



"မိတ်ဆွေရဲ့နာမည်က မွန်တင်းဟုတ်လား"

"ဟုတ်ပါတယ်"

"အတော်ပဲ .... ကျုပ်တို့ကခင်ဗျားကိုလိုက်ရှာနေကြတာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားအပြစ်ကို ခင်ဗျားမသိဘူးလား"

"နေပါဦး .... ကျုပ်မှာဘာအပြစ်ရှိလို့လဲ"

"ခင်ဗျားက ကျုပ်တို့ဂိုဏ်းကလူတွေကို စော်ကားခဲ့တယ်လေ၊ ဘယ့်နှယ့်လဲ မမှတ်မိတော့ဘူးလား"

မွန်တင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... ကျုပ်ကိုယ်ကျုပ်တော့ ဘယ်သူ့ကိုမှစော်ကားမော်ကားမလုပ်ခဲ့ဘူးဆိုတာပြောရဲပါတယ်၊ ကျုပ်ရဲ့အကြင်နာတရားကို မသူတော်လုပ်ပြီး ထုတ်ဖော်ပြောမနေချင်ဘူး"

ထိုသူက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ.... မင်းကကြောက်လို့ အရေလိုလိမ်နေတာလား"

ထိုလူ၏စကားကြောင့် မွန်တင်းဒေါသထွက်သွားသည်။

"ဒီမှာမိတ်ဆွေ ..... ဒီလိုမပြောပါနဲ့၊ မင်းတို့လုပ်ချင်တာ လုပ်နိုင်တယ်"

"ကောင်းပြီလေ"

ထိုသူသည် ပြောပြီးသည်နှင့် မွန်တင်းအား စတင်တိုက်ခိုက်လေတော့သည်။ သူတို့သည် တစ်ဦးချင်း ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ၊ (၁၀)ဦးလုံး တစ်ပြိုင်တည်းမွန်တင်းအားတိုက်ခိုက်ခြင်းဖြစ်၏။

တစ်ယောက်နှင့် အများဖြစ်သောကြောင့် မွန်တင်းသည် ဤတိုက်ပွဲကို ရေရှည်တိုက်ခိုက်ပါက မိမိသာလျှင် ဒုက္ခရောက်နိုင်သည်ကိုတွက်ဆမိသည်။

ထို့ကြောင့် .... သူသည် ဆက်လက်၍တိုက်ခိုက်ရန် ဆန္ဒမရှိတော့ဘဲ၊ ယီးမုသင်ကြားပေးထားသော ရှောင်တိမ်းနည်း သိုင်း(၇)ကွက်ဖြင့် သူတို့၏တိုက်ကွက်များကို ရှောင်တိမ်းရင်း ထွက်ပြေးသွားလေတော့သည်။

သူ့နောက်မှ လူ(၁၀)ယောက်ကို သူသည် ခြေရာပျောက်ပြီးပြေးသွားခဲ့သည်။

****



နတ်ကွန်း .....

ပျက်စီးနေသောနတ်ကွန်းကျောင်းတစ်ကျောင်း ဖြစ်ပါ၏။ မွန်တင်းသည် နောက်မှလိုက်လာသောခြေသံများပျောက်သည်နှင့် ထိုနတ်ကွန်းထဲသို့ဝင်လိုက်သည်။ နတ်ကွန်းမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းမျှ ကြီးကျယ်ခမ်းနားနေသည်။

နှစ်ရှည်လများပြုပြင်ထိန်းသိမ်းမှုမရှိသဖြင့် အိုမင်းပျက်စီးနေသည်။ မွန်တင်းသည် နတ်ကွန်းထဲသို့ခြေချမိသည်နှင့် စကားပြောသံကိုကြားလိုက်ရသည်။

"ဖေဖေ ..... ဒီလူငယ်က သိုင်းရာဇာ(၅)ယောက်စလုံးကို ရက်ရက်စက်စက်သတ်လိုက်တယ်ဆိုတာ ကျွန်မဖြင့်မယုံဘူးဖေဖေ"

"အို.... သမီးကလည်း တစ်လမ်းလုံးမှာ ဒီလိုပဲပြောနေကြတာကို သမီးနားနဲ့ကြားခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ၊ ဒါကြောင့် ကျွန်မ သူ့ကိုတွေ့အောင်ရှာချင်နေတာ"

"သူ့ကိုတွေ့လဲ ဘာထူးမှာလဲသမီးရ"

"ကျွန်မ သူ့ကိုမျက်နှာချင်းဆိုင်ပြီး မေးကြည့်ချင်သေးတယ်"

"အင်း ... သမီးကလဲ သူ့အပေါ်မှာ ဘာဖြစ်လို့ ဒါလောက်တောင် သံယောဇဉ်ကြီးနေရတာလဲ"

မွန်တင်းသည် ထိုစကားပြောနေကြသူများမှာ သမီးနှင့်ဖခင်ဖြစ်နေသည်ကိုသိလိုက်ရသည်။

သားအဖနှစ်ယောက် စကားပြောနေကြခြင်းပင်။

သို့သော် .... မည်သူမည်ဝါဟူ၍မသိရသဖြင့် သူသည် နတ်ရုပ်တုကိုကွယ်ကာ အသံလာရာသို့ လှမ်းကြည့်လိုက်သည်။ သူ အံ့ဩသွား၏။ အသံရှင်မိန်းကလေးမှာ အနောက်တောင်တန်း၌ တွေ့ခဲ့ရသော အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးဖြစ်နေသည်။

သူသည် မိမိ၏ပါးကိုအမှတ်မထင်ပွတ်ကြည့်မိသည်။

မိန်းကလေးက သူ့အား ပါးရိုက်ခဲ့သည်ကို ပြန်လည်သတိရလာမိသည်။ သို့သော် သူသည် မိန်းကလေးအပေါ် မုန်းတီးစိတ်လုံးဝ မရှိခဲ့ပေ။

သူမအနီးတွင် အသက်(၅၀)ခန့်ရှိ အဘိုးအိုတစ်ယောက် ထိုင်နေသည်။ အဘိုးအို၏အသံ ဆက်လက်ထွက်ပေါ်လာနေသည်။

"နောက်ပြီး .... လူတစ်ယောက်ကို အကဲခတ်တယ်ဆိုတာ အပေါ်ယံအကဲခတ်လို့မရဘူးဆိုတာ သမီးနားလည်ဖို့ လိုတယ်"

"ဟုတ်ပါတယ်ဖေဖေ၊ ဖေဖေဟာ နာမည်ကြီးတဲ့သမားတော်ကြီးတစ်ယောက်ဆိုတော့ ရောဂါကို တိတိကျကျအကဲခတ်နိုင်သလို လူတစ်ယောက် ကောင်းတယ် မကောင်းဘူးဆိုတာကိုလဲ အကဲခတ်နိုင်တဲ့အရည်အချင်းရှိလို့ ဖေ့ဖေ့ကိုအကူအညီတောင်းရတာပါ"

"ဟုတ်ပါတယ်သမီး၊ ဒါပေမဲ့ သူ အခုဘယ်ရောက်နေမှန်းမှမသိဘဲ၊ ဘယ်လိုလုပ်ရမှာလဲ၊ ပြန်ကြပါစို့ သမီးရယ်"



"အိုဖေဖေကလဲ ထွက်လာမှတော့မထူးပါဘူးဖေဖေ၊ သူ ဒီအနီးတဝိုက်မှာရှိမယ်လို့ ကျွန်မထင်တယ်"

အဘိုးအိုသည် ထိုင်နေရာမှထလိုက်ပြီး.........

"ကဲ ဒါဖြင့်သမီးရယ် အမောပြေကြပြီပဲ၊ ခရီးဆက်ကြပါစို့၊ နားနေရင် အလကားအချိန်တွေကုန်နေမယ်"

"ဟုတ်ကဲ့ဖေဖေ"

ထို့နောက် သူတို့သည် နတ်ကွန်းကျောင်းပျက်မှ ထွက်ခွာသွားကြလေတော့သည်။

****

နေမွန်းတည့်ချိန်။

မွန်တင်းသည် အလွန်မောပန်းနေသဖြင့် နတ်ရုပ်တု၏ နောက်ကွယ်တွင် လဲလျောင်းလိုက်ရလေ၏။

သူသည် အိပ်မည်ဟုမျက်လုံးမှိတ်လိုက်ရာ ရုတ်တရက် ခြေသံများကြားလိုက်ရပြန်၏။

"ဟင် သူတို့ပြန်လာပြန်ပြီထင်တယ်"

မွန်တင်းသည် မိန်းကလေးတို့သားအဖ ပြန်လာပြီဟုထင်မိသည်။

ထို့ကြောင့် သူသည် ခြေသံကြားရာဘက်သို့ချောင်းကြည့်လိုက်သည်။

ဝင်လာသူများမှာ လူငါးယောက်ဖြစ်၏။

ထိုသူများကိုတွေ့မြင်ရသောအခါ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့၏။

အဘယ့်ကြောင့်ဆိုသော် .....

ထိုလူငါးယောက်မှာ သူကိုယ်တိုင် သင်္ဂြိုဟ်မြေမြှုပ်ပေးခဲ့သော သိုင်းရာဇာငါးယောက်ဖြစ်နေသောကြောင့်တည်း။

အကယ်၍သာ ညဦးအမှောင်ထဲတွင်တွေ့လိုက်ရပါက ထိုလူများအား တစ္ဆေသရဲဖြစ်လိမ့်မည်ဟုထင်မိမည်မှာ သေချာလှသည်။

ယခုမှာမူ နေ့ခင်းကြောင်တောင်ဖြစ်နေ၍ အရာရာကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။



ထိုသိုင်းရာဇာငါးယောက်မှာ လူသားများဖြစ်ကြောင်းကို အမိုင်အမာသိရှိလိုက်ရသည်။ မွန်တင်းသည် ပုန်းကွယ်၍ချောင်းကြည့်နေသည်။

ထိုလူငါးယောက်သည် ကျောင်းထဲသို့ရောက်သောအခါ မြေပေါ်သို့ထိုင်ချလိုက်ကြသည်။

ထိုလူငါးယောက်ထဲမှ တစ်ယောက်သောသူက သက်ပြင်းတစ်ချက်ချလိုက်ပြီး .....

"အင်း .... အခုမှဒုက္ခပဲ၊ ကြာပန်းဒေဝီဟာ မသေသေးဘဲ ရှိနေတာကို ဘယ်လိုမှစဉ်းစားလို့မရဘူး၊ အခု သူ တို့ကိုလိုက်ရှာနေပြီထင်တယ်"

အခြားတစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ပိုပြီးဆိုးတာက ကြာပန်းဒေဝီမှာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့တပည့်နှစ်ယောက်ရှိတယ်လို့ပြောတယ်၊ ကြာပန်းဒေဝီမဆိုထားနဲ့ သူတပည့်နှစ်ယောက်ကို တို့ငါးယောက်ကဝိုင်းပြီးတိုက်ခိုက်တာတောင် နိုင်မယ်မထင်ဘူး၊ ဒါကြောင့်လဲ ကျုပ်က အခုလိုသေတဲ့ပုံစံဟန်ဆောင်ရတာပေါ့"

အခြားတစ်ယောက်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားရဲ့အကြံကတော့ ကောင်းပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ် စိတ်ထဲမှာတော့ရှက်မိတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုရင် တို့သိုင်းရာဇာငါးယောက်ဟာ သိုင်းလောကမှာ တော်တော်နာမည်ကြီးတဲ့လူတွေပဲ၊ အခုလို ကိုယ့်ကိုယ်ကိုသေဟန်ဆောင်ရတော့ ကိုယ့်လိပ်ပြာ

ကိုယ်မသန့်ဘူးဖြစ်ရတော့တာပေါ့"

နောက်တစ်ယောက်ကလည်း သက်ပြင်းချကာ ....

"ဟုတ်တယ်ကွ တို့ငါးယောက်ဟာ ယောက်ျားပီပီသသနဲ့ သူတို့ကိုရပ်ဆိုင်ဖို့ကောင်းတယ်၊ အခုတော့ .... ဘုမသိဘမသိ မွန်တင်းဆိုတဲ့လူငယ်ရဲ့ခေါင်းပေါ်ပုံချနေတာ ကောင်းပါ့မလား"

ငါးယောက်ထဲမှ ကျူးကွဲဆိုသူက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ လယ်သမားကြီးယန်း၊ ခင်ဗျားကလဲဗျာ ပျော့ညံ့လိုက်တာ၊ ဒီမွန်တင်းဆိုတဲ့ကောင်က အသက်သာငယ်တယ်၊ တို့ထက်တောင်နာမည်ကြီးသေးတယ်၊ ဒါကြောင့် ကျုပ်ရဲ့အကြံက တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်လိုက်ရတာပေါ့"

တံငါသည် အဝတ်အစားဝတ်ဆင်ထားသူက ....

"ထားပါတော့လေ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ဒီလိုပဲ တစ်သက်လုံး တို့ပုန်းနေရတော့မှာလား"

ကျူးကွဲက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုဘယ်ဟုတ်မလဲ၊ ကြာပန်းဒေဝီတို့လူသိုက်ကလည်း ကြာကြာခံနိုင်မှာမဟုတ်ပါဘူး၊ တို့အခု အင်မတန်ချောင်ကျတဲ့နေရာမှာ ခေတ္တရှောင်နေရအောင်၊ တစ်ချိန်ထဲမှာ တို့ငါးယောက်လည်း သိုင်းပညာကို အချင်းချင်းဖလှယ်ပြီးကြိုးစားလိုက်ရင် သိုင်းလောကမှာ လက်မပြန်ထောင်နိုင်မှာပေါ့ကွာ"

လယ်သမားကြီးယန်းက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားအကြံကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ မွန်တင်းဆို



တဲ့ လူငယ်တစ်ယောက်ဟာ ဘုမသိ ဘမသိ တို့အတွက်နဲ့အသက်ဆုံးရှုံးရမှာကို ကျုပ်စိတ်မကောင်းဖြစ်မိလို့ပါ"

မွန်တင်းသည် သိုင်းရာဇာငါးယောက်တို့ အပြန်အလှန်ပြောဆိုနေကြသည့်စကားများကိုကြားရသောအခါ အံ့ဩထိတ်လန့်သွား၏။

လယ်သမားယန်း၏စကားအရ မိမိမှာအသက်အန္တရာယ်စိုးရိမ်ရသည်ဟုပါရှိရာ......

အဘယ့်ကြောင့် ... မိမိမှာအသက်အန္တရာယ်ရှိသည်ကို သူလုံးဝနားမလည်ပါ။

ကျူးကွဲကစကားဆက်ပြန်သည်။

"ခင်ဗျားသိပ်မစိုးရိမ်ပါနဲ့ဗျာ .... မွန်တင်းကို ကျုပ်ထမင်းဆိုင်မှာဆုံခဲ့ဖူးတယ်၊ သူ့ရဲ့ဥပဓိရုပ်ကြည့်ရတာ အသက်တိုမဲ့ပုံ လုံးဝမပေါ်ဘူးဗျ"

လယ်သမားယန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးသေ ... အခု တို့လုပ်တဲ့အကြံကို သူများတွေကဘယ်လိုထင်မလဲ၊ မွန်တင်းက ကျုပ်တို့ငါးယောက်ကို အကြောင်းမဲ့သက်သက်သတ်ပစ်တယ်လို့ မထင်ကြဘူးလား ကြာပန်းဒေဝီကိုစ ခဏထားလိုက်ပါဦး၊ ဒီသတင်းဟာ သိုင်းလောကတစ်ခုလုံးမှာပျံ့နှံ့သွားရင် မွန်တင်းကိုသတ်မဲ့သူဟာ နည်းမှာမဟုတ်ဘူးဆိုတာ ခင်ဗျားစဉ်းစားမိရဲ့လား"

ကျူးကွဲသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုမှတော့ မထူးတော့ပါဘူးလေ၊ လုပ်ပြီးတဲ့ကိစ္စကို ဘယ်လိုမှပြန်ပြင်လို့မရတော့ဘူး၊ အဲဒီတော့ သူ့ထိုက်နဲ့သူ့ကံပဲ ထားလိုက်ပါတော့"

ကျန်ရှိသောသိုင်းရာဇာလေးယောက်သည် သက်ပြင်းပြိုင်တူချပြီး စကားမပြောတော့ဘဲတိတ်ဆိတ်စွာထိုင်နေတော့သည်။

****



သိုင်းရာဇာငါးယောက် .....

သိုင်းရာဇာငါးယောက်ဟူသည်မှာ .....

အရှေ့တံငါ၊ အနောက်မုဆိုး၊ တောင်ဘက်ထင်းသမား မြောက်ဘက်လယ်သမားနှင့် အလယ်ကုန်သည်ကျူးကျွဲတို့ဖြစ်ကြသည်။ သိုင်းရာဇာငါးယောက်အနက်၊ ကျူးကျွဲတစ်ယောက်မှလွဲ၍ ကျန်သိုင်းရာဇာလေးယောက်တို့မှာ အလွန်ဖြောင့်မတ်တည်ကြည်သောသူများဖြစ်ကြသည်။

သူတို့သည် ကြာပန်းဂိုဏ်းမှကြာပန်းဒေဝီနှင့် ရန်ငြိုးရှိခဲ့ကြဖူးသည်။

တစ်ချိန်က သူတို့ငါးယောက်သည် ကြာပန်းဒေဝီနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရာ ကြာပန်းဒေဝီမှာ ဒဏ်ရာပြင်းထန်စွာရပြီး ချောက်ကမ်းပါးထဲသို့ကျရောက်သွားခဲ့လေ၏။

သူတို့သည် ကြာပန်းဒေဝီသေဆုံးပြီဟုထင်ခဲ့၏။

သို့သော် .....

နှစ်ပေါင်းများစွာ လွန်လာသောအခါ .....

ကြာပန်းဒေဝီသေဆုံးရာမှ ပြန်လည်လှုပ်ရှားလာသည်ကို သူတို့သတင်းကြားရ၏။ ထို့ပြင် ....

ကြာပန်းဒေဝီသည် တပည့်နှစ်ယောက်ကိုကျိတ်၍ သိုင်းပညာသင်ပေးခဲ့ရာ .....

ထိုတပည့်နှစ်ယောက်သည် ကြာပန်းဒေဝီထက်ပင် သိုင်းပညာထူးချွန်ပြီး ပို၍ရက်စက်ကြမ်းကြုတ်သည်ဟု ....

သတင်းထွက်ပေါ်လာခဲ့သည်။

ထိုသတင်းကြားရပြီးနောက်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကြာပန်းဒေဝီသည် သူတို့ထံရောက်လာပြီး ကလဲ့စားချေမည်ဟု သူတို့တွက်ထားမိကြ၏။ ယင်းကိစ္စနှင့်ပတ်သက်ပြီး .... သူတို့သည် စုစည်းတိုင်ပင်ဆွေးနွေးကြသည်။

လက်ရှိသတင်းအရ ကြာပန်းဒေဝီသည် သိုင်းပညာအလွန်တိုးတက်လာသည့်အပြင် တပည့်နှစ်ယောက်ကို အထူးကြိုးစား၍ သင်ကြားခဲ့သောကြောင့် ထိုတပည့်နှစ်ယောက်သည် သိုင်းပညာအလွန်ထူးချွန်ပြီး အလွန်နာမည်ကြီးသော ဟုန်စွန်းအီပင် မနိုင်ကြောင်း သူတို့သိရှိလာရသည်။

ထို့ကြောင့် သူတို့သည် အကယ်၍ ကြာပန်းဒေဝီနှင့်သော်လည်းကောင်း၊ ကြာပန်းဒေဝီ၏တပည့်နှစ်ယောက်နှင့်သော်လည်းကောင်း ရင်ဆိုင်ရပါမူ သူတို့သည် မုချအသတ်ခံရမည်ဖြစ်သည်ကို သိရှိအကဲခတ်မိခဲ့ကြလေ၏။

ထို့ကြောင့် နောက်ဆုံး ကျူးကွိပေးသောအကြံကိုလက်ခံလိုက်ခြင်းဖြစ်သည်။ ကျူးကွိသည် သူတို့ထဲတွင် ဉာဏ်အများဆုံးဖြစ်သည်။

ကျူးကွိအကြံမှာ လူသေအလောင်းငါးလောင်းကို မိမိတို့၏အဝတ်အစားများဝတ်ဆင်ပေးပြီး ဖန်တီးထားလိုက်လျှင် သူတို့ငါးယောက်ကို တစ်စုံတစ်ယောက်ကသတ်သွားသည်ဟု ကြာပန်းဒေဝီက ထင်မှတ်သွားမည်ဟူ၍ဖြစ်လေ၏။



သို့သော် လက်ရှိသိုင်းလောကတွင် မည်သည့်သိုင်းသမားမှ သူတို့အားသတ်နိုင်လောက်သည့်အရည်အချင်းမရှိကြပါ။

ဤအချက်ကို သူတို့သတိမရမိခဲ့ကြချေ။

****

ဤပြဿနာနှင့်ပတ်သက်ပြီး သိုင်းလောကတွင်သတင်းပျံ့နှံ့ခဲ့သောသတင်းတစ်ခုကို သူတို့သတိရလိုက်မိ၏။ ယင်းသတင်းမှာ လက်ရှိသိုင်းလောကတွင်ရပ်တည်နေသော မွန်တင်းပင်ဖြစ်သည်။

ဆိုလိုသောအဓိပ္ပာယ်မှာ .....

လက်ရှိသိုင်းလောကတွင် သိုင်းပညာနှင့်ပတ်သက်ပြီး ...

သိုင်းဆရာဟုန်စွန်းအီကပထမ၊ မွန်တင်းကဒုတိယ၊ သိုင်းရာဇာငါးယောက်ကတတိယ ....

ယင်းသတင်းစကားအရ .... သိုင်းရာဇာကိုသတ်နိုင်သောပုဂ္ဂိုလ်မှာ ဟုန်စွန်းအီနှင့်မွန်တင်းတို့နှစ်ယောက်တည်းသာရှိကြောင်းဖြစ်လာလေတော့သည်။

ဟုန်စွန်းအီသည် လူအများ၏ကြည်ညိုလေးစားခြင်းခံရသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သူ့အပေါ် မည်သူကမျှသံသယဝင်မည်မဟုတ်ပါ။

ဤသို့ဆိုလျှင် .....

သိုင်းရာဇာအသတ်ခံရသည်ဟူသော သတင်းထွက်လာသည်နှင့်တစ်ပြိုင်နက် မွန်တင်းကသတ်သွားသည်ဟု တစ်ဆက်တည်း အားလုံးကအလိုလိုတွေးမိပေလိမ့်မည်။

ထို့ကြောင့် .....

သိုင်းရာဇာငါးယောက့်အနက် လေးယောက်သည် စိတ်မကောင်းဖြစ်နေကြခြင်းဖြစ်၏။

သူတို့သည် အတန်ကြာအောင် အမောဖြေပြီးနောက် ထိုင်ရာမှထပြီး၊ ထိုနေရာမှထွက်ခွာသွားလေတော့သည်။

****



မွန်တင်းသည် ကြောင်အမ်းအမ်းဖြင့် ရှပ်တုနောက်တွင် ထိုင်နေ၏။ အတန်ကြာမှ သူသည် သတိရလာလေသည်။

သိုင်းရာဇာငါးယောက်တို့သည် သိုင်းလောကတွင် အများကြည်ညိုလေးစားခြင်းခံရသောပုဂ္ဂိုလ်များဖြစ်ကြသည်။

ယခုသော် .....

ကြာပန်းဒေဝီအား ကြောက်ရွံ့နေသောကြောင့် ယောက်ျားမဆန်သောလုပ်ရပ်များကို လုပ်ခဲ့ရသည်မှာ အလွန်သရဲဘောနည်းသောပုဂ္ဂိုလ်များဖြစ်နေသည်ကိုတွေးမိလေ၏။

ဤသည်မှာ မိမိအတွက်ပြဿနာပင်။

အထူးသဖြင့် .....

နောင်တွင် မိမိရင်ဆိုင်ရမည့်အန္တရာယ်များ ပို၍ကြီးမားလာပြီး ပို၍ရှုပ်ထွေးလာမည်ကို သူရင်လေးလာမိသည်။

သူသည် အတန်ကြာတွေဝေပြီးမှ ခရီးဆက်ရန် သတိရမိတော့သည်။ ထို့ကြောင့် သူသည် ပုန်းကွယ်ရာမှထွက်လာပြီးလျှင် တောင်ဘက်သို့ဦးတည်လျှောက်ကာ မင်းလမ်းမသို့ရောက်ရှိလာလေ၏။

သူသည် မြို့တစ်မြို့၏တံခါးဝသို့ရောက်ရှိလာသောအခါ အုန်းမောင်းခေါက်သံသုံးချက်ကိုကြားလိုက်ရသည်။

သူသည် ထိုမြို့တွင် တစ်ညတည်းခိုပြီး ခရီးဆက်မည်ဟု ဆုံးဖြတ်လိုက်၏။ မြို့တွင်းသို့ဝင်ရောက်မိသောအခါ သူ့တွင်ငွေစဟူ၍လုံးဝမရှိတော့ပါ။

"ဒုက္ခပဲ .... ငါ့မှာငွေစလဲ လုံးဝမရှိတော့ပါလား၊ ဘယ်လိုလုပ်တည်းခိုမလဲ၊ ဘယ်လိုလုပ်ပြီးထမင်းစားမလဲ"

သူသည် ဤသို့စဉ်းစားမိသည်နှင့် ခြေလှမ်းကိုရပ်တန့်လိုက်သည်။

"ငါအခုဘာလုပ်ရမလဲ၊ ငွေမရှိရင် ငါဘယ်လိုလုပ် ခရီးဆက်မလဲ၊ အဲဒီတော့ ငါငွေရအောင်ရှာရမယ်"

သူသည် စဉ်းစားရင်း မျက်မှောင်ကုတ်သွားသည်။

ငွေရရန် မည်သို့ကြံရမည်ကိုစဉ်းစားတွေးတောနေမိ၏။ ရုတ်တရက် အကြံတစ်ခု သူ၏ဦးနှောက်ထဲသို့ဝင်လာလေသည်။

"ဟုတ်ပြီ ငါမြို့တော်ဝန်ဆီသွားမယ်၊ မြို့တော်ဝန်ဆိုတဲ့လူတွေဟာ လူထုဆီက မတရားညှစ်ယူထားတဲ့ငွေနဲ့ အတော်လေးချမ်းသာကြွယ်ဝနေကြတယ်၊ သူတို့ငွေဟာ မတရားယူထားတာဆိုတော့ သူတို့ဆီကိုသွားတာအကောင်းဆုံးပဲ"

သူသည် ဆုံးဖြတ်ချက်ချလိုက်ပြီး သူ၏ခြေလှမ်းကို မင်းလမ်းအတိုင်း လျှောက်သွားလေသည်။ သူ၏မျက်လုံးအစုံမှာလည်း မြို့တော်ဝန်နေထိုင်သော အိမ်ဂေဟာကိုလိုက်လံရှာဖွေနေတော့သည်။ မွန်တင်း၏ခြေလှမ်းသည် တုံ့ခနဲရပ်တန့်သွား၏။

သူ၏မျက်လုံးအစုံမှာလည်း ပြူးကျယ်သွား၏။

အဘယ်ကြောင့်ဆိုသော်..... သူသည် မြို့တော်ဝန်ဂေဟာဟုချိတ်ဆွဲထားသော အဆောက်အအုံရှေ့သို့ ရောက်ရှိနေပြီဖြစ်သောကြောင့်ပင်။



သူ၏စိတ်အထင် မြို့တော်ဝန်ဂေဟာဟူသည် အလွန်ခန့်ညားထည်ဝါသောအဆောက်အအုံဖြစ်မည်ဟု ထင်မှတ်ထားလေ၏။ သို့သော် .....

ယခု သူတွေ့ရသောမြို့တော်ဝန်ဂေဟာမှာ အလွန်ဟောင်းနွမ်းအိုမင်းနေသောအဆောက်အအုံသာဖြစ်နေသည်။

ထို့ပြင် မြို့တော်ဝန်ဂေဟာတွင် အစောင့်အရှောက်တစ်ဦးတစ်ယောက်မျှမတွေ့ရချေ။

သူထင်ထားသည်မှာ အစောင့်အရှောက်ထူထပ်စွာရှိနေမည်ဟူ၍ပင်။ အခန်း၏ပြတင်းပေါက်ကြားမှထိုးထွက်လာသော မီးရောင်များမှအပ အဆောက်အအုံတစ်ခုလုံးသည် မှောင်မည်း၍နေလေသည်။

သူသည် မျက်မှောင်ကုပ်သွားသည်။

သို့သော် ... အဆောက်အအုံရှေ့တွင် မြို့တော်ဝန်ဟူသော ဆိုင်းဘုတ်ကိုမြင်တွေ့ရသောကြောင့် ....

ဤအဆောက်အအုံသည် မြို့တော်ဝန်ဂေဟာဖြစ်သည်ကို သူသံသယမရှိတော့ချေ။

မွန်တင်းသည် အခြေအနေကိုသိရှိရန် ဂေဟာထဲသို့လှမ်းဝင်လိုက်၏။

မီးရောင်ဖြာထွက်နေသော အခန်းသို့ချဉ်းကပ်သွားသည်။

အနည်းငယ်ဟနေသော ပြတင်းပေါက်မှ အခန်းထဲသို့လှမ်းကြည့်လိုက်သည်။

အခန်းထဲတွင် ချည်ထည်အဝတ်အစားဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်သည် မီးရောင်အောက်တွင် အဝတ်အစားများဖာထေးနေသည်ကိုတွေ့ရလေသည်။

အမျိုးသမီးနှင့်မျက်နှာချင်းဆိုင်တွင် အသက် (၄၀)ခန့်ရှိလူတစ်ယောက်ထိုင်၍ အမှတ်တွဲများဖတ်ရှုနေသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် အမှုတွဲများကို တစ်ရွက်ပြီးတစ်ရွက်လှန်၍ ဖတ်နေသည်။ သူ၏မျက်နှာတစ်လုံးမှာလည်း ခံပြင်းသောအသွင်များ ပေါ်လွင်နေသည်။ အမျိုးသမီးသည် အထည်များကို ဖာထေးနေရာမှရပ်တန့်လိုက်သည်။

"ရှင်ကလဲရှေ ..... အိပ်ပါတော့လား ဒါတွေဖတ်နေရင် မနက်ဖြန်အမှုစစ်တဲ့အခါမှာ အိပ်ငိုက်နေမှာပေါ့"

မွန်တင်းသည် ထိုအမျိုးသမီး၏စကားကိုကြားရသောအခါ အံ့အားသင့်သွားတော့၏။

ဤသို့ နံချာစွာဝတ်ဆင်ထားသောသူမှာ မြို့တော်ဝန်ဖြစ်နေသည်ကိုသိလိုက်ရသည်။ အထင်နှင့်အမြင် ကွာခြားလှချေသည်တကား။

မြို့တော်ဝန်သည် တောက်တစ်ချက်ခေါက်လိုက်သည်။

"ဒီအမှုတွဲကို ငါဖတ်လေလေ စိတ်ထဲမှာ မခံချင်ဖြစ်လာလေပဲ၊ ဒါကြောင့် မနက်ဖြန်အမှုစစ်တဲ့အခါမှာ ဒီကောင်ကို အပြစ်ပေးနိုင်အောင် ငါသေသေချာချာဖတ်နေတာကွ"



အမျိုးသမီးသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင့်ကြောင့်ခက်ပါသေးတယ်၊ အခြားမြို့တော်ဝန်ဆို ရွှေနဲ့ ငွေနဲ့၊ အခြွေအရံနဲ့၊ အားလုံးဟာ ဘယ်လောက်ချမ်းသာသလဲ၊ ရှင်လဲ အသိသားနဲ့၊ အခုတော့ ရှင့်ကိုယ်ရှင်ကြည့်စမ်း ရွှေငွေအခြွေအရံမဆိုထားနဲ့ လူနဲ့သူနဲ့တူအောင် အဝတ်အစားတောင် ကောင်းကောင်းမဝတ်နိုင်ဘူး"

မြို့တော်ဝန်ကလက်ကာ၍ ဟန့်တားလိုက်သည်။

"တော်စမ်း..... မင်းဆက်မပြောနဲ့၊ တို့စားဖို့သောက်ဖို့ အစိုးရက တို့ကိုလစာအပြည့်ပေးထားတာပဲ၊ မင်းသိထားဖို့က တို့ဟာ အများပြည်သူတွေရဲ့အကျိုးကိုကြည့်ရမယ်၊ စိန်တို့ ရွှေတို့ဆိုတာသခါရသဘောပါ၊ ဒါတွေကိုငါမမက်ဘူး၊ ငါ့စိတ်ထဲမှာ ပြည်သူလူထုအတွက် အကျိုးရှိအောင်လုပ်ခဲ့ရင်ကျေနပ်တယ်၊ ဒါပဲ"

"ဟုတ်ပါတယ်.... အခု ရှင်အရေးယူမဲ့လူဟာ အချမ်းသာဆုံးဖြစ်တယ်၊ နောက်ပြီး အထက်အရာရှိတွေကိုလည်း တော်တော်ပေါင်းသင်းထားတဲ့သူ၊ သူမတရားလုပ်တာကို တစ်မြို့လုံးသိနေတာပဲ၊ အရင့်အရင်မြို့တော်ဝန်တွေလည်းသိတယ်၊ သူ့ကိုဘယ်သူမှ မလွန်ဆန်ရဲဘူး၊ အခု ရှင့်လက်ထက်ကျမှ သူ့ကိုအရေးယူလို့ ရပါ့မလားရှင်၊ တော်ကြာ .... သူကအထက်ကိုတိုင်လိုက်ရင် ရှင့်ရာထူးတောင်ပြုတ်သွားဦးမယ်"

မြို့တော်ဝန်သည် ဒေါသထွက်လွန်း၍ စားပွဲကိုလက်သီးဖြင့်တစ်ချက်ထုလိုက်၏။

"လူထုအပေါ် မတရားမင်းမူနေတဲ့ သူဌေးကြီးဖုယင်းကို ငါဖြစ်တဲ့နည်းနဲ့အရေးယူရမယ်၊ ဖြစ်ချင်တာဖြစ်စမ်းပါစေ .... ငါ ရင်ဆိုင်မယ်"

အမျိုးသမီးသည် မြို့တော်ဝန် ဒေါသထွက်လာသည်ကို တွေ့ရသောအခါ ခေါင်းငုံ့ကာ ဆိတ်ဆိတ်နေလိုက်လေတော့သည်။

ဤကား မွန်တင်း၏စုံစမ်းရချက်တည်း။

****



## အခန်း (၁၈)
## မေးခွန်း

မွန်တင်းသည် ထိုမြို့တော်ဝန်အိမ်မှထွက်လာမိသည်။

မြို့တော်ဝန်သည် အလွန်ဖြောင့်မတ်သူတစ်ယောက်ဖြစ်နေကြောင်းကိုတွေ့ရ၏။

ထို့ကြောင့် သူသည် သူဌေးကြီး ဖုယင်းထံသို့သွားရောက်ပြီးလျှင် .....

ဖုယင်းမတရားရယူထားသောငွေများကိုခိုးယူရန် ဆုံးဖြတ်လိုက်လေတော့သည်။

သို့သော် .....

ဖုယင်းသည် မည်သည့်နေရာတွင်ရှိပါသနည်း။

သူသည် ယင်းသို့တွေးရင်း ခြေဦးတည့်ရာလျှောက်သွားလေ၏။ အတန်ကြာလျှောက်မိသောအခါ ကင်းသမားတစ်ယောက်နှင့်ပက်ပင်းတိုးမိတော့၏။

ထိုကင်းသမားသည် သူဌေးကြီးဖုယင်း၏ အိမ်ကိုသိလိမ့်မည်ဟု သူစဉ်းစားမိလေသည်။

ထို့ကြောင့် ..... သူသည် ကင်းသမားထံသို့ချဉ်းကပ်သွားလေသည်။

"ဒီမှာ ..... သူဌေးကြီးဖုယင်းအိမ် ဘယ်မှာလဲ"

ကင်းသမားသည် မွန်တင်းခါးတွင်ဓားရှည်တစ်လက်ချိတ်ထားသည်ကိုတွေ့ရသည့်အတွက် ထိတ်လန့်တုန်လှုပ်သွားမိသည်။ သူသည် ကြီးမားသောအဆောက်အအုံတစ်လုံးကို ညွှန်ပြလိုက်ပြီး ....

"ဟို .... ဟိုမှာပါ"

မွန်တင်းသည် ကင်းသမားညွှန်ပြသောအဆောက်အအုံရှိရာသို့လှမ်းကြည့်လိုက်သည်။

ယင်းအဆောက်အအုံမှာ ကြီးမားပြီးခန့်ညားထည်ဝါလှသည်။ ထိုအဆောက်အအုံကိုမြင်တွေ့လိုက်ရသည်နှင့် .....

သူဌေးကြီးဖုယင်းမှာ မည်မျှချမ်းသာသည်ကိုခန့်မှန်းနိုင်လိုက်သည်။ မွန်တင်းသည် အုတ်နံရံပေါ်သို့ကျော်လွှားကာ ခြံဝင်းအတွင်းသို့ခုန်ဆင်းလိုက်သည်။

ခြံဝင်းထဲသို့ရောက်ရှိသွားသည်နှင့် .....

အစောင့်အကြပ်များကင်းလှည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ဝန်းကျင်ကိုတစ်ချက်လေ့လာကြည့်လိုက်၏။



အဆောက်အအုံ၏ညာဘက်အဆောင်တွင် မီးများထိန်ထိန်လင်းနေသည်။

သူသည် ထိုအဆောင်သို့ပြေးလွှားသွား၏။

သူသည် ပြတင်းပေါက်အနီးသို့ချဉ်းကပ်သွားပြီး ပြတင်းပေါက်တံခါးရွက်ပေါ်တွင်ကပ်ထားသောစက္ကူများကို အပေါက်ဖောက်၍ အတွင်းဘက်သို့ချောင်းကြည့်လိုက်၏။

ထိုအခန်းမှာ သီးသန့်အခန်းတစ်ခန်းဖြစ်သည်ကို အကဲခတ်မိလေတော့သည်။

စားပွဲတစ်လုံးပေါ်တွင် ဟင်းလျာများ၊ စားသောက်ဖွယ်ရာများကို စုံလင်စွာတွေ့ရသည်။ စားပွဲ၏အိမ်ရှင်နေရာတွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူမှာ အသက်(၅၀)ခန့်ရှိမည်။

ဝဝပုပု ဗိုက်ရွဲရွဲ သူဌေးရုပ်ပေါက်နေသည်။

ထိုသူကိုတွေ့ရသည်နှင့် သူဌေးကြီးဖုယင်းဖြစ်ရမည်ဟု အကဲခတ်မိလေ၏။

သူ၏မျက်နှာချင်းဆိုင်တွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူအားတွေ့လိုက်ရသောအခါ မွန်တင်းမှာမျက်လုံးပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်........

ထိုသူသည် သူ့အား သိုင်းကွက်ရှစ်ကွက်ကျမ်းစာအုပ်ကို ပေးခဲ့သော စွန်းကျဲဖြစ်နေသောကြောင့်တည်း။

စွန်းကျဲသည် သူဌေးကြီးဖုယင်းနှင့်မည်ကဲ့သို့ပတ်သက်နေပါသနည်း။

ညဥ့်နက်သန်းခေါင်အချိန်မတော်တွင် .....

သူတို့သည် မည်သည့်အရေးကြီးကိစ္စများကို ဆွေးနွေးနေပါသနည်း။

သူသည် ဤသို့တွေးရင်း စွန်းကျဲကိုအကဲခတ်ကြည့်လိုက်သည်။ စွန်းကျဲသည် စာပေသမားတစ်ဦးအဝတ်အစားများကိုဝတ်ဆင်ထား၏။

"သူဌေးမင်း .... ကျွန်တော် အကူအညီတောင်းတားတဲ့ကိစ္စ သူဌေးမင်း ဘယ်လိုသဘောရလဲ"

ဖုယင်းကပြုံးလိုက်သည်။

"ဩော် ဒါလား ဟဲ .... ဟဲ .... ဟဲ ကျုပ်တာဝန်ထားဗျာ"

စွန်းကျဲသည် ပြတင်းပေါက်ဘက်သို့ ရုတ်တရက်မျက်လုံးရောက်သွားသည်။

"ဟော့ .... ဘယ်သူလဲ"

သူမသည် ပြောရင်း စားပွဲပေါ်မှပန်းကန်လုံးတစ်လုံးကိုယူပြီး ပြတင်းပေါက်ဘက်သို့ပစ်ပေါက်လိုက်၏။

မွန်တင်းသည် မိမိလာရောက်ချောင်းနေသည်ကို စွန်းကျဲအား အသိမခံလိုပါ။ ထို့ကြောင့် သူသည် ကပျာကယာပြေးထွက်သွားလေတော့သည်။

"ဝုန်း"



စွန်းကျဲသည် ပြတင်းပေါက်မှခုန်ထွက်လာသည်။

"မင်းဘယ်ပြေးမလဲ"

ပြောရင်း မွန်တင်းနောက်သို့ပြေးလိုက်သည်။

မွန်တင်းကပြေးသူ ......

စွန်းကျဲကလိုက်သူ .....

"ဟော့ .... မင်းဘယ်ကလဲ၊ ရပ်လိုက်ပါ"

စွန်းဂွကျဲကလှမ်း၍အော်လိုက်၏။

စွန်းကျဲ၏ကိုယ်ဖော့ပညာမှာ မိမိထက်သာလွန်ကြောင်းကို မွန်တင်းသိထားသည်။ ယင်းအတိုင်း ဆက်လက်ပြေးပါက စွန်းကျဲလိုက်မှီလာမည်ကို သူတွက်ဆမိလေသည်။

ထို့ကြောင့် သူသည် ယီးမုထံမှသင်ကြားထားသောသိုင်းကွက်ခုနစ်ကွက်ဖြင့် ရှောင်တမ်းလိုက်လေသည်။

ယင်းသိုင်းကွက်ခုနစ်ကွက်သည် ခြေလှမ်းများကိုအကွက်ကျကျရှောင်တိမ်းပြေးလွှားသော သိုင်းကွက်များဖြစ်သည်။

ထို့ကြောင့် .... မွန်တင်းထက် သိုင်းပညာသာလွန်သော စွန်းကျဲသည် နောက်ဆုံး မွန်တင်းအားမမှီဘဲ မျက်ခြေပြတ်သွားရလေတော့သည်။

****

မွန်တင်းသည် စွန်းကျဲအားရှောင်တိမ်းနိုင်ခဲ့ပြီးနောက်...

သူဌေးကြီးဖုယင်းနေအိမ်သို့ ထပ်မံလျှောက်လာခဲ့ပြန်လေသည်။ သူသည် ခြံဝင်းထဲသို့ကျော်လွှားဝင်လိုက်ပြီး ဖုယင်း၏ သီးသန့်ခန်းသို့ ပြန်လည်ဝင်ရောက်လာခဲ့လေသည်။

သူသည် အခန်းထဲသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ခြေလှမ်းမှာတုံ့၍ရပ်သွား၏။

မျက်လုံးမှာလည်း ပြူးကျယ်သွား၏။

အဘယ်ကြောင့်ဆိုသော် ......

သူဌေးကြီးဖုယင်းမှာ သွေးအိုင်ထဲ၌သေဆုံးနေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

မွန်တင်းသည် ကြောင်အမ်းအမ်းဖြင့်ငေးကြည့်နေခဲ့သည်။

သူဌေးကြီးဖုယင်းအား မည်သူက လာ၍သတ်သွားပါသနည်း။ စွန်းကျဲသည် မိမိနောက်မှ ထက်ကြပ်မကွာလိုက်လာသည့်အတွက် သတ်သူမှာ စွန်းကျဲမဟုတ်ကြောင်းထင်ရှားနေသည်။

ညှိမှုအစောင့်အကြပ်များနေသော သူဌေးကြီးဖုယင်း၏ ခြံထဲသို့ မည်သူက တိတ်တဆိတ်ဝင်ရောက်၍လုပ်ကြံသတ်ဖြတ်သွားပါသနည်း။

အတွေးများသည် သူ၏ဦးနှောက်ထဲသို့ တစ်ခုပြီးတစ်ခု ဝင်လာလေတော့သည်။ ရုတ်တရက် ......

ခစ်ခနဲရယ်သံတစ်ချက်ကြားလိုက်ရသည်။

သူသည် ထိတ်လန့်စွာဖြင့်မော်ကြည့်လိုက်သည်။



ပြတင်းပေါက်ဘောင်ပေါ်၌ မည်သည့်အချိန်က ရောက်နေသည်မသိ။

အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ထိုင်၍ မိမိအားပြုံးကြည့်နေသည်ကိုတွေ့လိုက်ရသည်။

ထိုမိန်းကလေးမှာ တစ်ချိန်က သူမ၏မြည်းလှည်းကို ဟန့်တားရင်း အချင်းပွားခဲ့ရသော မိန်းကလေးဖြစ်နေသည်ကို သိလိုက်ရသည်။ မိန်းကလေးက သူ့အားပြုံးပြနေသည်။

"ရှင်ကျွန်မကိုကျေးဇူးမတင်ဘူးလား"

မွန်တင်းကမျက်မှောင်ကုတ်သွားသည်။

"ကျုပ်က ဘာဖြစ်လို့ကျေးဇူးတင်ရမှာလဲ"

"ခြော် ..... ရှင့်အလုပ်ကို ကျွန်မကလုပ်ပေးခဲ့လို့လေ"

"ကျုပ်အလုပ်ဟုတ်လား၊ ကျုပ်အလုပ်ကို ခင်ဗျားဘာလုပ်ပေးခဲ့တာလဲ"

သူမက မြေပေါ်မှအလောင်းကိုညွှန်ပြလိုက်သည်။

"သူဌေးကြီးဖုယင်းကို ရှင်က သတ်မလို့မဟုတ်လား ရှင့်ကို ယောကျ်ားလိုဟန်ဆောင်ထားတဲ့ မိန်းကလေးတစ်ယောက်က လိုက်လို့ ထွက်ပြေးနေရတယ်မဟုတ်လား"

"နေပါဦး ..... ကျုပ်က သူ့ကိုသတ်မယ်လို့ ဘယ်သူက ပြောလို့လဲ"

အနက်ရောင်မိန်းကလေးက ပြုံးလိုက်သည်။

"ဒါများ ပြောစရာလိုသေးသလား ရှင်က ဒီကိုလာချောင်

တယ်၊ နောက် အလိုက်ခံရလို့ထွက်ပြေးတယ်၊ လိုက်တဲ့လူ မျက်ခြည်ပြတ်သွားတော့ ဒီကို ရှင်ပြန်လာတယ် အဲဒီတော့ ရှင်က ဒီကို ဘာပြန်လုပ်တာလဲ၊ ပြောစမ်းပါဦး"

"အို .... ကျုပ်ဟာကျုပ် ဘာလုပ်လုပ်၊ ကျုပ်က သူ့ကို သတ်ဖို့မှမဟုတ်ဘဲ"

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ..... ရှင့်ကိုကြည့်ရတာ ရိုးသားဖြောင့်မတ်တယ်၊ စိတ်ထားဖြူစင်တယ်၊ မှန်တာကို ရဲရဲလုပ်ဝံ့တဲ့လူတစ်ယောက်လို့ ကျွန်မအထင်ကြီးခဲ့တယ်၊ အခုတော့ ......"

"အခုတော့ ဘာဖြစ်သလဲ"

"ရှင်က ရိုးမလိုလိုနဲ့ လိမ်ပြောတတ်တဲ့ လူတစ်ယောက်ပဲ"

မွန်တင်းသည် မိန်းကလေး၏စကားကြောင့် ရှက်သွားမိလေသည်။ အနက်ရောင်မိန်းကလေးက စကားဆက်လိုက်သည်။

"ကျွန်မဆရာက ကျွန်မကိုပြောခဲ့တယ်၊ သိုင်းလောကမှာ သူတို့ကိုယ်သူတို့ တရားမျှတအောင်မှန်မှန်ကန်ကန်လုပ်ပါတယ် ဆိုတဲ့သိုင်းသမားတွေဟာ အပြင်တစ်မျိုး အတွင်းတစ်မျိုးဖြစ်နေတယ်လို့ပြောခဲ့တယ်၊ အစကတော့ ကျွန်မ သိပ်မယုံခဲ့သေးဘူး၊ အခု ရှင်နဲ့တွေ့တော့မှပဲယုံတော့တယ်"

မွန်တင်း ဆတ်ခနဲခေါင်းမော့လိုက်၏။

"ခင်ဗျား စကားလွန်လွန်းပြီထင်တယ်"

မိန်းကလေးက သူ့အားစေ့စေ့ကြည့်လိုက်သည်။



"ကျွန်မစကားက လွန်တယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

မွန်တင်းသည် ရင်ကိုကော့လိုက်သည်။

"ဒီမှာ..... ကျုပ်ရှင်းရှင်းပြောမယ်၊ ကျုပ်ကလမ်းစရိတ်ပြတ်နေလို့ တစ်အိမ်အိမ်ဝင်ခိုးမလို့ ဒီမြို့ရောက်လာတာပါ၊ ကောင်းရောင်းကောင်းဝယ်လုပ်တဲ့အိမ်ကို ကျုပ်မခိုးချင်ဘူး၊ မြို့တော်ဝန်ဟာ မတရားရထားတဲ့ပစ္စည်းတွေရှိတယ်လို့ထင်ပြီးသွားခဲ့တယ်၊ မြို့တော်ဝန်အိမ်ရောက်တဲ့အခါ .... မြို့တော်ဝန်ဟာ တရားမျှတတဲ့ မြို့တော်ဝန်ဖြစ်နေတာကိုတွေ့ရတယ်၊ လူထုအပေါ်ခေါင်းပုံဖြတ်တဲ့ သူဌေးကြီးဖုယင်းဆီလာပြီး သူ့ငွေကို ခိုးမလို့ပါပဲ၊ သူ့ကိုသတ်ဖို့ အထိတော့ ကျုပ်မရက်စက်နိုင်ဘူး၊ အခုတော့ ...."

မိန်းကလေးသည် ပြုံးလိုက်သည်။

"ဘာလဲ .... ရှင်က ကျွန်မကိုရက်စက်တယ်လို့ ပြောချင်လို့လား၊ ဟုတ်လား"

"ဟုတ်တယ် ..... ခင်ဗျားဟာ မိန်းကလေးတန်မဲ့နဲ့ ဒီလောက်ရက်စက်ဖို့မကောင်းပါဘူး၊ လူသတ်တယ်ဆိုတဲ့အလုပ်ဟာ တကယ်ရက်စက်တဲ့အလုပ်ပဲဗျ"

"ဒါကတော့ ရှင်ထင်ချင်သလိုထင်နိုင်တယ်"

"ထင်ချင်သလိုထင်တာမဟုတ်ဘူးလေ၊ ဒီသူဌေးဖုယင်းကို ဘယ်သူသတ်သလဲ၊ ကျုပ်တို့က အပြင်ဘက်မှာပြေးလွှားနေရတာဆိုတော့ ကျုပ်နောက်လိုက်တဲ့လူလည်း သတ်တာမဟုတ်နိုင်ဘူး၊ ကျုပ်လဲမသတ်ဘူး၊ သတ်တဲ့လူကို ရှင်းရှင်းလေးတွေးနိုင်တာ

ပဲ၊ ဒီအိမ်မှာကျန်ရစ်ပြီး အပြင်ကဝင်လာတဲ့လူကို အေးအေးဆေးဆေးစောင့်နေတဲ့လူပဲဖြစ်နိုင်တယ်၊ အိမ်ထဲမှာ အေးအေးဆေးဆေးစောင့်နိုင်တဲ့လူက ဘယ်သူဖြစ်မလဲ၊ ခင်ဗျားပဲ ရှိတော့တာပဲ၊ နောက်ပြီး ကျုပ်သိခဲ့ရသလောက်တော့ ခင်ဗျားဟာ ရက်စက်တဲ့အပြုအမူတွေလုပ်တတ်တဲ့လူပဲ"

"ဒါကတော့ ကျွန်မဆရာရဲ့အမိန့်အတိုင်းလုပ်ရတာပဲ"

"ခင်ဗျားဆရာက ဘယ်သူလဲ"

"ကျွန်မဆရာဘယ်သူလဲဆိုတာ ရှင့်ကိုပြောပြလိုက်လဲ ရှင်သိမှာမှမဟုတ်ဘဲ"

မွန်တင်းပါးစပ်ပိတ်ထားလိုက်သည်။

အနက်ရောင်မိန်းကလေးသည် သူ့အားပြုံးပြလိုက်သည်။

"ကျွန်မတစ်ခုမေးပါရစေ"

"မေးပါ"

"ကျွန်မကို ရှင်က လူကောင်းလို့ထင်သလား၊ လူဆိုးလို့ထင်သလား"

မွန်တင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဤမိန်းကလေးသည် မည်သည့်နည်းနှင့်မျှလူကောင်းတစ်ယောက်မဖြစ်နိုင်ချေ။ သူပါးစပ်ပိတ်ထားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

****



အခန်း (၁၉)
ပြင်းပြသောစိတ်ဆန္ဒ

မွန်တင်းသည် ဖွင့်ပြောရန်အားနာနေ၏။

ထို့ကြောင့် ငြိမ်သက်နေခြင်းဖြစ်သည်။

"ပြောပါရှင်......ဘာလဲ ကျွန်မကို လူဆိုးလို့သတ်မှတ်ပြီး မပြောချင်တာလား၊ ကျွန်မက ရှင့်ကိုစိတ်မဆိုးပါဘူး"

မွန်တင်းက တစ်ချက်ပြုံးလိုက်ပြီး.........

"ခင်ဗျား ဘယ်လိုပြောပြော လူကောင်းတစ်ယောက်ပါလို့ ကျုပ်ပြောလို့ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲရှင့်"

"ဒီလိုပါ......ကျုပ်က ခင်ဗျားကို လူကောင်းတစ်ယောက်ပါလို့ပြောတယ်ထားပါဦး၊ ခင်ဗျားကိုလူကောင်းလို့ဘယ်သူကပြောမလဲ၊ ကျုပ်ကလူဆိုးပါလို့ပြောရင်လည်း ခင်ဗျားက လူဆိုးဖြစ်ချင်မှဖြစ်မယ်"

မိန်းကလေးကခေါင်းခါယမ်းလိုက်သည်။

"ဘာလဲ .... ရှင့်စကားကဝေ့လည်လည်နဲ့၊ ပြောရင်လဲ တုတ်တုတ်ထိုးအိုးပေါက်ပြောပေါ့၊ အခုတော့ မဟုတ်ပါဘူး၊ ဟိုလိုလို သည်လိုလိုနဲ့၊ တောင်လွှဲမြောက်လွှဲပြောနေတယ်၊ ကျွန်မကတော့ စကားကို လိုရင်းတိုရှင်းပြောတာပဲကြိုက်တယ်၊ ကျွန်မကို လူဆိုးလို့ ထင်သလား၊ လူကောင်းလို့ထင်သလားဆိုတာကို ကျွန်မသိချင်တယ်၊ ပြတ်ပြတ်သားသားပြောပါ"

မွန်တင်းသည် အတန်ကြာစဉ်းစားလိုက်ပြီး .....

"ကျုပ် စကားတခွန်းမေးချင်သေးတယ်"

"မေးပါ"

"ခင်ဗျားဆရာဘယ်သူလဲဆိုတာ မပြောရင်နေပါ၊ ဒါပေမဲ့ ခင်ဗျား ဘယ်ဂိုဏ်းကလဲဆိုတာသိခွင့်ရှိသလား"

"ဩော်......ဒါလား၊ ရပါတယ် ကျွန်မတို့ဂိုဏ်းဟာ ကြာပန်းဂိုဏ်းလို့ခေါ်ပါတယ်"

မွန်တင်း မျက်နှာကွက်ခနဲပျက်သွားလေတော့သည်။ နတ်ကွန်းကျောင်းပျက်ထဲမှ သိုင်းရာဇာငါးယောက်၏စကားများကို သူပြန်လည်သတိရလာမိ၏။

သိုင်းရာဇာငါးယောက်တို့သည် ကြာပန်းဒေဝီ၏တပည့်များမှာ အလွန်ရက်စက်ကြမ်းကြုတ်သည်ဟုပြောခဲ့သည်။

ယခု ....

ဤမိန်းကလေးသည် ကြာပန်းဒေဝီ၏တပည့်တစ်ယောက်ဖြစ်နေသည်ဟု သူသဘောပေါက်မိလာသည်။



ထို့ပြင် ......

သူမသည် သူ့ငွေကြီးဖုယင်းအား သူမကိုယ်တိုင် သတ်ပါသည်ဟုဝန်ခံထားသဖြင့် ဤမိန်းကလေးသည် မည်သည့်နည်းနှင့်မျှ လူကောင်းတစ်ယောက်မဟုတ်နိုင်ဟု သူတွေးမိလေ၏။

****

မိန်းကလေးသည် မွန်တင်း အတန်ကြာတွေဝေနေသည်ကို တွေ့လိုက်ရသောအခါ မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ ..... ရှင်ကလူဆိုးလို့ ပြောမလို့မဟုတ်လား၊ ပြောချင်ရင်ပြောပါရှင်၊ မကြောက်ပါနဲ့၊ ရှင်ယောကျ်ားပဲ...."

မွန်တင်းသည် ယောကျ်ားတစ်ယောက်၏ စိတ်ဓာတ်များ တက်ကြွလာသည်။

"ကျုပ်က ဘာမပြောရဲစရာရှိသလဲ"

"ဒါဖြင့် ပြောလေ"

"ခင်ဗျားဟာလူဆိုးတစ်ယောက်ပဲ"

သူ ဤသို့ပြောလိုက်လျှင် သူမ ဒေါသအိုးပေါက်ကွဲသွားမည်ဟုထင်မိသည်။ သို့သော် .....

သူထင်မိသည့်အတိုင်း ဖြစ်မလာပါ။

မိန်းကလေးသည် ဒေါသထွက်မလာသည့်အပြင် ပြုံးပင် ပြုံးလိုက်သေးသည်။

"ဟုတ်တယ် ရှင်ပြောတာသိပ်မှန်တယ်၊ သိုင်းလောကသားတွေဟာ ကျွန်မတို့ကြာပန်းဂိုဏ်းကို တရားမဝင်တဲ့ဂိုဏ်း၊ လူဆိုးဂိုဏ်း၊ မဟုတ်မဟတ်လုပ်နေတဲ့ဂိုဏ်းလို့ ဝေဖန်ပြောဆိုနေကြတယ်၊ အခုလဲ ကျွန်မကိုလူဆိုးလို့ပြောတာ အဆန်းမဟုတ်ပါဘူး"

မွန်တင်းသည် အားတုံ့အားနာဖြစ်သွား၏။

မိန်းကလေးက စကားဆက်ပြန်သည်။

"တကယ်တော့ ရှင်ဟာ ကျွန်မတို့ဂိုဏ်းရဲ့အတွင်းရေး



ကိုလုံးဝမသိလို့ ဒီလိုပြောနေတာပါ၊ အမှန်ပြောရရင် ကျွန်မဆရာ ကြာပန်းဒေဝီဟာ အလွန်သဘောကောင်းတဲ့သူတစ်ယောက်ပါ၊ သူဟာ ဘယ်သူနဲ့မှရန်မဖြစ်ချင်ပါဘူး။ သူ့သဘာဝ အေးအေးဆေးဆေးနေလိုပါတယ်၊ ဒါပေမဲ့ အခုတော့ ...."

"အခုတော့ ဘာဖြစ်သလဲ"

"အခုတော့ ဟုန်စွန်းအီကြောင့် အခုလို သိုင်းလောကထဲကို ပြန်ဝင်လာရတာပေါ့"

"ဗျာ .... ဟုန်စွန်းအီကြောင့်ဟုတ်လား"

မွန်တင်းက အံ့ဩစွာဖြင့်မေးလိုက်၏။

"ဟုတ်ပါတယ်ရှင်"

"ဟုန်စွန်းအီနဲ့ခင်ဗျားတို့ ဘယ်လိုများရန်ငြိုးရှိလို့လဲ"

မိန်းကလေးသည် အနည်းငယ်စဉ်းစားပြီး ရှင်းလင်းပြောပြလေ၏။

"သူတို့ ဘယ်လိုရန်ငြိုးရှိခဲ့ကြတယ်ဆိုတာတော့ ကျွန်မလဲ မသိပါဘူးရှင်၊ ဒါပေမဲ့ သူတို့နှစ်ယောက်မှာ အလွန်စိတ်ထိခိုက်စရာကောင်းတဲ့ရန်ငြိုးတွေ ရှိတယ်ဆိုတာလောက်ပဲ ကျွန်မသိတယ်၊ နောက်ပြီး သူတို့ရဲ့ရန်ငြိုးဟာ ကျွန်မနဲ့လဲ ပတ်သက်တယ်လို့ ပြောတဲ့အတွက် အခုလို ကျွန်မက မိုင်ပေါင်းတစ်ထောင်မကတဲ့ခရီးကို လိုက်လာရတာပါ"

ဤမိန်းကလေး ဤမျှရှင်းလင်းပြောပြသည်မှာ လွန်စွာအံ့ဩစရာကောင်းလှသည်။

သူမအား မည်သူကမျှရိုက်နှက်နေသည်မဟုတ်ချေ။

ဤအဖြစ်အပျက်များကို သူကိုယ်တိုင်ကလွတ်လွတ်လပ်လပ်ရှင်းလင်းပြောပြနေသည်။ သူမသည် မွန်တင်းနှင့်ပတ်သက်၍ အတော်ပင် သဘောထားနူးညံ့ပျော့ပြောင်းဟန်တူသည်။

မွန်တင်းမျက်မှောင်ကုပ်သွား၏။

"ဒီလိုဆို ခင်ဗျားက ဟုန်စွန်းအီနဲ့သွားပြီး သိုင်းပညာချင်းယှဉ်ပြိုင်မလို့ ဟုတ်လား"

"ဟုတ်ပါတယ်"

မွန်တင်းခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားကို ကျုပ်တစ်ခုပြောချင်တယ်"

"ပြောပါရှင်"

"ဟုန်စွန်းအီရဲ့သိုင်းပညာဟာ ကနေ့ထိ ပြည်မတစ်ခွင်မှာ ယှဉ်ပြိုင်နိုင်တဲ့လူ မပေါ်ခဲ့သေးပါဘူး"

"အဲဒါ ဘာဖြစ်သလဲ"

မွန်တင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာဖြစ်ရမှာလဲ ခင်ဗျားရဲ့သိုင်းပညာဟာ မဆိုးဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမဲ့ ...."

"ဒါပေမဲ့ ဘာဖြစ်သလဲရှင်"

"ဒါပေမဲ့ ဟုန်စွန်းအီနဲ့ယှဉ်မယ်ဆိုရင် ခင်ဗျားအများကြီးလိုလိမ့်မယ်၊ ဒါကိုတော့ ကျုပ်ပြောရဲတယ်"

မိန်းကလေးက အေးတိအေးစက်ဖြင့်ပြုံးလိုက်သည်။



"သိုင်းပညာရပ်ဆိုတာ ဂိုဏ်းတစ်ဂိုဏ်းနဲ့တစ်ဂိုဏ်းထူးချွန်တာရှိသလို ညံ့ဖျင်းတာလဲရှိတယ်၊ သိုင်းသမားတစ်ယောက်ဟာလဲ ထူးချွန်တာရှိသလို မထူးချွန်တာလဲရှိပါတယ်၊ လောကမှာ ယှဉ်ပြိုင်လို့မရတဲ့သိုင်းပညာရယ်လို့ မရှိခဲ့ပါဘူး၊ ဥပမာ ရှင်စောစောကစာပေသမားတစ်ယောက်လိုက်လို့ ပြေးနေ တုန်း ရှင်သုံးလိုက်တဲ့သိုင်းကွက်တွေဟာ၊ ကျွန်မအထင်ပြောရရင်တော့ ရှင့်ကို ဘယ်သူမှ မမှီဘူး"

မွန်တင်းသည် ထိုစကားကိုကြားရသောအခါ တုန်လှုပ်သွားမိ၏။ ယီးမု၏သိုင်းကွက်များ ဤမျှအဆင့်မြင့်လိမ့်မည်ဟု သူမထင်ခဲ့ချေ။

ယခု ......

သူမ၏ချီးကျူးခြင်းခံရသည့်အတွက် သူ၏သိုင်းကွက်အဆင့်မြင့်သည်ကို သူနားလည်လာမိ၏။

သူကပြုံးလိုက်ပြီး ......

"ကျေးဇူးတင်ပါတယ်၊ အခုလို ကျုပ်ကိုချီးကျူးတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ ကျုပ်ဟာ ကျုပ်သိုင်းကွက်ကိုကျုပ်မခန့်မှန်းတတ်ဘူးဗျာ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ရှင့်ကို ချီးကျူးနေတာမဟုတ်ဘူးရှင့်၊ ဒီသိုင်းကွက်ဟာ အလွန်လျှို့ဝှက်ဆန်းကြယ်လွန်းလို့ ကျွန်မ အမှန်အတိုင်းပြောပြနေတာပါ"

မွန်တင်းသည် သူမ၏ပွင့်လင်းစွာပြောဆိုသောစကားကို ကြားရသောအခါ .....

မိန်းကလေးအပေါ် လေးစားခင်မင်သောစိတ်များပေါ် ပေါက်လာလေ၏။ သူသည် လက်နှစ်ဖက်ကိုဆုပ်၍ အရိုအသေပေး လိုက်ပြီး .....

"ဩော် .... ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲဆို တာ ကျွန်တော့်ကိုသိခွင့်ပြုပါလားဗျာ"

သူမမျက်မှောင်ကုပ်သွားသည်။

မိန်းကလေးက သူမ၏အမည်ကို ပြောသင့်မသင့် အတန် ကြာစဉ်းစားလိုက်၏။ ပြီးမှ .....

"ကျွန်မနာမည်နုအင်းပါ ..... တစ်ခုတော့ရှိတယ်၊ ကျွန်မ နာမည် ဘယ်သူ့ကိုမှမပြောပြရဘူးနော်"

မွန်တင်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့..... စိတ်ချပါ"

နုအင်းက သူ့အားကြည့်ရင်း.......

"ရှင့်ဆရာကကော ဘယ်သူလဲ"

မွန်တင်းကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာဆရာမရှိပါဘူးဗျာ"

သူ၏စကားကြောင့် မိန်းကလေးမှာ အနည်းငယ်စံအံ့အား သင့်သွား၏။

"ရှင်က ဆရာမရှိဘူးသာပြောတယ်၊ ရှင်တတ်ထားတဲ့



သိုင်းပညာတွေ ဘယ်ကရလာတာလဲ"

မွန်တင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အမှန်ပြောရရင် .... ကျွန်တော့်သိုင်းပညာတွေဟာ ဟိုက နည်းနည်း ဒီကနည်းနည်း စပ်စပ်စုစုခိုးသင်ခဲ့တာတွေပါ၊ ဒါတွေ ကို သိုင်းပညာတွေလို့ပြောရရင်တော့ သိပ်ရှက်ဖို့ကောင်းပါတယ်"

နုအင်းခေါင်းညိတ်လိုက်၏။

"ဒါလဲ ဟုတ်တာပဲ၊ ဘာပဲဖြစ်ဖြစ် ဆရာရှိမှလဲ စနစ်တကျ သင်လို့ရမယ်၊ သိုင်းပညာလဲထူးချွန်လာနိုင်မယ်"

"ဟုတ်ပါရှာယ်ခင်ဗျာ"

"ဒီလိုဆိုရင် ကျွန်မက ရှင့်အတွက် ဆရာတစ်ယောက် ရှာ ပေးရင်ကောင်းမလားလို့စဉ်းစားမိတယ်"

မွန်တင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူးဗျာ ကျွန်တော့်လို ဘာသိုင်းပညာမှမတတ်တဲ့ လူကို ဘယ်ဆရာကလက်ခံမှာလဲဗျ"

နုအင်းကပြုံးလိုက်သည်။

"ဒီလိုလဲဘယ်ဟုတ်မလဲ၊ ရှင့်ကို သိုင်းပညာသင်ပေးမဲ့ ဆရာတစ်ယောက်တော့ ကျွန်မတွေ့ထားတယ်"

"ဟုတ်ကဲ့ .... ဘယ်သူလဲဗျ"

မွန်တင်းသည် ဝမ်းသာသွား၏။

နုအင်း တခစ်ခစ်ရယ်မောလိုက်၏။

သည့်နောက်.......

သူမသည် အနည်းငယ်စဉ်းစားဟန်ပြုလိုက်ပြီး.......

"ဒီလူ့ကို သိပ်ဝေးဝေးသွားရှာစရာမလိုပါဘူး၊ ဒီမှာပဲ ရှိပါတယ်"

မွန်တင်းက ပတ်ဝန်းကျင်ကိုတစ်ချက် မျက်လုံးဖြင့်ဝေ့၍ကြည့်လိုက်သည်။

"ဘယ်မှာလဲဗျ"

နအင်းက တခစ်ခစ်ရယ်မောပြီး သူမကိုယ်သူမ လက်ညှိုးထိုးကာ ....

"ကျွန်မပဲပေါ့ရှင်"

မွန်တင်းမှာတွေဝေသွားသည်။

အတန်ကြာအောင် မတုန်မလှုပ်သူမကိုငေးကြည့်နေမိ၏။

"ဘာလဲ ..... ရှင် ကျွန်မကိုဆရာမတင်ချင်ဘူးလား"

မွန်တင်းကခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက ကြာပန်းဂိုဏ်းက လူဆိုတော့"

"ကြာပန်းဂိုဏ်းက လူကော ဘာဖြစ်သလဲ"

မွန်တင်းက ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်လက်မခံနိုင်ဘူး"

မွန်တင်း၏စကားကြောင့် သူမ၏မျက်နှာမှာ ကွက်ကနဲပျက်သွား၏။



နအင်း၏ လက်ချောင်းများသည် လျှပ်တစ်ပြက်ဖြင့် မွန်တင်း ၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်လေ၏။

မွန်တင်းသည် ထိတ်လန့်သွား၏။

"ခင်ဗျား ဘာလုပ်တာလဲဗျ"

သူသည် ပြောရင်း သူ၏ညာလက်ဖြင့် နအင်း၏ပုခုံးဘက် သို့ခုတ်ချလိုက်သည်။

နအင်းက ကျန်လက်တစ်ဘက်ဖြင့် ခံပေးလိုက်၏။

မွန်တင်းသည် ခန္ဓာကိုယ်ကိုတစ်ချက်လှည့်လိုက်ပြီး ယီးမုထံမှ သင်ကြားထားသော သိုင်းကွက်(၇)ကွက်ဖြင့် ရှောင်တိမ်းလိုက်၏။

သူ၏ ကိုယ်ခန္ဓာသည် ငါးရံ့တစ်ကောင်ပမာ ချောကနဲရှောင်တိမ်းကာ လွတ်မြောက်သွားသည်။

နအင်း နှုတ်ခမ်းစူသွားသည်။

"ဘာလဲ......ရှင်က ကျွန်မကို ဒီလောက်တောင်ပဲ ကြောက်ရသလား"

မွန်တင်းသည် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ ကျွန်တော်မှာအရေးကြီးတဲ့ ကိစ္စရှိနေလို့ပါ၊ ခရီးအမြန်ဆုံးထွက်ရမှာမို့ပါ"

"ရှင်က ဘယ်ကိုများသွားမလို့လဲ"

"ကျွန်တော်က ကျန်းနန်းကိုသွားမလို့ပါ"

နအင်းသည် ပြုံးလိုက်သည်။

"ရှင်တစ်ယောက်တည်း သွားမလို့ဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်တစ်ယောက်ထဲသွားတာတော့ ဟုတ်ပါပြီ၊ တော်ကြာ လမ်းမှာ ကျွန်မဆရာရဲ့ တပည့်ကြီးတွေနဲ့နေရင် ဘယ့်နယ်လုပ်မလဲ"

မွန်တင်းတွေဝေသွားပြန်သည်။

နအင်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... ရှင်နဲ့ကျမှ ကျွန်မဘာဖြစ်လို့ သံယောဇဉ်ဖြစ်နေသလဲဆိုတာမသိဘူး၊ အင်းလေ .... ရှင်သွားချင်သွားတော့လေ"

နအင်း၏အသံသည် တိမ်ဝင်သွားလေတော့သည်။

****



မွန်တင်းသည် နအင်းဝမ်းနည်းသွားသည်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားမိသည်။

သူသည် နအင်းနှင့်အမြန်ဆုံးလမ်းခွဲသွားရန် စိတ်ဆန္ဒမှာ ပျက်ပြယ်သွားသည်။ သူသည် အားတုံ့အားနာဖြစ်ကာ နအင်းအား ငေး၍ကြည့်နေမိလေ၏။

ဤသည်မှာ .....

ဤမိန်းကလေးနှင့်တွေ့ကြုံရခိုက် ထူးခြားချက်ပင်။

ဤမိန်းကလေးသည် ရက်စက်သော စိတ်ထားရှိခဲ့သည်ဟု သိရှိခဲ့ပေ၏။

ဤမိန်းကလေးသည် သူ့အားဒဏ်ကြေဆေး တိုက်ကျွေးခဲ့၏။ အခြားရန်သူနှင့်တွေ့ရသောအခါ ဤမိန်းကလေးက ဝင်တိုက်ခဲ့၏။ သူသည် ဤမိန်းကလေးအပေါ်သံယောဇဉ်ရှိနေပါသလော။

နအင်းက သူ့အားမော်ကြည့်လိုက်ပြီး ....

"ရှင်ဘာကြည့်နေတာလဲ"

မွန်တင်းကပြုံးပြလိုက်၏။

"ကျွန်တော်က ခင်ဗျားနဲ့ခရီးချင်းမတူဘူးထင်လို့ ဒီလိုပြောမိတာပါ၊ ခင်ဗျားကိုလဲ ခင်မင်ပါတယ်၊ ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

နအင်းဝမ်းသာသွား၏။

"ဒါဖြင့် ကျွန်မရှင့်ကို ကျန်းနန်အထိလိုက်ပို့ပေးမယ်လေ"

မွန်တင်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ခင်ဗျား့မှာအပန်းမကြီးဘူးဆိုရင်တော့ အတူတူ သွားကြတာပေါ့"

နအင်းသည် တစ်စုံတရာကိုစဉ်းစားမိပြီး.....

"တစ်ခုတော့ရှိတယ်၊ လမ်းခရီးမှာ ရှင် ကျွန်မရဲ့စကားကို နားထောင်ရမယ်၊ ဘယ်မှာစားသောက်ရမယ်ဆိုတာ ကျွန်မစီစဉ် တာပါ၊ ရှင်လိုက်နာရမယ်၊ တကယ်လို့ ရှင် ကျွန်မစကားကို နား မထောင်လို့ ရှင်တစ်ခုခုဖြစ်ခဲ့ရင် ကျွန်မတာဝန်မဟုတ်ဘူးဆိုတာကို ကြိုတင်ပြောပါရစေ"

မွန်တင်း မျက်မှောင်ကုပ်သွားသည်။

သို့သော် ....

သူသည် ဆက်လက်၍အငြင်းအခုန်မလုပ်လိုသဖြင့် ခေါင်း ညိတ်လိုက်ရလေ၏။

နအင်းကပြုံးလိုက်သည်။

"ရှင် လမ်းမှာ ကျွန်မစကားကို တသွေမတိမ်းနားထောင် မယ်ဆိုရင် ရှင့်အဖေကိုသတ်တဲ့လူကို ကျွန်မပြောပြမယ်"

မွန်တင်းက အံ့သြစွာဖြင့် နအင်းအားကြည့်လိုက်တော့၏။

"ဗျာ ..... ခင်ဗျားက ကျုပ်ရဲ့အဖေသတ်သွားတဲ့လူကို သိ တယ်ဟုတ်လား"

"သိတာပေါ့၊ ရှင့်အဖေနာမည်က မွန်ယို့လင်းမဟုတ်လား"

နအင်းတစ်ယောက် မိမိ၏ဖခင်အမည်ကိုပြောနိုင်သည်ကို ကြားရသောအခါ သူမအပေါ်ယုံကြည်လာ၏။



"ဟုတ်ပါတယ်.....ခင်ဗျားက ကျုပ်အဖေကို ဘယ်လိုလုပ် သိသလဲ"

နအင်းက ပြုံးလိုက်သည်။

"ကျွန်မက ဘယ်သိမလဲရှင်"

"ဒါဖြင့် ခင်ဗျားကဘယ်လိုလုပ်ပြီး ကျုပ်အဖေရဲ့နာမည်ကို မှန်အောင်ပြောနိုင်ရတာလဲ"

"ဒီလိုပါ .... ဒီအကြောင်းကို ကျွန်မကသူဌေးကြီးဖုယင်း အိမ်ရောက်သွားတုန်းက ဖုယင်းနဲ့ယောကျ်ားဟန်ဆောင်ထားတဲ့ အမျိုးသမီးတို့ စကားပြောနေတာကိုကြားလိုက်ရလို့ ရှင့်အဖေသတ် တဲ့လူကိုသိခဲ့ရတာပါ"

"အင်း သူဌေးကြီးဖုယင်းအိမ်မှာ စကားပြောနေတာ စာပေ သမားလိုဝတ်ဆင်ထားတဲ့အမျိုးသမီးကိုပြောတာမဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင်သူနဲ့သိတယ်မဟုတ်လား"

"ဟုတ်ကဲ့သိပါတယ်"

"ဒါပေမဲ့ သူကရှင့်ကိုပြောပြမှာမဟုတ်ဘူး"

"ဒီလိုဆိုရင် ခင်ဗျားကပြောပြပါလားဗျာ"

"ဒါကတော့ ... ရှင့်အဖေသတ်တဲ့ရန်သူပဲ၊ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး၊ ရှင် ကျွန်မကိုပြောပြစေချင်ရင် ကျွန်မကိုကတိတစ်ခု ပေးရလိမ့်မယ်"

"ဟုတ်ကဲ့ ..... ကျုပ်အဖေကိုသတ်တဲ့သူ ဘယ်သူလဲဆို တာပြောပြရင် ဘာကတိပဲဖြစ်ဖြစ် ကျုပ်ပေးပါ့မယ်"

"ရှင် တကယ်ပြောနေတာလား"

"ကျုပ်ယောကျ်ားပါဗျ၊ စကားတည်ပါတယ်"

"ကောင်းပြီလေ အဲဒီတော့ ရှင့်ကို ကျွန်မ မပြောခင် ကျွန်မတို့ဂိုဏ်းထဲကိုဝင်ရလိမ့်မယ်"

မွန်တင်းသည် မျက်မှောင်ကုပ်သွားသည်။

"အို .... ဘယ်ဖြစ်မလဲဗျာ၊ နောက်ပြီး ခင်ဗျားဆရာကလဲ သဘောတူပါ့မလား"

နအင်းသည် ပြုံးလိုက်သည်။

"ဒါဖြင့် ဒီလိုလုပ်လေ၊ ရှင်က ကျွန်မတို့ရဲ့ဂိုဏ်းထဲကို မဝင်ရင်နေပါ၊ ဒါပေမဲ့ ကျွန်မဆီမှာတော့တပည့်ခံရလိမ့်မယ်"

မွန်တင်းသည် စိတ်အိုက်သွား၏။

သူသည် ကြာပန်းဂိုဏ်းကို လုံးဝအယုံအကြည်မရှိပါ။

နအင်းသည် ....

ကြာပန်းဂိုဏ်း၏ အားအကိုးရဆုံးသော တပည့်နှစ်ယောက်အနက် တစ်ယောက်ဖြစ်နေသည်ကိုသိသည်။

ထို့ပြင် နအင်းအား လူဆိုးတစ်ယောက်ဟူ၍ သူ၏စိတ်ထဲတွင် သတ်မှတ်ချက်ရှိနေသဖြင့် ယခုကဲ့သို့ သူမအား ဆရာအဖြစ်တင်ရမည်ကို ဝန်လေးမိသည်။

နအင်းသည် မွန်တင်း တွေဝေနေခြင်းကိုတွေ့ရသောအခါ ပြုံးလိုက်ပြီး ......

"ရှင် ဘာတွေစဉ်းစားနေတာလဲ၊ ဘာလဲ ရှင့်ကိုလူသတ်



နိုင်းမှာလဲမဟုတ်ဘူး၊ မဟုတ်တာနိုင်းမှာလဲမဟုတ်ဘူး၊ ရှင် ဘာတွေတွေဝေနေတာလဲ"

မွန်တင်းသည် သူမ၏စကားကိုကြားရမှ စိတ်သက်သာရာရသွားသည်။ သူသည် မိမိ၏ဖခင်အား သတ်သွားသောသူကို သိလိုသောဆန္ဒပြင်းပြလာသည်။

ဤအချက်ကိုသိလိုသည်။

ထို့ကြောင့် ..... နအင်းထံ၌တပည့်ခံရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

****

## အခန်း (၂၀)
## အကူအညီ

မွန်တင်းသည် နုအင်းအား ဒူးထောက်ဂါရဝပြုလိုက်၏။

"ဆရာ့ကို တပည့်မွန်တင်းကဂါရဝပြုပါတယ်ခင်ဗျား"

သူသည် နဖူးနှင့်မြေကြီး ဦးခိုက်လိုက်သည်။

နုအင်းသည် မွန်တင်းတစ်ယောက် တကယ်ပင် မိမိကို ဆရာအဖြစ်တင်ကာ ဂါရဝပြုသည်ကိုတွေ့ရသောအခါ ဝမ်းသာသွားလေ၏။

သူမသည် မွန်တင်းအား ကပျာကယာ ဖေးမထူလိုက်သည်။ သူမ၏မျက်နှာတစ်ခုလုံးမှာလည်း ရှက်လွန်း၍နီရဲနေသည်။

"ရှင်ကလည်း ဒီလောက်ပဲ ဒူးထောက်ဂါရဝပြုရသလား ရှင် တပည့်ခံမယ်လို့ကတိပေးရင်လည်း ပြီးတာပဲမဟုတ်လား"

မွန်တင်းသည် မတ်တပ်ရပ်လိုက်ပြီး လေးနက်တည်ကြည်စွာ ပြောသည်။

"တပည့်က သိုင်းလောကကို မကျွမ်းလည်သေးတာကြောင့်



စည်းကမ်းတွေကို လုံးမသိတာ အမှန်ပါ၊ တကယ်လို့များ တပည့်ရဲ့ အမူအယာများ မှားယွင်းခဲ့ရင် ကျေးဇူးပြုပြီး ဆရာက ပြုပြင်ပေးပါလို့တောင်းပန်ပါတယ်"

နုအင်းသည် မွန်တင်း၏ပြောဟန်ဆိုဟန်များကိုတွေ့လိုက်ရသောအခါ ခစ်ခနဲရယ်မောလိုက်မိသည်။

"ခုနက ကျွန်မပြောပြီးပြီမဟုတ်လား .... ဆရာနဲ့တပည့် အသိအမှတ်ပြုရင် ပြီးရောမဟုတ်လား၊ စည်းကမ်းချက်တွေမလိုပါဘူးရှင်"

မွန်တင်းက တည်ကြည်လေးနက်သောမျက်နှာထားဖြင့်

"ဘယ်ဖြစ်မလဲဆရာ၊ ဆရာ့ကိုတပည့်လေးစားရမှာပေါ့"

နုအင်း မျက်မှောင်ကုပ်သွားသည်။

သူမသည် နှုတ်ခမ်းဆူလိုက်ပြီး......

"ဒုက္ခပါပဲရှင် .... ရှင်ဒီလောက်စည်းကမ်းရှိမှန်းသိရင် ရှင့်ကိုတပည့်အနေနဲ့တောင် လက်မခံနိုင်တော့ဘူး"

မွန်တင်းကဦးညွှတ်လိုက်ပြီး ,...

"တပည့်က စည်းကမ်းကြီးချင်လို့မဟုတ်ပါဘူးဆရာရယ်၊ ဆရာနဲ့တပည့်ဆိုတာ စည်းကမ်းရှိမှ တန်ရာကျမယ်မဟုတ်လား"

နုအင်းသည် အနည်းငယ်စဉ်းစားပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ ..... ရှင်က ဒီလောက်စည်းကမ်းကြီးချင်ရင်လည်း ကြီးပေါ့ရှင်၊ ကျွန်မလည်း မတတ်နိုင်တော့ဘူး"

ထို့နောက် နုအင်းသည် သူမ၏အိတ်ထဲမှ သုံးလက်မခန့်ရှိသော ရွှေပြားတစ်ပြားကိုထုတ်ယူပြီး မွန်တင်းအား ပေးလိုက်၏။

"ဒီရွှေပြားလေးဟာ ကျွန်မ ဆရာကပေးလိုက်တဲ့ ဂိုဏ်းချုပ်ရဲ့အမိန့်တော်ပဲ၊ ကျွန်မတို့ကြာပန်းဂိုဏ်းက ဂိုဏ်းသားတွေအားလုံး ဒီအမိန့်တော်တွေ့လိုက်ရင် ဂိုဏ်းချုပ်ကိုတွေ့တာနဲ့အတူတူပဲ၊ အားလုံးက လေးစားရိုသေရမယ်၊ အမိန့်တော်ကိုင်ဆောင်ထားတဲ့လူရဲ့အမိန့်ကို တသွေမတိမ်းလိုက်နာရမယ်၊ အခု ကျွန်မက ရှင့်ကိုပေးလိုက်မယ်၊ နောက် လမ်းမှာ ကျွန်မတို့ကြာပန်းဂိုဏ်းသားနဲ့တွေ့ရင် ဒီအမိန့်တော်ကိုထုတ်ပြတာနဲ့ ရှင့်ကိုအန္တရာယ်မပြုဘဲ ရှင့်စကားကို နာခံပါလိမ့်မယ်"

မွန်တင်းသည် ထိုရွှေပြားကို တရိုတသေလှမ်းယူပြီး အိတ်ထဲသို့သေချာစွာသိမ်းဆည်းလိုက်သည်။

သူသည် နုအင်းအားဦးညွှတ်လိုက်ပြီး........

"ဆရာ ကျေးဇူးပြုပြီး တပည့်ရဲ့ရန်သူ ဘယ်သူလဲဆိုတာ သိပါရစေ"

သူမက မျက်မှောင်ကုပ်သွားသည်။

ထို့နောက် အသာအယာခေါင်းခါကာ ....

"ရှင့်ကို ကျွန်မပြောပြလို့မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲဆရာ"

"ရှင်ရန်သူက သိုင်းပညာမှာ အတော်လေးအဆင့်မြင့်တဲ့လူတစ်ယောက်ဖြစ်တဲ့အတွက် အခုနေ ရှင့်ကိုပြောပြလိုက်ရင် ရှင်သွားပြီး ကလဲ့စားချေမှာသေချာတယ်၊ အခုအခြေအနေအရ ရှင်က သူ့ကိုသွားပြီးရန်ရှာရင် ရှင့်ရဲ့အသက်ဟာ အလကားဆုံးရှုံးသွားပါလိမ့်မယ်"



မွန်တင်းက ရင်ကိုကော့လိုက်ပြီး .....

"ဘာပဲဖြစ်ဖြစ် တပည့်ကတော့ ရန်သူကိုသွားပြီး ကလဲ့စားချေချင်တယ်၊ တပည့်အသက် သေချင်သေပါစေ တပည့် ကျေနပ်ပါတယ်ဆရာ"

နုအင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေ နှစ်ပေါင်း ဒီလောက်ကြာပြီးမှ မထူးတော့ပါဘူး၊ အခု ဆောင်ရွက်ရမှာက ကျွန်မက ရှင့်ကို သိုင်းပညာ ထူးချွန်လာအောင်သင်ပေးမယ်၊ သိုင်းပညာ ထူးချွန်တတ်မြောက်လာမှ ရှင့်ရဲ့ရန်သူကို ကလဲ့စားချေနိုင်မှာမဟုတ်လားရှင့်"

မွန်တင်းက အဝင်မကျပါ။

"ဒါဖြင့် ဆရာကဘယ်တော့မှပြောပြမှာလဲ"

နုအင်းက အနည်းငယ်စဉ်းစားလိုက်ပြီး .....

"အခု ကျန်းနန်မြို့ကိုသွားဖို့ လမ်းမှာတစ်လလောက်ကြာဦးမယ်၊ အဲသည် တစ်လအတွင်းမှာ ကျွန်မ ရှင့်ကိုသိုင်းပညာသင်ပေးမယ်၊ ကျန်းနန်မြို့ရောက်တာနဲ့ ကျွန်မ ရှင့်ရန်သူကိုပြောပြမယ်၊ ဘယ်နှယ့်လဲ"

မွန်တင်းက ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်၍ သဘောတူလိုက်သည်။

နအင်းသည် မွန်တင်းလက်ခံသွားသည်ကို တွေ့ရသဖြင့် ပြုံးပြီးနှုတ်ဆက်လိုက်လေ၏။

"ကဲ......ဒါဖြင့် ကျွန်မတို့ခရီးဆက်ကြရအောင်လား"

****

မွန်တင်းနှင့်နအင်းတို့သည် ကျန်းနန်းမြို့သို့ဦးတည်ကာ ခရီးဆက်လေ၏။ တည်းခိုခန်းများသည် သူတို့၏နားရာအရပ်ဖြစ်လေသည်။

သူတို့သည် နေ့ဘက်တွင် ခရီးနှင်ကြပြီး ညဘက်တွင် ရောက်သည့်မြို့ရွာများတွင် ရပ်နားတည်းခိုကြသည်။

သူတို့နှစ်ဦးသည် ကုန်းတစ်တန်၊ ရေတစ်တန် ခရီးနှင်လာခဲ့ကြသည်။

တစ်နေ့ ....

သူတို့သည် ချန်ကျန်းမြစ်၏သုံးခွဆုံမှ ကြီးမားသောမြို့တော်ဖြစ်သည့် ဝူတန်မြို့သို့ရောက်ရှိလာကြသည်။

သူတို့သည် ထိုမြို့မှ အလွန်စည်ကားသောလမ်းတစ်လမ်းသို့ရောက်ရှိလာကြခြင်းဖြစ်သည်။

နအင်းသည် ထိုလမ်းရှိ ထမင်းဆိုင်တစ်ဆိုင်သို့ဝင်ရောက်၍ထမင်းစားရန်ဆုံးဖြတ်ချက်ချလိုက်သည်။

သူတို့ ထမင်းစားသောက်နေစဉ်မှာပင် ....



သူတို့နှင့်ကပ်လျက်ရှိသောစားပွဲမှလူနှစ်ယောက် ထမင်းစားသောက်ရင်း စကားပြောသံကိုကြားလိုက်ရသည်။

ထိုလူနှစ်ဦးအနက် အသက်(၄၀)ခန့်ရှိသောလူက....

"ဟေ့.....သူငယ်၊ အခုတလော ကြာပန်းဂိုဏ်းဟာ တော်တော်ကို လှုပ်ရှားနေတယ်လို့ကြားရတယ်"

အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်က ခေါင်းညိတ်လိုက်သည်။ သူတို့နှစ်ဦးမှာ ခရီးသွားဘက်များဖြစ်ကြသည်။

"ဟုတ်တယ်ဦး၊ အခုတလော သိုင်းလောကမှာ အသက်အဖြတ် တော်တော်များနေတယ်၊ နာမည်ကြီးတဲ့ သိုင်းရာဇာငါးယောက်ကို မွန်တင်းဆိုတဲ့လူကသတ်လိုက်တဲ့အတွက် အတော်လေးဂယက်ရိုက်သွားတယ်ဦး"

"ဟုတ်တယ်.....ဒါတင် ဘယ်ကမလဲ၊ ကြာပန်းဂိုဏ်းက ဂိုဏ်းချုပ်ရဲ့တပည့်ကြီး သေမင်းတမန် တင်ရှောင်ကလည်း ဒွာစ်စခန်းထနေတယ်"

"ဟုတ်လားဦး၊ သူက တော်တော်ဆိုးသလား"

"အို .... ဆိုးတာပေါ့ကွ၊ လွန်ခဲ့တဲ့ (၁၅)ရက်ကပဲ သိုင်းရာဇာ(၁၆)ရောက်ဟာ သူ့လက်ချက်နဲ့သေရရှာတယ်"

"ဟာ ..... ဒီလိုဆို ဒီလူ တော်တော်ကြောက်စရာကောင်းတာပေါ့"

"အေး .....ဟုတ်တယ်၊ ဒီမြို့ကနာမည်ကြီးသိုင်းဆရာစွန်ရှမ်းကိုသတ်ဖို့ အကြောင်းကြားထားတယ်လို့ကြားရတယ်"

ထိုစကားကိုကြားလိုက်ရသောအခါ နအင်းမှာ မျက်မှောင်ကုပ်သွားတော့၏။

သူမသည် ထမင်းစားရာမှနားစွင့်လိုက်ပြန်၏။

"ဒါဆိုရင် ဒီဝူတန်မြို့မှာ ပွဲကြီးပွဲကောင်းဖြစ်ဦးမှာပေါ့"

"သိပ်ဟုတ်တာပေါ့သူငယ် .... စွန်ရှမ်းကလဲ ခေတ့်လူမှ မဟုတ်ဘဲ၊ သူလဲ သူ့မိတ်ဆွေတွေကိုအကူအညီတောင်းထားတယ် လေ၊ အခုလောက်ဆိုရင် ဝူတန်မြို့မှာ သိုင်းသမားအတော်များများ ရောက်နေရောပေါ့"

လူငယ်က သက်ပြင်းချလိုက်သည်။

"ဒီလိုဆို ကျွန်တော်တို့ကဘာလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ .... ဒီကအရောင်းအဝယ်ကို အမြန်ဆုံးအဆုံးသတ်ပြီး တခြားမြို့သွားရုံပေါ့"

ထိုလူနှစ်ယောက်မှာ စားသောက်ပြီးသည်နှင့် ငွေရှင်းပေးကာ ကပျာကယာ စားသောက်ဆိုင်မှထွက်သွားကြလေတော့သည်။

****



မွန်တင်းသည် နအင်းအား စေ့စေ့ကြည့်နေသည်။

နအင်းက မွန်တင်း၏ ကြာပန်းဂိုဏ်းအပေါ်သံသယစိတ်များနေခြင်းကိုစဉ်းစားနေမိ၏။ သူက တစ်ချက်ပြုံးလိုက်ပြီးနောက် ဆိုင်လုလင်အားလှမ်းခေါ်လိုက်သည်။

"ဒီမှာအစ်ကိုလေး ဒီမြို့ကသိုင်းဆရာကြီးစွန်ရှမ်း ဘယ်မှာနေတယ်ဆိုတာသိသလား"

ဆိုင်လုလင်သည် ထိုစကားကိုကြားလိုက်သည်နှင့် နအင်းနှင့်မွန်တင်းအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး .....

"ဟုတ်ကဲ့သိပါတယ်၊ သိုင်းဆရာကြီးက မြို့ရဲ့အဲနောက်ပိုင်းမှာနေပါတယ်၊ ခင်ဗျားတို့က သိုင်းဆရာကြီးရဲ့မိတ်ဆွေတွေလား"

"မဟုတ်ပါဘူးရှင်၊ ဝူတန်မြို့မှာ သိုင်းဆရာကြီးစွန်ရှမ်းက နာမည်ကြီးလို့ လမ်းကြုံတုန်း သွားပြီးဂါရဝပြုမလို့ပါ"

"ဟုတ်လား၊ အခုတလော သိုင်းဆရာကြီးက နယ်အသီးသီးမှာရှိတဲ့သိုင်းဆရာတွေကို ဖိတ်ကြားထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တော်တော်ဆိုးတဲ့လူဆိုးတစ်ယောက်နဲ့ယှဉ်ပြိုင်ကြလိမ့်မယ်လို့ပြောတယ်"

နအင်းသည် မိမိတို့ ကြာပန်းဂိုဏ်းကို လူဆိုးအဖြစ် အပြစ်ပြောနေခြင်းကိုကြားရ၍ ဒေါသထွက်လာမိသည်။ ဆိုင်လုလင်မှာ နအင်း ဒေါသထွက်နေသည်ကို မသိပါ သူပြောလိုသည်ကိုသာ ဆက်၍ပြောလေသည်။

"အဲဒီလူဆိုးဟာ ... ကြာပန်းကိုဏ်းရဲ့တပည့်အကြီးဆုံးလို့ ပြောသံကြားတယ်၊ ဒီလူဆိုးဟာ သိုင်းပညာသိပ်တော်တယ်"

ဆိုင်လုလင်ကပြောရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း သိုင်းဆရာကြီးစွန်ရှမ်းဟာ လူတော်လူကောင်းတစ်ယောက်ပါဗျာ၊ အခုတော့ အဲဒီကြာပန်းဂိုဏ်းလူဆိုးဟာ ဒီလ (၁၅) ရက်နေ့မှာ လာသတ်မယ်လို့ စာလာပေးသွားတယ်၊ ကနေ့ဆိုရင် သုံးရက်ပဲလိုတော့တယ်ဗျာ"

မွန်တင်းသည် နအင်းအားတစ်ချက်ကြည့်ပြီး ဆိုင်လုလင်အားမေးလိုက်လေ၏။

"နေပါဦး .... သိုင်းဆရာကြီးစွန်ရှမ်းဟာ လူကောင်းလား လူဆိုးလား၊ ဒါကို ကွဲကွဲပြားပြားသိချင်ပါတယ်"

"အို .... ဘယ့်နှယ့်ပြောပါလိမ့်၊ သိုင်းဆရာကြီးစွန်ရှမ်းဟာ လူကောင်းပါ၊ ဂူတန်မြို့မှာ ဘယ်သူ့ကိုမေးမေး အားလုံးသိကြပါတယ်"

မွန်တင်းသည် ဘယ့်နှယ်ရှိစဟူသောအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ နအင်းသည် အသာအယာပြုံးလိုက်သည်။

သည့်နောက် ထမင်းဖိုးရှင်းပေးလိုက်ပြီး .....

"ကြားတာကို ကျွန်မတို့ယုံလို့မဖြစ်သေးဘူး၊ မျက်မြင်ကိုယ်တွေ့သွားပြီးလေ့လာရင် မကောင်းဘူးလား"

မွန်တင်းကခေါင်းညိတ်လိုက်သည်။

"ကဲ .... ကျွန်မတို့ အဲဒီကိုသွားကြမယ်၊ တကယ်လို့များ



ဆိုင်လုလင်ပြောသလို စွန်ရှမ်းက လူကောင်းတစ်ယောက်ဖြစ်ရင် ကျွန်မတို့ သူ့ဘက်ကအကူအညီပေးမယ်လေ"

မွန်တင်းဝမ်းသာသွားသည်။

"ဟုတ်ကဲ့ဆရာ"

သူတို့သည် ပြောဆိုကြပြီး စားသောက်ဆိုင်မှထွက်လာကြတော့၏။

****

ကြီးမားထည်ဝါသောအဆောက်အအုံတစ်ခု ....

အဆောက်အအုံကိုကြည့်လိုက်ရုံနှင့်ပင် အဆောက်အအုံပိုင်ရှင်သည် အလွန်ချမ်းသာကြွယ်ဝမည်ကိုခန့်မှန်းနိုင်သည်။

ထိုအဆောက်အအုံ၏ခြံဝတွင် အစောင့်အကြပ်များ ကြပ်တည်းစွာစောင့်ကြပ်နေခြင်းကိုမြင်ရသည်နှင့် စွန်ရှမ်းသည် မည်မျှြသဇာကြီးထွားသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားနေ၏။

သူတို့သည် အဆောက်အအုံရှိရာသို့ဦးတည်လျှောက်သွားကြသည်။ ထိုစဉ် လမ်း၏တစ်ဖက်တစ်ချက်မှ လူနှစ်ယောက်ထွက်ပေါ်လာပြီး သူတို့အားဟန့်တားလိုက်သည်။

မွန်တင်း၏ခြေလှမ်းရပ်တန့်သွားသည်။

"ခင်ဗျားတို့ဘယ်ကလဲ၊ ဘာကိစ္စနဲ့လာတာလဲ"

မွန်တင်းက လက်နှစ်ဖက်ဆုပ်ပြီး .....

"ကျုပ်တို့က ရပ်ဝေးကလာတဲ့လူတွေပါ သိုင်းဆရာကြီးကို ဂါရဝပြုချင်လို့လာခဲ့တာပါ"

ထိုလူနှစ်ယောက်သည် သူတို့အား လှေလာအကဲခတ်ပြီး

"နာမည်ဘယ်လိုခေါ်ပါသလဲ"

မွန်တင်းသည် မိမိနာမည်ရင်းကိုပြောရန်မဖြစ်မှန်း သတိပြုမိသဖြင့် သူ၏အမည်ကို တစ်မျိုးလုပ်ဉ၍ပြောလိုက်၏။

"ကျွန်တော်နာမည်တန်းစုပါ"

ထိုလူက နုအင်းကိုတစ်ချက်ကြည့်လိုက်ပြီး ....

"သူကကော"

နုအင်းကစိတ်မရှည်နိုင်တော့ဘဲ .....

"ရှင်တို့အမေးအမြန်းထူလှချည်လား၊ အခုလိုအချိန်အခါမျိုးမှာ ရှင်တို့ဆရာကြီးအတွက် အကာအကွယ်ပေးဖို့ သိုင်းလောကကမိတ်ဆွေတွေကိုဖိတ်ကြားနေတယ်မဟုတ်လား၊ အခု ကျွန်မတို့ကမိုင်ပေါင်းအဝေးကြီးကနေလာရတဲ့ဧည့်သည်တွေပါ၊ ခုလို အစစ်ဆေး အမေးမြန်းထူနေရင် ကျွန်မတို့ပြန်ရုံပဲရှိတော့တာပေါ့"

နုအင်း၏စကားကြောင့် ထိုလူများ၏မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားပြီး ....

"စိတ်မရှိပါနဲ့ဗျာ .... ကျွန်တော်တို့ဆရာကြီးဆီ ရန်သူတွေလာမယ်ဆိုလို့ ကျွန်တော်တို့သတိထားနေရတာပါ၊ ကဲ ... ကဲ ... ကြွပါဗျာ .... ကြွပါ"



ထိုသူက ဤသို့ပြောပြီး အဆောက်အအုံထဲသို့ခေါ်ဆောင်သွားလေတော့သည်။

အဆောက်အအုံ၏ဧည့်ခန်းသို့ရောက်ရှိသောအခါ အကြီးအကဲဖြစ်ဟန်တူသောအဘိုးအိုတစ်ယောက်က သူတို့အား ပျူပျူငှာငှာဧည့်ခံကြိုဆိုပြီး ဝဲဘက်အဆောင်သို့ခေါ်ဆောင်သွားသည်။

ဝဲဘက်အဆောင်မှာ အခန်းပေါင်းများစွာရှိ၏။

ထိုအဘိုးကြီးက သူတို့အား အစွန်ဆုံးအခန်းနှစ်ခန်းတွင် သူတို့အား နေရာထိုင်ခင်းချပေး၏။

သို့ဖြင့် နုအင်းနှင့်မွန်တင်းတို့သည်အခန်းကောင်းကောင်း၌ ကောင်းစွာအနားယူခွင့်ရလိုက်ကြလေသည်။

****

## အခန်း (၂၁)
## တုတ်ထိုးအိုးပေါက်ပြောကြားသူ

နံနက်ခင်း .....

အကြီးအကဲဖြစ်သူအဘိုးအိုသည် သူတို့ထံသို့ရောက်ရှိလာသည်။ သူသည် နအင်းနှင့်မွန်တင်းတို့ကို လာရောက်ခေါ်ငင်ခြင်းဖြစ်သည်။

"လူကြီးမင်းတို့ကို သိုင်းဆရာကြီးက ဧည့်ခန်းမဆောင်ထဲကြွဖို့ ဖိတ်ခေါ်ပါတယ်"

ထို့နောက် သူတို့သည် အဘိုးအိုခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ကြသည်။

ဧည့်ခန်းမဆောင်သို့ရောက်ရှိသောအခါ ဧည့်ပရိသတ်များ စုံစုံလင်လင်ရောက်ရှိနေခြင်းကိုတွေ့ရှိရသည်။

ဧည့်ခန်းအလယ်တွင် အသက်(၇၀)ခန့်ရှိသောအဘိုးအိုတစ်ယောက်ထိုင်နေ၏။



မွန်တင်းသည် ထိုအဘိုးအိုအား သိုင်းဆရာကြီးစွန်ရှမ်းဖြစ်မည်ဟုခန့်မှန်းထားသည်။

သူက နအင်းအားအသံတိုးတိုးဖြင့် ....

"ဆရာ.... အလယ်မှာထိုင်နေတဲ့လူဟာ သိုင်းဆရာကြီးစွန်ရှမ်းမဟုတ်လား"

နအင်းကပြုံးလိုက်ပြီး......

"ကျွန်မလဲ တစ်ခါမှမတွေ့ဘူးလို့ မသိဘူး"

ထိုအခါ သူတို့အနီးတွင်ထိုင်နေသောလူတစ်ယောက်က ပြုံး၍ .....

"ဟုတ်ပါတယ်၊ သိုင်းဆရာကြီး စွန်ရှမ်းဆိုတာ သူပဲပေါ့

နအင်းက ထိုသူကိုကြည့်လိုက်သည်။

ထိုသူမှာ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ငလေ့လ အကဲခတ်မိသည်။

"ရှင့်ကို သိုင်းဆရာကြီးကဖိတ်လို့လာတာဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါနဲ့ နေပါဦး .... ရှင်နဲ့ဆရာကြီးစွန်ရှမ်းနဲ့ တော်တေ ရင်းနှီးသလား"

"သိပ်ရင်းနှီးတယ်လို့တော့ မဟုတ်ပါဘူး၊ မိတ်ဆွေအဆ လောက်ပဲရှိပါတယ်"

"ဩော် .... ဟုတ်လား .... ဒါနဲ့ သိုင်းဆရာကြီးစွန်ရှမ်းပ ဘယ်လိုလူစားလဲဆိုတာ ရှင်သေချာလေ့လာမိရဲ့လား"

"ဆရာကြီးဇွန်ရှမ်းဟာ လူတော်လူကောင်းတစ်ယောက်ပါ"

"လူတော်လူကောင်း တစ်ယောက်လို့ ရှင်ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ"

ထိုလူကရယ်လိုက်ပြီး .....

"ကျုပ်ပြောစရာမလိုပါဘူးဗျာ .... သိုင်းလောကတစ်ခုလုံး အသိပဲမဟုတ်လား"

နှအင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ လူတွေဟာ တော်တော်ခက်သားလား၊ အပေါ်ယံပဲကြည့်တတ်ကြတယ်၊ အတွင်းကဘယ်လိုလဲဆိုတာ ဘယ်သူမှမလေ့လာကြဘူး"

ထိုသူ မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားဘာကိုဆိုလိုတာလဲဗျ"

နှအင်းကပြုံးလိုက်သည်။

"ဒီလိုပါရှင် .... တချို့က အပေါ်ယံ လူတော်လူကောင်းဖြစ်ပေမဲ့ တကယ်ကြတော့ မတရားတဲ့အလုပ်တွေ ဒုစရိုက်အလုပ်တွေ လုပ်နေကြတယ်လေ"

ထိုလူ၏မျက်နှာမှာ ဒေါသရောင်သန်းလာသည်။

"ဘာလဲ ခင်ဗျားဏာသိုင်းဆရာကြီးကို လူတော်လူကောင်း ဟန်ဆောင်တဲ့လူတစ်ယောက်လို့ဆိုချင်တာပေါ့၊ ဟုတ်လား"

နှအင်းက မဲ့ပြုံးပြုံးလိုက်သည်။



"အို ရှင်ကလဲ ဒေါသကြီးရန်ကော၊ ကျွန်မကတပ်အပ်ပြောနေတာမှမဟုတ်ဘဲ .... ဖြစ်နိုင်တဲ့အကြောင်းကိုပြောပြတာပါ သိုင်းဆရာကြီးဇွန်ရှမ်းနဲ့ပတ်သက်ပြီး သူဟာ လူတော်လူကောင်းတစ်ယောက်ဆိုတာ ကျွန်မ ပြောကြားခဲ့ပါတယ်၊ ဒါပေမဲ့ .... သူဟာ လူဆိုးဓားပြတစ်ယောက် မဟုတ်ဘူးဆိုတာ ဘယ်သူကပြောနိုင်မှာလဲ"

သူတို့နှစ်ယောက် ဤသို့အချီအချပြောနေစဉ်မှာပင် သူမ၏နောက်တွင်ထိုင်နေသော အဘွားအိုတစ်ယောက်က တဟားဟားရယ်မောလိုက်ပြီး..........

"ဟော့ .... ကလေးမ မင်းက သိုင်းဆရာကြီးဇွန်ရှမ်းကို လူဆိုးဓားပြလို့ပြောဆိုစွပ်စွဲနေတာပေါ့ .... ဟုတ်လား"

အဘွားအို၏အသံမှာ အလွန်ကျယ်လွန်းလှသဖြင့် ဧည့်ခန်းရှိပရိသတ်အားလုံးပင် ပီပီပြင်ပြင်ကြားလိုက်ရသည်။

ထို့ကြောင့် စကားပြောနေသောပရိသတ်အားလုံးတို့မှာ ပြောလက်စ စကားများ ရပ်တန့်သွားကြလေတော့၏။

သူတို့၏မျက်လုံးများသည် အဘွားအိုထံရောက်ရှိသွားကြသည်။ မွန်တင်းက ထိတ်လန့်သွားသည်။

သူ့စိတ်ထဲတွင်လည်း အားတုံ့အားနာဖြစ်သွားမိ၏။

ဧည့်ခန်းထဲမှ လူအားလုံးလိုလို မွန်တင်းအား အပြစ်တင်သောမျက်လုံးများဖြင့်ကြည့်နေကြသည်။

အဘွားအိုသည် ထိုင်ရာမှမတ်တပ်ရပ်လိုက်၏။

နုအင်းအား လက်ညှိုးတငေါက်ငေါက်ထိုးကာ ....

"ဟေ့ ကလေးမ ညည်းဘာဖြစ်လို့တိတ်သွားရတာလဲ၊ ဘာလဲ မင်းက သိုင်းဆရာကြီးစွန်ရှမ်းကိုကြောက်နေပြီမဟုတ်လား"

နုအင်း သိလိုက်လေပြီ။

အဘွားအိုက မိမိအား လူပုံအလယ်တွင် ရန်ရှာနေခြင်းကို ရိပ်စားမိလိုက်လေပြီ။

****

နုအင်းသည် တုန်လှုပ်ချောက်ချားခြင်းလုံးဝမရှိပါ။

သူမက တည်ငြိမ်စွာဖြင့် အဘွားအိုအားကြည့်လိုက်၏။

"ဒီမယ်ဘွားဘွား.....ကျွန်မ မွေးကတည်းက ဘယ်သူ့ကိုမှ မကြောက်ခဲ့ဘူး၊ ကျွန်မပြောတဲ့စကားကိုလည်း ကျွန်မ တာဝန်ယူပါတယ်"

"ဟား....ဟား........ဟား"

အဘွားသည် အားရပါးရရယ်လိုက်သည်။

သူမ၏ရယ်သံမှာ ခေ့ခန်းမတစ်ခုလုံးလွှမ်းသွားသည်။

"အာဂသတ္တိခဲမလေးပါလား"

သူမသည် အရယ်ရပ်ပြီးခေါင်းတညိတ်ညိတ်နှင့် .....

"ဟုတ်တယ်၊ ကလေးမပြောတာကို ငါလက်ခံတယ်၊ သိုင်းဆရာကြီးစွန်ရှမ်းဟာ မင်းပြောသလို အပေါ်ယံမှာ သူတော်ကောင်း



တစ်ယောက်ဖြစ်ပေမဲ့၊ သူ့ရဲ့နောက်ကွယ်မှာ ခိုးဆိုးတိုက်ခိုက်နေတဲ့ အင်အားစုရှိတယ်ကွဲ့"

အဘွားအို၏စကားကြောင့် ....

သိုင်းဆရာကြီးစွန်ရှမ်းမှာ ကွက်ခနဲမျက်နှာပျက်သွားလေသည်။

သို့သော် သူက ချက်ချင်းပင်ဣန္ဒြေဆယ်လိုက်သည်။

ထိုင်ရာမှထပြီး အဘွားအိုထံလျှောက်လာ၏။

ထို့နောက် လက်နှစ်ဖက်ဆုပ်ပြီးဂါရဝပြုလိုက်သည်။

ထို့နောက် မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

အဘွားအိုက သူ့အားစေ့စေ့ကြည့်ကာ တဟားဟားရယ်မောလိုက်၏။

"ဟဲ .... ဟဲ .... ဟဲ .... စွန်ရှမ်း ရှင်ဟာတော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ၊ တခြားလူကို ရှင်ညာလို့ရပေမယ့် ကျွန်မလိုပန်းတစ်ရာဒေဝီကိုလာလိမ့်လို့ဘယ်ရမလဲ"

အဘွားအိုက သူမ၏နာမည်ကိုဖော်ပြလိုက်ရာ ပရိသတ်များငြိမ်သက်သွားကြသည်။ အသက်ကြီးသောသိုင်းသမားများမှာ မျက်နှာကွက်ခနဲပျက်ကာ ရုတ်ခြည်းထလိုက်ကြ၏။

သိုင်းဆရာကြီး စွန်ရှမ်း၏မျက်နှာတစ်ခုလုံးမှာ ထိတ်လန့်အံ့ဩသောအမူအရာများ ထွက်ပေါ်လာသည်။


သူသည် လေးနက်စွာဦးညွှတ်လိုက်ပြီး......

"ပန်းတစ်ရာဒေဝီကို ကျွန်တော်မမှတ်မိလို့ အခုလိုလာပြီး ဂါရဝမပြုတာကိုခွင့်လွှတ်ပါခင်ဗျား၊ ခု ကျွန်တော့်စားပွဲဆီကိုကြွဖို့ ဖိတ်ပါတယ်ခင်ဗျား"


ညှို့ပရိသတ်များသည် .... သိုင်းဆရာကြီးစွန်ရှမ်းက ထိုအဘွားကြီးအား ဤမျှလေးလေးစားစားပြုမူနေခြင်းကို တွေ့ရသောအခါ အံ့သြကုန်ကြလေ၏။

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။*



တက္ကသိုလ်
ဝန်တိုခြင်း မနာလိုခြင်းနှင့်
ချစ်ခြင်းမေတ္တာ

တက္ကသိုလ်
ဝန်တိုခြင်း မနာလိုခြင်းနှင့်
ချစ်ခြင်းမေတ္တာ
ဒုတိယပိုင်း

## ဒို့တာဝန်အရေးသုံးပါး

☆ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆တိုင်းပြည်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
☆နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
☆နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
☆ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
☆တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၃၉၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၄၆၀၆၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (ပုံရွှေ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေလင်းအောင်

## ဝန်တိုခြင်းမနာလိုခြင်းနှင့်ချစ်ခြင်းမေတ္တာ

(ဒုတိယပိုင်း)

## အခန်း ( ၂၂ )
## စစ်တာမ်းတွေတဲ့ပွဲ

ဝန်းတစ်ရာဒေဝီကာ၊ မည်သူနည်း .....

သိုင်းဆရာကြီး စွန်ရှမ်းသည် အဘယ့်ကြောင့် ဤမျှလေးလေးစားစား နေရာပေးနေရသနည်း။

ဤအဘွားအိုသည် ဤခန်းမထဲ၌ ပထမဦးဆုံး နအင်းကို ပြသနာရှာသည်။ နအင်းသည် အဘွားအိုရှေ့မှောက်၌ စွပ်စွဲမှုတို့ကို ရှင်းပြရတော့မည်ကဲ့သို့ဖြစ်နေသည်။ ဤအခြေအနေမှ အဘွားအိုက စွန်ရှမ်းအား စွပ်စွဲပြောကြားသည့်အခြေအနေသို့ ရောက်ရှိလာတော့၏။ အဘွားအိုနှင့်စွန်ရှမ်းတို့ ထိပ်တိုက်တွေ့တော့မည်ကဲ့သို့ဖြစ်လာ၏။ မွန်တင်းကာလည်းအံ့ဩနေသည်။

သူသည် နအင်းဘက်သို့လှမ်းကြည့်ပြီးအကဲခတ်လိုက်၏။ နအင်း၏မျက်နှာမှာ အေးဆေးတည်ငြိမ်စွာ ကြည့်နေသည်ကိုတွေ့မြင်ရသည်။

အဘွားအိုသည် ထိုင်ရာမှပြန်မထတော့ပါ။

"နေပါစေ .... နေပါစေ ကျွန်မ ဒီမှာခုလိုအလေးဂရုပြုတာကိုပဲဝမ်းသာလှပါပြီ"

သိုင်းဆရာကြီးစွန်ရှမ်းက ထပ်မံ၍ဦးညွှတ်လိုက်ပြီး ....

"မဟုတ်သေးပါဘူးခင်ဗျာ .... ကျွန်တော့်စားပွဲမှာ ဝူတန်းဂိုဏ်းရဲ့လက်ထောက်ဂိုဏ်းချုပ်လဲရောက်နေပါတယ်၊ ရှောင်လင်ကျောင်းကလက်ထောက်ကျောင်းအုပ်လဲ ရောက်နေပါတယ်၊ အဲဒီတော့ ကျွန်တော်တို့ဘက်စားပွဲဆီကိုကြွဖို့ဖိတ်ခေါ်ပါတယ်ခင်ဗျား"

အဘွားအိုကရယ်မောလိုက်သည်။

သူမသည် စွန်ရှမ်းညွှန်ပြသောဝူတန်းနှင့်ရှောင်လင်ဂိုဏ်းမှ လက်ထောက်ဂိုဏ်းအုပ်နှစ်ယောက်ကို လှမ်းကြည့်လိုက်၏။

ထိုလူနှစ်ယောက်မှာအသက်(၆၀)ခန့်ရှိပြီး သူတို့ကိုကြည့်ခြင်းအားဖြင့် သိုင်းပညာအလွန်အဆင့်မြင့်သော သိုင်းပညာရှင်များဖြစ်ကြောင်း သိသာထင်ရှားသည်။

အဘွားအိုကမဲ့ပြုံးပြုံးလိုက်ပြီး.........

"လက်စသတ်တော့ ရှောင်လင်က နုဒုနဲ့ ဝူတန်းက ရှုပုတို့က လက်ထောက်ဂိုဏ်းအုပ်တောင်ဖြစ်နေပြီကိုး၊ အေးလေ .... သိုင်းလောကမှာတော့ သိုင်းပညာရပ်များဟာ တစ်နေ့တစ်ခြား ဘယ်လောက်ဆုတ်ယုတ်လာတယ်ဆိုတာ သူတို့လိုသိုင်းပညာ မတောက်တခေါက်တတ်တဲ့သူတောင် ဂိုဏ်းအုပ်ကြွဖြစ်နေတာကို ကြည့်တာနဲ့သိသာနိုင်ပါတယ်လေ"



အဘွားအိုစကားကြောင့် ဧည့်ခန်းရှိပရိသတ်များ ဟာခနဲ ထိတ်လန့်တုန်လှုပ်ချောက်ချားသွားကြလေတော့၏။ ယခု ဧည့်ခန်းဆောင်တွင်ရောက်ရှိနေကြသောသိုင်းသမားများအနက် ရှောင်လင်ဂိုဏ်းမှနုဒုနှင့်ဝူတန်းဂိုဏ်းမှရှုပုတို့သည် သိုင်းပညာအဆင့်မြင့်ဆုံးအများ၏ကြည်ညိုလေးစားခြင်းကိုခံရသော ပုဂ္ဂိုလ်များဖြစ်ကြ၏။

ယခုမူ အဘွားအိုက ထိုလူနှစ်ယောက်အား အထင်သေးသောစကားလုံးများပြောလာသောအခါ သူတို့သည် ယခုကဲ့သို့ တုန်လှုပ်ထိတ်လန့်သွားခြင်းဖြစ်၏။ သိုင်းဆရာကြီးစွန်ရှမ်းက ......

"ဒီမယ်မမကြီး၊ မမကြီးဟာ တစ်ချိန်ကနာမည်ကျော်ကြားခဲ့တဲ့သိုင်းသမားဖြစ်ပါတယ်၊ ရှောင်လင်နဲ့ဝူတန်းတို့ဆို သိုင်းသမားအားလုံးကကြည်ညိုလေးစားကြတယ်၊ ကျုပ်လဲ ကြည်ညိုလေးစားလို့ သူတို့ကိုဖိတ်ခေါ်ထားတာပါ၊ မမကြီး မကူညီချင်နေပါ၊ ကျုပ်တို့ကိုတော့မနှောင့်ယှက်ပါနဲ့၊ ကျုပ်တောင်းပန်ပါတယ်"

အဘွားအိုမှာ မိမိ၏စကားကြောင့် သိုင်းဆရာကြီးစွန်ရှမ်းအား လူပုံအဘယ်တွင်အရှက်ခွဲရုံမကဘဲ ရှောင်လင်နှင့်ဝူးတန်ဂိုဏ်းတို့ကိုပါ ထိခိုက်ပြောဆိုသွားသည့်အတွက် အားတုံ့အားနာဖြစ်သွားသည်။ ထို့ကြောင့် .... သူမသည် ဆိတ်ဆိတ်ပင်နေလိုက်တော့သည်။

****

ထိုစဉ်.......

နုအင်းက မဲ့ပြုံးပြုံးလိုက်သည်။ သူက........

"ပန်းတစ်ရာဒေဝီကို ကျွန်မတော်တော်လေး အထွာင်ကြီးခဲ့တယ်၊ အခုတော့ .... ရှောင်လင်နဲ့ ပူးတန်နာမည်ကြားလိုက်တာနဲ့ ကြောက်သွားတာကိုး ..... ဟဲ .... ဟဲ .... ဟဲ"

နုအင်း၏စကားမှာ ခန်းမကြီးထဲ၌ ယမ်းထုပ်ကြီးဖောက်ခွဲလိုက်သကဲ့သို့ ထင်မှတ်ရလေ၏။ သူမ၏အသံမှာ မကျယ်လွန်းလှသော်လည်း တိတ်ဆိတ်နေ၍ အားလုံးကပင် ပီပီပြင်ပြင်ကြားလိုက်ရသည်။

ရှောင်လင်ကျောင်းမှ နုဒုသည်မည်သို့မှ မလှုပ်သော်လည်း ပူးတန်ဂိုဏ်းမှ ရှုပုသည် သည်းမခံနိုင်တော့ပါ။ သူသည် ထိုင်ရာမှ ထလိုက်ပြီး နုအင်းထံသို့ လျှောက်သွားလေတော့သည်။

မွန်တင်းသည် နုအင်းတစ်ယောက် စကားလွန်သွားခြင်းကို အားတုံ့အားနာဖြစ်သွားမိ၏။

ရှုပုအားတောင်းပန်ရန် ထိုင်ရာမှထလိုက်၏။ သူသည် ရှုပုအား အရိုအသေပေးပြီး မျက်နှာချိုသာစွာဖြင့်......

"ကျေးဇူးပြုပြီးသည်းခံပါခင်ဗျား၊ ကျွန်တော်တောင်းပန်ပါတယ်....."

ရှုပုသည် အေးတိအေးစက်ဖြင့် သူ့အားကြည့်ရင်း ....

"ဒီမှာသူငယ် မင်းဘာမှတောင်းပန်စရာမလိုဘူးကွ"



သိုင်းပညာတော်တော်လေး ထူးချွန်လိမ့်မယ်လို့ ကျုပ်ထင်တယ်၊ အဲဒီတော့....."

မွန်တင်းက ထပ်မံတောင်းပန်လိုက်သည်။

"ဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်"

ရှုပုက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး......

"ဘာယ်ရမလဲသူငယ်ရယ် .... မင်းအေးအေးဆေးဆေးသာထိုင်စမ်း၊ မင်းအလုပ်မဟုတ်ဘူး"

သူသည် နုအင်းအားစေ့စေ့ကြည့်လိုက်သည်။

"ကဲ .... မင်းရဲ့သိုင်းပညာလေးတွေကို အများရှေ့မှာအစွမ်းထုတ်ပြလိုက်စမ်းပါဦးကွ"

နုအင်းအား စိန်ခေါ်လိုက်လေ၏။ မွန်တင်းမှာ သည်းမခံနိုင်တော့ပါ။ သူသည့်သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကဲ ..... ခင်ဗျားတို့ ဒါလောက်တောင်းပန်လို့မှမရရင် ကျွန်တော်ကိုယ်တိုင် ခင်ဗျားရဲ့သိုင်းပညာကို လေ့လာခွင့်ပေးပါ၊ ကျွန်တော် ခင်ဗျားရဲ့သိုင်းပညာအတိမ်အနက်ကိုသိချင်ပါတယ်"

ရှုပုသည် ဒေါသထောင်းခနဲထွက်လာ၏။

"ဩော်.... မင်းကဒီလိုကိုး၊ ကောင်းပြီလေ၊ မင်းက အသားလိုလို့အရိုးတောင်းနေတာပေါ့"

သူသည် ပြောရင်း ဧည့်ခန်းအလယ်သို့ လျှောက်သွားလေ၏။ ဧည့်ခန်း၏အလယ်ကွက်လပ်နေရာမှာ အတန်ငယ်ကျယ်ဝန်း

သည်။ သူသည် ထိုနေရာသို့ရောက်ရှိသွားလျှင် တိုက်ခိုက်ရန် အနေ အထားဖြစ်သွားလေသည်။

မွန်တင်းသည် မိမိစကား လွန်သွားမှန်းသိလိုက်၏။

သို့သော် သူသည် နအင်းအားတစ်ချက်ကြည့်ပြီး လျှောက်ထွက်သွားလေ၏။

"ကဲ ကျုပ်တို့ရဲ့ဝူးတန်ဂိုဏ်းရဲ့သိုင်းပညာကို ဗဟုသုတရအောင် တစ်ကွက်နှစ်ကွက်လောက်တော့ပြရဦးမယ်"

ရှုပုက စကားဆုံးသည်နှင့် မွန်တင်းအား စတင်တိုက်ခိုက်လိုက်၏။ ဝူးတန်၏သိုင်းပညာသည် ရှောင်လင်မှလွဲ၍ အထက်မြက်ဆုံးသော သိုင်းပညာဖြစ်သည်ကို အများက သိရှိနားလည်ထားသကဲ့သို့ မွန်တင်းကလည်း ဤသို့ပင်နားလည်ထားလေ၏။

****

ထို့ကြောင့် .....

သူသည် ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုရဲပါ။

ရှုပုတိုက်ခိုက်လာသော တိုက်ကွက်များကို ယီးမုထံမှ သင်ကြားလာသောသိုင်းကွက်ခုနစ်ကွက်ဖြင့် ရှောင်တိမ်းလိုက်သည်။

ရှုဂု၏တိုက်ကွက်များကို သူသည် အသာအယာရှောင်ပင်တိမ်းနိုင်ခဲ့၏။



ထိတော့မည်ထိတော့မည်ဟု ထင်းထားသော်လည်း တစ်ကွက်မျှမထိခိုက်ပါ။ ရှုပုသည် မိမိမှာ ဝူးတန်ဂိုဏ်း၏လက်ထောက်ဂိုဏ်းအုပ်တစ်ယောက်ဖြစ်ပြီး ယခုကဲ့သို့ လူပုံအလယ်တွင် နာမည်ပင် မကြားဘူးသေးသော အသက်နှစ်ဆယ်ကျော်ခန့်ရှိသူငယ်ကို တစ်ချက်တည်းနှင့်မတိုက်ခိုက်နိုင်သည့်အတွက် စိတ်ထဲ၌ခံပြင်းလာလေ၏။

ထို့ကြောင့် သူသည် ဝူးတန်ဂိုဏ်း၏ဂုဏ်သိက္ခာကို ဆယ်ရန်အတွက် သူ၏ထက်မြက်သောသိုင်းကွက်များကို အသုံးပြုလာရှောတော့သည်။

မွန်တင်း၏သိုင်းကွက်ခုနစ်ကွက်သည် ရှောင်တိမ်းရန်သိုင်းကွက်သာဖြစ်၍ သူသည် ပြေးလွှားရှောင်တိမ်းရင်း အနည်းငယ် မောပိုက်လာသည်။ ရှုဂု၏တိုက်ကွက်မှာလည်း တစ်စထက်တစ်စပြင်းထန်လာသည်။ မွန်တင်းမှာ တဖြည်းဖြည်း ခြေကုန်လက်ပန်းကျလာလေတော့သည်။

****

ထို့စဉ်.........

အေးတိအေးစက်ဖြင့် ကြည့်နေသော နုအင်းသည် မွန်တင်း၏အခြေအနေမဟန်မှန်းသိလာသဖြင့် သူမသည် လှမ်း၍ဟန့်တားလိုက်သည်။

"ကဲ တပည့်ဝူတန်းဂိုဏ်းရဲ့လက်ထောက်နေရာယူထားတဲ့ ပုဂ္ဂိုလ်ကြီးတောင် ဒီလောက်တိုက်ခိုက်နေရရင် တပည့်ရဲ့သိုင်းပညာ မဆိုးဘူး၊ ကဲ....ကဲ တပည့်လဲမောလာပြီ ခဏနားလိုက်ဦး"

နုအင်း၏စကားကိုကြားရသောအခါ ညော့်မရှိသတ်များ သာမက ဝူးတန်ဂိုဏ်း၏လက်ထောက်ဂိုဏ်းချုပ်ရှုပုပင် အံ့အားသင့်သွားလေတော့၏။

တကယ်တော့ ဤအခြေအနေမျိုးမှာ တကယ်အံ့သြစရာ မဟုတ်ပါ။ အသက်ငယ်ရွယ်သူက ဂိုဏ်းတူအစ်ကိုကြီးဖြစ်နေသည့်ပုံစံမျိုး၊ ဆရာဖြစ်သူက တပည့်ဖြစ်သူထက်ငယ်ရွယ်သည့်ပုံစံမျိုးမှာ သိုင်းလောက၌ ဖြစ်တတ်သည့်ပုံစံတစ်မျိုးပင်ဖြစ်ပါသည်။

ဤမိန်းကလေးသည် .... အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အဘယ့်ကြောင့် ထိုလူငယ်၏ဆရာဖြစ်နေရပါသနည်း။

တပည့်ပင် ဤမျှအစွမ်းထက်နေပါလျှင် ဆရာဖြစ်သူသည် မည်မျှသိုင်းပညာ အဆင့်မြင့်နေမည်ကိုသိသာနိုင်၏။

မွန်တင်းသည် နုအင်းစကားကြောင့် နောက်သို့ဆုတ်လိုက်ပြီး သူမအနီးသို့လာရောက်ရပ်နေလိုက်၏။



"ဆရာ ကျွန်တော်တို့ သွားကြပါစို့"

နုအင်းက ခေါင်းခါယမ်းလိုက်ပြီး....

"ဘယ်သွားလို့ ဖြစ်ပါ့မလဲ၊ ကျွန်မတို့ ဒီကိုလာတာ 'စွန်ရှမ်း' ရဲ့အကြောင်းကို စုံစမ်းချင်လို့မဟုတ်လား"

သူမသည် ယင်းသို့ပြောပြီး ထိုင်ရာမှထကာ ပန်းတစ်ရာ ဒေဝီအား ပြုံးပြလိုက်သည်။

"ဒီမယ်ဘွားဘွား စွန်ရှမ်းဟာ လူတော် လူကောင်းတစ်ယောက်လား၊ မင်းသားဟန်ဆောင်ထားတဲ့ လူယုတ်မာလား"

ပန်းတစ်ရာဒေဝီသည် နုအင်းက ဤသို့လှုပ်အလာယ်တွင် ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်း မေးရဲသည်ကို လွန်စွာလေးစားသွားလေတော့သည်။

****

၄

ထို့ကြောင့်.......

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး.....

"စွန်ရှမ်းဟာ ပထမတုန်းကတော့ အာမခံဌာနမှာ အလုပ်လုပ်နေတဲ့သိုင်းသမားတစ်ယောက်ပါ။ ခုတော့ သူဟာ သန်းကြွယ်သူဌေးဖြစ်နေပါတယ်၊ အဲဒီငွေတွေကို သူဘယ်ကရသလဲဆိုတာ တော့ ဘွားဘွားလည်းမသိဘူးကွဲ့"

နအင်းက ခေါင်းညိတ်လိုက်၏။

"ဒီလိုဆိုရင် ကျွန်မသိပြီ၊ စွန်ရှမ်းဟာ အာမခံဌာနမှာ အလုပ်လုပ်တဲ့သိုင်းသမားဆိုတော့ ဘယ်နည်းနဲ့မှ ချမ်းသာနိုင်မှာမဟုတ်ဘူး၊ အခုလိုချမ်းသာနေတာဟာ မတရားသဖြင့်ရလာတဲ့ ငွေပဲလို့ ကျွန်မယူဆတယ်"

စွန်ရှမ်းသည် နအင်း၏စကားကိုကြားရသောအခါ ဒေါသအိုးပေါက်ကွဲလာ၏။

"ဟွေ့ မိန်းကလေး .... မင်းစကားပြောရင် ကြည့်ပြောပါ၊ စကားကို စည်းမရှိကမ်းမရှိ ပြောချင်တိုင်း မပြောနဲ့၊ စကားဆိုတာ များများပြောလို့မကောင်းဘူး၊ စကားများများပြောရင် အမှားပါတတ်တယ်"

ထိုစဉ် .... ရယ်မောသံတစ်သံပေါ်လာသည်။

"ဟား ... ဟား .... ဟား ကျုပ်ကနာမည်တူ စွန်ရှမ်းမှတ်နေတာ၊ တကယ်တော့ ငါ့ရဲ့စွန်ရှမ်းပဲကိုး .... မင်းကိုငါမတွေ့တာနှစ်ပေါင်းအတော်ကြာနေပြီ၊ သေပြီလားလို့တောင် ငါကထင်မှတ်နေတာ၊ ဘယ်မှာသေလို့တုန်း၊ မင်းက ဒီမှာလာပြီးကောင်းစားနေတာကိုး၊ အံ့ရော .... အံ့ရော"

စွန်ရှမ်းသည် အသံလာရာသို့လှမ်းကြည့်လိုက်၏။

ညည့်ခန်းထဲသို့ အလွန်ညစ်ပေပေဟောင်းနွမ်းသော အဝတ်အစားကိုဝတ်ဆင်ထားသည့် သူတောင်းစားတစ်ယောက် ဝင်လာသည်ကိုတွေ့မြင်လိုက်ကြရလေ၏။



စွန်ရှမ်းသည် ထိုသူတောင်းစားကိုတွေ့မြင်လိုက်ရသောအခါ ထိုင်ရာမှကပျာကယာထပြီး ခရီးဦးကြိုပြုလိုက်၏။

"ဪ .... လက်စသတ်တော့၊ ကယ်ပါကိုဏ်းက သိုင်းဆရာကြီးချိုဝင်းကိုး"

"ဟုတ်ပါသဗျား"

ကယ်ပါချိုဝင်းသည် နအင်းအားတစ်ချက်ကြည့်ပြီး ....

"ခင်ဗျားကိုဝေဖန်နေတဲ့ဒီမိန်းကလေးကို သိရဲ့လား"

စွန်ရှမ်းကခေါင်းခါယမ်းလိုက်၏။

"မသိပါဘူးဗျာ၊ ခင်ဗျားကောသိရဲ့လား"

ကယ်ပါချိုဝင်းသည် ရယ်မောရင်း ....

"ဟား.... ဟား.... ဟား ခင်ဗျားတို့ ဧည့်သည် ဒီလောက်များများရှိနေတာတောင် ကြာပန်းဂိုဏ်းက တပည့်ကျော်နအင်းကို တစ်ယောက်မှမသိကြဘဲကိုး"

ကယ်ပါချိုဝင်း၏စကားကြောင့် စွန်ရှမ်းနှင့်တကွ ရောက်ရှိလာသောဧည့်သည်များ အံ့အားသင့်သွားကြလေတော့၏။

****

## အခန်း (၂၃)
## အပုားသိုင်းကျမ်း

ညွှဲပရိတ်သတ် အားလုံး၏ မျက်လုံးများသည် နအင်းထံသို့စုရုံးရောက်ရှိသွားလေတော့သည်။

စွန်ရှမ်းသည် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ဩော် .... ဒီမိန်းကလေးက ကြာပန်းဒေဝီရဲ့တပည့်ကိုး၊ ဒါကြောင့် ကျုပ်ကို လူပုံအလယ်မှာအရှက်ခွဲဝံ့တာကိုး"

နအင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင် .... ကျွန်မကအရှက်ခွဲတယ် ဟုတ်လား....."

"မဟုတ်ဘူးလား .... လူပုံအလယ်မှာ မင်းငါ့အရှက်ကိုခွဲတာမဟုတ်လား"

"ငါးကြည့်ချင်တဲ့လူကို ငါးမြင်အောင်၊ ကျားကြည့်ချင်တဲ့လူကို ကျားမြင်အောင် ကျွန်မက အပေါ်ယံတိမ်သလ္လာကိုဖယ်ရှားပြီးပြလိုက်တာပါ၊ အမှန်ကို အမှန်တိုင်း ပြောလိုက်တာပါ၊ ကျွန်မကလိမ်ညာပြီး အရှက်ခွဲတာမဟုတ်ပါဘူး"



စွန်ရှမ်းသည် မွန်တင်းအားတစ်ချက်ကြည့်လိုက်ပြီး ...

"ခါဖြင့် ဒီသူငယ်ကကော တင်ရှောင်မဟုတ်လား"

နအင်းကခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးရှင်.... ကျွန်မရဲ့တပည့်ပါ မွန်တင်းလို့ခေါ်ပါတယ်"

"မွန်တင်းဟုတ်လား"

စွန်းရှမ်၏ မျက်လုံးမှာပြူးသွား၏။

သူသည် မွန်တင်းအားစေ့စေ့ကြည့်လိုက်ပြီး.....

"သိုင်းရာဇာငါးယောက်ကိုသတ်သွားတဲ့ မွန်တင်း မဟုတ်လား"

မွန်တင်းကခေါင်းခါယမ်းလိုက်ပြီး ....

"ကျုပ်နာမည်မွန်တင်းဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့"

သူ၏စကားမဆုံးမီ ....

"ဩော် လက်စသတ်တော့ မင်းက မွန်တင်းကိုး၊ အတော်ပဲ၊ ငါမင်းကိုလိုက်ရှာနေတာ"

ကယ်ပါချိုဝင်းသည် ယင်းသို့ကြားဖြတ်ပြောဆိုပြီးနောက် မွန်တင်းရှေ့သို့လျှောက်သွားလေသည်။

"နေပါဦး..... သိုင်းရာဇာငါးယောက်ကို မင်းကဘာရန်ငြိုးရှိလို့သတ်လိုက်ရတာလဲ"

ယင်းသို့အစွပ်စွဲခံလိုက်ရသောကြောင့် ....

မွန်တင်းသည် ဒေါသထွက်လာပြီး ....

"ဒီမယ် ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်က သိုင်းရာဇာငါးယောက်ကိုသတ်တယ်ဆိုတာ ဘယ်သူပြောသလဲ"

"ဒီမှာ မွန်တင်း .... ဒီကိစ္စဟာ သိုင်းလောကတစ်ခုလုံး သိထားတဲ့ကိစ္စပါ၊ မင်းငြင်းလို့ဘယ်ရမလဲ"

ကယ်ပါချိုဝင်းက ရှေ့တစ်လှမ်းထပ်မံတိုးသွားပြီး စွပ်စွဲလေတော့၏။

"မင်းဟာ အသက်ငယ်ငယ်နဲ့ ဒီလောက်ရက်စက်တဲ့အတွက် မင်းကိုလူ့ပြည်မှာထားဖို့မသင့်ဘူး၊ ရှင်းပြစ်သင့်တယ်"

နုအင်းသည် ထိုင်ရာမှထပြီးလက်ကာပြလိုက်သည်။

"နေပါဦးရှင့် ..... ရှင်က သိုင်းဆရာတစ်ယောက်ဆိုပြီး ကျွန်မတပည့်ကို ရန်မူနေတာလား"

ကယ်ပါချိုဝင်းသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဟုတ်တယ် .... သိုင်းရာဇာငါးယောက်ကို ရက်ရက်စက်စက်သတ်တဲ့လူကို ငါကဆုံးမရမှာပဲ"

နုအင်းက တစ်ချက်ပြုံးလိုက်သည်။

"ရပါတယ်ရှင်"

သူမသည် မွန်တင်းအားလှမ်းခေါ်လိုက်၏။

"ဒီမှာတပည့် ကျွန်မဆီကိုခဏလာစမ်းပါ"

မွန်တင်းသည် နုအင်းထံသို့လျှောက်သွားလေသည်။



နုအင်းသည် မွန်တင်းနားသို့ကပ်၍ တိုးတိုးပြောလေ၏။

"ရှင် ကယ်ပါချိုဝင်းနဲ့ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါ ဘယ်လိုတိုက်ခိုက်ရမယ်ဆိုတာ ကျွန်မအကွက်နှစ်ကွက်ပြောပြမယ်"

သူမသည် ခပ်တိုးတိုးဖြင့် သိုင်းကွက်ငါးကွက်ကိုပြောပြလိုက်သည်။ မွန်တင်းသည် နုအင်းပြောပြသောသိုင်းကွက်များကို စိတ်ထဲတွင် ကျက်မှတ်လိုက်၏။

ရုတ်တရက် ..... သူ၏ဦးနှောက်ထဲသို့ စွန်းကျဲပေးသော သိုင်းကွက်ရှစ်ကွက်မှ သိုင်းကွက်တချို့ကိုသတိရလာမိ၏။

ထိုသိုင်းကွက်များမှာ သူ့အနေဖြင့် အကြိမ်ကြိမ်လေ့လေ့လာသော်လည်း သဘောမပေါက်နိုင်သောအကွက်များဖြစ်၏။ ယခုနုအင်းပြောပြလိုက်တော့မှ သူသည် ထိုသိုင်းကွက်များကို သဘောပေါက်လာသည်။

သူသည် ဝမ်းသာသွားမိ၏။

ထို့နောက် နုအင်းအားဦးညွှတ်လိုက်ပြီး......

"ကျေးဇူးတင်ပါတယ်ဆရာ .... ဒါပေမဲ့ ကျွန်တော်က ကျွန်တော်တတ်ထားတဲ့သိုင်းကွက်နဲ့ပဲ သူ့ကိုယှဉ်ပြိုင်ပါ့မယ်၊ မနိုင်တော့မှ ဆရာသင်ပေးထားတဲ့သိုင်းကွက်ကိုသုံးပါ့မယ်"

ကယ်ပါချိုဝင်းသည် သူတို့နှစ်ယောက် အချီအချပြောဆိုကြသည်ကိုကြားရသောအခါ သည်းမခံနိုင်တော့ပါ။

"အောင်မာ မင်းကအသက်ငယ်ငယ်လေးနဲ့ တော်တော်ကို

လေလုံးထွားတာပဲ၊ ငါ့သိုင်းပညာ ဘယ်လောက် နက်နဲဆန်းကြယ်တယ်ဆိုတာ စမ်းကြည့်စမ်းပါဦး"

စကားဆုံးသည်နှင့် ကယ်ပါချိုဝင်းသည် သူ၏လက်ထဲရှိ တုတ်ဖြင့် မွန်တင်းအားစတင်တိုက်ခိုက်လိုက်လေတော့သည်။

****

မွန်တင်းသည် ယီးမှထံမှသင်ကြားထားသောသိုင်းကွက်ဖြင့်ရှောင်တိမ်းလိုက်၏။ ယင်းသိုင်းကွက် ခုနစ်ကွက်သည် အလွန်ဆန်းကြယ်ပြီး ရန်သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့သော်လည်း ထိုသိုင်းကွက်၏ချို့ယွင်းချက်မှာ ယင်းတိုက်ကွက်သည် ရန်သူအား ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိခြင်းဖြစ်ပါသည်။

ထို့ကြောင့် .....

မွန်တင်းသည် ကယ်ပါချိုဝင်းအား ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိဘဲ ပြေးလွှားရှောင်တိမ်းနေသည်။

ကယ်ပါချိုဝင်း၏တုတ်ရိုက်ကွက် သိုင်းကွက်မှာ အလွန်လျင်မြန်ပြီးထက်မြက်သည်။

သို့သော် ......

သူသည်တိုက်ကွက် ဆယ့်သုံးကွက်မျှ တိုက်ခိုက်သော်လည်း မွန်တင်းအား တစ်ချက်မျှ ရိုက်မိခြင်းမရှိသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားသည်။



"အင်း ..... မင်းတို့ ကြာပန်းဂိုဏ်းကလူတွေက ထင်တာထက်တောင်ပိုပြီးစွံနေပါလား"

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါပေမဲ့ တယ်ရမလဲ ဟောဒီမှာလာပြီ"

သူက ဤသို့ပြောဆိုပြီး သူ၏တုတ်နှင့်သိုင်းကွက်ကိုတစ်မျိုးတစ်ဖုံပြောင်းသွားပြီး မွန်တင်းအားတိုက်ခိုက်လေတော့သည်။

ကယ်ပါချိုဝင်း၏တိုက်ကွက်သည် အလွန်ထက်မြက်သောသိုင်းကွက်ဖြစ်သဖြင့် မွန်တင်းမှာ ခက်ခက်ခဲခဲကြိုးစား ရှောင်တိမ်းနေရသည်။

ဤသို့ရှောင်တိမ်းနေရခြင်းကို မဟန်မှန်း သူရိပ်စားမိလာလေ၏။ သူသည် ရုတ်တရက် စွန်းကျဲပေးထားသော သိုင်းကွက်ရှစ်ကွက်ထဲမှ သိုင်းကွက်များကိုအသုံးပြုလိုက်၏။ သူ၏လက်ချောင်းနှစ်ချောင်းသည် တိုးဝင်လာသော ကယ်ပါချိုဝင်း၏တုတ်အားညှပ်ချလိုက်သည်။

ကယ်ပါချိုဝင်းက မွန်တင်းမှာတစ်ချိန်လုံးပြေးလွှားရှောင်တိမ်းနေရသောကြောင့် ယခုကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက်ပြန်လည်တိုက်ခိုက်သည်ကိုတွေ့ရသောအခါ .....

သူက အငိုက်မိသွားလေ၏။ မွန်တင်း၏ လက်ချောင်းများသည် ကယ်ပါချိုဝင်း၏တုတ်အားဆုပ်ကိုင်မိသွားသည်။

****

သို့သော် ......

သူသည် ကယ်ပါချိုဝင်းအား လူကောင်းတစ်ယောက်ဖြစ်သည်ဟု စိတ်ထဲတွင်ထိမှတ်မိသည်။

ထို့ကြောင့် ထိုတုတ်ကို လုယူလိုက်ခြင်းမရှိဘဲ လက်လွှတ်လိုက်ကာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားလေသည်။

ကယ်ပါချိုဝင်းက တွေဝေနေစဉ် မွန်တင်းသည် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

"ဦးရဲ့သိုင်းပညာကို ကျွန်တော်လေးစားပါတယ်၊ အခုလို ကျွန်တော့်ကိုညှာညှာတာတာတိုက်ခိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား"

ကယ်ပါချိုဝင်းသည် ထိုစကားကိုကြားရသောအခါ အံ့အားသင့်သွား၏။ အမှန်မှာ မွန်တင်းသည် သူ၏တုတ်အား လုယူနိုင်သည်။

သို့သော် ......

မွန်တင်းက တုတ်အားလုယူခြင်းမရှိသည့်အပြင် လူပုံအလယ်တွင် မိမိအရှက်ကိုပင် ဖုံးကွယ်ပေးထားသည်ကိုတွေ့လိုက်ရလေ၏။ ထို့ကြောင့်......

သူက မွန်တင်းအပေါ် ကြည်ညိုလေးစားလာသော စိတ်များပေါ်ပေါက်လာသည်။ အမှန်မှာ ကယ်ပါချိုဝင်းသည် မဟုတ်မခံ ထိပ်ထိပ်ကြဲသိုင်းသမားတစ်ယောက်ဖြစ်သည်။



သူသည် ကြာပန်းဂိုဏ်းကဂိုဏ်းသားများသည် အလွန်ရက်စက်ကြမ်းကြုတ်သည်ဟု သတင်းကြားခဲ့၏။

အထူးသဖြင့် .... ကြာဝင်းဒေဝီ၏တပည့် တမန်တော်တင်ရှောင်၏ လုပ်ရပ်များကိုတွေ့မြင်ခဲ့ရသည်။

ထို့ကြောင့် သူက ကြာပန်းဒေဝီအပေါ် ရွံ့မုန်းစက်ဆုပ်သောစိတ်များပေါ်ပေါက်လာသော လူတစ်ယောက်ဖြစ်ပါသည်။

သို့သော် .... ယခုမှာမူ သူထင်သည့်အတိုင်းမဟုတ်ဘဲ ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသားဖြောင့်မတ်သည်ကိုတွေ့မြင်လိုက်ရ၏။ မွန်တင်းသည် အထင်နှင့်အမြင်ကွာခြားနေမှန်းသိလိုက်လေတော့သည်။

ထိုအချိန်တွင် နအင်းတာမျက်မှောင်ကုပ်လိုက်ပြီး ....

"ဒီမှာ......ရှင် အခုတိုက်ခိုက်တဲ့တိုက်ကွက်ဟာ ကျွန်မသင်ပေးလိုက်တဲ့သိုင်းကွက်နဲ့ မတိမ်းမယိမ်းဖြစ်နေပါလား၊ ဘယ်ကသင်လာတဲ့သိုင်းကွက်လဲ"

မွန်တင်းသည် သူမအား အရိုအသေပေးလိုက်ပြီး.....

"ဟုတ်ကဲ့၊ ဒီသိုင်းကွက်ဟာ စာအုပ်တစ်အုပ်ထဲကရရှိတဲ့သိုင်းကွက်ပါ၊ ပထမတော့ ကျွန်တော်က ဘယ်လိုအသုံးပြုရမှန်းနားမလည်ပါဘူး၊ ခုနက ဆရာသင်ပေးလိုက်တဲ့သိုင်းကွက်ကိုကြားရတော့မှ သတိရလာပြီး အသုံးပြုခဲ့တာဖြစ်ပါတယ်"

"ဪ....ရှင့်သိုင်းကွက်က ဘယ်စာအုပ်ကရလာတာလဲ၊

အဲဒီစာအုပ်ကော ဘယ်မှာလဲ"

မွန်တင်းက အိတ်ထဲမှစာအုပ်ကိုနှိုက်၍လှမ်းပေးလိုက်၏။

"အဲဒီစာအုပ်ပါ၊ သိုင်းရှစ်ကွက်ကျမ်းလို့လဲခေါ်ပါတယ်"

"သိုင်းရှစ်ကွက်ကျမ်း"

ဟု ကြားလိုက်ရသောဧည့်ပရိသတ်များသည် အံ့အားသင့်သွားပြီး သူတို့၏မျက်လုံးများသည် မွန်တင်းထံသို့စုပြုရောက်ရှိလာကြသည်။

နအင်းက ထိုစာအုပ်ကိုတစ်ချက်ကြည့်ပြီး မျက်မှောင်ကုပ်သွားသည်။

"ရှင် တော်တော်အ,တာပဲ .... လူပုံအလယ်မှာ ရှင်က ဒီစာအုပ်ရှိတယ်လို့ထုတ်ပြလိုက်ရင် စာအုပ်ကို လုယူမဲ့သူတွေနည်းမှာမဟုတ်ဘူး"

မွန်တင်းသည် နအင်းပြောပြသောအခါ ဧည့်ပရိသတ်များဘက်သို့လှည့်ကြည့်လိုက်သည်။

ဟုတ်ပါသည်။

ရှောင်လင်နှင့်ဝူးတန်ဂိုဏ်းအပါအဝင် ဧည့်ပရိသတ်များတို့သည် သူ့အား စိုက်ကြည့်နေသည်ကိုတွေ့ရလေတော့သည်။

လွန်စွာရိုးသားသော မွန်တင်းပင်။

သိုင်းလောက၏လျှို့ဝှက် ကောက်ကျစ်သောသဘောကို သူ မသိပေ။



နအင်းကတစ်ချက်ပြုံးလိုက်သည်။

"ကဲ ကဲ .... ရှင် စာအုပ်ကိုမြန်မြန်သိမ်းလိုက်၊ တော်ကြာလုကုန်ရင် ခက်နေလိမ့်မယ်"

မွန်တင်းသည် ရယ်မောလိုက်ပြီးမှ .....

စာအုပ်ကိုအပေါ်သို့မြှောက်ပြသည်။

"အမှန်တော့ ဒီစာအုပ်က ကျွန်တော်ပိုင်တဲ့စာအုပ်မဟုတ်ပါဘူး၊ ကျွန်တော် ပိုင်တဲ့စာအုပ်ဆိုရင် လိုချင်တဲ့လူကိုပေးလိုက်မှာပဲ၊ မနှမြောပါဘူး ဒါပေမဲ့ ဒီစာအုပ်ဟာ စွန်းကျဲဆိုတဲ့မိန်းကလေးတစ်ယောက်ကခဏငှားလိုက်တာပါ၊ ဒီစာအုပ်ကို ပိုင်ရှင်မြန်ပေးရမှာမို့ ဝမ်းနည်းပါတယ်ခင်ဗျာ"

မွန်တင်းသည် ဤသို့ပြောဆိုပြီးစာအုပ်ကိုအိတ်ထဲသို့ပြန်ထည့်လိုက်လေ၏။ နအင်းသည် မွန်တင်း၏စကားကိုကြားရသောအခါမျက်မှောင်ကုပ်သွားသည်။

"နေပါဦး .... အဲဒီစွန်းကျဲဆိုတဲ့မိန်းကလေးက ရှင်နဲ့ ဘာတော်သလဲ"

မွန်တင်းက အရှိအသေပေးလိုက်ပြီး ပြန်လည်ပြောပြရန်ဟန်ပြင်နေစဉ် ဧည့်ခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာသည်ကိုတွေ့လိုက်တော့သည်။

****

## အခန်း (၂၄)

## မူလလက်ဟောင်းပိုင်ရှင်

မွန်တင်းသည် ထိုမိန်းကလေးအားလှမ်းကြည့်လိုက်၏။

အပြာရောင် ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်ပေသည်။ အခန်းထဲမှလူအားလုံး ... ထိုမိန်းကလေးအား ငေးကြည့်နေမိလေ၏။

ထိုမိန်းကလေးသည် အသက်နှစ်ဆယ်ခန့်ရှိပြီး ....

နတ်မိမယ်တမျှချောမောလှပသည်။

ဧည့်ခန်းထဲရှိဧည့်ပရိသတ်တို့မှာ ထိုမိန်းကလေး၏အလှကြောင့် ငြိမ်သက်ကာငေးမောနေမိကြလေ၏။ နအင်းသည် ထိုမိန်းကလေးကိုတွေ့ရသောအခါ မျက်မှောင်ကုပ်သွားပြန်သည်။

သူမျက်မှောင်ကုပ်ရမည်လေ။

အဘယ်ကြောင့်ဆိုသော်........

ထိုမိန်းကလေးသည် မိမိထက်များစွာ ချောမောလှပနေ



ခြင်းကြောင့်ဖြစ်ပေသတည်း။

မွန်တင်းသည် ထိုမိန်းကလေးအား တွေ့ဆိုက်ရသည့်နှင့် တစ်နေရာတွင် တွေ့ဖူးသည်ဟုထင်မိသည်။

သို့သော် ....

မည်သည့်နေရာတွင် တွေ့မြင်ခဲ့ဘူးသည်ကိုစဉ်းစား၍မရချေ။ သူ ယင်းသို့ဇဝေဇဝါဖြစ်နေချိန်မှာပင် .....

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက သူ့ထံသို့ လျှောက်လာပြီး တစ်ချက်ပြုံးပြကာ .....

သူမ၏နူးညံ့သိမ့်သောလက်ကလေးကိုဖြန့်ပြီး .....

"ကဲ ..... အဲဒီသိုင်းရှစ်ကွက်ကျမ်းစာအုပ်ကို ကျွန်မ ပြန်ပေးပါရှင်"

မွန်တင်းသည် တွေဝေသွားသည်။

သူ မည်ကဲ့သို့ပြန်ပြောရမှန်းမသိရှိသဖြင့် ထိုမိန်းကလေးအားငေး၍ကြည့်နေမိသည်။

နအင်းသည် မွန်တင်း၏ဟန်အမူအရာကိုတွေ့မြင်ရသောအခါ မကျေမနပ်ဖြစ်သွားသည်။

အပြာရောင်ဝတ်ဆင်သောမိန်းကလေးသည် မွန်တင်းငေးနေသည်ကိုတွေ့မြင်ရသဖြင့် လက်တစ်ချက်လှုပ်လိုက်ပြီး ....

"ကျွန်မကိုပေးလေ၊ မကြားဘူးလား"

ဟုထပ်မံတောင်းဆိုလိုက်လေသည်။

မွန်တင်းက ထိုမိန်းကလေးအားကြည့်လေလေ ....

ယင်းမိန်းကလေးမှာ မိမိနှင့်ရင်းနှီးသိကျွမ်းခဲ့ဖူးသည်ဟု ထင်မှတ်လေလေဖြစ်သည်။

သို့သော် ......

သူက မှတ်မိသမျှသောလူများအားလုံးကို တစ်ယောက်ပြီးတစ်ယောက်စဉ်းစားလိုက်သည်။

ထိုသို့စဉ်းစားလိုက်သော်လည်း ထိုမိန်းကလေးအား မည်သူမည်ဝါဖြစ်သည်ကို စဉ်းစား၍မရရှိချေ။

သူ နောက်သို့ခြေတစ်လှမ်းဆုတ်ပြီး ပြောလိုက်မိသည်။

"ဝမ်းနည်းပါတယ်ဗျာ ..... ဒီစာအုပ်ဟာ စွန်းကျဲဆိုတဲ့ မိန်းကလေးဆီကငှားလာခဲ့တာမို့ မပေးနိုင်ပါဘူးဗျာ"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက ဟန်မူရာ အေးတိအေးစက်ဖြင့် ......

"ဒီစာအုပ် ကျွန်မကိုပေးပါလို့ပြောနေတာမကြားဘူးလား၊ ရှင်ဘာတွေလျှောက်ပြောနေတာလဲ"

မွန်တင်းသည် ထိုမိန်းကလေးမှာ ရုပ်ရည်ချောမောလှပသလောက် ယခုကဲ့သို့ မိမိအပေါ်နိုင်ထက်စီးနင်းပြောနေသည်ကို ကြားလိုက်ရသောအခါ ဒေါသထွက်သွားလေသည်။

"ဒီမှာ ကျွန်တော်အကြိမ်ကြိမ်ပြောပြီးပါပြီ၊ ဒီစာအုပ်ဟာ စွန်းကျဲဆိုတဲ့မိန်းကလေးဆီကငှားလာတာ ခင်ဗျားကို ကျွန်တော်



ဘယ်လိုလုပ်ပေးနိုင်မှာလဲ"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက ....

"စကားရှည်မနေနဲ့ .... ပေးမလား မပေးဘူးလား ပြော"

မိန်းကလေးက နိုင်ထက်စီးနင်းပြောနေသည်ကို ကယ်ပါချိုဝင်းက သည်းမခံနိုင်တော့ချေ။

သူက မိန်းကလေးရှေ့သို့လျှောက်လာပြီး.....

"ဒီမှာ မိန်းကလေး ..... ကျုပ်ကိုယ်ကျုပ် လူကောင်းတစ်ယောက်လို့တော့ မပြောလိုပါဘူး၊ ဒါပေမဲ့ မင်းလိုသူများပစ္စည်းကို အတင်းအဓမ္မလိုချင်တဲ့မိန်းကလေးမျိုး ကျုပ် တစ်ခါမှမတွေ့ဘူးသေးဘူး"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက အေးတိအေးစက်ဖြင့် သူ့အားတစ်ချက်ကြည့်ပြီး လက်ကလေး တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဖြန်း"

သူမ၏လက်ဝါးက ကယ်ပါချိုဝင်း၏ပါးပြင်ကို ရိုက်ချလိုက်၏။ ထိုအခြင်းအရာကိုမြင်တွေ့လိုက်ရသော ဧည့်ပရိသတ်များသည် အံ့ဩထိတ်လန့်သွားကြလေတော့၏။

ကယ်ပါချိုဝင်းသည် .... သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ဗိုလ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါသည်။ တော်ရုံတန်ရုံအဆင့်ရှိသောလူများအဖို့ ကယ်ပါချိုဝင်း၏ပါးကိုမဆိုထားဘို၊ သူ၏အကျႌ

များကိုပင် ထိရန်ခက်ခဲလှသည်။

ယခုမူ ဤအပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးက မည်သည့်လှုပ်ရှားမှုကိုမှမတွေ့လိုက်ရဘဲ ချိုဝင်း၏ပါးပြင် ရိုက်ချခြင်းခံလိုက်ရသည်မဟုတ်ပါလား။

****

ညှိပရိသတ်များအပါအဝင် မွန်တင်းပင် ထိုမိန်းကလေးကို ထိတ်လန့်အံ့သြသွားလေတော့၏။

ကယ်ပါချိုဝင်းသည် သူ၏တစ်သက်တာတွင်တစ်ကြိမ်မှ ဤကဲ့သို့အရှက်မရခဲ့ဘူးချေ။

ထို့ကြောင့် ......

သူကဒေါသထွက်လာပြီး သူ၏လက်ထဲမှတုတ်ကိုဝေ့ယမ်းလိုက်ပြီး ကယ်ပါဂိုဏ်း၏အထူးတီထွင်ထားသောသိုင်းကွက် ဆယ့်သုံးကွက်ဖြင့် အပြာရောင်မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

ကယ်ပါချိုဝင်း၏တိုက်ခိုက်မှုသည် ပြင်းထန်လှ၏။

သို့သော် ......

သူ၏တိုက်ခိုက်မှုသည် တဒင်္ဂအချိန်အတွင်းမှာပင် ... ရပ်တန့်သွားလေတော့သည်။



အပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် အေးတိအေးစက်ဖြင့်ရပ်လျက်ရှိလေသည်။

သို့ရာတွင် ......

ကယ်ပါချိုဝင်း၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သူ၏နှုတ်ခမ်းမှာလည်း သွေးများစိမ့်ထွက်နေသည်။

ကယ်ပါချိုဝင်းမှာ ပြင်းထန်စွာဒဏ်ရာရသွားသည်ကထင်ရှားနေပေသည်။

ညှိခန်းထဲရှိလူများသည် ပို၍ထိတ်လန့်အံ့သြသွားကြသည်။ သိုင်းလောက တစ်ခုလုံးရှိ လျှမ်းလျှမ်းတောက်နေသော ကယ်ပါချိုဝင်းသည် ဤကဲ့သို့လျှင်မြန်စွာဖြင့် ထိုမိန်းကလေးအား အဘယ်ကြောင့် ရှုံးနိမ့်ခဲ့ရပါသနည်း။

ဤအပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် မည်သူဖြစ်ပါသနည်း။

သူတို့သည် ယင်းသို့တွေဝေနေကြသည့်မှာဝင် ......

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် ကယ်ပါချိုဝင်းအားလှည့်၍မကြည့်တော့ပါ။

သူမက မွန်တင်းဘက်သို့မျက်နှာမူလိုက်ပြီး ......

"ဒီမှာ .... ကျွန်မပြောတာရှင်ကြားရဲ့လား၊ ရှင့်လက်ထဲက စာအုပ် အမြန်ပေးစမ်း"

အတန်ကြာ ငြိမ်သက်၍အကဲခတ်ကြည့်နေသော ....

နုအင်းမှာ မနေနိုင်တော့ချေ။

သူမသည် နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး ......

"ကျွန်မတို့ကြာပန်းကိုဏ်းဟာ နိုင်ထက်စီးနင်းလုပ်တတ်တယ်လို့အများကပြောကြတယ်၊ ဒါပေမဲ့ အခုသူနဲ့စာရင် ကျွန်မတို့က အများကြီးယဉ်ကျေးပါသေးတယ်"

နုအင်း၏စကားကြောင့် ညှို့ပရိသတ်များသည် အပြာရောင်မိန်းကလေးက ပြန်လည်တိုက်လိမ့်မည်ဟုယူဆထားသည်။

သို့သော် .... သူတို့ထင်သကဲ့သို့ဖြစ်မလာပါ။

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက နုအင်းအားတစ်ချက်ပြုံးလိုက်ပြီး .....

"ဘယ့်နှယ် ... ရှင်ကပါ၊ ကျွန်မကိုပြောနေပါလား၊ ရှင်ရဲ့ချစ်လှတဲ့တပည့်ကိုမေးကြည့်ပါ၊ ဒီသိုင်းရှစ်ကွက်ကျမ်းစာအုပ်ဘယ်ကရလာသလဲဆိုတာ"

နုအင်းသည် မိန်းကလေးက 'ရှင်ရဲ့ ချစ်လှတဲ့တပည့်'ဟူသောစကားကိုကြားရသောအခါ မျက်နှာတစ်ခုလုံး ထူပူသွားလေတော့သည်။

****



သို့သော် ....

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေး ပြောဆိုသည့်စကားထဲ၌ ဤသိုင်းကွက်ရှစ်ကွက်စာအုပ်နှင့်သက်ဆိုင်နေသည်ဟု နားလိုက်လည်မိသည်။

ထို့နောက် .....

သူမက ပြန်လည်ပြုံးပြလိုက်ပြီး .....

"ဪ .... ဒါလား၊ သူအကြိမ်ကြိမ်ပြောပြီးပါပကော"

"ဒီ သိုင်းရှစ်ကွက်စာအုပ်ဟာ စွန်းကျဲဆိုတဲ့မိန်းကလေးတစ်ယောက်ဆီကငှားလာတာပါလို့၊ ရှင် ဘယ်ကလဲ၊ ရှင်နဲ့ ဘာဆိုင်လို့ ဒီစာအုပ်ကိုလာတောင်းရတာလဲ"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် အေးတိအေးစက်ဖြင့်ပြုံးပြလိုက်လေသည်။

"ရှင်က ကြာပန်းကိုဏ်းရဲ့အားအကိုးရဆုံးသောတပည့်တစ်ယောက်ဖြစ်လျက်နဲ့ ဘယ့်နှယ့်ကြောင့် ကျွန်မပြောတဲ့စကားကို သဘောမပေါက်ရတာလဲ၊ ဘယ်လိုလဲ ကျွန်မကပဲ ယောကျ်ားအဝတ်အစားတွေဝတ်ပြီး ဒီစာအုပ်ကိုလာတောင်းရမှာလား"

အပြာရောင်မိန်းကလေး၏စကားကို နုအင်းကသဘောမပေါက်သော်လည်း မွန်တင်းက ဆိုစကားကိုကြားရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် ......

ဤအပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးမှာ မိမိအားယောက်ျားဟန်ဆောင်ပြီး အကူအညီပေးခဲ့သည့်မိန်းကလေးဖြစ်သောကြောင့်တည်း။

ထို့ကြောင့် .....

သိုင်းရှစ်ကွက်ပိုင်ရှင် စွန်းကျဲဖြစ်နေသည်ကိုမှတ်မိလိုက်ခြင်းကြောင့်ဖြစ်ပါသည်။

ထိုအခါ .....

သူက ကပျာကယာဦးညွှတ်လိုက်သည်။

"ခင်ဗျားက စွန်းကျဲပဲကိုး .... အခုလို ကျွန်တော်မမှတ်မိတာကို စိတ်မရှိပါနဲ့နော်"

သူကပြောဆိုပြီး ထိုစာအုပ်အား လက်နှစ်ဖက်ဖြင့်လှမ်းပေးလိုက်လေသည်။

"ဒီစာအုပ်ကြောင့် ကျွန်တော့်မှာ သိုင်းပညာအတော်လေးတတ်မြောက်လာပါတယ်၊ ခင်ဗျားကျေးဇူးကို ကျွန်တော်တစ်သက်လုံးမမေ့ပါဘူးဗျာ .... ဟောဒီမှာ ခင်ဗျားရဲ့စာအုပ်ကို ကျွန်တော်ပြန်ပေးပါတယ်"

ထိုစဉ်မှာပင် .....

နအင်းသည် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး .....

"နေဦးမွန်တင်း ..... ဒီစာအုပ်ကိုသူ့ပြန်မပေးရဘူး"

ဟု ဟန့်တားလိုက်သည်။



နအင်း၏ ရုတ်တရက်ဟန့်တားလိုက်သောအသံကြောင့် မွန်တင်းက အမှတ်မထင် လှမ်းပေးသောစာအုပ်ကို ပြန်လည်ရုပ်သိမ်းလိုက်မိသည်။

ထိုအချိန်တွင် .... နအင်းက ထိုစာအုပ်ကို လျှပ်တစ်ပြက်လုယူလိုက်သည်။

ထို့နောက် နောက်သို့ဆုတ်လိုက်သည်။

မွန်တင်းသည် နအင်းက သူ၏စာအုပ်လုယူသွားသည်ကိုတွေ့ရသောအခါ အံ့ဩသင့်သွားသည်။

"ဆရာ.... ဆရာ.... ဒါဘာလုပ်တာလဲခင်ဗျာ"

နအင်းက မွန်တင်းအားအေးစက်သောအပြုံးဖြင့် ....

"မွန်တင်း ဒီစာအုပ်ကိုပြန်မပေးရဘူး"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် စွန်းကျဲပင်ဖြစ်ပါသည်။ သူမသည် နအင်းက မဆီမဆိုင် ၎င်းစာအုပ်ကိုလုယူလိုက်သည်ကိုတွေ့မြင်ရသောအခါ မျက်နှာတစ်ခုလုံးသည်ဒေါသလွှမ်းမိုးလာသည်။ သူမက မွန်တင်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီမှာမွန်တင်း ဒီစာအုပ်ကိုကျွန်မငှားလိုက်တာနော်၊ ခုနက ရှင်ပဲပြောသေးတယ်၊ ဒီစာအုပ် ကျွန်မကိုပြန်ပေးမယ်ဆို၊ ကဲ အခုပေးလေ"

မွန်တင်းသည် နအင်းဘက်သို့လှည့်လိုက်သည်။

သူမ၏မျက်နှာတွင် ဒေါသထွက်ရန်ခက်နေ၏။ နအင်းကမွန်တင်း၏သဘောထားကိုသိထားသည်။ သို့သော် သူမက မသိဟန်ဆောင်၍ ထိုစာအုပ်ကိုအိတ်ထဲထည့်သိမ်းလိုက်ပြီး ....

"ကဲ .... မွန်တင်း ကျွန်မတို့ ဒီမှာနေဖို့ဘာကိစ္စမှမရှိတော့ဘူး၊ ရှင် ကျွန်မနောက်လိုက်ခဲ့၊ ချန်ကျန်းမြစ်တစ်ဘက်သို့ သွားပြီး ရှင့်ရဲ့ဖခင်ကိုသတ်သွားတဲ့ရန်သူ သွားရှာကြမယ်လေ"

နအင်းသည် မွန်တင်း၏လက်ကိုဆွဲကာ ပြေးထွက်သွားတော့၏။ နအင်းပြေးထွက်သွားပုံမှာ လေကဲ့သို့ လျင်မြန်၏။

စွန်းကျဲသည် ပြေးလိုက်ရန်ဟန်ပြင်လိုက်၏။ ,

ထိုစဉ် စွန်ရှမ်းကတားလိုက်၏။

"မိန်းကလေး .... ရောက်လာမှတော့ အေးအေးဆေးဆေးပေါ့၊ ကျုပ်ညီ့ဝတ်မကျေရာကျပါတယ်"

စွန်းကျဲသည် လွန်စွာဒေါသထွက်သွား၏။

"ရှင်ကကျွန်မရန်သူနောက်မလိုက်နိုင်အောင် တမင်သက်သက်အချိန်ဆွဲတာလား"

စွန်ရှမ်းက ကပျာကယာလက်ကာပြရင်း .....

"မဟုတ်ပါဘူး....မဟုတ်ပါဘူး၊ ကျုပ်က စေတနာနဲ့ညီ့ဝတ်ပြုတာပါ"

"ဘာညီ့ဝတ်ပြုတာလဲ ကျွန်မကိုသက်သက်အချိန်ဆွဲတာပဲ"



စွန်းကျဲသည် စွန်ရှမ်းနှင့်တိုက်ခိုက်ရန်ဟန်ပြင်နေ၏။

ထိုစဉ် စကားသံတစ်သံထွက်လာ၏။

"မိန်းကလေး ကြာပန်းဂိုဏ်းကလူတွေနောက်ကို လိုက်မသွားဘဲ ဒီကအိမ်ရှင်ကို ရန်ပြုနေတာလားကွယ်"

ထိုအဘိုးအိုသည် ဝူးတန်ဂိုဏ်းကဒုဂိုဏ်းချုပ်ဖြစ်ပါ၏။

အဘိုးအို၏စကားကြောင့် စွန်းကျဲက မိမိ၏အမှားကို ပြန်လည်သတိရလာသည်။ သူမက အံကိုတင်းတင်းကြိတ်လိုက်ပြီး ကိုယ်ခန္ဓာတစ်ချက်လှုပ်ကာ ညည့်ခန်းမှပြေးထွက်သွားလေတော့သည်။

****

## အခန်း ( ၂၅ )
## ဧရာဝတီဒုက္ခ

မွန်တင်း၏ခြေထောက်နှစ်ဖက်သည် လှုပ်ရှားနေ၏။

သူက နုအင်းခေါ်ဆောင်ရာသို့လိုက်ပါနေရသည်။

သို့ရာတွင် .....

သူ၏စိတ်နှလုံးသည် အပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးစွန်းကျဲထံ၌ ကျန်ရစ်ခဲ့လေ၏။

သူသည် သက်မဲ့တစ်ယောက်ပမာ နုအင်းဆွဲခေါ်ရာသို့ လိုက်ပါသွားခဲ့ရသည်။

အတန်ကြာပြေးလွှားပြီးမှ.....

သူတို့သည် ချန်ကျန်းမြစ်ကမ်းသို့ ရောက်ရှိလာကြလေ၏။ နုအင်းသည် လှိုင်းကလေးများထနေသော ချန်ကျန်းမြစ်ရေများအားငေးကြည့်ရင်း မျက်လုံးအစုံသည် ဝန်းကျင်သို့ဝေ့ဝဲအကဲခတ်နေသည်။



အတန်ကြာ အကဲခတ်ကြည့်ရှုပြီးမှ .....

ဆိပ်ကမ်းသို့ဆိုက်ကပ်လာသည့် ရွက်လှေတစ်စင်းကို စူးစူးစိုက်စိုက်ကြည့်နေမိလေ၏။ ရွက်လှေသည် တဖြည်းဖြည်း ဆိပ်ကမ်းသို့ကပ်လာနေသည်။

****

နုအင်းကအော်လိုက်၏။

"လှေသမားတွေ ..... လှေသမားတွေ"

"ဘာလဲဗျ"

"ကျုပ်တို့ ဟိုဘက်ကမ်းကိုသွားချင်တယ်၊ ပို့ခလည်း ထိုက်ထိုက်တန်တန်ရမယ်၊ ကျုပ်တို့ ဒီနှစ်ယောက်တည်းပဲ၊ လိုက်ပို့မလား..."

နုအင်းသည် ရွက်လှေပေါ်မှလှေထိုးသားအား မေးလိုက်သည်။ လှေထိုးသားက .....

"ရပါတယ် .... ဒါပေမဲ့ ခဏစောင့်ရလိမ့်မယ်၊ ကျုပ်တို့ ထမင်းစားပြီးတာနဲ့ ချက်ချင်းထွက်မယ်"

သူတို့ကလှေပေါ်သို့တက်သွားပြီး နေရာထိုင်ခင်းပြုလုပ်ကာထိုင်ချလိုက်သည်။ ရွက်လှေပေါ်တွင် ခါးကုန်းသောအဘိုးအို တစ်ယောက်နှင့် .....

မျက်မမြင်အဘွားအိုတစ်ယောက်ကို တွေ့ရှိရလေသည်။

ထို့နောက် ....

လှေထိုးသားအချို့မှလွဲ၍ ခရီးသည် တစ်ယောက်မှ မတွေ့ရချေ။

မကြာမီ .....

လှေထိုးသားများသည် ထမင်းစားပြီးစီးဖြစ်၍ ပြန်လည်ရောက်ရှိလာကြသည်။ သူတို့ ကမ်းပေါ်တက်စားကြခြင်းဖြစ်လေသည်။

ထို့နောက် .....

ရွက်များလွှင့်ကာ ကမ်းစပ်မှထွက်ခွာသွားလေတော့၏။

လေများမှာ တဟူးဟူးတိုက်ခတ်နေသည်။

မြစ်ပြင်ပေါ်တွင် လှိုင်းလုံးကြီးများသည် တဖြည်းဖြည်းကြီးမားလာသည်။

ထို့ကြောင့် ......

ရွက်လှေသည် လှိုင်းများကြောင့်ယိမ်းယိုင်ကာ လူးနေလေသည်။ နုအင်းက လှိုင်းကြီးသည်ကို တွေ့ရသောအခါ ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ......

သူမသည် ရေမကူးတတ်သောကြောင့်တည်း။

သူမသည် တစ်ဖက်ကမ်းသို့ဆက်၍မကူးဝံ့တော့ချေ။



"ဒီမှာလှေသူကြီးရှင့် ... ကျွန်မတို့ ဟိုဘက်ကမ်းကိုမကူးတော့ပါဘူး၊ ကမ်းကိုပြန်ကပ်ပေးပါ"

ပြောလိုက်လေသည်။

ထိုအခါ ......

မျက်မမြင်အဘွားအိုက မဲ့ပြုံးပြုံးကာ .....

"ကလေးမ မင်းကဘာတွေပြောနေတာပဲ၊ လှေထွက်လာမှတော့ ကမ်းကိုပြန်ကပ်ဖို့မလွယ်တော့ဘူးကွဲ့၊ ဘာလဲ .... လှိုင်းကြီးလို့ သေမှာကြောက်နေတာလား"

နုအင်းက မျက်မမြင်အဘွားအို၏စကားကိုကြားရသောအခါ ဒေါသထွက်လာသည်။

သို့သော် ......

အဘွားအိုမှာမျက်မမြင်ဒုက္ခိတဖြစ်နေခြင်းကြောင့် သူမက ဒေသကိုထိန်းချုပ်ထားလိုက်သည်။

ထို့ကြောင့် ....

အဘွားအိုနှင့်ရန်မဖြစ်တော့ဘဲ လှေသူကြီးဘက်ကို လှမ်း၍ပြောလိုက်သည်။

"ဒီမှာရှင့်..... လှေကိုကမ်းစပ်ကပ်ပေးပါ"

ထိုအခါ မျက်မမြင်အဘွားအိုက ကုန်းပတ်ကို တစ်ချက်ပုတ်လိုက်ပြီး ....

"ဟော့... ကလေးမ၊ မင်းနားမလည်ဘူးလား၊ ငါပြောတာ

ကို မကြားဘူးလား၊ လှေကထွက်ပြီးရင် ကမ်းကိုပြန်ကပ်ဖို့ မလွယ်ဘူးဆိုတာ မင်းမသိဘူးလား၊ မင်းဒီလောက်တောင် သွားချင်ရင် ရေထဲခုန်ချပြီးကူးသွားလေ"

နုအင်းသည် ခါတိုင်းကဲ့သို့ဆိုလျှင် ထိုမျက်မမြင် အဘွားအိုအား သည်းခံမည်မဟုတ်ပါ။ သူမအား အတိုက်အခံလုပ်သည့် မည်သူ့ကိုမဆို သူမသည် ဆုံးမလေ့ရှိ၏။

ယခုမူ ရွက်လှေတစ်စင်းလုံး လှိုင်းလူးနေသဖြင့် သူမသည် စိတ်ကိုထိန်းချုပ်ထားလိုက်ရသည်။

"ကျွန်မပစ္စည်းတစ်ခုမေ့ကျန်ခဲ့လို့ ပြန်ယူမလို့ပါရှင်"

အဘွားအိုက ဒေါသအမျက် ချောင်းချောင်းထွက်လာ၏။

"ကလေးမ မင်းတော်တော်လျှာရှည်ပါလား၊ ငါ.... ဒေါသမထွက်ထွက်အောင် ရန်စနေတာလား"

နုအင်းသည် သည်းမခံနိုင်တော့ပါ။

သူမ၏ထိန်းချုပ်မှုသည် အဆုံးစွန်သို့ရောက်ရှိသွား၏။

ထို့ကြောင့် ......

သူမက ပို၍ဒေါသထွက်လာ၏။

"ဒီမှာ ..... ရှင့်ပါးစပ်ပိတ်ထားစမ်းပါ"

"အောင်မယ် ..... မင်းက ငါ့ကိုများ မင်း ငါးစာဖြစ်သွားချင်တယ်ထင်တယ်"

နုအင်းသည် အနည်းငယ်ပြုံးလိုက်သည်။



"ဒီမှာ ရှင်ကမျက်မမြင်ဖြစ်နေလို့ ကျွန်မသည်းခံနေတာရှင့်၊ နားလည်ရဲ့လား"

မျက်မမြင်အဘွားအိုက ထိုင်ရာမှမတ်တပ်ရပ်လိုက်၏။

"အောင်မာ .... မင်းကငါ့ကိုဘာလုပ်ချင်လို့လဲ"

ခါးကုန်းအဘိုးအိုက ရယ်မောလိုက်ပြီး .....

"မင်းတို့နှစ်ယောက် ရန်မဖြစ်ကြရင်ကောင်းလိမ့်မယ်၊ တော်ကြာ နှစ်ယောက်စလုံး ရေထဲကျပြီးသေနေဦးမယ်"

နုအင်းသည် ထိုအဘိုးအို၏စကားကိုကြားလိုက်ရသောအခါ သူ့အား သေချာစွာအကဲခတ်ကြည့်လိုက်သည်။

ထိုအဘိုးအို၏အသက်မှာ ခြောက်ဆယ်ခန့်ရှိမည်ဟုထင်ရသည်။ စူးရှသောမျက်လုံး၊ ချိုင့်ဝင်နေသောနားထင်များကို တွေ့မြင်လိုက်ရသည်နှင့် .....

ထိုအဘိုးအိုသည် အတွင်းအား အလွန်အဆင့်မြင့်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

သူက မွန်တင်းအားလှည့်ကြည့်လိုက်သည်။

မွန်တင်းက ဘာကိုမှသတိမရဘဲ ငေးငိုင်နေသည်ကို တွေ့လိုက်ရသည်။

အဘိုးအို၏စကားကြောင့် ....

မျက်မမြင်အဘွားအိုသည် စကားထပ်မံပြောဆိုခြင်းမရှိဘဲထိုင်ချလိုက်၏။

နအင်းလည်း ပြန်ထိုင်လိုက်သည်။ သူမက မွန်တင်းအား တံတောင်ဆစ်ဖြင့်တွတ်လိုက်သည်။

သို့သော် မွန်တင်းမှာ ငေးငိုင်မြဲငေးငိုင်နေလေ၏။

****

နအင်း အနည်းငယ်ဒေါသထွက်လာသည်။

သူမက မွန်တင်းအား တွန်းထိုးလှုပ်ငင်လိုက်၏။

"ရှင်ဘာငေးနေတာလဲ"

ထိုအခါ ....

"ဝုန်း"

မွန်တင်းသည် ရုတ်တရက် ကုန်းပတ်မော်ပေါ်သို့လဲကျသွားလေတော့၏။

သူ၏မျက်နှာတစ်ခုလုံးသည် ဖြူရော်နေသည်။

မျက်လုံးအစုံမှာလည်းပြူးကျယ်နေသည်။

ထိုအခါ နအင်းထိတ်လန့်တုန်လှုပ်သွားလေတော့၏။

"မွန်တင်း .... မွန်တင်း"

မွန်တင်းသည် စကားမေးမရဘဲ သတိလစ်သွားတော့၏။

နအင်းက မွန်တင်း၏ခန္ဓာကိုယ်အား လှုပ်၍ခေါ်နေမိ၏။

အဘိုးအိုက မွန်တင်းအား တစ်လျက်လှမ်းကြည့်လိုက်ပြီး



မျက်မှောင်ကုပ်သွားသည်။

"ဟင် .... ဒီသူငယ်က တော်တော်ပြင်းထန်တဲ့အဆိပ်မိနေတယ်ထင်တယ်"

နအင်းသည် အဘိုးအို၏စကားကိုကြားရသောအခါထိတ်လန့်သွားလေသည်။

သူမက မွန်တင်းအားပွေ့ထူလိုက်သည်။

ခါးကုန်းသောအဘိုးအိုသည် ခက်ခက်ခဲခဲချဉ်းကပ်လာပြီး မွန်တင်းအား သေသေချာချာစစ်ဆေးကြည့်ရှုလိုက်သည်။

မွန်တင်းအားစစ်ဆေးပြီးနောက် သူသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင် .... ပန်းတစ်ရာဒေဝီက အဘယ့်နှယ် သိုင်းလောကထဲဝင်ရှုပ်နေရပြန်တာလဲ"

ထိုစကားကိုကြားလိုက်ရသောအခါ နအင်းသည် ခွန်ရှမ်း၏ညှိခံပွဲတွင် မိမိတို့အနီး၌ထိုင်နေသောအဘွားအိုအား ချက်ချင်းသတိရလိုက်လေသည်။

"ပန်းတစ်ရာဒေဝီက အဆိပ်ခတ်တတ်တယ်ဟုတ်လား"

အဘိုးအိုကခေါင်းညိတ်ပြလိုက်သည်။

"မိန်းကလေး .... မင်းက ပန်းတစ်ရာဒေဝီအကြောင်း မသိသေးဘူးကိုး"

နအင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့် ... ကျွန်မ မသိသေးပါဘူး ကျေးဇူးပြု၍ပြော ပြပါလားရှင်"

"အိမ်း ..... ပန်းတစ်ရာဒေဝီဟာ သိုင်းလောကမှာ ကျော် ကြားတယ်၊ အားလုံးက ဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့ကြတယ်"

"ဘာဖြစ်လို့ ကြောက်ရွံ့ကြတာလဲ၊ သူ့သိုင်းပညာကောင်း လွန်းလို့ကြောက်ရွံ့ကြတာလား"

နအင်းကမေးလိုက်သည်။

အဘိုးအိုကခေါင်းခါကာ ....

"မဟုတ်ဘူးကွယ့်၊ သူအင်မတန်ကျွမ်းကျင်တာကအဆိပ် ပညာပဲ"

အဘိုးအိုသည်. ခေတ္တနားပြီးမှဆက်ပြောလေ၏။

"သူဘယ်လောက်ကျွမ်းကျင်သလဲဆိုရင် ... သူ့ကိုအဆိပ် ဘုရင်မလို့တောင် ခေါ်ကြတဲ့အထိပဲ၊ အဆိပ်မှာတော့ တကယ့်ကို ပြိုင်စံရှားတဲ့ဘုရင်မပါပဲ"

နအင်းထိတ်လန့်တုန်လှုပ်သွား၏။

"ဒီလိုဆို ဘယ်လိုလုပ်ကြမလဲရှင် သူ့ကို ဘာဆေးတိုက်ရ မှာလဲရှင်"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ပန်းတစ်ရာဒေဝီရဲ့အဆိပ်ဟာ သူကိုယ်တိုင်ဖော်စပ်တဲ့ ဖြေဆေးကလွဲလို့ ဘယ်ဆေးနဲ့မှမကုသနိုင်ဘူးကွဲ့"



နအင်း အံကိုတင်းတင်းကြိတ်လိုက်၏။

"တောက် .... တော်တော်ယုတ်မာတာပဲ၊ ကျွန်မ တပည့် သာသေသွားရင်တော့ သူ့ကို ကျွန်မ အပိုင်းပိုင်းအတစ်တစ်ဖြစ် အောင်သတ်ဖြတ်ပစ်မှာပဲ"

ဟု ကြုံးဝါးလိုက်သည်။

နအင်း၏စကားကြားရသောအခါ မျက်မမြင်အဘွားအိုက မဲ့ပြုံးပြုံးလိုက်၏။

"ဟား .... ဟား .... ဟား ... မင်းက အသက်ငယ်ငယ်နဲ့ စကားကြီး စကားကျယ်ပြောနေပါလား၊ မင်းလိုပညာမျိုး မပြောနဲ့၊ မင်းဆရာ ကြာပန်းဒေဝီကိုယ်တိုင်သွားတာတောင်မှ နိုင်မယ်လို့ မင်းထင်သလား"

မျက်မမြင်အဘွားအို၏စကားကြောင့် နအင်း ထိတ်လန့် အံ့ဩသွားလေ၏။ ထို့ကြောင့် မျက်မမြင်အဘွားအိုမှာ သာမန်လူ တစ်ယောက်မဟုတ်ကြောင်း ရိပ်စားမိလာသည်။

သိုင်းလောကတွင် နအင်း မသိသူ အများအပြားပင်ရှိနေ ပါသေးကလား။

အဘွားအိုသည် မိမိကိုယ်သာမက မိမိ၏ဆရာကိုပါသိ ထားသည်။ ထိုအခါ အဘိုးအိုကမျက်မမြင်အဘွားအိုအား .....

"ဝမ်းရှီ....မင်းဒီလောက်အသက်ကြီးနေတာတောင် စိတ် တိုနေတုန်းပဲလား၊ ဒီသူငယ်အဆိပ်မိတာ မင်းအသိသားနဲ့၊ မင်း

သူ့ကိုကယ်ဖို့သင့်ပါတယ်၊ မကယ်ချင်ရင်လည်း သူများကို့ နှိမ့်ချ မပြောပါနဲ့ကွာ"

နအင်းသည် 'ဝမ်းချီ'ဟူသောအမည်ကို ကြားလိုက်ရ၏။

ထိုအခါ .... သူမက ထိုနာမည်ကို ဆရာ၏နှုတ်မှမကြာခဏပြောကြားသည့်အသံကိုသတိရလာသည်။

မျက်မမြင်အဘွားအိုကမဲ့ပြုံးပြုံးကာ....

"ကျုပ်ကလဲ သူ့ဆရာကြာပန်းဒေဝီရဲ့မျက်နှာကိုထောက်လို့သည်းခံနေတာပေါ့၊ နို့မဟုတ်ရင် ...."

အဘွားအို၏စကားမဆုံးသေးချေ။

"ဝုန်း"

လေပြင်းတစ်ချက် ပြင်းထန်စွာတိုက်ခတ်လိုက်သဖြင့် လှိုင်းလုံးကြီးများသည် ရွက်လှေကို ပြင်းထန်စွာ ရိုက်ခတ်လိုက်လေတော့၏။

*****



## အခန်း (၂၆)
## ငှက်ကျွန်း

ရွက်လှေ၏နောက်ပိုင်းတွင် ပဲ့ကိုင်နေသောလှေထိုးသားသည် လှိုင်း၏ပုတ်ခတ်မှုကြောင့် လူရောပဲ့ပါ မြစ်ထဲသို့ကျသွားလေတော့သည်။ လှေသည် လှိုင်းလုံးကြီးများ၏အဆက်မပြတ်တိုက်ခတ်မှုကို ခံနေရသည်။

ထို့ပြင် ..... ရွက်လှေမှာ ပဲ့ကိုင်မည့်သူမရှိခြင်းကြောင့် မြစ်လယ်တွင်ချာချာလည်နေတော့၏။

"ဝုန်း"

လေပွေသည် ထပ်မံတိုက်ခတ်လာခြင်းကြောင့် ကြီးမားသောရွက်တိုင်မှာ ထက်ပိုင်းကျိုးကာ ရွက်ဖျင်များနှင့်အတူ မြစ်ထဲသို့လွင့်သွားလေတော့သည်။

ရွက်လှေတစ်စင်းလုံးသည် လှုးလှန့်တုန်ခါပြီး လှိုင်းတံပိုးအောက်သို့ မြုပ်ဝင်လုနီးနီးဖြစ်လေတော့သည်။

ထိုစဉ် .....

ရွက်လှေ၏ဝမ်းဗိုက်ထဲမှ မျက်မမြင်အဘွားအိုက ပြေးထွက်လာပြီး ရွက်လှေ၏ဦးပိုင်းသို့ ဆက်လက်ပြေးလွှားကာ ခြေနှစ်ချောင်းခွဲ၍ တည့်တည့်မတ်မတ်ရပ်လိုက်သည်။

ထိုအခါ သူမကခါးကုန်းနေသောအဘိုးအိုအား.........

"ရှင် ဘာငေးနေတာလဲ သေချင်လို့လား၊ ပဲ့ပိုင်းကိုမြန်မြန်သွားစမ်း"

ဟု ငေါက်လိုက်သည်။

ခါးကုန်းနေသောအဘိုးအိုသည် ချက်ချင်း ပဲ့ပိုင်းသို့ပြေးလွှားသွားသည်။ ထို့နောက် .... သူက မျက်မမြင်အဘွားအိုကဲ့သို့ပင် ခြေနှစ်ဖက်ကိုခွဲကာတည့်မတ်စွာရပ်လိုက်၏။

အဘိုးအိုနှင့်အဘွားအိုနှစ်ယောက် ဤကဲ့သို့တည့်မတ်စွာရပ်လိုက်သောအခါ ရွက်လှေသည် လုံးဝယိမ်းယိုင်ခြင်းမရှိဘဲ ငြိမ်သက်သွားလေတော့သည်။

အံ့ဩဖွယ်ရာ အစွမ်းအားပညာရှင်များပေတည်း။

ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေချေသည်။

****



မိုးမှာ သဲသဲမဲမဲရွာချနေသည်။

နအင်းက သတိမေ့မျောနေသော မွန်တင်းအား ပွေ့ချီထားပြီး သူမ၏လက်တစ်ဖက်သည် ရွက်လှေ၏ရွက်တိုင်အားဖက်ထားသည်။

ဤသို့ဖြင့် ရွက်လှေသည် အလွန်ရေစီးသန်သော မြစ်ရေစီးကြောင်းကို အရှိန်အဟုန်ပြင်းစွာဖြင့်မျောနေလေတော့သည်။

"ဝုန်း"

ရုတ်တရက် ပြင်းထန်သောအသံတစ်ခုကြားလိုက်ရ၏။

ရွက်လှေသည် ကျောက်ဆောင်တစ်ခုအား ဝင်ဆောင့်မိလေတော့၏။ မြစ်ရေများသည် အက်ကွဲကြောင်းမှ ရွက်လှေထဲသို့ ဒလဟောစီးဝင်လာလေ၏။

ထိုအခါ နအင်းက ထိတ်လန့်တုန်လှုပ်သွား ၏။

သူမက အဘိုးအိုနှင့်အဘွားအိုအား လှမ်းကြည့်လိုက်၏။

သို့ရာတွင် .....

ရွက်လှေပေါ်တွင် လူရိပ်တစ်ယောက်မျှ မတွေ့ရတော့ချေ။ သူမက မျက်လုံးကိုအားယူ၍ ပတ်ဝန်းကျင်ကိုဇာစ်ချက် အကဲခတ်ကြည့်ရှုလိုက်သည်။

ရွက်လှေသည် ကျောက်ဆောင်များရှိရာသို့ ရောက်ရှိနေသည်ကိုတွေ့မြင်လိုက်ရသည်။

ထိုအခါ ....

သူမက မွန်တင်းအား ပခုံးပေါ်၌ထမ်းကာ ရွက်လှေပေါ်မှ ဆင်းလိုက်သည်။

အလွန်ချောမွတ်နေသော ကျောက်ဆောင်များကိုသတိ ထားနင်းကာ ရေလွှတ်ရာနေရာသို့ အလွတ်ရှန်းရလေတော့၏။

*****

မိုးများစဲသွားလေပြီ။

ကောင်းကင်တစ်ခုလုံး မိုးသားများကင်းစင်ကာ ကြယ်က လေးများ ထွက်ပေါ်နေသည်။ နအင်းသည် ကျောက်ဆောင်တစ်ခ ပေါ်၌ မလှုပ်မယှက်ထိုင်နေသည်။

သူမ၏ရင်ခွင်ထဲတွင် မွန်တင်းမှာ သတိလစ်နေမြဲပင်ဖြစ် နေသည်။

တိုက်ခတ်လာသောလေများကြောင့် သူမ၏စိုရွှဲနေသော အဝတ်အစားများသည် အနည်းငယ်ခြောက်သွေ့လာသည်။

အတန်ကြာမှ သူမက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှု လိုက်၏။

ထိုအခါ .... သူမမှာ ကျွန်းတစ်ကျွန်းပေါ်သို့ရောက်ရှိနေ သည်ကို သတိပြုမိလေ၏။ မွန်တင်းအား ပခုံးပေါ်တွင် ထမ်းပြီး ကျွန်းပေါ်သို့တက်သွားသည်။



သူမသည် ကျွန်းပေါ်သို့ဦးတည်လျှောက်သွားရင်း ....

ရုတ်တရက် သူမ၏ကိုယ်ခန္ဓာတစ်ခုလုံး မြေအောက်သို့ ကျွံကျသွားလေတော့သည်။

သို့သော် ..... အောက်သို့ရောက်သောအခါ အလွန်ပျော့အိ သောအရာများနှင့်တွေ့ထိလိုက်ရပြီး ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပါ။

သူမ ကျွံကျသောနေရာသည် မြေအောက်တွင်းတစ်ခုဖြစ် မည်ဟု သူမက ထင်မှတ်သည်။

အဘယ်ကြောင့်ဆိုသော် ..... သူမ၏ပတ်ဝန်းကျင်တွင် မှောင်မည်းနေသည်ကို တွေ့ရသောကြောင့်တည်း။

သူမက မွန်တင်းအားလက်ဖြင့်စမ်းလိုက်သည်။

ထိုအခါ ..... မွန်တင်းမှာ သတိမေ့မျောနေသော်လည်း အသက်မှန်မှန်ရှူလျက်ရှိသည်ကို တွေ့လိုက်ရသည်။

သူမမှာ သက်သာရာရရှိသွား၏။ တစ်ချိန်လုံး မအိပ်ရ သဖြင့် သူမ၏မျက်လုံးအစုံသည်လေးလံလာသည်။

နောက်ဆုံး သူမသည် အိပ်ပျော်သွားတော့၏။

*****

အချိန်မည်မျှကြာသွားသည် မသိချေ။

သူမက မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ နေရောင်ခြည်သည် မျက်နှာပြင်ပေါ်သို့ ကျရောက်နေကြောင်းကို တွေ့လိုက်ရသည်။ နအင်းက အိပ်ရာမှချက်ချင်းခုန်ထလိုက်သည်။

ယခုမှ သူမက ပတ်ဝန်းကျင်ကို သေသေချာချာမြင်တွေ့လိုက်ရသည်။ ပထမဆုံး သူမ အပေါ်အက်သို့မော့ကြည့်လိုက်၏။

တွင်းအပေါက်သည် ဝါးတစ်ရိုက်ခန့်မျှ မြင့်နေသည်ကို တွေ့ရ၏။ သူမက ရပ်နေသောနေရာကို ငုံ့ကြည့်လိုက်သောအခါ အံ့အားသင့်သွားရလေ၏။

အဘယ့်ကြောင့်ဆိုသော် .....

မြေတွင်းအောက်တစ်နေရာတွင် ရွှေရောင်ဖြင့်တောက်ပနေသောငက်မွေးများ ထူထပ်စွာခင်းကျင်းထားသည်ကိုတွေ့ရသောကြောင့်တည်း။

ထိုငှက်မွေးများသည် ငှက်တစ်ကောင်မှ ကျွတ်ကျသောငှက်တောင်မွေးများ မဟုတ်နိုင်ချေ။ ထောင်သောင်းမကသောငှက်များ၏ကိုယ်မှကျွတ်ကျသော အမွေးများဖြစ်သည်ဟု သူမ ရိပ်စားမိသည်။

ထူးခြားသည်မှာ ....

ငှက်မွေးများသည် တစ်ချောင်းနှင့်တစ်ချောင်း အရွယ်တူနေပြီး အရောင်အဆင်းမှာလည်း တူနေခြင်းကြောင့်ဖြစ်လေသည်။



နအင်းသည် အတန်ကြာငေးမောနေရာမှပြန်လည်သတိရလေသည်။

ထို့နောက် သူမသည် ပတ်ဝန်းကျင်ကို ထပ်မံအကဲခတ်လိုက်သည်။ ထိုမြေတွင်း၏ညာဘက်နံရံတွင် လှေကားထစ်များဖြင့်ပြုလုပ်ထားသော စကြ်္ကလမ်းတစ်ခုကိုတွေ့လိုက်ပြန်၏။

နအင်းက မှေးမြောနေသောမွှန်တင်းအား တစ်ချက်ကြည့်လိုက်ပြီး စကြ်္ကလမ်းအတိုင်းလျှောက်သွားတော့သည်။

သူမက လှေကားထစ်အတိုင်းတက်သွားရာ မကြာမီထွက်ပေါက်တစ်ခုကိုရောက်ရှိလာ၏။

အပြင်သို့ရောက်ရှိလာသည်နှင့် သူမ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

****

အဘယ်ကြောင့်ဆိုသော် ......

သူမ၏မြင်ကွင်း၌ သံဇလုံအရွယ်ရှိသောငှက်ဥပုံသဏ္ဌာန်ရှိသော ကျောက်တုံးများဖြင့်ပြည့်နှက်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။

ထိုကျွန်းပေါ်တွင် .... တောရိုင်းတိရိစ္ဆာန်များ မဆိုထားဘိ သစ်ပင်မြက်ပင်မျှပင် မတွေ့ရချေ။

နုအင်းက တုန်လှုပ်ချောက်ချားသွား၏။

"ဟင်.... ဒုက္ခပဲ၊ ဒီမှာအရှင်လတ်လတ်သေရတော့မယ်" ဟု လွှတ်ခနဲအသံထွက်သွားလေတော့၏။

သူမကာသက်ပြင်းတစ်ချက်ချကာ ကျောက်တုံးပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။

သူမကာစိတ်ပျက်စွာထိုင်နေစဉ် ရုတ်တရက်ဝါးတစ်ရိက်ခန့်အကွာတွင် ထူးဆန်းသောငှက်တစ်ကောင်ကိုတွေ့လိုက်ရပြန်သည်။ ထိုငှက်၏တစ်ကိုယ်လုံးတွင် ရွှေဝါအမွေးအမျှင်များရှိပြီး ငှက်ကုလားအုပ်ကဲ့သို့သော ပုံသဏ္ဌာန်ရှိသည်။

ထိုထူးဆန်းသောငှက်သည် နုအင်းအားတွေ့မြင်သည်နှင့် သူ၏သေးသွယ်ပြီးရှည်လျားသောလည်ကိုဆန့်ကာ တစ်ချက်အော်လိုက်သည်။

"ဂီး ..... ဂီး ..... ဂီး"

ထိုအသံကြောင့် ကျောက်တုံးကြားမှာ ထိုကဲ့သို့သော ငှက်များတစ်ကောင်ပြီး တစ်ကောင်ပေါ်လာသည်ကို အံ့ဩစွာတွေ့လိုက်ရ၏။

ထိုငှက်များသည် စုစုပေါင်း တစ်ရာခန့်ရှိမည်ဟုထင်ရပေသည်။ ထိုထူးဆန်းသောငှက်များသည် နုအင်းနေထိုင်သောဂူဝသို့ ဦးတည်လာနေ၏။

ထိုအခါ နုအင်းထိတ်လန့်သွားသည်။



အကယ်၍ ဤမျှများပြားသောငှက်များ ထိုမြေတွင်းထဲသို့ အားလုံးစုရုံးရောက်ရှိလာပါက သတိမေ့မျောနေသော မွန်တင်းမှာ ငှက်များပိကာ သေဆုံးနိုင်မည်မှာမလွဲပေ။

သူမကာ ယင်းသို့တွေးမိသောကြောင့် မြေတွင်းထဲသို့ ပြေးဝင်သွားပြီး မွန်တင်းအားပွေ့ချီလိုက်သည်။

သူမက မွန်တင်းအားပွေ့ချီလိုက်သည်နှင့် တစ်ပြိုင်နက် ထိုထူးဆန်းသောငှက်များ မြေတွင်းထဲသို့ စတင်ဝင်ရောက်လာလေတော့၏။ သူမက မွန်တင်းအားပွေ့ချီကာ မြေတွင်းဆိပ်ဝပေါ်သို့ ခုန်တက်လိုက်၏။

ထိုစဉ် .... ထော်ဘင်သောင်းမက ထူးဆန်းသောငှက်များက သယ်ချောက်ကောင်တစ်တွဲဖြင့် မြေတွင်းရှိရာသို့ သွားနေကြလေတော့၏။ နုအင်းသည် စိတ်မောစွာဖြင့် ကျောက်ဆောင်ပေါ်၌ ထိုင်လိုက်လေ၏။

****

## အခန်း (၂၇)
## ယတိပြတ်ဆုံးဖြတ်ချက်

နှအင်းသည် တစ်ကိုယ်တည်း ကျောက်တုံးပေါ်၌ထိုင်နေသည်။ သူမက ကြုံတွေ့ခဲ့ရသောအဖြစ်များကို တွေးရင်းတွေးရင်း ဝမ်းနည်းလာလေ၏။

စိတ်ဓာတ်ခိုင်မာသော မိန်းကလေးဖြစ်သော်လည်း သူ၏ စိတ်ဓာတ်ခိုင်မာမှုမှာ အတိုင်းအတာတစ်ခုသာရှိသည်။

မျက်ရည်များသည် သူမ၏ပါးပြင်မှတစ်ဆင့် မွန်တင်း၏ မျက်နှာပေါ်သို့ကျဆင်းလာလေသည်။

"ဘုရား,... ဘုရား..... တပည့်တော်မမှာအပြစ်ရှိရင် တစ်ယောက်တည်းပဲခံပါရစေ၊ သူ့ကိုတော့ ဘာမှမဖြစ်ပါစေနဲ့ဘုရား၊ သူဟာ အပြစ်ကင်းသူပါဘုရား"

သူမကငိုကြွေးရင်း ဘုရားအားတိုင်တည်လိုက်သည်။

ထိုစဉ် ....



ကျောက်ဆောင်တစ်ခု၏ နောက်ကွယ်မှ ရယ်မောသံများ ထွက်ပေါ်လာတော့သည်။

"ဟား .... ဟား ...., ဟား"

သူမက အသံကြားရာသို့လှည့်ကြည့်လိုက်သည်။

အဘိုးအိုနှင့် မျက်မမြင်အဘွားအိုတို့ပေတည်း။

သူတို့သည် တဝါးဝါးတဟားဟားနှင့် ရယ်နေကြလေ၏။ ဤကျွန်းမှာ စိတ်ပျက်ဖွယ်ရာကောင်းသော ကျွန်းတစ်ကျွန်းသာဖြစ်သည်။

ဤကျွန်း၌ မည်သူမျှ ပြုံးနိုင်မည် ရယ်နိုင်မည်ဟု နှအင်းမထင်ပေ။ သို့သော် .... အဘိုးအိုနှင့်အဘွားအိုတို့မှာ တဟားဟားနှင့်ရယ်နေ၏။

သူတို့အဖို့ ဤကျွန်းမှာ မင်္ဂလာအပေါင်း စည်သောင်းသော ကျွန်းကြီးဟုထင်မှတ်နေသလားမသိပေ။

တကယ်တော့ အဘိုးအိုနှင့်အဘွားအိုတို့ ဤသို့ရယ်နိုင်ခြင်းမှာ လောကအတွေ့အကြုံများသောကြောင့်ဖြစ်ပေသည်။

သူတို့အား မည်သည့်အရာကမျှ ဝမ်းနည်းခြင်း ဝမ်းသာခြင်းတို့ကို အဆန်းတကြယ်ဖြစ်စေလိမ့်မည်မဟုတ်ချေ။

ထိုအဘိုးအိုနှင့်အဘွားအိုတို့မှာ ရွက်လှေပေါ်မှခါးကုန်းနေသောအဘိုးအိုနှင့် ဝမ်းချိုဆိုသောအဘွားအိုတို့ဖြစ်ကြပေသည်။

သူတို့က နှအင်းရှေ့သို့ရောက်ရှိလာပြီး ....

"မင်းငိုနေတယ်ဟုတ်လား၊ ငါသိရသလောက်ဆိုရင် မင်းတို့ကြာပန်းဂိုဏ်းက ဒီလို အသည်းနှလုံးနူးညံ့တဲ့လူ တစ်ယောက်မှမရှိဘူးကွဲ့"

ထိုအခါ နအင်း၏ဒေါသပေါက်ကွဲထွက်လာသည်။

ရင်ခွင်ထဲမှမွန်တင်းအား ကျောက်ဆောင်ပေါ်သို့ အသာချပြီး အဘွားအိုအားတိုက်ခိုက်လိုက်သည်။ အဘွားအိုသည် မျက်မမြင်ဖြစ်သော်လည်း နားအလွန်ပါးသည်။

နအင်း တိုက်ခိုက်သောအသံကို ကြားသည်နှင့် ချက်ချင်းရှောင်တိမ်းလိုက်၏။

နအင်းသည် ဒေါသလည်းထွက် စိတ်ကလည်း မျက်နေသဖြင့် အဘွားအိုအားဆက်၍တိုက်ခိုက်လိုက်ပြန်၏။

"မင်းက ကြာပန်းဒေဝီတပည့်မို့ ငါကညှာနေတာ၊ မင်းကိုငါကကြောက်နေတယ်များမှတ်နေသလား"

အဘွားအိုကပြောဆိုပြီး လက်ထဲရှိတောင်ဝှေးဖြင့် နအင်းအား ပြန်၍တိုက်ခိုက်လိုက်သည်။ ခါးကုန်းသောအဘိုးအိုသည် မျက်မှောင်ကုပ်သွားသည်။ အဘွားအိုက စိတ်တိုပြီး သူမ၏အထက်မြက်ဆုံးသောတောင်ဝှေးသိုင်းကွက်ဖြင့် နအင်းအားတိုက်ခိုက်နေသည်ကိုတွေ့ရသောအခါ ထိတ်လန့်သွား၏။

"ဝမ်းချီ .... မင်းမှားမယ်၊ ကိုယ့်မြေးလောက်အရွယ်ရှိတဲ့ကလေးကို ဒီလောက်ရက်စက်ရသလား"



အဘွားအိုသည် အဘိုးအို၏စကားကြောင့် တိုက်ခိုက်ရာမှ ချက်ချင်းရပ်တန့်လိုက်သည်။

"ဟုတ်တယ် ..... ကလေးမက ကျုပ်ကိုတိုက်ခိုက်တော့ ကျုပ်လဲစိတ်တိုမိတာပေါ့"

ခါးကုန်းသောအဘိုးအို သက်ပြင်းတစ်ချက်ချလိုက်၏။

"ဟင်း .... လူတစ်ယောက်ရဲ့စိတ်က တော်တော်ပြင်းရက်သကိုးကလား၊ မင်းအခုလို စိတ်တိုတာဟာ ဘယ်တော့မှပြင်လို့ရမှာ ဒဲ၊ မင်းကို စိတ်ရှည်ပါ၊ စိတ်ရှည်ပါလို့ ငါအမြဲတမ်းပြောနေတာ အလကားဖြစ်နေပါကလား"

အဘွားအိုကပြုံးလိုက်သည်။

"ကျုပ်မှားသွားတယ်ကွယ်"

သူမက အိတ်ထဲမှဗူးကလေးတစ်ခုကိုထုတ်လိုက်သည်။

ထို့နောက် ဗူးဖွင့်ကာ အနီရောင်ဆေးလုံးတစ်လုံးကိုထုတ်၍ ....

"ကဲ ..... ကဲ .... ကျုပ်မှားသွားတဲ့အတွက် ကျုပ်အမှားကို ဒီဆေးလုံးနဲ့ကျေနပ်လိုက်ပါ"

အဘွားအိုသည် ဆေးလုံးကို အဘိုးအိုအား လှမ်းပေးလိုက်၏။ အဘိုးအိုက ဆေးလုံးအား မွန်တင်း၏ပါးစပ်ထဲသို့ထည့်ပေးလိုက်လေသည်။ အဘိုးအိုသည် ပြုံးပြီး မွန်တင်း၏နောက်ကျောကို တစ်ချက်ရိုက်၏။

နအင်းမှာ ထိတ်လန့်သွားလေသည်။

"မလုပ်နဲ့ .... မလုပ်ပါနဲ့"

ဟုဟန့်တားလိုက်သည်။

အဘိုးအိုကပြုံးကာ ...

"ဘာလဲ မင်းက ငါတို့ သူ့ကိုဒုက္ခပေးမယ်ထင်လို့လား"

သူက အဘွားအိုအားညွှန်ပြလိုက်ပြီး ....

"မင်း သူ့ကိုကျေးဇူးတင်ရမယ်ကွ .... သူ့ဆေးလုံးကို တော်တော်နမြောတာ၊ အခုတော့ သူဆေးလုံးတစ်လုံးအဆုံးရှုံးပြီး မင်းလူကို ကယ်လိုက်တာပဲ"

ထိုအချိန်တွင် မွန်တင်းက ချောင်းတစ်ချက်ဆိုးပြီး မည်းနက်သောအရည်များကိုအန်ထုတ်လိုက်၏။

နအင်းက ချက်ချင်းပွေ့ထူလိုက်၏။

"ရှင် .... သတိရပြီလားမွန်တင်း"

မွန်တင်းသည် ပြန်လည်သတိရလာ၏။

သူက လူးလိမ့်၍ထလာပြီးအံ့ဩစွာဖြင့်မေးသည်။

"ဟင်..... ကျွန်တော်တို့ ဘယ်ရောက်နေတာလဲဆရာ"

နအင်းသည် မွန်တင်း၌ ပန်းတစ်ရာဒေဝီ၏အဆိပ်မိလာပုံ ရှက်ဂလှနစ်မြုပ်ပုံ၊ ယခု ကျွန်းတစ်ခုသို့ ရောက်ရှိလာပုံစသည့်တို့ကို အကြောင်းစုံရှင်းပြလိုက်လေတော့သည်။

နအင်းသည် မြေတွင်း၌ တစ်ညလုံး အတူတူနေထိုင်ခဲ့



ခြင်းကိုမူ မပြောပြဘဲချန်လှပ်ထားလိုက်၏။

မွန်တင်းသည် အဘိုးအိုအား လေးလေးစားစားဦးညွှတ်ဂါရဝပြုလိုက်၏။

"အခုလို .... ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တာကို ကျွန်တော်ကျေးဇူးတင်လို့မဆုံးပါဘူး"

ဝမ်းချီအမည်ရှိသောအဘွားအိုက အေးစက်သောအပြုံးဖြင့်ပြုံးလိုက်ပြီး ....

"မင်းကိုအသက်ကယ်ခဲ့တာကငါကွ၊ မင်းက ဘာဖြစ်လို့သူ့ကိုကျေးဇူးတင်ရတာလဲ"

အဘိုးအိုက ပြုံး၍ကြည့်နေ၏။

အဘွားအိုကရှေ့သို့တိုးလိုက်ပြီး .....

"မင်းက ကျေးဇူးတရားနားလည်တဲ့ လူစားမျိုးမဟုတ်ဘူး၊ အဲဒီတော့ မင်းကို လောကမှာထားလို့အပိုပဲ၊ ကဲ.... သေဖို့သာပြင်ပေတော့"

သူမကပြောရင်း လက်ထဲမှတောင်ဝှေးဖြင့် မွန်တင်းအား တိုက်ခိုက်လိုက်သည်။ မွန်တင်းသည် အဘွားအိုက မမျှော်လင့်ဘဲ တိုက်ခိုက်လာသည်ကိုတွေ့ရသောအခါ ယီးမှထံမှသင်ကြားလာသောသိုင်းကွက်ခုနစ်ကွက်ဖြင့် ရှောင်တိမ်းလိုက်ရလေသည်။

အဘွားအိုက တိုက်ခိုက်မှုကိုရပ်တန့်လိုက်ခြင်းမရှိချေ။ သူမ၏တောင်ဝှေးကို ဝှေ့ကာရမ်းကာ မွန်တင်းအား ဆက်တိုက်

တိုက်ခိုက်ပြန်သည်။

မွန်တင်းက သိုင်းခုနှစ်ကွက်ဖြင့်သာ ရှောင်တိမ်းနေရလေသည်။ ယင်းသို့လှုပ်ရှားလိုက်သောကြောင့် ဆေးအာနိသင် အငွေ့အသက်များသည် တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားသည်။

တစ်ကိုယ်လုံးမှာလည်း ပေါ့ပါးသွက်လက်လာသည်ကို အံ့ဩစွာခံစားလိုက်ရလေတော့သည်။

*****

ရုတ်တရက် .....

အဘွားအို၏ တောင်ဝှေးသည် သူ၏ခေါင်းပေါ်သို့ရိုက်ချလိုက်ပြန်၏။ ဤတစ်ကြိမ် သူကရှောင်တိမ်းခြင်းမပြုတော့ပါ။

လက်နှစ်ဖက်ဖြင့် ရိုက်ချလာသောတောင်ဝှေးကို ခံပေးလိုက်သည်။ ထိုအခြင်းအရာကိုမြင်တွေ့လိုက်ရသော နှုအင်းမှာ တုန်လှုပ်ချောက်ချားသွားကာ မျက်နှာကွက်ခနဲပျက်သွားသည်။

"ဖုတ်"

မွန်တင်း၏လက်ဝါးနှင့် အဘွားအို၏ တောင်ဝှေးထိမိက်ခြင်းမှထွက်ပေါ်လာသောအသံဖြစ်ပါသည်။

"အမလေး"

နှုအင်း၏ထိတ်လန့်တကြားအော်သံသည် .....



ကျွန်းတစ်ကျွန်းလုံး ပဲ့တင်ထပ်သွားလေ၏။

သူမသည် အဘွားအို၏တိုက်ခိုက်ပုံကိုကြည့်ပြီး လွန်စွာကျောချမ်းသွားလေသည်။ အဘွားအို၏တိုက်ခိုက်ပုံမှာ မုန်တိုင်းတစ်ခုတိုက်ခတ်သကဲ့သို့ ပြင်းထန်လှသည်မဟုတ်ပါလား။

ထိုတိုက်ခိုက်မှုကို .... မွန်တင်းအနေဖြင့် ထိပ်တိုက်ခုခံနိုင်မည်မဟုတ်ဟု သူမယူဆထားသည်။

မွန်တင်းက လက်နှစ်ဖက်ဖြင့်ခံပေးလိုက်သောအခါ သွားပြီဟုထင်ပြီး အလန့်တကြားအော်ဟစ်လိုက်မိခြင်းဖြစ်ပေသည်။

သို့သော် မွန်တင်းမှာ မည်သို့မျှမဖြစ်ချေ။

နှုအင်း မျက်လုံးပြူးကျယ်သွား၏။

အဘွားအိုက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်၍ပြုံးပြီကာ မွန်တင်းအားကြည့်နေသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်ပေသည်။ မွန်တင်းက ကိုယ့်ကိုကိုယ် အံ့ဩနေသည်။

သူ၏လက်နှစ်ဖက်ကိုလည်း ငေး၍ကြည့်နေလေသည်။

"ဟား ..... ဟား ..... ဟား"

အဘိုးအိုက အားရပါးရရယ်မောလိုက်သည်။

"ကဲ .... သူငယ် မင်း သူ့ကိုကျူးကျော်မတင်ဘူးလား"

မွန်တင်းက အဘိုးအိုအား နားမလည်နိုင်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

အဘိုးအိုကပြုံးလိုက်သည်။

"သူငယ် မင်းနားမရှင်းဘူးနဲ့တူတယ်၊ ဒီလိုကွဲ့ မင်း အခု မိနေတဲ့အဆိပ်ဟာ ပန်းတစ်ရာဒေဝီရဲ့အဆိပ်ဖြစ်တယ် သူ့အဆိပ်ကို ဝမ်းချိုကလွဲရင် ဘယ်သူမှမကယ်နိုင်ဘူး"

အဘိုးအိုကပြောပြီး အဘွားအိုအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်ပြန်သည်။

"အခု.... ဝမ်းချိုက မင်းကိုဖြေဆေးတိုက်ထားပေမဲ့၊ မင်းရဲ့ ကိုယ်ခန္ဓာထဲမှာ အဆိပ်ရဲ့အငွေ့အသက်က ကျန်နေသေးတယ်၊ ဒါကြောင့် ဝမ်းချိုက မင်းကိုတိုက်ခိုက်တော့ မင်းကပြန်ပြီး ခုခံလှုပ်ႈတဲ့အတွက် တစ်ကိုယ်လုံးကသွေးတွေလည်ပတ်ပြီး အဆိပ်ရဲ့ အငွေ့အသက်တွေကို ချွေးနဲ့အတူ ကိုယ်ခန္ဓာအပြင်ကိုထုတ်ပစ်လိုက်တာပဲ၊ အခု မင်းဘယ်လိုခံစားနေရသလဲ"

မွန်တင်းက အဘိုးအိုရှင်းပြတော့မှ ထိုအဘွားအိုသည် စကားပြောဆိုကြမ်းတမ်းသော်လည်း အလွန်စိတ်ကောင်းရှိကြောင်းကို ရိပ်စားမိလာသည်။

မွန်တင်းသည် .... ရိုးသားကြိုးစားပြီး စိတ်ကောင်းရှိသော လူငယ်တစ်ယောက်သာဖြစ်လေသည်။ သူက အဘွားအိုအား ဦးထောက်ပြီး ကန်တော့လိုက်သည်။

"ဘွားဘွားရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်လုံးမမေ့ပါဘူးခင်ဗျား၊ ကျွန်တော်အသက်ရှင်နေသရွေ့ပါပဲခင်ဗျာ"

အဘွားအိုကလက်ကာပြလိုက်၏။



"မလိုပါဘူးကွဲ့ .... မင်းဟာ ရိုးသားဖြောင့်မတ်တဲ့လူငယ် ဆိုတာသိလို့ မင်းကိုကယ်ခဲ့တာ၊ တကယ်လို့ မင်းဟာ မရိုးဖြောင့်တဲ့လူဆိုရင် ကျုပ်က ကယ်ဖို့မပြောနဲ့ သတ်တောင်ပစ်မယ်ဆိုတာ မင်းနားလည်ထားစမ်းပါ"

အဘွားအိုသည် ... လူဖြောင့်စိတ်တိုဆိုသော မိန်းမစားမျိုး ဖြစ်၍ သူ၏စိတ်ရင်းအတိုင်းပြောကြားလိုက်သည်။

****

အဘိုးအိုက နအင်းအားပြုံးပြလိုက်သည်။

"ကဲ .... သူငယ်ကိုတော့ ဝမ်းချိုကလက်ဆောင်ပေးပြီးပြီ၊ ကလေးမကိုလဲ လက်ဆောင်တစ်ခုပေးရဦးမယ်"

သူကထိုသို့ပြောပြီး အိတ်ထဲမှကြွေဘူးလေးတစ်ခုကိုထုတ်ယူလိုက်သည်။

"ရော့ .... အဲဒီဘူးကလေးဟာ အကြောဖြေဆေးလို့ ခေါ်တယ်၊ နဂါးကြောဖြေဆေးလို့လဲခေါ်တယ်၊ မင်းယူထားပေတော့"

နအင်းသည် ထိုဘူးကလေးအားလှမ်းယူလိုက်ပြီး အံ့ဩခြင်းမကအံ့ဩသွားလေသည်။ နဂါးကြောဖြေဆေးဟူသောအမည်ကို သူမ ကြားဖူးခဲ့လေ၏။ လောကပေါ်မှာ အလွန်တန်ဖိုးရှိသော ဆေးတစ်မျိုးဖြစ်ပါသည်။

အလွန်ရှားပါးလှသော ဆေးပင်။

သူမ၏ဆရာကြာပန်းဒေဝီပင် ထိုနဂါးကြောပြေဆေးကို အကြိမ်ကြိမ်ပြောဆိုခဲ့သည်ကိုကြားခဲ့ဖူး၏။

ယခုမှာမူ ... သူမကမမျှော်လင့်ဘဲ အဖိုးတန်သောဆေးကို ရရှိပြီဖြစ်၍ ဝမ်းသာသွားသည်။ သူမက အဘိုးအိုအား ဒူးထောက်ကာကန်တော့လိုက်လေသည်။

"အဘိုးအိုရဲ့ကျေးဇူးကကြီးမားလှပါတယ်၊ ကျွန်မ မိုက်မဲခဲ့တာတွေကိုတောင်းပန်ပါတယ်ရှင့်."

"ဟား ..... ဟား .... ဟား"

အဘိုးအိုကရယ်မောလိုက်သည်။

"အေး ..... မင်းတို့ကြာပန်းဂိုဏ်းက ရက်စက်ကြမ်းကြုတ်တယ်လို့နာမည်ကြီးနေတယ်၊ မင်းတို့ဆရာ ကြာပန်းဒေဝီကလဲ အလုပ်လုပ်တဲ့နေရာမှာ တစ်ခါတလေ တစ်ဘက်စွန်းကိုရောက်တတ်တယ်ကွဲ့ ..... ငါ့တူမက အခုအသက်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ မင်းဆရာ ကြာပန်းဒေဝီလုပ်မိတဲ့အမှားမျိုးကိုမလုပ်မိပါစေနဲ့လို့ ဘိုးဘိုးပြောချင်ပါတယ်"

"ဟုတ်ကဲ့ဘိုးဘိုး"

နအင်း ဒူးထောက်ရာမှထလိုက်သောအခါ ....

သူမ၏မျက်နှာ ရုတ်ချည်းညှိုးငယ်သွားသည်ကိုတွေ့လိုက်ရသည်။



အဘိုးအိုမျက်မှောင်ကုပ်သွား၏။

"ငါ့တူမ ဘာဖြစ်သွားတာလဲ"

နအင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမ၏မျက်လုံးအစုံသည် ဝိုင်းဝိုင်းလည်နေသော ရေပြင်ကြီးကိုကြည့်ရင်း .....

"ကျွန်မတို့ .... ဒီကျွန်းပေါ်မှာပဲ အရိုးဆွေးရလိမ့်မယ်ထင်တယ်၊ ဒီကျွန်းက ကျွန်မတို့လွတ်မြောက်နိုင်မှာမဟုတ်တော့ဘူး"

အဘွားအိုကပြုံးလိုက်သည်။

"မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုသာ ပူပန်နေမယ်ဆိုရင် အသက်မြန်မြန်တိုလိမ့်မယ်ကွဲ့"

အဘွားအိုသည် .... ဤအသက်ရွယ်အထိ ဝမ်းနည်းခြင်း ဝမ်းသာခြင်း၊ အခက်အခဲတွေ့ခြင်း၊ ချောမွေ့မှုတွေ့ခြင်း မြောက်မြားစွာကိုဖြတ်သန်းလာခဲ့ရ၏။

သူ့ဘဝ၌ အခက်အခဲပေါင်း မြောက်မြားစွာကို ဖြတ်ကျော်လာဖူးပေသည်။ ယခုအခက်အခဲကိုလည်း အခက်အခဲဟူ၍ မထင်မှတ်တော့ပေ။ ဘဝ၌ ယခင်ကတွေ့ကြုံဖူး သောအတားအဆီးတစ်ခုဟုပင် ထင်မှတ်လေတော့သည်။

မွန်တင်းကလည်း နအင်းအား နှစ်သိမ့်လိုက်လေ၏။

"ဆရာရယ် .... သိပ်ပြီးစိတ်မပူပါနဲ့၊ စိတ်ကောင်းရှိတဲ့လူဟာ အကူအညီရတတ်ပါတယ်၊ တပည့် ဒီကျွန်းကထွက်ခွာနိုင်

အောင်ကြိုးစားပါ့မယ်ခင်ဗျာ"

အဘွားအိုကခေါင်းညိတ်လိုက်သည်။

"ဟော့ .... ယောကျ်ားဆိုတာ ဒီလိုသတ္တိမျိုးမှ ငါကြိုက်တာကွ၊ ဒါမှယောကျ်ားကွ"

အဘိုးအိုကတစ်ချက်ပြုံးလိုက်ပြီး ....

"ဒီအတွက် မင်းတို့မပူကြနဲ့ .... အလွန်ဆုံး မင်းတို့ ဒီကျွန်းမှာသုံးရက်ပဲနေရမှာပါ"

နအင်းကနားမလည်သောမျက်လုံးဖြင့် အဘိုးအိုအား စိုက်ကြည့်လိုက်၏။

"ကျွန်မတို့ သုံးရက်ပဲနေရမယ်ဟုတ်လား ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်ကို ဒီကျွန်းကထွက်သွားနိုင်အောင် ငါတို့ကူညီပါမယ်ကွယ်"

"ဘိုးဘိုးတို့ကကော"

အဘိုးအိုကပြုံးလိုက်ပြီး .....

"ငါနဲ့ဝမ်းချိကတော့ ဒီကျွန်းမှာပဲအရိုးထုတ်တော့မယ်လို့ ဆုံးဖြတ်ပြီးပါပြီ"

အဘိုးအိုက ပြောဆိုလိုက်ပြီး ဝမ်းချိဘက်သို့ လှမ်းကြည့်လိုက်သည်။

"ကဲ ဝမ်းချိ အချိန်သိပ်မရဘူး၊ တို့တိုင်ပင်ထားတဲ့အတိုင်း လုပ်ကြရအောင်"



အဘွားအိုကခေါင်းညိတ်လိုက်၏။

သူမက မွန်တင်းအားကြည့်လိုက်ပြီး .....

"ကဲ သူငယ် .... ငါတို့က ဒီကျွန်းပေါ်မှာ အရိုးထုတ်တော့မှာမို့ ငါတတ်မြောက်ထားတဲ့ပညာတွေအားလုံးကို မင်းကို သင်ပေးလိုက်မယ်၊ မင်းသင်ရမယ့်အချိန်ကသုံးရက်ပဲရှိမယ်၊ ဒီသုံးရက်အတွင်းမှာ မင်းဘယ်လောက်ကြိုးစားမလဲ၊ ကြိုးစားသလောက် မင်းရမှာပဲ၊ မင်းအပေါ်မှာပဲ အားလုံးမူတည်တယ်"

မွန်တင်းသည် ထိုစကားကိုကြားရသောအခါ ဒူးထောက်ကန်တော့လိုက်သည်။

"ဘွားဘွားဟာ ကျွန်တော့်အသက်ကိုကယ်ခဲ့တဲ့ကျေးဇူးရှင်ပါ၊ အခုအခါ သိုင်းပညာသင်ကြားပေးမယ်ဆိုတော့ ဘွားဘွားရဲ့ကျေးဇူးကို ကျွန်တော်ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ဘူး"

အဘွားအိုက မျက်မှောင်ကုပ်သွား၏။

"အို .... မင်းကိုငါစေတနာထားပြီးသင်ပေးတာကို စကားရှည်မနေနဲ့၊ ကဲ .... အချိန်မရှိဘူး၊ ဟိုဘက်သွားကြမယ်"

သူမကပြောပြီး တစ်ဘက်သို့ လျှောက်သွားလေတော့၏။

****

မွန်တင်းသည် နအင်းအားလှမ်းကြည့်နေသည်။

အဘွားအိုက တစ်ဘက်သို့လျှောက်သွားရာမှ ပြန်လှည့်ကြည့်လိုက်သည်။ သူမက နအင်းအား အေးစက်သောအမူအရာဖြင့်ကြည့်ရင်း .....

"မင်း ဒီကိုခဏလာဦး"

နအင်းက အဘွားအိုရှေ့သို့လျှောက်သွား၏။

အဘွားအိုသည် သူမအားစေ့စေ့ကြည့်လိုက်ပြီး ....

"ငါ့ကိုမှန်မှန်ပြောစမ်း"

အဘွားအိုက မွန်တင်းအားညွှန်ပြလိုက်ကာ ......

"မင်းက သူ့ကိုဘယ်လိုမြင်သလဲ"

နအင်းက မွန်တင်းကိုတစ်ချက်ကြည့်ပြီး ......

"သူကကျွန်မရဲ့တပည့်ပါ .... ကိုယ့်တပည့်ကို ဆရာကတော်တယ်လို့မြင်တာပေါ့ရှင်"

အဘွားအိုကခေါင်းခါယမ်းလိုက်၏။

"မင်းကို ဒါမေးတာမဟုတ်ဘူး၊ သူ့ကိုဘဝခရီးဖော်အနေနဲ့လက်ခံလိုတဲ့ဆန္ဒ ရှိမရှိကိုမေးတာ"

အဘွားအို၏စကားကိုကြားရသောအခါ နအင်း မျက်နှာနီမြန်းသွားသည်။

သူမကခေါင်းငုံ့ပြီး .......

"သူ.... သူက ကျွန်မရဲ့တပည့်ပါ"



အဘွားအိုကပြုံးလိုက်သည်။

"မင်း ဟန်ဆောင်မနေစမ်းပါနဲ့ .... ဘာမဆို စိတ်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြောတာကောင်းတယ်၊ နို့မဟုတ်ရင် ငါ့လိုပဲ တစ်ကိုယ်တည်းအရိုးထုတ်ရလိမ့်မယ်ကွဲ့"

နအင်းသည် ရှက်လွန်း၍ခေါင်းငုံ့သွားသည်။

မွန်တင်းလည်း မျက်နှာတစ်ခုလုံးနီမြန်းကာ မနေတတ်မထိုင်တတ်ဖြစ်နေလေ၏။

"ဟား .... ဟား ..... ဟား"

အဘိုးအိုကရယ်မောလိုက်လေသည်။

"ဝမ်းရှီ .... မင်းစိတ်မြန်တာကို ဘယ်တော့မှပြင်လို့မရပါလားကွယ်"

အဘွားအိုကမဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကတော့ ဘာမဆို ဝမ်းထဲမှာမထားတတ်ဘူး၊ ဘွင်းဘွင်းပဲပြောတတ်တယ်၊ ခုရှုပ်မှနောင်ရှင်းပဲ"

အဘိုးအိုကခေါင်းညိတ်လိုက်၏။

"ကဲ .... ကဲ .... မင်းရဲ့နဂါးတောင်ဓားဆယ့်ရှစ်ကွက် မွန်တင်းကိုသင်ပေးရင် ငါ့တူမကိုလဲ ငါက အရိပ်မဲ့သိုင်းကွက်ကို သင်ပေးမယ်"

နအင်းက ဒူးထောက်ကာဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ဘိုးဘိုးရဲ့နာမည်ကို သမီးသိဖို့

လိုမယ်ထင်တယ်၊ နာမည်ကိုသိခွင့်ပြုပါရှင်"

အဘိုးအိုက ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

"အားလုံးကတော့ ငါ့ကိုခါးကုန်းကြီးလို့ခေါ်ကြတယ်၊ နှစ်ပေါင်းများစွာ ဒီလိုပဲအခေါ်ခံရတဲ့အတွက် ငါ့နာမည်တောင် မေ့နေပြီ၊ ဒါကြောင့် ငါ့ကိုခါးကုန်းကြီးလို့ပဲမှတ်ထားပါ"

အဘွားအိုကဲ အဘိုးအို၏မျက်နှာကိုကြည့်လိုက်ပြီး.....

"ပေါင်းရ..... ရှင့်နာမည်ကိုရှင်မေ့နေပေမဲ့ ကျုပ်ကတော့ မမေ့သေးဘူးရှင့်..."

"ဟား ..... ဟား ..... ဟား"

အဘိုးအိုကရယ်မောပြီး နအင်းဘက်သို့လှည့်လိုက်လေသည်။ ထို့နောက် ....

"ကဲ .... ကဲ .... အချိန်လဲမရှိတော့ဘူး၊ မင်းငါ့နောက်ကို လိုက်ခဲ့ပေတော့"

အဘိုးအိုက သူ၏ဖြူဖွေးနေသောမုတ်ဆိတ်မွေးကို သပ်ပြီး တစ်ဖက်သို့လှည့်ကာထွက်ခွာသွားသည်။

အဘွားအိုကလည်း ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။ သူတို့နှစ်ယောက်မှာ တစ်ယောက်ကအရှေ့ တစ်ယောက်ကအနောက်သို့ဦးတည်ကာ ထွက်ခွာသွားလေ၏။

နအင်းသည် မွန်တင်းကိုလှမ်းကြည့်လိုက်သည်။

မွန်တင်းလည်း နအင်းကိုပြန်လည်ကြည့်နေ၏။



မျက်လုံးချင်းဆုံသွားသည်နှင့် နအင်းက ခေါင်းကိုငုံ့သွားသည်။ သူတို့သည် စကားတစ်ခွန်းမှမပြောနိုင်ကြသော်လည်း သူတို့၏ရင်ထဲတွင် စကားလုံးပေါင်း ထောင်သောင်းမကရှိနေမည်မှာသေချာလှသည်တကား။

****

## အခန်း (၂၈)

## ချစ်ခုက္ခ

သုံးရက်.......

သုံးရက်သည် လျင်မြန်စွာကုန်ဆုံးသွား၏။

သိုင်းပညာသင်ကြားသောသူများအဖို့ အလွန်တိုတောင်း၏။ မွန်တင်းနှင့်နအင်းတို့သည် တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြရသည်မှာ သုံးရက်ပင်ရှိသွားချေပြီ။

သူတို့နှစ်ယောက်စလုံး သိုင်းပညာတွင် ပါရမီအလွန်ထူးခြားသောလူများဖြစ်ကြ၏။ ထို့ကြောင့်.... သုံးရက်အတွင်း ပေါင်စုနှင့်ဝမ်းရှိတို့ထံမှ ပညာရပ်များကို အယ်ပုံကိုးပုံမျှ သင်ယူရရှိခဲ့ပြီး ဖြစ်ပေသည်။

ပညာဟူသည်မှာ ဖွဲ၊ လို့၊လ၊ ဝီရိယနှင့် အချိန်တို့ကို တစ်ပြိုင်နက်အသုံးချသင်ယူကြရသည်။ သိုင်းပညာကမူ ချွင်းချက်ရှိ၏။ သာမန်ပါရမီရှိသူအဖို့ ရက်၊ လ၊ နှစ် ကြာရှည်စွာသင်ကြားရသော်လည်း ....



ပါရမီရှိသူများကို မလွယ်ကူသော်လည်း ကြီးမားသောအကျက်အခဲမရှိဘဲလွဲပြောင်းပေးနိုင်သည်။ နအင်းနှင့်မွန်တင်းတို့မှာလည်း ထိုကဲ့သို့သောလူစားမျိုးပင်။

သူတို့၏ပါရမီမှာထူးခြားလှသဖြင့် အဘိုးအိုနှင့်အဘွားအို၏ပညာများကို ထိုက်ထိုက်တန်တန်ရရှိသွားကြ၏။

ဤသို့ဖြင့်စတုတ္ထမြောက်နေ့ရောက်လာ၏။ သူတို့အိပ်ရာမှနိုးလာသောအခါ အဘိုးအိုနှင့်အဘွားအိုတို့အား မတွေ့ရတော့ချေ။ သူတို့သည် မူလနေရာသို့ပြေးလွှားလာကြသည်။ မွန်တင်းက နအင်းအားတွေ့လိုက်သောအခါ မေးလိုက်၏။

"ဆရာ .... ဘွားဘွားကိုတွေ့လားဟင်"

"ဟင့်အင်း .... မတွေ့မိဘူး၊ ဘိုးဘိုးကောတွေ့မိသလား"

"မတွေ့မိဘူး"

"ဟင် ... ဒါဖြင့် သူတို့ဘယ်ရောက်သွားကြတာလဲ"

"ဟုတ်တယ်ဆရာ .... ကျွန်တော် အိပ်ရာထလာတာနဲ့ ဘွားဘွားကိုမတွေ့လို့ ဆရာ့ဆီပြေးလာတာ"

နအင်းကသက်ပြင်းတစ်ချက်ချလိုက်၏။

"တန်တော့ ကျွန်မတို့ကိုလိမ်သွားပြီနဲ့တူတယ်"

"မဖြစ်နိုင်ဘူးဆရာ .... သူတို့ ကျွန်တော်တို့ကို လိမ်စရာအကြောင်းမရှိဘူး"

"မဟုတ်သေးဘူးမွန်တင်း .... ရှင့်က သိုင်းလောကထဲမှာ

မကျင်လည်ဘူးသေးလို့ မသိတာပါ၊ သိုင်းလောကကလူတွေဟာ အလွန်ကောက်ကျစ်စဉ်းလဲတတ်တယ်ရှင့်"

မွန်တင်း ခေါင်းကိုခါယမ်းလိုက်ပြီး .....

"ဘာပဲဖြစ်ဖြစ် .... ဒီဘိုးဘိုးနဲ့ဘွားဘွားကိုတော့ တပည့်အနေနဲ့ယုံကြည်ပါတယ်"

နုအင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ရှင်က သိပ်ရိုးအတာပဲကိုး၊ ရှင့်ရဲ့ရိုးသားမှုဟာ ချစ်စရာကောင်းပေမဲ့ တစ်နေ့နေ့မှာဒုက္ခရောက်နိုင်တယ်"

မွန်တင်းက နုအင်းအားတစ်ချက်ကြည့်လိုက်သည်။

"ဪ ဒါနဲ့..... ဆရာဘိုးဘိုးက သိုင်းပညာသင်ပေးတာ ဘယ့်နှယ်လဲ"

"အင်း .... ဘိုးဘိုးရဲ့အရိပ်မဲ့သိုင်းကိုးကွက်ဟာ အတော်ထူးခြားတဲ့သိုင်းကွက်ပဲ၊ ကျွန်မတောင် မနည်းသင်ခဲ့ရတယ်၊ ရှင့်နဂါးတောင်ဇော်ဇာသိုင်းကွက်ကကော ဘယ့်နှယ့်လဲ"

"ဟုတ်ကဲ့ဆရာ ဘွားဘွားရဲ့နဂါးတောင်ဇော်ဇာသိုင်းကွက်ကလဲ တော်တော်လေးထူးခြားပါတယ်"

"ရှင်အားလုံးရပြီလား"

"အားလုံးတော့မတတ်သေးပါဘူး၊ ဒါပေမဲ့ ဆိုးတော့ မဆိုးလှပါဘူး"

သူတို့နှစ်ယောက် ထိုင်၍စကားပြောရင်း .....



အချိန်များတဖြည်းဖြည်းကုန်သွားလေသည်။

မွန်တင်းက မျက်မှောင်ကုပ်သွား၏။

"ဒုက္ခပဲ ဘိုးဘိုးနဲ့ဘွားဘွားမရှိရင် အစာငတ်တော့မှာပဲ"

"ဟုတ်တယ် ဒီရက်ထဲမှာ သူတို့ပါလာတဲ့အစားအစာ စားနေရလို့တော်သေးတယ်၊ အခုသူတို့မရှိတော့ ဘယ်လိုလုပ်ကြမလဲ"

မွန်တင်းကထိုင်ရာမှထလိုက်၏။

"ကဲ.... ဆရာဒီမှာခဏထိုင်နေပါဦး၊ ကျွန်တော် သူတို့ကို လိုက်ရှာဦးမယ်"

နုအင်းကထိုင်ရာမှထလိုက်၏။

"ကျွန်မလဲ လိုက်မယ်လေ"

သူတို့နှစ်ယောက်သည် အဘိုးအိုနှင့်အဘွားအိုတို့ရှိမည်ထင်သောနေရာများသို့ လိုက်လံရှာဖွေနေကြလေတော့၏။

****

လရောင်ထိန်ထိန်လင်းနေသည်။ ပတ်ဝန်းကျင် တစ်ခုလုံးအေးမြကြည်လင်သောအလင်းရောင်ကြောင့် လှပနေ၏။

မွန်တင်းနှင့်နုအင်းတို့ ကြီးမားသောကျောက်ဆောင် တစ်ခုပေါ်တွင်ထိုင်နေကြသည်။ ရေပြင်ပေါ်မှဖြတ်ကျော်တိုက်ခိုက်လာသောလေအေးသည် တဟူးဟူးတိုက်ခတ်နေသည်။ ထို့ကြောင့် သူတို့မှာ ခိုက်ခိုက်တုန်အောင်ချမ်းလာကြ၏။

"ဆရာ .... ဒီမှာနေလို့မဖြစ်ဘူးထင်တယ်"

"ဒါဖြင့် ဘယ်သွားမလဲ"

"ကျွန်တော်တို့ လေကွယ်ရာနေရာတစ်နေရာကိုရှာရင် မကောင်းဘူးလား"

နအင်းက ရုတ်တရက်ထူးဆန်းသောမြေတွင်းကိုသတိရလာလေသည်။

"ဟော .... ကျွန်မသတိရလာပြီ"

သူမကမွန်တင်း၏လက်ကိုဆွဲကာ .....

"ကျွန်မနေရာတစ်ခုကိုသတိရလာပြီ၊ ကဲသွားကြမယ်"

ယင်းသို့ပြောပြီး မွန်တင်းလက်ကိုဆွဲကာထူးဆန်းသောငှက်များနေထိုင်သည့်မြေတွင်းဆီသို့ ပြေးလွှားသွားလေတော့၏။

*****

သူတို့သည် မြေတွင်းရှိရာသို့ရောက်ကြသောအခါ နအင်းက မြေတွင်းထဲသို့အသာချောင်းကြည့်လိုက်သည်။ သို့ရာတွင် ထိုထူးခြားသောငှက်များ တစ်ကောင်မှမရှိတော့ချေ။ သူမက အနည်းငယ်စဉ်းစားလိုက်သည်။ ထိုထူးဆန်းသောငှက်များသည် ညဘက်တွင် မြေတွင်း၌မနေဘဲ နေ့ဘက်ကျမှရောက်ရှိလာပြီး အမွေးများချထားမည်ဟုတွေးမိလေသည်။

"ကဲ .... လာ လာ၊ ဒီမှာပဲတစ်ညအိပ်ကြရအောင်"



သူမကပြောရင်း မြေတွင်းထဲသို့ခုန်ချလိုက်လေသည်။ မွန်တင်းကလည်း လိုက်၍ခုန်ချသည်။ ငှက်မွေးများခင်းကျင်းထားသောကြောင့် အိစက်ညက်ညောနေသည်။

"ဟာ တော်တော်ကောင်းတဲ့နေရာပဲ"

မွန်တင်းက ငှက်မွေးများအားလက်နှင့်ဖိ၍ပြောလိုက်၏။

"နေရာရတာတော့ ဟုတ်ပါပြီ၊ အစာမရှိတော့ ဗိုက်ဆာတယ်ရှင့်"

"ဟုတ်ကဲ့ဆရာ .... ဒါပေမဲ့ ဆရာသိတဲ့အတိုင်း ဒီကျွန်းတစ်ခုလုံးမှာ ကျောက်တုံးပဲရှိတယ်၊ မြက်တစ်ပင်မှမတွေ့ရဘူး"

နအင်းက ခါးကုန်းသောအဘိုးအိုပေးထားသည့်ကြွေဗူးကလေးအားသတိရလာသည်။ သူမက ကြွေဗူးကလေးအား ထုတ်ပြီး မွန်တင်းအားပေးလိုက်သည်။

"မွန်တင်း၊ ဒီအကြောပြေဆေးဟာ တော်တော်တန်ဖိုးရှိတယ်လို့ ကျွန်မ ဆရာကပြောဘူးတယ်၊ ရော့ ရှင်သုံးကြည့်ပါဦး"

မွန်တင်းကခေါင်းခါယမ်းလိုက်သည်။

"အို .... မဟုတ်တာ ဘိုးဘိုးက ဆရာ့ကိုပေးတဲ့ဥစ္စာပဲ၊ ကျွန်တော်မယူပါရစေနဲ့"

"အို.... ကျွန်မကမလိုပါဘူး၊ ရှင်ပဲသုံးပါ"

"မဟုတ်တာဆရာရယ်၊ ဆရာပဲအသုံးပြုပါ"

သူတို့သည် ယင်းသို့ပေးသူကပေး ငြင်းသူကငြင်းဖြစ်နေ

ပြီး အတန်ကြာမှ နုအင်းကစိတ်မရှည်တော့ပါ။

"ကဲ ဒါဖြင့် .... တစ်ယောက်တစ်ဝက် သောက်ကြမယ်၊ ဒါပဲ ရှင်မငြင်းနဲ့တော့"

နုအင်း စိတ်ဆိုးလာသည်ကိုတွေ့ရသောအခါ မွန်တင်းကမငြင်းရဲတော့ချေ။ နုအင်းက ကြွေဗူးကလေးအားဖွင့်လိုက်သည်။

အလွန်မွှေးကြိုင်သောအနံ့များ သူတို့၏နှာခေါင်းထဲသို့တိုးဝင်လာသည်။

"ဟင်.... အတော့်ကိုမွှေးပါလားဟော့"

နုအင်းကပြောရင်း ဆေးမှုန်းတစ်ဝက်ကိုယူ၍ ....

"ကဲ.... ပါးစပ်ဟ"

မွန်တင်းကပါးစပ်ဟလိုက်သည်။ နုအင်းကဆေးမှုန့်တစ်ဝက်ကို မွန်တင်း၏ပါးစပ်ထဲသို့ထည့်ပေးလိုက်သည်။

ကျန်ဆေးမှုန့်တစ်ဝက်ကို သူမကသောက်ချလိုက်သည်။

ထိုဆေးမှုန့်များသည် မွှေးကြိုင်ပြီးအေးစိမ့်နေသည်။

ဆေးမှုန့်များ ဝမ်းထဲရောက်သောအခါ သူတို့တစ်ကိုယ်လုံး အေးစိမ့်သောအငွေ့တစ်ခုက ခန္ဓာကိုယ်အနှံ့ ရွေ့လျားနေသည်ကိုခံစားလိုက်ရလေသည်။

သူတို့တစ်ကိုယ်လုံးလည်း ပေါ့ပါးသွက်လက်ပြီး အလွန်နေသာထိုင်သာရှိသည်ဟု ခံစားလိုက်ရလေ၏။

****



တစ်ခဏမျှ အကြာတွင် ထိုအေးစိမ့်သောအငွေ့များသည် ရုတ်တရက် အပူငွေ့အဖြစ်သို့ပြောင်းလဲသွားသည်။

သူတို့၏အရိုးထဲမှာ ပိုးလောက်အကောင်ပေါင်းများစွာ ရွေ့လျားနေသကဲ့သို့ယားယံလာလေသည်။

"ဟင်..... ကျွန်မတစ်ကိုယ်လုံး ယားကျိကျိဖြစ်နေတယ်၊ ရှင်ကော ...."

နုအင်းကမိမိ၏ခံစားချက်ကို မွန်တင်းအားပြောပြရင်းမေးလိုက်သည်။

"ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ ဒီလိုပဲဖြစ်နေတယ်"

"တန်တော့ .... အဘိုးကြီးနဲ့အဘွားကြီးကအဆိပ်ခတ်လိုက်ပြီနဲ့တူတယ်၊ သူတို့ကိုလဲစိတ်မချရဘူး"

"ဟုတ်မယ်မထင်မပါဘူးဆရာ၊ သူတို့က ကျွန်တော်တို့ကို အဆိပ်ခတ်သတ်စရာမလိုပါဘူး၊ သူတို့ရဲ့ပညာက ကျွန်တော်တို့ထက်အများကြီးသာတာပဲ"

သူသည် ဤသို့ပြောနေစဉ်မှာပင် သူ၏ဝမ်းဗိုက်တစ်ခုလုံး နာကျင်လာလေတော့သည်။

"ဟင် ဒုက္ခပဲ၊ ကျွန်တော့်ဗိုက် တော်တော်နာလာတယ်ဗျ"

"ဟုတ်တယ် ကျွန်မလဲနာလာတယ်"

"အမလေး"

မွန်တင်းသည် ဗိုက်ကိုနှိပ်၍အော်လိုက်သည်။

"အမလေးရှင် ဗိုက်နာလိုက်တာ"

သူတို့သည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

နအင်းသည် မွန်တင်း၏လက်နှစ်ဖက်ကိုတင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။

"အင်း... မွန်တင်း၊ ကျွန်...ကျွန်မတို့တော့အဆိပ်မိသွားပြီနဲ့တူတယ်"

"ဟုတ်တယ်ဆရာ၊ ကျွန်တော့်တစ်ကိုယ်လုံး ဘယ်လိုဖြစ်နေမှန်းမသိဘူး"

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမရင်း အိပ်ရာပေါ်သို့ ပြိုင်တူလဲကျသွားလေသည်။ နအင်းသည် မွန်တင်းအားတင်းကြပ်စွာဖက်ထားလိုက်သည်။

"မွန်တင်း .... ကျွန်မတို့တော့သေရတော့မယ်ထင်တယ် ကျွန်မ မသေခင် ရှင့်ကိုစကားတစ်ခွန်းပြောချင်တယ်"

"ပြောပါဆရာ .... ပြောစရာရှိရင်ပြောပါဆရာ"

နအင်း၏မျက်နှာတွင် ရက်သွေးလွှမ်းနေသည်။ မျက်နှာတစ်ခုလုံးမှာလည်း နီရဲနေသည်။ နအင်းသည် သူမ၏နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး၏

"အမှန်အတိုင်းပြောရရင် ရှင့်ကို တွေ့တဲ့နေ့ကစပြီး ဘယ်လိုဖြစ်မှန်းမသိဘူး၊ ကျွန်မလေ... ရှင့်ကိုသိပ်ပြီးတွေ့ချင်နေတာပဲ၊ အဲဒီနောက်တော့ ရှင်နဲ့အတူတူနေရတာကို ကျွန်မ စိတ်ချမ်းသာ



မိတယ်၊ ကြည်နူးမိတယ်၊ ဒါကြောင့်လဲ ရှင့်ကို ကျွန်မရဲ့တပည့်အဖြစ် အတင်းအကြပ်လုပ်ဆောင်ခဲ့တယ်၊ ရှင်းရှင်းပြောရရင် ရှင်နဲ့ မခွဲဘဲ အတူတူနေချင်လို့ပါပဲရှင်"

မွန်တင်းသည်ခေါင်းညိတ်လိုက်ပြီး .....

"ဟုတ်ပါတယ်ဆရာ .... ကျွန်တော်လဲ ဆရာနဲ့အတူတူနေရတာပျော်ပါတယ်၊ ဆရာက ကျွန်တော့်အပေါ်မှာ အစစအရာရာကောင်းခဲ့ပါတယ်"

နအင်းသည် ဝေဒနာကိုကြိတ်မှိတ်ခံစားရင်း မွန်တင်း၏စကားကိုကြားရသောအခါ ဝမ်းသာကြည်နူးမိလေသည်။

"မွန်တင်း ကျွန်မလေ ရှင်နဲ့အတူတူအသက်ရှင်ပြီး မနေရတော့ဘဲ သေပွဲဝင်ရတော့မယ်နော်"

သူမသည် ခေါင်းကလေးကိုင့်ကာစကားဆက်ပြန်သည်။

"ဒါပေမဲ့ ကျွန်မ အခုသေပျော်ပါပြီရှင်"

သူမသည် ဤသို့ပြောဆိုပြီး ရှက်လွန်း၍ မျက်လုံးအစုံကိုမှိတ်ထားလိုက်လေသည်။ မွန်တင်းသည် သူမ၏စကားကြောင့် ရင်ထဲတွင်လှုပ်ရှားသွားသည်။ သူသည် နအင်းအား ပြန်၍ကြည့်လိုက်သည်။ နအင်းမှာ ခေါင်းကလေးငုံ့ကာ မျက်လုံးအစုံမှိတ်ထားသည်ကိုတွေ့မြင်ရသဖြင့် သူရင်ထိတ်သွားသည်။ နအင်းတစ်ယောက် အဆိပ်တက်လာသည်ဟုထင်မိလေသည်။

"ဟင်..... ဆရာ .... ခုရာ"

သူသည် ခေါ်ရင်း နအင်းအားတင်းကြပ်စွာဖက်ထားလိုက် သည်။ ထိုအခါ နအင်း၏မျက်လုံးအစုံမှာပွင့်လာသည်။

"မွန်တင်း"

"ကျွန်တော်ရှိပါတယ်ဆရာ"

"ကျွန်မ တစ်ခုပြောချင်တယ်"

"အခုအချိန်ကစပြီး ကျွန်မကိုဆရာလို့မခေါ်ရဘူး"

မွန်တင်းက အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲဆရာ"

"ဘာမှမဖြစ်ပါဘူး ခုချိန်ကစပြီး ရှင်ကျွန်မကို မမလို့ခေါ်ရမယ်"

ထိုစကားကိုကြားရသောအခါ မွန်တင်းကြောင်အမ်းအမ်းဖြစ်သွားသည်။ သူသည် မိမိနှင့်အတူ နအင်းလည်းသေပွဲဝင်ရတော့မည့်အခြေအနေတွင်ရှိနေ၍ သူမ စိတ်ချမ်းသာကျေနပ်စေရန်လိုက်လျောမည်ဟုဆုံးဖြတ်လိုက်သည်။

သူသည် ခေါင်းညိတ်ပြလိုက်ပြီး ....

"ဟုတ် ..... ဟုတ်ကဲ့၊ ဆ ...."

"အို .... မမလို့ခေါ်ပါကွယ်"

"ဟုတ်ကဲ့မမ"

နအင်းမှာ မွန်တင်းက 'မမ'ဟုခေါ်လိုက်သောအသံကို



ကြားရသောအခါ ရင်ထဲ၌ ဖော်မပြနိုင်သောခံစားချက်များကို ခံစားလိုက်ရသည်။ သူမ၏မျက်ဝန်းအစုံမှာလည်း မျက်ရည်များစီးဆင်းကျလာသည်။ မွန်တင်းမှာလည်း ရင်ထဲတွင်ဖော်မပြနိုင်အောင် ခံစားမိသည်။ သူသည် နအင်းအားတင်းကြပ်စွာဖက်ထားရင်း ....

"မမ"

"မောင်လေး"

"မမ ကျွန်တော်လေ ကြာပန်းဂိုဏ်းကိုတော်တော်ရက်စက်ကြမ်းကြုတ်တယ်လို့ကြားရတယ်၊ ဒါပေမဲ့ မမနဲ့တွေ့တော့မှ မမဟာ သူများပြောသလိုမဟုတ်ဘဲ နူးညံ့တဲ့မိန်းကလေးတစ်ယောက်လို့ ကျွန်တော်ယူဆပါတယ်မမရယ်"

နအင်းသည် ရှတ်တရက်ရှိုက်၍ငိုကြွေးလေတော့၏။

မွန်တင်းက ထိတ်လန့်သွားသည်။

"ဘာဖြစ်လို့ငိုနေရတာလဲ မမရယ်"

"မမလေ.,... မမ၊ မောင်လေးကို သိပ်ချစ်တယ်ဆိုတာ မောင်လေးသိရဲ့လားဟင်...."

မွန်တင်းသည် ရှတ်တရက် ဘာပြောရမှန်းမသိချေ။

သူ၏တစ်ကိုယ်လုံးမှာ ထူပူသွားသည်။

သည့်နောက် ... သူသည် နအင်းအား တင်းကြပ်စွာသိုင်းဖက်ထားမိလေတော့သည်။

****

## အခန်း (၂၉)
## ခွဲခွာခြင်း

မွန်ရှာင်းနှင့် နအင်းတို့သည် တစ်ဦးကိုတစ်ဦး တင်းကြပ်စွာဖက်ထားမိကြသည်။ ဤသို့ဖက်ထွေးမိသည်မှာ အချိန်မည်မျှကြာသွားသည်မသိပေ။ ထို့နောက် ....

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။

"မောင်လေး"

"ပြောပါမမ"

"မမကိုချစ်ရဲ့လားဟင်"

"ချစ်ပါတယ်မမရယ်"

"ဒါဖြင့် မမတို့အတူတူသေရတော့မယ်နော်"

"ဟုတ်ပါတယ်မမရယ် .... ကျွန်တော်တို့ ဒီကျွန်းပေါ်မှာ သေရတော့မယ်"

"မောင်လေး ဝမ်းနည်းလို့လားဟင်"

"ဝမ်းနည်းတာပေါ့မမရယ်"



"ဘာဖြစ်လို့လဲမောင်လေး"

"ကျွန်တော်တို့သေရခါနီးမှ အခုလို ချစ်ကြရတဲ့အတွက် အချိန်ကတိုတောင်းလွန်းလို့ပါမမ"

ထိုစဉ် သူ၏ဝမ်းဗိုက်မှာ နာကျင်ခြင်းမှပျောက်ကင်းသွားသည်ကိုခံစားရလေသည်။

"မမ ဗိုက်နာသေးလားဟင်"

နအင်းမှာ မိမိဝမ်းဗိုက်နာကျင်ခြင်းမှ ပျောက်ကင်းသွားသည်ကိုခံစားမိသည့်အပြင် သူမ၏တစ်ကိုယ်လုံး ပေါ့ပါးသွားသလိုခံစားလိုက်ရသည်။ နေသာထိုင်သာရှိလာ၏။

"ဟင်.... ဗိုက်မနာတော့ဘူး၊ မောင်လေးကောဟင်"

"ကျွန်တော်လဲ အတော်နေသာထိုင်သာရှိသွားတယ်မမ"

"ဒါဖြင့် .... အဘိုးအိုတို့ပေးတဲ့ဆေးက အဆိပ်မဟုတ်ဘူးပေါ့နော်"

"ဟုတ်တယ်မမ၊ အဆိပ်ဆေးသာဆိုရင်၊ ကျွန်တော်တို့ ခုလောက်ဆိုသေပြီ"

နအင်းအံ့ဩ(?)ပြင်းချလိုက်သည်။

"အင်း....မမ သူတို့ကိုအထင်လွဲခဲ့မိတယ်"

"ဟုတ်တယ်မမ ..... သူတို့ ကျွန်တော်တို့အပေါ်အတော်ကောင်းရှာပါတယ်"

"ကဲ .... ဒီလိုဆိုရင် အပြင်ထွက်ကြမယ်"

သူတို့သည်ကွင်းပြင်သို့ထွက်လာပြီး ကျောက်ဆောင်များရှိရာသို့လျှောက်လာကြလေ၏။ ထို့နောက် ကျောက်ဆောင်များပေါ်တွင်ထိုင်ချလိုက်သည်။ အတန်ကြာမှ .....

မွန်တင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး .....

"မမ"

"ပြောလေမောင်လေး"

"ကျွန်တော်တစ်ခုတွေးမိတယ်"

"ဘာများလဲမောင်လေး"

"ကျွန်တော်တို့ ဒီကျွန်းကနေပြီး အသက်ချမ်းသာရာရလို့ ပြည်မကိုပြန်ရောက်နိုင်ခဲ့ရင်"

"မောင်လေးက ဘာလုပ်မလို့လဲ"

"ဒီလိုပါမမ ကျွန်တော်နဲ့မမ အတူတူ သိုင်းလောကက အငြိမ်းထွက်ပြီး တောင်သူလယ်သမားဘဝနဲ့ပဲ နေထိုင်သွားတော့မယ်လို့ စိတ်ကူးမိတယ်"

နုအင်းသည် ထိုစကားကိုကြားရသောအခါ သူမ၏ရင်ထဲတွင်လှုပ်ရှားသွားမိသည်။

"ဩော် ..... မောင်လေးရယ်"

သူမသည် ရုတ်တရက်တစ်စုံတစ်ရာကိုသတိရကာ ...

"စွန်းကျဲဆိုတဲ့မိန်းကလေးကို မင်းသတိရသေးသလား"

"ဟုတ်ကဲ့ ရပါတယ်မမ"



"သူနဲ့မောင်လေးနဲ့ ဘယ်လိုများပတ်သက်နေလို့လဲဟင်"

"ဘယ်လိုမှမပတ်သက်ပါဘူးမမရယ် .... ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူက ကျွန်တော့်ကို တော်တော်လေးအကူအညီပေးခဲ့ပါတယ်"

မွန်တင်းသည် စွန်းကျဲနှင့်တွေ့ခဲ့ရသည့်အကြောင်းများကို အသေးစိတ်ရှင်းပြလိုက်လေ၏။

ဤသည်မှာ မွန်တင်း၏စိတ်ရင်းပင်။ သူသည် စွန်းကျဲကိုလည်းကောင်း၊ နုအင်းကိုလည်းကောင်း မရိုးသားသောစိတ်နှင့်မချစ်ခဲ့ပေ။ စွန်းကျဲသည် အလွန်တရာလှပ၏။ နုအင်းမှာမူ စွန်းကျဲလောက် မလှပပေ။ သို့သော်.... သူ့ရုပ်သူ့ရည်နှင့် လှပသည်သာဖြစ်၏။ သူသည် စွန်းကျဲအပေါ် မရိုးသားသောစိတ်ထားမိနိုင်သည်။ သို့သော် .... သူသည် မရိုးသားသောစိတ် မထားခဲ့ပေ။ သူ့အားကူညီခဲ့သဖြင့် ခင်မင်စိတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုလည်း စွန်းကျဲနှင့်ပတ်သက်ခဲ့သမျှကို ရိုးသားစွာရှင်းပြနေလေ၏။

"ဒီလိုဆိုရင် .... စွန်းကျဲကလဲ မောင်လေးကိုချစ်နေပြီနဲ့တူတယ်"

"အို မမကလဲ .... ဘာပဲဖြစ်ဖြစ် အခုမမနဲ့ကျွန်တော်ဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိနေကြပြီပဲ၊ ခုအချိန်ကစပြီး ကျွန်တော်က ဘယ်မိန်းကလေးနဲ့မှ မပတ်သက်တော့ပါဘူး ယုံပါမမရယ်"

နုအင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"မောင်လေးစကားကြားရတာ မမ ဝမ်းသာလိုက်တာကွယ်"

နှစ်ဦးသားအကြည့်ချင်းဆုံ၍ အပြုံးချင်းဖလှယ်မိကြရင်းကြည့်နူးနေမိကြပေတော့သည်။

****

ကောင်းကင်အရှေ့ဘက်တွင် အနီရောင်သန်းလာပြီဖြစ်သည်။ နေဝန်းကြီးသည် တဖြည်းဖြည်းနှင့်ရေပြင်ပေါ်မှထွက်ပေါ်လာသည်။ ရေပြင်တစ်ခုလုံးငြိမ်သက်လျက်.....

ဝန်းကျင်တစ်ခုလုံး သာယာကြည်နူးဖွယ်ရာကောင်းလှပေသည်။ မွန်တင်းသည် ထိုသာယာသောရှုခင်းကိုကြည့်ရင်း လေကောင်းလေသန့် တစ်ဝရှူရှိုက်နေသည်။

"အင်း ..... ဒီကျွန်းကလေးက အတော့်ကိုသာယာတာပဲနော်မမ၊ တကယ်လို့များ ဒီကျွန်းမှာ လယ်ယာထွန်ယက်စိုက်ပျိုးလိုက်ရရင် ကျွန်တော်တို့ ဘယ်မှတောင် သွားဖို့မလိုတော့ဘူး၊ ကျွန်တော်တို့နှစ်ယောက် ဒီကျွန်းပေါ်မှာပဲ အတူတူပျော်ပျော်ရွှင်ရွှင်နေရမှာ"

"ဟုတ်တယ်မောင်လေး .... မောင်လေးနဲ့သာအတူတူနေရမယ်ဆိုရင် ဘယ်မှာပဲနေရနေရ မမကတော့ပျော်နေမှာပါကွယ်"

****



ရုတ်တရက်.....

ကျောက်တုံးကြီးတစ်တုံး၏နောက်ကွယ်မှ အဘိုးအိုနှင့်အဘွားအိုတို့၏ရယ်မောသံကို ကြားလိုက်ရလေတော့၏။

အဘိုးအိုနှင့်အဘွားအိုတို့သည် နုအင်းနှင့်မွန်တင်းတို့ကို ကျေနပ်နှစ်သိမ့်အားရစွာဖြင့် ကြည့်နေကြသည်။

အဘွားအိုဝမ်းရှီက သူတို့နှစ်ယောက်အားကြည့်ရင်း ...

"မင်းတို့နှစ်ယောက်က ဆေးကိုတစ်ယောက် တစ်ဝက်စီသောက်လိုက်ကြတယ်မဟုတ်လား၊ ကဲ.... ငါ့နောက်ကိုလိုက်ခဲ့ကြပေတော့၊ ဒီအချိန်ကသိုင်းလေ့ကျင့်ဖို့အကောင်းဆုံးအချိန်ပဲ"

နုအင်းမှာ ဝမ်းရှီ၏စကားကြောင့် အံ့အားသင့်သွားမိသည်။ မိမိနှင့်မွန်တင်းတို့ ဆေးတစ်ယောက်တစ်ဝက်စီသောက်သည်ကို အဘယ့်ကြောင့် အဘွားအိုတသိရှိသွားသည်ကို နားမလည်နိုင်အောင်ဖြစ်မိ၏။ မွန်တင်းက ထိုင်ရာမှထပြီး ဦးညွှတ်ဂါရဝပြုလိုက်သည်။ အဘိုးအိုကပြုံးလိုက်ပြီး .....

"ဘယ့်နှယ်လဲ .... မနေ့က ဆေးသောက်ရတာ အခြေအနေကောင်းသွားပြီလား"

မွန်တင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့..... ကျွန်တော်နဲ့မမတို့ ဒီဆေးသောက်ပြီးမှ တော်တော်အခြေအနေကောင်းသွားပါတယ်"

ဝမ်းရှီကပြုံးလိုက်ပြီး....

"မင်းတို့ဟာက ဘယ်လိုလဲကွဲ့၊ မနေ့ကတော့ ဆရာနဲ့ တပည့်လို့ခေါ်ပြောနေကြတယ်၊ အခုကျတော့ မမနဲ့မောင်လေးဖြစ်နေကြတယ်၊ ဘယ်လိုလဲကွဲ့ .... ငါနားမလည်တော့ပါလား"

မွန်တင်းနှင့်နုအင်းတို့၏မျက်နှာမှာ ရှက်သွေးရောင်ဖြာသွားသည်။ သူတို့၏မျက်နှာမှာနီရဲနေသည်။

အဘိုးအိုက တဟားဟားရယ်မောလိုက်ပြီး .....

"အိုး .... သူတို့ဟာသူတို့ ဘယ်လိုပဲခေါ်ခေါ်ပေါ့၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

အဘွားအိုကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်.... ဟုတ်ပါတယ်၊ ကဲ.... ကဲ သိုင်းပညာဆက်သင်ကြရအောင်လိုက်ခဲ့ကြပေတော့"

****

အချိန်က တိုတောင်းလှသည်။ မွန်တင်းနှင့်နုအင်းတို့သည် အဘိုးအိုအဘွားအိုတို့သင်ကြားပေးသော သိုင်းပညာရပ်များကို အပတ်တကုတ်ကြိုးစားသင်ယူမှတ်သားခဲ့ကြသည်။

စတုတ္ထမြောက်သောနေ့တွင် .....

ဝမ်းချီသည် အထုပ်ထဲမှ သားရေဖြင့်ပြုလုပ်ထားသော အိတ်ကြီးတစ်လုံးကိုထုတ်ယူလိုက်လေ၏။

ထိုအိတ်ကြီးကိုလေမှုတ်လိုက်သောအခါ ....

လှေငယ်တစ်စင်းအဖြစ်သို့ ပြောင်းလဲသွားရလသည်။



"ကဲ .... ကဲ .... မင်းတို့ လှေပေါ်တက်ကြပေတော့"

နုအင်းမှာ အံ့အားသင့်စွာဖြင့်ရပ်၍ကြည့်နေမိသည်။

အဘိုးအိုသည် ထိုလှေကိုရေပေါ်သို့ချလိုက်ပြီး ....

"ကဲ..... အခုရေကျတာပြီးလေစုန်တာနဲ့ မင်းတို့ဒီကျွန်းကနေထွက်ခွာဖို့အချိန်တန်ပြီ၊ လှေပေါ်မြန်မြန်တက်ကြ"

မွန်တင်းသည် အဘိုးအိုနှင့်အဘွားအိုတို့ကိုကြည့်ရင်း...

"ဘိုးဘိုးနဲ့ဘွားဘွားတို့ကကော"

အဘိုးအိုကပြုံးလိုက်သည်။

"တို့က ဘယ်အချိန်မဆို ဒီကျွန်းကထွက်ခွာနိုင်ပါတယ်၊ ကဲ.... စကားမရှည်နဲ့တော့၊ မြန်မြန်လှေပေါ်တက်ကြ"

ဝမ်းချီကမျက်မှောင်ကုပ်လိုက်ပြီး .....

"မင်းတို့ ဘာငိုင်နေကြတာလဲ၊ မြန်မြန်လှေပေါ်တက်လို့ပြောနေတာ မကြားဘူးလား"

မွန်တင်းကခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်မသွားဘူးဗျ"

အဘိုးအိုကမျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီကျွန်းပေါ်ရောက်ကတည်းက အစားအစာကိုလည်း အဘိုးနဲ့အဘွားတို့ပဲကျွေးမွေးလို့ ကျွန်တော်တို့ မသေခဲ့တာပါ၊ နောက်ပြီး ကျွန်တော်တို့ကိုလည်း သိုင်းပညာသင်ပေး

သေးတယ်၊ ကျွန်တော်တို့အသက်ကိုလည်း ကယ်ဆယ်ခဲ့တယ်၊ အဲခုလို အဘွားတို့လှေ ကျွန်တော်တို့ကိုပေးလိုက်ရင် အဘွားတို့ ဘယ်လိုလုပ်ပြီး ဒီကျွန်းကခွာမလဲ .... အဘွားတို့ပဲသွားကြပါ၊ ကျွန်တော်တို့ ဒီမှာပဲနေခဲ့ကြပါ့မယ်"

ဝမ်းချိုမျက်မှောင်ကုပ်သွား၏။

"ဒီမှာမွန်တင်း ငါကစကားများတာမကြိုက်ဘူး၊ ငါတို့ ဒီကျွန်းပေါ်မှာပဲ အရိုးထုတ်ဖို့ဆုံးဖြတ်လိုက်ကြပြီ၊ ငါတို့အတွက် မပူနဲ့၊ မင်းတို့သွားမှာသာသွားစမ်းပါ"

အဘိုးအိုကလည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး .....

"မင်းတို့ရဲ့စေတနာကို တို့နားလည်ပါတယ်၊ သွားမှာသာ သွားပါ၊ တော်ကြာအချိန်ကုန်သွားရင် ဒီကျွန်းကနေ ထွက်ခွာလို့ ရမှာမဟုတ်ဘူး"

သူသည် ဤသို့ပြောဆိုပြီး မွန်တင်းနှင့်နုအင်းတို့၏လက် ကိုဆွဲကာလှေပေါ်တက်စေသည်။

ထို့နောက် ......

သူသည် လှေငယ်ကိုတွန်းထုတ်လိုက်လေတော့သည်။

သားရေဖြင့်ပြုလုပ်ထားသော လှေငယ်လေးမှာ လေစုန် အတိုင်း အရှိန်လျင်မြန်စွာဖြင့်တောင်ဘက်သို့မျောပါသွားလေ၏။

သူတို့သည် တဖြည်းဖြည်း ဝေး၍ဝေး၍ကျန်ရစ်ခဲ့သော ကျွန်းကလေးကိုကြည့်ရင်း .....



သူတို့၏ရင်ထဲတွင် ဖော်မပြနိုင်သောခံစားချက်များကို လိုက်လှိုက်လှဲလှဲခံစားလိုက်ရတော့သည်။

အဘိုးနဲ့အဘွားတို့နဲ့ ဝေးခဲ့ပါပေါ့လား ......

****

## အခန်း (၃၉)
## အထင်မှားခြင်း

ဝန်းကျင်တစ်ခုလုံး ရေနှင့်ကောင်းကင်မှလွဲ၍ မည်သည့်အရာမှမရှိပါ။ လှေငယ်ကလေးသည် ရေစီးရာရေကြောင်းအတိုင်း တောင်ဘက်သို့ ဦးတည်သွားနေသည်။

မွန်တင်းနှင့်နအင်းတို့သည် လှေငယ်တွင်း၌ငြိမ်သက်စွာ ထိုင်ရင်းလိုက်ပါလေသည်။

သူတို့သည် တစ်နေ့နှင့်တစ်ည လှေငယ်လေးနှင့်မျော ပါသွားတော့သည်။

နောက်တစ်နေ့ ...

ညနေ .....

"ဝုန်း"

လှေငယ်လေးသည် အရာဝတ္ထုတစ်ခုနှင့်တိုက်မိကာ ရပ်တန့်သွားလေ၏။ နအင်းရင်ထိတ်သွားမိ၏။

"မောင်လေး....မမတို့လှေ ဘာနဲ့တိုက်မိသလဲမသိဘူး"



မွန်တင်းက ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်၏။

ညဥ့်နက်နေပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံးမှာမှောင်မည်းနေ၏။ ထို့ကြောင့် ..... သူသည် ဘာကိုမှမမြင်ရချေ။

"ကျောက်ဆောင်တစ်ခုခုနဲ့ တိုက်မိတာထင်တယ်မမ"

"ဟင်....ဟုတ်လား၊ ဒါဖြင့် မမတို့ဘယ်လိုလုပ်ကြမလဲ"

"အခုတော့မှောင်နေသေးတယ်၊ မမ .... မနက်မိုးလင်းမှ အခြေအနေကြည့်ပြီးဆုံးဖြတ်ရတာပေါ့မမ"

နအင်းသည် မည်သို့မှုပြန်မပြောတော့ပါ။ သူမသည် ရေကိုအလွန်ကြောက်၏။ ထို့ကြောင့် သူမသည် မွန်တင်း၏ရင်ခွင်ထဲသို့တိုးဝင်လေတော့သည်။ မွန်တင်းက သူမ၏နွေးထွေးသော ကိုယ်လုံးကိုကြင်နာစွာထွေးပိုက်ထားရင်း .....

"ကဲ .... မမ၊ တစ်ရေးလောက်အိပ်လိုက်ဦးနော်"

သူ၏အသံသည် ကြင်နာခြင်းအပြည့်ပါရှိလေတော့သည်။

****

မွန်တင်းသည် အိပ်ရာမှလန့်နိုးလာသည်။

သူသည် ဝန်းကျင်ကိုထင်ထင်လင်းလင်းတွေ့မြင်ရလေပြီ။ လှေငယ်သည် ကမ်းစပ်တစ်နေရာတွင်ဆိုက်ကပ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။ သူသည် ဝမ်းသာသွား၏။ သူ၏ရင်ခွင်ထဲတွင်မှေးစက်နေသောနအင်းကို လှုပ်၍နှိုးလိုက်သည်။

"မမ .... မမ .... ထပါဦး"

နအင်းသည် အိပ်မောကျနေရာမှလန့်နိုးလာသည်။

"ဟင်..... ဘာလဲမောင်လေး"

"ဟိုမှာကြည့်စမ်းပါဦးမမ၊ ကျွန်တော်တို့ ကမ်းကိုရောက်နေပြီဗျ"

"ဟုတ်လားမောင်လေး"

နအင်းက ဝန်းကျင်ကိုကြည့်လိုက်သည်။ မြစ်ဆိပ်တစ်ခုသို့ရောက်ရှိနေသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွားသည်။

"ဟာ..... ဝမ်းသာလိုက်တာမောင်လေးရယ်"

သူမသည် ပြောရင်း လှေပေါ်မှကုန်းပေါ်ခုန်တက်လိုက်သည်။ မွန်တင်းကလည်း နောက်မှလိုက်၍ခုန်တက်လိုက်လေ၏။

ထို့နောက် .... သူတို့သည် လက်ချင်းတွဲ၍ကုန်းပေါ်ပြေးတက်သွားကြတော့သည်။ သူတို့ အပျော်ကြီးပျော်နေကြလေ၏။

သူတို့သည် အတန်ကြာပြေးလွှားမိသောအခါ ရွက်လှေအများအပြားဆိုက်ကပ်သော ဆိပ်ကမ်းတစ်နေရာသို့ရောက်ရှိသွားကြသည်။ မွန်တင်းသည် ကုန်ပစ္စည်းများကိုသယ်ယူနေသော လှေသမားတစ်ဦးအားမေးလိုက်လေ၏။

"ဗျို့.... ဒီမှာ နောင်ကြီး ဒီနေရာဒေသကို ဘာမြို့လို့ခေါ်ပါသလဲခင်ဗျာ"

ထိုသူကအံ့သြစွာကြည့်ရင်း ......

"ခင်ဗျားတို့ဘယ်ကလဲ၊ ဒါကျန်းနန်မြို့ဆိုတာတောင် သိ



ကြဘူးလား"

ထိုစကားကိုကြားရသောအခါ မွန်တင်းမှာ အတိုင်းမသိဝမ်းသာသွားမိသည်။

"ဟင်.... ကျွန်တော်တို့ ကျန်းနန်တောင်ရောက်နေပြီပဲ"

မွန်တင်း၏မျက်နှာမှာ ရွှင်မြူးကြည်နူးနေ၏။ နအင်းမှာ မွန်တင်းကြည်နူးဝမ်းသာနေသည်ကိုမြင်တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားမိလေ၏။ ကျန်းနန်မြို့သို့ရောက်လျှင် မွန်တင်း၏စိတ်ထားပြောင်းလဲသွားမည်လောဟူ၍ သူမ လွန်စွာစိုးရိမ်ပူပန်မိသည်။ သူမသည် မွန်တင်းအား စိုက်ကြည့်ရင်း ......

"မောင်လေး"

"ပြောပါမမ"

မွန်တင်းမှာဝမ်းသာပျော်ရွှင်နေသဖြင့် နအင်းတစ်ယောက်မျက်နှာမကြည်သာဖြစ်နေမိသည်ကို သတိမပြုမိချေ။

"အခု ကျန်းနန်မြို့ကိုရောက်ပြီလေ .... မောင်လေး ဘယ်သွားမလဲဟင်"

"ပထမဆုံး စွန်းကျဲဆိုတဲ့မိန်းကလေးကို သွားရှာမယ်လေ သူ့သိုင်းရှစ်ကွက် ကျမ်းစာအုပ်ကိုပြန်ပေးမယ်၊ အခုဆို ကျွန်တော်တို့ ဒီသိုင်းကျမ်းစာအုပ်ကိုမလိုတော့ဘူးမဟုတ်လား"

နအင်းမှာ ဝမ်းနည်းလာသည်။ မွန်တင်းသည် စွန်းကျဲအပေါ်ခင်တွယ်နေခြင်းကိုရိပ်စားမိလာသည်။

"သူ့ဆီမသွားလို့ မဖြစ်ဘူးလားမောင်လေးရယ်"

"မဖြစ်ဘူးမမ သူ့ကိုတွေ့အောင်ရှာပြီး ဒီစာအုပ်ကိုပြန်ပေးလိုက်ရမှ ကျွန်တော်စိတ်အေးသွားမယ်မမ"

နုအင်းမှာခေါင်းငုံ့သွားသည်။ မျက်ရည်ဥများ သူမ၏ မျက်ဝန်းအစုံမှ စီးဆင်းကျလာလေသည်။ ဤသည်ကို မွန်တင်းက သတိမပြုမိပေ။ ဝမ်းသာလွန်း၍အော်ဟစ်ခုန်ပေါက်နေမိ၏။

"မမ.... ကျွန်တော်တို့ မြို့ထဲသွားပြီး ဆိုင်တစ်ဆိုင်မှာအဝစားကြမယ်နော်မမ"

နုအင်းကခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ ... မမ ဟိုတောအုပ်ထဲကို ခဏသွားလိုက်ဦးမယ်၊ မောင်လေးဒီမှာစောင့်နေဦးနော်... မမပြန်လာခဲ့မယ်"

"ဟုတ်ကဲ့မမ"

နုအင်းသည် တောအုပ်အတွင်းရောက်ရှိသောအခါ သူမ၏ ခါးကြားမှဓားကလေးကိုထုတ်ယူပြီး သူမ၏ဆံစအနည်းငယ်ကို ဖြတ်လိုက်သည်။ ထို့နောက် သူမသည် ယင်းဆံစကို သစ်ပင်တစ်ပင်ပေါ်တွင်ချည်နှောင်ထားလိုက်သည်။ သူမသည် စာတစ်စောင်ကိုရေးသားပြီး ထိုစာကို ဓားနှင့်သစ်ပင်ပေါ်စိုက်ထားလိုက်သည်။

ထို့နောက် .... သူမသည် တောအုပ်၏တစ်ဘက်သို့ပြေးလွှားသွားလေတော့သည်။

****



မွန်တင်းသည်ီ တစ်ယောက်တည်းစဉ်းစားရင်း သူမ ပြန်အလာကိုစောင့်နေလေ၏။ သို့သော် အချိန်ကြာမြင့်ခဲ့သော်လည်း နုအင်းတစ်ယောက်ကား ပေါ်မလာတော့ချေ။ သူသည် မျက်မှောင်ကုပ်သွားသည်။ မွန်တင်းသည် ဆက်၍မတွေးနိုင်တော့ဘဲ တောအုပ်ထဲသို့လိုက်ဝင်သွားလေ၏။

"မမရေ..... မမ"

သို့သော် ......

သူ၏အသံမှအပ အခြားမည်သည့်အသံကိုမျှ ပြန်လည်ထူးသံကိုမကြားရချေ။

"မမ.... မမရေ"

သူက အသံကိုတိုးမြှင့်၍ခေါ်လိုက်ပြန်သည်။ ဘာသံမှ မကြားရပါ။ နုအင်းတစ်ယောက်ပျောက်ဆုံးသွားချေပြီ။ မွန်တင်းမှာစိုးရိမ်စိတ်ဖြစ်ပေါ်လာ၏။ သူသည် တောအုပ်တွင်းအနှံ့လိုက်ရှာသည်။

ရုတ်တရက် သူသည် မမျှော်လင့်ဘဲ သစ်ပင်၏ပင်စည်ပေါ်၌ ဓားမြှောင်တစ်ချောင်းနှင့် ဆံစအနည်းငယ်ကို တွေ့မြင်လိုက်သည်။

သူသည် အနီးသို့လျှောက်သွားကြည့်သည်။ သစ်ပင်ပေါ်မှစာကိုဖတ်ကြည့်လိုက်သည်။ စာထဲတွင် ....

"မောင်လေးနဲ့မမတို့ရဲ့ဘဝဟာ မိုးနဲ့မြေလိုကွာခြားလှပါ

တယ်၊ ဒါကြောင့် မမတို့ရဲ့ဓာတ်လမ်းကိုမေ့လိုက်ပြီ၊ အတိတ်ကို အတိတ်မှာပဲထားလိုက်ပါတော့မောင်လေးရယ်"

မွန်တင်းသည် ဓားမြှောင်ကလေးနှင့်ဆံစများကိုယူလိုက်သည်။ သူ၏မျက်ဝန်းအစုံတွင်လည်း မျက်ရည်များ၏ ယိုစီးကျလာသည်။ သူ၏ဦးနှောက်တစ်ခုလုံးမှာ ဟာလာဟင်းလင်းဖြစ်ကာ သစ်ပင်၏ပင်စည်မှစာကို အကြိမ်ကြိမ်ဖတ်ကြည့်မိပြန်၏။

အတန်ကြာအောင်တွေဝေနေပြီးမှ .....

ရုတ်တရက် ဓားမြှောင်လေးနှင့် သူ၏လက်မောင်းမှသွေးကိုဖောက်ပြီး ထိုသွေးကိုလက်ညှိုးဖြင့်တို့ကာ နှုအင်းရေးသားထားသောစာများ၏ဘေးတွင် .....

"ရေမြေဆုံးစေတော့ အတိတ်ကိုမမေ့ပါ အသက်တည်နေသရွေ့ မြေလှန်ပြီးရှာဖွေမည်"

ဟူ၍ရေးသားထားပြီး ဆံပင်များကိုသေချာသိမ်းဆည်းကာ တောအုပ်ထဲမှပြေးထွက်သွားလေတော့သည်။

****

မွန်တင်းသည် ပြေးလွှားနေသည်။

အတန်ကြာသော် ... သူသည် ကျယ်ပြန့်သောလယ်ကွင်းတစ်နေရာသို့ ရောက်ရှိလာခဲ့သည်။ ထိုလယ်ကွင်းအလယ်တွင် ကြီးမားသော အဆောက်အအုံတစ်ခု ယီးတည်းရပ်တည်နေသည်



ကိုတွေ့မြင်လိုက်ရသည်။

ဤနေရာမှာ မြို့နှင့် အတော်လှမ်းဝေးနေခြင်းကို သတိပြုမိလေ၏။ သူသည် ထိုအဆောက်အအုံသို့သွားရောက်ပြီး ရိက္ခာအတွက်အကူအညီတောင်းရန် စိတ်ကူးမိသည်။

ထိုအဆောက်အဖုံအနီးသို့ ချဉ်းကပ်သွားလေ၏။

ဝန်းကျင်တွင် လူရိပ်ဟူ၍မတွေ့ရသဖြင့် သူ၏စိတ်ထဲတွင်အံ့အားသင့်မိသည်။ ထို့နောက် သူသည် အဆောက်အအုံ၏ တံခါးမကြီးဆီသို့လျှောက်သွားသည်။ တံခါးမကြီးမှာ ဟနေ၏။

"အိမ်ရှင်တို့ခင်ဗျား"

သူကလှမ်း၍အသံပြုလိုက်သည်။ ယင်းသို့ လေးကြိမ်တိုင်တိုင်ခေါ်လိုက်သော်လည်း တစ်စုံတစ်ဦး၏တုံ့ပြန်ထူးခြင်းကို မကြားရချေ။ သူသည် ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

အဘယ့်ကြောင့် ဤမျှတိတ်ဆိတ်နေရသနည်း။

သူသည် အဆောက်အအုံထဲဝင်လိုက်ရာ ထိုကြီးမားသော အဆောက်အအုံခန်းမ၌ လူသေအလောင်းများကို တွေ့မြင်လိုက်ရတော့သည်။

ထိုစဉ် ညည်းညူသံတစ်သံကိုကြားလိုက်ရလေ၏။ အသံလာရာသို့လှမ်းကြည့်လိုက်သည်။ ဒဏ်ရာပြင်းထန်စွာရရှိထားသော လူတစ်ယောက်သည် ကြမ်းပြင်ပေါ်မှအားယူ၍ထနေသည်ကိုတွေ့မြင်လိုက်ရသည်။ သူသည် ထိုသူအား ကပျာကယာသွားရောက်

း‌မထူပေးလိုက်လေ၏။

"ခင်ဗျားတို့ ဘာတွေဖြစ်နေကြတာလဲ"

ထိုလူသည် အားယူလိုက်ပြီး ......

"ကြာ .... ပန်း ..."

ထိုစကားကိုကြားရသောအခါ .... ကြာပန်းဂိုဏ်းမှလူ၏ လက်ချက်မှန်း မွန်တင်းသိလိုက်ရလေသည်။ ထိုစဉ် ရုတ်တရက် ခန်းမတွင်းသို့ လူနှစ်ယောက်ပြေးဝင်လာလေသည်။

ထိုဝင်လာသူနှစ်ယောက်မှာ .....

သိုင်းဆရာကြီး စွန်ရှမ်းနှင့်ကယ်ပါချိုဝင်းတို့ဖြစ်ကြ၏။

ကယ်ပါချိုဝင်းသည် မွန်တင်းအားတွေ့လိုက်ရသောအခါ မျက်မှောင်ကုပ်သွားသည်။

"မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော်ရက်စက်ပါလား"

ကယ်ပါချိုဝင်းက မေးမြန်းခြင်းမရှိဘဲ ရောက်ရောက်ခြင်း ကြိမ်းမောင်းပြောလေတော့၏။

မွန်တင်း ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော့်ကိုအထင်မလွဲပါနဲ့ဗျာ"

"ဘာ့ အထင်မလွဲရမှာလဲ၊ လက်ပူးလက်ကြပ်မိနေတာ တောင်မှ မင်းကငြင်းချင်သေးလို့လား"

မွန်တင်းသည် ဖေးမထားသောလူအားညွှန်ပြရင်း ....



"ခင်ဗျားတို့မယုံရင် သူ့ကို........."

သူသည်ပြောရင်း ဖေးမထားသောဒဏ်ရာနှင့်လူကိုငုံ့၍ ကြည့်သောအခါ ထိုလူမှာ အသက်ပျောက်နေသည်ကိုတွေ့ရ၏။

ထို့ကြောင့် ..... သူသည် စကားကိုပင် ဆုံးအောင်မပြော နိုင်ဘဲ ငေးငိုင်၍သွားလေ၏။ စွန်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ..... မင်းကလူသေကိုသက်သေထူဦးမလို့လား"

ကယ်ပါချိုဝင်း ဒေါသထွက်လာ၏။

"မင်းကိုငါတော်တော်အထင်ကြီးခဲ့တယ်၊ မင်းကို လူတော် လူကောင်းတစ်ယောက်ရယ်လို့လဲ ငါထင်ခဲ့တယ်"

"ဒါပေမဲ့ ခုမင်းဟာတော်တော်ရက်စက်ပါလား"

"မင်းကို လူပြည့်မှာဆက်ထားရင် လူတွေကိုဒုက္ခပေးဦး မှာပဲ၊ ကဲ .... မင်းသေပေတော့"

သူသည် ပြောရင်း လက်ထဲမှတုတ်ဖြင့် မွန်တင်းအား စတင်တိုက်ခိုက်လေတော့၏။ တစ်ချိန်တည်းမှာပင် စွန်ရှမ်းက လည်းဓားကိုဆွဲထုတ်ကာ ဝင်ရောက်တိုက်ခိုက်ပြန်သည်။ မွန်တင်း မှာ မည်သို့မှမတတ်နိုင်တော့ဘဲ အံကိုတင်းတင်းကြိတ်ကာ ....

သူတို့၏တိုက်ကွက်များကိုရှောင်တိမ်းရင်း အခန်းထဲမှ ဆုတ်လာ၏။ ထိုစဉ် ......

အခန်းဝမှလူနှစ်ယောက် ထပ်မံဝင်ရောက်လာပြန်သည်။

ထိုလူနှစ်ယောက်မှာ ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးနှင့်

ဝူးတန်ကိုကျော်းမှဌာနခွဲမှူးတို့ဖြစ်ကြ၏။

သူတို့သည် ချိုဝင်းနှင့်ဇွန်ရှမ်းတို့က လူငယ်တစ်ယောက်အားဝိုင်းရံတိုက်ခိုက်နေသည်ကိုတွေ့မြင်ရလျှင် .....

"ချိုဝင်း..... သူဘယ်သူလဲ၊ ခင်ဗျားတို့ ဘာဖြစ်လို့ ဝိုင်းတိုက်ခိုက်နေရတာလဲ"

ချိုဝင်းကာမဲ့ပြုံးပြုံးလိုက်ပြီး........

"ခင်ဗျားတို့မမြင်ကြဘူးလား၊ သူက ဒီအိမ်သားတွေအားလုံးကိုသတ်သွားတာပဲဗျ......"

ဝူးတန်ဌာနခွဲမှူး မျက်မှောင်ကုပ်သွားသည်။ ယခုမှ သူသည် အခန်းကြမ်းပြင်တွင်လဲကျနေသောအလောင်းများကို သတိပြုမိလိုက်၏။

"တောက်.... တို့လာတာ နောက်ကျလေခြင်း"

သူက ညည်းညည်းညူညူပြောမိသည်။ ရှောင်လင် ဘုန်းတော်ကြီးကလည်း သက်ပြင်းတစ်ချက်ချကာ ....

"အင်း အိမ်ရှင်တကာကြီးလင်းလင်းက တို့ကိုအကူအညီတောင်းခဲ့သားပဲ၊ တို့လဲ အတတ်နိုင်ဆုံးအမြန်လာခဲ့ပေမဲ့ အခုတော့နောက်ကျသွားပြီလေ၊ ကျုပ်ဖြင့်စိတ်မကောင်းဖြစ်မိလိုက်တာ"

ဝူးတန်ဌာနခွဲမှူးက ဓားကိုဆွဲထုတ်လိုက်ပြီး......

"ဒို့မိတ်ဆွေရဲ့အသက်ကို အချိန်မီ မကယ်နိုင်ပေမဲ့ သတ်တဲ့လူကိုတော့ ကလဲ့စားချေရမယ်"



သူ၏စကားဆုံးသွားသည်နှင့် မွန်တင်းအား ဝင်ရောက်တိုက်ခိုက်လေတော့၏။

ရှောင်လင်ဘုန်းတော်ကြီးကလည်း မွန်တင်းအား ဝိုင်း၍တိုက်ခိုက်ပြန်သည်။ ဤသို့ဖြင့် .... သူတို့လေးဦးသည် မွန်တင်းအား ဝိုင်းရံတိုက်ခိုက်နေကြလေတော့သည်။

****

## အခန်း (၃၁)
## အရာရာသည်မူလ

တိုက်ပွဲကား ပြင်းထန်လှသည်။ သိုင်းလောကမှ ထိပ်သီး သိုင်းသမားလေးယောက်က မွန်တင်းအား ဝိုင်းရံ၍တိုက်ခိုက်နေကြ၏။ မွန်တင်း၏ အခြေအနေမှာ အလွန်ဆိုးဝါးနေသည်။ သူသည် ဤတစ်ကြိမ်တွင် မိမိအမှန်ပင် သေဆုံးရတော့မည်ဟုတွက်ဆ ထားမိ၏။

ထိုစဉ် ... အခန်းဝမှ လူတစ်ယောက်ထပ်မံရောက်လာပြန်၏။ ထိုလူသည် တစ်ချက်ကြည့်လိုက်ပြီး.......

"အားလုံးရပ်လိုက်ကြ"

ဟုအော်ဟစ်လိုက်၏။ ထိုသူမှာ ပိန်ပိန်သေးသေး အဘိုးအိုတစ်ယောက်ဖြစ်နေသည်။ သို့သော် သူ့အသံသည် တစ်ခန်းလုံးကိုလွှမ်းမိုးသွား၏။

သူ၏အသံကြောင့် မွန်တင်းအား ဝိုင်းရံတိုက်ခိုက်နေကြသူများအားလုံး ရပ်တန့်သွားကြလေ၏။



သူတို့သည် အဘိုးအိုကိုတွေ့မြင်သည်နှင့် လက်နှစ်ဖက်ယှက်၍အရိုအသေပေးလိုက်ကြ၏။

မွန်တင်း၏ တစ်ကိုယ်လုံးတွင် ဓော်ချွေးများဖြင့်စိုရွှဲနေသည်။ သူသည် အဘိုးအိုအား သတိပြုကြည့်လိုက်မိ၏။

ထိုအဘိုးအိုမှာ သိုင်းရာဇာဟုန်စွန်းအီဖြစ်နေသည်ကို တွေ့လိုက်သည်။ ဟုန်စွန်းအီသည် မွန်တင်းအား တစ်ချက်ကြည့်လိုက်ပြီး ....

"ဩော် .... လက်စသတ်တော့မင်းကိုး"

"ဟုတ်ပါတယ် ကျွန်တော်ပါ"

ဟုန်စွန်းအီသည် ချိုဝင်းတို့အားတစ်ချက်လှမ်းကြည့်ရင်း

"ခင်ဗျားတို့ ဘာဖြစ်လို့သူ့ကိုဝိုင်းတိုက်နေကြတာလဲ"

စွန်ရှမ်းကရှေ့တစ်လှမ်းတိုးလိုက်ပြီး .....

"ဒီလိုပါခင်ဗျာ... ဒီသူငယ်ဟာ ကျုပ်မိတ်ဆွေ လင်းလင်းတို့မိသားစုကိုသတ်ဖြတ်ခဲ့လို့တိုက်ခိုက်နေတာပါ"

ဟုန်စွန်းအီသည် မျက်မှောင်ကုပ်သွား၏။

သူသည် မွန်တင်းအားစေ့စေ့ကြည့်ကာ......

"မင်းကကော ဟုတ်ရဲ့လား"

မွန်တင်းခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

သည့်နောက် ဟုန်စွန်းအီသည် အလောင်းများကိုလိုက်လံ

ကြည့်ရှုစစ်ဆေးလိုက်သည်။ ထို့နောက်......

သူသည် အားလုံးကိုတစ်ချက်ခြုံ၍ကြည့်လိုက်ပြီး .....

"ဒီလူတွေကို သူသတ်တာမဟုတ်ဘူး"

ဟု တစ်လုံးချင်းပြောချလိုက်လေ၏။

ဤကား လူအများစုမှာတတ်သော အမှားကြီးပေတည်း။

လူတို့သည် အများအားဖြင့် နမောနမဲ့နေကြ၏။ စူးစမ်းခြင်း၊ လေ့လာခြင်းမရှိပေ။ သံသယစိတ်ဖြင့် တစ်ခုခုကိုဖောင်းပေးဆုံးဖြတ်တတ်ကြသည်။

ထိုအခါ အမှားကြီး ကြုံတွေ့ရတော့သည်။ ယခုလည်း စွန့်ရှမ်းသည် အဖြစ်အပျက်ကိုသေချာစွာလေ့လာ စူးစမ်းခြင်းမရှိဘဲ မွန်တင်းအားတိုက်ခိုက်ခဲ့သည်။ မွန်တင်းက ခုခံနိုင်၍သာ တော်တော့သည်။ အကယ်၍ မွန်တင်းသာ သေဆုံးသွားခဲ့ပါက အမှားကြီးမှားမဟုတ်ပါလော။

ကယ်ပါချိုဝင်းက မျက်မှောင်ကုတ်သွားလေ၏။

"ဆရာကြီး ဘယ်လိုအထောက်အထားနဲ့ပြောတာလဲ"

ဟုန်စွန်းအီကပြုံးလိုက်ပြီး .....

"ဒါကလွယ်ပါတယ်.... ဒီအလောင်းတွေမှာ ရရှိထားတဲ့ ဒဏ်ရာတွေကိုစစ်ဆေးလိုက်ရင် သိနိုင်ပါတယ်"

"ဒါဖြင့် သူတို့ကို ဘယ်သူသတ်သွားတယ်လို့ ဆရာကြီး ထင်သလဲ....."



"ကြာပန်းဂိုဏ်းကလူတွေပါ.... ဘာ့ကြောင့်လဲဆိုရင် သေတဲ့လူရဲ့ဒဏ်ရာတွေဟာ ကြာပန်းပုံသဏ္ဌာန် ဒဏ်ရာများတွေ့ရှိရတဲ့အတွက်ဖြစ်ပါတယ်"

စွန်ရှမ်းကခေါင်းညိတ်လိုက်၏။

"သူလဲ ကြာပန်းဂိုဏ်းအဖွဲ့ဝင်တစ်ယောက်ပဲမဟုတ်လား"

ဟုန်စွန်းအီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ..... သူဟာ ကြာပန်းဂိုဏ်းရဲ့ဂိုဏ်းသားတစ်ယောက်ပဲမဟုတ်တယ်ပဲထားဦး ကြာမန်းဒေဝီဟာ သူရဲ့ကြာပန်း[illegible]အိကွက်ကို သူ့ရဲ့တပည့်နှစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှမသင်ပေးဘူး။ ဒါကြောင့် သူတို့ကို ဒီသူငယ် သတ်တာမဟုတ်ဘူးလို့ ကျွန်ုပ်ပြောရဲတယ်ဗျ"

ရှောင်လင်ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချပြီး

"ဒီလူတွေကို သူသတ်တာမဟုတ်ဘူးလို့ပဲ ထားပါဦး၊ ဒါပေမဲ့ သိုင်းရာဇာငါးယောက်ကိုသတ်ခဲ့တယ်မဟုတ်လား"

ဟုန်စွန်းအီကခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်အခုလာတာလဲ ဒီကိစ္စအတွက်ပါပဲ"

သူသည် မွန်တင်းဘက်သို့လှည့်ကာ.....

"ကဲ....ပြောစမ်း၊ သိုင်းရာဇာငါးယောက်ဟာ ရိုးသားတဲ့လူတော်လူကောင်းတွေဖြစ်တယ်၊ မင်းက ဘယ်လိုရန်ငြိုးနဲ့ သူတို့ကိုရက်ရက်စက်စက်သတ်လိုက်ရတာလဲ"

မွန်တင်းသည် ထိုစကားကိုကြားရသောအခါ ခံပြင်းလာလေသည်။

ဟုန်စွန်းအီသည် သိုင်းလောကတွင် ထိပ်တန်းရောက်နေသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

ယင်းကဲ့သို့ ထိပ်တန်းသို့ရောက်ရှိနေသော ပုဂ္ဂိုလ်တစ်ဦးက ပြဿနာကိစ္စရပ်များကို သေချာစွာလေ့လာစုံစမ်းမှုမရှိဘဲ ယခုကဲ့သို့ သတင်းစကားအရ မိမိအပေါ် လူသတ်ကောင်အဖြစ် စွပ်စွဲနေသည်ကိုကြားလိုက်ရသည့်အတွက် မွန်တင်းသည် ဟုန်စွန်းအီအပေါ် အထင်ကြီးခြင်းမရှိတော့ချေ။

မွန်တင်းက ရင်ကိုကော့ပြီးပြောလိုက်လေ၏။

"ကျုပ်စကားတစ်ခွန်းပြောချင်တယ်၊ ခင်ဗျားတို့က မဆင်မခြင်ဘဲ ကျုပ်ကိုအခုလိုစွပ်စွဲတာတော့ကျုပ်သိပ်ရယ်ချင်တယ်"

ဟုန်စွန်းအီသည် သူ့အား စိုက်ကြည့်လိုက်ပြီး.....

"ဘာလဲ မင်းကငါ့ကိုလိမ်ချင်သေးလို့လား"

မွန်တင်းကခေါင်းခါယမ်းလိုက်၏။

"ကျုပ်ဘာမှမငြင်းတော့ဘူး၊ ဘာမှလဲ မပြောတော့ဘူး၊ ခင်ဗျားတို့ ကျုပ်ကိုသတ်ချင်တယ်ဆိုရင်လဲ သတ်ကြပါ"

သူသည် ယင်းသို့ပြောဆိုပြီးသည်နှင့်လက်ထဲမှဓါးကိုပစ်ချလိုက်လေ၏။ မွန်တင်း၏အပြုအမူကြောင့် ဟုန်စွန်းအီ အံ့အားသင့်သွား၏။ မွန်တင်းအား သူကောင်းစွာမှတ်မိသည်။



တစ်ချိန်က မွန်တင်းသည် သူ၏ဖခင်အတွက် ကလဲ့စားချေနိုင်ရန် မိမိထံသိုင်းပညာသင်ကြားရန် လာရောက်တောင်းပန်ခဲ့ဖူး၏။ ယခု ဤလူငယ်သည် သိုင်းပညာတိုးတက်မြင့်မားလာသည့်အပြင် လောကကိုစိတ်အလွန်ပျက်နေဟန်ဖြစ်နေသည်ကိုတွေ့ရသည်။ ဤလူငယ်သည် မည်သည့်အကြောင်းကြောင့် ဤမျှစိတ်ဓာတ်ကျဆင်းနေရပါသနည်း။

သူသည် ဤသို့တွေးရင်း .... မွန်တင်းအား အတန်ကြာအောင်အကဲခတ်ကြည့်နေမိသည်။ မွန်တင်းသည် ဟုန်စွန်းအီက မိမိအားအထင်သေးစွာကြည့်နေသည်ဟု ထင်မှတ်မိလေသည်။

"မင်းက ငါ့ဆီကိုသိုင်းပညာသင်ဖို့လာခဲ့ဖူးသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး ...... မင်းကိုငါ ဘာဖြစ်လို့ သိုင်းပညာသင်မပေးသလဲဆိုတာသိသလား"

"မသိပါဘူးခင်ဗျာ"

"မင်း သိုင်းပညာလာသင်တဲ့ရည်ရွယ်ချက်က မင်းရဲ့ကိုယ်ရေးကိုယ်တာ ကလဲ့စားချေဖို့အတွက်ကြောင့် ငါကလက်မခံခဲ့တာ၊ ဘာဖြစ်လို့လဲဆိုရင် သိုင်းပညာကို ကိုယ်ရေးကိုယ်တာအတွက်အသုံးပြုဖို့ ငါဘယ်တော့မှ သင်မပေးဘူးကွ၊ ဒါ့ကြောင့် မင်းကို ငါသိုင်းပညာသင်မပေးခဲ့တာပဲ..."

မွန်တင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား သင်မပေးလဲ ကျွန်တော်ဂရုမစိုက်ပါဘူး ခင်ဗျား ဆီမှာ ကျွန်တော်တတ်ထားတဲ့သိုင်းပညာနဲ့ တစ်ကွက် နှစ်ကွက် လောက်ယှဉ်ပြိုင်ဖို့ဆုံးဖြတ်ထားပါတယ်"

မွန်တင်း၏စကားကြောင့် အားလုံးမှာ အံ့အားသင့်သွား ကြ၏။ ဟုန်စွန်းအီသည် မွန်တင်းအားစေ့စေ့ကြည့်ကာ....

"အင်း..... ဒီလိုဆို မင်းဟာ သိုင်းပညာတော်တော်တတ် လာပြီထင်တယ်...."

"ဒါကတော့ ခင်ဗျားနဲ့ယှဉ်ပြိုင်ရင်သိရမှာပေါ့ဗျာ"

"ဘာလဲ.... မင်းက ငါနဲ့သိုင်းပညာယှဉ်ပြိုင်ချင်လို့လား"

"ဟုတ်ပါတယ်"

မွန်တင်း၏စကားကြောင့် ချိုဝင်းတို့လူစုမှာ အံ့ဩသွားကြ ပြန်သည်။ ဤသူငယ်သည် ရူးများရူးနေပြီလားဟူ၍ စိတ်ထဲ၌ တွေးထင်မိသည်။ ဟုန်စွန်းအီက မွန်တင်းအားစေ့စေ့ကြည့်ကာ...

"ကဲ ... မင်းကငါ့ကိုစိန်ခေါ်နေမှ ငါကလက်မခံရင် ငါ့ နာမည်ပျက်သွားပါဦးမယ်ကွာ၊ အဲဒီတော့ ...."

သူသည် တစ်ဖက်ရှိလူများကိုလှမ်းကြည့်လိုက်ပြီး ....

"ကဲ .... ဒီလိုလုပ်၊ ငါကမင်းကို သိုင်းကွက်တစ်ကွက်ထဲ ပဲတိုက်ခိုက်မယ်၊ ငါ့ရဲ့သိုင်းကွက်တစ်ကွက်ကို မင်းကရှောင်နိုင်ခဲ့ ရင် မင်းကိုငါအသက်ချမ်းသာပေးလိုက်မယ်၊ မင်းအပေါ်ကျရောက်



နေတဲ့ကိစ္စအားလုံးကို ငါတာဝန်ယူပြီးရှင်းပေးမယ်၊ ဘယ့်နှယ်လဲ"

မွန်တင်းခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

မွန်တင်း၏စကားကြောင့် ဟုန်စွန်းအီ၏စိတ်ထဲတွင် ...

"အင်း .... ဒီသူငယ် ရူးများရူးနေသလားမသိဘူး၊ ငါက သူ့ကိုညှာလိုက်ရင် ငါ့နာမည်ပျက်မယ်၊ သူ့ကိုသတ်မိရင်လည်း စိတ်ကောင်းနိုင်မှာမဟုတ်ဘူး"

သို့သော် မွန်တင်းမှာဟုန်စွန်းအီအားတိုက်ခိုက်ရန်အသင့် အနေအထားဖြစ်နေကြောင်းတွေ့ရလေ၏။

"ကဲ......ဦး၊ ဦးရဲ့သိုင်းပညာတစ်ကွက်ကို လက်ခံဖို့ ကျွန်တော်အဆင်သင့်ဖြစ်နေပါပြီ"

မွန်တင်း၏တဖွတ်ထိုးအပြုအမူကြောင့် ဟုန်စွန်းအီမှာ ခေါင်းတစ်ချက်ခါရမ်းလိုက်ပြီး သက်ပြင်းချကာ....

"မင်းက ဒီလောက်တောင်းဆိုလာမှတော့ ငါလဲနေလို့မရ တော့ဘူးပေါ့၊ ဒါပေမဲ့ ငါ့ရဲ့သိုင်းကွက်ကိုတော့ မင်းနားလည် အောင်ရှင်းပြရဦးမယ်"

သူသည် မွန်တင်းအားကြည့်ပြီးစကားဆက်ပြန်သည်။

"ငါအခုတိုက်ခိုက်မဲ့သိုင်းကွက်နာမည်က အရာရာသည် မူလလို့ခေါ်တယ်၊ ဒီသိုင်းကွက်ဟာ သိုင်းကွက်တစ်ကွက်တည်း ဆိုပေမဲ့ ပုံသဏ္ဍာန်နှစ်ခုရှိပါလိမ့်မယ်၊ ပုံသဏ္ဍာန်တစ်ခုကတော့

'စိတ်ဆ[illegible]မလှုပ်ရှားမီ'နဲ့ နောက်ပုံသဏ္ဌာန်တစ်ခုကတော့ 'လှုပ်ရှ[illegible]ရှေ့ကသွား'လို့ခေါ်တယ်ကွဲ့၊ 'စိတ်ဆန္ဒမလှုပ်ရှားမီ' ဆို[illegible]ပုံသဏ္ဌာန်ကဘယ်ဘက်လက်မှာရှိတယ်၊ ဒီပုံသဏ္ဌာန်က ဘယ်ဘက်မှာရှိတယ်၊ ဒီပုံသဏ္ဌာန်နေဟာန်ကတော့ ဟာန်ပြသိုင်းကွက်တစ်ခုပဲ၊ အေး မင်းသတိထားရမှာကညာဘက်လက်ကွ၊ အဲဒီ 'အရာရာသည်မူလသို့'ဆိုတဲ့သိုင်းကွက်ဟာ သိုင်းလောကတစ်ခုလုံးမှာရှိသမျှ ဂိုဏ်းအသီးသီးကသိုင်းပညာရပ်များကို လေ့လာဆည်းပူးပြီး တီထွင်ထားတဲ့သိုင်းကွက်တစ်ခုဖြစ်တယ်..."

ဟုန်စွန်းအီသည် စကားကိုခေတ္တရပ်လိုက်ပြီးနောက်....

"ကုန်အောင်ပြောရမယ်ဆိုရင် အခု သိုင်းလောကတစ်ခုလုံးမှာ ငါ့ရဲ့ဒီသိုင်းကွက်ကိုခံနိုင်ရည်ရှိတဲ့သူ မရှိသလောက်ရှားတယ်၊ မင်းရဲ့ဆရာ ကြာပန်းဒေဝီတောင် ငါ့ရဲ့ဒီသိုင်းကွက်ကို ခံနိုင်မှာမဟုတ်ဘူး၊ အခု ငါ့ရဲ့ဒီသိုင်းကွက်ကိုသုံးလိုက်ပေမဲ့ အားကို ဆယ်ပုံ့သုံးပုံလောက်ပဲသုံးမယ်၊ နောက်ပြီး ဒီသိုင်းကွက်ရဲ့ သဘောတရားကိုလည်း ကြိုတင်ရှင်းပြထားတဲ့အတွက် မင်းကိုညှာတာတဲ့သဘောရှိတယ်ဆိုတာကို မင်းနားလည်းထားဖို့လိုတယ်"

မွန်တင်းသည် ဟုန်စွန်းအီ၏စကားကိုသေချာနားထောင်ပြီး သူသည် ဟုန်စွန်းအီ၏ညာဘက်လက်ဝါးကို သတိပြုရန် ဆုံးဖြတ်လိုက်လေတော့သည်။ သူကား အသင့်ဖြစ်နေလေပြီ။

****



## အခန်း (၃၂)
## သုံးဦးဆုံချက်

မွန်တင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

"ကဲ.... 'ငါပြောတာ မင်းရှင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့.... ကျွန်တော်အားလုံးနားလည်ပါပြီ"

ဟုန်စွန်းအီကတစ်ချက်ပြုံးလိုက်ပြီး......

"ကဲ..... ဒါဖြင့် ငါ့သိုင်းကွက်လာပြီ...."

စကားဆုံးသည်နှင့်... သူ၏ကိုယ်ခန္ဓာမှာ လျှပ်တစ်ပြက်ရှေ့တိုးလာပြီးလျှင် ဘယ်ညာလက်ဝါးနှစ်ခုစလုံးကို တစ်ပြိုင်တည်း တွန်းထုတ်လိုက်လေ၏။ မွန်တင်းသည် ဝဲဘက်သို့ရှောင်တိမ်းလိုက်၏။ အဘယ့်ကြောင့်ဆိုသော် ဟုန်စွန်းအီ၏ပြောပြချက်အရ ဝဲဘက်လက်ဝါးသည် ဟာန်ပြရုံသာဖြစ်သည်ဟု သိထားသောကြောင့်ပေတည်း။

သို့သော် ဟုန်စွန်းအီ၏ဝဲဘက်သို့ရှောင်တိမ်းလိုက်သော

အခါ ဟုန်စွန်းအီ၏ဝဲဘက်လက်မှထွက်ပေါ်လာသောအားမာန်မှာ ပျော့ပျောင်းပြီး ပြင်းထန်လှသည်ကိုခံစားမိပေသည်။

သူသည် ရင်ထိတ်သွား၏။

"တောက်..... အဘိုးကြီး၊ ငါ့ကိုညာတယ်"

စိတ်ထဲတွင်ကြိတ်၍ ဟုန်စွန်းအီအားဒေါသဖြစ်မိသည်။

ထို့ကြောင့် ..... သူသည် ကပျာကယာ ဟုန်စွန်းအီ၏ယာဘက်သို့ရှောင်တိမ်းလိုက်၏။ ထိုအခါ ဟုန်စွန်းအီ၏ယာဘက်လက်ဝါးသည် ထပ်ဆင့်တစ်ချက်တွန်းရာ .....

"ဝုန်း"

မွန်တင်း၏ကိုယ်ခန္ဓာမှာ အလွန်ပြင်းထန်သော ဟုန်စွန်းအီ၏ယာဘက်လက်ဝါးထိမှန်သွားပြီ အဝေးသို့လွင့်စဉ်ကာ နံရံနှင့်ဆောင့်မိပြီး မြေပေါ်သို့လဲကျသွားလေတော့သည်။ သွေးများသည် သူ၏ပါးစပ်မှယိုစီးလာ၏။ သူသည် ဟုန်စွန်းအီ၏စကားကို အယုံအကြည်မရှိ၍ ဤကဲ့သို့ခံစားမိခြင်းကို နောင်တရမိလေသည်။

****

မွန်တင်းသည် ကြမ်းပြင်ပေါ်တွင် ဝေဒနာခံစားရင်း ကြိုးစား၍ထလိုက်၏။ သို့သော် .... ဒဏ်ရာကပြင်းထန်လွန်းသဖြင့် ပြန်လည်လဲကျသွားလေတော့သည်။

ထိုအခါ စွန်ရှမ်းသည် သူ့ထံသို့ လျှောက်လာပြီး ဓားဖြင့်



ခုတ်ရန်ရွယ်လိုက်သည်။

"ဟော့.... ရပ်လိုက်"

ဟုန်စွန်းအီကဟန့်တားလိုက်သည်။

"ဆရာကြီး.... ဒီသူငယ်က ကြာပန်းဂိုဏ်းဝင်ဖြစ်တဲ့အတွက် အသက်ရှင်နေသရွေ့ကာလပတ်လုံး အားလုံးကို ဒုက္ခပေးနေဦးမှာပဲ"

ဟုန်စွန်းအီခေါင်းကိုခါယမ်းလိုက်၏။

"ဒီမှာစွန်ရှမ်း.... ကျုပ်ဟာ စကားတစ်ခွန်းကနေ နှစ်ခွန်းပြောတဲ့လူစားမဟုတ်ဘူး။ ကျုပ်က သူ့ကိုကတိပေးထားပြီးပြီ၊ အမှန်ပြောရရင် ဒီသူငယ်မှာ ဒီလူတွေကို မသတ်ခဲ့ဘူး၊ သူဟာ ကြာပန်းသိုင်းပညာကို တတ်မတတ်ဆိုတာသိချင်လို့ သူစိန်ခေါ်တာကိုလက်ခံလိုက်တာပါ၊ အခုလဲ သူဟာ ဒီလောက် အကျပ်အတည်းတွေ့နေတာတောင် ကြာပန်းသိုင်းပညာ လုံးဝမသုံးတာကို ကြည့်ခြင်းအားဖြင့် ဒီသူငယ်ပြောတဲ့စကားဟာ မှန်ကန်တယ်လို့ ကျုပ်ယုံကြည်တယ်"

ဟုန်စွန်းအီက အားလုံးကိုတစ်ချက်ဖြဲ၍ကြည့်ပြီး.....

"ခင်ဗျားတို့အားလုံး ကျုပ်ပြောတာ သဘောပေါက်တယ်မဟုတ်လား"

ကာယပါရှိုဝင်းကခေါင်းညိတ်လိုက်ပြီး ....

"ကျုပ်သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ..... "

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"သူက သိုင်းရာဇာငါးယောက်ကိုသတ်သွားတဲ့အတွက် ကျုပ်မကျေနပ်နိုင်ဘူး"

ဟုန်စွန်းအီက လက်ကာပြ၍ဟန့်တားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ သူ့ကိုကတိပေးပြီးပြီဖြစ်တဲ့အတွက် အခု သူ့ကိုအသက်ချမ်းသာရာပေးလိုက်မယ်၊ နောက်ပိုင်း သူ့ကိုပြန်တွေ့တဲ့အခါ မင်းတို့သဘောအတိုင်း လုပ်ချင်တာလုပ်ကြ၊ ကျုပ်နဲ့မဆိုင်တော့ဘူး"

သူသည် စကားဆုံးလျှင် သတိမေ့နေသောမွန်တင်းအား မ့ယူလိုက်၏။ ထို့နောက် .....

"ကဲ ..... ကျုပ်သွားပြီ"

ဟုန်စွန်းအီသည် ထိုလူလေးယောက်အား တစ်ချက်ပြုံးပြပြီး အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့်ထွက်သွားလေတော့သည်။

****

ဤနေရာသည် တောင်ကုန်းကလေးတစ်ခုဖြစ်သည်။

ကျန်းနန်မြို့နှင့် မိုင်နှစ်ဆယ်ခန့်ကွာဝေးသည်။ ချောင်းရေများသည် ထိုတောင်ကုန်းကလေးမှ ကွေ့ကောက်ရစ်ကာ စီးဆင်းနေ၏။ စိမ်းလန်းစိုပြေနေသောသစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်တစ်ခုလုံးကို သာယာအောင်ဖန်တည်းထားသည့်ပမာ



ဖြစ်နေလေ၏။

ထို့နောက် သူသည် အိတ်တွင်းမှဆေးလုံးများကိုယူပြီး မွန်တင်း၏ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

တဖန် ချောင်းရေအနည်းငယ်ကိုခတ်ယူပြီး မွန်တင်းအား တိုက်လိုက်သည်။ မွန်တင်း၏မျက်လုံးအစုံမှာ မှိတ်ထားသော်လည်း အသက်ကိုမှန်မှန်ရှူနေသည်။ သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိ၊ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ထိုစဉ် အလွန်လှပသောမိန်း[illegible]းတစ်ယောက် သူတို့ထံသို့လျှောက်လာသည်။ သူမသည် မွ[illegible]အားစိုးရိမ်ပူပန်သော အကြည့်မျိုးဖြင့်တစ်ချက်လှမ်းကြည့်ပြီး [illegible]န်းအီဘက်လှည့်၍

"ဖေဖေ..... သူ့ဒဏ်ရာဘယ့်နှယ်နေသေးသလဲဟင်"

"သူ့ကို ဖေဖေဆေးတိုက်ထားတယ်၊ မကြာခင်သက်သာလာပါလိမ့်မယ်"

"ဖေဖေကလဲ သူ့ကို ဘာဖြစ်လို့ ဒါလောက်ပြင်းပြင်းထန်ထန်ရအောင် လုပ်လိုက်ရတာလဲဖေဖေ"

"ဩော် သမီးကလဲ၊ သူက ကြာပန်းသိုင်းပညာကိုတတ်မတတ်သိချင်တာနဲ့စမ်းကြည့်တာပါ"

ဟုန်စွန်းအီက သက်ပြင်းချပြီးစကားဆက်လိုက်၏။

"အင်း..... ဖေဖေ သူ့ကိုသိုင်းကွက်အကြောင်းကြိုတင်ပြီး ရှင်းပြထားပေမယ့် သူက ဖေဖေ့ကိုမယုံလို့ အခုလိုပြင်းပြင်းထန်

ထန်ခဏ်ရာရတာပေါ့၊ ကဲပါသမီးရယ် ... သိပ်လဲစိတ်မပူပါနဲ့"

ဟုန်စွန်းအီသည် ပြောဆိုပြီးနောက် မွန်တင်းအားနှိပ်နယ်ပေးလေသည်။ သူမသည် သတိမေ့နေသော မွန်တင်းအားကြည့်ရင်း မျက်လုံးအစုံမှမျက်ရည်စများစီးဆင်းလာပေသည်။

ထိုမိန်းကလေးသည် ဟုန်စွန်းအီ၏သမီး မွန်တင်းအားသိုင်းကွက်ရှစ်ကွက်သိုင်းပညာစာအုပ်ကိုပေးခဲ့သော မိန်းကလေးစွန်းကျဲပင်ဖြစ်၏။

သူမသည် မွန်တင်းနှင့်စတင်တွေ့ဆုံခဲ့သည့်အကြောင်းများကိုပြန်လည်တွေးမိရင်း စိတ်မကောင်းဖြစ်ကာ မျက်ရည်များတားမနိုင်ထိန်းမရဘဲ စီးဆင်းကျနေလေတော့သည်။

****

နေဝန်းနီသည် မြေပြင်မှင့်လျှိုးစပြုနေလေပြီ။

ကောင်းကင်တစ်ခုလုံးမှာ တစ်စထက်တစ်စမှောင်၍လာလေသည်။ ဟုန်စွန်းအီသည် မွန်တင်းအားကုသပေးနေသည်။

စွန်းကျဲသည် တောင်ကုန်းပေါ်တွင်မတ်တတ်ရပ်ကာ လူစိမ်းမလာစေရန်စောင့်ကြည့်နေပေသည်။

ထိုစဉ် ရုတ်တရက် စွန်းကျဲသည် စကားပြောသံကြားလိုက်ရသဖြင့် သစ်ပင်တစ်ပင်၏ပင်စည်နောက်သို့ ပြေးလွှားကာပုန်းလျှိုးလိုက်သည်။ ထို့နောက် သူမသည် အသံလာရာသို့ လှမ်း



ကြည့်လိုက်၏။ အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့သည် တောင်ကုန်းပေါ်တက်လာသည်ကိုတွေ့လိုက်ရ၏။

မိန်းကလေးမှာ တစ်ကိုယ်လုံးအဖြူရောင် ဝတ်ဆင်ထားပြီး အဘိုးအိုမှမူ အနက်ရောင်အဝတ်အစားကိုဝတ်ဆင်ထား၏။

"ဖေဖေ..... ခုနက သည်တောင်ကုန်းပေါ်မှာ လူရိပ်တွေ့မိလိုက်သလိုပဲ"

အဖြူရောင်မိန်းကလေး၏အသံဖြစ်၏။

"မဟုတ်တာကွာ... ငါဘာမှမတွေ့မိပါလား"

အဘိုးအိုကပြန်ပြောလိုက်၏။

"မဟုတ်ဘူးဖေဖေ ကျွန်မ သေသေချာချာတွေ့လိုက်တာ"

ထိုမိန်းကလေးသည် ပြောရင်း တောင်ကုန်းပေါ်သို့ရောက်ရှိလာသည်။ ရုတ်တရက်.... သူမသည် တောင်ကုန်းတစ်ဖက်သို့ညွှန်ပြလိုက်ပြီး ...

"ဟိုမှာတွေ့လားဖေဖေ လူနှစ်ယောက်ရဲ့အရိပ်ကို တွေ့တယ်မဟုတ်လား"

အဘိုးအိုသည် မိန်းကလေးညွှန်ပြရာဘက်သို့ ကြည့်လိုက်သည်။

"ဟုတ်တယ်သမီး ... လူနှစ်ယောက်ထိုင်နေကြတယ်ကွဲ့"

"ဒါဖြင့် သွားကြရအောင်ဖေဖေ"

အဘိုးအိုတို့သည် မွန်တင်းတို့ရှိရာသို့ ဦးတည်သွားနေ

သည်ကိုတွေ့ရလျှင် စွန်းကျဲမှာပုန်းကွယ်နေရာမှ ဟန့်တားရန် ထွက်မည်ပြုစဉ် မမျှော်လင့်ဘဲ သူမပုန်းကွယ်နေသောသစ်ပင်ပေါ်မှလူရိပ်တစ်ခုသည် အောက်သို့ခုန်ချလာလေ၏။

စွန်းကျဲသည် ထိုသူအားတွေ့မြင်မိသောအခါ ထိတ်လန့်သွားသည်။ သစ်ပင်ပေါ်မှ ခုန်ဆင်းလာသောမိန်းကလေးမှာ ကြာပန်းဂိုဏ်း၏တပည့်မ နုအင်းဖြစ်နေလေ၏။

စွန်းကျဲသည် ကိုယ့်ကိုယ်ကိုရှက်မိ၏။

မိမိ၏သိုင်းပညာအဆင့်မှာ မနိမ့်လှပါ။

သို့သော်..... နုအင်းတစ်ယောက် မည်သည့်အချိန်က မိမိပုန်းကွယ်နေသောသစ်ပင်ပေါ်သို့ ရောက်နေခြင်းကို မသိရှိခဲ့ပေ။ သူမ ထိုသို့တွေးနေစဉ် နုအင်း၏အသံထွက်ပေါ်လာသည်။

"ရှင်တို့ဘာလာလုပ်နေကြတာလဲ"

အဖြူရောင်ဝတ်ထားသောမိန်းကလေးသည် နုအင်းကို တွေ့မြင်ရသောအခါ မျက်မှောင်ကုပ်သွား၏။

"ရှင်ဘယ်သူလဲ .... ကျွန်မဖေဖေကိုလဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရသလား"

နုအင်းသည် မိမိရင်ဝသို့လက်မဖြင့်ညွှန်ပြရင်း .....

"ကျွန်မနာမည်ကနုအင်း၊ ကြာပန်းဒေဝီရဲ့တပည့်မ၊ ကဲ သိပြီမဟုတ်လား"

"ဩော် .... ရှင်ကကြာပန်းဒေဝီဂိုဏ်းကကိုး"



"ဟုတ်ပါတယ် ရှင်တို့ကဘယ်သူတွေလဲ ဘာလာလုပ်ကြတာလဲ၊ ပြောပါ"

"ကျွန်မနာမည်ဖုံးအင်းပါ၊ ဒါက ကျွန်မအဖေဖုံးဝူးကျိုပါ"

နုအင်းကအေးစက်စွာပြုံးလိုက်ပြီး.....

"ဘာပဲဖြစ်ဖြစ် ရှင်တို့ အခုဒီနေရာကထွက်သွားကြပါ"

ဖုံးအင်းကမဲ့ပြုံးပြုံးလိုက်၏။

"ကျွန်မတို့က ဘာဖြစ်လို့ထွက်သွားရမှာလဲ"

"ကဲ.... ဒါလောက်တောင်ခေါင်းမာဦး"

နုအင်းသည် ရုတ်တရက် လက်ဝါးဖြင့်ဖုံးအင်း၏ပါးပြင်ပေါ်သို့ရိုက်ချလိုက်လေ၏။

"ဖြန်း"

ဖုံးအင်းမှာ ရှောင်တိမ်းလိုက်သော်လည်း မမှီလိုက်တော့ချေ။ နုအင်း၏လက်ဝါးသည် ဖုံးအင်း၏ပါးပြင်ပေါ်သို့ ကျရောက်သွားလေ၏။ ဖုံးအင်းမှာ ရှက်လည်းရှက် ဒေါသလည်းဖြစ်မိကာ သူမ၏ကျောမှပိုးထားသောဓားကိုဆွဲထုတ်ပြီး နုအင်းအား တရကြမ်းတိုက်ခိုက်လေတော့သည်။

သိုင်းပညာမှာ ဒေါသအလျှောက်တိုက်ခိုက်ခြင်းမျိုးကို အမြဲ ရှောင်ကြဉ်ရမည်ဖြစ်၏။ ဖုံးအင်းက ဒေါသကြီးစွာ ဝင်ရောက်တိုက်ခိုက်ခြင်းကို နုအင်းကခပ်အေးအေးပင် ရှောင်တိမ်းပြီးနောက် နုအင်း၏လက်ဝါးစောင်းသည် ဖုံးအင်းလည်ဂုတ်ဆီသို့ရောက်ရှိ

သွားလေသည်။ ဖုံးဝူးကျိုမနေနိုင်တော့ပါ။

နှအင်းအား ဝင်ရောက်တိုက်ခိုက်လေသည်။ နှအင်းသည် ဖုံးအင်းအားတိုက်ခိုက်နေရာမှ နောက်သို့ဆုတ်ပြီး.....

"ဒီမယ် ရှင် လူကြီးပါ၊ နာမည်ကျော်သိုင်းဆရာပါ၊ အခု ထိ စည်းကမ်းကိုမစောင့်ထိန်းဘဲ ဝင်တိုက်တာ မရှက်ဘူးလား"

ဖုံးအင်းမှာ မိမိဖခင် ဝင်ရောက်ကူညီတိုက်ခိုက်သည်ကို တွေ့ရသောအခါ စိတ်အားတက်ကြွလာပြီး နှအင်းအားထပ်မံတိုက်ခိုက်လိုက်ပြန်သည်။ သို့သော် ဖုံးဝူးက ဟန့်တားလိုက်၏။

"ကဲပါသမီးရယ် သူကမသွားစေချင်ရင်လဲ ပြန်ကြပါစို့"

စကားဆုံးသည်နှင့် သူသည် ဖုံးအင်း၏လက်ကိုဆွဲကာ တောင်ကုန်းအောက်သို့ဆင်းသွားလေတော့သည်။

****

သစ်ပင်နောက်တွင် ပုန်းကွယ်နေသောစွန်းကျဲသည် တောင်ကုန်းအောက်ဆင်းသွားသော မိန်းကလေးကိုမှတ်မိလိုက်၏။ သူမမှာ တစ်ချိန်က မိမိကို ယောက်ျားဟန်ဆောင်နေသော မိန်းကလေးဟုထုတ်ဖော်ပြောဆိုခဲ့သော အနောက်တောင်နယ်မှ မိန်းကလေးဖြစ်နေလေ၏။

****



အခန်း (၃၃)

လူထူးလူဆန်းအဘိုးအို

"ဟား..... ဟား..... ဟား"

စူးရှသောရယ်မောသံတစ်သံ ထွက်ပေါ်လာလေသည်။ တောင်ကုန်းပေါ်သို့ အလွန်လှပသောမိန်းကလေးတစ်ယောက် တက်လာပြန်သည်။ သူမတစ်ကိုယ်လုံးတွင် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုမိန်းကလေးက နှအင်းအားစေ့စေ့ကြည့်ရင်း....

"ဒီမယ်....ရှင်ဟာ ကြာပန်းဒေဝီရဲ့တပည့်မဟုတ်လား"

"ဟုတ်တယ်"

သူမက နှအင်းအားစေ့စေ့ကြည့်ကာ......

"ရှင့်ဆရာ....ကြာပန်းဒေဝီဘယ်မှာလဲ"

နှအင်းက ဒေါသထွက်လာ၏။

"ရှင်ဘာတွေလာမေးနေတာလဲ၊ ရှင်ကော ဒီကို ဘာလာလုပ်တာလဲ"

ထိုမိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး .....

"မေးခွန်းတွေ များလှချည့်လား၊ ကျွန်မဘာကိုဖြေရမလဲ ပြောစမ်းပါဦး"

နအင်း ပို၍ဒေါသထွက်လာ၏။

"ပြောနေတာမကြားဘူးလား ရှင် ဒီကို ဘာလာလုပ်တာလဲ၊ ဒါဟာအဓိကမေးခွန်းပဲ"

ထိုမိန်းကလေးက တောင်ကုန်းတစ်ဖက်ရှိ ဟုန်စွန်းအီထံသို့ညွှန်ပြလိုက်ရင်း .....

"ကျွန်မ ဟိုဘက်ကိုသွားမလို့၊ အဲဒါဘာဖြစ်သလဲ"

နအင်းက မထီမဲ့မြင်ပြုံးလိုက်သည်။

"ဘာလဲ သူများဒုက္ခရောက်နေတုန်း ရှင်ကဒုက္ခပေးမလို့လား"

ထိုမိန်းကလေးသည် မဲ့ပြုံးပြုံးလိုက်၏။

"နေပါဦး ဒီလူတွေက ရှင်နဲ့ဘယ်လိုပတ်သက်နေလို့လဲ"

"ဒါက ရှင်နဲ့ဘာမှမဆိုင်ပါဘူး"

အနီရောင်မိန်းကလေးကပြုံးလိုက်ပြီး.....

"ဒါဖြင့် ရှင့်ကိုပဲဒုက္ခပေးရတော့မှာပေါ့"

နအင်း မျက်မှောင်ကုတ်သွားသည်။

ထိုမိန်းကလေးကပင် စကားဆက်ပြန်သည်။

"အေးလေ ရှင်းရှင်းပြောမယ် ရှင့်ကိုသတ်ပစ်ချင်လို့"



နအင်းသည် အံ့အားသင့်သွားလေ၏။

"ရှင်ဘယ်သူလဲ ကျွန်မကိုဘာဖြစ်လို့သတ်ချင်ရတာလဲ"

ထိုမိန်းကလေးကပြုံးလိုက်ပြီး.....

"ကျွန်မနာမည် 'စင်အိ' လို့ခေါ်တယ်၊ တိဘက်နယ်ကနေပြည်မကိုလာခဲ့တာပါ"

"နေပါဦး....ရှင်ကကျွန်မနဲ့ဘယ်လိုရန်ငြိုးရှိလို့လဲ"

စင်အိက ခေါင်းခါယမ်းလိုက်သည်။

"ရန်ငြိုးမရှိပါဘူး"

"ဒါဖြင့် .... ရှင်က ဘာဖြစ်လို့ ကျွန်မကို သတ်မယ်လို့ပြောတာလဲ"

စင်အိကပြုံးလိုက်သည်။

"ဒီလိုပါရှင်....ပြည်မတစ်ဝိုက်မှာ ရှင်တို့ ကြာပန်းဂိုဏ်းကတော်တော်လူတွင်ကျယ်လုပ်နေတယ် ကြားတယ်၊ ဒါ့ကြောင့်ကျွန်မ ပြည်မကိုလာရောက်ပြီး ရှင်တို့ကိုလိုက်ရှာနေတာပဲ"

သစ်ပင်နောက်ကွယ်တွင်ပုန်းကွယ်နေသော စွန်းကျဲမှာ [စ]င်အိ၏စကားကြားလိုက်ရသောအခါ ရင်ထိတ်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် .....

ကြာပန်းဂိုဏ်းမှနအင်းသည် အလွန်ရက်စက်ကြမ်းကြုတ်[သည်ဟု] [နာမည်ကြီ]း ခေါင်းမာလှသည်ဟုထင်ခဲ့လေသည်။ ယခု 'စင်အိ' ဆိုသော [မိ]န်းကလေးက ပို၍ပင်ရက်စက်ကြမ်းကြုတ်လိမ့်မည်ဟု ရိပ်စား

မိလာသောကြောင့်တည်း။

ထိုစဉ် ...... မွန်တင်းနှင့်ဟုန်စွန်းအီတို့ မြေပေါ်မှထကာ မတ်တပ်ရပ်လာသည်ကိုတွေ့လိုက်ရ၏။ သူမ၏ဖခင်မှာ မွန်တင်းအားကုသပေးမှုကြောင့် သက်သာသွားပြီဟုသိလိုက်၏။

စွန်းကျဲ ဝမ်းသာသွားသည်။ နအင်းကလည်း မွန်တင်း၏ဒဏ်ရာမှာပျောက်ကင်း၍ မတ်တတ်ရပ်လာသည်ကို တွေ့မြင်လိုက်မိ၏။ သူမသည် မွန်တင်းအား အတွေ့မခံလိုသဖြင့် စင်အီအားချောင်းကြည့်ပြီးနောက် သင်ပြင်းရှည်တစ်ချက်ချကာ တောင်ကုန်းအောက်သို့ပြေးဆင်းသွားတော့သတည်း။

****

စွန်းကျဲ မျက်မှောင်ကုပ်သွား၏။ နအင်းမှာ အလွန်ခေါင်းမာပြီး၊ မည်သူ့ကိုမှဂရုမစိုက်သောမိန်းကလေးတစ်ယောက်ဟု သိထား၏။ ယခုမှာမူ...... 'စင်အီ'ဆိုသော မိန်းကလေးကြောင့် ထွက်ပြေးရှောင်တိမ်းသွားခြင်းကို သူမသည် နားမလည်နိုင်အောင်ဖြစ်မိသည်။

အမှန်မှာ.... နအင်း ယင်းသို့ထွက်ပြေးသွားခြင်းမှာ စင်အီအားကြောက်ရွံ့၍မဟုတ်ချေ။ မွန်တင်းက သူမအား တွေ့မြင်သွားမည်ကိုစိုးရိမ်၍ ထွက်ပြေးခြင်းဖြစ်၏။

နအင်းမှာခြေလှမ်းကျဲကျဲဖြင့် ခြေဦးတည့်ရာသွားနေ၏။ မျက်လုံးအစုံတွင် မျက်ရည်များတားဆီးမရအောင်ကျဆင်းလာ၏။



ပတ်ဝန်းကျင်မှာ မှောင်မည်းနေ၏။

အတန်ကြာ ..... သူမသည် ခြေဦးတည့်ရာသွားနေစဉ် ရုတ်တရက် တစ်စုံတစ်ဦးသည် သူမရှေ့တည့်တည့်သို့ဦးတည်၍ လာနေသည်ကိုတွေ့လိုက်ရ၏။

နအင်းသည် ခြေလှမ်းကိုရပ်လိုက်၏။ ပါးပြင်တွင် ကျန်ရစ်နေသောမျက်ရည်စများကိုသုတ်ပြီး ရှေ့သို့လှမ်းကြည့်လိုက်၏။

သူမရှေ့တွင် အသက်(၇၀)ခန့်ရှိ အဘိုးအိုတစ်ယောက် မိမိအားပြုံး၍ကြည့်နေသည်ကိုတွေ့မြင်လိုက်သည်။ နအင်းမှာ ခံစားချက်ပြင်းထန်လွန်း၍ ယခုကဲ့သို့ သူမ သွားလမ်းကို လာရောက်နှောင့်ယှက်နေသောအဘိုးအိုအပေါ် ဒေါသဖြစ်မိသည်။

ထို့ကြောင့် သူမသည် စကားပင်မပြောတော့ပါ။

သူမ၏လက်နှစ်ဖက်ကို ရှေ့သို့ဖွ့ယမ်းကာ အဘိုးအို၏ ရင်ဝကိုတစ်ချက်တွန်းထုတ်လိုက်သည်။ ဤသိုင်းကွက်မှာ နယ်နယ်ရရသိုင်းကွက်မဟုတ်ပါ။ ကျွန်းပေါ်မှ ခါးကုန်းအဘိုးအိုက သင်ကြားပေးလိုက်သော သိုင်းကွက်ကိုးကွက်အနက် အထက်မြက်ဆုံးသော သိုင်းကွက်တစ်ကွက်ဖြစ်သည်။

ယင်းသိုင်းကွက်မှာ အလွန်ပြင်းထန်ပြီး အားမာန်အပြည့်အဝပါရှိသည်။ ထိုအဘိုးအိုမှာ အသက်ကြီးရင့်သော်လည်း သွက်လက်ပေါ့ပါးလှ၏။ နအင်းက သူ့အားတိုက်ခိုက်လာသည်ကိုတွေ့ရသောအခါ တွန့်နေသောပါးပြင်ပေါ်၌ပြုံးရောင်သန်းလာလေ၏။

သူသည် ခြေနှစ်ဖက်ကို ခုန်ဆွခုန်ဆွပြုလုပ်ပြီး လက်ခုပ်လက်ဝါးတီးကာ......

"ဟား ဟား ဟား...ကောင်းကွာ၊ ခါးကုန်းကြီးကကွာ သေခါနီးမှ ရက်စက်ကြမ်းကြုတ်တဲ့တပည့်တစ်ယောက်ကို လက်ခံထားတာကိုး၊ အမလေး ကျုပ်နဲ့တွေ့လို့ပေါ့၊ တခြားလူသာဆိုရင် တစ်ခါတည်း မသာဖြစ်မှာသေချာတယ်"

အဘိုးအိုကပြောရင်း နအင်း၏ သိုင်းကွက်ကိုအသာရှောင်တိမ်းလိုက်သည်။

"ခါးကုန်းကြီးက မင်းကို ဒီသိုင်းကွက်ကိုးကွက်သင်ပေးလိုက်တဲ့အထဲမှာ ဘယ်သိုင်းကွက်ကအကောင်းဆုံးလဲဆိုတာ ငါ့ကို လေ့ကျင့်ပြစမ်း၊ ဒီခါးကုန်းကြီးဟာ နှစ်ပေါင်းသုံးဆယ်အတွင်း ဘယ်လောက်များတိုးတက်လာတယ်ဆိုတာ......."

နအင်း ရင်ထိတ်သွားသည်။

ဤအဘိုးအိုသည် မည်သူနည်း။

ခါးကုန်းကြီးက မိမိအား သင်ကြားပေးလိုက်သော သိုင်းကွက်အား ရယ်မောပြောဆိုရင်း ရှောင်တိမ်းနိုင်သည်ကို အံ့ဩနေမိသည်။ ခါးကုန်းအဘိုးအိုထက် မသာလျှင်သာရှိရမည်။

လျော့တော့ လျော့လိမ့်မည်မဟုတ်ချေ။

ဤအဘိုးကြီးမှာ ခါးကုန်းကြီး၏ မိတ်ဆွေလော။

သူငယ်ချင်းအပေါင်းအသင်းလော။



သူမသည် ယင်းသို့တွေးနေစဉ် အဘိုးအိုသည် ရယ်ရယ်မောမောဖြင့်စကားဆက်လိုက်ပြန်သည်။

"ရှေးပညာရှိတွေပြောဖူးတယ် .... မိန်းမတွေရဲ့စိတ်ဟာ ဆောင်းလေပမာလို မတည်ငြိမ်ဘူးလို့ပြောတယ်၊ ဒီစကားဟာ သိပ်မှန်တယ်၊ အခုကြည့်လေ... ခါးကုန်းကြီးနဲ့ဝမ်းချိတို့က မင်းတို့နှစ်ယောက်ကိုညားကြရလေအောင် တမင်ကြိုးစားပေးခဲ့ပေမဲ့ မင်းက မင်းချစ်သူကိုပစ်ခွာပြီးထွက်ပြေးသွားတယ်မဟုတ်လား"

အဘိုးအိုမှာပြောရင်း မျက်နှာညှိုးငယ်လာလေသည်။

"ဟုတ်ပါတယ်လေ မိန်းမတွေဟာ ဘယ်မိန်းမမှမကောင်းဘူး"

အဘိုးအိုမှာ ပြောရင်းဝမ်းနည်းလာပြီး မျက်ရည်များ ကျဆင်းကာ နောက်ဆုံးအားရပါးရငိုကြွေးလေတော့၏။ နအင်းမှာ စိတ်မကောင်းဖြစ်မိသွားသည်။ ထိုစဉ် .....

အဘိုးအိုက သူမအားလက်ညှိုးငေါက်ငေါက်ထိုးကာ .....

"မင်းမကောင်းဘူး.....မကောင်းဘူး၊ မင်းချစ်သူကိုပစ်ခဲ့ရုံမကဘူး၊ ငါ့ကိုတောင်မှ မင်းကသတ်ချင်နေတယ်မဟုတ်လား၊ ကံကောင်းလို့ပေါ့၊ မင်းသိပ်ရက်စက်တယ်"

အဘိုးအိုသည် ပြောရင်း ဝမ်းနည်းပက်လက်ဖြင့် မြေပေါ်ထိုင်ချကာ အားရပါးရငိုချလိုက်လေတော့သည်။

****

နအင်းမှာ ပို၍စိတ်မကောင်းဖြစ်လာမိသည်။ အဘိုးအိုမှာ ရင်နာဖွယ်ရာ အဖြစ်အပျက်ကိုကြုံတွေ့ခံစားနေရသူတစ်ယောက်ဖြစ်မည်ဟု ရိပ်စားမိလာသည်။ သူမသည် စိတ်မကောင်းစွာဖြင့် အဘိုးအိုအားတောင်းပန်လိုက်လေ၏။

"ကျွန်မစိတ်ထဲမှာ ခံစားချက်နဲ့ကြုံတွေ့နေရလို့ အခုလို ဘိုးဘိုးကိုတိုက်မိတာပါ .... ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မတောင်းပန်ပါတယ်"

အဘိုးအိုမှာ ပို၍ဝမ်းနည်းလာပြီး ....

"အမယ်..... အမယ်၊ မင်းက ငါ့ကိုတိုက်မိပြီးမှတောင်းပန်လို့ ငါကကျေနပ်ရမှာလား"

နအင်းက ခေါင်းတစ်ချက်ခါယမ်းပြီးသက်ပြင်းချကာ....

"ဘိုးဘိုးရယ် .... ကျွန်မထပ်ပြီးတောင်းပန်ပါတယ်ရှင်၊ ကျေနပ်ပါ"

သူမသည် ပြောရင်း လက်အုပ်ချီ၍ဦးချကန်တော့လိုက်သည်။ ထိုအခါ..... အဘိုးအိုသည် ရုတ်တရက် ထိုင်ရာမှထခုန်လိုက်ပြီး ....

"ဟား .... ဟား .... ဟား ..... မင်း မဆိုးဘူး၊ မင်း ထပ်တောင်းပန်တော့လဲ ငါကျေနပ်ရမှာပေါ့"

"ကျွန်မနာမည်နအင်းပါ၊ ဘိုးဘိုးနာမည်ကကော ဘယ်လိုခေါ်ပါသလဲ"



နအင်းသည် ထိုအဘိုးအိုအား ခါးကုန်းကြီးအဘိုးအိုနှင့် ရင်းနှီးသောမိတ်ဆွေဖြစ်မည်ဟုယူဆမိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။ အဘိုးအိုကရယ်မောလိုက်ပြီး .....

"ကျုပ်နာမည်ဘယ်လိုခေါ်မှန်းတောင် ကျုပ်မေ့သွားပြီ ဒါပေမဲ့ လူတစ်ယောက်မှာ နာမည်တစ်လုံးတော့ရှိရမယ်မဟုတ်လား ဒါကြောင့် ကိုယ့်ကိုယ်ကိုတော့ သောကကင်းဝေးတဲ့အဘိုးအိုလို့ ခေါ်တယ်လေ"

နအင်းသည် မျက်မှောင်ကုပ်သွားသည်။ ထိုအဘိုးအိုက မိမိအား နာမည်ကိုမပြောလို၍ ယခုကဲ့သို့ လိုးလွှဲပြောလိုက်ခြင်းဖြစ်သည်ဟုယူဆမိသည်။ အဘိုးအိုသည် နအင်း၏အတွေးကို ကြို သိမြင်သကဲ့သို့ ပြုံး၍ပြော၏။

"ဒီမှာမိန်းကလေး၊ မင်းဘာမှစိတ်ကူးမနေနဲ့၊ မင်းနဲ့ငါ ခုလိုတွေ့ဆုံရတာ ရေစက်ရေစက်လို့ ငါယူဆတယ်၊ အဲဒီတော့ မင်းကို ငါ့အထူးချွန်ဆုံးသိုင်းကွက်သုံးကွက်သင်ပေးမယ်၊ နောက်ပြီး မင်းကို ဆေးတစ်မျိုးလဲလက်ဆောင်ပေးမယ်"

နအင်းသည် အဘိုးအို၏စကားကိုကြားရသောအခါ အံ့အားသင့်သွားမိသည်။ အဘိုးအိုကဆက်၍.......

"မင်းစိတ်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ ငါအားလုံးသိတယ်၊ မင်းက မင်းရဲ့ချစ်သူကိုလဲ မျက်စိအောက်က အပျောက်မခံချင်ဘူး၊ ဒါပေမဲ့ မင်း၏ သူ့ကိုလဲအတွေ့မခံချင်ဘူး၊ ဒါကြောင့်

မင်းက မင်းချစ်သူနောက်ကို တိတ်တဆိတ်လိုက်နေတယ်မဟုတ်လား"

နအင်းအံ့သြသွားမိပြန်၏။ မိမိရင်ထဲ၌ဖြစ်ပေါ်လာသော ခံစားချက်များနှင့် မိမိ၏လှုပ်ရှားမှုအားလုံးတို့ကို အဘိုးအိုကတိကျမှန်ကန်စွာ ပြောဆိုနိုင်ခြင်းဖြစ်သည်။

သူမက မွန်တင်းအား အလွန်ချစ်ပါသည်။ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ပင် ချစ်လှပါသည်။ သို့သော် သူက စွန်းကျဲ၏သိုင်းကျမ်းကို သူကိုယ်တိုင်သွားပေးမည်ဟုပြောဆိုခဲ့သည်မဟုတ်ပါလော။

မိမိအား သိုင်းကျမ်းသွားပေးလိုက်ပါဟုပြောလျှင် မိမိက သွားပေးမည်သာဖြစ်သည်။ ယခုတော့ ....

ထို့ကြောင့် သူ့အား ချစ်လျက်ထားပစ်ခဲ့ခြင်းဖြစ်ပါသည်။ ထွက်လာခဲ့တော့လည်း သူ့ကိုစိတ်မချပြန်။ စိတ်မချသည့်အတွင်း သူဒဏ်ရာရခဲ့ပြန်သည်။

ဤဒဏ်ရာဖြင့် သေသည်ကို သူမကြည့်ရက်ပါ။ လိုက်လံရှောင်မြောင်းရာ ဟုန်စွန်းအီက ကယ်တင်ကုသပေးသည်ကို တွေ့ရပြန်သဖြင့် သူမှ ပြေးထွက်ခဲ့ခြင်းဖြစ်ပါလေ၏။

အဘိုးအိုကစကားဆက်ပြန်သည်။

"အဲဒီဒုက္ခတွေကင်းဝေးသွားအောင် ငါပေးမယ့်ဆေးတစ်မျိုးနဲ့ မျက်နှာကိုခြယ်လိမ်းလိုက်ရင် မင်းရုပ်သွင်ကို ဘယ်သူကမှ



မမှတ်မိတော့ဘူး၊ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမယ်ကွယ့်"

အဘိုးအိုကပြုံးလိုက်ပြီး.....

"အေး....နောက်ဆိုရင် မင်းက မင်းချစ်သူနဲ့မျက်နှာချင်းဆိုင်ပြီးနေလို့ရသွားမှာပေါ့ကွယ်"

နအင်းသည် အဘိုးအို၏စကားကြောင့်အံ့အားသင့်သွားပြန်သည်။ သူမသည် အဘိုးအိုအား ငေး၍ကြည့်နေမိသည်။

ရုတ်တရက် အဘိုးအိုက နအင်း၏မေ့ကြောကို လျှပ်တစ်ပြက် လက်ဖြင့်ဖမ်းထောက်လိုက်လေသည်။ နအင်းမှာ သတိလစ်ကာ တစ်ကိုယ်လုံးပျော့ခွေ၍ မြေပေါ်သို့လဲကျသွားလေတော့သည်။ ထို့နောက် အဘိုးအိုသည် ခါးတွင်ချိတ်ထားသောဂုန်လျှော်အိတ်တစ်လုံးကိုယူပြီး နအင်းအား ထိုဂုန်လျှော်အိတ်တွင်းထည့်ကာ ပခုံးပေါ်ထမ်းပြီး အနောက်အရပ်သို့ဦးတည်၍ သီချင်းများအော်ဟစ်သီဆိုရင်း ထွက်ခွာသွားလေတော့၏။

****

## အခန်း (၃၄)
## ရင်ခုန်ရသည့်သတင်း

စင်အိသည် နအင်းထွက်ပြေးသွားသည်ကိုကြည့်ရင်းကျေနပ်စွာပြုံးလိုက်မိလေ၏။

"ကြာပန်းဂိုဏ်းဟာ တော်တော်နာမည်ကြီးတယ်၊ ကြာပန်းဒေဝီရဲ့အားအကိုးရဆုံးတပည့်က တော်တော့ကို အသုံးမကျပါလား၊ အင်းလေ ..... မင်းက အခုလိုပြေတော့လဲ ငါကမင်းကို အသက်ချမ်းသာပေးရတော့မှာပေါ့"

သူမသည် နှုတ်မှလည်းပြောသည်။

"အခု ငါဘာလုပ်ရမလဲ၊ တော်တော်တော့ခက်တာပဲ၊ တရုတ်ပြည်ကသိုင်းဂိုဏ်းတွေကလည်း တော်တော်အသုံးမကျပါလား၊ ပြည်မကြီးကျယ်ပြန့်သလောက် သိုင်းဂိုဏ်းကလဲ ပြောပလောက်အောင်မရှိပါလား"

သူမသည် တတွတ်တွတ်နှင့်ရေရွတ်နေ၏။



ထိုစဉ် .... မွန်တင်းသည် ဟုန်စွန်းအီ၏ကုသမှုဖြင့် လုံးဝသတိရလာသည်။ မွန်တင်း၏တစ်ကိုယ်လုံးမှာ အင်အားပြန်၍ပြည့်ဖြိုးလာသည်။ သူသည် ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။ မိမိမှာ ‌တောအုပ်တစ်နေရာသို့ရောက်ရှိနေသည်ကိုတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

သူ မှတ်မိလိုက်သည်မှာ ဟုတ်စွန်းအီ၏သိုင်းကွက်တစ်ကွက်ကြောင့် သူသည် ဒဏ်ရာရရှိပြီးသတိလစ်သွားခြင်းဖြစ်၏။

သို့သော် ယခုမှာမူ သူ့အားတိုက်ခိုက်သောဟုန်စွန်းအီသည် သူ့ရှေ့တွင်ရပ်လျက်ပြုံးပြသည်ကိုတွေ့မြင်ရပြန်သည်။

"ကဲ.....သူငယ်၊ မင်းရဲ့အခြေအနေဟာ တော်တော်လေးကောင်းလာပါပြီ၊ ငါကမင်းကို အနည်းဆုံးသုံးရက်လောက်တော့ကုသရလိမ့်မယ်လို့ထင်ခဲ့တာ၊ အခုတော့ နေ့ဝက်ကုသလိုက်တာနဲ့သက်သာလာတယ်"

မွန်တင်းသည် ဟုန်စွန်းအီ၏စကားကိုကြားရသောအခါ ဟုန်စွန်းအီက မိမိအား ကုသပေးသည်ကိုသိလိုက်ရလေသည်။ သူသည် ဟုန်စွန်းအီအားဦးညွှတ်ဂါရဝပြုလိုက်ပြီး .....

"ဦးက ကျွန်တော့်ကို ဒဏ်ရာပြင်းထန်စွာရအောင် တိုက်ခိုက်ခဲ့တဲ့အတွက် အမှန်အတိုင်းပြောရရင် .... ကျွန်တော်က ဦးကို ကလဲ့စားချေရမှာပါ၊ ဒါပေမဲ့ ဦးက အခုလိုကုသပေးတဲ့အတွက် ကျွန်တော်က ဦးကိုကျေးဇူးတင်ရမလိုဘဲ ကြေရောလို့ အခုတော

ထားလိုက်ပါတော့မယ်"

သူသည် ပြောဆိုပြီးသည်နှင့် ချာခနဲလှည့်ကာ တောအုပ်အပြင်ဘက်သို့ လျှောက်ထွက်သွားလေတော့သည်။ စွန်းကျဲမှာမူ မွန်တင်းတစ်ယောက် ဤသို့ပြောဆိုဆက်ဆံထွက်သွားသည်ကို တွေ့မြင်ရလျှင် သူမ၏ရင်ထဲ၌စိမ်းနည်းကြေကွဲမိလာလေ၏။

သူမသည် တဖြည်းဖြည်းဝေး၍သွားသော မွန်တင်းကိုကြည့်ရင်း တွေးတောငေးမောကျန်ရစ်ခဲ့လေတော့သည်။

****

မွန်တင်းသည် တောင်ကုန်းအောက်သို့ ဆင်းသွားသည်။

ထိုစဉ် .... ရက်တရက် တစ်ကိုယ်လုံးအဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးနှင့်အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရပြန်လေ၏။ သူမျက်မှောင်ကုပ်သွားသည်။

ထိုမိန်းကလေးမှာ အနောက်တောင်အရပ်၌တွေ့ခဲ့ရသောမိန်းကလေးပင်ဖြစ်သည်။

မိန်းကလေးအားတွေ့မြင်လိုက်သည်နှင့် ....

"ကဲ...... ရှင်ဘယ်ပြေးမလဲ"

သူမသည် ပြောရင်း မွန်တင်း၏ပါးကိုရိုက်ချလိုက်လေ၏။ မွန်တင်းအံ့အားသင့်သွားသည်။

"မင်း ဘယ်လိုဖြစ်တာလဲ"



သူသည် ပြောရင်း မိန်းကလေး၏လက်ကောက်ဝတ်ကို ဖမ်းကိုင်ပြီး တစ်ဆက်တည်း ဘေးတစ်ဖက်သို့တွန်းထုတ်လိုက်လေသည်။ မွန်တင်းမှာ စိတ်မကြည်မသာဖြစ်နေသဖြင့် အမှတ်မထင် တအားလွှဲ၍ပစ်လိုက်ခြင်းဖြစ်သည်။

သူမ၏ကိုယ်ခန္ဓာမှာ အဝေးသို့လွင့်စဉ်သွားသော်လည်း မြေပေါ်သို့လဲမကျစေရန် ကိုယ်ကိုထိန်းလိုက်ရသည်။

မိန်းကလေးမှာ ဒေါသထွက်လာသည်။ မွန်တင်း၏သိုင်းပညာ တစ်ဟုန်ထိုးတိုးတက်လာသည်ကိုလည်း ထိတ်လန့်အံ့ဩနေသည်။ အချိန်တိုအတွင်း ဤမျှတိုးတက်လာလိမ့်မည်ဟု မထင်ခဲ့ပေ။

ထိုစဉ် 'စင်အိ'ဆိုသောမိန်းကလေးသည်လည်း အနီးသို့ရောက်ရှိလာသည်။ မွန်တင်း၏လှုပ်ရှားမှုကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားမိလေ၏။

"ဟင်.... သိုင်းပညာ တော်တော်ထက်နေပါလား"

သူမ၏စိတ်ထဲတွင်မှတ်ချက်ချလိုက်မိသည်။

သို့သော် မွန်တင်းမှာ အဖြူရောင်မိန်းကလေးအား ဆွဲ၍ပစ်လွှတ်လိုက်ပြီးနောက် လှည့်၍ပင်မကြည့်တော့ဘဲ ရှေ့သို့ဆက်၍လျှောက်သွား၏။ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ ခေါင်းကလေးငုံ့ကာ ကြိတ်၍ငိုကြွေးမိသည်။ ဖုံးဖူးကျိုးသည်သမီးဖြစ်သူအား စိတ်မကောင်းစွာဖြင့်ကြည့်ပြီး .....

"ကဲပါသမီးရယ် .... ဒီလောက်ဇမ်းနည်းမနေပါနဲ့ကွယ်၊ တိတ်ပါတော့"

အဘိုးအိုက နှစ်သိမ့်ပြောဆိုလိုက်မိသည်။

မွန်တင်းက ဘာမှဂရုမစိုက်ဘဲဆက်သွားနေသည်။

"ဟော့ ရပ်လိုက်စမ်း"

မွန်တင်း၏ခြေလှမ်းမှာ ရပ်တန့်သွားသည်။

နောက်လှည့်ကြည့်လိုက်သောအခါ အလွန်ချောမောလှပသောမိန်းကလေးတစ်ယောက် သူ့နောက်တွင်ရပ်နေသည်ကိုတွေ့မြင်ရပြန်သည်။ မွန်တင်း မျက်မှောင်ကုပ်သွားသည်။

"ဒုက္ခပါပဲ.... သည်နေ့မှ ဘယ်လိုမိန်းကလေးတွေနဲ့လာတွေ့နေမှန်းမသိပါဘူး"

သူ၏စိတ်ထဲ၌ ကြိတ်၍မှတ်ချက်ချလိုက်မိလေသည်။ သူသည် စင်အိဆိုသောမိန်းကလေးကိုစေ့စေ့ကြည့်ကာ ....

"ခင်ဗျားက ကျုပ်ကိုရပ်ခိုင်းတာယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဘာကိစ္စရှိလို့လဲခင်ဗျာ"

သူမကပြုံးပြီးရှေ့သို့တိုးလာကာ လျှပ်တစ်ပြက် လက်သီးတစ်လုံးဖြင့် မွန်တင်းအားထိုးသွင်းလိုက်၏။

မွန်တင်းမှာစိတ်ရှုပ်သွားမိသည်။

"လာပြန်ပြီတစ်ယောက်၊ အင်း သူ့ကိုနည်းနည်းလောက်



ဆုံးမလိုက်ဦးမှဖြစ်မယ်"

သူက ယင်းသို့တွေးရင်း ထိုးသွင်းလာသော 'စင်အိ'၏ လက်သီးကို လက်တစ်ဖက်ဖြင့်ခံပေးပြီး ကျန်လက်တစ်ဖက်ကို လက်သီးအဖြစ်ဖြင့် သူမ၏ပခုံးဆီသို့ထိုးသွင်းလိုက်လေ၏။

သူမမှာ မွန်တင်း၏တိုက်ကွက်ကို ကြိုတင်သိထားသည့်အလား သူမ၏လက်နှစ်ဖက်ကို ရုတ်တရက်ရှောင်တိမ်းကာ လက်ဝါးစောင်းအဖြစ်သို့ပြောင်း၍ မွန်တင်း၏ရင်ဝကိုတွန်းထုတ်လိုက်သည်။ မွန်တင်းမှာ သိုင်းကွက်တစ်ကွက်တည်းနှင့် ထိုမိန်းကလေးအား အေးသို့လွှင့်စဉ်သွားနိုင်မည်ဟုတွက်ဆထား၏။

သို့သော် .... ယခုမှာမူ သူမကသူ၏တိုက်ကွက်ကိုရှောင်တိမ်းနိုင်သည့်အပြင် မိမိကိုပင် ပြန်လည်တိုက်ခိုက်လာသည်ကို တွေ့ရသောအခါ ထိတ်လန့်သွားမိလေ၏။

ထို့ကြောင့် .... သူသည် 'ယီးမု'ထံမှသင်ယူခဲ့သော သိုင်းကွက် (၇)ကွက်ကိုအသုံးပြုရှောင်တိမ်းရတော့သည်။

သို့သော် ..... မွန်တင်းမှာစိတ်များရှုပ်ထွေးနေ၍ ထိုမိန်းကလေးနှင့်ဆက်၍တိုက်ခိုက်ရန်ဆန္ဒမရှိသဖြင့် ရှောင်တိမ်းရင်း ပြေးထွက်လာခဲ့သည်။

မိန်းကလေးကလည်း စိတ်ကျေနပ်ပုံမရချေ။

သူ၏နောက်မှထက်ကြပ်မကွာလိုက်လာပြန်သည်။ မွန်တင်း သက်ပြင်းတစ်ချက်ချကာ ယီးမု၏သိုင်းကွက်(၇)ကွက်

ဖြင့်ပြေးထွက်မှ မိန်းကလေးမှာမျက်ခြည်ပြတ်၍ကျန်ခဲ့ပေသည်။

ထိုအခါ သူသည် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာ၏။

သူသည် သွားရင်း ကြိတ်၍ရယ်မိပြန်သည်။

"ငါ့နယ်နော်.... ဘယ်လိုမှန်းမသိဘူး၊ မိန်းကလေးတွေက ချည်းပဲရန်လုပ်နေပါလား၊ ဘယ်လိုကုသိုလ်လဲမသိဘူး"

သူသည် ကြိတ်၍တစ်ယောက်တည်းပြောမိ၏။

ထို့နောက် သူသည် နအင်းကိုသတိရလာပြန်သည်။

အဘယ့်ကြောင့် မိမိအား စွန့်ခွာ၍သွားသည်ကို နားမလည်နိုင်ဘဲဖြစ်မိသည်။

"အိုး နအင်းရယ် .... မင်းဘယ်ဆီများရောက်နေသလဲကွယ်"

မွန်တင်းသည် တောထဲတောင်ထဲပြေးနေ၍မဖြစ်၊ မိမိဖခင်အားသတ်သူမှာ မြို့ထဲ၌ပင်ရှိသည်ဟုယူဆသဖြင့် မြို့ရွာများရှိရာသို့ပြန်လာခဲ့၏။

မြို့ထဲရှိအစည်ကားဆုံးသော စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ မွန်တင်းသည် လှမ်းဝင်လိုက်သည်။ ဆိုင်လုလင်က သူ့အားဆီးကြိုပြီး ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော ထိုင်ခုံတစ်နေရာတွင် နေရာချပေးသည်။

စားသောက်ဖွယ်ရာများကို မှာကြားပြီးနောက် မွန်တင်းသည် ဆိုင်လုလင်အား .....



"ကျုပ်ကခရီးသည်တစ်ယောက်ပါ၊ ဒီနေရာကို ဘယ်လိုခေါ်ပါသလဲဗျာ"

ဆိုင်လုလင်က ပြတင်းပေါက်အပြင်ဘက်ညွှန်ပြရင်း ....

"ဪ ဆရာက ခရီးသွားဧည့်သည်ကိုး၊ ဟောဒါက ကျွန်းနန်မြို့မှာ နာမည်အကျော်ကြားဆုံးဖြစ်တဲ့ စီးဝူကန်တော်ကြီးပါပဲခင်ဗျာ"

စီးဝူကန်တော်ကြီးမှ တရုတ်ပြည်၏အလှပအသာယာဆုံးရှုခင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ကျွန်းနန်သို့ရောက်ရှိလာသည့်ဧည့်သည်တိုင်း စီးဝူကန်တော်ကြီးသို့ လာရောက်လည်ပတ်လေ့ရှိသည်။ ကန်တော်ကြီးအတွင်း လှေစီးသည်။

သစ်ပင်ပန်းမာလာများ အများအပြားရှိသဖြင့် တစ်ခါရောက်ပြီးလျှင် နောက်တစ်ခါ ရောက်လာချင်သောနေရာဖြစ်၏။ မွန်တင်းသည် ပြတင်းပေါက်အပြင်သို့လှမ်းကြည့်လိုက်သည်။

"အိုး.... နာမည်ကြီး 'စီးဝူ'ကန်ကိုရောက်နေမှကိုး"

သူက ဝမ်းသာစွာဖြင့်ပြောလိုက်သည်။

ဆိုင်လုလင်ထွက်သွားသောအခါ ....

မွန်တင်းမှာအလွန်သာယာလှပသော စီးဝူကန်တော်ကြီး၏ရှုခင်းကိုကြည့်ရင်း နအင်းအား သတိရလာမိပြန်၏။

ဪ .... ချစ်သူပေကိုး။

"ဪ မမရယ်၊ တကယ်လို့များ မမကသာကျွန်တော့်ကို

ခွန့်ခွာမသွားဘဲ ဒီလိုလှပတဲ့နေရာမှာအေးချမ်းစွာလာပြီးနေထိုင်ရရင် သိပ်ကောင်းမှာပဲနော်"

သူ၏ရင်ထဲမှဖြစ်ပေါ်လာသော ခံစားချက်များပင်ဖြစ်ပေသည်။ မကြာမီ စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် သူသည် စားသောက်ရင်း လှပသောရှုခင်းများကိုတစိမ့်စိမ့်ကြည့်နေမိသည်။

ထိုစဉ်..... သူနှင့်ကပ်လျက်ရှိသောစားပွဲသို့ ဧည့်သည်နှစ်ယောက်ရောက်ရှိလာသည်။ အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ဖြစ်၏။ မွန်တင်းက သူတို့အားအကဲခတ်ကြည့်လိုက်သည်။ အဘိုးအို၏နဖူးပေါ်တွင် လက်သီးဆုပ်ခန့်ရှိသော အသားဘုတစ်ဘုရှိသည်။

အဘိုးအိုနှင့်ပါလာသောမိန်းကလေးမှာ အလွန်အရုပ်ဆိုးပြီး အကျည်းတန်လှသည်။ မွန်တင်းမှာ စားသောက်ပြီးသောအခါ တစ်ဖက်မှ အဘိုးအိုနှင့်မိန်းကလေးတို့၏စကားပြောဆိုသံကို ကြားရလေ၏။ အဘိုးအိုက တီးတိုးပြောခြင်းဖြစ်သော်လည်း နားစွင့်နေသူအဖို့ အဘိုးအိုစကားကိုကောင်းစွာကြားနိုင်သည်။

"ငါ့မြေး စဉ်းစားပါဦးကွယ်"

"အဘိုးကလဲ ဘာကိုစဉ်းစားရမှာလဲ"

"ငါ့မြေးရဲ့အကြံကိုစွန့်လွှတ်ဖို့ပေါ့ကွယ်"

"အို မစွန့်လွှတ်ပါဘူး၊ အသက်သေချင်သေသွားပါစေ ခြေရာခံပြီး လက်စားချေမှာပဲ"



"ကြာပန်းဂိုဏ်းဆိုတာ နယ်နယ်ရရဂိုဏ်းမဟုတ်ဘူးနော်၊ ဒီဂိုဏ်းက ရှောင်လင်၊ ဝူတန်း၊ ခွန်းလွန်တို့လို ဂိုဏ်းကြီးပဲကွယ့် မြေးလေးရဲ့အကြံကိုစွန့်လွှတ်လိုက်ပါကွယ်"

အဘိုးအို၏စကားကြောင့် မွန်တင်းကအမှတ်မထင် သူတို့အား လှမ်း၍ကြည့်လိုက်မိသည်။ သူမ၏မျက်နှာမှာ ဝမ်းနည်းကြေကွဲနေသည့်အရိပ်အရောင်များပေါ်လွင်နေသည်။

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး.....

"ဟုတ်ပါတယ်ဘိုးဘိုးရယ်၊ ဒါပေမဲ့ ကျွန်မ လက်စားမချေရရင် တစ်သက်လုံး စိတ်ချမ်းသာနိုင်မှာမဟုတ်ပါဘူး"

"နေပါဦးငါ့မြေးရယ်.... ကြာပန်းဂိုဏ်းက နအင်းဆိုတာ ကျန်းနန်မြို့ကိုရောက်နေတယ်ဆိုတဲ့သတင်းက သေချာရဲ့လား"

"သေချာပါတယ်ဘိုးဘိုး"

"ဒါပေမဲ့ ကျန်းနန်မြို့ဆိုတာ တော်တော်ကျယ်တဲ့မြို့ပဲ၊ ငါ့မြေး သူ့ကိုဘယ်လိုလုပ်ရှာမလဲ"

အကျည်းတန်မိန်းကလေးက မဲ့လိုက်ပြီး.....

"နအင်းဟာ 'ထင်းအော်' တောင်ခြေအနီးမှာရှိတဲ့ ကျောင်းပျက်တစ်ခုမှာရောက်နေတယ်လို့တိတိကျကျသတင်းရတယ်"

"နအင်းရဲ့သိုင်းပညာဟာ တော်တော်အဆင့်မြင့်တယ်လို့ကြားရတယ်၊ တော်ကြာ .... မပြောကောင်းမဆိုကောင်း ....."

"အို ... ဘိုးဘိုးကလဲ ကျွန်မ သူ့ကိုရင်ဆိုင်တိုက်ခိုက်မှာမှ

မဟုတ်ဘဲ၊ အခွင့်အရေးကြည့်ပြီးသူ့ကိုသတ်မှာပါ၊ ဒါတင်ဘယ်ကမလဲ၊ နအင်းကိုသတ်ပြီးရင်၊ သူ့ဆရာကြာပန်းဒေဝီကိုလဲပရိယာယ်သုံးပြီးအဆိပ်ခတ်သတ်မှာပေါ့"

အဘိုးအိုကရယ်မောလိုက်သည်။

"အေး.... ငါ့မြေးရဲ့အကြံကမဆိုးဘူးကွ၊ ကောင်းတယ်ကောင်းတယ်၊ ငါ့မြေး ဘယ်အချိန်သွားဖို့ စိတ်ကူးထားသလဲ"

"ထင်းအော်တောင်က သိပ်မဝေးလှပါဘူး၊ ကျွန်မတို့ စားသောက်ပြီးရင် ဒီမှာပဲခဏနားတာပေါ့၊ နေဝင်ချိန်လောက်မှ ကျွန်မတစ်ယောက်တည်းသွားပါ့မယ်"

"ငါ့မြေးကိုစိတ်မချပါဘူးကွယ်"

"အို ဘိုးဘိုးကလဲ ... ကျွန်မအကြောင်း သိလျက်သားနဲ့ ကျွန်မကမပိုင်ရင် ဘယ်တော့မှမလုပ်ပါဘူး"

"ဟား.... ဟား.... ဟား"

အဘိုးအိုက အားရပါးရရယ်မောလိုက်လေသည်။

"ငါ့မြေးကိုယုံပါတယ်ကွယ်"

"ဟုတ်ကဲ့ .... ဒီတစ်ခါတော့ နအင်း ကျွန်မလက်ထဲက ပြေးမလွတ်တော့ပါဘူး"

ဤသို့ပြောဆိုကြပြီးနောက် မြေးအဘိုးနှစ်ယောက် အားရကျေနပ်စွာရယ်မောလိုက်ကြလေသတည်း။

****



## အခန်း (၃၅)

## ကျေးဇူးကန်း မကာန်း

မွန်တင်း တွေဝေနေသည်။

ထိုမြေးအဘိုး၏ စကားအရ ....

နအင်းမှာ ကျန်းနန်မြို့၌ရှိနေသေးသည်မှာသေချာ၏။

သူတို့သည် နအင်းကိုအလေးမထားသည့်အပြင် အသက်အန္တရာယ်ကိုပင် ရန်ပြုကြမည်ဖြစ်သည်။

သူသည် ယင်းသို့တွေးမိပြီး နအင်းထံကြိုတင်၍သတင်းပေးပို့နိုင်ရန်အတွက် ကျောင်းပျက်ကြီးဆီသွားရန်ဆုံးဖြတ်လိုက်လေတော့သည်။ သူသည် ထိုသို့ဆုံးဖြတ်ပြီး စားသောက်ဖွယ်ရာများကို အမြန်ဆုံးစားသောက်လိုက်သည်။

စားသောက်ပြီးသည်နှင့် ဆိုင်လုလင်အားခေါ်၍ကျသင့်ငွေကိုရှင်းပေးရန် အိတ်ထဲသို့နှိုက်လိုက်သည်။

"ဟိုက်"

သူထိတ်လန့်တုန်လှုပ်သွား၏။

အဘယ်ကြောင့်ဆိုသော် .... သူ့အိတ်ထဲ၌ရှင်းစရာ ငွေမရှိတော့သောကြောင့်တည်း။

"ငါ့နှယ်နော်..... ဒုက္ခပါပဲ၊ ငွေလဲပါမလာပါလား"

သူ့ကိုယ်သူ အပြစ်တင်လိုက်မိသည်။ ဆိုင်လုလင်သည် မွန်တင်း၏အခြေအနေကိုကြည့်ကာ အကဲခတ်နေဆဲ .....

"ဟော့ .... ဒီမှာ"

စောစောက မြေအဘိုးနှစ်ယောက်အနက် အဘိုးက ဆိုင်လုလင်အားလှမ်းခေါ်လိုက်သည်။ ဆိုင်လုလင်သည် အဘိုးအို၏စားပွဲရှိရာသို့လျှောက်သွားသည်။

ထိုအခါ အဘိုးအိုက သူ၏အိတ်ထဲမှ ငွေတုံးတစ်တုံးကို ထုတ်၍ပေးလိုက်ရင်း........

"မင်းကွာ ဆိုင်လုလင်ဖြစ်ပြီး ဒီလောက် အ့ရသလားကွ"

ဆိုင်လုလင်က သဘောမပေါက်ချေ။

"ဘာကိုဆိုလိုတာလဲ အဘ"

အဘိုးအိုကပြုံးလိုက်သည်

"မင်း ဆိုင်လုလင်လုပ်နေပြီး ဘယ်ညှော်သည်က ပိုက်ဆံရှိတယ်၊ ဘယ်ညှော်သည်က ပိုက်ဆံမရှိဘူးဆိုတာ နားလည်ရမှာပေါ့ကွ"

အဘိုးအိုသည် မွန်တင်းအားညွှန်ပြလိုက်ရင်း.....



"ဟောဒီဧည့်သည်က ကမန်းကတန်းထွက်လာရလို့ ငွေမပါလာဘူးနဲ့တူတယ်၊ ဒါကြောင့် သူကမင်းကို ငွေရှင်းမပေးနိုင်လို့ အကျပ်တွေ့နေပုံရတယ်"

အဘိုးအိုက မွန်တင်းအားတစ်ချက်ကြည့်၍ပြုံးပြသည်။

"ဦးက မချမ်းသာပေမဲ့ ခရီးသည်အချင်းချင်း ဒုက္ခရောက်တာကိုတော့ကူညီတတ်ပါတယ်ကွယ်၊ ကဲ.... ရော့ အဲဒီဧည့်သည်အတွက် ကျုပ်ရှင်းပေးလိုက်ပါ့မယ်"

မွန်တင်းမှာ အဘိုးအိုစကားကိုကြားရသောအခါ ....

၄င်းတို့နှစ်ယောက်မှာ လူဆိုးများမဖြစ်နိုင်ဟုတွက်ဆမိသည်။ သူသည် ထိုင်ရာမှထပြီး အဘိုးအိုအား ဦးညွှတ်၍ဂါရဝပြုအရိုအသေပေးလိုက်၏။

"အခုလို အကူအညီပေးတာကိုကျေးဇူးတင်ပါတယ်ဦး၊ ဒါနဲ့ ဦးနာမည် ဘယ်လိုခေါ်ပါသလဲ၊ ဘယ်မှာနေပါသလဲဆိုတာ တဆိတ်ပြောပြပါ့လားခင်ဗျာ၊ ဒါမှလဲ ကျွန်တော်ပြန်လာပြီး ငွေပေးနိုင်မှာဖြစ်လို့ပါ"

အဘိုးအိုကပြုံးလိုက်ပြီး ......

"မလိုပါဘူးကွာ၊ မင်းကြည့်ရတာ တော်တော်ရိုးသားပုံရပါတယ်၊ အေး.... တို့ခုနကပြောတဲ့စကားကို မင်းကြားမှာပေါ့၊ တကယ်လို့များ ကြားမိရင်လဲ ဦးတို့အလုပ်ကို ဝင်ပြီးအနှောင့်အယှက်မပေးရင် တော်ပါပြီကွယ်"

အဘိုးအို၏ စကားကြောင့် မွန်တင်းမှာအခက်ကြုံသွား၏။

နအင်းထံ မည်သို့သတင်းပို့ရမည်နည်း။

သူမအတွက် စိုးရိမ်စိတ်ပွားမိသည်။

သည့်နောက်...... မွန်တင်းသည် လေးတွဲ့သော်ခြေလှမ်းဖြင့် စားသောက်ဆိုင်ထဲမှထွက်ခွာလာခဲ့လေတော့သည်။

****

မွန်တင်းသည် ထင်းအော်တောင်ဘက်ဆီသို့ ဦးတည်၍ လျှောက်လာနေသည်။ အတန်ကြာလျှောက်လာမိသောအခါ....

သူသည် ကြီးမားသော ကျောင်းပျက်တစ်ကျောင်းကို တွေ့မြင်လိုက်ရလေသည်။ ထိုကျောင်း၏ အဆောက်အအုံမှာ ယိုယွင်းပျက်စီးနေသည်။ ကျောင်း၏ ဝန်းကျင်တစ်ခုလုံးမှာ တောပန်းရနံ့များဖြင့်မွှေးကြိုင်ထုံသင်းနေသည်။

မွန်တင်း ကျောင်းတွင်းသို့ဝင်လာမိသောအခါ အသက် (၁၂)နှစ်ခန့်အရွယ်ရှိ ကိုရင်လေးတစ်ပါးကိုတွေ့လိုက်ရသည်။

ကိုရင်လေးသည် မွန်တင်းကိုတွေ့ရလျှင်.....

"ဒါယကာကြီး ဘယ်ကလာတာလဲ"

"ဩော် တပည့်တော် လမ်းကြုံတာနဲ့ ဝင်လာတာပါ"

ကိုရင်လေးက ....

"ဒါဖြင့် အထဲဝင်နားနေနိုင်ပါတယ်"



မွန်တင်းသည် ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်ကာ တစ်ရုံ တစ်ရာကိုရှာဖွေလိုက်သည်။ နအင်းတစ်ယောက် ဤကျောင်းပျက် ထဲတွင်ရှိနေလိမ့်မည်ဟု သူယူဆသည်။

"တကာကြီး ဘာကိုရှာနေတာလဲ"

မွန်တင်းကပြုံးကာ.....

"ဩော် .... ဒီမှာ ဒါယိကာမလေးတစ်ယောက် ရောက်နေသလားလို့ပါ"

"ဒါယိကာမလေးဟုတ်လား၊ ဒီကျောင်းထဲမှာ ဒါယိကာမဆိုလို့ တစ်ဦးတစ်ယောက်မှမရှိဘူး"

မွန်တင်းက နအင်းတစ်ယောက် တစ်နေရာသို့ ခေတ္တခဏ ထွက်သွားသည်ဟုတွက်ဆလိုက်သည်။ ထို့ကြောင့် .....

"တပည့်တော် ခရီးပန်းလာလို့ ဒီမှာခေတ္တတည်းခိုခွင့်ပြုပါ"

ကိုရင်လေးက သူ့အားစေ့စေ့ကြည့်ပြီးခေါင်းညိတ်၏။

"ကောင်းပြီလေ ..... ဘယ်လောက်ကြာကြာနေမှာလဲ"

"တစ်ညလောက်ပါ"

"ရပါတယ် .... ဟိုဘက်အခန်းတစ်ခန်းတော့ လွတ်နေပါတယ်၊ တကာကြီးသဘောကျ တည်းခိုနိုင်ပါတယ်"

"တင်ပါ့ ကိုရင်"

ကိုရင်လေးသည် မွန်တင်းအား ညာဘက်ရှိအခန်းတစ်

ခန်းသို့ခေါ်ဆောင်သွားပြီး အခန်းတံခါးကိုဖွင့်ပေးလိုက်သည်။

"ကဲ ..... တကာကြီး ဒီအခန်းမှာ စိတ်အေးလက်အေး တည်းနိုင်ပါတယ်"

ကိုရင်လေးသည် သူ့အားပြောဆိုပြီး ပြန်လှည့်ထွက်သွားလေတော့သည်။

****

မွန်တင်းမှာ ထမင်းအဝစားထားသဖြင့် မျက်လုံးများစင်းလာသည်။ သူသည် သူ့အိတ်ထဲ၌ ပိုက်ဆံရှိမရှိ မစမ်းသပ်ခဲ့ချေ။ ရှိနေသည်ဟုသာ ထင်နေ၏။ ထို့ကြောင့် စားစရာသောက်စရာများကို အားမနာတမ်း မှာကြားစားသောက်ခဲ့လေ၏။

ထိုသို့ ထမင်းအဝစားခဲ့ခြင်းသည် ယခု အစွမ်းပြလေတော့၏။ ထို့ကြောင့် သူသည် အခန်းထဲရှိကွပ်ပျစ်ပေါ်သို့ အိပ်ချရင်း မကြာမီအိပ်ပျော်သွားလေတော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

သူသည် အိပ်ရာမှနိုးလာသောအခါ ကျောင်းဝင်းတစ်ခုလုံး အမှောင်အတိဖြစ်နေသည်။

သူသည် အိပ်နေရာမှ ကပျာကယာထလိုက်သည်။

အခန်းတံခါးကိုဖွင့်၍ထွက်မည်ပြုစဉ် သူ၏မျက်လုံးအစုံမှာပြူးကျယ်သွားလေတော့သည်။ သူ၏ခြေလှမ်း တုံ့ခနဲရပ်ဆိုင်း



သွားရသည်။ အဘယ်ကြောင့်ဆိုသော်.......

ကျောင်းထဲရှိ ဘုရားခန်းတစ်ခုလုံး မီးရောင်များထိန်လင်းနေသည်ကိုတွေ့လိုက်ရသောကြောင့်ပေတည်း။

အသက်ငါးဆယ်ခန့်ရှိ ဘုန်းတော်ကြီးတစ်ပါး ဘုရားစင်ရှေ့တင်ပလ္လင်ခွေထိုင်ကာ တရားတော်များကို ရွတ်ဆိုနေလေ၏။

****

မကြာမီ ကျောင်းပျက်တွင်းသို့ လူနှစ်ယောက်ဝင်လာလေ၏။ မွန်တင်း မျက်နှာကျက်မိသော လူနှစ်ယောက်သာ။ အဘိုးအိုနှင့်အကျည်းတန်မိန်းကလေးတို့ဖြစ်သည်။ ဘုန်းတော်ကြီးသည် အဘိုးအိုအားတွေ့လိုက်ရသောအခါ.....

"ဩော် တကာကြီးကိုး၊ အင်း ဘယ်တော့များမှ အကျွတ်တရားရပါ့မလဲမသိဘူး၊ ဘုရား .... ဘုရား .... ဘုရား ..."

အဘိုးအိုက ဘုန်းတော်ကြီးအားပြုံးလိုက်ပြီး ....

"နောက်တော့ .... တပည့်တော် ကတိပေးထားတဲ့အတိုင်း [illegible]သနာ့ဘောင်ကိုဝင်ပါ့မယ်ဘုရား"

မွန်တင်းက သူ့တို့အားကြည့်လိုက်သည်။

ထိုအခါ ဘုန်းတော်ကြီးသည်ထိုင်ရာမှထလိုက်ပြီး ...

"အင်း တကာကြီးဟာ ကတိတည်တဲ့ပုဂ္ဂိုလ်တစ်ယောက်လို့ကျုပ်ယုံကြည်ပါတယ်၊ အခု ကျုပ်ကတကာကြီးအတွက် နအင်း

နဲ့ပတ်သက်ပြီးတာဝန်ကျေပါပြီ၊ အဲဒီတော့ ကတိပေးထားတဲ့အတိုင်း တကာကြီး သာသနာ့ဘောင်ဝင်ဖို့အချိန်တန်ပါပြီ"

မွန်တင်းမှာ ဘုန်းတော်ကြီးစကားကိုကြားရသောအခါ အံ့အားသင့်သွားလေ၏။ နအင်းတစ်ယောက် ဤကျောင်းထဲတွင် ရှိရမည်ကို သူယုံကြည်မိသည်။ အဘိုးအိုကရယ်မောလိုက်သည်။

"မှန်လှပါဘုရား၊ တပည့်တော်က နအင်းကိုစွပြီးရင်တော့ ကတိပေးထားတဲ့အတိုင်း ဘုန်းကြီးဝတ်ပါ့မယ်ဘုရား"

ထိုအခါ ဘုန်းတော်ကြီးကလှမ်းကြည့်လိုက်ရင်း ....

"ကဲ.....ကဲ... တကာကြီးပြောတာကို ဟိုတကာလေးက အသိသက်သေပဲ၊ သူ့ကိုမှတ်တမ်းတင်ထားရမယ်"

မွန်တင်းမှာ ထိတ်လန့်သွားမိသည်။ ထိုဘုန်းတော်ကြီးသည် မိမိအခန်းထဲမှချောင်းကြည့်နေသည်ကို သိသွားသည့်အတွက် အလွန်အံ့ဩမိသည်။ မွန်တင်းသည် အခန်းတံခါးဖွင့်၍ ထွက်လာရသည်။ အဘိုးအိုသည် မွန်တင်းအားတွေ့လိုက်ရသည်နှင့် မျက်မှောင်ကုပ်သွားသည်။

"ဩော်......' လက်စသတ်တော့မင်းကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ပါ"

"မင်းက ဒီမှာဘာလာလုပ်တာလဲ"

"ကျွန်တော် ခရီးသွားရင်း ဒီမှာဝင်ပြီးတည်းခိုတာပါ"

အဘိုးအိုကမဲ့ပြုံးပြုံးလိုက်သည်။



"ဒီမှာသူငယ် မင်းအသက်ငယ်ငယ်လေးနဲ့ စကားကိုလိမ်ပြောတတ်ပါလား"

မွန်တင်း ဆိတ်ဆိတ်နေလိုက်ရသည်။

အဘိုးအိုသည် သူ့အားစေ့စေ့ကြည့်ပြီး......

"မင်း တော်တော်ကျေးဇူးကန်းတဲ့သူငယ်ပါလားကွ"

ဘုန်းတော်ကြီးက ကြားဖြတ်လိုက်သည်။

"နေပါဦး .... ဒီသူငယ်က တကာကြီးတို့နဲ့ဘယ်လိုပတ်သက်နေကြတာလဲ"

အဘိုးအိုမျက်နှာရှုံ့မဲ့သွားသည်။

"ဒီသူငယ်က စားသောက်ဆိုင်မှာထမင်းစားပြီး ငွေမရှင်းနိုင်လို့ တပည့်တော်ကစိုက်ရှင်းပေးလိုက်ရတယ်"

ဘုန်းတော်ကြီး မျက်မှောင်ကုပ်သွားသည်။

"ဒါကတော့ တကာကြီးရဲ့စေတနာနဲ့ ငွေစိုက်ပေးတာပဲ၊ အဲဒါဘာဖြစ်သလဲ"

"တပည့်တော် နအင်းအတွက် စားသောက်ဆိုင်မှာတိုင်ပင်နေတာကို သူကြားသွားပါတယ်"

"အဲဒါဘာဖြစ်သလဲ"

"သူဟာ ကြာပန်းကိုဖျက်းကဖြစ်လို့ ဒီကိုလာပြီး နအင်းကို သတင်းပို့တာဖြစ်မှာပေါ့၊ ဒါ့ကြောင့် သူဟာ ကျေးဇူးကန်းသလား မကန်းဘူးလားဆိုတာ ဆရာတော်ပဲ စဉ်းစားကြည့်ပေါ့"

အဘိုးအိုသည် မွန်တင်း၏ အင်္ကျီစကိုဆွဲလိုက်သည်။

"ပြောစမ်း နအင်းကိုလာပြီးသတင်းပို့တာမဟုတ်လား"

မွန်တင်း အကြံရလာ၏။ သူ ဦးညွှတ်လိုက်ပြီး......

"ကျွန်တော်မှားသွားပါတယ်၊ ခွင့်လွှတ်ပါ"

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့်ပြောစမ်း၊ နအင်း အခုဘယ်မှာလဲ"

"သူအခု 'ရှောက်ကွမ်းမြို့'ကိုပြန်သွားပါပြီ"

အဘိုးအိုသည် ဒေါသထွက်ကာ မွန်တင်းအားပို၍ မြဲမြဲဆုပ်ကိုင်ထားပြီး ....

"ကဲ.... ဒါဖြင့် မင်းငါ့ကိုလိုက်ပို့ရမယ်၊ 'ရှောက်ကွမ်းမြို့'ရောက်လို့မှ နအင်းကိုရှာမတွေ့ရင် မင်းကိုသတ်ရမှာကျေနပ်မယ်"

ဘုန်းတော်ကြီးသည် ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ဒီမှာ.... တကာကြီး ဒါဟာဘုရားမြေပါ၊ တကာကြီးတို့ အရှုပ်ရှင်းချင်ရင် အပြင်မှာသွားရှင်းကြ၊ ဒီမှာမနေကြနဲ့"

ဘုန်းတော်ကြီးကပြောပြီး သူတို့နှစ်ယောက်အား လက်နှစ်ဖက်ဖြင့်တွန်းထုတ်လိုက်သည်။ ဘုန်းတော်ကြီးတွန်းလိုက်သောအရှိန်ကြောင့် သူတို့နှစ်ယောက်ယိမ်းယိုင်ကာ ကျောင်းအပြင်သို့လွင့်သွားကြလေ၏။ ထိုအချိန်တွင် အကျည်းတန်မိန်းကလေးလည်း ကျောင်းထဲမှထွက်လာရလေတော့သည်။

****



အခန်း (၃၆)

အပေးအယူ

အဘိုးအိုသည် မွန်တင်းအား ချုပ်ကိုင်လိုက်၏။

"လောကကြီးဟာ တော်တော်ခက်တယ်၊ ကျုပ်က မင်းကိုထမင်းလဲကျွေးရသေးတယ်၊ မင်းက ကျုပ်ရဲ့လုပ်ငန်းကိုလဲ နှောင့်ယှက်သေးတယ်၊ ဒါကောင်းသလား၊ ကျုပ်အသက်သေချင် သေသွားပါစေ၊ ဒီကိစ္စကိုတော့အပြတ်ရှင်းရမှာပဲ"

သူသည် ယင်းသို့ပြောဆိုပြီး အော်ကြီးဟစ်ကျယ်ငိုကြွေးလိုက်လေတော့သည်။ မွန်တင်းသည် စိတ်မကောင်းဖြစ်သွားမိ၏။ သူ မည်သို့လုပ်ရမည်ကိုမသိဘဲအကြံအိုက်နေ၏။ အကျည်းတန်မိန်းကလေးက အဘိုးအိုအားနှစ်သိမ့်အားပေးရင်း .....

"ကဲပါဘိုးဘိုးရယ်.... ဒီကိစ္စပြီးတာပြီးပါစေတော့ ကျွန်မတို့ကစေတနာထားပေမဲ့ သူက စေတနာမှမထားတာဘဲ၊ သူ့အပြစ်နဲ့သူ သွားပါလိမ့်မယ်၊ သူ့ကိုခွင့်လွှတ်လိုက်ပါ"

သူမ၏စကားကြောင့် မွန်တင်းကိုအရှက်ရစေသည်။

မွန်တင်းသည် အဘိုးအိုအားဦးညွှတ်လိုက်ပြီး.....

"ကျွန်တော်မှားသွားပါတယ်ခင်ဗျာ .... ခွင့်လွှတ်ပါ ကျွန်တော့်ကိုခိုင်းစရာရှိရင် ခိုင်းနိုင်ပါတယ်"

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး.... မဖြစ်ဘူး.... မင်းကိုငါမယုံဘူး၊ မင်း အခု ရှောက်ကွမ်းမြို့ကိုလိုက်ခဲ့ရမယ်၊ နအင်းကို တွေ့အောင်ရှာပေးရမယ်၊ ဒါပဲ"

မွန်တင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီလိုဆိုလဲ ဦးရဲ့သဘောပါ"

ထိုအခါ အဘိုးအိုသည် သူ့အိတ်ထဲမှ သံကြိုးတစ်ချောင်းကိုထုတ်ယူလိုက်ပြီး....

"မင်းကိုငါစိတ်မချဘူး ဒီသံကြိုးနဲ့မင်းကိုချည်ထားရလိမ့်မယ်"

မွန်တင်း ထိတ်လန့်သွားမိ၏။

"အို.... ဒီလိုတော့မလုပ်ပါနဲ့ခင်ဗျာ၊ ကျွန်တော် ယောကျ်ားပါ၊ ကတိတည်ပါတယ်၊ ရှောက်ကွမ်းမြို့ကိုရောက်အောင် ပို့ပေးပါ့မယ်ဗျာ"

"မဖြစ်ဘူး .... မဖြစ်ဘူး .... မင်းကိုငါမယုံဘူး"

အကျည်းတန်မလေးက ဝင်၍ဖျန်ဖြေပေးသည်။



"ဘိုးဘိုး.... ဒီတစ်ကြိမ်တော့ သူ့ကိုယုံလိုက်ပါရှင်၊ သူ ထွက်ပြေးလိမ့်မယ်လို့မထင်ပါဘူး၊ ဒီတစ်ခါ သူထွက်ပြေးရင်တော့ သူနာမည်ပျက်မှာပေါ့"

မွန်တင်းသည် အကျည်းတန်မလေး၏စကားကြားရသောအခါမှ စိတ်သက်သာရာရသွားလေသည်။

"ဟုတ်ပါတယ်......ကျွန်တော်ယောကျ်ားပါ၊ အကယ်၍များ ကျွန်တော်ကတိပျက်ကွက်ခဲ့ရင် ....."

သူ၏စကားမဆုံးမီ .....

"ကဲပါရှင် ..... ရှင်ပေးထားတဲ့ကတိကိုတော့ ရှင်မှတ်ထားဖို့ပဲလိုပါတယ်.."

မွန်တင်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ .... ကျွန်တော်မှတ်ထားပါ့မယ်"

အဘိုးအိုသည် သံကြိုးကိုသိမ်းဆည်းလိုက်ပြီး ......

"ကဲ.... ဒါဖြင့် တို့သွားကြမယ်"

သူသည် ပြောဆိုပြီးရှေ့သို့လျှောက်သွားလေတော့၏။ အကျည်းတန်မလေးသည် မွန်တင်းအားတစ်ချက်ကြည့်ကာ ....

"ရှင် ခြေလှမ်းတော်တော်မြန်သလား"

မွန်တင်းကပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့်ကိုယ်ဖော့ပညာက နုပါသေးတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ကိုတော့ ကောင်းကောင်းမီပါလိမ့်မယ်"

သူမက ပြုံးကြည့်လိုက်ပြီး ကိုယ်ကိုတစ်ချက်လှုပ်ရှားကာ အဘိုးအိုနောက်သို့လိုက်သွားသည်။ သူမ၏လှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့် သူမ၏ကိုယ်ဖော့ပညာမှာ အဆင့်မြင့်သည်ကိုသိလိုက်၏။ သူသည် ပေါ့ပေါ့တန်တန်သဘောမထားဝံ့တော့ချေ။

သည့်နောက် သူသည် ကပျာကယာလိုက်သွားရလေတော့သည်။ မွန်တင်း၊ အဘိုးအိုနှင့်အကျည်းတန်မလေးတို့ သုံးယောက်သည် ရှောက်ကွမ်းမြို့ဆီသို့ဦးတည်သွားနေကြလေ၏။

လရောင်ဆည် ထိန်ထိန်သာနေ၏။

လရောင်အောက်တွင် လူရိပ်သုံးခုသည်လှုပ်ရှားရွေ့လျားနေသည်။ ထိုလူသုံးယောက်၏ရွေ့လျားပုံမှာ အလွန်လျင်မြန်လှသည်။ ထူးခြားသည်မှာ လူသုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဝါးနှစ်ရိုက်ခန့်ကွာလှမ်းနေသည်ကိုတွေ့ရသည်။

ရှေ့ဆုံးတွင်လျှောက်နေသူမှာ အဘိုးအိုပင်ဖြစ်သည်။

ဒုတိယလိုက်နေသူမှာ အကျည်းတန်မိန်းကလေးဖြစ်၏။

မွန်တင်းသည် နောက်ဆုံးမှလိုက်နေသည်။ ယင်းသို့ဖြင့် အတန်ကြာအောင်သွားမိသောအခါ မွန်တင်းသည် ထိုမြေးအဘိုး၏ကိုယ်ဖော့ပညာမှာ မိမိထက်များစွာသာလွန်နေသည်ကို သိမြင်သွားလေ၏။

သူသည် မိန်းကလေးနောက်သို့ အမီလိုက်ရန် ကြိုးစားသော်လည်းမမီချေ။ လိုက်လေ ....., မမီလေဖြစ်နေသည်။



ထို့ကြောင့် .... သူသည် ကြိုးစား၍ ပြေးလွှားလိုက်ပါနေရလေ၏။ မကြာမီ သူသည် ခြေကုန်လက်ပန်းကျလာတော့သည်။

သို့သော် .... သူသည် မောဟိုက်လာသော်လည်း တစ်မျိုးတမည်ထင်သွားမည်ကိုစိုးရိမ်၍ အံကိုတင်းတင်းကြိတ်ကာ သူတို့နောက်မှဖွဲဖြင့်လိုက်ပါနေရတော့သည်။

ဤသို့ဖြင့် ..... တဖြည်းဖြည်းနှင့် သူသည် အကျည်းတန်မိန်းကလေးနှင့်ဝေးကွာကျန်ရစ်ခဲ့လေသည်။ မောဟိုက်လွန်း၍လည်း သူ၏ခြေလှမ်းများမှာ လေးလံလာလေတော့သည်။

ထိုစဉ် ......

****

ရှေ့ဆုံးမှအဘိုးအိုသည် ဗနောက်ပြန်လှည့်လာပြီးလျှင် ခါးထောက်ကာ သူ့အားစေ့စေ့ကြည့်လိုက်သည်။

"မင်းဘာဖြစ်နေတာလဲ ..... နောက်ချန်ပြီး ထွက်ပြေးမလို့ပေါ့လေ၊ ဟုတ်လား"

အဘိုးအိုက ကြိမ်းမောင်းအပြစ်တင်လိုက်လေ၏။

မှန်သည်။ သူက မွန်တင်းကို သံသယရှိနေသူ မဟုတ်ပါလော။ သူ့နောက်သို့အမီမလိုက်နိုင်လျှင် ပြေးရန်ကြံသည်ဟုသာထင်ပေလိမ့်မည်။

မွန်တင်းသည် ရှက်လည်းရှက် ရှင်းပြရန်မှာလည်း အဘိုးအိုကယုံမည်မဟုတ်သဖြင့် သူသည်မချိပြုံးပြုံးပြီး မောပန်းနေသော်

လည်း ထွက်ပြေးရပြန်တော့သည်။ အမှန်မှာ .... သူသည် ခြေကုန်လက်ပန်းကျနေပြီဖြစ်သည်။ ဆက်၍ ခြေလှမ်းနှစ်ရာခန့် ပြေးမိသောအခါ မွန်တင်းသည် မဟန်နိုင်တော့ဘဲ မျက်လုံးများပြာလာပြီး မှောက်လျက်လဲကျသွားလေတော့၏။

ထိုအခါ အဘိုးအိုသည် သူ့အနားသို့ရောက်ရှိလာပြီး ခါးကိုထောက်ကာ .....

"ဟော့ .... သူငယ်၊ မင်းဒီလိုနဲ့ ငါ့ကိုလာလုပ်လို့မရဘူး မင်းအကြံ ဒါအကုန်ပဲလား..."

မွန်တင်းသည် ဝမ်းနည်းလာပြီး မျက်ရည်များပင် ကျဆင်းလာလေ၏။ ထိုစဉ် .... အကျည်းတန်မလေးသည် ရောက်ရှိလာသည်။ သူမက မွန်တင်းအားစေ့စေ့ကြည့်လိုက်ပြီး .....

"ဘိုးဘိုး .... သူ့ကြည့်ရတာ တကယ်မဟန်နိုင်တာ ဖြစ်မယ်၊ အဲဒီတော့ သူ့ကိုခဏအနားပေးလိုက်ရင် ကောင်းမယ်ထင်တယ်"

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ငါ့မြေးမသိပါဘူး..... ဒီသူငယ်ဟာ ကြည့်တော့သာ ရိုးပုံရိုးအနဲ့ ဉာဏ်နီဉာဏ်နက်တော်တော်များတဲ့သူငယ်ကွ"

သူမကပြုံးလိုက်ပြီး .....

"ဘိုးဘိုး.... ဘာပဲဖြစ်ဖြစ် သူ့ကိုအနားပေးပြီးမှဆက်သွားရင်ကောင်းမယ်"



မွန်တင်းသည် ထိုမိန်းကလေးက မိမိအတွက်ကာကွယ်ပြောဆိုနေသည်ကို ကြားရသောအခါ ဝမ်းနည်းဝမ်းသာဖြစ်မိလေသည်။

"အင်း...., နအင်းရယ်၊ မင်းကြောင့် ငါအခုလိုဒုက္ခရောက်ရတာ၊ ငါ့အဖြစ်ကိုမြင်လှည့်စမ်းပါနအင်းရယ်...."

သူက စိတ်ထဲတွင်ကြိတ်၍ပြောမိ၏။

အဘိုးအိုက စဉ်းစားလိုက်ပြီး.....

"အေးလေ.... ငါ့မြေး ဒီလောက်ပြောနေမှတော့ သူ့ကိုခဏအနားပေးလိုက်မယ်၊ ဒါပေမဲ့ ငါ့မြေးကိုသတိပေးရဦးမယ်"

"ဘာများလဲဘိုးဘိုး....."

"ဒီသူငယ်ကို ငါ့မြေးကြပ်ကြပ်သတိထားပါ"

"ဘာဖြစ်လို့လဲဘိုးဘိုး"

"အခု ..... ငါ့မြေး သူ့ကို သနားနေတယ်မဟုတ်လား၊ တော်ကြာ ငါ့မြေးကိုပါ သွေးဆောင်သွားရင်တော့ ငါဒုက္ခရောက်လိမ့်မယ်"

အကျည်းတန်မိန်းကလေးသည် အဘိုးအို၏စကားကြောင့် ရှက်သွားကာ ခေါင်းငုံ့ထားလိုက်လေ၏။

ထိုအခါ မွန်တင်းသည် ထိုင်ရာမှထလိုက်လေ၏။

"ကျွန်တော် ကြာပန်းဂိုဏ်းကဖြစ်ပေမဲ့ ကတိတော့တည်ပါတယ်ဗျာ၊ ဒီအတွက်တော့စိတ်ချပါ"

အဘိုးအို ခေါင်းညိတ်လိုက်၏။

"အေး.....ကောင်းပြီ၊ ငါ့မြေးက မင်းအတွက် ဒီလောက်ပြော နေမှတော့ မင်းကိုငါ စမ်းပြီးယုံကြည့်မယ်၊ ခုအချိန်ကစပြီး မင်းကို ဆက်အနားယူခွင့်ပေးလိုက်မယ်"

မိန်းကလေးက မွန်တင်းအား စိုက်ကြည့်နေသည်။

သူမ၏မျက်နှာမှာ ဖော်မပြနိုင်သောခံစားချက်အမူအရာ များပေါ်လွင်နေလေ၏။ မွန်တင်းသည် မိန်းကလေးအား ကျေးဇူး တင်သည့်မျက်လုံးများဖြင့်ကြည့်ကာ ထိုင်ချလိုက်လေ၏။

ခြေကုန်လက်ပန်းကျနေသူတစ်ယောက်အဖို့ ဤသို့နား ခွင့်ရခြင်းမှာ ကျောက်စက်ရေအား သောက်ရသကဲ့သို့ပင်တည်း။

မွန်တင်း အနည်းငယ်အမောပြေလာပြီဖြစ်သည်။

သူသည် ထိုမြေးအဘိုး၏အမည်ကိုမသိရသေးသဖြင့်–

"ဩော် ...... ဒါနဲ့ ဦးနာမည်ကို ကျွန်တော်သိခွင့်ရှိရင် သိပါရစေလား"

အဘိုးအိုမှာ မွန်တင်း၏စကားကိုကြားရသောအခါ ....

အကျည်းတန်မိန်းကလေးဘက်သို့လှည့်၍ ပြုံးကာကြည့် လိုက်သည်။ သည့်နောက် မွန်တင်းဘက်လှည့်ကာ......

"ဒီမှာသူငယ် . မင်း တို့နာမည်ကိုမမေးရင်ကောင်းမယ်၊ တို့နာမည်သာမင်းကိုပြောပြရင် မင်းတော်တော်အံ့သြသွား...."

အဘိုးအို၏စကားမဆုံးမီ အကျည်းတန်မိန်းကလေးက



ဝင်၍ဟန့်တားလိုက်လေသည်။

"အို..... ဘိုးဘိုးကလဲ ....."

အဘိုးအိုသည် ကလေးဆန်သည်။ သူသည် စိတ်ဆိုး လွယ်သည်၊ စိတ်ပြေလွယ်သည်။ တစ်ခဏအချိန်အတွင်း သူသည် ရယ်လိုက်ပြုံးလိုက်၊ စိတ်ဆိုးလိုက်ငိုလိုက်နှင့် ပြောင်းလဲမှုမြန်ဆန် လှသည်။ ယခု သူသည် စိတ်ရွှင်လန်းနေပြီဖြစ်သည်။ သူသည် ရယ်မောကာ အကျည်းတန်မိန်းကလေးဘက်လှည့်ပြီး .....

"ငါ့မြေးကို ဘိုးဘိုး ဘာမဆိုအလိုလိုက်ခဲ့တယ်၊ ဒီတော့ ဒီသူငယ်နဲ့ပတ်သက်ပြီး ငါ့မြေးတာဝန်ယူမလား"

"ဟုတ်ကဲ့ဘိုးဘိုး .... ကျွန်မတာဝန်ယူပါတယ်"

"ငါ့မြေး သူ့ကိုယုံသလား...."

"ဟုတ်ကဲ့ ကျွန်မယုံပါတယ် ... သူဟာ သစ္စာမဲ့တဲ့လူတစ် ယောက်မဟုတ်ဘူးဆိုတာ"

"အဲဒါ ငါ့မြေးအတွက်စက်နေတာပေါ့ ..... ငါ့မြေးဟာ လူတကာကိုယုံလွယ်တာပဲ၊ သူ့အကြောင်းဘာများသိလို့ ငါ့မြေး က သူ့အတွက်တာဝန်ယူရတာလဲ"

"ဘိုးဘိုးရယ်....."

"ဘိုးဘိုးတွေ ဘာတွေ လုပ်မနေနဲ့ ဘိုးဘိုးမေးတာကိုသာ ဖြေစမ်းပါ"

အကျည်းတန်မလေးသည် မွန်တင်းကိုကြည့်လိုက်၏။

"ဘိုးဘိုး ..... သူ့မျက်လုံးတွေကိုကြည့်ပါ၊ မျက်လုံးတွေက တကယ်ရိုးသားတာပဲ၊ ခုနက သမီးတို့နောက် သူမလိုက်နိုင်တာလဲအမှန်အကန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့တစ်ကိုယ်လုံးချွေးတွေ ရွှဲနေတာသမီးတွေ့ရတာပဲ၊ သူဟာ တကယ်ရိုးသားတဲ့လူပါ"

မွန်တင်းက သူမအားကြိတ်၍ကျေးဇူးတင်မိလေ၏။

သူသည် မိန်းကလေးအားဦးညွှတ်လိုက်ပြီး.....

"ကျွန်တော့်အပေါ် အခုလိုယုံကြည့်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကတိပေးထားတဲ့အတိုင်း ခင်ဗျားတို့ကိုရောက်ကွမ်းမြို့အထိ လိုက်ပို့ပေးပါမယ်"

အကျည်းတန်မိန်းကလေးသည် သူ့အား စိုက်ကြည့်လိုက်ပြီး......

"ရှင့်ကတိအတိုင်း တည်ပါစေနော်"

မွန်တင်းက ခေါင်းညိတ်လိုက်လေ၏။

****



## အခန်း (၃၇)
## စမ်းသပ်ခြင်း

မွန်တင်းသည် ကောင်းစွာအနားယူလိုက်ရသဖြင့် အမောပြေသွားလေ၏။ သူသည် ထိုင်နေရာမှမတ်တတ်ရပ်လိုက်သည်။

"ကဲ..... ကျွန်တော်တို့သွားကြမယ်"

အဘိုးအိုကအနောက်မြောက်ဘက်သို့ညွှန်ပြလိုက်ပြီး .....

"တို့ ရောက်ကွမ်းမြို့ကိုသွားရင် ချန်ကျန်းမြစ်ကိုဖြတ်ရလိမ့်မယ်၊ ချန်ကျန်းမြစ်ကိုဖြတ်မယ်ဆိုရင် ကျောက်ဆောင်ကွေ့ဟာအနီးဆုံးပဲ၊ အဲဒီတော့ တို့ဒီကနေ ကျင်းလိမ်ဘက်ကို ထောင်တက်ပြီး ကျောက်ဆောင်ကွေ့ကိုသွားရင် မကောင်းဘူးလား"

ကျောက်ဆောင်ကွေ့ဟူသောအသံကို ကြားရသောအခါ သူ၏တစ်ကိုယ်လုံးတုန်ခါသွားသည်။ သူ၏ရင်ထဲ၌ ဝမ်းနည်းကြေကွဲမှုကိုခံစားမိလာပေသည်။ မျက်ရည်များမှာလည်း မျက်လုံးအိမ်အတွင်းမှ တားဆီးမရဘဲကျဆင်းလာလေတော့သည်။

****

'ကျောက်ဆောင်ကွေ့'

ကျောက်ဆောင်ကွေ့ဟူသောနေရာသည် နုအင်းက သူ့အားခွဲခွာသွားခဲ့သောနေရာပင်ဖြစ်သည်။ နုအင်းသည် ဤကျောက်ဆောင်ကွေ့အနီးတွင် ဆံပင်ကိုဖြတ်ကာ စာရေးထားခဲ့ပြီး ရှောင်ပြေးသွားခဲ့သည်မဟုတ်ပါလော။

အဘိုးအိုသည် မွန်တင်း၏မျက်နှာ မကြည်မလင်ဖြစ်နေသည်ကိုတွေ့မြင်ရသောအခါ.....

"ဟေ့ မင်းဘာဖြစ်နေပြန်ပြီလဲ၊ ဘာလဲ မင်းမသွားချင်လို့ တို့ကို သနားအောင်လုပ်ပြနေတာလား"

"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် .... မင်းကဘာဖြစ်လို့ငိုနေရတာလဲ"

"ဒီလိုပါဦး ..... ဒီကျောက်ဆောင်ကွေ့မှာ တစ်ချိန်က ကျွန်တော် အင်မတန်စိတ်ထိခိုက်စရာအဖြစ်အပျက် ခံစားခဲ့ရတဲ့နေရာတစ်ခုပါ၊ ဒါကြောင့် .... စိတ်ကိုမထိန်းနိုင်ဘဲ မျက်ရည်ကျမိတာပါ"

မွန်တင်း၏စကားကြောင့် အကျည်းတန်မလေး၏မျက်နှာမှာ ကွဲကနဲပျက်သွားလေတော့သည်။ ထို့ကြောင့်..... သူမသည် ကပျာကယာ တစ်ဖက်သို့လှည့်လိုက်လေသည်။

သူမ၏မျက်ဝန်းအစုံမှာ မျက်ရည်များရစ်ဝဲလာသည်။

"နုအင်းရယ်.... မင်းကံဆိုးလှချည်လားကွယ်"



သူမသည် ကြိတ်၍ပြောဆိုမိသည်။

အဘိုးအိုမှာ မျက်မှောင်ကုပ်သွားသည်။

"ကဲ.... ဒါတွေထားလိုက်ဦး... မင်းကငါ့နှမည်ကို သိချင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်....."

"ငါ့နှမည် 'ကိုချင်း'လို့ခေါ်တယ်၊ သူကတော့ ငါ့မြေး 'ကျင်ရွေး'လို့ခေါ်တယ်"

မွန်တင်းမှာ အဘိုးအို၏စကားကြားရသောအခါ များစွာတုန်လှုပ်သွားသည်။

အဘယ်ကြောင့်ဆိုသော်....

အဘိုးအိုသည် သိုင်းလောကတွင် အနားယူသွားသော သိုင်းရာဇာကြီး သုံးယောက်အနက်မှ တစ်ယောက်ဖြစ်နေသောကြောင့်တည်း။

ထို့ကြောင့် မွန်းတင်း ကပျာကယာဦးညွှတ်လိုက်ပြီး....

"ဦးနှမည်ကို ကြားခဲ့တာ တော်တော်ကြာခဲ့ပါပြီ ကျွန်တော် ဂါရဝပြုပါတယ်ခင်ဗျား....."

အဘိုးအိုမှာ မဲ့ပြုံးပြုံးလိုက်လေ၏။

"ဘာလဲ မင်းကငါ့ကိုလောကွတ်ချော်တာလား"

"မဟုတ်ပါဘူးခင်ဗျား ... ကျွန်တော် ဦးကို တကယ်ရိုသေလေးစားလို့ပါ"

ထိုစဉ် ..... နုအင်းသည် မျက်နှာပြန်၍ လှည့်လာပြီဖြစ်သည်။ သူမ၏မျက်နှာမှာ ပြန်လည်တည်ငြိမ်လာသည်။

အမှန်မှာ .... တိုချင်းသည် နုအင်းအတွက် မွန်တင်း၏စိတ်ကိုစမ်းသပ်လှေ့လာနေခြင်းမျှသာဖြစ်၏။ ထိုအကျည်းတန်မိန်းကလေးမှာ ရုပ်ဖျက်ထားသောနုအင်းပင်ဖြစ်ပါလေသည်။

အဘိုးအိုသည် မွန်တင်းမှာ နုအင်းအပေါ် သစ္စာရှိနေသည်ကိုတွေ့မြင်ရသဖြင့် မွန်တင်းအပေါ် နှိပ်စက်ကလူပြုမှုများကို လျှော့ချလိုက်လေတော့သည်။

****

သူတို့သည် ခရီးဆက်ကြပြန်သည်။

ဤတစ်ကြိမ် အဘိုးအိုမှာ ခါတိုင်းကဲ့သို့ ခြေလှမ်းမြန်မြန်လျှောက်ခြင်းမရှိတော့ပါ။ ထို့ကြောင့် မွန်တင်းမှာ ပင်ပန်းခြင်းမရှိဘဲ အမှီလိုက်နိုင်ခဲ့သည်။ ဤသို့ဖြင့် သူတို့သည် နှစ်ရက်ခန့်ခရီးနှင်မိကြသောအခါ ကျင်းလိမ်မရောက်မီ ရွာကလေးတစ်ရွာသို့ရောက်ရှိလာလေတော့သည်။

ထိုရွာထဲသို့ဝင်သောအခါ တစ်ရွာလုံးရှိအိမ်များမှာ တံခါးများပိတ်ထားသည်ကို တွေ့မြင်လိုက်ရတော့သည်။ မွန်တင်းကအံ့ဩစွာဖြင့် ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်အခြေအနေက မည်သည့်အရာကိုဖော်ပြနေပါသနည်း။



ရုတ်တရက် သူတို့သည် တစ်စုံတစ်ရာကိုတွေ့မြင်လိုက်မိသည်။ ကြီးမားထည်ဝါသော အဆောက်အအုံတစ်ခု၏ တံခါးမကြီးပေါ်တွင် အဖြူရောင်ပိတ်တစ်စကို ချည်နှောင်ထားချေသည်တကား။ ထိုပတ်စပေါ်တွင် အမဲရောင်စာလုံးများဖြင့် ရေးသားထားသည်မှာ

"မင်းတို့ကိုသတ်ပစ်မယ်"

ဟူ၍ပင်ဖြစ်ပါသတည်း။

နုအင်းသည် ထိုအမှတ်အသားကိုတွေ့မြင်လိုက်သည်နှင့် ကြာပန်းဂိုဏ်းမှလူများ၏ အမှတ်အသားဖြစ်နေသည်ကို သိလိုက်မိသည်။ ဤအမှတ်အသားကို လာရောက်ချိတ်ဆွဲထားသူမှာ ကြာပန်းဒေဝီတပည့်ကြီး ထင်ရှောင်ဖြစ်ရမည်ကို နုအင်းစိတ်ထဲတွင် မှတ်ယူမိသည်။ မွန်တင်းမှာလည်း ထိုအမှတ်အသားကိုတွေ့လိုက်ရသောအခါ စိတ်ထဲတွင်စိုးရိမ်ပူပန်မိလာသည်။

ဤရွာသို့လာသည်မှာ နုအင်းပင်ဖြစ်မည်လော .....

အကယ်၍ .... နုအင်းကိုယ်တိုင်ဖြစ်ပါက မည်သို့ လုပ်ဆောင်ရမည်နည်း။ ထိုစဉ် အဘိုးအိုဟိုချင်းသည် မွန်တင်းအားပြုံး၍ကြည့်ရင်း .....

"ဟဲ... ဟဲ... ဟဲ" တို့က ကြာပန်းဂိုဏ်းကို ရှောက်ကွမ်းအထိလိုက်မလို့၊ အခုတော့ ဒီမှာတင်လာပြီးဆုံနေပါလား၊ ကဲ.... မွန်တင်း မင်းကိုငါမေးချင်တယ်"

"မေးမျှါ... ဦး"

"မကြာခင် မင်းတို့ဂိုဏ်းကလူတွေ ရောက်လာတော့မယ် တို့ကလည်း မင်းတို့ဂိုဏ်းကို အပြတ်ရှင်းရမှာပဲ၊ မင်းက ကြာပန်းဂိုဏ်းသားတစ်ယောက်ဆိုတော့ မင်းဘယ်လိုလုပ်မလဲပြောစမ်း"

မွန်ထင်းမှာ အဖြေရကြပ်သွားသည်။ အတန်ကြာမှ သူသည် အမှန်အတိုင်းပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

"ဒီလိုပါဦး၊ အခုလာမဲ့သူတွေဟာ ကြာမှန်းဒေဝီပဲဖြစ်ဖြစ်၊ ထင်ရှောင်ပဲဖြစ်ဖြစ် ကျွန်တော်လက်ပိုက်ပြီးကြည့်နေမှာပါ"

အဘိုးအိုဟိုချင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ..... ဒါပေမဲ့ နုအင်းလာရင်ကော မင်းဘယ်လိုလုပ်မလဲ"

"နုအင်းလာရင်တော့ .... ကျွန်တော့်အသက် သေချင်သေသွားပါစေ၊ နုအင်းကိုတော့ ကာကွယ်ပေးရမှာပဲ"

ဤသည်မှာ ဟိုချင်းက မွန်တင်း၏စိတ်ထားကိုသိလိုသဖြင့် မေးလိုက်ခြင်းသာဖြစ်ပါ၏။ မွန်တင်းသည် နုအင်းအပေါ် တကယ်သစ္စာရှိသူဖြစ်သည်။ နုအင်းနှင့်မချစ်မီအခါကလည်း မည်သူ့ကိုမျှ မရိုးမသားဆက်ဆံခဲ့ချေ။ သူ့အပေါ် လိုက်လိုက်လျောလျောဆက်ဆံခဲ့သောဝှစ်နှင်းကျဲကိုပင် မရိုးမသားမဆက်ဆံခဲ့ချေ။ သူသည် နုအင်းအတွက် သူ့အသက်ကိုပင် မနှမြောဘဲ တကယ်ကာကွယ်မည့်သူဖြစ်ကြောင်း .... အဘိုးအိုဟိုချင်းကော နုအင်းပါ



သိရှိသွားလေတော့သည်။

မွန်တင်း၏စကားကိုကြားရသောအခါ နုအင်း၏ရင်ထဲတွင် ဝမ်းနည်းခြင်း၊ ကြည်နူးခြင်း ဒွန်တွဲ၍ခံစားမိလေတော့၏။ မွန်တင်းတစ်ယောက် မိမိအပေါ်အလွန်သစ္စာရှိနေခြင်းကို အပြည့်အဝယုံကြည်လာလေတော့သည်။

*****

ထိုစဉ် .....

"ဝူး ..... ဝူး ..... ဝူး ....."

ဝူးရှထိတ်လန့်ဖွယ်ရာအော်ဟစ်သံများသည် ရွာ၏လေးဘက်လေးတန်မှထွက်ပေါ်လာသည်။ ထိုအသံများကို ကြားလိုက်သည်နှင့် မွန်တင်းနှင့်နုအင်းတို့၏မျက်နှာများမှာ ကွက်ခနဲပျက်သွားလေသည်။ ဟိုချင်းမှာမူ တည်ငြိမ်စွာဖြင့်ထိုင်နေ၏။

"ဘိုးဘိုး ကျွန်မတို့ ခဏလောက်ပုန်းနေရင်မကောင်းဘူးလား....."

နုအင်းက အကြံပေးလိုက်ခြင်းဖြစ်သည်။ အဘိုးအိုဟိုချင်းသည် နုအင်း၏သဘောထားကိုနားလည်လိုက်မိ၏။

"အေး..... ကောင်းသားပဲ"

ထိုစဉ်မှာပင် အော်ဟစ်သံများသည် တဖြည်းဖြည်းနီးကပ်လာသည်။ ဟိုချင်းသည် အဆောက်အအုံ၏ရှေ့ရှိ ကြီးမားသော သစ်ပင်တစ်ပင်ပေါ်သို့ညွှန်ပြလိုက်ပြီး .....

"ကဲ .... တို့အဲဒီသစ်ပင်ပေါ်တက်ပြီးပုန်းရအောင်"

စကားဆုံးသည်နှင့် .... သူ၏ခန္ဓာကိုယ်မှာ မျောက်တစ်ကောင်ပမာ သွက်လက်စွာဖြင့်သစ်ပင်ပေါ်သို့တက်သွားလေ၏။ မွန်တင်းမှာ အော်သံထွက်ပေါ်လာရာသို့ငေး၍ကြည့်မိသည်။

နုအင်းသည် မွန်တင်း၏လက်ကိုဆွဲကာ .....

"ရှင် ဘာငိုင်နေတာလဲ မြန်မြန်သစ်ပင်ပေါ်တက်ပါတော့လား"

ထို့နောက် .... သူတို့နှစ်ယောက်သည် သစ်ပင်ပေါ်သို့ခုန်တက်သွားကြလေ၏။ ယင်းသစ်ပင်ကြီးမှာ အလွန်ကြီးမားပြီး အကိုင်းအခက်အရွက်များထူထပ်လှသည်။

သစ်ကိုင်းကြားမှလှမ်းကြည့်လိုက်ရာ ရွာ၏လေးဘက်လေးတန်မှ အဖြူရောင်ဝတ်ဆင်ထားသောသူများသည် ဝင်ရောက်လာနေကြသည်ကို တွေ့မြင်ရလေတော့၏။ ထိုလူများမှာ တဖြည်းဖြည်းနီးကပ်လာ၏။ ထို့နောက် .... သူတို့သည် ထိုကြီးမားသောအဆောက်အအုံကို ဝန်းရံထားလိုက်ကြလေ၏။

ထိုလူများကိုဦးဆောင်လာသူမှာ ထင်ရှောင်ဖြစ်နေသည်ကိုတွေ့ရသောအခါ သူ့ချစ်သူနုအင်းမဟုတ်သဖြင့် မွန်တင်းမှာ လွန်စွာစိတ်သက်သာရာရရှိသွားလေ၏။

****



## အခန်း (၃၈)

## အချစ်စစ်

သူသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်လေသည်။

သည့်နောက် မွန်တင်းသည် ကျင်ထွေးအမည်ရှိအကျည်းတန်လေးဘက်သို့လှည့်ကြည့်လိုက်၏။ သူမ၏မျက်နှာမှာ စိုးရိမ်ပူပန်ခြင်း ဒေါသထွက်ခြင်းဖြင့်ရောယှက်နေပေသည်။

ကျင်ထွေးသည် ထင်ရှောင်အား စိုက်ကြည့်နေသည်ကိုတွေ့လိုက်ရလေ၏။ ထိုစဉ် .... ကြာပန်းဂိုဏ်းသားများသည် ထိုအဆောက်အအုံကို ဝိုင်းရံထားလိုက်ပြီးဖြစ်နေ၏။

ထင်ရှောင်သည် တံခါးရှေ့တွင်ရပ်လိုက်ပြီး .....

"ဒီမှာ မင်းတို့သိုင်းရာဇာငါးယောက်ကို၊ ကျုပ်နောက်ဆုံးသတိပေးလိုက်မယ်၊ မင်းတို့လက်ထဲမှာရှိတဲ့သိုင်းစာအုပ်ကို အမြန်ဆုံး ငါတို့လက်ထဲအပ်ပါ၊ မအပ်ရင်တော့ ကြာပန်းဂိုဏ်းအကြောင်း မင်းတို့သိစေရမယ်"

သိုင်းရာဇာငါးယောက်ဟူသောစကားကို ကြားလိုက်ရ

သောအခါ မွန်တင်းမှာအံ့သြတုန်လှုပ်သွားသည်။ ထိုသိုင်းရာဇာ ငါးယောက်ကိုမိမိသတ်ခဲ့သည်ဟု သိုင်းလောကတစ်ခုလုံးက ထင်မှတ်နေကြ၏။ သိုင်းရာဇာငါးယောက်ကိုစွနှင့်ပတ်သက်ပြီး သူ နာမည်ပျက်ခဲ့ရသည်မဟုတ်ပါလား။

ယခုမှာမူ ထိုသိုင်းရာဇာငါးယောက်သည် ဤနေရာတွင် လာရောက်ပုန်းခိုနေခြင်းဖြစ်၏။ ထိုစဉ် တဟားဟားဟား ရယ်မောသံနှင့်အတူ အခန်းထဲမှ လူငါးယောက်သည် ရှေ့ဆင့်နောက်ဆင့် ထွက်လာကြလေတော့၏။

မွန်တင်း သေချာဂရုစိုက်၍ကြည့်လိုက်သောအခါ ထိုလူများမှာ သိုင်းရာဇာငါးယောက်ပင်ဖြစ်နေပေသည်။ ရှေ့ဆုံးမှထွက်လာသူမှာ ကျူးကွဲပင်ဖြစ်၏။ သူသည် သံပေသီးကို တခြွမ်းခြွမ်းမြည်အောင်လှုပ်ခါလိုက်ပြီး.....

"ဩော်.... မင်းက ကြာစန်းဂိုဏ်းကတပည့်ကြီးထင်ရှောင်နဲ့တူတယ်"

"ဟုတ်ပါတယ်"

"မင်းက ဘယ်လောက်များသိုင်းပညာတတ်လို့ ငါတို့ကိုလာပြီး အနိုင်ကျင့်ချင်ရတာလဲ"

ထင်ရှောင်သည် 'ကျူးကွဲ'၏စကားကို အဖြေမပေးသေးဘဲ နောက်သို့လှည့်လိုက်ပြီး သစ်ပင်ပေါ်သို့ကြည့်ကာ ....

"ဩော်... မင်းတို့က အကူအညီတွေကိုတောင် ခေါ်ထား



တာကိုး၊ ကဲ.... သေပေတော့"

, ထင်ရှောင်သည် ယင်းသို့ပြောပြီး သစ်ပင်ပေါ်သို့ ဓားဖြင့်ပစ်ပေါက်လိုက်သည်။ မွန်တင်းသည် သူ့အနီးရှိအဘိုးအိုနှင့် အကျည်းတန်မိန်းကလေးကိုကြည့်လိုက်၏။

သို့သော် မြေးအဘိုးတို့မှာမရှိတော့ပါ၊ မည်သည့်အချိန်ကထွက်သွားသည်ကို မွန်တင်းမသိရှိပေ။ ထို့ကြောင့် မွန်တင်းမှာ ဆက်၍နေရန်မဖြစ်တော့သဖြင့် သစ်ပင်ပေါ်မှနေ၍ခုန်ချလိုက်ရ၏။ ထင်ရှောင်နှင့်တကွ သိုင်းရာဇာငါးယောက်တို့သည် မွန်တင်းအားတွေ့မြင်ရလျှင် အံ့သြတုန်လှုပ်မိကြသည်။

ထိုအခါ ကျူးကွဲဆိုသူကစတင်၍ .....

"ဩော် မင်းကိုး၊ အခုလိုမမျှော်လင့်ဘဲတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"

ထင်ရှောင်လည်း မျက်မှောင်ကုပ်၍ မွန်တင်းအားကြည့်ရင်း .....

"မင်း ဒီကိုဘာလာလုပ်တာလဲ"

မွန်တင်းသည် သိုင်းရာဇာငါးယောက်တို့အား တစ်ချက်ကြည့်ပြီး ထင်ရှောင်ဘက်လှည့်ကာ.....

"ဒီလူတွေဟာ ကျုပ်ကိုဒုက္ခပေးလွန်းလို့ ကျုပ် သူတို့ကိုလိုက်ရှာနေတာ၊ အခုတော့ မမျှော်လင့်ဘဲတွေ့လိုက်ရလို့ ဒီကိစ္စကို ကျုပ်ရှင်းပါရစေ"

ထင်ရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"အေး...သိုင်းရာဇာငါးယောက်ကိစ္စနဲ့ပတ်သက်ပြီး မင်းကို စွပ်စွဲနေတာကို ငါလဲကြားတယ်၊ ဒီတော့ မင်းအသာလေးနေစမ်းပါ၊ ငါမင်းအတွက် ကလဲ့စားချေပေးမယ်"

ထင်ရှောင်ကဆက်ပြောလေ၏။

"သိုင်းလောကမှာ တစ်ဦးကိုတစ်ဦးချောက်တွန်းတာ၊ အန္တရယ်ဖြစ်အောင်လုပ်တာ၊ ထောင်ချောက်ဆင်တာတွေဟာ မဆန်းပါဘူး၊ သိုင်းလောကမှာ အထက်လမ်းနဲ့အောက်လမ်းသိုင်းလောကရှိတယ်၊ အောက်လမ်းသိုင်းလောကမပြောနဲ့ငါပြောတဲ့ဟာတွေကို အထက်လမ်းသိုင်းလောကသားတွေတောင် လုပ်တတ်ကြတယ်၊ ဒီတော့ မင်းခံရတာအသေးအဖွဲလေးပါ၊ မင်းနာမည်ပျက်ရတာပဲရှိတယ်၊ တကယ် ဒုက္ခမရောက်ခဲ့ပါဘူး၊ ဒါကြောင့် ငါတို့လက်စားချေပေးမယ်လို့ပြောတာကွ"

မွန်တင်းသည် ထိုစကားကိုကြားလိုက်ရသောအခါ စိုးရိမ်ပူပန်သွားမိသည်။ ဤသိုင်းရာဇာငါးဦးအား ထင်ရှောင်ကသတ်ပစ်ပါက မိမိအစွပ်စွဲခံနေရသောအကြောင်းများကို သိုင်းလောကသို့ ရှင်းပြနိုင်တော့မည်မဟုတ်ဟု တွေးမိလေသည်။

ထို့ကြောင့် ..... သူသည် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး၊ ခင်ဗျာ သူတို့ကိုသတ်ချင်ရင်သတ်နိုင်ပါတယ်၊ ဒါပေမဲ့ အခုအချိန်တော့မဖြစ်သေးဘူးဗျ"



"ဘာဖြစ်လို့လဲ"

"ခင်ဗျား သူတို့ကိုသတ်လိုက်ရင် ကျုပ်သတ်ပါတယ်ဆိုတဲ့စွပ်စွဲချက်ကို ဘယ်လိုမှရှင်းပြလို့ရမှာမဟုတ်တော့ဘူး"

ထင်ရှောင်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကဘာကောင်မို့ ငါ့ကိုဒီလိုပြောရတာလဲ၊ သေချင်လို့လား"

သူသည် စကားဆုံးသည်နှင့် သူ့လက်ထဲမှသံမဏိယပ်တောင်ဖြင့် မွန်တင်းအားတိုက်ခိုက်လေ၏။ မွန်တင်းမှာ ထင်ရှောင်က သူ့အားတိုက်ခိုက်လိမ့်မည်ဟု မထင်မိခဲ့ချေ။ သူသည် ကပျာကယာရှောင်တိမ်းလိုက်၏။ သို့သော် ...... ထင်ရှောင်၏သံမဏိယပ်တောင်သည် သူ၏လက်မောင်းသို့ခြစ်မိပြီးသွေးများခြင်းခြင်းနီရဲသွားလေသည်။

မွန်တင်းသည် ထင်ရှောင်အားစေ့စေ့ကြည့်လိုက်ပြီး...

"ခင်ဗျားတို့က ကျုပ်ကိုတိုက်ခိုက်တာပေါ့ဟုတ်လား၊ ဒီတော့ ကျုပ်ကလဲ တုံ့ပြန်ရမှာပဲ"

သူသည် စကားဆုံးသည်နှင့် သိုင်းရှစ်ကွက် ကျမ်းစာအုပ်ထဲမှ 'လျှပ်စစ်မိုးကြိုး'သိုင်းကွက်ဖြင့် ထင်ရှောင်အား ပြန်၍တိုက်ခိုက်လိုက်၏။ ထင်ရှောင်သည် မွန်တင်း၏တိုက်ကွက်မှာ အလွန်ပြင်းထန်ပြီး ဆန်းကြယ်နေသည်ကိုတွေ့ရသောအခါ အံ့အားသင့်သွားသည်။

မွန်တင်းအား အထင်သေး၍မရကြောင်း သူနားလည်မိ၏။ သူသည် သံမဏိယပ်တောင်ကို စုစည်းပြီးလျှင် မွန်တင်း၏ တိုက်ကွက်ကိုရှောင်တိမ်းကာ ပြန်လည်၍တိုက်ခိုက်လေ၏။

ထင်ရှောင်မှာ ကြာပန်းဂိုဏ်း၏ အားအကိုးရဆုံးသော ဂိုဏ်းအဖွဲ့ဝင်တစ်ဦးဖြစ်၏။ သူသည် ကြာပန်းဒေဝီ၏ သိုင်းပညာရပ်အားလုံးကို တတ်မြောက်ထားသူဖြစ်၏။

အတွင်းအား အနည်းငယ်လိုနေသည်မှအပ သိုင်းလောကတစ်ခုလုံး၌ သူ့အားယှဉ်ပြိုင်နိုင်သောသိုင်းသမား အလွန်ရှားလှသည်။ ယခုသူသည် မွန်တင်း၏သိုင်းပညာ အလွန်တိုးတက်မြင့်မားလာသည်ကိုတွေ့လိုက်ရလေပြီ။

သူသည် သူ၏သိုင်းပညာကိုမထိန်းချုပ်တော့ဘဲ မွန်တင်းအား အစွမ်းကုန်တိုက်ခိုက်လေတော့သည်။

မွန်တင်းကလည်း သူ၏သိုင်းရှစ်ကွက်စာအုပ်ထဲမှ သိုင်းကွက်များဖြင့် ထင်ရှောင်အားသဲသဲမဲမဲတိုက်ခိုက်လိုက်လေ၏။

****

မွန်တင်းနှင့်ထင်ရှောင်တို့သည် ပြင်းထန်စွာတိုက်ခိုက်နေကြသည်။ တစ်ဒင်္ဂအချိန်တွင်.... သူတို့သည် သိုင်းကွက်(၃)ကွက်မျှတိုက်ခိုက်ပြီးကြသည်။ သိုင်းရာဇာငါးယောက်တို့မှာ သူတို့အားကြည့်ကာ ထိတ်လန့်တုန်လှုပ်နေကြ၏။ မွန်တင်းနှင့်ထင်ရှောင်တို့သည် သိုင်းကွက်(၃)ကွက်တိုက်ခိုက်ပြီးနောက် ရပ်လိုက်သည်။



"ဒီမှာ မင်းကို နအင်းကတပည့်အဖြစ်လက်ခံထားတယ်လို့ကျုပ်ကြားတယ်၊ အခုသူဘယ်မှာလဲ"

မွန်းတင်း ခေါင်းခါယမ်းလိုက်သည်။

"ဟုတ်တယ်.....သူကကျုပ်ဆရာပဲ ဒါပေမဲ့ သူဘယ်သွားတယ်ဆိုတာကျုပ်မသိဘူး"

"ဟေ့ မင်းငါ့ကိုလိမ်မယ်မကြံနဲ့၊ မှန်မှန်ပြောစမ်း"

"အို .... ကျုပ်ပြောပြီးပြီမဟုတ်လား၊ မသိပါဘူးလို့"

"တောက်.... မင်းသိပ်ခေါင်းမာပါလား မင်းဟာကျုပ်တို့ကြာပန်းဂိုဏ်းသားတစ်ယောက်ဖြစ်နေလို့ မင်းကိုသည်းခံနေတာ၊ နို့မဟုတ်ရင် မင်းအခုဆို လူသေအလောင်းဖြစ်နေပြီကွ"

မွန်တင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကိုကြာပန်းဂိုဏ်းသားလို့ ဘယ်သူပြောသလဲ"

ထင်ရှောင် မျက်မှောင်ကုပ်သွား၏။

"ဘာ... မင်းဘာပြောတယ်၊ မင်းက နအင်းဆီမှာတပည့်ခံတယ်လို့လဲပြောသေးတယ်၊ ကြာပန်းဂိုဏ်းသားမဟုတ်ဘူးလဲပြောတယ်၊ ဘာလဲ နအင်းက သီးခြားဂိုဏ်းတစ်ဂိုဏ်းများ ထောင်ထားလို့လား"

"ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာက နအင်းဟာ ကျုပ်ရဲ့ဆရာပဲ၊ တခြားဘာမှမသိဘူး"

"အောင်မယ် မင်းကဒါလောက်ခေါင်းမာနေတာကိုး ကဲ

သေပေတော့"

ထင်ရှောင်သည် ဤသို့ပြောပြီးလက်နှစ်ဖက်ကို အပေါ်သို့မြှောက်လိုက်သည်။ သူ၏လက်ချောင်းများသည် သိန်းငှက်ခြေသည်းပမာ ကုတ်ထားသည်။ ကြာပန်းဂိုဏ်း၏ အထူးခြားဆုံးသော ကြာပန်းသိုင်းကွက် (၁၃)ကွက်ဖြင့် တိုက်ခိုက်ရန် အနေအထားဖြစ်နေသည်။ ထိုစဉ် လူရိပ်တစ်ရိပ် မွန်တင်းရှေ့သို့ လျှပ်တစ်ပြက်ရောက်ရှိလာသည်။

ထိုလူရိပ်မှာ အကျည်းတန်မိန်းကလေးဖြစ်နေသည်။ သူမသည် မွန်တင်းအားဘေးသို့တွန်းဖယ်ပြီး ထင်ရှောင်အား စေ့စေ့ကြည့်လိုက်သည်။

"ဟင် ..... ကြာပန်းဂိုဏ်းဟာ တော်တော်ရက်စက်တယ်ဆိုတာ အခုကြုံဖူးမှသိရတယ်၊ ကိုယ့်တပည့်တောင် မညှာမတာ အသေသတ်မလို့လား"

"မင်းဘယ်သူလဲ .... ကျုပ်ကိစ္စကိုဝင်ရှုပ်ရင်သေသွားမယ်ဆိုတာမသိဘူးလား"

အမှန်မှာ ..... ရုပ်ဖျက်ထားသော နှအင်းသည် ထင်ရှောင်က ယခုကဲ့သို့ ကြာပန်းဂိုဏ်း၏အထက်မြက်ဆုံးသော သိုင်းကွက်ဖြင့် မွန်တင်းအားတိုက်ခိုက်ရန် ဟန်ပြင်နေခြင်းကိုတွေ့မြင်လိုက်ရသဖြင့် သူမသည် မနေနိုင်တော့ဘဲ လာရောက်၍ဟန့်တားလိုက်ခြင်းသာဖြစ်ပေသည်။



သူမသည် ထင်ရှောင့်စကားကိုအရေးမစိုက်ဘဲ မွန်တင်းဘက်သို့လှည့်လိုက်သည်။

"ရှင့်ကြည့်ရတာ စိတ်ထားကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ကြာပန်းဂိုဏ်းကနှအင်းကိုဆရာတင်ထားတော့ ရှင့်အတွက် ကျွန်မ နှမြောမိတယ်"

"ဒီမယ် ခင်ဗျားစကားပြောရင် ကြည့်ပြောပါ၊ ကျုပ်ဆရာကိုမစော်ကားပါနဲ့"

ရုပ်ဖျက်ထားသောနှအင်းက မွန်တင်း၏စကားကိုကြားရသောအခါ ရင်ထဲ၌တလှပ်လှပ်ခံစားလိုက်ရတော့သည်။ မွန်တင်းသည် မိမိအပေါ်အလွန်သစ္စာရှိနေသည်ကိုသိလိုက်ရသည်။

မွန်တင်းသည် သစ္စာကြီးသူ အချစ်ကြီးသူဖြစ်နေပါကလား။ သူမ မူးမေ့မတတ်ခံစားလိုက်ရသည်။

သူမသည် ရင်ထဲမှခံစားချက်ကြောင့် မျက်ရည်များကျမလာစေရန် စိတ်ကိုထိန်းထားလိုက်ရသည်။

"အို....ကျွန်မ အမှန်အတိုင်းပြောနေတာပဲ၊ ဒါကိုရှင်က ရှင့်ဆရာကိုစော်ကားတယ်များ ထင်နေသလား"

"အိုဗျာ .... ခင်ဗျားဘာမှမပြောရင်ကောင်းမယ်"

"ပြောတော့ကောဘာဖြစ်သလဲ"

မွန်တင်းသည် စိတ်ကိုမထိန်းနိုင်တော့ပါ။

နှအင်း၏ပါးကို ရုတ်တရက်ရိုက်ချလိုက်လေသည်။

"ဖြန်း"

ရုပ်ဖျက်ထားသောနုအင်းသည် မွန်တင်း ဤမျှစိတ်ထိခိုက်လိမ့်မည်ဟု မင်မျှော်လင့်ခဲ့ပါ။ ထို့ကြောင့် မွန်တင်း ရိုက်လိုက်သည်ကိုမရှောင်မိဘဲ သူမ၏ပါးပြင်ပေါ်တွင် လက်ငါးချောင်းရာ ထင်းခနဲပေါ်လာပြီး မျက်နှာနီရဲသွားလေသည်။ နုအင်းက ပြုံးလိုက်သည်။ သူမ၏နှုတ်ခမ်းမှလည်း သွေးများစီးဆင်းကျလာလေသည်။

သို့သော်..... သူမ၏ရင်ထဲ၌ ဝမ်းသာကြည်နူးမိသည်။

မွန်တင်းတစ်ယောက် မိမိအပေါ် မည်မျှမေတ္တာရှိနေသည်ကိုသိသာနိုင်ခဲ့ပြီမဟုတ်ပါလား။

*****



## အခန်း (၃၉)
## ကြာပန်းဒေဝီ

မွန်တင်းသည် အကျည်းတန်မိန်းကလေး၏နှုတ်ခမ်းမှ သွေးများယိုစီးကျလာသည်ကို တွေ့မြင်ရသောအခါ မိမိ လက်လွန်သွားသည်ကို သတိပြုမိလိုက်လေတော့သည်။

သူသည် အားတုံ့အားနာစွာဖြင့် နုအင်းအား ငေးမော၍ကြည့်နေမိသည်။ ထင်ရှောင်လည်း မွန်တင်း၏အပြုအမူကိုတွေ့ရသောအခါ အံ့အားသင့်သွားလေ၏။

"ဒီကောင်နဲ့နုအင်းတို့ ဘယ်လိုအခြေအနေရောက်နေပြီလဲ မသိဘူး၊ ဒီကောင်က နုအင်းအကြောင်း မကောင်းပြောတာ လက်ကိုမခံနိုင်ဘဲဖြစ်နေတယ်"

ထင်ရှောင်က စိတ်ထဲတွင်ကြိတ်၍ရေရွတ်မိသည်။

"မင်းမဆိုးဘူး၊ မင်းဆရာကို ဒါလောက်ရိုသေပုံထောက်တော့၊ မင်းဆရာကို မင်းတော်တော်လေးစားပုံရတယ်"

မွန်တင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားစကားက ဘာစကားလဲ၊ သိုင်းသမားတွေဟာ

ဒီလိုစကားမနိုက်ကြဘူးဗျ၊ ခင်ဗျားက ကျုပ်ကိုစကားနိုက်တာပဲ၊ သူက ကျုပ်အပေါ်ဘယ်လို တင်စီးတင်စီး ကျုပ်ကသူ့အပေါ် ဘယ်လောက်လေးစားလေးစား ခင်ဗျားနဲ့လုံးဝမဆိုင်ဘူး၊ ဒါဟာ သူနဲ့ကျုပ်ရဲ့ဆက်ဆံရေးပဲ"

"ဟား .... ဟား .... ဟား"

ထင်ရှောင်ကရယ်မောလိုက်သည်။

"ငါနဲ့ဆိုင်လို့ပြောတာပေါ့"

သူသည် မွန်တင်းအားမျက်မှောင်ကုပ်ကြည့်လိုက်ပြီး ....

"ဒီမှာ ငါရှင်းရှင်းပြောမယ်၊ မင်းဆရာနအင်းက မကြာခင်ငါနဲ့လက်ထပ်တော့မှာကွ၊ သူဟာ ငါ့ရဲ့ဇနီးလောင်းကွ"

"ဗျာ........"

မွန်တင်းသည် ထိုစကားကြားရသည်နှင့် တစ်ကိုယ်လုံးတုန်ခါသွားလေ၏။ မယုံကြည်နိုင်သောမျက်လုံးဖြင့် ထင်ရှောင်အား စိုက်ကြည့်ရင်း.....

"ခင်ဗျားတကယ်ပြောနေတာလားဗျ"

"အိုး.... ငါကဘာဖြစ်လို့လိမ်ပြီးပြောရမှာလဲ၊ ငါ့ဆရာက ငါ့ကိုကတိပေးလိုက်ပြီကွ"

ထင်ရှောင်၏စကားကြောင့် မွန်တင်းသာမက ရပ်ဖျက်ထားသောနအင်းပါ အံ့ဩတုန်လှုပ်သွားမိတော့သည်။

"ဒုက္ခပါပဲ၊ ဆရာက ဘာဖြစ်လို့ကျွန်မကိုမမေးမမြန်းဘဲ



ဒီလိုဆုံးဖြတ်လိုက်ရတာလဲ"

နအင်း၏ရင်ထဲမှထွက်ပေါ်လာသော စကားလုံးများ ဖြစ်ပါ၏။ ထင်ရှောင်သည် တွေဝေငေးငိုင်နေသောမွန်တင်းအား .....

"ကဲ.... မင်းကို ငါ့ဇနီးလောင်းရဲ့မျက်နှာထောက်ထားပြီး အသက်ချမ်းသာပေးလိုက်မယ်၊ မင်းလိုရာသွားနိုင်တယ်"

မွန်တင်း၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ခင်ဗျားသွားခိုင်းတိုင်း ကျုပ်သွားရမှာလား"

"အောင်မယ် မင်းကသေချင်လို့လား"

မွန်တင်းမှာ ထင်ရှောင်၏ပြောစကားကြောင့် အူနကျွဲခတ်ဖြစ်နေလေပြီ။ သူက ဒေါသဖြင့်အော်လေ၏။

"လူတစ်ယောက်ရဲ့သေရေးရှင်ရေးကိစ္စဟာ အဲ့ဒီလူနဲ့ပဲဆိုင်တယ်၊ သူ့ကိုယ်ပိုင်အခွင့်အရေးမို့ သူကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ ခင်ဗျားဘာမှဝင်ဆုံးဖြတ်ပေးစရာမလိုဘူး......"

မွန်တင်းသည် စကားဆုံးသည်နှင့် ထင်ရှောင်အားဝင်ရောက်တိုက်ခိုက်လေတော့သည်။ ထင်ရှောင်သည် မွန်တင်း၏အမူအရာပျက်နေသည်ကိုတွေ့ရသောအခါ မွန်တင်းအား အသေသတ်ရန်ဆုံးဖြတ်လိုက်သည်။

ထို့နောက်.... ထင်ရှောင်သည် သူ၏လက်ဆယ်ချောင်းကို သိန်းငှက်ခြေသည်းပမာ မွန်တင်း၏ငယ်ထိပ်သို့ကုတ်ချလိုက်လေတော့၏။ ထိုစဉ် ရုတ်တရက် နအင်းသည် လက်နှစ်ဖက်ဖြင့်

ထင်ရှောင်၏ ရင်ဝသို့ တွန်းထုတ်လိုက်လေ၏။

သူမ၏ သိုင်းကွက်မှာ ဟိုချင်းသင်ပေးသော စကြဝဠာအမည်ရှိသိုင်းကွက်ဖြစ်သည်။ မွန်တင်းမှာ ထင်ရှောင်၏ ပြင်းထန်သောတိုက်ကွက်ကိုရှောင်တိမ်းရန် ကြိုးစားသော်လည်း မလွတ်ဘဲ အခက်ကြုံတွေ့နေစဉ် နုအင်းက လျှပ်တစ်ပြက်ဝင်ရောက်အကာအကွယ်ပေးမှုကြောင့် မွန်တင်းမှာ အသက်ဘေးမှသီသီလေးလွတ်မြောက်သွားရလေ၏။

ထင်ရှောင်မှာ မမျှော်လင့်ဘဲ အကျည်းတန်မိန်းကလေးက တိုက်ခိုက်လာသည်ကိုတွေ့ရသောအခါ သူသည် ကပျာကယာ ရှောင်တိမ်းလိုက်ရတော့သည်။

သူမ၏ တိုက်ကွက်မှာ အလွန်ဆန်းကြယ်ပြီး ထက်မြက်လှသဖြင့် ထင်ရှောင်သည် နောက်ဘက်သို့ သုံးလှမ်းခန့် ဆုတ်ပြီးမှ နုအင်း၏ သိုင်းကွက်ကိုရှောင်တိမ်းနိုင်ခဲ့သည်။

သူသည် အကျည်းတန်မိန်းကလေး၏ ထူးချွန်ထက်မြက်သောသိုင်းပညာကိုကြည့်ရင်း ငိုင်တွေနေမိသည်။

သိုင်းရာဇာငါးယောက်တို့မှာလည်း နုအင်း၏ သိုင်းကွက်ကိုအံ့အားသင့်စွာကြည့်နေကြသည်။ ထိုစဉ် သိုင်းရာဇာငါးယောက်ထဲမှကျူးကွီဆိုသူကလက်ခုပ်တီးကာ .....

"တော်တယ်ဟေ့ မိန်းကလေးရဲ့သိုင်းကွက်က တော်တော်လေးအံ့သြစရာကောင်းပါလား"



နုအင်းသည် မျက်မှောင်ကုပ်သွားသည်။ သူမ၏ လက်ဝါးတစ်ဖက်က လျှပ်တစ်ပြက် ကျူးကွီ၏ ပါးပြင်ကို ရိုက်ချလိုက်သည်။

"ဖြန်း......"

ကျူးကွီသည် ရှောင်တိမ်းရန်အချိန်မရတော့ပါ။ ကျူးကွီမှာ သူ၏ ပါးပြင်ကိုပွတ်ရင်း ဒေါသဖြင့်အော်လိုက်လေ၏။

"မင်းက ဘာယ်လိုလဲကွ"

နုအင်းကမဲ့ပြုံးပြုံးလိုက်သည်။

"မလိုပါဘူး ... ရှင်တို့လို မင်းသားခေါင်းဆောင်းထားတဲ့ လူယုတ်မာတွေကို ကျွန်မလုံးဝကြည့်မရဘူး"

ကျူးကွီမှာ ဒေါသလည်းထွက် ရှက်လည်းရှက်သွားသည်။

သူသည် နုအင်းအားစေ့စေ့ကြည့်ကာ .....

"ကျုပ်တို့သိုင်းရာဇာတွေဟာ လူဆိုးလား လူကောင်းလားဆိုတာ သိုင်းလောကတစ်ခုလုံးက သိတယ်"

ထိုစဉ် .... အေးစက်သောအသံတစ်သံ သူတို့၏ နောက်မှ ထွက်ပေါ်လာလေသည်။

"ရှင်တို့ သူများကိုသာလိမ်လို့ရမယ်၊ ကျွန်မကိုတော့ လိမ်လို့မရဘူး"

အသံလာရာသို့ အားလုံးလှည့်ကြည့်လိုက်သည်။

တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် သူတို့ဆီလျှောက်လာနေသည်ကိုတွေ့မြင်ရပေသည်။

ထိုအမျိုးသမီးမှာ အသက်(၄၀)ခန့်ရှိမည်။

သို့သော်..... သူမ၏မျက်နှာမှာ လှပနုနယ်နေသေးသည်။ ထင်ရှောင်သည် ရှေ့သို့တိုးပြီး ဦးညွှတ်အရိုအသေပေးလိုက်၏။

"ဆရာ"

ထိုအမျိုးသမီးမှာ သိုင်းလောကတစ်ခုလုံးက ကြောက်ရွံ့ရသောကြာပန်းဒေဝီဖြစ်ပါသတည်း။

နုအင်းသည် သူမ၏ဆရာကိုယ်တိုင် ရောက်ရှိလာသည်ကိုတွေ့လိုက်ရသောအခါ ရင်ထိတ်သွားမိလေ၏။ သူမမှာ ဟိုချင်းကရုပ်ဖျက်ပေးထားသော်လည်း သူ့ကိုယ်သူ မလုံမလဲဖြစ်နေမိသည်။ ကြာပန်းဒေဝီသည် သူတို့ထံလျှောက်လာပြီး နုအင်းအား စေ့စေ့ကြည့်ကာ .....

"မင်းရဲ့ ဟိုချင်းရဲ့တပည့်မနဲ့တူတယ်"

နုအင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ကြာပန်းဒေဝီက တည်ငြိမ်သောမျက်နှာဖြင့် .....

"အင်း.... တပည့်ရဲ့သိုင်းကွက်က ဒီလောက်တောင် တော်နေရင် ဟိုချင်းရဲ့သိုင်းပညာဟာ ဘယ်လောက်တိုးတက်မယ်ဆိုတာ ခန့်မှန်းလို့ရပါပြီ"

နုအင်းမှာ မိမိရုပ်ဖျက်ထားသည်ကို သိရှိသွားမည်စိုး၍ ခေါင်းကိုငုံ့ကာ စကားမပြောဘဲဆိတ်ဆိတ်နေလိုက်၏။ ကြာပန်းဒေဝီသည် သူမအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး.....



"ဟော့.... မိန်းကလေး မင်းဆရာလူ့ခွစာ မသေသေးဘူးလား၊ မသေသေးရင်တော့ သူ့ကိုသွားခေါ်ခဲ့ပါဦး"

နုအင်းက မျက်နှာကိုတစ်ဖက်လှည့်ကာ စိတ်ကိုတင်း၍ တည်ငြိမ်သောအသံဖြင့် .....

"ရှင်ဘယ်သူလဲ၊ ကျွန်မဘိုးဘိုးကိုတွေ့ရအောင်"

ကြာပန်းဒေဝီက စိတ်မဆိုးသည့်အပြင် ခေါင်းတညိတ်ညိတ်ဖြင့်ပြုံးကာပြောလိုက်၏။

"အင်း.... လူ့ခွစာရဲ့တပည့်ဆိုတော့ တပည့်လည်း ခွစာပဲဖြစ်ရမှာပေါ့"

ကြာပန်းဒေဝီ၏စကားက ပတ်ဝန်းကျင်ကိုလွှမ်းမိုးကြီးစိုးသွားလေ၏။

သူမ၏အသံသည်ဩဇာသံပါလှသည်။

"ဟား .... ဟား ..... ဟား"

ရုတ်တရက် အသံတစ်သံပေါ်ထွက်လာသည်။

လူများအားလုံးသည် အသံလာရာသို့ မော့ကြည့်လိုက်ကြလေ၏။ သစ်ပင်ပေါ်တွင် အဘိုးအိုတစ်ယောက် လဲလျောင်းနေသည်ကိုတွေ့မြင်လိုက်ရလေသတည်း။

အဘယ့်ကြောင့်ဆိုသော် ......

သစ်ပင်ပေါ်တွင်တွေ့ရသောအဘိုးအိုမှာ ဟိုချင်းပင်ဖြစ်နေသောကြောင့်တည်း။

"ခစ် .... ခစ် .... ခစ်"

ကြာပန်းဒေဝီက အားရပါးရရယ်မောလိုက်သည်။

သူမ၏ရယ်သံမှာ ပတ်ဝန်းကျင်တစ်ခုလုံးပဲ့တင်ထပ်သွားစေသည်။ ထိုရယ်သံကို ကြားလိုက်ရသည်နှင့် ကြာပန်းဒေဝီ၏ အတွင်းအားအဆင့် မည်မျှမြင့်သည်ကိုခန့်မှန်းသိရှိနိုင်သည်။

ရယ်သံဆုံးသွားသည်နှင့် ကြာပန်းဒေဝီသည် ဟိုချင်းအား မော့ကြည့်ရင်း ....

"လူ့နွစာ ကလေးမဟုတ် သူငယ်မဟုတ် အပေါ်မှာ ဘာလုပ်နေတာလဲ၊ ရှင်အရွယ်ဟာ ဆော့ကစားရမယ့်အရွယ်မဟုတ်တော့ဘူး"

ဟိုချင်းသည် အပျင်းတစ်ချက်ဆန့်ပြီး အောက်သို့ခုန်ချလိုက်သည်။ ဤမျှမြင့်မားသောအမြင့်မှ ခုန်ချလိုက်သော်လည်း ခြေချသံလုံးဝမကြားရချေ။ ကြာပန်းဒေဝီက ပြုံးလိုက်ပြီး......

"အောင်မယ်.... လူ့နွစာက သိုင်းပညာ့အတော်တိုးတက်နေပါလား"

ဟိုချင်း မျက်မှောင်ကုပ်သွားသည်။

"အင်း.... အနှစ်သုံးဆယ်လောက်မတွေ့ရပေမဲ့ မင်းကို ကြည့်ရတာ နည်းနည်းလေးမှမအိုဘူး၊ ကျုပ်မြင့် အဘိုးကြီးတောင်ဖြစ်နေပြီ"

ကြာပန်းဒေဝီ ရယ်မောလိုက်သည်။



"ဘယ်လိုဖြစ်တာလဲဟိုချင်း .... ရှင့်လေသံက တော်တော်ပျော့နေပါလား"

သူတို့ အချီအချပြောဆိုနေကြသည်ကို တွေ့ရသောအခါ မွန်တင်း၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်လာမိသည်။ ဟိုချင်းတို့ မြေးအဘိုးသည် ကြာပန်းဒေဝီအား အလုံစားချေရန်ဟုဆိုကာ မိမိအား အတင်းအကြပ်လိုက်ပို့ခိုင်းခဲ့၏။

သို့သော် ..... ယခုမှာမူ ဟိုချင်းသည် ကြာပန်းဒေဝီအား မျက်နှာချင်းဆိုင်တွေ့ရသောအခါ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခြင်းမပြုသည့်အပြင် အလွှာပ သလွှာပပင် ပြောဆိုနေကြသည်။ သူတို့သည် မိမိအပေါ် လုပ်ဇာတ်ဆင်နေကြသလောဟုအတွေးပွားမိလေ၏။

****

## အခန်း (၄၀)
## မိချောင်းမင်းရေခင်းပြသူ

ကြာပန်းဒေဝီသည် ဟိုချင်းအားစေ့စေ့ကြည့်လိုက်ပြီး…

"ကဲ…. လူ့ခွစာ၊ ရှင်ကျွန်မဆီကို ဘာကိစ္စနဲ့လိုက်လာတာလဲ"

ဟိုချင်းကမဲ့ပြုံးပြုံးလိုက်သည်။

"အိုး…. ကိစ္စရှိလို့ပါ"

"ဆိုပါဦး…… ရှင့်ကိစ္စ"

"ဒီမှာ ဟုစန်းလျှံ ….. မင်းနဲ့ငါဟာ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးလဲမရှိဘူး၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနေကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒါဘာဖြစ်သလဲ"

"ဖြစ်လို့ပေါ့ကွယ့်"

"ကဲ….. ဒါဖြင့်ဆိုစမ်းပါဦး"

"မင်းမှာ အချစ်ဆုံးတပည့်မ ရှိတယ်မဟုတ်လား"



ကြာပန်းဒေဝီ မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ….. ကျွန်မတပည့်မက ရှင့်ကို ဘာတွေများရန်ငြိုးဖွဲ့လောက်အောင်လုပ်ခဲ့မိလို့လဲ"

ဟိုချင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး …..

"ကျုပ်ကိုတော့ဘာမှမလုပ်ပါဘူး၊ ဒါပေမဲ့ ….."

"ဒါပေမဲ့…. ဘာဖြစ်သလဲ"

"မင်းတပည့်က ဆိုးကိုဆိုးတယ် ကျုပ်မြေးကိုမှလာပြီး စော်ကားရတယ်လို့"

ကြာပန်းဒေဝီမျက်မှောင်ကုပ်သွားသည်။

"ရှင်ပြောတာ ကျွန်မတစ်ခုမှနားမလည်ပါလား"

"မင်း…. နားလည်အောင်ပြောပြရမယ်ဆိုရင်တော့ ငါ့မြေးကတော်တော်ရုပ်ဆိုးတယ်၊ သူဟာ အတော်ကြိုးစားပြီး ယောကျ်ားတစ်ယောက်ကိုရှာထားရပါတယ် အခုတော့ မင်းရဲ့တပည့်မက ယောကျ်ား ဒီလောက်များရှားသလား၊ ကျုပ်မြေးမကိုမေတ္တာရှိနေတဲ့ယောကျ်ားကိုမှ လာပြီးအတင်းလုကြိုက်ရတယ်ဆိုတော့ ကျုပ်အခု မင်းကိုလာပြီးတိုင်ရတာပေါ့"

ကြာပန်းဒေဝီ မျက်မှောင်ကုပ်သွားလေသည်။

"ဒီကိစ္စကို ကျွန်မဘာမှမသိရပါလား"

ဟိုချင်း လက်ကာပြလိုက်သည်။

"မင်း ဒီလိုမသိဘူးလို့လွှဲပြောမနေနဲ့"

"အို..... ကျွန်မ မသိလို့ မသိဘူးပြောတာပေါ့"

"မင်း ဘာဖြစ်လို့မသိရတာလဲ"

"ကျွန်မတပည့်မက ကျွန်မဆီကထွက်သွားတာ တစ်နှစ်ကျော်ပြီရှင့်၊ ခုထိ သူဘယ်ရောက်နေတယ်ဆိုတာ သတင်းတောင်မကြားရဘူး"

သူမသည် ရှပ်ဖျက်ထားသောနအင်းအား တစ်ချက်ကြည့်လိုက်သည်။

"ရှင်းမြေးမဆိုတာ သူပဲလား"

"ဟုတ်တယ်"

"သူ့နာမည်ဘယ်လိုခေါ်သလဲ"

"ကျင်ထွေးလို့ခေါ်တယ်"

"နေပါဦး ရှင့်မြေးမရဲ့ချစ်သူဆိုတာဘယ်သူလဲ၊ နောက်ပြီး ကျွန်မတပည့်မက အတော်မာနကြီးတယ်၊ တော်ရုံတန်ရုံယောကျ်ားကို ဂရုစိုက်တာမဟုတ်ဘူးရှင့်၊ သူ ကျွန်မဆီကထွက်သွားပြီးတဲ့နောက်မှာ သူ့ကို ကျွန်မတပည့်ကြီးထင်ရှောင်နဲ့ လက်ထပ်ပေးဖို့ ရည်ရွယ်ထားပြီးသားပါ"

ဟိုချင်းကခေါင်းခါယမ်းလိုက်ပြီး .....

"မင်းရဲ့တပည့်မ မင်းဆီကထွက်သွားတာ တစ်နှစ်ကျော်သွားပြီဆိုတော့ သူဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းဘယ်သိမလဲ"

ဆိတ်ငြိမ်စွာနားထောင်နေသောမွန်တင်း မနေနိုင်တော့ပါ။



သူသည် ဟိုချင်းဘက်သို့လှည့်ကာ ....

"ဒီမှာဦး..... ကျွန်တော့်ဆရာနအင်းဟာ ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ကျွန်တော်ပြောရဲပါတယ်၊ ဦးမြေးက အထင်လွဲတာဖြစ်ပါလိမ့်မယ်"

ဟိုချင်း ဒေါသထွက်လာသည်။ သူသည် လျှပ်တစ်ပြက်မွန်တင်းအား စကြဝဠာသိုင်းကွက်ဖြင့်ဝင်ရောက်တိုက်ခိုက်ရင်း ....

"မင်း ဘာဝင်ရှုပ်တာလဲ"

ဟိုချင်းကကြိမ်းဝါးလိုက်သည်။

မွန်တင်းသည် မမျှော်လင့်ဘဲတိုက်ခိုက်ခံရသဖြင့် သူသည်ကပျာကယာရှောင်တိမ်းလိုက်ရသည်။

သို့သော် .... ဟိုချင်း၏တိုက်ကွက်က လျင်မြန်ပြင်းထန်လွန်းသဖြင့် မွန်တင်း၏ပခုံးကိုထိမှန်သွားပြီး သူ၏ခန္ဓာကိုယ်မှာ အဝေးသို့လွင့်စဉ်သွားတော့သည်။ လွန်စွာနာကျင်သွားလေ၏။

ဟိုချင်း၏အပြုအမူကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ အထူးသဖြင့် နအင်းမှာပို၍အံ့ဩမိသည်။ ဟိုချင်းက အဘယ့်ကြောင့် မွန်တင်းအား ဤသို့တိုက်ခိုက်သည်ကိုနားမလည်ပါ။ သူမ ဤသို့တွေဝေနေစဉ် လူနှစ်ယောက် ထပ်မံရောက်ရှိလာသည်ကိုတွေ့မြင်လိုက်ရလေတော့၏။

*****

ဝင်ရောက်လာသူနှစ်ယောက်မှာ သိုင်းရာဇာဟုန်စွန်းအီနှင့်သူ၏သမီးဖြစ်သူစွန်းကျဲတို့ပင်တည်း။

မွန်တင်းမှာ စွန်းကျဲကိုတွေ့မြင်လိုက်ရသည့်အတွက် ဝမ်းသာသွားမိသည်။ စွန်းကျဲမှာ မွန်းတင်းအားတွေ့လိုက်ရသဖြင့် အတိုင်း မသိဝမ်းသာကြည့်နေသွားသည်။

ကြာပန်းဒေဝီသည် ဟုန်စွန်းအီကိုတွေ့လိုက်သည်နှင့် ....

"ဟုန်စွန်းအီ.... ရှင့်ကိစ္စကို ရှင်ဘယ်လိုဆုံးဖြတ်မယ်လို့ စဉ်းစားထားသလဲ"

ကြာပန်းဒေဝီ၏စကားက မိမိ၏ဖခင်အပေါ် နိုင်ထက်စီးနင်းပြောဆိုလိုက်ခြင်းကိုကြားရလျှင် စွန်းကျဲစိတ်ထဲ၌ဒေါသထွက်သွားမိလေသည်။

"ဒီမယ် ရှင်စကားပြောတာ ယဉ်ယဉ်ကျေးကျေးပြောပါ"

ကြာပန်းဒေဝီက စွန်းကျဲအားတစ်ချက်ကြည့်လိုက်ပြီး ....

"အောင်မယ် .... ရှင့်သမီးက အဖေ့ခြေရာနင်းတယ်ထင်တယ်၊ တကယ့်မာနခဲလေးပါလား"

စွန်းကျဲကခါးထောက်ကာ .....

"ဟုတ်တယ် .... ကျွန်မအဖေကို နိုင်ထက်စီးနင်းပြောတာ ကျွန်မမကြိုက်ဘူး"

ကြာပန်းဒေဝီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဖြင့် မင်းဘယ်လိုလုပ်ချင်သလဲ၊ ပြောစမ်းပါဦး"



စွန်းကျဲသည် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး .....

"ရှင့်ကို ကျွန်မဆုံးမ ......"

"သမီး..... ပါးစပ်ပိတ်ထားစမ်း"

ဟုန်စွန်းအီ၏ခက်ထန်သောအသံဖြစ်သည်။ ဖခင်၏အပြုအမူကြောင့် စွန်းကျဲမှာနားမလည်နိုင်ဘဲ အံ့ဩစွာဖြင့် ကြောင်အမ်းအမ်းဖြစ်သွားမိသည်။ ဟိုချင်းသည် မျက်မှောင်ကုပ်သွား၏။

"တန်တော့ .... ဟုန်စွန်းအီက ကြာပန်းဒေဝီကိုကြောက်နေတာနဲ့တူတယ်"

သူ၏စိတ်ထဲ၌ ကြိတ်၍ပြောမိသည်။ ဟုန်စွန်းအီသည် ကြာပန်းဒေဝီအား ဦးညွတ်ဂါရဝပြုလိုက်ပြီး......

"ကျုပ်သမီး ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါလို့ ကျုပ်ကတောင်းပန်ပါတယ်"

ဟုန်စွန်းအီ၏စကားကြောင့် ကြားရသူများသည် အံ့အားသင့်သွားကြလေသည်။ ဟုန်စွန်းအီမှာ တော်ရုံတန်ရုံပုဂ္ဂိုလ်မဟုတ်ကြောင်း လူအားလုံးသိရှိကြ၏။ သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော ဟုန်စွန်းအီမှာ အဘယ့်ကြောင့် ကြာပန်းဒေဝီအား ဤမျှကြောက်ရွံ့နေရသည်ကို မတွေးတတ်အောင်ဖြစ်မိကြသည်။

ကြာပန်းဒေဝီက ဟုန်စွန်းအီကိုစေ့စေ့ကြည့်လိုက်ပြီး ....

"ရှင် ရှည်ရှည်ဝေးဝေးပြောမနေနဲ့၊ ကျွန်မအကြောင်းလဲ ရှင်သိသားပဲ၊ ကျွန်မပေါ်မှာကျေးဇူးရှိရင် ပြန်ဆပ်ရမှာကျေနပ်မယ်၊

ရန်ငြိုးရှိရင်လဲ ကလဲ့စားချေရမှ ကျွန်မကျေနပ်နိုင်မယ်၊ အဲဒီတော့ ရှင်ဘယ်လိုသဘောရသလဲ"

ဟုန်စွန်းအီက မချိုပြုံးပြုံးလိုက်သည်။

"ကျုပ်အကြောင်းကျုပ်သိတယ်၊ ဒါပေမဲ့ ကျုပ်မှာ လုပ်စရာတာဝန်တစ်ခုရှိသေးလို့ ကျုပ်ကိုအချိန်လေးပေးပါဗျာ"

စွန်းကျဲသည် ဖခင်၏စကားကိုကြားရသောအခါ အံ့ဩစွာဖြင့် ဖခင်အားငေး၍ကြည့်မိ၏။ လူများကလည်း ဟုန်စွန်းအီကိုကြည့်ပြီး အံ့အားသင့်နေကြသည်။ ထိုစဉ် ကြာပန်းဒေဝီက .....

"ကောင်းပြီလေ လာမည့်နှစ်(၉)လ၊ (၃)ရက်နေ့ ညနေမှာ ကျွန်မဆီကိုမပျက်မကွက်လာခဲ့ရမယ်"

ဟုန်စွန်းအီက ဦးညွှတ်အလေးပြုလိုက်ပြီး .....

"ဟုတ်ကဲ့.... ကျုပ် မပျက်မကွက်လာခဲ့ပါ့မယ်လို့ ကတိပေးပါတယ်"

ကြာပန်းဒေဝီက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကဲ.... ရှင်သွားလိုရာသွားနိုင်ပါပြီ"

ဟုန်စွန်းအီက ခေါင်းတစ်ချက်ညိတ်ပြီး စွန်းကျဲဘက်သို့လှည့်ကာ .....

"ကဲ.... သမီးရေ ဖေဖေတို့သွားကြရအောင်"

အဆောက်အအုံရှေ့၌ အသံများလုံးဝတိတ်ဆိတ်သွား၏။

****



သိုင်းရာဇာငါးယောက်တို့သည် တုန်လှုပ်ချောက်ချားသွားကြသည်။ သူတို့၏မျက်နှာမှာ သွေးရောင်ပင်မရှိတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေကြလေ၏။

သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော ဟုန်စွန်းအီပင်လျှင် ကြာပန်းဒေဝီအား ဦးညွှတ်ကြောက်ရွံ့နေပါက .....

မိမိတို့အဖို့ ကြာပန်းဒေဝီအား မည်သို့ယှဉ်ပြိုင်အံတုနိုင်စွမ်းရှိပါမည်နည်း။

ကြာပန်းဒေဝီသည် သိုင်းရာဇာငါးယောက်ဘက်သို့လှည့်ကာ .....

"ကဲ.... ရှင်တို့ပြောပါ၊ ကိုယ့်ကိုယ်ကိုသတ်သေမလား၊ ကျွန်မကပဲသတ်ရမလား"

သိုင်းရာဇာငါးယောက်တို့သည် ကြောက်ရွံ့တုန်လှုပ်သွားကြပြီး နောက်သို့ဆုတ်သွားကြသည်။

ထို့နောက် .....

ကြာပန်းဒေဝီသည် သူတို့ထံသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။

မွန်တင်းသည် ဧည့်ခိုင်ရာမှ ရုတ်တရက် အသိတရားပြန်လည်ကိန်းအောင်းလာမိသည်။

သူသည် သိုင်းရာဇာငါးယောက်၏ရှေ့တွင်ရပ်လိုက်ပြီး ကြာပန်းဒေဝီ၏သွားလမ်းကို ကာဆီးထားသည်။

ကြာပန်းဒေဝီက မျက်မှောင်ကုပ်သွားသည်။

"မင်း.... ဒါဘာလုပ်တာလဲ"

မွန်တင်းက မျက်နှာတည်ကြည်စွာထားပြီး.....

"ဂိုဏ်းချုပ်ကြီးက သူတို့ကိုဘာလုပ်မလို့လဲ"

ကြာပန်းဒေဝီသည် ..... သိုင်းရာဂါးယောက်ကို တစ်ချက်ကြည့်လိုက်ပြီး ....

"ဒီလူတွေဟာ ကိုယ့်ကိုယ်ကို သေချင်ယောင်ဆောင်ပြီး ငါးက သူတို့ကိုသတ်သွားပါတယ်လို့ သတင်းလွှင့်ထားတာ မင်း မသိဘူးလား"

"သိပါတယ်ဗျာ"

"သူတို့ဒီလိုလုပ်တာ တရားသလား၊ မတရားဘူးလားဆိုတာပြောစမ်း"

"မတရားပါဘူးခင်ဗျာ"

"ဒါဖြင့် .... ငါသူတို့ကိုသတ်တာတရားသလား"

"မတရားပါဘူး"

ကြာပန်းဒေဝီက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ဂိုဏ်းဟာ .... ထစ်ခနဲရှိတာနဲ့ သတ်ဖြတ်တယ်ဆိုတာ သိပ်နာမည်ကြီးနေပါတယ်"

"အဲဒါဘာဖြစ်သလဲ"



"ကျွန်တော်တို့ဂိုဏ်းဟာ မှန်တာပဲလုပ်လုပ်၊ မှားတာပဲလုပ်လုပ်၊ လူအများက ကျွန်တော်တို့ဂိုဏ်းကို ရက်စက်တယ်၊ ကြမ်းကြုတ်တယ်လို့ ပြစ်တင်ဝေဖန်ကြတယ်"

ကြာပန်းဒေဝီကရယ်မောလိုက်ပြီး .....

"ဘယ်သူပဲဝေဖန်ကြပါစေ ငါဂရုမစိုက်ဘူး"

"ငါလုပ်စရာရှိတာကိုငါလုပ်မယ်....."

မွန်တင်းခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲဗျာ ဘာမဆိုစည်းနဲ့ကမ်းနဲ့ လုပ်သင့်တယ်၊ ဆုံးမသင့်တာဆုံးမပြီး၊ ခွင့်လွှတ်သင့်တာ ခွင့်လွှတ်ရမယ်မဟုတ်လား"

ကြာပန်းဒေဝီသည် မွန်တင်းအား အံ့သြစွာဖြင့်ကြည့်နေလေသည်။ သူမသည် ကြာပန်းဂိုဏ်း၏ဂိုဏ်းချုပ်ကြီးဖြစ်သော်လည်း မွန်တင်းက သူ့အား မိချောင်းမင်းရေခင်းပြစကားများပြောနေသည်။ သူမ လွန်စွာအံ့သြနေမိတော့၏။

ဒေါသဖြစ်ရန်ပင် မေ့နေသည်။

****

တစ်ချိန်လုံး ဆိတ်ငြိမ်စွာနားထောင်နေသော နုအင်းသည် မွန်တင်း၏ ဝေဖန်ပြောဆိုနေမှုကိုကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

သူမ၏ဆရာသည် မွန်တင်းအား အချိန်မရွေး သတ်ပစ်မည်ကိုစိုးရိမ်ပူပန်မိ၏။

သူမ၏ဆရာကြာပန်းဒေဝီအကြောင်းကို မည်သူမျှ သူမထက်ပိုမသိနိုင်ချေ။ ကြာပန်းဒေဝီ၏ဒေါသသည် လွန်စွာကြောက်စရာကောင်းလှ၏။

သူမဒေါသထွက်လျှင် လက်လေးတစ်ချက် ဝှေ့ယမ်းရုံမျှဖြင့်သေသွားနိုင်သည်။ မွန်တင်း၏စကားများကိုရပ်လိုက်ပါတော့ဟု စိတ်တွင်းမှအော်ဟစ်နေမိလေ၏။

*ဒုတိယပိုင်းပြီး၏။*

*တတိယပိုင်းစာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။*

## ဒို့တာဝန်အရေးသုံးပါး

☆ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

☆တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

☆တိုင်းပြည်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

☆နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

☆နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ

☆ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

☆အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

☆ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

☆ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

☆ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

☆ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

☆နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

☆အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

☆မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

☆တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၃၉၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၄၆၀၆၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (ပုံရွှေ ပုံနှိပ်တိုက်)
အမှတ် (၈၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
**နေလင်းအောင်**

# ဝန်တိုခြင်းမနာလိုခြင်းနှင့်ချစ်ခြင်းမေတ္တာ

(တတိယပိုင်း-ဓာတ်သိမ်း)

## အခန်း (၄၈)
## တန်တိုထိုပို့ ဇာန်သူမို့

မွန်တင်းသည် အလွန်ရိုးသား၏။ ကြာပန်းဒေဝီကို ဤမျှ ကြောက်ရမည်မှန်းလည်းမသိပေ။ ထို့ကြောင့် သူက ဆက်ကြဲနေခြင်းဖြစ်သည်။

"ကျွန်တော်တို့သိုင်းသမားတွေဟာ ပြဿနာတစ်ခုခုပေါ်လာတာနဲ့ ထစ်ခနဲရှိလူသတ်ဖို့ပဲစဉ်းစားကြတယ်၊ လူ့အသက်ကို ဘယ်လိုမှတန်ဖိုးမထားဘူး၊ ပုရွက်ဆိတ်တစ်ကောင်လိုပဲ သဘောထားတယ်၊ ဒီလိုမဆင်မခြင်သတ်နေလို့လဲ သိုင်းလောကမှာ မသေသင့်တဲ့သူတွေသေနေရတာပဲ၊ လက်စားချေခြင်းဆိုတဲ့ သံသရာကြီးထဲမှာ တဝဲဝဲလည်လှည့်နေတော့တာပဲ"

ဟိုချင်းသည် မွန်တင်း၏စကားကိုကြားရသောအခါ ....

မွန်တင်း၏အမြော်အမြင်ကြီးမှု စိတ်နေ\u103aသဘောထားမှန်ကန်မှုတို့ကို လွန်စွာလေးစားသွားမိသည်။ သူသည် ကြာပန်းဒေဝီအား အကဲခတ်ကြည့်နေသည်။

ကြာပန်းဒေဝီ၏မျက်နှာမှာ ပင်္ကတိအေးတိ အေးစက်နိုင်လှပေသည်။

"ဒုက္ခပဲ... ဒီသူငယ်တော့ အသတ်ခံရလိမ့်မယ်ထင်တယ်"

ဟိုချင်းသည် ဤသို့တွေးပြီး အကယ်၍ ကြာပန်းဒေဝီက မွန်တင်းအားတိုက်ခိုက်လာပါက အချိန်မီကယ်တင်နိုင်ရန် အသင့်အနေအထားရှိနေ၏။ ကြာပန်းဒေဝီက မွန်တင်းအား အေးစက်စွာကြည့်လိုက်ရင်း .....

"မင်းစကားကုန်ပြီလား"

မွန်တင်းကခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့ ကျွန်တော်ပြောစရာအများကြီးရှိပါသေးတယ်၊ ဒါပေမဲ့ .... ခုတော့ ဒီလောက်ပဲတော်လောက်ပါပြီ"

ကြာပန်းဒေဝီ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက နအင်းရဲ့တပည့်လို့ပြောတယ်၊ ဒါပေမဲ့ ဟုတ်မဲ ဟုတ်ဆိုတာ ငါလဲမသိဘူး။ ဂိုဏ်းရဲ့စည်းကမ်းအတိုင်း ဂိုဏ်းကိုစော်ကားရင်သေဒဏ်ခံရမယ်၊ ခု မင်းကိုဂိုဏ်းသားအဖြစ်အသိအမှတ်မပြုသေးဘူး၊ နအင်းနဲ့တွေ့မှ သူက မင်းကို တကယ်ပဲ တပည့်အဖြစ်လက်ခံရင် မင်းကိုဂိုဏ်းစည်းကမ်းအရအပြစ်ပေးရလိမ့်မယ်"

မွန်တင်းက ရင်ကော့၍ပြောလိုက်၏။

"စိတ်ချပါ ..... ကျွန်တော့်ဆရာရဲ့တွေ့ရင် သူပေးချင်တဲ့အပြစ်ကိုပေးပါ၊ ကျွန်တော် ကျေကျေနပ်နပ်ခံပါ့မယ်၊ တစ်ခုတော့



ရှိတယ်၊ ခင်ဗျားကကျွန်တော့်ကိုသတ်ရင်တော့....."

သူကပြုံးလိုက်ပြီး......

"လွယ်လွယ်နဲ့အသတ်မခံဘူးဆိုတာ မှတ်ထားပါ"

နအင်းသည် ထိုစကားကိုကြားရသောအခါ မျက်ရည်များပင်တားဆီး၍မရတော့ချေ။ သူမသည် ကမျာကယာ တစ်ဖက်သို့မျက်နှာလွှဲ၍မျက်ရည်စများကိုသုတ်လိုက်ရလေ၏။

ယခု သူမသည် မွန်တင်းအပေါ် သံသယစိတ်ပွားမိသည်မှာ မဟာအမှားဖြစ်နေခြင်းကိုနောင်တရလာမိသည်။ ဟိုချင်းမှာ မွန်တင်းက နအင်းအပေါ်အလွန်သစ္စာရှိနေသည် ကိုကြားရသည်အတွက် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းရောယှက်ခံစားနေရသည်။

သူသည် အားရပါးရရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ဒီမှာသူငယ် ကျုပ်တဖြည်းဖြည်းနဲ့မင်းကိုသဘောကျလာပြီ"

သူသည် ကြာပန်းဒေဝီဘက်သို့လှည့်ကြည့်လိုက်၏။

"ဒီမှာဟုစန်းလျှံ..... ကျုပ်စကားတစ်ခွန်းလောက်ကြိုတင်ပြောထားပါရစေ"

"ပြောပါရှင်"

"ဂာစ်နေ့ မင်းတပည့်မနအင်းက ဒီသူငယ်ဟာ သူ့တပည့်ပါလို့ဝန်ခံရင် မင်းကဒီသူငယ်ကိုအပြစ်မပေးရဘူး"

"ဘာဖြစ်လို့လဲ"

"အကယ်၍မင်းသူ့ကိုအန္တရာယ်ပြုရင် ကျုပ်ကလဲအသက်သေချင်သေပါစေ၊ မင်းကိုတော့ကောင်းကောင်းဆုံးမရမှာပဲ"

ဟိုချင်း၏စကားကြောင့် မွန်ထာင်းမှာအံ့အားသင့်သွားမိတော့သည်။ လမ်းခရီးတလျှောက် မိမိအပေါ်အယုံအကြည်ကင်းမဲ့ခဲ့သောဟိုချင်းမှာ အဘယ့်ကြောင့် ယခုကဲ့သို့ ဝင်ရောက်ကာကွယ်ပြောနေပါသနည်း။ သူနားမလည်နိုင်တော့ပေ။

သိုင်းလောကသားများသည် အလွန်နားလည်ရခက်သောလူများဖြစ်သည်ဟု ယုံကြည်ရမလိုဖြစ်နေတော့သည်။

****

ကြာပန်းဒေဝီသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာလူ့ခွစာ ..... ရှင် ကျွန်မကို ရန်မူချင်နေတယ်ပေါ့ ဟုတ်လား၊ ကဲ .... "

သူမသည် စကားဆုံးသည်နှင့် လက်နှစ်ဖက်ကိုဝှေ့ယမ်းလိုက်၏။ ဟိုချင်းသည် မျက်မှောင်ကုပ်သွား၏။ ကြာပန်းဒေဝီက မိမိအားတိုက်ခိုက်လာခြင်းကိုသိလိုက်သည်နှင့် သူသည် အတွင်းအားကိုစုစည်းပြီး အသင့်ပြင်ထားလေသည်။

လျှပ်တစ်ပြက် ကြာပန်းဒေဝီ၏ကိုယ်ခန္ဓာသည် လေ၏အဟုန်ဖြင့် ဟိုချင်းထံချဉ်းကပ်သွားသည်။ သူမ၏လက်နှစ်ဖက်သည် လက်ဝါးအနေအထားဖြင့် ဟိုချင်း၏မျက်လုံးနှင့် လည်မျိုကိုတိုက်ခိုက်လိုက်လေ၏။



ဟိုချင်းက ခြေတစ်လှမ်းနောက်ဆုတ်လိုက်၏။ သူ၏ကိုယ်ခန္ဓာကို တစ်ဘက်သို့စောင်းပြီး လက်ဝဲဘက်လက်နှင့် ကြာပန်းဒေဝီ၏လက်ကိုခံပေးလိုက်သည်။

တစ်ဆက်တည်း သူ၏ညာဘက်လက်ဖြင့် ကြာပန်းဒေဝီ၏ခါးဆီသို့ခုတ်ချလိုက်လေ၏။ သို့သော် .... ကြာပန်းဒေဝီက အလွန်လျင်မြန်စွာဖြင့် ကိုယ်ခန္ဓာကို တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ဟိုချင်း၏နောက်ကျောဘက်သို့ရောက်ရှိသွားသည်။

ထိုအခါ .... ဟိုချင်းသည် တစ်ချက်အော်လိုက်ပြီး သူ၏ကိုယ်ခန္ဓာသည် လေထဲသို့ခုန်တက်သွားလေ၏။ လေထဲတစ်ပတ်ကျွမ်းပစ်ပြီး ကြာပန်းဒေဝီ၏နောက်ကျောဘက်သို့ကျရောက်သွားပြန်သည်။ သူ၏ခြေနှစ်ဖက်မှာလည်း မြေသို့မကျမီ လေထဲမှ ကြာပန်းဒေဝီ၏ဦးခေါင်းကိုကန်လိုက်၏။

ကြာပန်းဒေဝီ တစ်ချက်ပြုံးလိုက်၏။ သူမ၏ခန္ဓာကိုယ်မှာ အောက်သို့တစ်ပေခန့်ပုချလိုက်၏။ ထို့နောက် သူမ၏လက်ချောင်းများသည် သိန်းငှက်ခြေသည်းပုံသဏ္ဍာန်ဖြင့် ဟိုချင်း၏ခြေထောက်ကို ဖမ်းကုတ်လိုက်သည်။

ထိုစဉ် ဟိုချင်းသည် ကန်နေသောခြေထောက်ကို ကပျာကယာပြန်ရုတ်လိုက်သည်။ ထို့နောက် ... သူတို့နှစ်ယောက်သည် နေရာချင်းပြောင်းသွားလိုက်ကြလေ၏။

သူတို့၏တိုက်ခိုက်မှုသည် အလွန်မြန်ဆန်လွန်းလှသဖြင့်

နံ့အေးမှကြည့်နေကြသောသူများပင် သူတို့နှစ်ယောက်မည်သို့ တိုက်ခိုက်သည်ကို ပီပီပြင်ပြင် မတွေ့လိုက်ရချေ။

"လူ့ခွစာ တော်တော့်ကိုတိုးတက်လာပါလား၊ ဒါကြောင့် လေလုံးထွားနေတာကိုး"

ကြာပန်းဒဝေီက ပြုံး၍ရီးကျူးလိုက်သည်။

"ဟား ... ဟား ... ဟား မင်းကောဘယ်ဆိုးလို့လဲ"

"ကဲ .... နောက်တစ်ကွက်လောကစမ်းကြည့်ပါဦး"

ကြာပန်းဒေဝီသည် ယင်းသို့ပြောဆိုပြီးထပ်မံတိုက်ခိုက် လိုက်ပြန်သည်။ ဟိုချင်းကလည်း အညှ်မခံပါ၊ ကြာပန်းဒေဝီအား ပြန်လည်၍တိုက်ခိုက်လေ၏။ သူတို့သည် မိမိတို့၏သိုင်းပညာ စွမ်းရည်ကိုထုတ်၍တိုက်ခိုက်နေကြစဉ်......

သိုင်းရာဇာငါးယောက်တို့သည် အချင်းချင်းမျက်ရိပ်ပြပြီး နောက် လျှပ်တစ်ပြက်ခုန်ထွက်ကာ ထွက်ပြေးသွားကြလေတော့ သည်။

✱✱✱✱

ထင်ရှောင်သည် သိုင်းရာဇာ(၅)ယောက် ထွက်ပြေးသွား သည်ကိုတွေ့ရသောအခါ သူ၏ဂိုဏ်းသားများကိုခေါ်ပြီးနောက်မှ လိုက်သွားလေတော့သည်။ မွန်တင်းသည် သိုင်းရာဇာ(၅)ယောက် ၏လှုပ်ရပ်ကိုရှုမှန်းမိသော်လည်း .....



ထင်ရှောင်၏လက်ချက်ဖြင့် အသတ်ခံရမည်ကိုမလိုလား သဖြင့် သူသည် ကပျာကယာအပြေးလိုက်သွားလေ၏။

ထို့ကြောင့် .... နအင်းသည် မွန်တင်းနောက်မှထက်ကြပ် မကွာလိုက်ပါသွားလေတော့၏။

✱✱✱✱

သိုင်းရာဇာ(၅)ယောက်သည် ကိုယ်ဖော့သိုင်းပညာဖြင့် အစွမ်းကုန်ပြေးနေသည်။ ကြာပန်းဂိုဏ်းသားများသည် နောက်မှ လိုက်လာကြရင်း တဖြည်းဖြည်းနှင့်ကျန်ရစ်ကြလေသည်။

ယခု ထင်ရှောင်တစ်ယောက်တည်းသာ သူတို့နောက်သို့ လိုက်မီလာသည်။ ကျူးကွိသည် ထင်ရှောင်တစ်ယောက်တည်းသာ လိုက်လာသည်ကိုတွေ့ရလျှင် .....

သူ၏အဖော်လေးဦးကိုလက်ကာပြပြီး ....

"ကဲ .... အားလုံးစောရပ်လိုက်ကြပါဦး၊ သူ့ကို ကျုပ်တို့ တစ်ယောက်ချင်းမနိုင်ပေမဲ့ ငါးယောက်ပေါင်းလိုက်ရင်တော့ သူ့ကို ကောင်းကောင်းဒုက္ခပေးနိုင်တယ်"

ကျန်သိုင်းရာဇာလေးယောက်တို့သည် ထင်ရှောင်အား ရင်ဆိုင်ရန် ရှုခြလှမ်းရပ်တန့်လိုက်ကြလေ၏။ ထင်ရှောင်သည် လမ်းပိတ်ရပ်နေသောသိုင်းရာဇာငါးယောက်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိလေ၏။

အဘယ့်ကြောင့် သူတို့ဆက်မပြေးကြသနည်း။

သူသည် အခြေအနေကို ချက်ချင်းသဘောမပေါက်နိုင်ဘဲ ဖြစ်နေ၏။ သူ၏လက်အောက်ငယ်သားများ သူနှင့်အတူ လိုက်ပါမလာနိုင်ခြင်းကို သူမေ့လျော့နေ၏။ သိုင်းရာဇာငါးယောက် မည်သည့်အားကိုးမှုရှိနေ၍ ဃစုကဲ့သို့ မိမိအားယှဉ်ပြိုင်အံတုရန် ရပ်နေသည်ကိုတွေးမရချေ။

သူသည် ခြေလှမ်းအရှိန်ကိုလျှော့ချပြီး သိုင်းရာဇာများထံ ဦးတည်လျှောက်သွားလေသည်။ သူပြန်မြေးလျှင် သူပင်အရှက်ရပေတော့မည်။ သိုင်းရာဇာငါးယောက်တို့သည် ရပ်၍ သူ့အားစေ့စေ့ ကြည့်နေကြသည်။

ထင်ရှောင်မှာပို၍ သံသယဖြစ်လာ၏။

သို့သော် သူသည် နောက်သို့ပြန်လှည့်ရန်မဖြစ်တော့ပါ။ ဝင်ရောက်တိုက်ခိုက်ရန်မှတပါး အခြားနည်းလမ်းမရှိချေတကား။

****



အခန်း (၄၂)

သူ့အကြံ

ထင်ရှောင်သည် ရှေ့သို့ တဖြည်းဖြည်းတိုးလျှောက်သွား၏။ သူသည် သိုင်းရာဇာငါးယောက်တို့နှင့် လက်တစ်ကမ်းအကွာသို့ရောက်သောအခါ သူ၏ခြေလှမ်းကိုရပ်တန့်လိုက်၏။

သိုင်းရာဇာတို့သည် တစ်ဦးချင်း ဝင်ရောက်တိုက်ခိုက်ပါက ရှုံးနိမ့်သွားမည်ကိုသိသည်။ ထို့ကြောင့်... ငါးယောက်ပြိုင်တူဝင်ရောက်တိုက်ခိုက်ကြ၏။ ထင်ရှောင်သည် မဟန်နိုင်ဘဲ ရင်ဝတွင် တစ်ချက်အထိခံလိုက်ရသည်။

"ဝုန်း....."

သူ၏ကိုယ်ခန္ဓာသည် နောက်သို့တစ်လံခန့်လွင့်စဉ်ထွက်သွားလေ၏။ သွေးများလည်း သူ၏နှုတ်ခမ်းထောင့်မှစီးဆင်းကျလာသည်။

"ဟား..... ဟား..... ဟား"

ကျူးကွိကရယ်မောလိုက်သည်။

သူသည် ရှေ့သို့တိုးလျှောက်သွားသည်။

သူ၏လက်နှစ်ဖက်ကို လက်သီးပုံသဏ္ဍာန်ဆုပ်ကာ....

"ကဲ.... သေပေတော့"

ဟုကြိမ်းဝါးလိုက်ပြီး ဒဏ်ရာရရှိထားသောထင်ရှောင်၏ ယပ်ထိပ်ပေါ် ခုတ်ချရန် လက်ကိုမြှောက်လိုက်လေ၏။ ထိုစဉ်.......

"ဟော.... ရပ်လိုက်"

အသံနှင့်အတူ မွန်တင်းသည် ပြေးလွှားရောက်ရှိလာတော့သည်။ ကျူးကွိမှာမျက်မှောင်ကုတ်သွား၏။

ထင်ရှောင်၏ ယပ်ထိပ်ပေါ် ရွယ်ထားသော လက်သီးကို ပြန်လည်ရုပ်သိမ်းလိုက်ရတော့သည်။

"မင်းသေသွားချင်လို့လား"

သူသည် မွန်တင်းအားမဲ့ပြုံးပြုံး၍မေးလိုက်၏။

"ဟော..... မပြေးနဲ့"

အသံတစ်သံပေါ်ထွက်လာပြီး အသံရပ်သွားသည်နှင့် လူတစ်ယောက် လျှင်မြန်စွာ သူတို့ထံသို့ရောက်ရှိလာပြန်သည်။

ထိုလူမှာ အကျည်းတန်မိန်းကလေး (ဝါ) ရုပ်ဖျက်ထားသောနအင်းဖြစ်နေပေသည်။ ကျူးကွိသည် အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့် အော်ဟစ်အချက်ပေးလိုက်သည်။

"ကျိုးဟို"

ကျိုးဟို၏အဓိပ္ပာယ်မှာ .....

"မဟန်ဘူး၊ ပြေးကြစို့"



ဟူသောစကားဝှက်ဖြစ်၏။ ထို့နောက်... သိုင်းရာဇာငါးဦးတို့သည် နောက်သို့ခုန်ထွက်ပြီး ပြေးသွားကြလေတော့သည်။

သူတို့ထွက်ပြေးသွားပြီး မကြာမီပင်......

******

ဝူး......ဝူး..........ဝူ...

အချက်ပေးသံများ ဆူညံစွာထွက်ပေါ်လာသည်။

ကြာပန်းဂိုဏ်းသားများ၏ အချက်ပေးသံများ ဖြစ်နေသည်ကို မွန်တင်းကနားလည်သဘောပေါက်မိ၏။ မွန်တင်းသည် ဒဏ်ရာရနေသောထင်ရှောင်အား ပြုံး၍ကြည့်ရင်း.......

"ခင်ဗျားဒဏ်ရာ တော်တော်ပြင်းထန်သလား"

ထင်ရှောင်က အေးတိအေးစက်ဖြင့်ကြည့်လိုက်၏။

"အင်း.... ဒီဒဏ်ရာလောက်တော့ ကျုပ်မမှုပါဘူး"

"ကျွန်တော် ဘယ်လိုများအကူအညီပေးရမလဲဗျာ"

"မလိုဘူးကွ ... စုမှစေတနာရေစီးကမ်းပြိုလိုက်မနေနဲ့"

မွန်တင်းသည် .... ထင်ရှောင်မှာ အလွန်မာနကြီးသူဖြစ်ကြောင်းသေချာလာမိသဖြင့် သူသည် ဆက်၍မပြောတော့ဘဲ နအင်းဘက်သို့လှည့်ကာ ....

"ကဲ .... ကျုပ်ဘာလုပ်ပေးရမလဲပြောပါ"

နအင်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး .....

"ရှင်ကော ဘယ်သွားမလို့လဲ"

မွန်တင်းကစဥ်းစားနေစဥ်……

ကြာပန်းဂိုဏ်းသားများ စုရုံးရောက်ရှိလာကြတော့သည်။ သူတို့သည် ဒဏ်ရာရရှိနေသော ထင်ရှောင်အားတွဲခေါ်ပြီး ထိုနေရာမှထွက်ခွာသွားကြတော့သည်။ ကြာပန်းဂိုဏ်းသားများ ချက်ချင်းလိုလိုကင်းရှင်းသွားတော့သည်။

"ရှင် ဘာတွေစဥ်းစားနေတာလဲ"

နုအင်းက ထပ်မံမေးလိုက်၏။ အတန်ကြာမှ မွန်တင်းသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျွန်တော်သိုင်းရာဇာငါးယောက်နောက်ကို လိုက်သွားရဦးမယ်"

"ဘာလုပ်ဦးမလို့လဲရှင်"

"ကျွန်တော့်ကို ဘာဖြစ်လို့ နာမည်ဖျက်ရတယ်ဆိုတာမေးမလို့ပါ၊ ကျွန်တော် သိုင်းလောကထဲဝင်လာတာ အဖေ့အတွက်လက်စားချေဖို့ပါ၊ ဒါပေမဲ့ ကျွန်တော်ဝင်ဝင်ချင်း နာမည်အဖျက်ခံရတယ်"

နုအင်းကပြုံးလိုက်မိလေ၏။

"ဒီအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ လိုမယ်မထင်ပါဘူးရှင်"

"ဘာဖြစ်လို့ပါလဲ"

"သိုင်းရာဇာငါးယောက်လုံးမသေသေးဘူးဆိုတာ အများ



က သိသွားကြပြီပဲ၊ အဲဒီတော့ ရှင်က သူတို့ကိုသတ်တယ်ဆိုတဲ့ လုပ်ကြံမှုဟာ အလိုလိုပျောက်ပြယ်သွားပြီမဟုတ်လား"

နုအင်းက ဤသို့သတိပေးလိုက်မှ မွန်တင်းနားလည်သွားလေတော့၏။

"ဒီလိုဆိုရင် ခင်ဗျားနဲ့ပဲအတူတူပြန်လိုက်ခဲ့မယ်လေ"

နုအင်းကခေါင်းညိတ်လိုက်၏။

"ဒါဖြင့် သွားကြမယ်"

သူမသည် ယင်းသို့ပြောဆိုပြီး ထိုနေရာမှလာလမ်းအတိုင်းပြန်လှည့်ထွက်သွားလေသည်။ မွန်တင်းလည်း သူမနောက်သို့လိုက်သွားလေတော့၏။

*****

## အခန်း (၄၃)
## မြေးနှင့်အဘိုး

သူတို့ပြန်လည်ရောက်ရှိလာသောအခါ ....

အဆောက်အအုံတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေ၏။ မွန်တင်းနှင့်နုအင်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာအံ့သြနေကြသည်။

ဟိုချင်းနှင့်ကြာပန်းဒေဝီတို့လည်း မရှိကြတော့ပေ။

ဟိုချင်းနှင့်ကြာပန်းဒေဝီတို့ မည်သည့်နေရာထွက်သွားကြပါသနည်း။ သူတို့နှစ်ယောက်တိုက်ခိုက်နေရာမှ မည်သူက အနိုင်ရသွားပါသနည်း။

ထိုမေးခွန်းများသည် နုအင်းနှင့်မွန်တင်းတို့၏ရင်ထဲမှတစ်ပြိုင်တည်းထွက်ပေါ်လာသောမေးခွန်းများပင်ဖြစ်ပါသည်။

နုအင်းသည် မွန်တင်းနှင့် လုံးဝမခွဲလိုပါ။

မွန်တင်းနှင့်အတူသွားလာနေထိုင်ရန် အကြံထုတ်နေမိသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....



"သူတို့ ဘယ်ကိုသွားတယ်ဆိုတာ ရှင်သိလို့လား"

မွန်တင်းက ခေါင်းခါယမ်းလိုက်၏။

နုအင်းက ပြုံးလိုက်ရင်း ....

"မဟုတ်မှလွဲရော .... ရှင်တို့ဂိုဏ်းချုပ်ကြာပန်းဒေဝီက ရှုံးနိမ့်သွားလို့ ထွက်ပြေးသွားတာနဲ့တူတယ်"

မွန်တင်းက ဘာမှပြန်မပြောတော့ဘဲ ဆိတ်ငြိမ်စွာဖြင့် နေလိုက်လေ၏။ နုအင်းက သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ဘာလဲ .... ကျွန်မပြောတာမယုံဘူးလား"

မွန်တင်းကခေါင်းညိတ်လိုက်၏။

"ဒါက ဘယ်သူမှမတွေ့တဲ့ကိစ္စပဲ၊ ဘယ်လိုလုပ်ပြီး တပ်အပ်သိနိုင်မှာလဲ၊ ခင်ဗျားတန်ခိုးရှင်ဆိုရင်တော့ သိနိုင်မှာပေါ့လေ"

နုအင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မဘိုးဘိုးအကြောင်းကို ကျွန်မ အသိဆုံးပါ၊ သူနိုင်မှာတော့သေချာတယ်"

မွန်တင်းသည် သူမနှင့်ဆက်၍မငြင်းခုံလိုတော့ပါ။

"ထားပါတော့ဗျာ .... အခုဘာလုပ်ပေးရမလဲ"

နုအင်း၏မျက်ခုံးမွေးအစုံ နဖူးပေါ်သို့မြင့်တက်သွား၏။

"ရှင်မေးစရာလိုသေးသလား၊ ရှင့်ကတိအတိုင်း ကျွန်မကို ရှင့်ဆရာနုအင်းကို တွေ့ရအောင်ရှာပေးရဦးမယ်လေ"

မွန်တင်းသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သူအခု ဘယ်မှာရှိတယ်ဆိုတာကျုပ်သိမှမသိဘဲ"

"အို့ ဘာပဲဖြစ်ဖြစ် ရှင်ကတိအတိုင်းလိုက်ရှာပေးရမှာပဲ"

"ခက်လိုက်တာဗျာ၊ သူအခုဘယ်မှာရှိတယ်ဆိုတာကျွန်တော်တကယ်မသိလို့ပါ၊ ဘယ်လိုလုပ်ပြီးရှာပေးရမှာပဲ"

"လွယ်ပါတယ်ရှင်၊ ရှင်ကသာလိုက်ပို့ပေးမယ်ဆိုရင် သူ့ကိုတွေ့အောင်ရှာနိုင်ပါတယ်"

"ဒါဖြင့် ကျွန်တော်ဘယ်ကိုလိုက်ပို့ရမှာလဲ"

"ရှောက်ကွမ်းမြို့ကိုလေ"

မွန်တင်း မျက်မှောင်ကုပ်သွားသည်။

"သူ ရှောက်ကွမ်းမြို့မှာရှိတယ်ဆိုတာ ခင်ဗျားသိလို့လား"

"သိလို့မဟုတ်ပါဘူးရှင်၊ ရှောက်ကွမ်းမြို့ဟာ ရှင်တို့ကြာပန်းဂိုဏ်းရဲ့ဌာနချုပ်မဟုတ်လား၊ ဒါ့ကြောင့် သူလဲဒီမှာရှိမှာပေါ့ရှင်"

မွန်တင်း ခေါင်းခါယမ်းလိုက်သည်။

"သူ ဟိုမှာမရှိပါဘူးခင်ဗျာ"

"ရှင် ဘာ့ကြောင့် အခုလိုပြောနိုင်ရတာလဲ"

မွန်တင်း တစ်ချက်ပြုံးလိုက်၏။

"ကြာပန်းဒေဝီဟာ ရှောက်ကွမ်းမြို့က ထွက်လာခဲ့တာပဲ။ သူက မတွေ့ခဲ့ပါဘူးလို့ပြောတာ ခင်ဗျားကြားတယ်မဟုတ်လား"

နအင်းသည် နှုတ်ခမ်းကိုစူလိုက်၏။



"အို့ .... ဘာပဲဖြစ်ဖြစ် ရှင်ကတိအတိုင်း ကျွန်မကိုလိုက်ပို့ပေးရမယ်"

မွန်တင်းအစက်ကြံနေမိ၏။

သူသည် အတန်ကြာအောင်စဉ်းစားလိုက်လေ၏။

"ကဲ....ဗျာ ကျုပ်လိုက်ပို့ပေးပါ့မယ်၊ ဒါပေမဲ့ ....."

"ဒါပေမဲ့ .... ဘာဖြစ်သလဲရှင်"

"ကျုပ်ဘွင်းဘွင်းပြောမယ်၊ ခင်ဗျား ကျုပ်ဆရာနဲ့တွေ့ရင် ခင်ဗျားက သူ့ကိုတိုက်ခိုက်မှာပဲ၊ ခင်ဗျားရှုံးရင်တော့အကြောင်းမဟုတ်ဘူး၊, မတော်တဆကျုပ်ဆရာရှုံးသွားရင်..."

သူ၏စကားမဆုံးမီ နအင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ.... ရှင်ကသူ့ဘက်ကဝင်ကူမလို့မဟုတ်လား"

"ဟုတ်တယ် .... ဒါ့ကြောင့် ခင်ဗျားကိုကျုပ်ကြိုတင်ပြောထားရတာပါ"

"ဘာလဲ.... ရှင်က ရှင့်ဆရာကိုဒါလောက်ချစ်သလား"

နအင်း၏စကားကြောင့် မွန်တင်း ခေါင်းငုံ့ထားလိုက်၏။ သူမသည် မွန်တင်းက မိမိအပေါ်သံယောဇဉ်တွယ်တာမိနေခြင်းကို သိရသောအခါ ရင်ထဲတွင်ဖော်မပြနိုင်သောခံစားချက်များ ပြည့်လျှံခံစားမိလေတော့သည်။

သူမသည် စိတ်ကိုထိန်းလိုက်ပြီး .....

"ဘယ့်နှယ်လဲ ကျွန်မမေးထားတာ ရှင်မဖြေပါလား"

မွန်တင်းကခေါင်းမော့၍ သူမအားစေ့စေ့ကြည့်ကာ ....

"သူကကျုပ်ဆရာကိုး၊ ဒီတော့ ကျုပ်ကသူ့အပေါ်သစ္စာရှိရမှာပေါ့ဗျာ"

နအင်းကမဲ့ပြုံးပြုံးလိုက်ပြီး ....

"ရှင်တို့နှစ်ယောက်ကြည့်ရတာ ဆရာတပည့်ထက်ပိုပြီးသံယောဇဉ်တွယ်နေကြတယ်လို့ ကျွန်မထင်မိတယ်"

သူမ၏စကားကြောင့် မွန်တင်းမျက်နှာမှာခေါသရောင်သန်းသွားလေသည်။

"ဒီမယ် ကျုပ်ရှင်းရှင်းပြောပါရစေ၊ ကျုပ်ဆရာနဲ့ပတ်သက်ပြီး ခင်ဗျားအာဘွမပြောရင်ကောင်းမယ်"

"ကျွန်မပြောမယ်ဆိုရင်ကော ...."

"ဝမ်းနည်းပါတယ်၊ ခင်ဗျားကိုကျုပ်လိုက်ပို့တော့မှာမဟုတ်တော့ဘူး"

"ကဲပါရှင် ... ရှင့်ဆရာအကြောင်းပြောတာမကြိုက်ရင် ကျွန်မမပြောတော့ပါဘူးရှင်"

သည့်နောက် သူမသည် မွန်တင်းအားပြုံးပြလိုက်ပြီး ....

"ကဲပါရှင် .... အချိန်ရှိတုန်း ကျွန်မတို့သွားကြပါစို့"

သူတို့နှစ်ဦး ရှောက်ကွမ်းမြို့ခရီးစတင်ကြလေတော့၏။

✱✱✱✱✱



မြောက်လေများ တသုန်သုန်တိုက်ခတ်နေသည်။

နှင်းများလည်း တဖွဲဖွဲကျနေသည်။

ရာသီဥတုသည် တစ်မဟုတ်ချင်းပြောင်းလဲသွားသည်။

သူတို့သည် ဝူတန်မြို့သို့ရောက်လာသောအခါ အလွန်အေးချမ်းသောရာသီဥတုနှင့် ရင်ဆိုင်ရလေ၏။

အချိန်ကဆည်းဆာ ....

သူတို့သည် ဝူတန်မြို့ရှိ သန့်ရှင်းသောတည်းခိုရိပ်သာသို့ဝင်ကာ အခန်းနှစ်ခန်းကိုငှားရမ်းလိုက်ကြသည်။ နအင်းသည် ဝူတန်ကဲ့သို့သောမြို့ကြီးပြကြီးသို့ တစ်ကြိမ်တစ်ခါမှမရောက်ဘူးသဖြင့် သူမသည် ထိုမြို့ကြီးပြကြီးသို့လိုက်လံပြသရန် မွန်တင်းအားပြောကြားသည်။

မွန်တင်းကလည်း စည်ကားသော ဝူတန်မြို့ကြီး၏ရှုခင်းများကိုလိုက်လံကြည့်ရှုလည်ပတ်ရန် စိတ်ဝင်စားသဖြင့် အလွယ်တကူပင်ခေါင်းညိတ်၍သဘောတူလိုက်သည်။

ထို့နောက် သူတို့သည် အနွေးထည်အင်္ကျီများဝတ်ဆင်ကြပြီး လမ်းမပေါ်သို့ထွက်လည်ကြလေတော့သည်။

✱✱✱✱✱

ဝူတန်မြို့ ......

ဝူတန်မြို့သည် နာမည်ကျော်ချန်ကျန်းမြစ်၏ တစ်ဘက်ကမ်း၌တည်ရှိ၏။ ဆိပ်ကမ်းမြို့ဖြစ်သည်ကတစ်ကြောင်း၊ အစိုးရမင်းရုံးစိုက်သောမြို့တစ်မြို့ဖြစ်သည်ကတစ်ကြောင်း၊ တောင်ပိုင်းနှင့်မြောက်ပိုင်းသို့ သွားလာကုန်ကူးကြသောခရီးသည်များ တစ်ထောက်နားသော မြို့တစ်မြို့ဖြစ်သည်ကတစ်ကြောင်းကြောင့် အလွန်စည်ကားသောမြို့ကြီးဖြစ်ပါ၏။

နှင်းများ တဖွဲဖွဲကျနေသော်လည်း လမ်းမပေါ်တွင် လမ်းသွားလမ်းလာတို့ အဆက်မပြတ်သွားလာလှုပ်ရှားနေကြသည်။

လမ်းမ၏ဝဲယာတစ်ဘက်တစ်ချက်တွင် ဆိုင်ကြီးဆိုင်ငယ်များသည် မီးများထိန်လင်း၍ရောင်းဝယ်ဖောက်ကားနေကြသည်။

နအင်းသည် မွန်တင်းနှင့်ယှဉ်တွဲ၍ လမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာ တိမ်စီးနေရသကဲ့သို့ထင်မှတ်မိလေ၏။ သူမသည် ယင်းသို့စည်ကားသိုက်မြိုက်လှသောမြို့တော်၏ ရှုခင်းကို တအံ့တသြကြည့်ရင်း ကြည်နူးပီတိဖြစ်နေမိသည်။

သူတို့သည် တစ်လမ်းဝင်တစ်လမ်းထွက် ရောက်တတ်ရာရာလျှောက်ကြည့်ရင်း နအင်းမှာ ခြေထောက်များပင်ညောင်းညာလာလေတော့သည်။ ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ခြေထောက်ညောင်းအောင်လမ်းလျှောက်သည်ဆိုလျှင် သူတို့မည်မျှလမ်းလျှောက်ခဲ့ကြကြောင်း တွေးမိကြပေလိမ့်မည်။



နအင်းသည် မွန်တင်းအား ....

"ကျွန်မတို့ ဆိုင်တစ်ဆိုင်ဝင်ပြီးတစ်ခုခုစားရင် မကောင်းဘူးလားရှင်"

မွန်တင်းခေါင်းညိတ်လိုက်၏။

"အင်း.... ကောင်းသားပဲ၊ ကျွန်တော်တို့ နားလိုက်ကြတာပေါ့ဗျာ၊ ဗိုက်လဲအတော်ဆာနေကြပြီပဲ"

မွန်တင်းက လိုက်လိုက်လျောလျောပြော၏။ ထို့နောက်သူတို့သည် အလွန်စည်ကားသောစားသောက်ဆိုင်တစ်ဆိုင်သို့ဝင်လိုက်ကြလေ၏။ ဆိုင်တွင်းသို့ရောက်သည်နှင့် သူတို့သည် ချောင်ကျသောစားပွဲတစ်လုံး[illegible]နေရာယူထိုင်လိုက်ကြပြီး စားသောက်ဖွယ်ရာများကို မှာကြားလိုက်သည်။

မကြာမီ သူတို့သည် ရောက်ရှိလာသော စားသောက်ဖွယ်ရာများကို အားရပါးရစားသောက်ကြတော့သည်။ စားသောက်ပြီးသောအခါ နအင်းသည် တံခါးပေါက်ဆီသို့ မျက်လုံးရောက်သွား၏။ မွန်တင်းသည် နအင်းကြည့်ရာသို့လိုက်၍ကြည့်သည်။

ထိုစဉ် ... စားသောက်ဆိုင်ထဲသို့ အဘိုးအိုနှစ်ယောက်ဝင်လာသည်ကိုတွေ့လိုက်ရ၏။ ထိုအဘိုးအိုနှစ်ယောက်မှာ အလွန်ထူးခြားသည်။ တစ်ယောက်မှာ ခုနှစ်ပေအရပ်ရှည်ပြီး ကျန်တစ်ယောက်မှာ အရပ်သုံးပေခန့်သာရှိသည်။

အပုနှင့်အရှည် ....

ဤသို့ သူတို့နှစ်ယောက်သည် ဆိုင်တွင်းသို့ယှဉ်တွဲဝင်လာသောအခါ အရပ်ရှည်သောသူက ပို၍အရပ်ရှည်ပြီး ပုသောသူက ပို၍ပုသည်ဟုထင်ရသည်။ နအင်းသည် ထိုထူးခြားသောအဘိုးအိုနှစ်ယောက်ကိုတွေ့မြင်ရလျှင် ခစ်ခနဲအသံထွက်အောင်ပင်ရယ်လိုက်မိလေသည်။

သူမ၏ရယ်သံမှာ အမှတ်မထင်ကျယ်လောင်သွားသဖြင့် အရပ်ရှည်သောအဘိုးအိုသည် နှုတ်ခမ်းမဲ့လိုက်သည်။

"ကြည့်စမ်း ကျုပ်တို့ကိုရယ်နေတယ်၊ သူ့ကိုယ်သူ ဘယ်လောက်အကျည်းတန်တယ်ဆိုတာ မဓွေးမိဘူးနဲ့တူတယ်"

နအင်းသည် အဘိုးအို၏စကားကိုကြားရသောအခါ မိမိမှာရုပ်ဖျက်ထားခြင်းကြောင့် သူမအသည် စိတ်မဆိုးသည့်အပြင် ပြုံးနေပေသည်။

မွန်တင်းသည် အဘိုးအို၏စကားကြောင့် သည်းမခံနိုင်ဘဲဆိုင်ရာမှထပြီး အဘိုးအိုနှစ်ယောက်ဆီသို့လျှောက်သွားသည်။

"ဒီမှာဦး ..... ခင်ဗျားတို့ရဲ့ပုံသဏ္ဍာန်တွေက ဘယ်သူ့မဲ့တွေ့တွေ့ ရယ်မိမှာပဲဗျာ၊ ဒါများဆန်းသလား"

အရပ်ပုသောအဘိုးအိုက မွန်တင်းအားမော့ကြည့်ကာ–

"နေပါဦး .... မင်းကဘာကိုဆိုလိုတာလဲ"

"ဘာကိုဆိုလိုရမှာလဲဗျ၊ ခုနက ခင်ဗျား ကျုပ်မိတ်ဆွေကိုအကျည်းတန်တယ်ပြောတာတော့ မကောင်းပါဘူး"



အရပ်ရှည်သောအဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"မင်းက ငါတို့ပုတာရှည်တာတွေကိုကြည့်ပြီး အမှန်အတိုင်းပြောတာဆန်းသလားတဲ့၊ ကဲ... မင်းရဲ့အဖော်ကိုလဲကြည့်မပါဦး၊ ဘယ်လောက်ရုပ်ဆိုးသလဲဆိုတာ၊ ငါတို့က အရုပ်ဆိုးတာကိုအရုပ်ဆိုးတယ်ပြောတာ ဆန်းသလားကွာ"

အရပ်ပုသောအဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"အစ်ကိုကြီးဝမ်းရှောင်... ကျွန်တော်တို့ ဘာကောင်ဆိုတာသိသွားအောင် ဆုံးမလိုက်ရအောင်"

မွန်တင်းသည် ထိုစကားကိုကြားရသောအခါ ထိုအဘိုးအိုနှစ်ယောက်သည် မိမိအားတိုက်ခိုက်လိမ့်မည်ကိုသိလိုက်မိ၏။

သူသည် နအင်းဘက်လှည့်ပြီးအသင့်ရှိစေရန် အရိပ်အကဲပြလိုက်လေသည်။ နအင်း သတိပြုမိဟန်မတူပါ။ သူမသည် ရယ်ရယ်မောမောဖြင့်ထိုင်ရာမှထပြီး အဘိုးအိုနှစ်ယောက်ဆီသို့ တစ်လှမ်းချင်းလျှောက်သွားသည်။ နအင်းသည် အဘိုးအိုနှစ်ယောက်အား တစ်လှည့်စီကြည့်ပြီး တခစ်ခစ်ရယ်မောနေပြန်သည်။

"ခစ်.... ခစ်.... ခစ်....ရှင်တို့က ကျွန်မတို့ကိုဆုံးမမယ်ဟုတ်လား"

အရပ်ရှည်သောအဘိုးအိုက စားပွဲပေါ်လက်ဖြင့်တစ်ချက်ပုတ်လိုက်ပြီး .....

"ဟုတ်တယ် မင်းတို့လို နို့နံ့မစျောက်သေးတဲ့လူငယ်တွေ

ကို မဆုံးမဘဲထားရင် ပိုပြီးဆိုးလာလိမ့်မယ်၊ မင်းတို့ကိုဆုံးမမှ အပြောအဆိုတွေကိုပြင်လိမ့်မယ်"

နအင်းက အားရပါးရရယ်မောလိုက်ပြီး .....

"ဩော်....ဒီလိုလား၊ ကဲ....ဒါဖြင့် ရှင်တို့ထမင်းမြန်မြန်စားပါ၊ စားပြီးရှင် အပြင်သွားကြမယ်၊ ဒါမှလဲ ဘယ်သူက ဘယ်သူ့ကိုဆုံးမမယ်ဆိုတာသိမယ်"

အဘိုးအိုနှစ်ယောက်သည် အသက်နနယ်ပြီးအရုပ်ဆိုးသော မိန်းကလေးတစ်ယောက်က မိမိတို့အား လာရောက်စိန်ခေါ်နေသည့်အတွက်အံ့အားသင့်သွားမိကြသည်။ မွှန်တင်းမှာ နအင်း၏ အပြုအမူကြောင့် ရင်ထိတ်သွားမိသည်။

ထိုအကျည်းတန်မိန်းကလေးသည် အေးအေးဆေးဆေး မနေဘဲ ယခုကဲ့သို့ရန်စခြင်းကို စိတ်ထဲ၌အပြစ်တင်မိသည်။

သို့သော် ... ဖြစ်လာမှမထူးတော့သည့်အတွက် သူသည် နအင်းနံဘေးသို့သွားရောက်ရပ်လိုက်၏။ ထိုအဘိုးအိုနှစ်ယောက်သည် ထိုင်ရာမှဆတ်ခနဲထလိုက်သည်။

"မင်းလိုမိန်းကလေးမျိုးကိုဆုံးမရအောင် ထမင်းစားပြီးတဲ့အထိစောင့်ဖို့မလိုပါဘူးကွ"

အရုပ်ပုသောအဘိုးအိုသည် လက်ဝါးဖြင့် နအင်း၏ပါးကို ရိုက်ချလိုက်လေသည်။ ထိုအဘိုးအို၏ ရိုက်ချက်မှာ အားအပြည့်ပါရှိသည့်အတွက် နအင်းမှာရင်ထိတ်သွားသည်။



အဘိုးအို၏သိုင်းပညာအဆင့်မှာ မိမိထက်များစွာသာလွန်နေသည်ကို ချက်ချင်းရိပ်စားမိသည်။ သူမသည် ပေါ့ပေါ့တန်တန် မနေရဲတော့ပါ။ ထို့ကြောင့် သူမသည် ဟိုချင်းသင်ပေးသော စကြဝဠာသိုင်းကွက်ဖြင့် ပြန်လည်အသုံးပြုလိုက်လေသည်။

လက်နှစ်ဖက်သည် လက်ဝါးသဏ္ဍာန်ဖြင့် အောက်သို့ချလိုက်ပြီးမှ ရုတ်တရက်အပေါ်သို့ပင့်တင်လိုက်၏။ သူမ၏ကိုယ်ခန္ဓာမှာ လေထဲသို့ခုန်ထွက်သွားပြီး တစ်ဆက်တည်း သူမ၏ လက်ဝါးနှစ်ဖက်သည် ဝဲယာသို့ရိုက်ချလိုက်လေသည်။

ထိုအဘိုးအိုသည် နအင်း၏သိုင်းကွက်ကိုတွေ့ရသောအခါ သူ၏မျက်နှာပေါ်တွင် အံ့အားသင့်သောအရိပ်အယောင်များပေါ်ထွက်လာတော့သည်။

အရုပ်ရှည်သောအဘိုးအိုမှာလည်း မျက်နှာကွက်ခနဲပျက်သွားသည်။ အရုပ်ပုသောအဘိုးအိုသည် တိုက်ကွက်ကို ချက်ချင်းပြန်ရုပ်သိမ်းလိုက်သည်။

သူသည် အံ့ဩစွာဖြင့် သူမအားကြည့်ရင်း .....

"မိန်းကလေး မင်းနဲ့ဟိုချင်း ဘယ်လိုများပတ်သက်နေသလဲ"

နအင်းသည် ထိုအဘိုးအိုမှာ ဟိုချင်းနှင့်အလွန်ရင်းနှီးနေသူဖြစ်လိမ့်မည်ဟု စိတ်ထဲ၌တွေးထင်မိလေသည်။

ထို့ကြောင့် သူမသည် မဲ့ပြုံးပြုံးလိုက်ပြီး .....

"ဟိုချင်းဆိုတာ ကျွန်မဘိုးဘိုးပါ"

အရပ်ပုသောအဘိုးအိုသည် နအင်း၏စကားကိုကြားရသောအခါ အံ့အားသင့်မိသည်။ သူက မဲ့ပြုံးပြုံးလိုက်ပြီး ......

"မိန်းကလေးကြည့်ရတာ အသက်ငယ်ငယ်နဲ့ လူလိမ်တစ်ယောက်ကို"

အရပ်ပုသောအဘိုးအိုသည် စကားဆုံးသည်နှင့် နအင်းအားဝင်ရောက်တိုက်ခိုက်လေ၏။ နအင်းမှာ ရင်ထိတ်သွားသည်။

သူမသည် ကပျာကယာရှောင်တိမ်းပြီး ဟိုချင်းသင်ကြားပေးသောဒုတိယသိုင်းကွက်ဖြစ်သည့် မိုးအောက်မြေပြင်သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

အဘိုးအိုသည် ခုန်၍ခုန်၍ဆုတ်လိုက်၏။

သူသည် ဆက်လက်၍မတိုက်ခိုက်တော့ဘဲ နအင်းအားထူးဆန်းစွာကြည့်နေတော့၏။ သူ၏မျက်နှာတစ်ခုလုံးမှာ အံ့ဩနေသည်။ အရပ်ရှည်သောအဘိုးအိုသည် နအင်းရှေ့သို့တိုးလာပြီး သူမအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်ရင်း ......

"ဒီမှာမိန်းကလေး မင်းက ဟိုချင်းရဲ့မြေးလို့ပြောတယ် တကယ်ပဲလား"

နအင်းကနှုတ်ခမ်းစူထားလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့လိမ်ပြောရမှာလဲ"

အဘိုးအိုသည် မဲ့ပြုံးပြုံးလိုက်သည်။



"ကျုပ်တို့ ဘယ်သူတွေလဲဆိုတာမင်းသိသလား"

"ကျွန်မ ဘယ်သိမလဲ"

"မှတ်ထား..... ကျုပ်တို့နှစ်ယောက်ဟာ ဟိုချင်းနဲ့အရင်းနှီးဆုံးသူငယ်ချင်းတွေပဲကွဲ၊ ကျုပ်နာမည်ကမိုး"

တစ်ဖန် အရပ်ပုသောအဘိုးအိုအားညွှန်ပြလိုက်ပြီး ....

"သူ့နာမည်ကမြေတဲ့၊ တို့နှစ်ယောက်ဟာ ဟိုချင်းနဲ့အရင်းနှီးဆုံးသူငယ်ချင်းတွေဆိုတာ မင်းနားလည်ထားစမ်းပါ၊ ဟိုချင်းမိန်းမမယူတာ တို့အသိဆုံးပဲ၊ ဘယ်ကလာပြီး မြေးရှိရမှာလဲ"

အရပ်ပုသောအဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ မင်းတခြားလူကိုသွားလိမ်လို့ရမယ်၊ တို့ကိုတော့ လာညာလိမ်လို့မရဘူး"

နအင်းသည် ထိုစကားကိုကြားရသောအခါ ရင်ထိတ်သွားသည်။ အမှန်မှာ ဟိုချင်းနှင့်ထိုအဘိုးအိုနှစ်ဦးတို့မှာ အလွန်ရင်းနှီးသော သူငယ်ချင်းများဖြစ်သည်ကို ဟိုချင်းက သူမအားပြောကြားခဲ့ဖူး၏။

ယခုမှ သူမသည် လိမ်၍ပြောမိမှတော့ မထူးတော့သဖြင့် ဆက်၍လိမ်ရန်သာရှိတော့သည်။ အရပ်ရှည်သောအဘိုးအိုသည် နအင်းတွေဝေနေသည်ကိုအကဲခတ်မိသောအခါ .....

"ကဲ....မိန်းကလေး မင်းမှန်မှန်ပြောစမ်း၊ မင်းဘာဖြစ်လို့ တို့ကိုလိမ်ပြောရတာလဲ"

နအင်းကနှုတ်ခမ်းစူလိုက်ပြီး ......

"ဒီမှာ .... ရှင်တို့က ကျွန်မဘိုးဘိုးရဲ့သူငယ်ချင်းလို့လဲ ပြောသေးတယ်၊ ကျွန်မဘိုးဘိုး အိမ်ထောင်ကျသလား၊ မကျဘူး လားဆိုတာတောင် မသိကြပါလား"

အရပ်ပုသောအဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဘာ ... မင်းပြောတာ ဟိုချင်းမှာမိန်းမရှိတယ်ဟုတ်လား"

"ရှိတာပေါ့ရှင်"

အရပ်ရှည်သောအဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး ....

"မဖြစ်နိုင်ဘူး ... သူ တို့နဲ့နှစ်ပေါင်း အတော်ကြာကြာနေခဲ့တာပဲ၊ သူ့မှာမိန်းမရှိရင် တို့သိမှာပေါ့"

နအင်း နှုတ်ခမ်းမဲ့လိုက်သည်။

"အို.... ရှင်တို့တော်တော်ဉာဏ်နည်းတဲ့လူတွေပဲ၊ ကျွန်မ ရှင်းရှင်းပြောမယ်၊ ဘိုးဘိုးဟာ တစ်ချိန်တုန်းက အွားဘွားနဲ့ မတည့်လို့ အိမ်ကထွက်သွားတာ အတော်ကြာခဲ့ပြီရှင့်"

အဘိုးအိုနှစ်ယောက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တွေဝေနေမိကြလေ၏။ နအင်းသည် အဘိုးအိုတို့ မိမိ၏စကားများကိုအနည်းငယ်ယုံကြည်လာသည်ကို အကဲခတ်မိသည့်အတွက်....

"ဘာလဲ ရှင်တို့က ကျွန်မကို မယုံသင်္ကာဖြစ်နေတုန်းပဲလား၊ ကဲ.... ကျွန်မကိုမယုံရင် ရှင်တို့နဲ့ကျွန်မ သူသေကိုယ်သေ



တိုက်ခိုက်ကြတာပေါ့"

သူမသည် စကားဆုံးသည်နှင့်အဘိုးအိုတို့အားတိုက်ခိုက်လိုက်လေသည်။ အဘိုးအိုတို့သည် အခက်ကြုံနေသည်။

ပြန်တိုက်ရခက်၊ မတိုက်ရခက်ဖြစ်နေသည်။

ထိုစဉ် အရပ်ရှည်သောအဘိုးအိုက အရပ်ပုသောအဘိုးအိုဘက်သို့လှည့်ကာ .....

"သူ့ငယ်ချင်း အခြေအနေကတော့မဟန်ဘူး၊ တို့လစ်ရင်ကောင်းမယ်ထင်တယ်"

အရပ်ပုသောအဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်အစ်ကိုကြီးဝမ်ရှောင် တော်ကြာ သူ့မြေးမကိုတိုက်ခိုက်မိရင် ဟိုချင်းက တို့ကိုအပြစ်တင်နေဦးမယ်"

သူတို့သည် အပြန်အလှန်ပြောဆိုကြပြီးနောက် ဆိုင်ထဲမှ ကပျာကယာပြေးထွက်သွားကြလေတော့၏။

မွန်တင်းသည် ထိုအဘိုးအိုနှစ်ဦး၏လှုပ်ရှားမှု မြန်ဆန်ပေါ့ပါးသွက်လက်ခြင်းကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့၏။

*****

## အခန်း (၄၄)
## လုပ်ကြံသူ

ဆိုင်လုလင်သည် မွန်တင်းအား စာတစ်စောင်လာရောက်ပေးလေ၏။ မွန်တင်း မျက်မှောင်ကုပ်သွားသည်။ မိမိ ဤစာည်းခိုခန်း၌ရောက်ရှိနေကြောင်းကို မည်သူကသိရှိပြီး စာပေးခိုင်းရပါသနည်း။

သူသည် ယင်းသို့တွေးရင်း စာကိုဖောက်ဖတ်လိုက်သည်။

စာထဲတွင် .....

"မိုးမြေမကခြားတယ်ဆိုတာမဟုတ်ပါဘူး။ အနီးအနားမှာပဲရှိပါတယ်"

ထိုစာကိုတွေ့သောအခါ မွန်တင်းရင်ထဲ၌တုန်လှုပ်ချောက်ချားသွားမိလေ၏။ ဤစာကြောင်း၏အဓိပ္ပာယ်ကို သူနားလည်သဘောပေါက်မိ၏။ ယင်းစာမှာ နုအင်းပေးသောစာဖြစ်ရမည်ဟု သူယုံကြည်မိသည်။ သူသည် ရုတ်တရက် ဆိုင်လုလင်၏လက်ကို ဖမ်းဆွဲထားလိုက်ပြီး .....



"ပြောစမ်းပါဦး .... စာပေးသွားတဲ့လူဘယ်မှာလဲ"

ဆိုင်လုလင်က .....

"မရှိတော့ပါဘူး ..... ကျွန်တော့်ကိုငွေစတစ်တုံးပေးပြီး အစ်ကိုကြီးကိုပေးလိုက်ပါလို့ပြောပြီး ထွက်သွားတာပဲ"

"အဲဒီစာကိုပေးသွားတဲ့လူက ယောက်ျားလားမိန်းမလား"

"မိန်းကလေးတစ်ယောက်ပါ .... အသက် ၁၈–၁၉ နှစ်လောက်ပဲရှိပါသေးတယ်၊ တော်တော်ချောတယ်အစ်ကိုကြီး"

မွန်တင်း မျက်မှောင်ကုပ်သွား၏။ သူ၏မျက်နှာတစ်ခုလုံးမှာ စိုးရိမ်ပူပန်ခြင်းအရိပ်အရောင်များပေါ်လာသည်။ သူသည် အကြိမ်ကြိမ်စာကိုဖတ်လိုက်ပြန်သည်။ နုအင်းသည် စာဖတ်ပြီး စဉ်းစားနေသောမွန်တင်းအား ပြောလိုက်၏။

"ကဲ ..... ကျွန်မတို့စောစောအိပ်ပြီး မနက်စောစော ခရီးဆက်ရအောင်"

သူမ၏စကားသံကြားရမှ မွန်တင်းမှာ သတိတရားပြန်လည်ရလာမိ၏။ သူသည် ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ....

"ဟုတ်ကဲ့ ကျွန်တော်တို့ အခန်းထဲကိုသွားကြမယ်၊ မနက်စောစောခရီးဆက်ကြတာပေါ့"

မွန်တင်းသည် ဤသို့ပြောဆိုပြီး အခန်းရှိရာသို့လျှောက်သွားသည်။ နုအင်းက နောက်မှလိုက်သွားသည်။ မွန်တင်းသည် နုအင်းလိုက်လာသည်ကိုတွေ့ရသဖြင့် မျက်မှောင်ကုပ်သွား၏။

"ညီမ ဘာပြောစရာရှိလို့လဲ"

နအင်းကပြုံးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးရှင်... ရှင် စာရပြီးကတည်းက ငိုင်တိုင်တိုင်ဖြစ်နေလို့ ဘယ်ကစာလဲဆိုတာကျွန်မသိချင်လို့ပါ"

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဒီစာဟာ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပတ်သက်နေလို့ ပြောမပြနိုင်တာကိုခွင့်လွှတ်ပါ"

နအင်းသည် မွန်တင်း၏စကားကိုကြားရသဖြင့် ဆက်၍မမေးတော့ဘဲ သူမ၏အခန်းရှိရာဘက်သို့ထွက်လာခဲ့တော့သည်။

သူတို့သည် ကိုယ့်အခန်း၌ကိုယ်အိပ်ကြလေ၏။

****

လရောင်သည် ထိန်ထိန်လင်းနေသည်။

နအင်းသည် ခုတင်ပေါ်တွင် လဲလျောင်းနေသော်လည်း အိပ်မရပါ။ အတွေးများ တစ်ခုပြီးတစ်ခု သူမ၏ဦးနှောက်ထဲသို့ တိုးဝင်လာနေသည်။ သူမသည် မွန်တင်းအပေါ် အသည်းနှင့်အောင် ချစ်ခဲ့ရသည်။

မွန်တင်းကလည်း မိမိကို အလားတူချစ်လိမ့်မည်ဟု သူယုံကြည်မိသည်။ သို့သော် ..... မွန်တင်းမှာ စွန်းကျဲအမည်ရှိသော မိန်းကလေးနှင့်မေတ္တာမျှနေသည်ကို သူမစိတ်ထဲတွင် သံသယဝင်လာမိပြန်သည်။

သူမသည် မွန်တင်းနှင့်ခွဲခွာလာခဲ့ပြီး ......



မိမိ၏အဖြစ်အပျက်များကို ဟိုချင်းကသိရှိသဖြင့် မိမိအား အကြံပေးဆောင်ရွက်ခဲ့သည်။ ယင်းအကြံကား မိမိ၏မူလရုပ်ကို အကျည်းတန်မိန်းကလေးတစ်ယောက်အဖြစ် ရုပ်ဖျက်၍ မွန်တင်း၏အနီးအနား၌နေထိုင်ရန်နှင့် သူ၏စိတ်သဘောထားကိုစမ်းသပ်သိနိုင်ရန်ပင်ဖြစ်သည်။

ယခု သူမသည် မွန်တင်းနှင့် ရက်ပေါင်းအတော်ကြာကြာ အတူတကွနေထိုင်လာခဲ့သည်။ နည်းအမျိုးမျိုးဖြင့် မွန်တင်း၏စိတ်သဘောထားကိုစမ်းသပ်ခဲ့၏။

မွန်တင်းမှာ သစ္စာရှိသောသူတစ်ယောက်ဖြစ်သည့်အပြင် မိမိအပေါ် တကယ့်မေတ္တာစစ်မေတ္တာမှန်နှင့်ချစ်နေခြင်းကို လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် သူမသည် မူလရုပ်သဏ္ဌာန်ကို ပြန်လည်ပြုပြင်ပြီး မွန်တင်းအား အကျိုးအကြောင်းရှင်းပြမည်ဟုဆုံးဖြတ်လိုက်လေ၏။ သူမသည် ယင်းသို့ဆုံးဖြတ်ပြီးသည်နှင့် လဲလျောင်းရာမှ ထလိုက်လေသည်။ ထို့နောက် ......

နအင်းသည် သူမ၏အိတ်ထဲသို့တစ်စုံတစ်ရာကိုရှာဖွေကြည့်လိုက်သည်။ ဟိုချင်းမှာ သူမအား ဆေးတစ်မျိုးဖြင့် အကျည်းတန်မိန်းကလေးအဖြစ်သို့ ရုပ်ဖျက်ထားခြင်းဖြစ်သည်။

သူမ၏ရုပ်သဏ္ဌာန်ပြန်လည်ပြုပြင်ရန် အခြားသောဆေးတစ်မျိုးကိုပေးခဲ့သည်။

ယခု နုအင်းသည် သူမ၏ အိတ်ထဲသို့ မူလရှစ် ပြန့်ပြူပြင်သောဆေးလုံးကိုရှာဖွေလိုက်သောအခါ.....

သူမ ရင်ထိတ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် .... သူမအိတ်ထဲတွင် သိမ်းထားသောဆေးလုံးမှာ မည်သည့်အချိန်ကပျောက်ဆုံးသွားသည်မသိတော့ချေတကား။

****

"အိုး....ဒုက္ခပဲ"

သူမသည် ကြိတ်၍ငြီးငြူလိုက်၏။

နုအင်းသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ မိုးနှင့်မြေအမည်ရှိသောအဘိုးအိုနှင့်တိုက်မိုက်ခဲ့စဉ်က ထိုဆေးလုံးမှာ ကျကျန်ရစ်ခဲ့လေသလောဟူ၍ စိတ်ထဲတွင်တွေးမိပေသည်။

သည့်နောက် သူမသည် ယင်းနေရာသို့သွားရောက်ရှာဖွေရန် အခန်းတံခါးကိုဖွင့်လိုက်၏။ အခန်းထဲမှထွက်လာပြီး သူမထမင်းစားခဲ့သောနေရာသို့ ရောက်ရှိလာသည်။

ဆိုင်လုလင်မှာမအိပ်သေးဘဲ စားပွဲကုလားထိုင်များကိုသိမ်းဆည်းနေသည်ကိုတွေ့လိုက်ရသည်။

သူမသည် ဆိုင်လုလင်အားကြည့်ကာ.....

"ဒီမယ်ရှင့်.... တံမြက်စည်းလှဲတုန်းက ဆေးလုံးတစ်လုံးကိုတွေ့မိခဲ့သလားရှင်"



ဆိုင်လုလင်သည် အိတ်ထဲမှစာရွက်တစ်ရွက်ကိုထုတ်ယူလိုက်ပြီး......

"ဟောဒီမှာ မမအတွက်စာပေးသွားပါတယ်"

နုအင်း အံ့အားသင့်သွားမိသည်။

"ဘယ်သူကပေးသွားတာလဲရှင်"

"ခုနက မမနဲ့ရန်ဖြစ်တဲ့အဘိုးကြီးနှစ်ယောက် ပြန်လာပြီး ဒီစာကို မမလက်ထဲရောက်အောင်ပေးလိုက်ပါလို့ပြောသွားတယ်"

နုအင်းသည် ထိုစာကိုယူ၍ဖတ်ကြည့်လိုက်သည်။

"အကျည်းတန်မိန်းကလေး .....

မင်း ငါတို့ကိုလိမ်ခဲ့တာ ငါတို့သိသွားပြီ၊ မင်းဆေးလုံးတို့လက်ထဲမှာရှိတယ်၊ ပြန်လိုချင်ရင်- လျူယန်းမြို့ကိုလိုက်ခဲ့ပါ"

ထိုစာကိုဖတ်ပြီးသောအခါ နုအင်းမှာ တစ်ကိုယ်လုံးတုန်လှုပ်ချောက်ချားသွားမိလေတော့၏။ သူမသည် မွန်တင်းအား ဖြစ်ရပ်မှန်ကိုဖွင့်ပြောရန် ဆုံးဖြတ်ပြီးမှ ....

ယခုကဲ့သို့မဖျော့လင့်ဘဲ ဆေးလုံးပျောက်ဆုံးသွားသဖြင့် ဝမ်းနည်းပက်လက်ဖြစ်သွားတော့သည်။

သူမသည် အတန်ကြာအောင်တွေမေနေပြီးနောက်.....

မွန်တင်းအား အဖြစ်မှန်ကိုရှင်းပြရန် ဆုံးဖြတ်လိုက်လေသည်။ သူမသည် ယင်းသို့ဆုံးဖြတ်ပြီး မွန်တင်းအခန်းဘက်သို့ လျှောက်သွားလေသည်။

သူမသည် အခန်းတံခါးကိုခေါက်ရန်ပြုစဉ် ....

အခန်းထဲတွင် စကားပြောသံများကိုကြားရသဖြင့် သူမ၏ လက်ကိုပြန်ရုတ်လိုက်သည်။

သူမ၏စိတ်ထဲတွင် သံသယဖြစ်လာမိသည်။ ထို့ကြောင့် သူမသည် တံခါးကိုမခေါက်တော့ဘဲ ပြတင်းပေါက်ဘက်သို့ လျှောက်သွားလေသည်။

သည့်နောက် ..... သူမသည် ပြတင်းပေါက်မှစက္ကူကို အသာဖောက်၍ အခန်းတွင်းသို့ချောင်းမြောင်းကြည့်လိုက်သည်။

အခန်းထဲမှတွေ့မြင်ရသောမြင်ကွင်းကြောင့် နအင်းတစ်ကိုယ်လုံးမှာ တုန်ခါသွားမိသည်။ အခန်းထဲ၌ မည်သည့်အချိန်က မိန်းကလေးတစ်ယောက်ရောက်ရှိနေသည်မသိပေ။

ထိုမိန်းကလေးမှာ မွန်တင်းအား ပြုံး၍စကားပြောနေသည်ကိုတွေ့မြင်ရသည်။ တွေ့မြင်ရသောမြင်ကွင်းကြောင့် သူမ၏ရင်ထဲတွင် လှိုက်ဖို၍လာပေသည်။ ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်းနှင့်ယှဉ်တွဲ၍ခံစားမိသည်။ သူမ၏တစ်ကိုယ်လုံးမှာလည်း ထူပူသွားသည်။ သူမသည် ဆက်၍မကြည့်နိုင်တော့ဘဲ မျက်ရည်များ တသွင်သွင်စီးကျလာတော့၏။ ထို့နောက်.......

ထိုနေရာမှ ချာခနဲလှည့်၍ထွက်ခွာသွားလေတော့သည်။

*****



မွန်တင်းသည် အခန်းထဲသို့ ဝင်မိလျှင် ဝင်မိချင်းသူ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားလေ၏။

သူ၏ခြေလှမ်းများမှာ တုံ့ကနဲရပ်သွားသည်။

အဘယ့်ကြောင့်ဆိုသော်......

သူ၏အခန်းထဲ၌ မိန်းကလေးတစ်ယောက်သည် မည်သည့် အချိန်က ရောက်ရှိနေသည်ကို မသိလိုက်ပဲရှိနေ၏။

မွန်တင်းသည် မိမိအခန်းများ မှားဝင်လာလေသလောဟု ထင်မှတ်မိသည်။

ထိုမိန်းကလေးအား အားတုံ့အားနာ ဖြစ်မိသည်။

"အားနာပါတယ်ဗျာ...... ကျွန်တော်အခန်းများ မှားဝင်မိသလားမသိဘူး"

သို့သော် .... မိန်းကလေးက လက်ကာပြလေ၏။

"အခန်းမမှားပါဘူးရှင်.... ဝင်သာဝင်ခဲ့ပါ"

မွန်တင်း အံ့အားသင့်သွား၏။

သူသည် မိန်းကလေးအားစေ့စေ့ကြည့်လိုက်သည်။

ထိုမိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိမည်။

သူမ၏တစ်ကိုယ်လုံးမှာ အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။ မိန်းကလေး၏ ရုပ်ရည်မှာလည်း အလွန်လှပချောမောလေ၏။ သို့သော်......

သူမ၏မျက်လုံးမှာ အနည်းငယ် ကလက်ပြီးကောက်ကျစ်

သည့်အရိပ်အရောင်သန်းနေ၏။

မိန်းကလေးက မွန်တင်းအားပြုံး၍ကြည့်ပြီး.....

"ရှင်.......ဘာငိုင်နေတာလဲရှင့်"

မွန်တင်းက သူမအားစေ့စေ့ကြည့်ပြီး ....

"နေပါဦး.... ခင်ဗျားအခုလိုအချိန်မတော်မှာ ဘာဖြစ်လို့ ကျုပ်အခန်းထဲကိုဝင်လာရတာလဲဗျ"

မိန်းကလေးက တခစ်ခစ်ရယ်မောလိုက်၏။

"အို ..... ကိစ္စရှိလို့ပေါ့ရှင်"

"ကိစ္စရှိရင်လဲ ဧည့်ခန်းမှာထိုင်ပြီး တစ်ယောက်ယောက်ကိုအခေါ်ခိုင်းလိုက်လဲ ရပါတယ် .... အခုလို အချိန်မတော်ကြီးမှာ မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်အခန်းထဲကိုဝင်လာတာ လူမြင်သွားရင်မကောင်းပါဘူးဗျာ"

သူမက တခစ်ခစ်ရယ်မောနေသည်။

"အို.... ရှင်ကသိုင်းသမားတစ်ယောက်မဟုတ်လား၊ သိုင်းလောကမှာကျင်လည်ကျက်စားနေတဲ့လူတွေဟာ မိန်းမရယ်၊ ယောက်ျားရယ်၊ အချိန်တော်တာရယ်၊ မတော်တာရယ်လို့ ခွဲခြားပြီး ဂရုစိုက်နေစရာ မလိုပါဘူးရှင်"

"ကဲ..... ထားပါတော့လေ၊ ကိစ္စကိုပြောပါ"

"ကိစ္စကတော့ ရှင့်ဆရာနအင်းရဲ့ကိစ္စပါ"

"ကျုပ်ဆရာကိစ္စဟုတ်လား"



"သိပ်ဟုတ်တာပေါ့ရှင်"

"ဒါဖြင့်ပြောပါ .... ကျုပ်ဆရာဘာဖြစ်နေလို့လဲ၊ သူအခု ဘယ်မှာရှိသလဲ"

သူမကရယ်မောလိုက်ပြီး .....

"ဟင် ခုနကတော့ ကျွန်မကိုမောင်းထုတ်မတတ်ပြောနေလိုက်တာ၊ အခု သူ့ဆရာအကြောင်းလဲ ပြောရော တစ်ခါတည်း မနေနိုင်တော့ဘူး"

မွန်တင်းသည် အားတုံ့အားနာဖြစ်မိသွား၏။

"ကျွန်တော်ပြောမိတာကိုခွင့်လွှတ်ပါဗျာ"

"ရပါတယ်ရှင် ..... ရပါတယ်၊ ကျွန်မကလဲ ဒီလောက်သဘောထားမသေးသိမ်ပါဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျုပ်ဆရာအကြောင်းကို ပြောပြပါလားခင်ဗျာ"

မိန်းကလေးကအနည်းငယ်စဉ်းစားလိုက်ပြီး....

"ကျွန်မဘယ်သူဘယ်ဝါဆိုတာ ရှင်မမေးတော့ဘူးလား"

"ဩော်.... ဟုတ်ကဲ့ မေ့နေလိုက်တာ၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မနာမည်ပို့မေပါ၊ တိဗက်မှာနေပါတယ်"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

"ကျွန်မလဲဝမ်းသာပါတယ်"

ယို့မေဆိုသူက မွန်တင်းအား စိုက်ကြည့်နေသည်။

မွန်တင်းက ယို့မေအားဦးညွှတ်လိုက်သည်။

"ကဲ..... ကျေးဇူးပြုပြီး ကျုပ်ဆရာဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလား"

ယို့မေကတခစ်ခစ်ရယ်လိုက်၏။

ရှတ်တရက် သူမ၏မျက်လုံးအစုံသည် ပြတင်းပေါက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။ ပြတင်းပေါက်အပြင်ဘက်၌ လူရိပ်တစ်ရိပ်ကိုရိပ်ခနဲတွေ့လိုက်ရလေသည်။

သို့သော် .... သူမသည် မသိဟန်ဆောင်နေလိုက်၏။

ထို့နောက် ယို့မေသည် တခစ်ခစ်ရယ်ပြီး မွန်တင်းထံသို့ ချဉ်းကပ်သွားသည်။

"ရှင့်ကိုပြောပြတာတော့ဟုတ်ပါပြီ .... ကျွန်မကိုကော ဘယ်လိုကျေးဇူးဆပ်မလဲ ဟင်....."

မွန်တင်းသည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

နောက်မှခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ..... ကျွန်တော် ဘယ်လိုကျေးဇူးဆပ်ရမလဲ ဆိုတာပြောပါ၊ ကျေးဇူးဆပ်ပါ့မယ် ...."

ထိုအခါ..... ယို့မေသည် မွန်တင်းအနီးသို့ရောက်ရှိလာလေ၏။ လျှပ်တစ်ပြက် သူမလက်ထဲမှ ပဝါအနီတစ်ထည်ကိုဝေ့ယမ်းလိုက်၏။



စူးရှသောအနံ့တစ်မျိုးသည် မွန်တင်း၏နှာခေါင်းထဲသို့ တိုးဝင်သွားသည်။

မွန်တင်း၏ဦးနှောက်တစ်ခုလုံးမှာ ရုတ်တရက်လေးလံထိုင်းမှိုင်းလာ၏။ မျက်လုံးအစုံမှာလည်း တဖြည်းဖြည်းလေး၍ စင်းလာလေတော့သည်။

*****

## အခန်း (၅၅)
## သမိုင်းတစ်ပတ်လည်ရန်သူ

"ခစ်.... ခစ်..... ခစ်"

မိန်းကလေးသည် အားရပါးရရယ်မောလိုက်လေ၏။

ထို့နောက် သူမသည် မွန်တင်းအား ခုတင်ပေါ်သို့တွဲခေါ်သွားသည်။ ယို့မေသည် လက်ထဲမှလက်ကိုင်ပဝါဖြင့် ထပ်မံ၍ ယမ်းလိုက်ပြန်သည်။

မွန်တင်းသည် လုံးဝသတိမရတော့ဘဲ မေ့မြောကာ ခုတင်ပေါ်လဲကျသွားလေတော့သည်။

"ခစ်.... ခစ်.... ခစ်"

ယို့မေသည် ရယ်မောရင်း ခါးတွင်ချိန်ဆွဲထားသော ဓားတိုလေးတစ်လက်ကိုဆွဲထုတ်လိုက်၏။

"ဩော်...., အနိစ္စ.....ဒုက္ခ.....အနတ္တ..."

ရုတ်တရက် ဘုန်းကြီးတစ်ပါးသည် အခန်းထဲသို့ဝင်လာသည်ကို အံ့ဩစွာတွေ့မြင်လိုက်ရသည်။



"ဆရာတော်ကဘယ်သူလဲ၊ အခန်းထဲက အမြန်ဆုံးထွက်သွားပါ"

ဘုန်းတော်ကြီးသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....,

"ကျုပ်ကို တကာကြီးဟုန်စွန်းဆီက အကူအညီတောင်းထားလို့ ဒီကတကာလေးကိုစောင့်ရှောက်ရမဲ့တာဝန်ရှိနေလို့ပါ"

ယို့မေက မဲ့ပြုံးပြုံးလိုက်သည်။

"တပည့်တော်မတို့ကိစ္စကို ဝင်မရှုပ်ရင် ကောင်းမယ်ထင်တယ်၊" ကိုယ့်ကိစ္စကိုယ်လုပ်ပါ"

သူမသည် ထိုသို့ပြောနေစဉ်မှာပင် ....

ပြတင်းပေါက်မှလူတစ်ယောက်သည် လျှပ်တစ်ပြက်ခုန်ဝင်လာပြီး ခုတင်ပေါ်ရှိ မေ့မြောနေသောမွန်တင်းကိုပွေ့ချီကာ ပြတင်းပေါက်မှ ပြန်လည်ခုန်ထွက်သွားလေတော့သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။

ယို့မေမှာ ရုတ်တရက်ကြောက်သေသေနေမိသည်။

မကြာပါ။ သူမသည် သတိရလာပြီး ပြတင်းပေါက်မှခုန်ထွက်၍လိုက်သွားလေ၏။ သို့သော် ....

လူရိပ်ပင်မျှမတွေ့ရတော့ချေ။

*****

မည်မျှအချိန်ကြာသွားမှန်းမသိပေ။

မွန်တင်းသတိရလာသောအခါ သူ၏ရှေ့တွင် အမျိုးသမီးတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုအမျိုးသမီးအားတွေ့မြင်ရသောအခါ သူအံ့အားသင့်သွားသည်။ ယင်းအမျိုးသမီးမှာ ကြာပန်းဒေဝီ ဟုစန်းလျှံပင်ဖြစ်ပါ၏။ ပို၍အံ့ဩရသည်မှာ ကြာပန်းဒေဝီသည် မိမိအားကယ်တင်လာခြင်းဖြစ်သည်။ ကြာပန်းဒေဝီကပြုံးပြလိုက်ရင်း ....

"ဘယ့်နှယ်လဲ..... ငါ မင်းကိုကယ်တင်ခဲ့တာ အံ့ဩနေတယ်ထင်တယ်"

"ဟုတ်ပါတယ်ဗျာ .... အမှန်မှာ ခင်ဗျားက ကျွန်တော့်ကိုသတ်ပစ်ဖို့တောင်ကောင်းနေတယ်"

"ဟုတ်တယ်.... မင်းကျူးလွန်တဲ့ပြစ်မှုဟာ သေဒဏ်ပေးသင့်တာပေါ့၊ ဒါပေမဲ့ မင်းက နအင်းအပေါ်အတော်သစ္စာရှိနေတာတွေ့ရလို့ အခုလိုမင်းကိုကယ်တင်ခဲ့တာပဲ"

သူတို့ ထိုသို့ပြောနေစဉ်မှာပင် ....

သူတို့နှင့်အလံတစ်ရာခန့်အကွာတွင် အချက်ပြမီးရောင်တစ်ခု အပေါ်သို့ထောင်တက်သွားသည်ကိုတွေ့ရသည်။

ကြာပန်းဒေဝီ မျက်မှောင်ကုပ်သွားသည်။

"အင်း ဒါဟာ တိဗက်သိုင်းဆရာကိုအကူအညီတောင်းတဲ့အမှတ်အသားပဲ"



"ဘယ်သူက တိဗက်သိုင်းဆရာကိုအကူအညီတောင်းနေတာလဲဗျ"

ကြာပန်းဒေဝီက ပြုံးလိုက်သည်။

"မင်းကို သတိမေ့အောင်လုပ်ခဲ့တဲ့မိန်းကလေးကပေါ့"

ထိုစဉ်မှာပင် ..... အချက်ပြမီးရောင်များသည် အပေါ်သို့ဆက်တိုက် သုံးကြိမ်တိုင်တိုင်ထောင်တက်လာပြန်သည်။

ထိုအခါ ကြာပန်းဒေဝီကမဲ့ပြုံးပြုံးလိုက်ပြီး.....

"အင်.... လက်စသတ်တော့ တိဗက်သိုင်းဆရာက ဒီကိုရောက်နေတာကိုး"

သူမက မွန်တင်းအားလှမ်းကြည့်လိုက်ပြီး .....

"ငါကိစ္စရှိသေးလို့သွားရဦးမယ်၊ မင်းကော ... ငါ့နောက်လိုက်ဦးမှာလား"

မွန်တင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်မလိုက်ပါဘူး....ကျေးဇူးတင်ပါတယ်"

"ကဲ .... ဒါဖြင့် ငါသွားပြီ"

ကြာပန်းဒေဝီသည် ယင်းသို့ပြောဆိုပြီးနောက် ကိုယ်ကိုလှုပ်လိုက်၏။ အံ့ဩစရာကောင်းသော လျင်မြန်မှုပင်။ ကြာပန်းဒေဝီသည် ရိပ်ကနဲ ပျောက်သွားလေတော့၏။

*****

ယခုအချိန်၌ ..... မှန်တင်းက တည်းခိုခန်းသို့ပြန်သွားရန် စိတ်မကူးတော့ပါ။

ထို့ကြောင့် .... သူသည် ခြေဦးတည့်ရာသို့သာ လျှောက်သွားတော့သည်။

သူသည် အတန်ကြာလျှောက်ပြီးသောအခါ......

ရုတ်တရက် သူနှင့်မျက်နှာချင်းဆိုင်တွင် လူတစ်ယောက် လျှောက်လာနေသည်ကိုတွေ့လိုက်ရသည်။

သူသည် မျက်မှောင်ကုပ်၍ကြည့်လိုက်၏။ ထိုလူက လည်း သူ့အား စိုက်ကြည့်နေသည်ကိုတွေ့ရ၏။

"ဟောဗျာ...... ခင်ဗျားကိုး"

"ဟင်..... မင်းကိုး"

သူတို့သည် ယင်းသို့ပြိုင်တူလွှတ်ခနဲပြောဆိုလိုက်ကြ၏။

ထိုလူမှာ ယီးမုက ဝက်ပါလိုဏ်ဂူထဲသို့ခေါ်ဆောင်သွားသော ထင်းစိန်ပင်ဖြစ်နေပါသည်။

မှန်တင်းက ထင်းစိန်အားတွေ့လိုက်ရသောအခါ ယီးမုအားသတိရလာလေသည်။

"ဒီမှာ.... ဦးလေးယီးမု နေကောင်းရဲ့လားဗျာ"

ထင်းစိန်က ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်သည်။

"ဟဲ... ဟဲ.... ဟဲ .... မင်းအဘိုးကြီးကတော့ အခုလောက်ဆိုရင် အရိုးဆွေးနေရောပေါ့"



"ဗျာ.... ဘယ်လိုဖြစ်တာလဲဗျ"

"ဘယ်လိုဖြစ်ရမှာလဲ၊ သူသေသွားပြီကွ၊ နားလည်ရဲ့လား"

မှန်တင်းက ထိုစကားကိုကြားရသောအခါ မျက်လုံးပြူးကျယ်သွားသည်။ ရင်ထဲမှာ ဖော်မပြနိုင်သောဝမ်းနည်းခြင်းဖြင့် ခံစားလိုက်ရသည်။

ထင်းစိန်သည် ရှေ့သို့ခြေတစ်လှမ်းတိုးလာပြီးလျှင်....

"ကျုပ်ဝက်ပါလိုဏ်ဂူကထွက်လာကတည်းက ကလဲ့စားချေဖို့လိုက်ရှာနေတာကွ၊ အခုတော့...."

ထိုသို့ပြောဆိုပြီးသည်နှင့် သူ၏လက်ဆယ်ချောင်းသည် သိန်းငှက်ခြေသည်းပမာ မှန်တင်း၏ရင်ဝကိုကုတ်ချလိုက်သည်။

မှန်တင်းက ယီးမုအကြောင်းကိုတွေးရင်း စိတ်မကောင်းဖြစ်နေသဖြင့် .....

ထင်းစိန်က သူ့အား ယခုကဲ့သို့တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ထင်းစိန်တိုက်ခိုက်လာသည်ကိုတွေ့ရမှ သူသည် ကမျာကယာဘေးသို့ရှောင်တိမ်းလိုက်ပြီး ..... သူ၏လက်ဝါးစောင်းဖြင့် ထင်းစိန်၏ဝမ်းဗိုက်ဆီသို့ ကန့်လန့်ဖြတ်ခုတ်ချလိုက်သည်။

ဤသိုင်းကွက်သည် စွန်းကျဲပေးသော သိုင်းရှစ်ကွက်မှ ကန့်လန့်ဖြတ်လက်ဝါးသိုင်းကွက်ပင်ဖြစ်သည်။

ယင်းသိုင်းကွက်သည် ရန်သူနှင့်အနီးကပ်တိုက်ခိုက်စဉ်

အသုံးပြုရသောသိုင်းကွက်တစ်ခု ဖြစ်ပါသည်။

ထင်းစိန်သည် ထိုသိုင်းကွက်အားတွေ့မြင်ရသောအခါ ရင်ထိတ်သွားသည်။ တိုတောင်းလှသော အချိန်ကာလအတွင်း.....

မွန်တင်းသည် ဤမျှထက်မြက်သောသိုင်းပညာရပ်များ တတ်မြောက်လာသည်ကို မယုံကြည်နိုင်လောက်အောင်ဖြစ်နေမိတော့သည်။

ယခု.... သူက နောက်ကိုဆုတ်ရမည်သာဖြစ်သည်။

အကယ်၍ နောက်မဆုတ်ဘဲ တိုက်ခိုက်မြဲတိုက်ခိုက်နေခဲ့ပါက သူ၏လက်ချောင်းဆယ်ချောင်းသည် မွန်တင်း၏ရင်ဝသို့ ကုတ်မိနိုင်မည်ဖြစ်သည်။

သို့သော် .....

သူ၏ဝမ်းဗိုက်မှာလည်း မွန်တင်း၏လက်ဝါးစောင်းခုတ်ချက်မိသွားမည်သာဖြစ်ပါသည်။

ထိုသို့ဖြစ်သွားလျှင် သူတို့နှစ်ယောက်စလုံးသည် ပြိုင်တူပြင်းထန်သောဒဏ်ရာရရှိကြမည်ဖြစ်၏။

ထို့ကြောင့် .....

ထင်းစိန်က တိုက်ခိုက်ခြင်းကိုရုပ်သိမ်းပြီး ....

နောက်သို့ ကပျာကယာခုန်ဆုတ်လိုက်သည်။

ထင်းစိန်သည် .... အလွန်ကောက်ကျစ်စဉ်းလဲသောသိုင်းသမားတစ်ယောက်ဖြစ်သည်။



မွန်တင်းက အလွန်ရိုးသားသောသိုင်းသမားဖြစ်သည်။

သူသည် နောက်သို့ခုန်၍ဆုတ်လိုက်သည်နှင့် ချက်ချင်းပင် သူ၏လက်ဝါးနှစ်ဖက်သည် တစ်စုံတစ်ခုအား တွန်းထိုးလိုက်သည့်ပုံဟန်ဖြင့် လျှပ်တစ်ပြက် မွန်တင်း၏ရင်ဝသို့တွန်းထိုးလိုက်လေသည်။

မွန်တင်းသည် ရှောင်တိမ်းရန်အချိန်မရလိုက်ပါ။

ထို့ကြောင့် .....

ထင်းစိန်၏လက်ဝါးနှစ်ဖက်ကို သူ၏လက်နှစ်ဖက်ဖြင့် ဆန့်တန်းကာ လက်ဝါးချင်းခံပေးလိုက်သည်။

လက်ဝါးလေးခု ရင်ဆိုင်တွေ့လိုက်သည်နှင့် ....

"ဖြန်း"

ဟူသောအသံထွက်ပေါ်လာပြီးလျှင် .....

မွန်တင်းနှင့်ထင်းစိန်တို့ နှစ်ယောက်စလုံး တစ်ကိုယ်လုံးတုန်ခါသွားကြသည်။

ထို့နောက် ....

နောက်သို့ ခြေလှမ်းငါးလှမ်းမျှဆုတ်လိုက်ရသည်။

သူတို့နှစ်ယောက်စလုံး၏မျက်နှာပေါ်တွင် အံ့ဩထိတ်လန့်သော အရိပ်အရောင်များပေါ်လာကြလေ၏။

သူတို့နှစ်ယောက်သည် မည်သူမှ ရှေ့သို့တိုးမလာဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်စိုက်ကြည့်နေကြသည်။

မွန်တင်း၏တစ်ကိုယ်လုံးသည် သွေးလည်ပတ်မှုများ ဆူပွက်လာသည်ဟုခံစားလိုက်ရသည်။

သူ၏ရင်ဝမှာလည်း လေးလံသောအရာဝတ္ထု ဖိထားခြင်းခံရသည့်အလား အသက်ရှူကျပ်လာသည်။

သူသည် မိမိမှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိနေသည်ကို ရိပ်စားမိလေသည်။

အလွန်ကောက်ကျစ်စဉ်းလဲသောထင်းစိန်သည် မွန်တင်း၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကိုတွေ့လိုက်ရသောအခါ မွန်တင်းမှာ အတွင်းဒဏ်ရာရရှိသွားပြီဟု အကဲခတ်မိလိုက်လေသည်။ ထိုအခါ ....

သူကအသာစီးရလိုက်သဖြင့် ရရှိလာသောအခွင့်အရေးများကိုလက်လွှတ်မခံတော့ပါ။ သူသည် မွန်တင်းအား အသေသတ်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

****



အခန်း (၄၆)

သေမှုမြန်အဘိုးအို

မွန်တင်း ထိတ်လန့်သွားလေ၏။

ထင်းစိန်သည် ကောက်ကျစ်စဉ်းလဲသည့်သိုင်းသမားတစ်ယောက်ဖြစ်၏ သူ၏လက်ချောင်းဆယ်ချောင်းကို သိန်းငှက်ခြေသည်းပုံသဏ္ဍာန်ဖြင့် မွန်တင်းအား တိုက်ခိုက်လိုက်တော့သည်။

တိုက်ခိုက်မှုမှာ လွန်စွာပြင်းထန်လှ၏။

ရန်သူအား အသေတိုက်ခိုက်မည်ကြံမှ ထိုသိုင်းကွက်မျိုးကိုသုံးရသည်။ အသက်မပျောက်တိုက်ကွက်သာဖြစ်သည်။

မွန်ထင်းမှာ အတွင်းဒဏ်ရာပြင်းထန်သဖြင့် ပြန်လည်ခုခံနိုင်စွမ်းမရှိဟုသိရှားသည်။

ရုတ်တရက် ....

သူက ယီးမု၏သိုင်းကွက်ခုနစ်ကွက်ကို အမှတ်မထင်အသုံးပြုပြီး ထင်းစိန်၏တိုက်ကွက်ကို အသာအယာရှောင်တိမ်းနိုင်ခဲ့လေသည်။

သို့သော် ....

ထင်းစိန်ကမဲ့ပြုံးပြုံးလိုက်သည်။

"ဟဲ.... ဟဲ.... ဟဲ.... မင်း ဒီသိုင်းကွက်ခုနစ်ကွက်ကို တခြားနေရာမှာသွားသုံးပါ"

သူကပြောပြီးသည်နှင့် သိုင်းကွက်အတိုင်း မွန်တင်းအား ထက်ကြပ်မကွာလိုက်၍တိုက်ခိုက်လေသည်။

မွန်တင်း ထိတ်လန့်တုန်လှုပ်သွားသည်။

သူ၏သိုင်းကွက်ခုနစ်ကွက်သည် ရန်သူ၏တိုက်ခိုက်မှုကိုရှောင်တိမ်းသည့်နေရာမှာ အလွန်အစွမ်းထက်သည်။

သူက မိမိထက်အင်အားကြီးသောသိုင်းသမားနှင့်ရင်ဆိုင်ရသည့်အခါတိုင်း .....

သူသည် ဤသိုင်းကွက်ခုနစ်ကွက်ဖြင့် ရှောင်တိမ်းနိုင်ခဲ့သည့်အကြိမ်ပေါင်း မရေမတွက်နိုင်ပါ။

ယခုမူ သူ၏သိုင်းကွက်ခုနစ်ကွက်က ထင်းစိန်၏တိုက်ခိုက်မှုကိုရှောင်တိမ်းနိုင်စွမ်းမရှိတော့ချေ။

"ဟား.... ဟား.... ဟား"

ထင်းစိန်က အားရပါးရရယ်မောလိုက်သည်။

"ကဲ..... မင်းဘယ်ပြေးမလဲ"

သူကယင်းသို့ကြုံးဝါးကာ ....

ညာဘက်လက်သည် လက်ဝါးသဏ္ဍာန်ဖြင့် မွန်တင်း၏



ခေါင်းပေါ်သို့ခုတ်ချလိုက်သည်။

မွန်တင်း ရှောင်တိမ်း၍မရမှန်းသိလိုက်ရသဖြင့် မျက်လုံးများစုံမှိတ်ထားလိုက်လေတော့သည်။

"အစ်ကို.... မလုပ်နဲ့"

ရုတ်တရက်.....

မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။ အသံနှင့်အတူ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က လေ၏အဟုန်ဖြင့် ....

သူတို့ထံပြေးလာပြီး ထင်းစိန်၏လက်ကို အချိန်မီဖမ်းဆွဲထားလိုက်သည်။

မွန်တင်းသည် အသံကိုကြားလိုက်ရသောအခါ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

"ဟိုက်.... ခုက္ခပါပဲ"

သူက လွှတ်ခနဲအသံထွက်လာသည်။

အကြောင်းမှာ ..... သူ့အားလာရောက်ကယ်တင်သော မိန်းကလေးမှာ ယို့မေဖြစ်နေသည်ကိုတွေ့လိုက်ရသောကြောင့်ပင်။

မွန်တင်းက ယို့မေအားတွေ့လိုက်ရသောအခါ ပို၍ထိတ်လန့်သွားသည်။

ထို့ကြောင့်.... သူက မဆိုင်းမတွဘဲ ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေသည်။

ထင်းစိန်သည် တဟားဟားရယ်မောလိုက်၏။

"ဟား.... ဟား.... ဟား ... ညီမကလဲကွာ၊ ညီမက သူ့ကို သနားပေမဲ့ .... သူက ညီမကိုလှည့်တောင်မကြည့်ဘဲ ထွက်သွားပြီ မဟုတ်လား"

ယို့မေသည် မွန်တင်းထွက်ပြေးသွားခြင်းကြောင့် ဒေါသ ထွက်လာသည်။

"ရှင်ကဘယ်လိုလဲ၊ ရှင့်ကို အသက်ကယ်ခဲ့ရသေးတယ်၊ ကျေးဇူးတင်တဲ့စကားတောင်မပြောဘဲ ထွက်ပြေးရသလား"

သူမက ပြောဆိုပြီး မွန်တင်းနောက်သို့ပြေးလိုက်သွားလေ တော့သည်။

မွန်တင်းသည် ခြေကုန်ပြေးနေသော်လည်း အတွင်းဒဏ် ရာမှာ ပြင်းထန်လှသဖြင့် ပြေးလွှားနေရင်းမှပင် .....

အသက်ရှူကျပ်လာပြီး ခြေလှမ်းများမှာလည်း နှေးကွေး လာလေတော့သည်။

သို့ရာတွင် ....

ယို့မေက မီလာပြီဖြစ်ပါသည်။

"ကဲ..... ရှင်ဘယ်ပြေးမလဲ"

ထိုအခါ .....

မွန်တင်း ထိတ်လန့်သွားလေတော့သည်။

သူ၏ခန္ဓာကိုယ်မှာလည်းမဟာန်နိုင်တော့ဘဲ ရှေ့သို့လဲကျ



သွားလေတော့သည်။

ထိုအချိန်တွင် .....

သစ်ပင်များကြားမှလူရိပ်တစ်ရိပ် အလျှင်အမြန်ပြေးထွက် လာပြီး လဲကျလုဖြစ်နေသောမွန်တင်း၏ကိုယ်ခန္ဓာအား အချိန်မီ ပွေ့ချီလိုက်သည်။

ထို့နောက် .....

လေ၏အဟုန်ဖြင့်ပြေးလွှားသွားလေ၏။

*****

မွန်တင်းအား ပွေ့ချီပြေးလွှားသွားသောလူသည်....

ကိုယ်ဖော့ပညာမှာ အလွန်ထက်မြက်သောသိုင်းပညာရှင် တစ်ယောက်ဖြစ်သည့်အလျောက် .....

မကြာမီ .....

ယို့မေသည် အဝေး၌ကျန်ရစ်ခဲ့လေတော့သည်။

****

အဘိုးအို၏ ကိုယ်ဖော့ပညာမှာ လက်ဖျားခါလောက်၏။

မကြာမီအချိန်အတွင်းမှာပင် .....

သူတို့သည် ခရီးအတော်ပေါက်ရောက်ခဲ့ကြသည်။

သူတို့ရောက်ရှိသောနေရာတွင် .... ကြီးမားသောဘုန်းကြီးကျောင်းတစ်ကျောင်းကိုတွေ့ရသည်။"

ထိုဘုန်းကြီးကျောင်းသည် ....

နှစ်ရှည်လများကြာမြင့်သော်လည်း အစောင့်မရှိချေ။

ထို့ကြောင့် ......

ပျက်စီးယိုယွင်းနေသည်။

အဘိုးအိုက ကျောင်းထဲသို့ မျက်စေ့တစ်ချက် ဝေ့ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ကြီးမားသောခေါင်းလောင်းတစ်ခုဆီသို့ရောက်ရှိသွားသည်။

သူက မွန်တင်းအားခေါင်းလောင်း၏နံဘေး၌ အသာချထားလိုက်၏။

ထို့နောက် ......

အိတ်ထဲမှဆေးဘူးလေးကိုထုတ်ယူပြီး မွန်တင်းအားလှမ်းပေးလိုက်သည်။

"ကဲ.... မွန်တင်း၊ မင်း ဒီခေါင်းလောင်းထဲဝင်ပြီး ဒဏ်ရာတွေကုဦးကွ၊ အဲဒီဆေးဟာ .... ဒဏ်ရာတွေကို တစ်နေ့နဲ့တစ်ညအတွင်းမှာပျောက်နိုင်တဲ့ ဆေးစွမ်းကောင်းတစ်လက်ပါပဲ"



အဘိုးအိုသည် ဆေးဘူးကိုပေးပြီးနောက် ....

လက်နှစ်ဖက်နှင့် ခေါင်းလောင်းအားအပေါ်သို့မ၍ကာ လူတစ်ယောက်ဝင်သာအောင် ပြုလုပ်လိုက်သည်။

ယင်းခေါင်းလောင်းသည် ကြေးဖြင့်သွန်းလောင်းထားသဖြင့် အလွန်ကြီးမားပြီးလေးလံလှပေသည်။

အဘိုးအိုက ခေါင်းလောင်းကိုမယူပြီး လူတစ်ယောက်စာ မြေကြီးနှင့်ကွာလာသောအခါ....

မွန်တင်းအား ခေါင်းလောင်းထဲသို့ကပျာကယာသွင်းလိုက်လေသည်။

"ဒုန်း"

ခေါင်းလောင်းမြေပေါ်သို့ ပြန်လည်ကျသွားလေ၏။

****

အတန်ကြာ ……

ခရီးရောက်သောအခါမှ ……

ထိုလူသည် မွန်တင်းအား သစ်ပင်တစ်ပင်အရိပ်အောက်၌ လဲထားလိုက်သည်။

ထိုအချိန်ကျမှ မွန်တင်းက သူ့အားကယ်တင်လာသောလူကိုသတိပြုမိလိုက်သည်။

သူ အံ့ဩဝမ်းသာသွားသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူသည် ကျောက်တုံးကျွန်းမှ မိမိနှင့်နအင်းအား သိုင်းပညာသင်ကြားပေးပြီး ……

ထိုကျွန်းမှထွက်ခွာနိုင်ရန် သားရေဖြင့်ပြုလုပ်ထားသောလှေကလေးကိုပေးလိုက်သည့် ……

အဘိုးအိုဖြစ်နေခြင်းကြောင့်ပင်တည်း။

"ဟင်….ဘဘ၊ ဘယ်တုန်းက ကျွန်းကထွက်လာတာလဲ"

အဘိုးအိုက မွန်တင်း၏စကားကိုမဖြေသေးပါ။

သူက မွန်တင်းအားစေ့စေ့ကြည့်လိုက်ပြီး ……

"နအင်းလဲမတွေ့ပါလား၊ သူဘယ်မှာလဲကွဲ့"

မွန်တင်းသည် …. အဘိုးအိုက နအင်းအကြောင်းမေးလာသည်ကိုကြားလိုက်ရသောအခါ မည်သို့ဖြေရမည်ကိုမသိရှိနိုင်ဘဲ ဝမ်းနည်းလာသည်။ သူ၏မျက်လုံးအစုံမှလည်း မျက်ရည်များ ကျဆင်းလာ၏။



အဘိုးအိုသည် မွန်တင်းဝမ်းနည်းလာသည်ကိုတွေ့မြင်ရသည့်အခါ ……

မွန်တင်းနှင့်နအင်းတို့မှာ အကြောင်းတစ်ခုခုကြောင့် ကွဲကွာနေကြမည်ကို ချက်ချင်းရိပ်စားမိလိုက်သည်။

ထို့ကြောင့် ……

သူက စကားဆက်၍မမေးတော့ချေ။

မွန်တင်း၏ဒဏ်ရာကိုသာ စစ်ဆေးကြည့်ရှုလိုက်သည်။

ထိုအချိန်တွင် ……

အစိမ်းရောင်မီးတန်းသည် ကောင်းကင်ပေါ်သို့တက်လာသည်ကိုတွေ့လိုက်ရပြန်သည်။

အဘိုးအိုမျက်မှောင်ကုပ်သွားသည်။

"အင်း…. တိဗက်ကမောင်နှမ တို့နောက်ကိုလိုက်လာပြန်ပြီ၊ ဒီမှာနေလို့မဖြစ်သေးဘူး၊ မင်းဒဏ်ရာပျောက်ဖို့ကအရေးကြီးနေသေးတယ်"

အဘိုးအိုက ယင်းသို့ပြောဆိုပြီး မွန်တင်းအားပခုံးပေါ်ထမ်းလိုက်ပြီးနောက် ……

ထိုနေရာမှပြေးလွှားထွက်ခွာသွားလေတော့သည်။

\#\#\#\#\#

"ဟိုက်..... ဒုက္ခပါပဲ"

မှုန်တင်းက စိတ်ထဲ၌ ဤသို့ညည်းညူလိုက်မိသည်။

အဘယ့်ကြောင့်ဆိုသော် .....

ထိုခေါင်းလောင်းထဲတွင် ကြာကြာနေထိုင်ပါမူ လေမရှိဘဲ အသက်ရှူမွန်းပြီး သေဆုံးသွားနိုင်သောကြောင့်တည်း။

သို့သော် .....

သူက ဤသို့တွေးနေစဉ်မှာပင် .....

ခေါင်းလောင်းသည် အနည်းငယ်ပြန်ဟလာသည်။

ထို့နောက် .....

အဘိုးအိုက ကျောက်တုံးတစ်ခုဖြင့်ခံပေးနေသည်ကိုတွေ့လိုက်ရသည်။

ထိုအခါမှ .....

မှုန်တင်းမှာ စိတ်သက်သာရာရရှိသွားတော့၏။

"မှုန်တင်း"

အဘိုးအို၏အသံထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ဘဘ..... ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

"မင်း ဒီဆေးတွေသောက်ပြီးတော့ ခေါင်းလောင်းထဲမှာ တစ်နေ့နဲ့တစ်ညတိတိထိုင်ပြီး အတွင်းအားကိုလေ့ကျင့်နေရမယ်၊ ဒါမှလဲ မင်းရဲ့အတွင်းဒဏ်ရာပျောက်ကင်းသွားမယ်၊ အပြင်မှာ



ဘာတွေဖြစ်ပျက်တယ်ဆိုတာကိုဂရုမစိုက်နဲ့ ..... သိလား"

"ဟုတ်ကဲ့ပါဘဘ"

အဘိုးအိုက ဤသို့ပြောဆိုပြီးနောက် အသံမှာတိတ်ဆိတ်သွားလေတော့သည်။

မှုန်တင်းက အဘိုးအိုပေးသွားသောဆေးဘူးကိုဖွင့်၍ဆေးမှုန့်ကို လက်ထဲသို့သွန်ကာသောက်လိုက်၏။

ထိုဆေးမှုန့်သည် အလွန်မွှေးကြိုင်ပြီးအေးစိမ့်နေသည်ကိုခံစားလိုက်ရသည်။

ထို့နောက် .....

သူသည် တင်ပျဉ်ခွေထိုင်ပြီး အတွင်းအားကိုလေ့ကျင့်နေလေတော့သည်။

ဤသို့ဖြင့် ..... ရှူရှိုက်လေ့ကျင့်လာရာ သူ၏ရင်ထဲ၌နွေးထွေးသောအပူငွေ့လေးတစ်ခု ပေါ်ပေါက်လာပြီး .....

ထိုအပူငွေ့လေးသည် တစ်ကိုယ်လုံးသို့ လှည့်ပတ်လှုပ်ရှားသွားလေတော့၏။

ဤသို့ဖြင့် ..... လေ့ကျင့်လာခဲ့ရာ မည်မျှကြာသွားသည်မသိချေ။

သူ၏တစ်ကိုယ်လုံး ချွေးများစို့ရွဲလာလေသည်။

အပူငွေ့များသည် အသက်ရှူကျပ်မတတ်ပူပြင်းလာသဖြင့် သူကဆက်လက်မနေနိုင်တော့ပေ။

သူသည် ထိုခေါင်းလှောင်းထဲမှထွက်ရန် စိတ်ဆန္ဒပြင်းပြ
လာသည်။

သူသည် မနေနိုင်တော့သည့်အဆုံး ....
လက်နှစ်ဖက်ဖြင့် ကျောက်တုံးစုထားသောနေရာမှ ....
ခေါင်းလောင်းကို တအားမ,လိုက်လေတော့၏။

"ဝုန်း"

ခေါင်းလောင်းကြီးသည် သူ၏မ,ယူလိုက်သောအားအရှိ
ကြောင့် ပက်လက်လန်လဲကျသွားလေတော့၏။

*****



## အခန်း ( ၄၇ )
## ဘဝ၏ချိုမြိန်ချက်

ခေါင်းလောင်းကြီးသည် အလွန်ကြီးမားလှ၏။ မှန်တင်း
အား အဘိုးအိုက ခေါင်းလောင်းထဲထည့်ကတည်းက အလွန်အား
စိုက်၍ မ, ခဲ့ရသည်။

ခေါင်းလောင်းထဲလေ၀င်အောင် ကြားတစ်နေရာ ခုပေးစဉ်
ကလည်း အားစိုက် မ ခဲ့ရသည်။ ထိုစဉ်ကတည်းက ခေါင်းလောင်း
ကြီးလေးလံပုံကို မှန်တင်းသတိပြုမိခဲ့သည်။

ယခု ...., မိမိတွန်းလိုက်သည့်အခါ ခေါင်းလောင်းမှာ
လွယ်ကူစွာလန်ကျသွားခဲ့လေသည်။

မှန်တင်းသည် ခေါင်းလောင်းထဲမှ ကမျာကယာ ထွက်
လာသည်။

ပက်လက်လန်နေသောခေါင်းလောင်းကို ကြည့်ရင်း သူ
ကိုယ်သူ အံ့အားသင့်နေမိသည်။

သူသည် အတွင်းဒဏ်ရာများလုံးဝပျောက်ကင်းသွားသည့်အပြင် .....

ခွန်အားများမှာလည်း ခါတိုင်းထက် အဆပေါင်းများစွာ အင်အားကြီးမားလာသည်ကို ရိပ်စားမိသည်။

ရုတ်တရက် ......

ခေါင်းလောင်း၏နံဘေးတွင် စာရွက်တစ်ရွက်ကပ်ထားသည်ကိုတွေ့လိုက်ရသည်။

မွန်တင်းမျက်မှောင်ကုပ်သွားသည်။

ထိုစာရွက်ကိုဆွဲယူပြီး ဖတ်ကြည့်လိုက်သည်။

*"မွန်တင်း' ....*

*'မင်းအဖေနဲ့ငါဟာ အလွန်ရင်းနှီးတဲ့သူငယ်ချင်းတွေဖြစ်တယ်၊ ဒါပေမဲ့ ငါဟာ မဆင်ခြင်မိတဲ့ မဟာအမှားတစ်ခုကို ပြုလုပ်ခဲ့မိတယ်၊ ဒါနဲ့ပတ်သက်ပြီး ငါဟာ တစ်သက်လုံးနောင်တရလို့ဆုံးမှာမဟုတ်ဘူး ..... ဒီကိစ္စနဲ့ပတ်သက်ပြီး ကြာပန်းဒေဝီဟုစန်းလျှံကအသိဆုံးပါပဲ၊ ငါ အခုလို မင်းကို သိုင်းပညာသင်ပေးတာ၊ အဖိုးအတန်ဆုံးဖြစ်တဲ့ ဆေးဝါးကိုပေးတာ မင်းရဲ့အသက်ကိုကယ်တင်ခဲ့တာတွေဟာ ငါပြုခဲ့တဲ့ အမှားအတွက် ပြန်လည်ပေးဆပ်တဲ့သဘောပါပဲ ...... ဒီတစ်ပတ်ပြီးရင် ကောမုမြို့ ကျွားကြီးတောင်ကိုအရောက်သွားပါ၊ အဲဒီရောက်ရင် ..... မင်းသိချင်တဲ့အကြောင်းတွေ အားလုံးသိရမယ်... မင်းအဖေအတွက် ကလဲ့စားချေနိုင်လိမ့်မယ်လို့ ငါအကြောင်းကြားအပ်ပါတယ်၊ ငါကတော့ လူသူမရှိတဲ့နေရာတစ်ခုရှာပြီး တစ်သက်လုံးဘာတ်မြုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"*



မွန်တင်းသည် ထိုစာကို အတန်ကြာဖတ်ပြီးနောက် သူ၏ဦးနှောက်တစ်ခုလုံးရှုပ်ထွေးသွား၏။ မိမိအပေါ် ကျေးဇူးကြီးမားလှသော ဤအဘိုးအိုက မိမိဖခင်နှင့်အလွန်ရင်းနှီးပြီး မည်သည့်အပြစ်များကျူးလွန်ခဲ့သည်ကို တွေး၍မရပါ။

နောက်ဆုံး သူသည် ကောမုမြို့သို့သွားရန် ဆုံးဖြတ်လေတော့သည်။

****

မွန်တင်းသည် ဘုန်းကြီးကျောင်းမျက်မှထွက်ခွာလာပြီးနောက် မကြာမီ .... မြို့ကြီးတစ်မြို့သို့ရောက်ရှိလာသည်။

သူက မြို့ထဲသို့ဝင်ရောက်လိုက်သည်နှင့် မြို့၏လမ်းမပေါ်တွင် လူသူကာင်းရှင်းနေသည်ကိုတွေ့ရလေသည်။

လမ်း၏တစ်ဘက်တစ်ချက်မှာရှိသောဆိုင်များသည် ဖွင့်သောဆိုင်နည်းပါးပြီး ပိတ်ထားသောဆိုင်ကများလေသည်။

မွန်တင်းက စိတ်ထဲတွင် ထူးခြားသည်ဟုထင်လိုက်မိ၏။

ထိုသို့ မြို့ကြီးတစ်မြို့ဖြစ်ပါလျက်နှင့် ရွာကြီးတစ်ရွာလောက်ပင် စည်ကားခြင်းမရှိသည်ကိုတွေ့ရသည်။

ယခင်ကတည်းက မစည်ကားခြင်းမျိုးမဟုတ်ဘဲ ယခုမှမစည်ကားခြင်းကို ပိတ်ထားသည့်ဆိုင်အများအပြားက သက်သေပြနေသည်မဟုတ်ပါလော။

သူ အံ့ဩနေစဉ်မှာပင် လမ်းခုလတ်တွင် ကြော်ငြာဆိုင်းဘုတ်ကိုတွေ့လိုက်ရလေ၏။

ထိုရေးဆွဲထားသောရုပ်ပုံကို သူမြင်ဖူးသည်ဟု စိတ်ထဲ၌ထင်မိ၏။ သေသေချာချာကြည့်ရှုသောအခါတွင် ထိုရုပ်ပုံသည်မိမိ၏ပုံတူမှန်းသိလိုက်ရတော့သည်။

ထိုရုပ်ပုံ၏အောက်တွင် 'ဆုငွေငါးထောင်' ဟုရေးသားထားသည်ကိုပါတွေ့ရလေသည်။

"ဟိုက် .... ဒုက္ခပဲ"



သူ့စိတ်ထဲ၌မြည်တမ်းလိုက်၏။ ထို့နောက် ရုပ်ပုံအောက်မှစာလုံးများကို ဖတ်ကြည့်လိုက်သည်။

*အလိုရှိပါသည်။*

*ဖော်ပြပါရုပ်ပုံပိုင်ရှင်သည် ဆိုးသွမ်းသော ဓားပြတစ်ယောက်ဖြစ်ပါသည်။ တွေ့ရှိသူများက မြို့တော်ဝန်ထံလာရောက်သတင်းပေးပို့ပါက ဆုငွေချီးမြှင့်ပါမည်၊ အကယ်၍ အသေရရအရှင်ရရ မိအောင်ဖမ်းပေးနိုင်ပါက ဆုတော်ငွေငါးထောင်တိတိချီးမြှင့်ပါမည်။*

*ပုံ.... မြို့တော်ဝန်*

*တာတာမြို့။*

****

မွန်တင်းက မျက်မှောင်ကုပ်သွားသည်။

သူသည် မည်သည့်မတရားမှုကိုမျှမလုပ်ခဲ့ပါ။

ယခုမှာကား မြို့တော်ဝန်က အဘယ့်ကြောင့် မိမိအားလူဆိုးတစ်ယောက်အဖြစ် ဆုငွေထုတ်ထားရပါသနည်း။

သူက ယင်းသို့တွေးရင်း ဗိုက်ထဲမှဆာလောင်သည်ကိုသတိရလာ၏။

ထို့ကြောင့် ....

သူသည် .... စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ ဗိုက်ကိုပြည့်တင်းမည်ဟုဆုံးဖြတ်လိုက်၏။

သူ လမ်းထဲသို့ဆက်လက်လျှောက်သွားသည်။

ထို့နောက် ....

စားသောက်ဆိုင်ကြီးတစ်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။ ဆိုင်ထဲတွင် စားသောက်နေသူများ ဆယ့်လေးငါးယောက်ခန့်ရှိနေသည်ကိုတွေ့ရလေသည်။

သူသည် ဆိုင်လုလင်ကိုခေါ်ပြီးလျှင် ထမင်းဟင်းများကို မှာကြားလိုက်သည်။

သူသည် ထမင်းဟင်းများစားသောက်ရင်း မည်သို့ ဆက်လုပ်ရမည်ကို စိတ်ထဲ၌အစီအစဉ်ရေးဆွဲလိုက်၏။

သူသည် စားသောက်ပြီးနောက် ထမင်းဖိုးရှင်းပေးရန် အိတ်ထဲသို့ လက်နှိုက်လိုက်၏။

"ဟိုက်"

သူ လွှတ်ခနဲအသံထွက်သွား၏။

အကြောင်းမှာ..... သူ့အိတ်ထဲတွင် ငွေစပ်ဟူ၍ တစ်ပြားမှမရှိသည်ကိုတွေ့ရသောကြောင့်ဖြစ်ပါသည်။ သူ ကြောင်အမ်းအမ်းဖြစ်နေသည်။

ထမင်းဖိုး မည်သို့ပေးရမည်ဟုအကြံထုတ်နေ၏။

ထိုအချိန်မှာပင် .....



အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်သည် ဆိုင်ထဲသို့လှမ်းဝင်လာလေသည်။

အဘိုးအို၏လက်ထဲတွင် ဆိုင်းဘုတ်တစ်ခုကိုင်ဆောင်ထားသည်။ ထိုဆိုင်းဘုတ်ပေါ်တွင် ....

"ဗေဒင်ဆရာသံမဏိ"

ဟုရေးသားထားသည်ကိုတွေ့လိုက်ရ၏။

သူ အကျဉ်းအကြပ်တွေ့နေစဉ် ဗေဒင်ဆရာသံမဏိကို တွေ့ရခြင်းမှာ ထူးခြားသောတိုက်ဆိုင်မှုဟု ထင်သည်။ သူသည် ဗေဒင်ဆရာသံမဏိကို စူးစူးစိုက်စိုက်စောင့်ကြည့်မိလေ၏။

****

ဗေဒင်ဆရာက ဆိုင်ထဲတွင် စားသောက်နေကြသောလူများထံသို့ချဉ်းကပ်သွားပြီး တစ်ဦးချင်းမေးနေလေ၏။

"ခင်ဗျားတို့ ဗေဒင်တွက်ကြမလားခင်ဗျား၊ ကနေ့ ကျုပ်ပိုက်ဆံမယူဘဲ ကျုပ်ကိုထမင်းတစ်နပ်ကျွေးရင် တစ်သက်စာအတွက် ဗေဒင်တွက်ပေးပါ့မယ်ခင်ဗျာ"

"ဟား ..... ဟား .... ဟား"

စားသောက်နေသူများသည် ဗေဒင်ဆရာအား ဝိုင်း၍လှောင်ရယ်ကြလေ၏။

"ဟော့အဘိုးကြီးဒါမျိုးမရဘူးကွ… ဒီလိုထမင်းညာစားတာ ဘယ်လောက်ကြာပြီလဲ"

လူတစ်ယောက်ကပြောဆိုလိုက်ရာ …..

"ဟား ….. ဟား …. ဟား"

အားလုံးကဝိုင်း၍ရယ်မောကြ၏။ စေဒင်ဆရာအဘိုးအိုက ထိုလူများအားဦးညွှတ်လိုက်သည်။

"ကျုပ်….ဒီနေ့စေဒင်တွက်ရတာ ငွေအလုံးစုမရသေးလို့ ဗိုက်အတော်ဆာနေပါတယ်၊ ဒါကြောင့် ငွေမရရှာနေပါစေဗျာ၊ ထမင်းတစ်နပ်ကျွေးရင် စေဒင်တွက်ပေးမလို့ပါ"

"ဟား …. ဟား …. ဟား သွားစမ်းပါ၊ ခင်ဗျား စေဒင်တွက်တတ်သားနဲ့၊ ဘယ်မှာငွေရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုတွက်ပြီးသွားပေါ့"

လူတစ်ယောက်ကထပ်မံပြောလိုက်ရာ …..

"ဝါး ….. ဟား ….. ဟား"

ရယ်မောသံများသည် ဆိုင်တစ်ဆိုင်လုံးဟိန်းထွက်လာလေသည်။ မှန်တင်း မနေနိုင်တော့ပါ။

သူက အဘိုးအိုအားလှမ်းခေါ်လိုက်၏။

"ဦး….. ဒီဘက်ကိုကြွပါခင်ဗျား"

သူသည် အဘိုးအိုအားလှမ်းကြည့်ရင်းသတိရသွားသည်။ မိမိ၌ ငွေမရှိသည်ကိုသတိမရဘဲခေါ်လိုက်မိသည်။



အဘိုးအိုကချော့်သကြား၍ သူ့ထံသို့လျှောက်လာသည်။

"ဒီက လူကြီးမင်းကစေဒင်တွက်မလို့လား"

မှန်တင်း ခေါင်းကိုခါယမ်းလိုက်၏။

"မဟုတ်ပါဘူးဗျာ ဦးဗိုက်ဆာတယ်ဆိုလို့ခေါ်တာပါ"

"ဘာလဲ မင်းကငါ့ကိုထမင်းကျွေးမလို့ဟုတ်လား"

"ဟုတ်ပါတယ်…. ထိုင်ပါဦး"

အဘိုးအိုက လက်ထဲမှဆိုင်းဘုတ်ကို စားပွဲပေါ်ချလိုက်၏။

ထို့နောက် …. ခုံတစ်လုံးတွင်ထိုင်ချလိုက်သည်။

ထိုအချိန်တွင် ….

ဆိုင်လုလင်သည် အနီးသို့ချဉ်းကပ်လာလေ၏။

"ကဲ…. ဦးကို ထမင်းနဲ့ဟင်းချပေးပါကွယ်"

မှန်တင်းက ဆိုင်လုလင်အားပြောကြားလေ၏။

ဆိုင်လုလင်အဖို့ စားသုံးသူ၏စကားတစ်ခွန်းသာ အဓိက ဖြစ်သည်။ အစားအစာ မှာပြီဆိုလျှင် သူ့ယူဆောင်ချပေးရုံသာ ရှိပါသည်။

ဆိုင်လုလင်လေးသည် လျင်မြန်ဖျတ်လတ်လှပေ၏။

မကြာမီ ဆိုင်လုလင်သည် ထမင်းတစ်ပွဲနှင့် ဟင်းတစ်ပွဲ ကိုလာရောက်ချပေးသွားသည်။ အဘိုးအိုသည် ခဏအကြာတွင် ဆိုင်လုလင်ချပေးသွားသော ထမင်းနှင့်ဟင်းများပြောင်သွားအောင်

စားသောက်လိုက်၏။

ထို့နောက် အဘိုးအိုက ဆိုင်လုလင်အားခေါ်လိုက်သည်။

"ဟေ့သူငယ် မင်းတို့ဆိုင်က ထမင်းဟင်း တော်တော်စားလို့ကောင်းပါလား၊ ဒီနေ့တော့ ကျွေးမယ့်လူရှိလို့ အဝစားထားလိုက်ဦးမယ်"

သူက မွန်တင်းအားတစ်ချက်လှမ်းကြည့်လိုက်ပြီး ....

"ဟဲ .... ဟဲ .... ဟဲ ဦးကိုအဝကျွေးမယ်မဟုတ်လား"

မွန်တင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရပါတယ်၊ စားပါ"

အဘိုးအိုက ဆိုင်လုလင်အက်သို့လှမ်းကြည့်လိုက်၏။

"ကဲ .... အရက်အိုးနှင့်ထမင်းဟင်းထပ်ယူလာခဲ့ပါဦး"

အဘိုးအို မှာကြားသည်ကိုကြားရသောအခါ မွန်တင်းမှာ မိမိ၌ငွေမရှိမှန်းသတိရလာသည်။

သူ အကြံအိုက်သွား၏။

"ခုကျပဲ ငါစားတဲ့ထမင်းဖိုးတောင်မပေးနိုင်သေးဘူး၊ အခုအဘိုးကြီးကို စေတနာနဲ့ကျွေးကာမှ အများကြီးစားတာ ခုက္ခပါပဲ"

သူ ယင်းသို့တွေဝေနေစဉ်မှာပင် .....

အဘိုးအိုသည် ဆိုင်လုလင် လာရောက်ချပေးသွားသော ထမင်းနှင့်ဟင်းများကိုစားသောက်ပြီးသွားလေ၏။

အဘိုးအိုက ပါးစပ်ကိုသုတ်ကာ ......



"ဟဲ.... ဟဲ.... ဟဲ မစားရတာကြာလို့လားမသိဘူး၊ သိပ်စားကောင်းတာပဲ"

မွန်တင်းကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ဦးသွားစရာရှိရင်သွားပါခင်ဗျာ၊ ကျွန်တော့်မှာမိတ်ဆွေတစ်ယောက်စောင့်ရဦးမယ်"

အမှန်မှာ မွန်တင်းကထမင်းဖိုးမပေးနိုင်သည်ကို အဘိုးအိုအား မသိစေလို၍ ယင်းသို့ပြောလိုက်ခြင်းဖြစ်ပါသည်။

သို့သော် ..... အဘိုးအိုက မသွားချေ။

သူက ခေါင်းခါယမ်းလိုက်သည်။

"ဟာ .... ကျုပ်သွားလို့ဘယ်ဖြစ်ဦးမလဲ"

"ဘာဖြစ်လို့လဲဦး"

"မင်းဆီကထမင်းကို ကျုပ်စားပြီးပြီလေ .... မင်းအတွက်တစ်ခုခုလုပ်ပေးရဦးမှာပေါ့"

မွန်တင်းခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးဗျာ .... ဦးသွားစရာရှိတာသွားပါ"

အဘိုးအိုကခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။

"အို ဘယ်ဖြစ်မလဲ ကျုပ်က သူများကျွေးတာကို အလကား မစားတတ်ဘူး၊ တစ်ခုခုလုပ်ပေးရမှကျုပ်ကျေနပ်မှာ"

မွန်တင်းက ထိုအဘိုးအိုအား အဖြစ်မှန်ကိုပြောမပြ၍မဖြစ်မှန်းသိလာတော့သဖြင့်.....

"ကဲ ဦး ကျွန်တော်အမှန်အတိုင်းပြောပြပါ့မယ်၊ အခု ဦး စားထားတဲ့ထမင်းဖိုးမပြောနဲ့ ကျွန်တော်စားထားတဲ့ထမင်းဖိုး တောင် မပေးနိုင်လို့ ဒုက္ခဖြစ်နေတာဗျ"

ထိုအခါ...... အဘိုးအို ထိတ်လန့်သွားလေတော့သည်။ ပိုက်ဆံပြည့်စုံသူတစ်ယောက်က သူ့အား ခေါ်ကျွေးမွေးခဲ့သည်ဟု သူထင်ခဲ့သည်။

ယခု သူ့အထင်မှားနေပါကလား။

****



အခန်း (၃၈)

အံဝင်ခွင်ကျအကူအညီ

ဗေဒင်ဆရာအဘိုးအိုက ထိတ်လန့်တကြားမေးသည်။

"ဒါဖြင့် မင်းက ထမင်းလိမ်စားတာပေါ့ ဟုတ်လား"

မွန်တင်းက ခေါင်းကိုခါယမ်းလိုက်ပြီး .....

"[illegible]တဲ့လူလိမ်မဟုတ်ဘူး .... လိမ်ညာစားသောက် တတ်တဲ့လူမျိုးလဲမဟုတ်ဘူး၊ ဒီအမှားဟာ ကိုယ့်ဆီမှာပိုက်ဆံရှိနေ တယ်လို့ထင်တဲ့အမှားပဲ၊ ပိုက်ဆံရှိနေတယ်ထင်ပြီး ထမင်းဝင် စားတာပါ၊ စားပြီးတော့ အိတ်နှိုက်ကြည့်တော့မှ ပိုက်ဆံမရှိမှန်းသိ ရတာယ်၊ ဒါဟာ လိမ်စားတာလားဗျာ၊ အခုပြောပြတာက ကျွန်တော့် အဖြစ်မှန်ပဲ"

"ဒါဖြင့် မင်းက ငါ့ကိုဘာဖြစ်လို့ခေါ်ကျွေးရတာလဲ"

သူက ပြေရှင်း မွန်တင်းအားခြေဆုံးခေါင်းဆုံးကြည့်၏။

"ကျုပ်နားလည်ပြီ မင်းကျုပ်အပေါ် ပုံချမလို့မဟုတ်လား"

မွန်တင်းက မရိုပြုံးပြုံးလိုက်၏။

"ကျွန်တော်က ဦးကိုနှင်လွှတ်နေတာ ဦးသဘောမပေါက်ဘူးလား၊ ကျွန်တော့်မှာ ပိုက်ဆံမရှိတဲ့အဖြစ်ကို သဘောပေါက်လို့ ဦးကို နှင်လွှတ်နေတာပေါ့၊ ကျွန်တော့်ဘာသာ ကိုယ့်အဖြစ်ကို ရှင်းမယ်ဆိုတဲ့သဘောပါ၊ ဦးအပေါ်ပုံချချင်ရင် ကျွန်တော် ထွက်သွားလိုက်ရုံပါပဲ"

"ဒါဖြင့် .... မင်းက ကျုပ်ကို ဘာဖြစ်လို့ခေါ်ကျွေးရတာလဲ ပြောစမ်းပါ"

"ဦးက ထမင်းဆာနေတယ်လို့ပြောလိုက်တာ ကြားတယ်၊ ဒါနဲ့ ကျွန်တော်က ဦးကိုသနားလို့ခေါ်လိုက်ပြီး ဦးကိုကျွေးလိုက်မိတာပါ"

"ကဲ .... အခုဘာယ်လိုလုပ်ကြမလဲ"

"ဦးသွားလိုရာသွားပါ ဒီကကိစ္စကို ကျွန်တော်တာဝန်ယူပြီးဖြေရှင်းပါ့မယ်"

"မင်းက ဘယ်လိုဖြေရှင်းမှာလဲ၊ သူများကို အတင်းအဓမ္မအနိုင်ကျင့်မလို့မဟုတ်လား"

"မဟုတ်ရပါဘူးဗျာ .... ကျွန်တော် သူတို့ကျေနပ်အောင် လုပ်မှာပါ"

"ကဲ ထားပါတော့လေ၊ သူတို့က မင်းကို ရုံးကိုဖမ်းပို့မယ်ဆိုရင်ကော"

"ဟုတ်ကဲ့ .... ကျွန်တော့်ကိုဖမ်းပို့ရင်လဲ လိုက်သွားရုံပေါ့၊



ဦးသာ ဒီနေရာကထွက်ခွာသွားပါ"

အဘိုးအိုက အတန်ကြာစဉ်းစားလိုက်ပြီးမှ ....

"အို... ဒီလိုလဲဘာယ်ဖြစ်ပါ့မလဲ"

သူက အနည်းငယ်စဉ်းစားလိုက်ပြန်၏။

ထို့နောက် .....

"ဟုတ်ပြီ ..... ကျုပ်သတိရလာပြီ"

"ဘာများလဲခင်ဗျာ"

"ကျုပ်ကဗေဒင်ဆရာဆိုတော့ မျက်လှည့်ပညာလဲ နည်းနည်း နားလည်တယ်ကွ၊ ဒီတော့ကျုပ်ကအကြံတစ်ခုပေးချင်တယ်"

"ပြောပါဦး"

"မင်းကို သူတို့မမြင်ရအောင် ကိုယ်ဖျောက်လိုက်မယ်လေ"

"ကိုယ်ဖျောက်မယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုလုပ်ပြီး ကိုယ်ဖျောက်မှာလဲဗျ"

"မင်းကလဲ တော်တော်အ,တာပဲ ကိုယ်ဖျောက်တယ်ဆိုတာ တကယ်ကိုယ်ဖျောက်တာမှမဟုတ်တာ မင်းကို သူတို့မမြင်အောင်မျက်လှည့်နဲ့လုပ်မလို့ကွ"

မွန်တင်းက ခေါင်းကိုယမ်းလိုက်သည်။

"မဖြစ်ဘူး... ဦး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ယောက်ျားတစ်ယောက်ပါ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ သူများကိုလိမ်တယ်ဆိုတာ မသင့်တော်ဘူး"

အဘိုးအိုက သူ့အားစေ့စေ့ကြည့်မိလေ၏။

အတန်ကြာမှ သူကရယ်မောလိုက်၏။

"ဟဲ .... ဟဲ .... ဟဲ ... မင်းကိုကျုပ်အမှန်အတိုင်းပြောရတော့မှာပဲ"

"ပြောပါဦး"

"ကျုပ်ကဗေဒင်ဆရာလို့သာ အမည်ခံထားတာ၊ တကယ်တော့ ဗေဒင်ပညာလုံးဝမတတ်ဘူးကွ"

"ဟောဗျာ"

မွန်တင်း အံ့အားသင့်သွား၏။

အဘိုးအိုကပြုံး၍စကားဆက်လိုက်သည်။

"ဒါပေမဲ့ ကျုပ်ကမျက်လှည့်ပညာတော့တတ်တယ်"

မွန်တင်းက တိတ်ဆိတ်စွာနားထောင်နေမိသည်။

****



အဘိုးအိုက စကားကိုဆက်လိုက်ပြန်၏။

"ကျုပ်က မျက်လှည့်ပညာတတ်တယ်ဆိုတော့ ငွေစလေး ရွှေစကလေးဖြစ်လာအောင်တော့ လုပ်ထုတ်ပါတယ်"

အဘိုးအိုက မွန်တင်းအားသေချာကြည့်လိုက်ပြီး ....

"ကဲ.... ကဲ... မင်းမျက်စိမှိတ်ထားလိုက် ကျုပ်ကရွှေတုံး တစ်တုံးဖြစ်အောင်မျက်လှည့်ပြလိုက်ဦးမယ်"

မွန်တင်းသည် အဘိုးအို၏ပြောဆိုသောစကားကို ရယ်ချင်သော်လည်း အဘိုးအို၏ဆန္ဒကိုမငြင်းပယ်ဝံ့သဖြင့် မျက်လုံးအစုံကိုမှိတ်ထားလိုက်၏။-

"တစ် နှစ် သုံး ရွှေဖြစ်လိုက်စမ်း"

အဘိုးအို၏အသံကိုသာ သူကြားလိုက်ရသည်။

"ကဲ .... သူငယ်မျက်စိဖွင့်လိုက်ပါ"

မွန်တင်း မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ မျက်လုံးအစုံမှာပြူးကျယ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ......

သူ၏ရှေ့တွင် ငါးကျပ်သားခန့်ရှိ ရွှေတုံးလေးတစ်တုံးကို တွေ့လိုက်ရသောကြောင့်တည်း။

သူက အံ့ဩစွာနှင့် ထိုရွှေတုံးကလေးကိုကောက်ယူကြည့်လိုက်၏။ အဘိုးအိုကပြုံးလိုက်ပြီး ....

"ဘာလဲ မင်းက ရွှေမစစ်ဘူးလို့ထင်နေသလား

သူကပြောဆိုပြီး ဆိုင်လုလင်အားခေါ်လိုက်လေသည်။

"ကဲ.... ကဲ ..... တို့စားတဲ့ထမင်းဖိုးအမ်းယူလိုက်စမ်း"

ဆိုင်လုလင်က ရွှေတုံးလေးကိုယူပြီး သေသေချာချာစစ်ဆေးကြည့်ရှုလိုက်သည်။ ထိုအခါ အဘိုးအိုကပြုံးပြီး .....

"ဟော့.... သူငယ်၊ ကျုပ်ရဲ့ရွှေ စစ်မစစ်ဆိုတာကိုသေသေချာချာကြည့်လိုက်ဦးနော်"

ဆိုင်လုလင်က ရွှေတုံးလေးကိုယူသွား၏။

အတန်ကြာ..... ဆိုင်လုလင်သည် ရွှေတုံးလေးများနှင့်ငွေတုံးလေးများကိုပြန်အမ်းလေ၏။ အဘိုးအိုကထိုရွှေတုံးလေးများနှင့်ငွေစလေးများကို မွန်တင်းရှေ့သို့တွန်းပို့လိုက်သည်။

"ကဲ .... မွန်တင်း၊ ဒီငွေတွေကို မင်း ကောမှုမြို့ကိုသွားဖို့လမ်းစရိတ်ယူသွားလိုက်ပါ"

အဘိုးအို၏စကားကိုကြားသောအခါ မွန်တင်းထိတ်လန့်တုန်လှုပ်သွား၏။ အတန်ကြာအောင် အဘိုးအိုကိုအလန့်တကြားကြည့်မိသည်။ ဤအဘိုးအိုကမည်သူနည်း။

မိမိ၏အမည်ကိုအဘယ်ကြောင့်သိရှိသနည်း။

မိမိ ကောမှုမြို့သို့သွားမည့်အကြောင်းကို အဘယ်ကြောင့် [illegible]ကျသိရှိထားသနည်း။

[illegible]န်တင်းသည် မကြာမီကာလကသိုင်းလောကသို့ရောက်ရှိလာ[illegible]စ်သည်။ လူ့လောကနှင့်မတူပေ။



သိုင်းလောကသည် လူ့လောကထက်ရက်စက်ပြီး ဆန်းကြယ်သောဖြစ်ရပ်များစွာရှိခဲ့လေ၏။ အဘိုးအိုက မွန်တင်းမှာ မိမိကို အံ့အားသင့်ကာကြည့်ရှုနေသည်ကို တွေ့လိုက်ရသောအခါ ပြုံးပြီး မွန်တင်း၏ပခုံးကိုအသာအယာပုတ်လိုက်သည်။

"မင်းတော်တော် အံ့ဩသွားသလား"

"ဟုတ်ကဲ့ဦး ...., ဦးကဘယ်သူလဲ၊ ကျွန်တော့်နာမည်ကိုကော ဘယ်လိုလုပ်သလဲ"

"ဦးဘယ်သူလဲဆိုတာသိစရာမလိုပါဘူး .... မင်းကို ကျုပ်မသိပါဘူး၊ ဦးရဲ့မိတ်ဆွေတစ်ယောက်က အကူအညီတောင်းလို့ပါ"

မွန်တင်းမျက်မှောင်ကုပ်သွား၏။

"ဟုတ်ကဲ့ ..... ကျွန်တော်နားမရှင်းပါဘူးဗျာ"

အဘိုးအိုကပြုံးကာ ....

"မင်းနားရှင်းအောင်ပြောရရင် ကျုပ်မိတ်ဆွေတစ်ယောက်က မင်းရဲ့ရုပ်ပုံကိုပြပြီး မင်းကိုအစစအရာရာကူညီပေးပါလို့ မှာလိုက်တယ်၊ မင်းရဲ့နာမည်နဲ့ မင်းသွားမယ့်နေရာကို သူက [illegible] ပြောပြထားတယ်၊ ဒါ့ကြောင့်လဲ ကျုပ်က မင်း ဒီမြို့ထဲ [illegible] တည်းက နောက်ယောင်ခံပြီး လိုက်စောင့်ရှောက်နေ[illegible]

"ကျေးဇူးတင်ပါတယ်ဦး၊ ဦးရဲ့မိတ်ဆွေကဘ[illegible] ခင်ဗျာ၊ ကျွန်တော်သိပါရစေ"

အဘိုးအိုပြုံးလိုက်လေ၏။

"မင်းဟာ သိုင်းလောကသားဖြစ်နေပါပြီ၊ သိုင်းလောကဟာ ဘယ်လောက်လျှို့ဝှက်ဆန်းကြယ်တယ်ဆိုတာ မင်းသိသင့်သလောက် သိပြီးပြီလို့ ဦးထင်ပါတယ်.... ငါ့မိတ်ဆွေဟာ အဘိုးကြီးတစ်ယောက်လား၊ လူငယ်တစ်ယောက်လား၊ ယောကျ်ားတစ်ယောက်လား၊ မိန်းမတစ်ယောက်လားဆိုပြီး မေးမနေပါနဲ့၊ ကျုပ်မိတ်ဆွေက မင်းမေးရင် မပြောပါနဲ့လို့ ကျုပ်ကို နှုတ်ပိတ်ထားပါတယ်၊ ကျေးဇူးပြုပြီးမမေးပါနဲ့ကွာ"

မွန်တင်းက မျက်မှောင်ကုပ်သွားလေသည်။ မည်သူက မိမိအား ယခုကဲ့သို့ တိတ်တဆိတ်ကူညီနေရပါသနည်း။

သူသည် ဦးနှောက်ခြောက်မတတ်တွေးနေလေ၏။

သို့သော် တွေးရှာ၍မရပါ။

အဘိုးအိုက စကားကိုဆက်လိုက်ပြန်၏။

"ကျုပ်မိတ်ဆွေက မင်းအပေါ် တော်တော်ပဲ သံယောဇဉ်ကြီးတယ်၊ ဒါပေမဲ့ မင်းဟာ ကျုပ်မိတ်ဆွေထင်သလို လူတော်လူကောင်းတစ်ယောက် ဟုတ်မဟုတ် စမ်းကြည့်ချင်သေးလို့ မင်းကိုဖွင့်မပြောသေးဘဲ စိတ်ကိုစမ်းကြည့်တာပါ၊ အခုတော့ မင်းဟာ ရိုးသားဖြောင့်မတ်တဲ့လူတစ်ယောက်ဆိုတာ ယုံကြည်ပါပြီကွယ်"

သူက ပြောဆိုပြီး အိတ်ထဲမှဆေးလုံးတစ်လုံးထုတ်ပေးလိုက်သည်။



"မောင်ဒီမှာ ဒီဆေးလုံးဟာရုပ်ဖျက်တဲ့ဆေးလုံးပဲ၊ ဒီဆေးလုံးကိုမင်းသောက်မိရင် မင်းရဲ့ရုပ်သွင်ဟာ တစ်မျိုးတစ်မုံပြောင်းသွားပါလိမ့်မယ်၊ အဲဒီတော့ .... မင်းကို ဘယ်သူကမှ အနှောင့်အယှက်မပေးတော့ဘူးပေါ့၊ မင်း ကောမူမြို့ ကျားကြီးတောင် ရောက်တဲ့အခါ မင်းရဲ့မူလရုပ်ပြန်ဖြစ်သွားအောင် ကျုပ်ကိုယ်တိုင်လာပြီး ဖြေဆေးပေးပါ့မယ်"

မွန်တင်းက အဘိုးအိုပေးလိုက်သောဆေးကိုငေး၍ကြည့်နေသည်။ သူသည် ပေးနေသော ဆေးကိုမယူဖြစ်ချေ။

သူ့ကို မည်သူကကူညီနေခြင်းဖြစ်မည်ကိုသာ တွေးနေမိလေသည်။

"မွန်တင်း..... ဒီဆေးလုံးဟာ မင်းအတွက်လိုအပ်တယ်၊ ရော့.... ယူထားပါ"

မွန်တင်းက အဘိုးအိုကိုကြည့်လိုက်သည်။

"ကျေးဇူးကြီးလှပါတယ်ဗျာ၊ နောင်အခွင့်ကြုံလို့ ကူညီခွင့်ရရင် ကျွန်တော်ကူညီချင်ပါသေးတယ်"

သူသည် ဆေးလုံးကိုလှမ်းယူလိုက်၏။ ဤဆေးလုံးသည် မိမိအတွက် အမှန်တကယ်လိုအပ်သောဆေးလုံးပင် မဟုတ်ပါလော။

"ကဲ......ကျုပ်သွားပြီ"

အဘိုးအိုသည် စားပွဲပေါ်မှ ဓားခင်ဆိုင်းဘုက်ကိုယူလိုက်ပြီး

ဆိုင်ထဲမှထွက်ခွာသွားလေတော့၏။

မွန်တင်းသည် အတန်ကြာငိုင်နေမိသည်။

လက်ထဲမှဆေးလုံးကိုကြည့်လိုက်၊

သူ့ရှေ့တွင် ချထားသောရွှေတုံးလေးနှင့် ငွေစလေးများကို လှမ်းကြည့်လိုက်နှင့် အိပ်မက်မက်နေသည်ဟုပင် ထင်နေမိလေသည်။ အတန်ကြာသော် ရွှေတုံးလေးများကို သိမ်းဆည်းလိုက်ပြီး စားသောက်ဆိုင်မှထွက်လာလေတော့သည်။

****



အခန်း (၃၉)

အကြံအဖန် ရှစ်ရည်

'ညှော်ကြိုတည်းခိုခန်း'

မွန်တင်းသည် ထိုဆိုင်းဘုတ်အား တွေ့မြင်လိုက်ရသည်နှင့် ညှိနေရာ၌ ခရီးတစ်ထောက်နားရန်ဆုံးဖြတ်လိုက်၏။

သူသည် တည်းခိုခန်းထဲသို့ဝင်လိုက်လေ၏။

ဆိုင်လုလင်လေးသည် သူ့ထံပြေးကပ်လာပြီး ကောင်တာစားပွဲသို့ ဦးဆောင်ခေါ်သွားလေသည်။ မွန်တင်းသည် စားရေးထံ၌ ငှားရမ်းလိုသည့်တစ်ခန်းကို ငှားရမ်းသည်။ စာရေးက.....

"အစားအသောက်လိုရင် ခန်းမထဲမှာစားလဲရတယ်၊ ကိုယ့်အခန်းထဲကို မှာစားရင်လဲရပါတယ်"

"အေး .... အေး ..... ကျုပ်မှာချင်ရင် မှာလိုက်ပါ့မယ်၊ အခုတော့ ကျုပ်အတွက်အခန်းကိုလိုက်ပြပါ၊ ကျုပ်အနားယူချင်ပြီ"

ဆိုင်လုလင်လေးတစ်ယောက်က သူ့အား အခန်းကိုလိုက်

ပြလေ၏။ မှန်တင်းသည် အခန်းတံခါးပိတ်ကာ တရေးတမော အိပ်စက်လေတော့၏။ နောက်တစ်နေ့ ..... သူ အိပ်ရာမှနိုးလာသည်။

သူက အဖြစ်အပျက်များကိုပြန်လည်သတိရလာလေ၏။ နဖူးပေါ်လက်တင်ပြီး ပြန်လှန်စဉ်းစားမိခြင်းဖြစ်သည်။ ထို့နောက် ..... သူကအိတ်ထဲသို့နှိုက်ကြည့်လိုက်သည်။ ဆေးလုံးကိုစမ်းမိသည်။

"အင်း .... ရုပ်ဖျက်ဆေးလုံးတဲ့၊ ငါဒဏ်ကြေဆေး၊ အားဆေးတွေ အမျိုးမျိုးစားခဲ့တယ်၊ အားလုံးအစွမ်းထက်တာချည်းပဲ ဒီဆေးလုံးက ရုပ်ဖျက်ဆေးလုံးတဲ့"

သူသည် ဆေးလုံးလေးကို သေချာစွာလှည့်ပတ်ကြည့်ရှုလိုက်သည်။

"သူတို့ဟာသိုင်းလောကထဲကျင်လည်နေတာ တော်တော်ကြာခဲ့ပြီ၊ ဒါကြောင့် သိုင်းလောကရဲ့အထာတွေမှန်သမျှ သိနေကြတာ၊ ငါ့ကို ကြော်ငြာဝရမ်းကပ်ထားတာကိုလဲ သူသိထားပုံရတယ်၊ ဒါကြောင့် .... ဒီဆေးလုံးလေးပေးတာပေါ့၊ သူအကြံဟာ အင်မတန်ကောင်းတယ်၊ ငါဒီဆေးလုံးစားပြီး ရုပ်ဖျက်သွားရင် ဘယ်သူမှ ငါ့ကိုမသိနိုင်တော့ဘူး၊ လမ်းခရီးမှာကြုံတွေ့နိုင်တဲ့ အခက်အခဲအတားအဆီးတွေကိုလဲ ရှောင်ရှားနိုင်လိမ့်မယ်"

သူသည် စိတ်ထဲ၌ရိပ်စားမိသည်။



ထို့ကြောင့် သူက ဆေးလုံးကိုသောက်လိုက်သည်။

ထို့နောက် ..... သူသည် ခုတင်ပေါ် ခွေကွေးလှဲလျောင်းပြီး သူသွားရမည့်ခရီးစဉ်ကိုစဉ်းစားနေလေ၏။

တစ်ခဏအကြာတွင် သူ၏လည်ချောင်းတစ်ခုလုံး ယားယံလာသည်ဟုခံစားလာရသည်။ ထို့နောက် ..... သူ၏မျက်နှာတစ်ခုလုံး ထူးထူးခြားခြားပူထူပြီး ယားကျိကျိဖြစ်လာသည်ကို ခံစားလိုက်ရ၏။

သူ ထိတ်လန့်တုန်လှုပ်သွားသည်။

အဘိုးအိုပေးသောဆေးလုံးသည် အဆိပ်ဆေးလုံးများဖြစ်နေပြီလော။

သူသည် ကျောက်တုံးကျွန်း၌ ခါးကုန်းအဘိုးအိုပေးသောဆေးကိုလည်း အထင်မှားခဲ့ဖူးသည်။ သူက ယင်းသို့တွေးရင်း လဲလျောင်းနေရာမှ ကပျာကယာထလိုက်သည်။

ရုတ်တရက်..... သူ၏ဦးခေါင်းတစ်ခုလုံး မူးဝေသွားကာ ခုတင်ပေါ်သို့လဲကျသွား၏။ ယင်းနောက် .....

သူ လုံးဝသတိမရတော့ချေ။

✱✱✱✱

မည်မျှ အချိန်ကြာသွားသည်မသိ။

မွန်တင်းသတိရသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်မည်းနေလေပြီ။ သူ၏ မျက်နှာတစ်ခုလုံးသည် အေးစက်စက်ဖြစ်နေသည်ကိုခံစားလိုက်ရ၏။ အမှတ်မထင် သူ မျက်နှာကိုစမ်းကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံးမှာလည်း ချောမွတ်နေသည်ကို သတိပြုမိသည်။

ထိုစဉ် အခန်းတံခါးခေါက်သံကြားလိုက်ရ၏။

ထိုအခါ သူက အခန်းတံခါးကိုဖွင့်၍ကြည့်သည်။

ဆိုင်လုလင်မှာ မီးအိမ်တစ်လုံးကိုင်၍ ရောက်ရှိလာသည်ကိုတွေ့လိုက်ရသည်။ သူက ဆိုင်လုလင်မှာအခန်းထဲတွင်မီးထွန်းပေးမည်ကိုသဘောပေါက်လာသည်။

ဆိုင်လုလင်က မီးအိမ်ကို စားပွဲပေါ်တင်၍ မီးစာအနည်းငယ်မြှင့်လိုက်သည်။ သူသည် .... မီးစာကိုမြှင့်တင်ပေးပြီးနောက် မွန်တင်းကို အမှတ်မထင်လှမ်းကြည့်မိသည်။

သာမန်ကြည့်ရိုးကြည့်စဉ် ကြည့်ခြင်းသာဖြစ်သည်။

ထိုအခါ သူအံ့အားသင့်သွားတော့သည်။

မျက်လုံးပြူးပြီး မွန်တင်းအားမေးလေ၏။

"ခင်ဗျားဘယ်သူလဲ၊ ဘယ်တုန်းက ဒီအခန်းထဲရောက်နေရတာလဲ"

"နေ့ခင်းကတည်းကရောက်နေတာပေါ့၊ ဘာဖြစ်လို့လဲ"



ဆိုလုလင် မျက်မှောင်ကုပ်သွားသည်။

"ကျွန်တော်လဲ မမှတ်မိပါလားဗျာ"

မွန်တင်းကရယ်မောလိုက်သည်။

"မင်းကလဲ အသက်ငယ်ငယ်နဲ့ မေ့တတ်တာကိုး၊ ဘယ်အချိန်ရှိပြီလဲကွ"

"နေဝင်သွားပြီလေ၊ ဒါ့ကြောင့် ကျွန်တော်မီးလာထွန်းတာပေါ့၊ အစ်ကိုကြီးက ဘာများ မှာစရာရှိနေလို့လဲ"

"ကျုပ်ဗိုက်ဆာလှပြီ၊ ထမင်းဟင်းပို့ပေးပါ"

မွန်တင်းက ငွေစလေးတစ်စယူ၍ပေးလိုက်သည်။

"ဘာဟင်းများယူလာရမှာလဲ အစ်ကိုကြီး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အကောင်းဆုံးဟင်းကိုယူလာခဲ့ပါ"

ဆိုင်လုလင်ကခေါင်းညိတ်ကာ ထွက်ခွာသွားသည်။

မွန်တင်းက ခုတင်ပေါ်ပြန်လည်လှဲလျောင်းလိုက်၏။

သူက နှအင်းနှင့်လွဲခဲ့ရသောအကြောင်းများကိုပြန်လည်သတိရလာသည်။ အိတ်ထဲသို့လက်နှိုက်ပြီး နှအင်းဖြတ်ထားခဲ့သောဆံပင်များကို ထုတ်ယူ၍ကြည့်လိုက်သည်။

***

အတန်ကြာ တံခါးခေါက်သံကြားလိုက်ရသည်။

သူ အခန်းတံခါးကိုဖွင့်ပေးလိုက်သောအခါ ဆိုင်လုလင်မှာ ထမင်းဟင်းများကို ဗန်းကလေးနှင့်ယူလာသည်ကိုတွေ့လိုက်ရသည်။ ဆိုင်လုလင်သည် ဗန်းကလေးကို စားပွဲပေါ်သို့တင်ထားလိုက်သည်။

ထို့နောက် သူကထိတ်လန့်တုန်လှုပ်စွာနှင့် ....

"ဒီမှာအစ်ကိုကြီး အခန်းထဲမှာနေပါ၊ အပြင်မထွက်ပါနဲ့"

မွန်တင်း အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဆိုင်မှာ လူဆိုးတစ်ယောက်ရောက်နေလို့ပါ"

"လူဆိုးဟုတ်လား၊ လူဆိုးကို ခင်ဗျားတို့ သက်ဆိုင်ရာကိုသွားမတိုင်ဘူးလား"

ဆိုင်လုလင်ကလက်ကာပြလိုက်သည်။

"မလုပ်ပါနဲ့ဗျာ ..... ဒီလူဆိုးက ရက်စက်ကြမ်းကြုတ်တယ်ဗျ၊ သူ့ကိုလာဖမ်းတဲ့လူ မနည်းတော့ဘူး"

"နေပါဦး ..... ဒီလူဆိုးကဘာယ်သို့များပါလိမ့်"

"အစ်ကိုကြီး ဒီမြို့ထဲလာတုန်းက လမ်းခွမှာချိတ်ထားတဲ့ဆိုင်းဘုတ်ကိုမတွေ့ဘူးလား"

မွန်တင်း မျက်မှောင်ကုတ်ကာစဉ်းစားလိုက်သည်။

သို့သော်.... သူသည် စဉ်းစား၍မရပါ။



ထို့ကြောင့် ...... သူက ခေါင်းကိုယမ်းလိုက်ပြီး ဖြေလိုက်၏။

"ဟင့်အင်း..... မတွေ့ဘူးဗျ"

"အစ်ကိုကြီးသတိမထားမိလို့ပါ"

"ပြောစမ်းပါဦး .... ဘယ်လိုဆိုင်းဘုတ်များလဲ"

"ဆုငွေငါးထောင်ထုတ်ထားတဲ့ဆိုင်းဘုတ်လေ"

ထိုစကားကိုကြားရသောအခါ မွန်တင်းက အံ့သြထိတ်လန့်သွားလေ၏။

"ဗျာ"

ဟုအသံထွက်သွားလေသည်။

ဆိုင်လုလင်က သူ့အား အံ့သြကာ .....

"အစ်ကိုကြီး ..... ဘာဖြစ်သွားတာလဲ"

မွန်တင်းကအတန်ကြာတွေဝေပြီးမှ .....

"နေပါဦး ..... မင်းပြောတာ ဆုငွေငါးထောင်ထုတ်ထားတဲ့ လူဆိုးရောက်နေတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် သူအခုဘယ်မှာလဲ"

ဆိုင်လုလင်က မွန်တင်းနေသောအခန်းနှင့်မျက်နှာချင်းဆိုင်အခန်းကိုညွှန်ပြရင်း ......

"အဲဒီအခန်းမှာပေါ့"

မွန်တင်းမှာ ဦးနှောက်ချာချာလည်သွားသည်။ ဆုငွေ ငါးထောင်ထုတ်ထားသောရုပ်ပုံသည် မိမိ၏ရုပ်ပုံပင်ဖြစ်သည်။

ယခုမှာမူ ဆိုင်လုလင်၏စကားအရ ရုပ်ပုံမှာပါရှိသောလူဆိုးက ယခု မိမိနှင့်မျက်နှာချင်းဆိုင်အခန်း၌ရှိနေသည်ဟူ၍ပင်။

ဤသို့ဆိုလျှင် လူဆိုးမှာပြမှာမည်သူနည်း။

မိမိနှင့်ရုပ်ချင်းဆင်သောလူတစ်ယောက်သာ ဖြစ်ရမည်။

သူက ဤသို့တွေးရင်း စူးစမ်းလိုသောစိတ်များ တဖွားဖွားပေါ်လာသည်။ ထို့ကြောင့် သူက အခန်းတံခါးကို အနည်းငယ်ဟထားလိုက်ပြီး မျက်နှာချင်းဆိုင်အခန်းကိုချောင်းကြည့်လိုက်၏။

သို့သော် .... ထိုအခန်းမှာပိတ်ထားသည်။

ရုတ်တရက် သူ့ အကြံတစ်ခုပေါ်လာ၏။

သူက မိမိစားရန် ဆိုင်လုလင်က လာရောက်ချထားသောထမင်းဟင်းထည့်ထားသည့်ဗန်းကလေးကိုယူလိုက်ပြီး အခန်းထဲမှထွက်လာသည်။ ထို့နောက် .... မျက်နှာချင်းဆိုင်အခန်းသို့လျှောက်သွားလေသည်။

"ဒေါက်.... ဒေါက်..... ဒေါက် ...."

တံခါးကိုခေါက်လိုက်သည်။

"ဝင်ခဲ့"

အခန်းထဲမှ ခက်ထန်သောအသံတစ်သံထွက်ပေါ်လာ၏။

မွန်တင်းက ထမင်းဟင်းထည့်ထားသောဗန်းကလေးကို



ကိုင်ကာ အခန်းတံခါးကိုတွန်းဖွင့်လိုက်သည်။

အခန်းထဲ၌ လူတစ်ယောက်ထိုင်နေသည်။ ထိုလူသည် ဝင်လာသော မိမိကိုလှမ်းကြည့်နေသည်။ မွန်တင်းက ထိုလူအားတွေ့လိုက်သည်နှင့် အံ့ဩခြင်းမကာအံ့ဩသွားလေသည်။

အဘယ်ကြောင့်ဆိုသော် .....

ထိုလူသည် မိမိနှင့်ရုပ်ချင်းဆင်တူသောလူတစ်ယောက်ဖြစ်နေသောကြောင့်တည်း။

သူသည် မြို့အဝင်လမ်းဆုံ၌ အလိုရှိသည် ဆိုင်းဘုတ်ပေါ်တွင်ရေးဆွဲထားသောလူနှင့်တူနေသည်။ မွန်တင်းက ထိုလူအားမြင်လိုက်သည်နှင့် ဒေါသထွက်လာသည်။

"ဟေ့.... ခင်ဗျားဘယ်သူလဲ"

ထမင်းဟင်း ပန်းကန်များကိုပစ်ချပြီးမေးလိုက်၏။

ထိုလူက ပထမတွင်အံ့အားသင့်ပြီး ကြောင်၍ကြည့်နေလိုက်သည်။ ထို့နောက် ကောက်ကျစ်စွာပြုံးလိုက်ပြီး .....

"မင်းကမင်းမှုထမ်းလား၊ ငါမွန်တင်းကွ၊ မင်းတို့တောင် ဆုငွေထုတ်ထားတယ်၊ မမှတ်မိတော့ဘူးလား"

မွန်တင်း ပို၍ဒေါသထွက်လာပြီး ထိုလူအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။ ထိုလူက မွန်တင်း၏ဟန်မူရာကို ကြိုတင်အကဲခတ်မိထားပြီးဖြစ်သည်။

ထို့ကြောင့် .....

မှန်တင်း၏တိုက်ခိုက်မှုအား . အသာအယာရှောင်တိမ်း လိုက်လေ၏။ တစ်ဆက်တည်း ......

သူ၏လက်ဝါးနှစ်ခုသည် မှန်တင်း၏ရင်ဝသို့တွန်းထုတ် လိုက်လေသည်။ မှန်တင်းက ထိတ်လန့်သွားသည်။

မိမိ၏ရုပ်သွင်ဖန်တီးထားသူမှာ အဆင့်မြင့်သိုင်းသမား တစ်ယောက်ဖြစ်သည်ကို ရိပ်စားမိလာလေ၏။

သူက ထိုလူအားပေါ့ဆစွာသဘောထားပါက မိမိမှာ ဒုက္ခ ရောက်မည်ဟုသိလိုက်မိတော့သည်။

****



## အခန်း (၂၀)
## ထူးခြားသောတိုက်ခိုက်မှု

အခန်းကလေးသည် အလွန်ကျဉ်းမြောင်းနေသည်။

သူတို့ သဲသဲမဲမဲတိုက်ခိုက်သောအခါ အထိအခိုက်များ ကုန်သည်။ အခန်းထဲမှ စားပွဲများ၊ ကုလားထိုင်များ၊ စသည့်အိမ် ထောင်ပရိဘောဂများ ကွဲအက်ပျက်စီးသွားသည်။

တဝုန်းဝုန်းမြည်ထွက်လာသော အသံကြောင့် ......

ဆိုင်လုလင်များ ပြေးလွှားရောက်ရှိလာကြသည်။

သူတို့က မှန်တင်းတိုက်ခိုက်နေသည်ကိုတွေ့မြင်ရသော အခါ အနီးသို့ကပ်မသွားရဲကြဘဲ ဘေးမှနေ၍ရပ်ကာကြည့်နေကြ သည်။ ရုတ်တရက် မှန်တင်း၏ရုပ်သွင် ဖန်တီးထားသောသူက လက်ဝါးချောင်းဖြင့် မှန်တင်း၏ရင်ဝသို့ကုတ်ချလိုက်သည်။

မှန်တင်းက ကမျာကယာရှောင်တိမ်းလိုက်သည်။

သို့သော် .....

ထိုလူ၏တိုက်ကွက်မှာ ...., အလွန်မြန်ဆန်လွန်းလှသဖြင့် မွန်တင်း၏ဝဲဘက်ပခုံးသို့ကုတ်မိသွားလေသည်။

သွေးများသည် ခြင်းခြင်းနီရဲသွားသည်။

ထိုလူက အသာစီးရလိုက်သည်ကို တွေ့ရသောအခါ ရှေ့သို့တိုးကပ်လာပြီး တရကြမ်းတိုက်ခိုက်လိုက်လေသည်။

မွန်တင်းက ရုတ်တရက် ကျောက်တုံးကျွန်းတွင် အဘိုးအိုသင်ကြားပေးလိုက်သောသိုင်းကွက်အားသတိရလာ၏။

****

ထိုအခါ .... သူက ထိုသိုင်းကွက်ဖြင့်တိုက်ခိုက်လိုက်၏။

ထိုလူသည် မွန်တင်း၏ပြောင်းလဲလာသော သိုင်းကွက်ကြောင့် မျက်မှောင်ကုပ်သွားလေ၏။ ထို့နောက်.... နောက်သို့တဖြည်းဖြည်းဆုတ်သွားသည်။

မွန်တင်းက တရကြမ်းဖိ၍တိုက်ခိုက်လိုက်၏။

သူ ပြတင်းပေါက်အနီးသို့ရောက်ရှိသွားသောအခါ လျှပ်တစ်ပြက် ခုန်ထွက်သွားသည်။ မွန်တင်းက နောက်မှနေ၍ ကပျာကယာ ခုန်ထွက်လိုက်သည်။

သူ ပြတင်းပေါက် အပြင်ဘက်ရောက်သောအခါ ထိုလူ၏အရိပ်ကိုပင် မတွေ့ရတော့ချေ။ မွန်တင်းက သက်ပြင်းတစ်ချက်ချပြီး အခန်းထဲသို့ပြန်ဝင်လာသည်။



ဆိုင်လုလင်နှင့်ဆိုင်ရှင်တို့သည် အခန်းထဲသို့ရောက်ရှိနေကြပြီဖြစ်သည်။

သူတို့သည် မွန်တင်းပြန်လည်ရောက်ရှိလာသည်ကိုတွေ့ရသောအခါ ဝမ်းသာအားရဖြစ်သွားသည်။ သူ့အား ရှိသေလေးစားစွာကြိုဆိုကြသည်။

ဆိုင်ရှင်သည် သူ့အားဦးညွတ်အလေးပြုလိုက်ပြီး .....

"အစ်ကိုကြီးက သိုင်းသမားတစ်ယောက်ကိုး .... အခုလိုဓားပြတစ်ယောက်ကိုမောင်းထုတ်ပေးတာ ကျေးဇူးတင်ပါတယ်"

"အိုး.... ဒီလူဟာ ကျုပ် ...."

မွန်တင်းသည် ထိုလူဆိုးက မိမိရုပ်သွင်ပြုလုပ်ပြီး ဆိုးနိုးတိုက်ခိုက်မှုကို မိမိအပေါ်အပြစ်ပုံချ၍ ယခုကဲ့သို့ ဆိုးနိုးတိုက်ခိုက်ခြင်းဖြစ်ကြောင်းပြောဆိုရန်ဖြစ်သည်။

သို့သော် ..... သူက မိမိမှာ ရုပ်ဖျက်ထားပြီးဖြစ်သည်ကို သတိရလိုက်သဖြင့် စကားတစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားသည်။

ထို့နောက် သူကပြုံးရယ်ကာ မှာကြားလိုက်၏။

"ကဲ ... ကဲ ... ကျုပ်စားမဲ့ထမင်းတွေလဲ ကုန်သွားပြီ၊ ထမင်းဟင်းတွေ ထပ်ပို့ပေးပါဦး"

"ဟုတ်ကဲ့.... စိတ်ချ၊ အခုပဲလာပို့ပေးပါ့မယ်"

ဆိုင်ရှင်တို့သည် ---- ဤသို့ပြောဆိုပြီးနောက် အခန်းထဲမှ ထွက်ခွာသွားကြသည်။

မွန်တင်းက ကျိုးပဲ့ပျက်စီးသွားသော ကုလားထိုင်၊ စားပွဲများကိုရှင်းလင်းပြီး ခုတင်ပေါ်ထိုင်ချလိုက်သည်။

ရုတ်တရက် .....

ခုတင်ပေါ်၌ စာရွက်တစ်ရွက်ကိုတွေ့လိုက်ရလေ၏။

သူက ထိုစာရွက်ကိုယူ၍ကြည့်လိုက်သည်။

စာရွက်ပေါ်တွင် ....

ဤနေရာ၌ ကြာကြာမနေသင့်ပါ။

ကောမုမြို့သို့ အမြန်ဆုံးသွားသင့်သည်ဟုရေးသားထားသည်။ မွန်တင်း မျက်မှောင်ကုပ်သွား၏။ ဤစာသည် မည်သူက လာရောက်ချသွားပါသနည်း။

ထူးဆန်းနေ၏။

ထိုစာ ရေးသားသောလက်ရေးသည် မိန်းကလေးလက်ရေးဖြစ်နေပါသည်။

ဤသိုင်းလောကကို ဝင်လာကတည်းက မိန်းကလေးများနှင့်သာတွေ့နေခဲ့ရသည်။ ယခုလည်း မိန်းကလေးတစ်ယောက်က မိမိအားလိုက်လံစောင့်ရှောက်နေပုံရသည်။

သူ၏မျက်မှောင်များတွန့်သည်အထိ စဉ်းစားနေလေ၏။

ထိုမိန်းကလေးသည် မည်သူဖြစ်မည်နည်း။

ထိုသတိပေးစာအရ နောက်တစ်နေ့နံနက်တွင် ....

မွန်တင်းသည် တည်းခိုခန်းမှထွက်လာလေတော့သည်။



တစ်ညလုံးစဉ်းစားပြီးနောက် ကောမုမြို့သို့သွားရန် သူဆုံးဖြတ်လိုက်သည်။ မြို့၏တောင်ဘက်တံခါးမှထွက်လာသောအခါ မျက်နှာချင်းဆိုင်မှ လူနှစ်ယောက်လျှောက်လာသည်ကို တွေ့လိုက်ရသည်။

မွန်တင်းက သတိထားကြည့်လိုက်၏။

ထိုအခါ စောင်ပိုင်းနယ်တွင်တွေ့ခဲ့ရသော မိန်းခလေးဖုံးအင်းနှင့် ဖခင်ဖြစ်သူ ဖုံးစူကျိုတို့ပင်ဖြစ်သည်။

သူခြေလှမ်းတုံ့ခနဲရပ်လိုက်သည်။ နောက်မှ မိမိရုပ်ဖျက်ထားသည်ကို သတိရလိုက်သည်။ ထိုအခါ သူကမျက်နှာချင်းဆိုင်လျှောက်သွားသည်။

သို့သော် ..... သူက ထိုသားအဖ၏နံဘေးမှ ဖြတ်ကျော်သွားသည့်တိုင်အောင် သူတို့သည် မွန်တင်းအား လှည့်၍ပင် မကြည့်ပါ။

သူတို့က မိမိအား မမှတ်မိသည်မှာသေချာသွားသည်။

ထိုအခါ သူက ထိုသားအဖသည် မည်သည့်ကိစ္စကြောင့် ဤနေရာသို့ရောက်ရှိလာရသည်ကို သိလိုသောဆန္ဒများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့်.... သူက ပြန်လှည့်လာပြီးလျှင် ထိုသားအဖနောက်မှ မယောင်မလည်လိုက်သွားလေတော့၏။

****

ဖုံးဝှကျိုနှင့်ဖုံးအင်းတို့သည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်သွားသည်။ ထိုအခါ မွန်တင်းက မယောင်မလည်လိုက်သွား၏။ သူက ဖုံးဝှကျိုတို့သားအဖထိုင်သော စားပွဲခုံအနီးရှိစားပွဲတစ်လုံးတွင် ထိုင်ချလိုက်သည်။ ဖုံးဝှကျိုက စားသောက်ဖွယ်ရာများကို မှာကြားပြီးနောက် သမီးဖြစ်သူဖုံးအင်းအား တစ်ချက်ကြည့်လိုက်ပြီး .....

"သမီး ..... လမ်းမှာ ကြားခဲ့တဲ့သတင်းအရ မွန်တင်းဆိုတဲ့ သူငယ်ဟာ တော်တော်ဆိုးသွမ်းနေတယ်၊ အဲဒီတော့ ....."

မွန်တင်းက ထိုစကားကိုကြားရသောအခါ စိတ်ဝင်စားလာသည်။ သူတို့ပြောလာမည့်စကားများကို နားစွင့်နေသည်။

ဖုံးအင်းက သက်ပြင်းတစ်ချက်ချကာ .....

"သူ ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ယုံကြည်ခဲ့တယ်၊ အခု သတင်းစကားအရ သူဟာ လူဆိုးတစ်ယောက်ဖြစ်နေတယ်ဆိုတာ သေချာသလောက်ရှိနေပါပြီ၊ သမီးလဲ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ...."

ဖုံးဝှကျို မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ .... သမီးက သူ့ကိုတွေ့ချင်သေးလို့လား"

"ဟုတ်ကဲ့ဖေဖေ.... သမီးသူ့ကိုတွေ့ပြီး ရှင်းရှင်းလင်းလင်း မေးလိုက်မှ စိတ်ထဲမှာကျေနပ်မလိုဖြစ်နေတယ်ဖေဖေ"

"ကဲ .... ဒါဖြင့် သူ့ကိုဘယ်မှာလိုက်ရှာမှာလဲ"



"ကဲ.... ဖေဖေရယ်၊ ဖေဖေလဲပင်ပန်းလှပါပြီ၊ ဒီမြို့မှာ ရှာလို့မတွေ့ရင်တော့ သမီးတို့ပြန်ကြတာပေါ့"

မွန်တင်းက စိတ်ဝင်စားစွာနားစွင့်နေစဉ်မှာပင် ......

"ဟား.... ဟား.... ဟား ကံကောင်းချင်တော့ မင်းကို ဒီမှာ လာတွေ့နေတာကိုး"

အသံလာရာသို့ အားလုံးကလှမ်းကြည့်လိုက်၏။

မွန်တင်း မျက်မှောင်ကုပ်သွား၏။

အဘယ့်ကြောင့်ဆိုသော် ....

ဝင်လာသူက ထင်းစိန်ဖြစ်နေသောကြောင့်ပင်။

ဖုံးအင်းသည် ထင်းစိန်အားတွေ့လိုက်ရသောအခါ....

"ဖေဖေ..... ဒီလူက တော်တော်ယုတ်မာတဲ့သူ၊ တစ်ချိန်တုန်းက သမီးကိုစော်ကားမော်ကားပြောဆိုသေးတယ်"

ဖုံးဝှကျိုက သမီးဖုံးအင်း၏စကားကို ကြားရသောအခါ ဒေါသထွက်လာလေ၏။

ထိုအခါ .....

ဖုံးဝှးကျိုသည် ဆတ်ခနဲထပြီး ထင်းစိန်ထံသို့လျှောက်သွားလေ၏။

"မင်းကဘာကောင်လဲ၊ စကားပြောတာရိုင်းလှချည်လား"

ထင်းစိန်က မျက်နှာတစ်ခုလုံးကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး ဖုံးဝှကျိုအားရိုသေစွာဦးညွှတ်လိုက်၏။

"ကျွန်တော်နာမည်ထင်းစိန်ပါ၊ တိဗက်က သိုင်းသမား တစ်ယောက်ပါ"

သူက ဖုံးအင်းဘက်လှည့်ကြည့်လိုက်ပြီး .....

"သူက ဦးရဲ့သမီးဟုတ်ပါသလား"

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ .... ကျွန်တော် သူ့ကိုလက်ထပ်ခွင့် တောင်းမလို့ပါ"

ဖုံးဝူကျိုသည် ဒေါသအမျက်ထွက်လာ၏။

ဖုံးအင်းကလည်း ထိုင်ရာမှဆတ်ခနဲထလိုက်ပြီး .....

"ရှင်.... ဘော်တော်ရိုင်းစိုင်းတဲ့လူပါလား"

သူမကားယင်းသို့ပြောဆိုပြီးသည်နှင့် ထင်းစိန်အား တိုက် ခိုက်လိုက်လေသည်။ မွန်တင်းက ဖုံးဝူးကျိုတို့ သားအဖအတွက် စိုးရိမ်လာ၏။ ထင်းစိန်၏သိုင်းပညာမှာ သူမတူအောင် ထူးခြားနေ သည်ကို သူကိုယ်တိုင်ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူး၍ ကောင်းစွာသိထား ခြင်းဖြစ်သည်။

ဖုံးဝူးကျိုတို့သားအဖသည် မည်သည့်နည်းနှင့်မျှ ထင်းစိန် ကို အံတုယှဉ်ပြိုင်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် သူက ထိုင်ရာမှထပြီး လျှပ်တစ်ပြက် ထင်းစိန် ထံသို့ရှန်ဝင်သွား၏။ ထင်းစိန်က ဖုံးဝူးကျိုတို့သားအဖ တိုက်ခိုက် လာသည်ကို အသာအယာရှောင်တိမ်းနေစဉ်မှာပင် ....



ရုတ်တရက် လူငယ်တစ်ယောက်က ဝင်ရောက်တိုက်ခိုက် လာသည်ကိုတွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။

သူ နောက်သို့ဆုတ်လိုက်ရသည်။

သူ့အားဝင်ရောက်တိုက်ခိုက်သောလူငယ်ကို သေချာစွာ ကြည့်လိုက်၏။

ထိုလူငယ်သည် ရုပ်ရည်ချောမောပြီးခန့်ညားသောလူငယ် တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထင်းစိန်က ရုပ်ဖျက်ထားသော မွန်တင်းအား ဒေါသဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ပြင်းပြင်း ထန်ထန်တိုက်ခိုက်နေသောကြောင့် ဖုံးဝူကျိုနှင့်ဖုံးအင်းမှာ တိုက် ခိုက်ခြင်းမပြုတော့ဘဲ ရပ်တန့်နေရသည်။

သူတို့က ထိုလူငယ်မှာ ထင်းစိန်အား သဲသဲမဲမဲတိုက်ခိုက် နေသည်ကိုတွေ့လိုက်ရသောအခါ ထိုလူငယ်နှင့်ထင်းစိန်မှာအကြီး အကျယ်ရန်ငြိုးရှိသည်ဟုမှတ်ယူဆမိသည်။

ထင်းစိန်သည် တိုက်ခိုက်ရင်း တိဗက်ပညာများကိုအသုံး ပြုလာသည်။ မွန်တင်းမှာ တဖြည်းဖြည်းရှုံးနိမ့်စပြုလာ၏။

အခြေအနေမဟန်မှန်း သူရိပ်စားမိလိုက်သည်။

*****

## အခန်း (၅၁)
## ထပ်တလဲလဲရန်သူ

ထို့ကြောင့် သူက ယီးမုထံမှသင်ကြားခဲ့သော သိုင်းကွက် ခုနစ်ကွက်ဖြင့်သာ ရှောင်တိမ်းလိုက်သည်။

ထင်းစိန်က ရုပ်ဖျက်ထားသော မွန်တင်းမှာ သိုင်းကွက် ခုနစ်ကွက်ဖြင့် တိမ်းရှောင်သွားသည်ကိုတွေ့ရ၍ အံ့အားသင့်သွား၏။

ထိုပညာရပ်ကိုတတ်မြောက်ထားသောသူမှာ သုံးယောက်သာရှိ၏။ ထိုလူသုံးယောက်မှာ ယီးမု၊ မိမိနှင့်မွန်တင်းတို့ပင် ဖြစ်သည်။ ယခု မွန်တင်းရုပ်ဖျက်ထားသည်ကိုမသိဘဲ အခြားသူတစ်ယောက်ဟု ထင်မှတ်ကာ ဤသိုင်းကွက်ခုနစ်ကွက်တတ်မြောက်နေသည်ကို အံ့ဩနေသည်။

ထို့ကြောင့် ..... သူက ရုပ်ဖျက်ထားသောမွန်တင်းအား အသေသတ်ရန် ကြံရွယ်တော့ဘဲ .....



ဒဏ်ရာရရှုံ့မှုသာတိုက်ခိုက်ပြီး ထိုသိုင်းကွက်ခုနစ်ကွက်ကို မည်သို့တတ်မြောက်သည်ကိုမေးမြန်းရန် ဆုံးဖြတ်လိုက်၏။

ထင်းစိန်၏ဆုံးဖြတ်ချက်ကြောင့် မွန်တင်းမှာ သက်သာရာရသွားသည်။ ထင်းစိန်သည် ပြင်းပြင်းထန်ထန်တိုက်ခိုက်ရာမှ ရပ်တန့်လိုက်လေ၏။

"ဒီမှာ ငါစကားတစ်ခွန်းမေးမယ်၊ မှန်မှန်ပြောရင် မင်းကို အသက်ချမ်းသာပေးမယ်"

မွန်တင်းက သူ့အားစေ့စေ့ကြည့်လိုက်ပြီး .....

"ကျုပ်ကိုချမ်းသာပေးစရာမလိုပါဘူး၊ ခင်ဗျားကိုလဲ ကျုပ်မေးစရာရှိတယ်"

"ငါမေးတာကို မင်းအမှန်အတိုင်းဖြေရင် မင်းမေးတာကို ငါက အမှန်အတိုင်းဖြေမယ်"

ရန်သူနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ပဟေဋ္ဌိအဖြေညှိရန် ရင်ဆိုင်လိုက်ကြလေ၏။

****

ထင်စိန်က မျက်မှောင်ကုတ်ပြောလိုက်၏။

"ဒါဖြင့် မင်းမေးတော့"

"ခင်ဗျား ဒီသိုင်းကွက်ခုနစ်ကွက်ကို ဘယ်သူကသင်ပေးလိုက်တာလဲ"

ထင်းစိန်က ကောက်ကျစ်စွာပြုံးလိုက်ပြီး......

"အော်....ဒါလား၊ ယီးမုဆိုတဲ့အဘိုးကြီး တစ်ယောက်ဆီကသင်လာတာကွ"

"ဒါဖြင့် ယီးမုဆိုတဲ့အဘိုးအိုကော ဘယ်မှာလဲ"

"သူကအသက်လဲကြီးပြီ၊ ကျန်းမာရေးကလဲ မကောင်း၊ အစားအသောက်ကလဲမရှိလို့ သေသွားပြီလေ"

မွန်တင်း ခေါင်းခါယမ်းလိုက်ပြီး ....

"ကျုပ်မယုံဘူးဗျာ၊ ယီးမုဟာအသက်ကြီးပေမဲ့ ကျန်းမာရေး သိပ်ကောင်းတယ်၊ ဧကန္တ .... ခင်ဗျား သူ့ကိုသတ်လိုက်တယ် မဟုတ်လား"

မွန်တင်း၏စကားကြောင့် ထင်းစိန် မဲ့ပြုံးပြုံးလိုက်ပြီး -

"နေပါဦး .... မင်းမွန်တင်းဆိုတဲ့လူကိုသိသလား"

"သိတာပေါ့ .... အဲဒါဘာဖြစ်သလဲ"

"မွန်တင်းက မင်းနဲ့ဘယ်လိုပတ်သက်သလဲ"

"သူက ကျုပ်နဲ့ညီအစ်ကိုတော်တယ်ဗျ"

မွန်တင်း၏စကားကြောင့် ထင်းစိန်အံ့ဩသွားသည်။

ထို့ပြင် ငြိမ်သက်စွာရပ်နေသောဖုံးဝူကျိုတို့သားအဖမှာလည်း အံ့အားသင့်သွား၏။ မွန်တင်းက သူ၏စကားအား ထင်းစိန်ကယုံကြည်နေသည်ကိုအကဲခတ်မိသောအခါ ပြုံးလိုက်ပြီး ....

"ခင်ဗျားအကြောင်းကို ကျုပ်အစ်ကိုကပြောပြဖူးတယ်၊



ကျုပ်က ခင်ဗျားကိုတွေ့ချင်နေတာအတော်ပဲ၊ အခု မမျှော်လင့်ဘဲ ဒီမှာလာတွေ့ရတော့ ခင်ဗျားကိုကောင်းကောင်းဆုံးမရမယ်"

ထိုစဉ်မှာပင် .....

ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာ၏။ ထိုသူက.....

"ဟား ... ဟား .... ဟား ... ငါ့မှာ ညီအစ်ကိုဆိုလို့ တစ်ယောက်မှမရှိပါလား"

ထိုအသံကြောင့် .... မွန်တင်း ဆတ်ခနဲလှမ်းကြည့်လိုက်သည်။ တည်းခိုခန်းတွင်တွေ့ခဲ့ရသော ထိုလူသည် မိမိ၏ရုပ်သွင်ပြောင်းလဲထားသောလူပင်ဖြစ်သည်။

ရုတ်တရက် သူ တွေဝေသွား၏။

ထိုလူက အေးဆေးစွာလျှောက်လာသည်။

ထို့နောက်.....

ထိုသူက ဖုံးဝူကျိုတို့သားအဖကို တစ်ချက်ကြည့်လိုက်ပြီးနောက် မွန်တင်းအား စေ့စေ့ကြည့်ကာ .....

"ငါ့မိဘက တစ်ယောက်တည်းပဲမွေးတယ်၊ ဘယ့်နှယ် မင်းက ငါ့ရဲ့ညီအစ်ကိုပါလို့ လိမ်ပြောရတာလဲ"

မွန်တင်းက မည်သို့ပြန်ပြောမှန်းမသိတော့ချေ။

အခြေအနေက ရုတ်တရက်ပြောင်းလဲသွားသည် မဟုတ်ပါလား။

သူသည် တွေဝေငေးမောနေမိသည်။

ထင်းစိန် မျက်မှောင်ကုပ်သွား၏။

သူက မွန်တင်းအတုအား စိုက်ကြည့်ပြီး .....

"ဘာပဲဖြစ်ဖြစ် မင်းဒီနေ့ငါနဲ့တွေ့ရတာ သေမင်းနဲ့တွေ့ရတယ်လို့မှတ်ပါ"

မွန်တင်းအတုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း တော်တော်ကြွားတဲ့လူတစ်ယောက်ပါလား၊ မင်းမပြောနဲ့ မင်းရဲ့ဆရာကိုတောင် မွန်တင်းက ဆုံးမပေးဦးမယ်၊ မင်းရဲ့ဆရာနဲ့မှ ငါကတန်းတူတယ်လို့ မှတ်မှာ"

သူက ပြောပြီးသည်နှင့်ညာလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။ သူ၏လက်ဝါးသည် လျှပ်တစ်ပြက် ထင်းစိန်ထံသို့ တိုက်ခိုက်လေသည်။

ထင်းစိန်က မွန်တင်းအတုက မိမိအား စကားပြောနေရင်း လျှပ်တစ်ပြက်တိုက်ခိုက်လာလိမ့်မည်ဟု မမျှော်လင့်ပါချေ။

သူက ကပျာကယာ သိုင်းကွက်ခုနစ်ကွက်ဖြင့် ရှောင်တိမ်းနေရသည်။ သို့သော် ..... မွန်တင်း အတု၏လက်ဝါးသည် သူ၏ပခုံးသို့ ပွတ်ကာသီကာမှန်သွားသည်။

ထို့ကြောင့် ....

သူ၏ပခုံးတစ်ခုလုံး နာကျင်သွားသည်။

ထိုအခါ ..... ထင်းစိန်က မျက်နှာကွက်ခနဲပျက်သွားလေ၏။ သူက မွန်တင်းအားတိုက်ခိုက်ခဲ့ဖူး၏။



ထို့ကြောင့် ပေါ့ပေါ့တန်တန်နေလိုက်ခြင်းဖြစ်ပါသည်။

သို့သော် ....

ယခု သူ့အားတိုက်ခိုက်သောမွန်တင်းမှာ သိုင်းပညာအလွန်အဆင့်မြင့်သည့်ပြင် တိုက်ခိုက်သည့်ပညာမှာလည်း အလွန်ပါးနပ်သည်ကိုတွေ့ရှိရသည်။

တိုတောင်းသောအချိန်ကာလအတွင်း .....

မွန်တင်း၏သိုင်းပညာမှာ ဤမျှ တိုးတက်လာသည်ကို အံ့ဩမဆုံးဖြစ်လိုက်ရလေ၏။

ထင်းစိန်သည် တိဗက်သိုင်းပညာရပ်များကိုအသုံးပြုပြီး မွန်တင်းအတုထံသို့ ပြန်လည်တိုက်ခိုက်သည်။

မွန်တင်းအတုက အပြုံးမပျက်ခဲ့ပေ။

သူသည် ညာဘက်လက်တစ်ဖက်ဖြင့်သာ ထင်းစိန်အားတိုက်ခိုက်လိုက်သည်။ သေကွက်များကိုချေမှုန်းပစ်လိုက်၏။

ထင်းစိန် အံ့ဩသွားသည်။

အတွင်းအားကို အကုန်စုစည်းပြီး မွန်တင်းအတုထံသို့ ထပ်မံတိုက်ခိုက်၏။ မွန်တင်းအတုသည် ပြုံးစေ့စေ့ဖြင့် ထင်းစိန်အားကြည့်လိုက်သည်။

"မင်းတို့ တိဗက်ကသိုင်းပညာဟာ ဒါအကုန်ပဲလား"

သူ၏စကားဆုံးသည်နှင့် တိုက်ခိုက်နေသောထင်းစိန်၏လက်ကောက်ဝတ်ကိုဖမ်းဆုပ်လိုက်သည်။

ထင်းစိန်၏လက်ကောက်ဝတ်မှသွေးကြောကို မွန်တင်းအတုဏ်လက်ချောင်းများက ဖိတ်ထားခြင်းခံလိုက်ရသည်။

ထိုအခါ ..... သူ၏ကိုယ်တစ်ခြမ်းမှာ ကျင်တက်လာပြီး မည်သို့မှ ခွန်အားထုတ်၍မရတော့ပေ။

မွန်တင်းအစစ်က ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။

"ဒီမှာ.... ခင်ဗျားဘယ်သူလဲဆိုတာပြောစမ်း"

ထိုအခါ မွန်တင်းအတုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ငါ့ကိုညီအစ်ကိုတော်တယ်လို့ လိမ်ပြောတယ်မဟုတ်လား.... ငါမွန်တင်းဆိုတာ မင်းသိရက်သားနဲ့ ဘာဖြစ်လို့မေးရတာလဲ၊ မင်းဘာကြောင့်လိမ်သလဲဆိုတာကိုသာပြော"

မွန်တင်း ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား မွန်တင်းမဟုတ်ဘူး"

"ငါ့ကိုမွန်တင်းမဟုတ်ဘူးလို့ ဘယ်လိုလုပ်သိသလဲ"

"မွန်တင်းဟာ ရိုးသားတယ်၊ တည်ကြည်တယ်၊ မဟုတ်တာမလုပ်ဘူး၊ ခင်ဗျားလိုကောက်ကျစ်စဉ်းလဲခြင်းမရှိဘူး"

မွန်တင်းအတုကမဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်သူ့ကိုမေးမေး မွန်တင်းဆိုတာ လူတိုင်းသိတယ် မင်းကငါနဲ့ညီအစ်ကိုတော်တယ်လို့ပြောတာ ဘယ်သူကယုံမှာလဲ မင်းကိုလဲ ဆုံးမရဦးမယ်"

မွန်တင်းကအေးစက်စွာဖြင့် ......



"ကောင်းပြီ သူ့ကိုလွှတ်လိုက်ပါ ကျုပ်နဲ့ တစ်ပွဲတစ်လမ်းအကဲစမ်းမယ်"

"ဟား .... ဟား ..... ဟား"

မွန်တင်းအတုကရယ်မောလိုက်သည်။

"မင်းလိုလူမျိုးကို ငါကလက်တစ်ဖက်တည်းနဲ့ပဲ ယှဉ်ပြိုင်ပါ့မယ်"

ထိုစဉ်......

မြင်းခွာသံများ ဆူညံစွာပေါ်ထွက်လာသည်ကိုကြားလိုက်ရလေတော့သည်။

****

ဆိုင်ရှင်၏သတင်းပို့မှုကြောင့် ....

ခင်းမှုထမ်းစစ်သည်တော်များ ရောက်ရှိလာကြခြင်း ဖြစ်သည်။ မွန်တင်းအတုက မျက်မှောင်ကုပ်သွား၏။

သူက မွန်တင်းအားတစ်ချက်ကြည့်လိုက်ပြီး .....

"မင်းမကျေနပ်ရင် မြို့တောင်ဘက်ကဘုရှုတောင်ခြေရင်းလိုက်ခဲ့ပါ၊ ငါ ဟိုမှာစောင့်နေမယ်"

သူက ဤသို့ပြောပြီးသည်နှင့် ထင်းစိန်၏လက်ကိုဖမ်းဆွဲခေါ်ဆောင်ကာ ကပျာကယာပြေးလွှားသွားလေတော့သည်။

ထင်းစိန်မှာ တရွတ်ဆွဲမတတ်ပါသွားလေ၏။

မွန်တင်းလည်း ဆက်နေရန်မသင့်တော့သည်ကိုသိလိုက်သဖြင့် ပြတင်းပေါက်နားသို့လျှောက်သွားသည်။

သူ ပြတင်းပေါက်မှ အပြင်ဘက်သို့ခုန်ချရန် ပြင်လိုက်သည်။ ထိုစဉ် ......

"နေဦးရှင့်"

ဖုံးအင်းကဟန့်တားလိုက်သည်။

မွန်တင်းက သူမအားလှည့်ကြည့်လိုက်သည်။

"ခင်ဗျားကဘာလုပ်မလို့လဲ"

"ရှင်က မွန်တင်းနဲ့ညီအစ်ကိုဟုတ်လား"

"ဟုတ်ပါတယ်.... အဲဒါဘာဖြစ်သလဲ"

"ဒီလိုဆိုရင် ..... မွန်တင်းက ကျွန်မကို ဒေါ်ကားတဲ့ကိစ္စအတွက် ရှင့်ကိုဆုံးမရမှာပဲ"

ဖုံးအင်းက ဤသို့ပြောဆိုပြီးသည်နှင့် မွန်တင်းအားတိုက်ခိုက်လေသည်။ မွန်တင်းက မိန်းကလေးနှင့်အတူ ပြိုင်၍ရန်မူခြင်းမပြုလိုသဖြင့် ပြတင်းပေါက်မှခုန်ထွက်သွားပြီးလျှင် ပြေးလွှားသွားလေတော့သည်။

*****



နှင်းများတဖွဲဖွဲကျလာသည်။

နှင်းများကြောင့် ကောင်းကင်တစ်ခုလုံး ညိုမှိုင်း၍နေသည်။ အေးစိမ့်သောလေများက တသုန်သုန်တိုက်ခတ်နေ၏။

ထို့ကြောင့် ..... လမ်းမကြီးပေါ်တွင် ခရီးသွား ခရီးလာများပင်မတွေ့ရတော့ပါ။ မွန်တင်းအစစ်သည် မွန်တင်းအတုနှင့်မြို့၏တောင်ဘက် ဖူရှတောင်ခြေရင်း၌ ချိန်းထားသည်ကို သတိရလာသည်။

ထို့ကြောင့် ချိန်းဆိုထားသည့်နေရာသို့ ထွက်ခွာသွားလေတော့သည်။

သို့သော် နေရောင်ခြည်မရှိသဖြင့် သူက တောင်ဘက်သို့မသွားမိဘဲ အနောက်ဘက်သို့သာဦးတည်သွားနေသည်။ အတန်ကြာမှ သူက မိမိမှာလမ်းမှားနေသည်ကိုသိလိုက်ရတော့၏။

*****

သူသည် ပြန်လှည့်လာကာ 'ဖူရှ'တောင်ခြေရင်းသို့ရောက်ရှိလာ၏။ ထိုအခါ 'ဖူရှ'တောင်ခြေရင်း၌ လူရိပ်လူယောင်လောက်မျှပင် မတွေ့ရတော့ချေ။

သူသည် အသွားအပြန်လျှောက်ရသဖြင့် မောပန်းသွားလေ၏။ ထို့ပြင် ......

လေကပြင်းထန်စွာတိုက်ခတ်ပြီး နှင်းများလည်း တဖွဲဖွဲ ကျနေသဖြင့် တစ်နေရာရာရှာဖွေပြီး ခိုနားရန်ဆုံးဖြတ်လိုက်၏။

သူ၏မျက်လုံးအစုံဖြင့် အရပ်လေးမျက်နှာသို့ လှမ်းကြည့်လိုက်သည်။ ခိုနားရာနေရာကို ရှာဖွေခြင်းဖြစ်ပါသည်။

ထိုအခါ .... ခပ်လှမ်းလှမ်းတစ်နေရာ၌ မီးခိုးများထွက်နေသည်ကို တွေ့လိုက်ရသည်။ သူ ဝမ်းသာသွား၏။

လွင်တီးခေါင်အရပ် မဟုတ်ချေတကား။

မီးခိုးရှိပါက အိမ်ရှိရမည်။

သူက မီးခိုးရှိရာသို့ပြေးလွှားသွား၏။

မကြာမီ .... တဲအိမ်တစ်လုံးအားတွေ့လိုက်ရ၏။

ထိုအခါ .... သူက တဲအိမ်အနီးသို့ချဉ်းကပ်သွားသည်။

ထို့နောက် ..... သူက တံခါးကိုခေါက်လိုက်သောအခါ ဆံပင်ဖြူဖွေးနေသောအဘွားအိုတစ်ယောက်ကိုတွေ့လိုက်ရ၏။

ထိုအဘွားအိုသည် အသက်ကြီးရင့်သော်လည်း အလွန်ကျန်းမာသန်စွမ်းသည်ကိုတွေ့ရ၏။ သူမက သူ့အား ခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်ပြီး တံခါးဖွင့်ပေးသည်။

မွန်တင်းက အရိုအသေပေးပြီး တဲထဲသို့ဝင်လိုက်လေ၏။ ထိုအခါ အဘွားအိုကတံခါးကိုပြန်ပိတ်လိုက်တော့သည်။

မွန်တင်းက အခန်းထဲ အကဲခတ်ကြည့်လိုက်သောအခါ တဲအိမ်တစ်ခုလုံးတွင် မုဆိုးများအသုံးပြုသောလက်နက်များနှင့်



ကျားသားရေ ဝက်ဝံသားရေများ ချိတ်ဆွဲထားသည်ကိုတွေ့ရလေသည်။

အခန်း၏အရှေ့ဘက်တွင် မိန်းကလေးတစ်ယောက်က ကျောပေး၍ထိုင်နေသည်။ ထိုမိန်းကလေးကို မြင်ဖူးသည်ဟု သူထင်မိလေ၏။ အဘွားအိုက မွန်တင်းအား ကုလားထိုင်တစ်လုံးပေါ် ညွှန်လိုက်ပြီး .....

"ထိုင်ပါ .... မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည်ကမွန်တင်းပါ၊ အစ်ကိုကိုလိုက်ရှာရင်း လမ်းမှားလို့ပါ ဒါကြောင့် ဒီမှာတစ်ညလောက်တည်းခိုပါရစေလို့ ခွင့်တောင်းမလို့ပါ"

သူ၏စကားဆုံးသည်နှင့် သူ့အားကျောပေးထိုင်နေသော မိန်းကလေးက ချာခနဲလှည့်လိုက်သည်။

မွန်တင်းသည် ထိုမိန်းကလေး အားတွေ့မြင်လိုက်ရသောအခါ အကြီးအကျယ်အံ့ဩသွားတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးသည် ဟိုချင်း၏ မြေးဖြစ်သူ ကျင်ထွေးဖြစ်နေသောကြောင့်တည်း။

မွန်တင်းက မီးဖိုမှာရပ်ဖျက်ထားသဖြင့် မျက်နှာထား တည်တည်နှင့်နေလိုက်၏။

ကျင်ထွေးက သူ့ကိုစေ့စေ့ကြည့်လိုက်သည်။

သူမ၏မျက်နှာမှာလည်း အံ့အားသင့်နေသောဟန်မူရာ

ထွက်ပေါ်နေ၏။

"နေပါဦး .... ရှင်ကမွန်တင်းရဲ့ညီဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

ကျင်ထွေးကမျက်မှောင်ကုပ်သွား၏။

"ဟင် သူ့မှာညီရှိတယ်လို့ တစ်ခါမှလဲပြောသံမကြားဘူးပါလား"

"ဪ.... ဒီလိုပါ ကျွန်တော်ငယ်ငယ်ထဲက ကျွန်တော့်အစ်ကိုနဲ့ခွဲပြီးနေရလို့ပါ၊ ခင်ဗျားပြောပုံထောက်တော့ ကျွန်တော့်အစ်ကိုနဲ့သိနေသလိုပဲ"

ကျင်ထွေးကခေါင်းငုံ့သွား၏။

သူမ၏မျက်နှာမှာလည်း ဝမ်းနည်းကြေကွဲသောအရိပ်အယောင်များပေါ်ထွက်လာ၏။ သက်ပြင်းတစ်ချက်ချပြီး မျက်ရည်များစီးကျလာလေတော့၏။

မွန်တင်း အံ့အားသင့်သွားသည်။

"ဒီမိန်းကလေး ဘယ်လိုများဖြစ်ပါလိမ့်၊ ငါ့အကြောင်းပြောတာနဲ့ ဘယ့်နှယ်မျက်ရည်တွေစီးကျလာရတာလဲ"

ထိုအချိန်မှာ ..... လူနှစ်ယောက်သည် တံခါးကို တွန်းဖွင့်၍ဝင်လာ၏။ မွန်တင်းအတုနှင့်ထင်းစိန်တို့ အတူတကွဝင်လာသည်ကိုတွေ့လိုက်ရ၏။

ထိုအခါ .....



သူမမျက်နှာပေါ်တွင် ဝမ်းသာ၍အံ့အားသင့်သွားသောသဏ္ဌာန်များထွက်ပေါ်လာ၏။ သူမ၏မျက်လုံးအစုံမှာလည်း ဝင်းလက်တောက်ပကာ မွန်တင်းအတုကိုစိုက်ကြည့်နေ၏။

ထင်းစိန်မှာ မျက်နှာတစ်ခုလုံးပြုံးရွှင်နေပြီး မွန်တင်းအတုနောက်တွင်ရပ်နေသည်။

မွန်တင်းအတုသည် ကျင်ထွေးအဖြစ် ရုပ်ဖျက်ထားသောနအင်းအား ကြည့်ပင်မကြည့်ဘဲ မွန်တင်းထံသို့လျှောက်သွားလေ၏။

"ဘယ်လိုလဲ မင်းငါချိန်းထားတဲ့အတိုင်းမလာပါလားကွ"

မွန်တင်းက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ကယောကျ်ားဗျ ပြောတဲ့အတိုင်းလာတယ်၊ ခင်ဗျားသာ အချိန်မှီမလာတာဗျ"

မွန်တင်းအတုကလည်း မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ.... ထားပါတော့လေ၊ မင်းက ငါနဲ့ညီအစ်ကိုတော်တယ်လို့ ဘာသို့ပြောရတာလဲ၊ ဘာလို့လိမ်ရတာလဲ..."

မွန်တင်းက အေးစက်စွာနှင့်တစ်လုံးချင်းပြောလိုက်၏။

"ကျုပ်ရှင်းရှင်းပဲဖွင့်ပြောမယ်"

သူ၏စကားသံကအေးစက်လှ၏။

"မွန်တင်းဆိုတာ ကျုပ်ပဲ"

မွန်တင်း၏စကားကြောင့် အားလုံး အံ့အားသင့်သွားကြ

လေ၏။ မွန်တင်းအတုက တဟားဟားရယ်မောလိုက်၏။

"မင်းဘယ်လိုလဲကွ .... တော်ကြာ မွန်တင်းရဲ့ညီလို့ပြော လိုက်၊ မွန်တင်းလို့ပြောလိုက်နဲ့ မင်းရူးများနေသလား"

နအင်းသည် မွန်တင်း၏စကားကြောင့် ခေါင်းထောက်လိုက်ပြီး သူ့အားစေ့စေ့ကြည့်လိုက်၏။

"နေပါဦး ရှင်ကဘယ်သူလဲ၊ ဘာဖြစ်လို့ မွန်တင်းလို့လိမ်ပြောရတာလဲ"

မွန်တင်းက ခေါသထွက်လွန်း၍ မည်သို့ရှင်းပြရမည်မသိတော့ပေ။ ထိုစဉ်..... အခန်းထဲသို့ လူသုံးယောက် ထပ်မံရောက်ရှိလာသည်။

မွန်တင်းသည် ထိုလူသုံးယောက်ဝင်လာသည်ကိုတွေ့ရသောအခါ ဝမ်းသာသွားသည်။

နအင်းကလည်း ထိုလူများကိုအံ့အားသင့်ပြီးစိုက်ကြည့်နေသည်။ ထိုသူသုံးယောက်မှာ ဟိုချင်း၊ အရပ်ရှည်သောအဘိုးအိုနှင့် အရပ်ပုသောအဘိုးအိုတို့ဖြစ်ကြသည်။

ကျင်တွေးအဖြစ်ရုပ်ဖျက်ထားသောနအင်းသည် ထိုအရပ်ရှည်သောအဘိုးအိုနှင့် အရပ်ပုသောအဘိုးအိုအားတွေ့လိုက်ရသောအခါ ဝမ်းသာသွား၏။

သူမ၏ဆေးလုံးတစ်လုံးကို ထိုအဘိုးအိုတစ်ယောက်က ပေးသွားသောကြောင့်ဖြစ်သည်။



ထိုအခါ .... သူမ၏ ရုပ်သွင်သည် မူလအတိုင်း ပြန်၍လည်ပြောင်းလဲရန်အခက်ကြုံနေသည်။ သူတို့ အထဲသို့ ဝင်လာသည်နှင့် ဟိုချင်းကအဘွားအိုအားပြုံးပြလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားက ဒီလာပုန်းနေတာကိုး၊ ဒါကြောင့် ခင်ဗျားအဘိုးကြီးက ဆယ်နှစ်တိုင်ရှာမတွေ့လို့ ခင်ဗျားသေသွားပြီလို့ဝေါင်ထင်နေတာ"

အဘွားအိုက ထိုစကားကိုကြားရသောအခါ အံ့အားသင့်သွားတော့သည်။ သူမသည် တံခါးကိုပြန်ပိတ်လိုက်ပြီး ထိုနေရာ၌ရပ်ကာ စကားတစ်ခွန်းမှမပြောချေ။

အားလုံးကိုအကဲခတ်နေ၏။

ထို့နောက်.....

ဟိုချင်းက မွန်တင်းအတုနှင့်ထင်းစိန်တို့အား တစ်ချက်ကြည့်လိုက်သည်။ မွန်တင်းအတုအားစေ့စေ့ကြည့်လိုက်ပြီး ....

"မင်းတို့ဗိုဗက်မှာ ထူးခြားတဲ့သိုင်းပညာတစ်မျိုး ရှိတယ်လို့ကြားရတယ်၊ ဒါပေမဲ့ မင်းတို့ရဲ့ရုပ်ဖျက်ပညာ ဒီလောက်စွမ်းနေတာကို အခုမှသိတော့တယ်"

သူ့က သက်ပြင်းတစ်ချက်ချပြီးစကားဆက်လိုက်ပြန်၏။

"မင်းရဲ့ရုပ်ဖျက်ပညာ ဘယ်လောက်တော်တော် ငါ့ကိုတော့လိမ်လို့မရဘူး"

မွန်တင်းအတုကမဲ့ပြုံးပြုံးကာ .....

"ဦး စကားပြောတာကြည့်ပြောပါ၊ ကျွန်တော်က ဘာတွေ ရှပ်ဖျက်ထားလို့လဲ"

ဟိုချင်းကစေ့စေ့ကြည့်လိုက်သည်။

"ကဲ.... ဒါဖြင့်ပြောစမ်းပါဦး၊ မင်းဘယ်သူလဲ"

"ကျွန်တော်မှုန်တင်းဗျ"

အဘိုးအိုက တဟားဟားရယ်မောလိုက်သည်။

"ဒါဖြင့် .... ငါဘယ်သူလဲပြောစမ်း"

ထို့နောက် .... သူက ကျင်ထွေးအဖြစ်ရှပ်ဖျက်ထားသော နအင်းအားညွှန်ပြလိုက်သည်။

"သူ့ကိုကော.... မင်းသိရဲ့လား"

မှုန်တင်းအတု မည်သို့ပြန်ဖြေရမှန်းမသိဘဲ တွေဝေသွား လေတော့သည်။ ဟိုချင်း၏စကားကြောင့် မှုန်တင်း ဝမ်းသာသွား လေသည်။

သူက ဝင်ရောက်ဖြေရှင်းရန် ရှေ့သို့တစ်လှမ်းတိုးလိုက် ၏။ သို့ရာတွင် .... ဟိုချင်းက ရုတ်တရက် သူ့ဘက်သို့လှည့်ပြီး သူ့အားအေးစက်စွာကြည့်လိုက်သည်။

"မင်းဘယ်သူလဲ၊ လူကြီးစကားပြောနေတာကိုဝင်ရှုပ်ဖို့ မကြံနဲ့၊ နောက်ဆုတ်နေစမ်း"

မှုန်တင်းသည် တွေဝေသွားပြီးမှ ခေါင်းညိတ်ကာ နံရံတွင် ကပ်၍ရပ်လိုက်သည်။



ဟိုချင်းက မှုန်တင်းအတုဘက်ပြန်လှည့်ကာ ....

"နေပါဦး .... မင်းကမှုန်တင်းအဖြစ် ဘာဖြစ်လို့ တုချင် ရတာလဲ၊ ပြောစမ်းပါဦး"

မှုန်တင်းအတုက စကားမပြောတော့ဘဲနေတော့သည်။

ဟိုချင်းက ရှပ်ဖျက်ထားသောနအင်းဘက်သို့ လျှောက် သွားသည်။ အိတ်ထဲမှဆေးလုံးတစ်လုံးယူပြီး သူမအား လှမ်းပေး လိုက်သည်။

"ဟောဒီ သူငယ်ပြန်နေတဲ့အဘိုးကြီးနှစ်ယောက်ပေါ့ ..... ကြည့်စမ်း ..... ငါ့မြေးအိတ်ထဲကဆေးလုံးကို ခိုးသွားတယ်လေ၊ ကံကောင်းလို့ လမ်းမှာ သူတို့နဲ့တွေ့ပြီးပြန်တောင်းခဲ့ရတာ"

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း.... မင်းက မှုန်တင်းအတွက်ဒုက္ခခံလိုက်ရတာ ငါ တောင် စိတ်မကောင်းဘူး၊ ကဲ .... ကဲ ... မင်းရဲ့မူလရုပ်သွင်ပြန်ဖြစ် သွားအောင်, ဒီဆေးလုံးကိုသောက်လိုက်ပါကွယ်"

သူမ၏ရင်ထဲ၌ ဖော်မပြနိုင်သောခံစားချက်များကိုခံစား လိုက်ရသည်။ ဆေးလုံးကို လက်နှစ်ဖက်ဖြင့်တုန်ယင်စွာ လှမ်းယူ လိုက်သည်။ သူမယူလိုက်ပုံမှာ အဘိုးအနှင့်ထိုက်လှသောပစ္စည်းကို တုန်တုန်ရီရီဖြင့်လှမ်းယူနေခြင်းဖြစ်သည်။ သူ့အဖြစ်ကား လွန်စွာ သနားကြင်နာဖွယ်ကောင်းလှတော့သည်။

*****

## အခန်း (၅၃)
## ကြေကွဲဖွယ်ဖြစ်ရပ်

ထင်းစိန်၊ မွန်တင်းအတူနှင့်မွန်တင်းတို့သည် ဖုံအားသင့်စွာဖြင့် ရုပ်ဖျက်ထားသောနအင်းအား ကြည့်နေကြသည်။

ဤမိန်းကလေးက မည်သူနည်း။

အဘယ့်ကြောင့် ရုပ်ဖျက်ထားရသနည်း။

နအင်းက လက်ဝါးပေါ်မှဆေးလုံးအား အတန်ကြာငေး၍ ကြည့်နေသည်။ သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး ......

"ကျေးဇူးတင်ပါတယ်ဘိုးဘိုး၊ ဒါပေမဲ့ ကျွန်မ ဒီဆေးလုံးသောက်လို့လဲ အကြောင်းမထူးတော့ပါဘူးရှင် .... လွှတ်ပစ်လိုက်တာပဲကောင်းပါတယ်"

သူမသည် ယင်းသို့ပြောဆိုပြီးနောက် ထိုဆေးလုံးအားအဝေးသို့လွှင့်ပစ်လိုက်သည်။ ထိုတဒင်္ဂအချိန်တွင် .....

နံရံဘေး၌ရပ်နေသောထင်းစိန်သည် မွန်တင်းလက်ထဲမှဆေးလုံးအား လျှပ်တစ်ပြက်လုယူလိုက်သည်။



မွန်တင်းက ရင်ထိတ်သွားသည်။ သူ့ကို ဘိုင်းကွက်စုန်စ်ကွက်မှ တံခွန်ကြယ်ကြွေသိုင်းကွက်ဖြင့် လျှပ်တစ်ပြက်သိမ်းရှောင်လိုက်သည်။ ထင်းစိန်က ရှေ့သို့တစ်လှမ်းတိုးကာ သူ၏ညာဘက်လက်ဖြင့် မွန်တင်း၏ဆေးလုံးဆုပ်ကိုင်ထားသော လက်ကောက်ဝတ်ကိုဖမ်းဆုပ်ရန် ဆန့်ထုတ်လိုက်သည်။

"ဟိတ်.... ငါ့အိမ်ထဲမှာဘယ်သူမှရန်မဖြစ်ရဘူး၊ စကားနားမထောင်ရင်တော့ ငါနဲ့ရင်ဆိုင်ရမှာပဲ"

ထင်းစိန်က အဘွားအို၏စကားကိုကြားရသောအခါ ဆန့်ထုတ်လိုက်သောလက်ကိုပြန်လည်ရုပ်သိမ်းလိုက်သည်။

ထို့နောက် အဘွားအိုအားခေါင်းညိတ်ပြလိုက်ပြီး ....

"ကောင်းပါပြီ ... ဘွားဘွားရဲ့စကားကို ကျွန်တော်ရိုသေလေးစားတဲ့အနေနဲ့ သူ့ကိုချမ်းသာပေးလိုက်ပါမယ်"

သူမစိတ်ထဲတွင် ရုပ်ဖျက်ထားသောမွန်တင်းက အဘယ့်ကြောင့် မိမိအပေါ် ဤမျှဂရုစိုက်သည်ကို မတွေးတတ်အောင်ဖြစ်သွားမိသည်။ ဟိုချင်းက အဘွားအိုအားပြုံးပြလိုက်သည်။

"ဩော် .... လက်စသတ်တော့ မင်းရဲ့ဒေါသကြီးမှုတွေ တော်တော်ပြောင်းလဲသွားပြီပဲ၊ မဆိုးဘူး ..... မဆိုးဘူး .... မင်းတရားရလာပြီပဲ"

အဘွားအိုက ဟိုချင်း၏စကားကိုတုံ့ပြန်ပြောဆိုခြင်း မပြုချေ။ သူမက မွန်တင်းထံလျှောက်သွားပြီးလက်ဖြန့်လိုက်၏။

"ကဲ… မင်းလက်ထဲကဆေးလုံး ငါ့ကိုပေးစမ်း"

မွန်တင်းက စဉ်းစားခြင်းမပြုတော့ဘဲ ဆေးလုံးကို အဘွားအိုအား ပေးလိုက်သည်။ အဘွားအိုသည် ထိုဆေးလုံးအား လက်ထဲရောက်သွားသည်နှင့် ပါးစပ်ထဲသို့ထည့်ကာမျိုချလိုက်သည်။

သူမ၏အပြုအမူကြောင့် မွန်တင်းမှာ မျက်လုံးပြူးကျယ်သွားလေသည်။ အဘွားအိုက အားရပါးရရယ်မောလိုက်သည်။

သူမက ဟိုချင်းအားလှမ်းကြည့်လိုက်သည်။

"ဒီမှာဟိုချင်း ငါတရှားရနေတာ မင်းပြောတာမှန်တယ်ကွဲ့၊ ဒါကြောင့်လဲ ငါအခု ဆေးလုံးကိုရထိုက်တယ်မဟုတ်လား"

ဟိုချင်းသည် ဒေါသထွက်ခြင်းမရှိပါ။

အံ့ဩသည့်ဟန်အမူရာလည်းမရှိပါ။

သူက တဟားဟားရယ်မောလိုက်သည်။

"ဒီမှာ…. ငါက သိုင်းသမားတစ်ယောက်ဆိုပေမဲ့ ဉာဏ်ရှိပါသေးတယ်၊ မင်းလုယူလိမ့်မယ်ဆိုတာ သိလို့ ငါကဆေးလုံးကို အစစ်ပေးလိုက်တာမဟုတ်ပါဘူး"

ဟိုချင်း၏စကားကြောင့် အဘွားအို၏မျက်နှာမှာ ကွက်ခနဲပျက်သွားလေ၏။ တစ်ချိန်တည်းမှာပင် အရပ်ရှည်သော အဘိုးအိုနှင့်အရပ်ပုသောအဘိုးအိုတို့က အဘွားအို၏ဝဲယာဘက်သို့ ပြိုင်တူချဉ်းကပ်သွားကြသည်။

သူတို့၏ပုံသဏ္ဍာန်မှာ အဘွားအိုအား ဝိုင်းရံထားသည့်



ပုံသဏ္ဍာန်ဖြစ်သည်။

ကျင်ထွေးအဖြစ်ရုပ်ဖျက်ထားသော နှအင်းက အဘွားအိုမှာ မိမိ၏ဆေးလုံးကိုလုယူပြီးမျိုချလိုက်သည်ကို တွေ့ရသောအခါ ထိတ်လန့်သွား၏။

ဤအဘွားအိုသည် အဘယ့်ကြောင့် ယင်းဆေးလုံးကို လုယူရန်ကြံစည်ရပါသနည်း။

သူမ ဤသို့တွေးနေစဉ်မှာပင် …… ဟိုချင်းနှင့်အပေါင်းပါအဘိုးအိုတို့သည် အဘွားအိုအား တြိဂံသိုင်းကွက်ဖြင့်ဝိုင်းရံထားကြသည်။ ထိုအခါ သူမ ရင်ထိတ်သွားရတော့သည်။

သူမသည် ဤအဘွားအိုထံသို့ရောက်ရှိနေခဲ့သည်မှာရက်ပေါင်းအတန်ကြာခဲ့လေပြီ။

ထိုရက်များအတွင်း အဘွားအိုက မိမိအပေါ်အစစအရာရာပြုစုစောင့်ရှောက်ခဲ့သည့်ကျေးဇူး ရှိသေးသည်မဟုတ်ပါလော။

ယခု မိမိဆေးလုံးအတွက် ဟိုချင်းတို့နှင့်တိုက်ခိုက်မည်ဆိုပါက ကျေးဇူးကန်းရာကျမည်ဟု သူမတွေးမိလိုက်သည်။

ဟိုချင်းမှာလည်း ကျေးဇူးရှိသူဖြစ်နေ၏။

ထို့ကြောင့် …. သူမကဟိုချင်းအားပြုံးပြလိုက်သည်။

"ဘိုးဘိုး …… ဘွားဘွားက ဒီဆေးလုံးကိုသောက်ချင်နေမှတော့ သူ့အတွက်ပေးလိုက်ပါတော့၊ ကျွန်မ အကျည်းတန်ဘဝရောက်နေပေမဲ့ စိတ်ထဲမှာဘာယ်လိုမှမဖြစ်တော့ပါဘူး၊ ဒါ့ကြောင့်

ကျွန်မ နဂိုမျက်နှာပြန်မဖြစ်လာတာကိုလဲ ဝမ်းမနည်းတော့ပါဘူး ဘိုးဘိုးရယ်"

ဟိုချင်းက နအင်း၏စကားကို ကြားလိုက်ရသောအခါ အံ့အားသင့်သွားသည်။

"ဖြစ်ပါ့မလားကွယ် ..... မင်းနောက် မွန်တင်းနဲ့တွေ့တဲ့အခါမှာ သူဘယ်လိုလုပ်ယုံမှာလဲကွဲ့"

မွန်တင်းသည် သူတို့နှစ်ယောက် အချီအချပြောနေသော စကားများကိုကြားလိုက်သောအခါ တွေဝေသွားသည်။

ထိုစဉ် နအင်း၏အသံက ထပ်မံထွက်ပေါ်လာသည်။

"ဘိုးဘိုးရယ်.... မွန်တင်းအကြောင်း နောက်ထပ်မပြောပါနဲ့တော့၊ ကျွန်မလဲ သူနဲ့တွေ့ဖို့ လွယ်တော့မယ်မထင်တော့ပါဘူး"

ဟိုချင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလောက်စိတ်ဓာတ်မကျပါနဲ့ကွယ်၊ အမှန်အတိုင်းပြောရရင် မွန်တင်းဆိုတဲ့သူငယ်ဟာ သစ္စာရှိတယ်လို့ အဘိုးသိရတယ်၊ မင်းအပေါ်လဲ မေတ္တာမပျက်ပါဘူးကွယ်၊ မင်းနဲ့ပတ်သက်လို့ရှိရင် သူက အသက်ကိုစွန့်ဝံ့တဲ့လူငယ်တစ်ယောက်ပါ"

ထိုအခါ..... နအင်းမှာခေါင်းငုံ့သွားသည်။

ဟိုချင်းက စကားကိုဆက်ပြောလိုက်ပြန်သည်။

"အမှန်မှာ.....မင်းဟာ သူ့ကိုအထင်လွဲနေတာပါ၊ တည်းခိုခန်းမှာတွေ့ခဲ့ရတဲ့အမျိုးသမီးက ယို့မေလို့ခေါ်တယ်ကွဲ့၊ သူမက



မွန်တင်းကိုအပယ့်သွင်းပြီး လုပ်ကြံမလို့ပါပဲ"

နအင်းက ထိုစကားကိုကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

"မှာတ်လားဘိုးဘိုး"

"ဟုတ်ပါတယ် ... မင်းဆရာမ ကြာပန်းဒေဝီက အချိန်မီကယ်တင်လိုက်လို့ပေါ့။ ကဲပါလေ မင်းကိုငါ ကတိပေးထားတဲ့အတိုင်း သူ့ကိုမတွေ့တွေ့အောင်ရှာပေးပါ့မယ်၊ မင်းတို့နှစ်ယောက် ပြန်လည်တွေ့ဆုံပြီး အေးချမ်းတဲ့နေရာတစ်နေရာမှာ ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ဘိုးဘိုးကူညီပေးပါ့မယ်"

ဟိုချင်း၏စကားကိုကြားလိုက်ရသောအခါ မွန်တင်းမှာ အံ့သြသွားသည်။ ထိုအကျည်းတန်သောကျင်ဝေွးဆိုသူမှာ မိမိချစ်သူ နအင်းမှန်းသိရှိလိုက်လေတော့သည်။ သူ၏ရင်ထဲတွင် ဖော်မပြနိုင်သောခံစားချက်များသည် တလှိုမ့်လှိုမ့်တက်၍လာသည်။

သို့၏မျက်လုံးအစုံက နအင်းအား စိုက်ကြည့်လိုက်လေသည်။ ထိုစဉ် ... နအင်း၏မျက်လုံးအစုံမှမျက်ရည်များလည်းလှိမ့်ဆင်းကျလာတော့သည်။

"ကျေးဇူးတင်ပါတယ်ဘိုးဘိုးရယ် ... ဒါတွေအားလုံးကို ကျွန်မလဲကြားခဲ့ပါပြီ၊ သူ့ကိုအထင်လွဲခဲ့မိတာ ကျွန်မရဲ့အမှားပါ၊ ဒါပေမဲ့ သူ ကျွန်မကိုတွေ့ရင်မှတ်မိမှာမဟုတ်ပါဘူး"

သူမကပြောရင်း အသံများတိမ်ဝင်လာ၏။

ဟိုချင်းက သူမအားပြုံးပြလိုက်သည်။

"အို.... စိတ်ချ သူမှတ်မိအောင်ငါတာဝန်ယူပါ့မယ်"

နအင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကိစ္စမရှိပါဘူးအိုးဘိုးရယ်၊ သူ့ကိုတွေ့ရင် ကျွန်မဟာ နအင်းပါလို့ပြောပြမယ်၊ သူက ကျွန်မ အကျည်းတန်နေလို့ မချစ်နိုင်ဘူးဆိုရင်လဲ ကျွန်မကသိုလ်မပေါ့၊ ကျွန်မအတွက်နဲ့ဘိုးဘိုးဒုက္ခရောက်လှပါပြီ"

ထိုအခါ.... မွန်တင်း စိတ်ကိုမထိန်းနိုင်တော့ချေ။ သူက နအင်းထံသို့ပြေးလွှားသွားပြီးလျှင် နအင်းအား လျှပ်တစ်ပြက် ပွေ့ဖက်လိုက်လေတော့၏။

ထို့နောက် သူက .....

"မမရယ် .... မမကို ကျွန်တော်လိုက်ရှာရတာ ဘယ်လောက်ဒုက္ခရောက်တယ်ထင်လဲ၊ အခုမှပဲတွေ့ရတော့တယ်"

အဖြစ်အပျက်မှာ မြန်ဆန်လွန်းသဖြင့် အားလုံးထိတ်လန့်တုန်လှုပ်သွားသည်။ နအင်းက ရုတ်တရက် တစိမ်းယောကျ်ားတစ်ယောက်က သူမအားပွေ့ဖက်လိုက်သည်ဟု ထင်မှတ်လိုက်မိသည်။

ထိုအခါ .... သူမက ပွေ့ဖက်ထားသော မွန်တင်းအား လက်ဝါးဖြင့်ရိုက်ထုတ်လိုက်သည်။ သူ၏စိတ်ထဲတွင် ဝမ်းသာလွန်း၍ နအင်းကမိမိအားတိုက်ခိုက်လိမ့်မည်ဟုမတွေးမိခဲ့ချေ။



ထို့ကြောင့် နအင်းတိုက်ခိုက်လာသည်ကို ရှောင်တိမ်းခြင်းမပြုမိချေ။ နအင်း၏တိုက်ခိုက်မှုသည် လွန်စွာထိရောက်သွားလေ၏။

"ဝုန်း"

သူ၏ရင်ဝသည် နအင်း၏လက်ဝါးစောင်းရိုက်ချက် ထိမှန်သွားကာ ခန္ဓာကိုယ်မှာ အဝေးသို့လွင့်စဉ်သွား၏။

ထို့နောက် သူသည် မြေကြီးပေါ်သို့လဲကျကာ သတိလစ်သွားလေတော့သည်။ နအင်းသည် တစိမ်းယောကျ်ားလေးတစ်ယောက်က မိမိအားလာရောက်ရပွေ့ဖက်သည်ကိုရှက်မိသဖြင့် အမှတ်မထင် ပြန်လည်တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သို့သော် .... ဤမျှပြင်းထန်လိမ့်မည်ဟုမထင်မိချေ။

ယခု.... သူမ၏လက်ချက်ကြောင့် ယင်းသို့ဖြစ်သွားသည်ကိုတွေ့မြင်လိုက်ရသောအခါ စိတ်မကောင်းဖြစ်လာသည်။

ဟိုချင်းသည် အတွေ့အကြုံရင့်ကျက်သောလူကြီးပီပီ ထိုသူငယ်၏ပြုမှုပုံကိုကြည့်ပြီးအံ့ဩမိသည်။ ထိုသူငယ်မှာအကြောင်းတစ်ခုခုရှိ၍ ဤကဲ့သို့ပြုမူခြင်းဖြစ်မည်ဟုယူဆသည်။

ထို့ကြောင့်.... သူသည် မွန်တင်းထံသို့[illegible]လျှောက်သွားပြီး မွန်တင်း၏ဒဏ်ရာကိုစမ်းသပ်ကြည့်လိုက်သည်။ သတိမေ့မြော နေသည်ကိုတွေ့လိုက်ရသည်။ သူသည် မွန်တင်း၏ရင်ဝကိုအသာအယာပွတ်သပ်ပေးလိုက်၏။ မကြာမီ .....

"အား"

မွန်တင်းက ယင်းသို့ညည်းညူပြီးသတိရလာလေသည်။

သူ့အား ဟိုချင်းပွေ့ဖက်ထားသည်ကိုတွေ့လိုက်ရသည်။ သူသည် နအင်းအားလှမ်းကြည့်လိုက်၏။ နအင်းက မိမိအား ငေးကြည့်နေသည်ကိုတွေ့လိုက်ရသောအခါ ရင်ထဲ၌ဝမ်းနည်းသောကြာ မျက်ရည်များကျဆင်းလာလေသည်။

သူက နအင်းအားကြည့်လိုက်ပြီး .....

"မမရယ် မမက ဘာဖြစ်လို့ ကျွန်တော့်ကိုပစ်ပြီးထွက်သွားရတာလဲ၊ ဘာဖြစ်လို့ ဆံပင်ဖြတ်ပြီး စာရေးထားခဲ့ရတာလဲ၊ ကျွန်တော် မမကိုလိုက်ရှာရတာ ဘယ်လောက်ဒုက္ခရောက်သလဲဆိုတာ မမသိသလားဟင်၊ မမကရုပ်ဖျက်ပြီး ကျွန်တော့်ကို ဘာလို့ညာနေရတာလဲ ပြောစမ်းပါဦး"

နအင်းသည် ထိုစကားကိုကြားလိုက်ရသောအခါ ရင်ထဲ၌ တလှပ်လှပ်ခံစားလာရပြီး မျက်ရည်များ တသွင်သွင်ကျဆင်းလာလေတော့သည်။

****



## အခန်း (၃၄)
## အကြီးကျယ်ဆုံးပုဂ္ဂိုလ်

အခန်းတစ်ခုလုံးတွင် တိတ်ဆိတ်၍နေသည်။

မွန်တင်း၏စကားသံများသည် ကြားရသူအဖို့ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ပေါ်လာစေသည်။ သူတို့နှစ်ယောက်၏ ချစ်ခြင်းမေတ္တာကိုကြည့်ပြီး အတိုးအိုသုံးယောက်နှင့် အဘွားအိုတို့မှာ စိတ်ထိခိုက်လာကြလေသည်။ ရုတ်တရက် အဘွားအိုက တဟားဟားရယ်မောလိုက်လေသည်။

သူမက မွန်တင်းအား စေ့စေ့ကြည့်လိုက်၏။

"ဩော်.... မွန်တင်းဆိုတာမင်းကိုး၊ ဘွားဘွားကတော့ သိုင်းလောကမှာအနားယူပြီးကတည်းက ဒီမှာလာပြီး အေးအေးချမ်းချမ်းနေထိုင်နေခဲ့ပါတယ်၊ ဒါပေမဲ့ သိုင်းလောကမှာ မင်းရဲ့နာမည်ကိုမကြာခဏကြားခဲ့ရတယ်၊ ကနေ့ မင်းကိုတွေ့ရတဲ့အခါမှာသတ္တိရှိတဲ့ယောကျ်ားဆိုတာသိလိုက်ရလို့ ဘွားဘွားသိပ်ဝမ်းသာတယ်၊ အမှန်ပြောရရင် ... ငါတစ်သက်တာမှာ ရက်စက်ကြမ်းကြုတ်တယ်

ဆိုပြီးနာမည်ကြီးခဲ့တယ်၊ ခုတော့ ဘွားဘွားက မင်းတို့နှစ်ယောက်ကို မေတ္တာတုံ့ပြန်ပါ့မယ်၊ ခုအချိန်ကစပြီး မင်းတို့နှစ်ယောက် သွားလိုရာသွားနိုင်ပြီ"

သူမက ဤသို့ပြောဆိုပြီး ထင်းစိန်နှင့်မွန်တင်းအတွအား တစ်ချက်ကြည့်လိုက်သည်။

"ဘယ်သူမဆို မင်းတို့နှစ်ယောက်ကိုဟန့်တားနှောင့်ယှက်ရင် ငါကအသက်နဲ့လဲပြီးရင်ဆိုင်မယ်"

ဟိုချင်းက အဘွားအို၏ မမျှော်လင့်သောစကားကိုကြားရသောအခါ ရယ်မောလိုက်သည်။

"ဟာ ဘယ်လိုလဲ၊ မင်းစကားကြားရတာ အနောက်ဘက်ကနေထွက်တယ်ဆိုတာကြားရသလို ငါတောင် ဘာကိုယုံရမှန်းမသိတော့ဘူး"

အဘွားအိုက ဟိုချင်းခနဲ့သောစကားကို စိတ်ဆိုးခြင်းမရှိပါ။ သူသည် သူကိုယ်သူပြုပြင်ပြီးဖြစ်ပါသည်။

သူမ၏မျက်နှာတစ်ခုလုံး ရွှင်ပြုံးနေလေသည်။

"ဒီမှာအဘိုးကြီး .... လူဆိုတာ တစ်သမတ်တည်းလို့ ရှင်ထင်ရင်မှားမှာပေါ့၊ ပြောင်းလဲသင့်တဲ့အချိန်၊ မေတ္တာတရားကို နားလည်တဲ့အချိန်မှာ ဘယ်သူမဆို ပြောင်းလဲလာတတ်ကြပါတယ်ရှင်"

ဟိုချင်း ခေါင်းညိတ်လိုက်သည်။



"သာခုဗျာ...သာခုပါ၊ ခင်ဗျားရဲ့စကားကိုကြားရတော့ ကျုပ် ဝမ်းသာလို့မဆုံးပါဘူး"

ထိုစဉ်.... နှအင်းက မိမိကိုယ်ကို မွန်တင်းဟုပြောလာသော လူငယ်အား မျက်တောင်မခတ် အကဲခတ်ကြည့်ရှုနေလိုက်သည်။

"သိုင်းလောကမှာ ငါဟာရုပ်ဖျက်တဲ့ နေရာမှာ အတော်ဆုံးပဲလို့ အားလုံးက ပြောကြတယ်၊ အခု မင်းကို ရုပ်ဖျက်ပေး တဲ့လူက ငါ့ထက် ပိုတော်နေပါလား၊ ပြောစမ်း....ဒီလူက ဘယ် သူလဲ"

မွန်တင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အမှန်ပြောရရင် ဒီလူကို ကျွန်တော်မသိပါဘူးဗျာ၊ သူ့ကိုယ်သူတော့ ပေခင်ဆရာလို့ ပြောပါတယ်၊ သူ့မိတ်ဆွေ တစ်ယောက်က ကျွန်တော့်ကို စောင့်ရှောက်ပေးဘို့ အကူအညီတောင်းလို့ အခုလို ရုပ်ဖျက်ပေးလိုက်တာပါပဲ"

ထိုစဉ်.... အေးစက်သော ရယ်မောသံတစ်သံကို ကြားလိုက်ရလေတော့သည်။

✻✻✻✻✻

ထိုရယ်မောသံနှင့်အတူ အဘိုးအိုတစ်ယောက်သည် အတွင်း ဘက်မှ ထွက်လာလေ၏။ မွန်တင်းသည် ထိုအဘိုးအိုကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြသည်။

ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် .....

ထိုအဘိုးအိုသည် မိမိအား ရှပ်ဖျက်ပေးလိုက်သော ဗေဒင်ဆရာဖြစ်နေသောကြောင့်တည်း။

အခန်းထဲရှိလူများအားလုံးသည် အဘိုးအိုထွက်လာသည်ကိုတွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြသည်။

ထိုလူများအထဲမှ အဘွားအိုကပို၍အံ့ဩနေသည်။

အကြောင်းမှာ တဲအိမ်သည် အိမ်ရှေ့တံခါးပေါက်မှလွဲ၍ နောက်ဖက်တွင် တံခါးပေါက်များမရှိပါ။ ပြတင်းပေါက်လည်း မရှိပါ။ ယခု အဘိုးအိုသည်အတွင်းဘက်မှထွက်လာခြင်းဖြစ်၏။ သူမည်သည့်နေရာမှထွက်လာပါသနည်း။

သူမကာယင်းသို့တွေးရင်း .....

"ရှင် ဘယ်သူလဲ၊ ဘာမပြောညာမပြောနဲ့ အိမ်ထဲကထွက်လာရတာလဲ"

အဘိုးအိုက ရယ်မောကာဖြင့် အဘွားအိုထံသို့လျှောက်လာလေသည်။

"ဒီမှာအဘွားကြီး ကျုပ်ကို မင်းတို့လို သိုင်းပညာတစ်မျိုးပဲတတ်ထားတယ်ထင်သလား၊ ကျုပ်က ဗေဒင်လဲ တွက်တတ်တယ်၊ ရှပ်လည်းဖျက်တတ်တယ်၊ မိုးလဲပျံနိုင်တယ်၊ မြေလဲလျှိုးနိုင်တယ်၊ မင်းရဲ့တဲအိမ်လောက်တော့ ငါဘယ်လိုဝင်ဝင်ရတာပဲ"

ဟိုချင်းတို့သည် ထိုအဘိုးအိုအား တွေ့မြင်လိုက်ရသောအခါ အံ့အားသင့်သွားကြလေတော့သည်။



အဘိုးအို၏လမ်းလျှောက်ပုံမှာ အရက်မူးသမားတစ်ယောက်ပမာ ယိမ်းယိုင်နေသည်။

အမှန်မှာ.... ထိုအဘိုးအို၏ခြေလှမ်းများသည် သိုင်းကွက်ဖြင့်လျှောက်နေသည်ကို သူတို့သတိပြုမိကြ၏။ ဟိုချင်းက သိုင်းလောကတွင် ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာပြီဖြစ်ပါသည်။

သိုင်းလောကတွင် အဆင့်မြင့်သည့်သိုင်းသမားများကိုသူမသိသူ ခပ်ရှားရှားပင်။

သို့သော်... ယခုဤအဘိုးအိုကို မည်သူမည်ဝါဖြစ်နေမှန်းသူ မသိရှိချေ။

အဘိုးအိုက မှန်တင်းအနီးသို့လျှောက်လာပြီး မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုလဲကွ၊ မင်းက ယောက်ျားရင့်မကြီးတစ်ယောက်ဖြစ်ပြီး မိန်းမတွေစောင်ကားတာခံနေရတယ်၊ ကြည့်စမ်း.... မင်းအခုအရိုက်ခံရတယ်မဟုတ်လား၊ ဒါမှ.... အခုတည်းက မင်းကြောက်နေရင်တော့ မင်းတစ်သက်လုံး မိန်းမအနိုင်ကျင့်တာ ခံရတော့မှာပဲ၊ အဲဒီတော့ ......"

သူက နအင်းအားတစ်ချက်ကြည့်လိုက်ပြီး .....

"ယောက်ျားစျေးမပျက်အောင် မင်း သူ့ကိုသွားပြီးပြန်ရိုက်လိုက်စမ်း"

မွန်တင်းက ထိုအဘိုးအို၏စကားကိုကြားရသောအခါ ပို၍အံ့အားသင့်သွားသည်။

ဤအဘိုးအိုက မိမိအကြောင်းကို အဘယ့်ကြောင့် ယခုလို ခရေစေ့တွင်းကျသိထားရပါသနည်း။

အဘိုးအိုသည် မွန်တင်းတွေဝေသွားသည်ကိုတွေ့ရသော အခါရယ်မောလိုက်သည်။

"ဟား ... ဟား .... ဟား မင်းက သူ့ကိုမရိုက်ရက်ဘူး ဟုတ်လား၊ မင်းက မိန်းမကြောက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ် ချင်တယ်ဟုတ်လား"

မွန်တင်းသည် အဘိုးအို၏စကားကြောင့် အနည်းငယ် ရှက်သွားသည်။ သူက အားတုံ့အားနာဖြင့် အဘိုးအိုအားဂါရဝပြု လိုက်လေ၏။

"ကျွန်တော်နဲ့နအင်းကိစ္စကို ဦး ဘာမှမသိပါဘူးခင်ဗျား၊ ကျွန်တော်တို့ကိုခွင့်လွှတ်ဖို့ ကျွန်တော်တောင်းပန်ပါတယ်"

အဘိုးအိုကရယ်မောရာမှမျက်နှာတည်လိုက်၏။

"ဘယ်လိုလဲကွ .... မင်းကအကောင်းအဆိုးတောင်မခွဲ ခြားတတ်တဲ့လူငယ်တစ်ယောက်ပါလား"

မွန်တင်းက ခေါင်းငုံ့ထားလိုက်လေသည်။

ထိုအခါ..... အဘိုးအိုကဒေါသထွက်လာသည်။

"ဒီမှာသူငယ်၊ မင်းသူ့ကိုပြန်မရိုက်ရင်တော့ မင်းကငါ့ကို



ကျေးဇူးကန်းတဲ့လူတစ်ယောက်လို့ယူဆရတော့မှာပဲ"

အဘိုးအိုသည် တစ်ဖွတ်ထိုးကြီးပြောနေသည်။

နအင်းသည် လွန်စွာအကင်းပါးသည်။

သူလိမ္မာမှသာ အဘိုးအိုကျေနပ်မည်ကို သူသိသည်။

နအင်းသည် မွန်တင်းထံသို့လျှောက်လာပြီး .....

"မွန်တင်း..... ဘဘရဲ့စကားကိုနားထောင်ပါ၊ မမကိုပြန် ရိုက်ပါ၊ ရိုက်ပါမောင်လေးရယ် .... မမဘာယ်လိုမှသဘောမထားပါ ဘူး"

သူမက ယင်းသို့ပြောပြီး မွန်တင်းရိုက်စေရန် ရှေ့သို့ခေါင်း ငုံ့ရပ်နေလိုက်၏။ မွန်တင်းက မည်သို့ပြုလုပ်ရမှန်းမသိဘဲတွေဝေ နေလေသည်။ အဘိုးအိုကမျက်မှောင်ကုပ်သွားသည်။

"ဟေ့....သူငယ်၊ ဘယ်လိုလဲကွ သူက မင်းကိုရိုက်ပါလို့ ပြောနေမှ ရိုက်လိုက်လေကွာ၊ မင်းမရိုက်ရင်ငါရိုက်ရလိမ့်မယ်"

ဖိုချင်းသည် ထိုအဘိုးအိုက တစ်ယူသန်ပြောဆိုပျက်ရှိ သည်ကိုကြားရသောအခါ မနေနိုင်တော့ချေ။

သူက အဘိုးအိုထံသို့လျှောက်သွားပြီး ....

"ဒီမှာခင်ဗျား သူ့ကိုရိုက်မဲ့အစား ကျွန်တော့်ကိုရိုက်ပါ"

သူကပြောရင်း အတွင်းအားစုထားလိုက်သည်။

ဖိုချင်း၏စကားကိုကြားရသောအခါ မွန်တင်းရင်ထိတ် သွားသည်။

သူ့အတွက်နှင့် သူတို့အချင်းချင်းရန်ဖြစ်လာသည်ကို သူကမလိုလားချေ။ သူက ကပျာကယာ ဟိုချင်းအား ဦးညွှတ်လိုက်သည်။

"စိတ်မဆိုးပါနဲ့ဗျာ .... ကျွန်တော့်ကြောင့် အခုလိုဖြစ်တာ ကျွန်တော်စိတ်မကောင်းပါဘူး"

အဘိုးအိုက တဟားဟားရယ်မောလိုက်လေသည်။

****

"ဟား...ဟား....ဟား....."

သူက မှန်တင်းအားကြည့်လိုက်ပြီး ....

"မင်း သူ့ကိုလူတော်လူကောင်းထင်နေရင် မှားလိမ့်မယ်၊ သူ့ကိုအထင်မကြီးနဲ့"

အဘိုးအိုကပြောပြီး အရပ်ရှည်အဘိုးအိုနှင့်အရပ်ပုအဘိုးအိုတို့ကို အရိပ်အခြေပေးလိုက်သည်။

"သူတို့သုံးယောက်စလုံးဟာ တစ်ချိန်က လူသတ်သမားတွေပဲ"

ဟိုချင်းဒေါသထွက်လာသည်။

"ဘာလဲ ...... ခင်ဗျားကဘယ်သူလဲ၊ ကျုပ်တို့ကိုရန်စတာလား"

အဘိုးအိုက သူ့အားပြုံးစိစိဖြင့်ကြည့်လိုက်ပြီး .....



"ဟဲ .... ဟဲ .... ဟဲ ..... မင်းတို့သုံးယောက်က ကိုယ့်ကိုကိုယ်ဟုတ်နေပြီလို့ထင်ကြတယ်၊ သူများက မင်းတို့ကို အထင်ကြီးပေမဲ့ ငါနဲ့တွေ့ရင် မင်းတို့ခံသွားရမယ်"

အရပ်ရှည်အဘိုးအိုကသည်းမခံနိုင်တော့ချေ။

"ဒါဖြင့် ..... ကျုပ်တို့နဲ့သိုင်းပညာ တစ်ပွဲတစ်လမ်းယှဉ်ပြိုင်ကြမယ်၊ ဘယ့်နှယ်လဲ"

အဘိုးအိုကရယ်မောလိုက်သည်။

"မင်းတစ်ယောက်တည်းနဲ့ မဖြစ်ပါဘူးကွာ၊ မင်းတို့သုံးယောက်စလုံး ....."

သူကစကားကိုရပ်တန့်လိုက်ပြီးမှ .....

"အို မင်းတို့သုံးယောက်လဲမဖြစ်သေးဘူး၊ ငါကမင်းတို့သုံးယောက်ကိုအသာပေးပြီး သိုင်းကိုးကွက်ကိုလဲ အသာပေးမယ်ဟုတ်လား၊ ဘယ့်နှယ့်လဲ"

အဘိုးအို၏စကားကြောင့် မှန်တင်းမှာထိတ်လန့်တုန်လှုပ်သွား၏။ ဤအဘိုးအိုသည် ဤမျှကြီးကျယ်စွာပြောဆိုသည်ကို အံ့သြမဆုံးပါ။

ဤမျှကြီးကျယ်လိမ့်မည်ဟုလည်း မခန့်မှန်းမိပါ။

ဟိုချင်းတို့ သုံးယောက်မခံပိုထားနှင့်။

ဟိုချင်းတစ်ယောက်ပင်လျှင် .... ပြိုင်ဘက်ရှားသောသိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။

ယခုအဘိုးအိုက ဟိုချင်းတို့သုံးယောက်နှင့်ယှဉ်ပြိုင်မည့် အပြင် သိုင်းကိုးကွက်ပင်အသာပေးမည်ပြောဆိုသည်မှာ အဘိုးအိုက စိတ်မနှံ့၍လော။

ကယောင်ကတန်းပြောခြင်းပေလော။

ဟိုချင်းက ဒေါသအမျက်ချောင်းချောင်းထွက်လာ၏။

"ခြောင်လက်စသတ်တော့ ခင်ဗျားကရန်စဖို့လာတာကိုး၊ ကောင်းပြီလေ ကျုပ်ယှဉ်ပြိုင်ပါ့မယ်"

အဘိုးအိုက အခန်းအားတစ်ချက်ကြည့်လိုက်သည်။

"အင်း..... ဒီနေရာက ကျဉ်းလွန်းပါတယ်၊ အပြင်သွားကြရအောင်"

ပြောပြီးသည်နှင့်..... သူ၏ခန္ဓာကိုယ်သည် လျှပ်တစ်ပြက် အခန်းပြင်သို့ခုန်ထွက်သွားလေတော့သည်။

****



အခန်း (၁၅)

သိုင်းအတွင်းခေါင်

ဟိုချင်းတို့က အဘိုးအိုထွက်သွားသည်ကိုတွေ့ရသောအခါ သူတို့သည် ရှေ့ဆင့်နောက်ဆင့်ဖြင့် တဲအိမ်မှခုန်ထွက်လာကြတော့သည်။

မွန်တင်းနှင့်နအင်းတို့မှာလည်း နောက်မှလိုက်၍ထွက်လာကြသည်။ နှင်းများသည် တဖွဲဖွဲကျနေသည်။

အဘိုးအိုက မလှုပ်မယှက်ရပ်၍နေသည်။

ဟိုချင်းနှင့်အဘိုးအိုတို့နှစ်ယောက်သည် ကြိုက်ပုံသဏ္ဌာန်ဖြင့်နေရာယူထားပြီးလျှင် အဘိုးအိုထံသို့လျှောက်သွားကြလေ၏။

မွန်တင်းက နအင်း၏အနားတွင်ရပ်လျက် သူမအား ငေး၍ကြည့်နေ၏။ နအင်းက ထိုအဘိုးအိုအားတစ်ချက်ကြည့်လိုက်ပြီး မွန်တင်းဘက်သို့လှည့်လိုက်၏။

"ဒီအဘိုးကြီးကဘယ်သူလဲဟင်"

မွန်တင်းက ခေါင်းခါယမ်းပြလိုက်သည်။

"မသိပါဘူးမမရယ်...."

ထိုအချိန်တွင် ဟိုချင်းကအဘိုးအိုထံသို့ ချဉ်းကပ်သွား၏။

အဘိုးအိုက သူ့အားတစ်ချက်ကြည့်လိုက်ပြီး .....

"ဘယ်လိုလဲ .... မင်းတို့က လက်နက်လဲမပါကြပါလား"

ဟိုချင်းကခေါင်းယမ်းလိုက်သည်။

"ကျုပ်တို့ လက်နက်မသုံးတာကြာပါပြီ"

"ခင်ဗျားရှာမည့်ဘယ်သူလဲဆိုတာ ကျုပ်တို့ကိုပြောပါ"

အဘိုးအိုကပြုံးပြလိုက်သည်။

"မလိုပါဘူးကွာ .... မင်းတို့ငါနဲ့ယှဉ်ပြိုင်တော့အခါမှာ ငါရဲ့ သိုင်းကွက်ကိုတွေ့တာနဲ့ ငါဘယ်သူလဲဆိုတာ မင်းတို့သိမှာပါ၊ တစ်ခုတော့ ပြောထားပါရစေ၊ ငါ့နာမည်ကိုသိရင် ဝမ်းထဲမှာထားပါ၊ ဖွင့်မပြောဖို့ငါတောင်းပန်ပါတယ်"

ဟိုချင်းသည် အဘိုးအို၏စကားကိုကြားရသောအခါ ကျန်ရှိသောအဘိုးအိုနှစ်ယောက်အား လှမ်းကြည့်လိုက်သည်။

အရပ်ရှည်နှင့် အရပ်ပုသောအဘိုးအိုတို့ကလည်း ခေါင်းညိတ်ပြလိုက်သည်။ ဟိုချင်းက အဘိုးအိုအားလက်အုပ်ချီကာအလေးပြုလိုက်၏။

"ကောင်းပြီလေ ကျုပ်တို့ဖွင့်မပြောဘူးကတိပေးပါတယ်"

အဘိုးအိုကပြုံးပြလိုက်သည်။



"ကဲ....ကဲ မင်းတို့စတိုက်ကြတော့"

ဟိုချင်းက ကျန်အဘိုးအိုနှစ်ယောက်အား တစ်ချက်ကြည့်လိုက်ပြီး လှုပ်တစ်ချက်သုံးပွင့်ခိုင်းအနေအထားဖြင့် အဘိုးအိုအား တိုက်ခိုက်လိုက်လေ၏။ ထိုသူတို့သုံးယောက်[illegible] ထူးဆန်းလှပေသည်။

အရပ်ရှည်သောအဘိုးအိုက [illegible] တဝန်ယူ၍တိုက်ခိုက်သည်။ အရပ်ပုသောအဘိုးအိုက [illegible] ကိုရွေး၍တိုက်ခိုက်၏။

ဟိုချင်းက ဦးခေါင်းဖြူသောအဘိုးအိုနှင့် [illegible] အားမှတ်၍တိုက်ခိုက်သည်။

သူတို့သုံးယောက်ပေါင်းမှ တိုက်ကွက်တစ်တွဲဖြစ်သည်။ သို့သော်..... ယင်းတိုက်ကွက်သည် သိုင်းလောကတစ်ခုလုံးတွင်မရှိသေးသောတိုက်ကွက်ဖြစ်သည်။

အဘိုးအို အသာအယာပြုံးလိုက်သည်။ သူ၏ခန္ဓာကိုယ်သည် အပေါ်ဘက်သို့ခုန်တက်သွား၏။

လေထဲသို့ရောက်သောအခါ ကျွမ်းတစ်ပတ်လှည့်ကာ ဟိုချင်းတို့၏တိုက်ကွက်ထဲမှခုန်ထွက်လာသည်။

ထို့နောက် ဟိုချင်းတို့၏နောက်ဘက်သို့ကျသွားသည်။

အဘိုးအို၏လှုပ်ရှားမှုမှာ .... လျှင်မြန်ဖျတ်လတ်ပြီး သွက်လက်သည်။

အဘိုးအို၏ လှုပ်ရှားမှုအား တွေ့မြင်လိုက်သော အဘွားအို မှင် အံ့အားသင့်သွားသည်။

ငိုရှိုက်ပြသွားသည်မှာ အဘိုးအိုရှောင်တိမ်းလိုက်သော တိုက်ကွက်သည် မည်သည့်တိုက်ကွက်ဖြစ်သည်ကို မသိလိုက်ရသောကြောင့်ဖြစ်သည်။

ထင်းစိန်နှင့်မှုန်တင်းအစာတို့ကလည်း အဘိုးအို၏ လှုပ်ရှားမှုကိုကြည့်ပြီးအံ့ဩနေကြသည်။

ထင်းစိန်သည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် သူ၏ အင်္ကျီအိတ်ထဲမှ အရှက်ပြသောမြားတစ်စင်းထုတ်ပြီး အပေါ်သို့ ထောင်၍ပစ်လိုက်သည်။ မီးတန်းတစ်ခုသည် အပေါ်သို့ထောင်တက် သွားလေတော့၏။

—



"မောက်"

အသံတစ်ချက်ထွက်ပေါ်လာပြီး အနီရောင် မီးပန်းများ လင်းစနဲ့ထွက်ပေါ်လာသည်။ ဟိုချင်းတို့က ထင်းစိန်၏အပြုအမူကိုနားမလည်ဘဲ အံ့အားသင့်စွာကြည့်နေကြသည်။

အဘိုးအိုက ရယ်မောလိုက်သည်။

"ဒီမှာထင်းစိန် .... မင်း ဘယ်သူ့ကိုအချက်ပေးခေါ်လိုက်တာလဲ"

ထင်းစိန်သည် ဘာစကားမျှမပြောပါ။

အဘိုးအိုကဆက်ပြောသည်။

"မင်းရဲ့ဆရာကိုခေါ်လိုက်ပါ ... မင်းရဲ့ဆရာအဘိုးကိုလဲခေါ်လိုက်၊ မင်းရဲ့ဆရာအဘွားကိုလဲခေါ်လိုက်ပါ၊ မင်းဟာ အခြေအနေကို မသုံးသပ်တတ်ဘူး"

အဘိုးအိုကဆက်ပြောပြန်သည်။

"ဟိုချင်းတို့လိုမှုဂိုဏ်းတွေကိုတောင် ငါကအရေးကြီးမပြိုင်နေတာ၊ မင်းရဲ့ဆရာကိုတော့ ငါ့စိတ်ထဲမှာတောင် မထည့်ထားဘူးကွ"

အဘိုးအို၏စကားကြောင့် ဟိုချင်းနှင့်အဘိုးအိုနှစ်ယောက်တို့သည် သူ့ထံသို့လှည့်ကြည့်လိုက်သည်။

လျှပ်တစ်ပြက် ဟိုချင်းက ထင်းစိန်ကိုတိုက်ခိုက်လိုက်လေသည်။

ထင်းစိန်က ကြိုတင်ပြင်ဆင်ထားသဖြင့် ဟိုချင်းတိုက်ခိုက်လာသည်ကို ယိုးမှယိုမှ သင်္ကြားလောင်သော သိုင်းကွက်စုနစ်ကွက်ဖြင့် ရှောင်တိမ်းလိုက်သည်။

ထိုအချိန်မှာ... အဆောင်မှ ရယ်မောသံတစ်သံကြားလိုက်ရလေသည်။ ထိုရယ်မောသံမှာ ချိုလွင်ပြီး အေးမှုတွက်ပေါ်လာသော်လည်း သူတို့အနေးသို့ ရောက်ရှိနေသမျှ အားလုံး အသံကပီပြင်လာလေသည်။ မွန်တင်းတို့က အံ့အားသင့်စွာဖြင့် ရယ်မောသံကြားရာသို့ လှမ်းကြည့်လိုက်သည်။

ဖြူဖွေးသောပတ်ဝန်းကျင်တစ်ခုတွင် အနီရောင်စက်လေးတစ်ခုကို ထင်ထင်ရှားရှားတွေ့မြင်လိုက်ရလေ၏။

*****

ထိုအနီစက်လေး ရွေ့လျားလာသည်ကို တွေ့လိုက်ရ၏။ တဖြည်းဖြည်းနီးကပ်လာသောအခါ အနီရောင်ဝတ်ဆင်ထားသောလူတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ခဏအကြာတွင်.... အနီရောင်ဝတ်ဆင်ထားသောသူသည် သူတို့ထံသို့ ရောက်ရှိလာလေ၏။ ထိုစဉ်မှ အားလုံးသောလူများသည် ထိုလူကို ပီပြင်ပြင်တွေ့မြင်လိုက်ရသည်။ အနီရောင်အဝတ်အစားဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးဖြစ်ပါသည်။



ထိုအမျိုးသမီးမှာ... အသက်လေးဆယ်ခန့်မျှရှိသည်ဟု ထင်ရသည်။ သူမ၏ရုပ်ရည်ကိုကြည့်လိုက်သည်နှင့် အလွန်ထူးချွန်သောသိုင်းသမားတစ်ယောက်ဖြစ်သည်မှာ ထင်ရှားလှသည်။ ထင်းစိန်က ထိုအမျိုးသမီးအား အရိုအသေပေးလိုက်သည်။

"ဆရာကို ကျွန်တော်ဂါရဝပြုပါတယ်ခင်ဗျာ"

ဟိုချင်းတို့သည် ထိုအမျိုးသမီးအားတွေ့မြင်လိုက်သောအခါ မျက်မှောင်ကုပ်သွားသည်။ ထိုအမျိုးသမီးသည် တိဗက်၌ အလွန်နာမည်ကြီးသောသိုင်းပညာရှင် စင်အိဖြစ်နေသည်ကိုတွေ့လိုက်ရ၏။

ထင်းစိန်က သူ၏ဆရာရောက်ရှိလာသဖြင့် ဟိုချင်းတို့လူစုအား ပြုံးစိစိဖြင့်ကြည့်နေသည်။ စင်ဖျားတို့ [illegible] သလဲဟုသည့် အမူအရာမျိုးပင်။

အဘိုးအိုက စင်အိလာရာလမ်းသို့ လှမ်းကြည့်လိုက်သည်။ ခြေရာလုံးဝ မတွေ့ရပါ။

"အင်း ...... ဒီအမျိုးသမီးက သိုင်းပညာအဆင့်မြင့်နေပါလား"

ဟုစိတ်ထဲမှ ကျိတ်၍မှတ်ချက်ချလိုက်သည်။ စင်အိကရပ်နေသူအားလုံးကို တစ်ချက်စေ့ကြည့်လိုက်ပြီးနောက် ....

သူမ၏စူးရှသောမျက်လုံးအစုံသည် မွန်တင်း၏မျက်နှာပေါ်ရောက်ရှိသွားသည်။

"ဘယ့်နှယ်လဲ .... မင်းကလဲရှစ်ဖျက်ထားတာကိုး"

အဘိုးအိုသည် ထိုစကားကိုကြားလိုက်ရသောအခါ ပိုရှုံ့ခဲ့အားသင့်သွားသည်။ စင်ဆီက အဘိုးအိုအားတစ်ချက်ကြည့်ပြီး ပြုံးပြလိုက်သည်။

"ရှင်သေပြီလို့ကျွန်မထင်နေတာ အခုတော့ ရှင်က မသေသေးဘဲကိုး"

အဘိုးအိုမျက်နှာကွက်စနဲ့ပျက်သွားသည်။ သူက ဦးညွှတ်လိုက်သည်။ အားလုံးဆွံ့အသွားကြသည်။

"ဟဲ .... ဟဲ .... ဟဲ .... ကျွန်မက ပြည်နယ်မှာနေရတာ မှုန်းသို့ ပြည်ကျော်ပြီး မိတ်ဆွေတွေနဲ့တွေ့ဆုံရှိလာတာပေါ့၊ အခု မမျှော်လင့်ဘဲ [illegible] ရှင်နဲ့လာတွေ့ရတာ"

မှန်[illegible]အုံ့အားသင့်သွားသည်။ အဘိုးအိုက မည်သည့်ကို မှမကြောက်ဟုပြောသည်။ ယခု စင်ဆီအားတွေ့လိုက်ရသောအခါ အဘယ့်ကြောင့် ဤကဲ့သို့ပြုမူနေရပါသနည်းဟု သူတွေးရှုံ့မရပါ။

စင်ဆီကပြုံးကာ ခေါင်းညိတ်လိုက်သည်။

"အင်းလေ ရှင်ကအကြောင်းအမျိုးမျိုးကြောင့် ရှင်နာမည်ကို ဘယ်သူမှအသိမခံချင်ဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ရပါတယ်ရှင် .... ရှင်ဘယ်သူဆိုတာ ကျွန်မ မေ့ထုတ်မနေတော့ပါဘူး"



"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စင်ဆီကလက်ကာပြလိုက်သည်။

"နေပါဦး .... ကျွန်မပြောစရာရှိသေးတယ်"

"ပြောပါဗျာ"

"ရှင့်ကိုကျွန်မဖုံးကွယ်ပေးခဲ့တဲ့အတွက် ကျွန်မကိုကျေးဇူးမတင်သင့်ပါလားရှင့်"

"ဟုတ်ကဲ့.... ကျုပ်ကျေးဇူးတင်ပါတယ်လို့ပြောပြီးပြီပဲ"

"ဟုတ်ပါတယ် .... ဒါပေမဲ့ ဒီလိုဒါးစမ်းနဲ့ကျေးဇူးတင်တာကို ကျွန်မမလိုလားဘူး"

"ဒါဖြင့် .... ဘယ်လိုကျေးဇူးတင်ရမှာလဲ"

"ကျွန်မတကယ်ကကူညီပေးတာပေါ့ ရှင်"

အဘိုးအိုကခေါင်းတညိတ်ညိတ်ဖြင့် ....

"ဟုတ်.... ဟုတ်ကဲ့ပါ"

အဘိုးအိုသည် ဆိုင်းပညာတွင်အလွန်ထူးချွန်သောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်မှာ အားလုံးကသိထားကြသည်။

သို့သော် .... ယခုမှာမူ စင်ဆီအား ညှိုးမှုကြောက်ရွံ့နေသည်ကိုတွေ့လိုက်သောအခါ ဟိုချင်းတို့အပါအဝင် မှန်တင်းနှင့်နအင်းတို့ပါ မတွေးတတ်ကြတော့ပေ။

***

## အခန်း (၅၆)

### တန်ဆောင်အရေခွံ

စင်အိ ကျေနပ်စွာခေါင်းညိတ်လိုက်သည်။

"ဒီလိုမှပေါ့ရှင်"

သူက မှန်တင်းအတုဘက်သို့လှည့်လိုက်သည်။

"မင်းကွယ်... တုစရာလူရှားလို့၊ ဒီလောက် အသုံးမကျတဲ့လူမျိုးကိုမှ သွားပြီးတုစရာရသလားဟင်"

မှန်တင်းအတုက ထစ်ထစ်ငေါ့ငေါ့ဖြင့်....

"ဟုတ်... ဟုတ်ပါတယ်၊ ကျွန်တော်...."

စင်အိသည် သူ၏စကားအားကြားဖြတ်ပြောလိုက်၏။

"သွားမှင်းရဲ့ မျက်နှာအရေခွံရှိတဲ့ရုပ်ကို သွားပြီးဖျက်လိုက်စမ်း၊ ဖျက်ပြီး ဟိုမှာဖင်ပေါ်ကိုစောင့်နေ ဒီကိုပြန်မလာနဲ့တော့"

မှန်တင်းအတုသည် ရုက်ရက်နှင့်ခေါင်းငုံ့သွားသည်။

သူက ထိုနေရာမှထွက်သွားရန်ဟန်ပြင်လိုက်သည်။

"ဟော့..... ရပ်လိုက်"



မှန်တင်းက မှန်တင်းအတု၏ သွားရည်ရွှမ်းကိုပိတ်၍ရပ်လိုက်သည်။ မှန်တင်းအတုသည် [illegible] ရပ်တန့်သွား၏။ စင်အိမျက်စေ့ကိုပိတ်ထားခဲ့သည်။

သူမသည်မှန်တင်းအတုအား [illegible]

"သွားလေ အာရုံထဲ တွေးလဲ၊ ဒီမှာ ဒါတွေ [illegible] လုံးရှိနေသေးတယ်၊ ဘယ်သူက မင်းကို [illegible] ရှိမှာလဲ"

သူမက ဤသို့ပြောဆိုပြီး မှန်တင်း [illegible] ထွက်လာသည်။ မှန်တင်းက [illegible] မှန်တင်းအတုအား [illegible]

[illegible] မှန်တင်းအား မှန်တင်း [illegible]

သူ၏ ရှိုးသားပြီး [illegible] မျှော်သူ၏ [illegible] စင်အိကို [illegible]

[illegible] မှန်တင်း [illegible]

[illegible] ကျွန်တော့်ဟန်ဆောင်ပြီး [illegible] မယုံ ဖြိုင်နိုင်မှန်းသိပါတယ်၊ ဒါပေမဲ့ [illegible]

[illegible]

မှန်တင်း၏စကားကြောင့် စင်အိ [illegible]

သူမသည် သိုင်းလောကတွင် ကျင်လည်ကျက်စားလာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်မကရှိခဲ့ပြီ။

သို့သော် ...... ဤကဲ့သို့ပေါင်းဖော်သော လှငယ်မျိုးအား တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ဘူးပါချေ။ ဤသို့ဆက်ဆံသောလှငယ်မျိုးကို တစ်ကြိမ်တစ်ခါမျှမတွေ့ခဲ့ဘူးချေ။ အဘိုးအိုကလည်း မွန်တင်းအား အံ့ဩစွာဖြင့်ကြည့်မိလေတော့သည်။

ထိုအချိန်တွင် နအင်းလည်း ရှေ့သို့တစ်လှမ်းတိုးလာ၏။

ထို့နောက် မွန်တင်းအားပြုံးပြလိုက်သည်။

"ဟုတ်တယ်၊ မွန်တင်းပြောတာမှန်တယ်။ ဒီလူဟာ ရှင့်ရဲ့နာမည်ကိုဖျက်ဆီးတဲ့လူ၊ သူ့အယ်ဘူအယ်ဝါဆိုတာ အနုလို လှုပ်အလယ်မှာဖော်ထုတ်သင့်တယ်"

သူမက ခင်အိအားတစ်ချက်ကြည့်ပြီးစကားဆက်၏။

"သူက ခင်အိလိုထိပ်တန်းသိုင်းပညာရှင် အားကိုးရှိနေတာတော့မှန်တယ်၊ ဒါပေမဲ့ ကိုယ့်နာမည်ကိုအသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ၊ သူ ထွက်ပြေးမယ်လို့ကြံရင် ကျွန်မက အမိဖမ်းပေးမယ်၊ ကျွန်မလည်းအသက်စွန့်ပြီးကူညီမယ်"

မွန်တင်းသည် နအင်း၏စကားကိုကြားရသောအခါ ရင်ထဲ၌ဝမ်းသာကြည်နူးသွားသည်။

"ကျေးဇူးတင်ပါတယ်မမ၊ ကဲ.... မမ သူထွက်ပြေးမသွားအောင်စောင့်ပေးပါ"



မွန်တင်းက ဤသို့ပြောပြီးသည်နှင့် သူ၏လက်တစ်ဖက်သည် ကျောက်တုံးကျွန်းမှသင်ကြားလာသောသိုင်းကွက်ဖြင့် ခွန်တင်းအေတာ့အား တိုက်ခိုက်လိုက်သည်။

မွန်တင်းအေတာ့သည် အလွန်ပါးနပ်ဉာဏ်ကောက်ကျစ်စဉ်းလဲသောလူတစ်ယောက်ဖြစ်သည်။ သူက မွန်တင်း၊ တိုက်ခိုက်လာသည်ကို ကပျာကယာရှောင်တိမ်းလိုက်သည်။

ထို့နောက် .... ခင်အိနောက်သို့ သွားရောက်ရပ်တန့်လိုက်သည်။ ထိုစဉ် ဟိုချင်းနှင့် သူ၏အဖော်ဖြစ်သောအရုပ်ရှည်သောအဘိုးအိုနှင့်အရုပ်ပုသောအဘိုးအိုတို့သည် ရုတ်တရက် ရှေ့သို့ခြေလှမ်းလိုက်သည်။ ထို့နောက် သူတို့က ကြိုက်ပုံသဏ္ဍာန်ဖြင့် ခင်အိနှင့်တင်းစိန်တို့သုံးယောက်အား ဝိုင်းရံထားလိုက်ကြသည်။

ဟိုချင်းက မွန်တင်းအားပြုံးပြလိုက်သည်။

"မွန်တင်း.....မင်းမကြောက်နဲ့ တို့အဘိုးကြီးသုံးယောက်ဟာ အရိုးတွေကျိုးသွားပါစေ၊ ဒီနေ့တော့ မင်းကိုကူညီရမှာပဲ၊ ဒါကတော့ မင်းကိုအဆုံးစွန်သော ကာတိပေးခြင်းပါပဲ"

မွန်တင်းအေတာ့ ရင်ထိတ်သွားသည်။ သူက ခင်အိအားတစ်ချက်ကြည့်လိုက်သည်။ မည်သို့ပြုလုပ်ရမည်ကိုမေးမြန်းလိုက်သည့်သဘောပင်ဖြစ်ပေသည်။ ခင်အိသည် မွန်တင်းအေတာ့အားတစ်ချက်ပြုံးပြလိုက်ပြီး .....

"ကဲ ..... ကြားတယ်မဟုတ်လား၊ မင်းလုပ်တာမင်းခံပေါ့၊

မင်းကိုစွ သူ့နဲ့ အပြတ်ရှင်းလိုက်ပါ၊ တစ်ခုတော့ရှိတယ် ...”

သူမက ဟိုချင်းတို့သုံးလေ့ရှိသောနှစ်ပေခွင်ဆရာပျာန်ခေါင်ထားသောအကိုးအိုအားတစ်ချက်ကြည့်ပြီး စကားဆက်သည်။

“သူတို့ကိစ္စတိုးအာယံသူမှတင်မစွက်ရဘူး၊ ဝင်စွက်ရင်တော့ ကျွန်မနဲ့တွေ့မယ်”

ဟိုချင်း ထိုစကားကိုကြားလိုက်သောအခါ တွေဝေသွားသည်။ ဝင်အိ၏စကားသည် မိမိတို့က မွန်တင်းအာဏ်ဝင်ရောက်ကူညီရန်အခွင့်အလမ်းမရှိသည်ကိုရိပ်စားမိလိုက်၏။ တစ်ချိန်လုံးတိတ်ဆိတ်စွာနေသော အဘွားအိုက ခေါင်းစောင်းစွာပြုံးလိုက်သည်။

“ဟေ့... မွန်တင်း၊ မင်းရဲ့စိတ်ဓာတ်ကို ငါကြိုက်သွားပြီ၊ မင်းကိုငါကူညီမယ်”

သူမက လက်ထဲမှဆေးပါးလေးဆံဆုံးလက်အား ထုတ်လိုက်၍အဆင်သင့်ပြင်ထားသည်။

“မင်းကို မခါရားလိုပ်မယ့်လူကိုတော့ ဒီဓားနဲ့အသက်ချေရမှာပဲ”

ဝင်အိသည် ပြုံးလျက်နှင့် အဘွားအိုမ်၏ဓားများကိုကြည့်လိုက်သည်။

“ဘာလဲ ... ရှင့်ဓားပါးကို သိမ်အားကျိုးတယ်မဟုတ်လား၊ သူတို့ကိစ္စပြီးမှ ရှင်နဲ့ပဟဉ်ပြိုင်ကြသေးတာပေါ့”

မွန်တင်းသည် အဘွားအိုမှ မိမိအတွက် ဝင်ရောက်ကာ



ကွယ်မြောဆိုနေသည်ကိုကြားရသဖြင့် သူက အဘွားအိုအား ဂါရဝပြုအရိုအသေပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်ဘွားဘွား .... ကျွန်တော်က သူတို့ကလောက် ပညာမတတ်ပေမဲ့ အမှန်တရားဘက်ကလူဆိုတော့ သူတို့ကို လုံးဝမမှုပါဘူး၊ ကျွန်တော့်သွေးဟာ သူ့ဓားတစ်ရှာအတွက်ပါပဲတယ်ခင်ဗျာ”

နအင်းက မွန်တင်းအားပြုံးပြလိုက်သည်။

“မွန်တင်း .... သူ့ကို အာမခြောက်စရာမရှိဘူး၊ မတော်တဆ ရှင်သူတို့ချက်ချက်နဲ့သေဆုံးခဲ့ရင် ကျွန်မ ...”

သူမက မွန်တင်းအနားသို့ကပ်ပြီး အသံတိုးတိုးဖြင့်ပြောလိုက်သည်။ မွန်တင်းက နအင်း၏စကားကိုကြားလိုက်သောအခါ ဝမ်းသာသွားလေ၏။ ထိုအချိန်အတွင်းမှာပင်... မွန်တင်းအတွက် လှုပ်ရှားစိတ်ပြက်တိုက်ခိုက်လာသည်။ အမှန်မှာ ...... နအင်းက သူ့အားတိုးတိုးပြောလိုက်သောစကားမှာ ....

“ကျွန်မ ရှင့်အတွက်ကလိုတားရှေးမည်

ဟူသောစကားပင်ဖြစ်၏။ သူကဝမ်းသာလွန်း၍ ဒွေ့အားတိုက်ခိုက်ခြင်းကိုသတိမပြုမိချေ။

“ဝှီး”

ဟူသောအသံတစ်ချက်နှင့်အတူ မွန်တင်း၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်သွားကာ မြေပေါ်သို့လဲကျသွား၏။

မှန်တင်းအတုက လဲကျနေသောမှန်တင်းအား ထပ်မံတိုက်ခိုက်ရန်ပြေးလွှားလာ၏။

ထိုအခါ နအင်းက သူ့ထက်ဦးစွာ မှန်တင်းအနီးသို့ရောက်သွားလေသည်။ သူမက မှန်တင်းအတုအားစေ့စေ့ကြည့်လိုက်ပြီး မချိပြုံးပြုံးလိုက်သည်။

"ဒီမှာအစ်ကိုကြီး ... ရှင်သူ့ကိုအသေသတ်လိုက်ရင်လဲ ကျွန်မက သူ့မိန်းမဖြစ်နေပါပြီ၊ ဒါကိုသိပါရဲ့လား"

နအင်းစကားကြောင့် မှန်တင်းအတု၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ ထိုစဉ် ....

ကိုရင်လေးပါးနှင့် ဘုန်းတော်ကြီးတစ်ပါးသည် ရောက်ရှိလာလေသည်။ သူတို့ရောက်ရှိလာခြင်းမှာ လွန်စွာမြန်ဆန်လှ၏။ ကိုရင်လေးပါးက မှန်တင်းအား ဖေးမလိုက်သည်။

ဘုန်းတော်ကြီးသည် မှန်တင်းအား သေသေချာချာကြည့်ပြီး ဆေးလုံးတစ်လုံးယူ၍ မှန်တင်း၏ပါးစပ်ထဲသို့ထည့်ပေးလိုက်သည်။ ထို့နောက်..... ဘုန်းတော်ကြီးသည် မှန်တင်းအတုအား စေ့စေ့ကြည့်လိုက်ပြီး .....

"တကာလေးထင်ရှောင်၊ ဘယ်အရာမဆို ကံတရားရှိပါသေးတယ်၊ မိမိဆန္ဒအတိုင်း၊ အတင်းအဓမ္မလုပ်ယူလို့မရပါဘူး၊ ကံကြမ္မာကို တကာလေးက မျက်ကွယ်ပြုနေတာကိုး"

မှန်တင်းအတုတာဖြစ်လဲ ထင်ရှောင်သည် ဘုန်းတော်ကြီး



၏စကားကြောင့် ခေါင်းငုံ့သွားလေတော့သည်။

ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"တကာလေးဟာ နအင်းကိုလိုချင်တာနဲ့ အမျိုးမျိုး အကြံအစည်ထုတ်ခဲ့တယ်၊ မှန်တင်းကိုလဲ နာမည်ပျက်အောင် လုပ်ခဲ့တယ်၊ နအင်းကိုအထင်လွဲအောင် လုပ်ခဲ့တယ်၊ အခုလဲ မှန်တင်းကို အသေသတ်ဖို့ကြံစည်နေတာ မကောင်းပါဘူးကွယ်၊ တကာလေးရဲ့အကြံတွေ ပက်စက်ယုတ်မာလွန်းပါတယ်"

ဘုန်းတော်ကြီး၏စကားကြောင့် မှန်တင်းအတုမှာ ကြာပန်းဒေဝီ၏တပည့်ကြီးထင်ရှောင်ဖြစ်မှန်း အားလုံးသိရှိလိုက်လေတော့သည်။ ဘုန်းတော်ကြီးက စကားဆက်လိုက်သည်။

"တကာလေးထင်ရှောင် .... ကုသိုလ်ကောင်းမှုလုပ်ရင် ကုသိုလ်ရဲ့အကျိုးကိုရတတ်သလို၊ အကုသိုလ်လုပ်မိရင်လဲ အကုသိုလ်ရဲ့အကျိုးကိုခံစားရမှာပဲ၊ ဒါကို တကာလေး မြဲမြဲမှတ်ထားပါကွဲ.... မင်းသွားလိုရာသွားနိုင်ပါပြီ"

ထင်ရှောင်က ထိုစကားကိုကြားရသောအခါ မျက်နှာတစ်ခုလုံးညိုမည်းသွားသည်။ သူက စကားတစ်ခွန်းမှမပြောတော့ဘဲ ထိုနေရာမှ အနောက်ဘက်သို့ဦးတည်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

****

## အခန်း (၅၇)
## အထွတ်၏အထွတ်

ဟိုချင်းမျက်မှောင်ကုပ်သွား၏။

သို့သော် ဘုန်းတော်ကြီးကို ဦးချကန်တော့လိုက်သည်။

"ဆရာတော်ဘုရား .... ထင်ရှောင်လို ဆိုးနိုးတိုက်ခိုက်နေတဲ့လူတစ်ယောက်ကိုလွှတ်ပေးလိုက်ရင် အများပြည်သူ့အတွက်ဒုက္ခမရောက်ပေဘူးလား"

ဘုန်းတော်ကြီးကခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်၊ ဒါပေမဲ့ ကျုပ်က သာသနာ့ဘောင်က လူတစ်ယောက်ဆိုတော့ အသက်သတ်ခြင်းကို မလုပ်အပ်ပါဘူး၊ ခွင့်လွှတ်ခြင်းမေတ္တာတရားကိုထားရပါတယ်၊ သူမဟုတ်တာ ဆက်ပြီးလုပ်မယ်ဆိုရင် သူ့အကြောင်းနဲ့သူ့အကျိုးခံသွားရမှာပေါ့"

ထိုစဉ် ....

ဗေဒင်ဆရာဟန်ဆောင်ထားသောအဘိုးအိုသည် နောက်သို့တဖြည်းဖြည်းဆုတ်ပြီး ထွက်ပြေးရန်ဟန်ပြင်လိုက်၏။



"ခဏနေပါဦး" တကာကြီး"

ဘုန်းတော်ကြီးကဟန့်တားလိုက်၏။

အဘိုးအို၏ခြေလှမ်း တုံ့ခနဲရပ်သွားသည်။

ထိုအခါ ဘုန်းတော်ကြီးက သူ့အားပြုံးပြလိုက်ပြီး ....

"တကာကြီးဟုန်စွန်းအီ .... ဘာအတွက်ကြောင့် ရုပ်ဖျက်ထားရတာလဲကွဲ့"

ဘုန်းတော်ကြီး၏စကားကြောင့် .... ဟိုချင်း၊ မွန်တင်းနှင့်နှယင်းတို့ပါ အံ့အားသင့်သွားကြသည်။

အထူးသဖြင့် မွန်တင်းက ပို၍အံ့အားသင့်သွားသည်။

သူက ဟုန်စွန်းအီကိုရှုံ့မုန်းခဲ့သည်။

သူ့ကို တပည့်အဖြစ်လက်ခံရန်ငြင်းဆန်ခဲ့သည်မဟုတ်ပါလား။

ဟုန်စွန်းအီအပေါ် ပြန်လည်ကလဲ့စားချေမည်ဟုမှန်းထားခဲ့လေ၏။ သို့သော် ဟုန်စွန်းအီ၏သမီးစွန်းကျဲက မိမိအပေါ်ကူညီခဲ့သဖြင့် သူက သူ့အပေါ်မုန်းတီးစိတ်ကိုချုပ်တည်းထားလိုက်ခြင်းဖြစ်ပါသည်။

ယခုမှာမူ ဟုန်စွန်းအီသည် မိမိကိုကူညီခဲ့၏။

သူ့အနေဖြင့် ဟုန်စွန်းအီအပေါ်ကျေးဇူးတင်ရမည်သာဖြစ်ပေတော့သည်။

ဟုန်စွန်းအီက ဘုန်းတော်ကြီးအား ကန်တော့လိုက်သည်။

"ကျိုရှမ်းဆရာတော်ဘုရား...."

ဟုန်စွန်းအီစကားကြောင့် အားလုံး အံ့အားသင့်သွားကြလေ၏။ အဘယ်ကြောင့်ဆိုသော် ....

ကျိုရှမ်းဆရာတော်မှာ ယခုလက်ရှိရှောင်လင်ကျောင်း၏ ကျောင်းထိုင်ဆရာတော်ဖြစ်သောကြောင့်တည်း။

ကျိုရှမ်းဆရာတော်က အဘွားအိုဘက်သို့လှည့်လိုက်ပြန်သည်။ ပြီးနောက် ....

"တကာမကြီးချူစင်း၊ ဒီမှာလာပြီးဇာတ်မြုပ်နေတာလား"

အဘွားအိုက ဆရာတော်ကိုကန်တော့လိုက်သည်။

"တပည့်တော်မဟာ သိုင်းလောကရဲ့ကောက်ကျစ်စဉ်းလဲတဲ့လုပ်ရပ်တွေကို စက်ဆုပ်ရွံရှာတဲ့အတွက် ဒီနေရာမှာ လာပြီးဇာတ်မြုပ်နေခဲ့တာပါဘုရား"

"ကောင်းတယ်.... ကောင်းတယ်....တရားအားထုတ်ပါ၊ အများအတွက်လည်း ကောင်းတယ်၊ ကိုယ်အတွက်လည်း ကောင်းတယ်တကာမကြီး"

"တင်ပါ့ဘုရား"

ဟိုချင်းတို့က အဘွားအိုအားစေ့စေ့ကြည့်လိုက်သည်။

ဟုန်စွန်းအီကလည်း အဘွားအိုအား မျက်မှောင်ကုပ်၍ကြည့်လေသည်။ ထိုအဘွားအိုသည် လွန်ခဲ့သောနှစ်သုံးဆယ်က ပန်းလိပ်ပြာသိုင်းသမားဟူ၍နာမည်ကြီးခဲ့သော သိုင်းပညာရှင်



တစ်ယောက်ဖြစ်သည်ဟုသိလိုက်ရသည်။

ကျိုရှမ်းဆရာတော်က စင်အိဘက်သို့လှည့်လိုက်သည်။

"ဒါယိကာမလေးစင်အိ.... ဘုန်းကြီး စကားတစ်ခွန်းပြောချင်ပါတယ်"

စင်အိက ကျိုရှမ်းဆရာတော်အားကြည့်လိုက်ပြီ.....

"ဘာများလဲ ဘုန်းတော်ကြီးက တပည့်တော်မကိုတရားချမလို့လား"

ကျိုရှမ်းဆရာတော်ကပြုံးလိုက်သည်။

"တရားဟောတယ်ဆိုတာကုသိုလ်ရပါတယ်၊ သတ္တဝါအများဟာ တရားရသွားမယ်ဆိုရင် ဓားတစ်လက်နဲ့လူကိုသတ်တာထက်တော့ အများကြီးအကျိုးရှိတာပေါ့"

စင်အိက မဲ့ပြုံးပြုံးလိုက်သည်။

"ဆရာတော်အနေနဲ့ တပည့်တော်မကို ဒီလိုမပြောသာဘူး၊ ပညာလေးတော့ နည်းနည်းပါးပါးပြရဦးမှာပေါ့"

ကျိုရှမ်းဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... တကာမလေးကြည့်ရတာ သိုင်းပညာအတော်ထူးချွန်တယ်နဲ့တူတယ်"

စင်အိက နောက်သို့ခြေလှမ်းဆုတ်လိုက်လေသည်။

"ဒီမှာဆရာတော် တပည့်တော်မကိုပြန်စေချင်ရင် တပည့်တော်မကိုနိုင်အောင် သိုင်းပညာနည်းနည်းပြပေးပါ"

ကျိုရှမ်းဆရာတော်က မျက်မှောင်ကုပ်သွားသည်။

တိဗက်မှရောက်ရှိလာသောစင်အိကို လက်တွေ့အားဖြင့် သိုင်းပညာမပြလျှင် ကျေကျေနပ်နပ်ပြန်သွားလိမ့်မည်မဟုတ်ဟု ရိပ်စားမိလာသည်။

"တကာမလေး ဒီလောက်တောင် သိုင်းပညာကိုအားကိုးရင်တော့ ဘုန်းကြီးကလဲ ဒါယိကာမလေးရဲ့ပညာကိုလက်ခံရတော့မှာပေါ့"

စင်အိကမဲ့ပြုံးပြုံးလိုက်သည်။

"တပည့်တော်မက သိုင်းကွက်စရမှာလား၊ ဆရာတော်ကပဲ အရင်စမှာလား"

ကျိုရှမ်းဆရာတော်ကပြုံးလိုက်သည်။

"ဒါယိကာမလေးက ဧည့်သည်ပါ၊ အဲဒီတော့ ဧည့်သည်ကင်စပါ"

စင်အိကထိုစကားကိုကြားသည်နှင့် သူမ၏အင်္ကျီအိတ်ထဲ ဓားပါးလေးနှစ်လက်ကိုထုတ်ယူလိုက်သည်။

"တပည့်တော်မက ဒီဓားနဲ့ပဲ ဆရာတော်ကိုပညာစမ်းပါ့မယ်"

သူမ၏စကားဆုံးသွားသည်နှင့် လက်ထဲမှဓားကို ကျိုရှမ်းဆရာတော်ထံသို့ပစ်လွှတ်လိုက်တော့သည်။

"ဒီ........."



"ဒီ........."

ဓားနှစ်လက်သည်စကြာပုံသဏ္ဌာန်လည်ပတ်ကာ ကျိုရှမ်းဆရာတော်ထံသို့လွင့်ပျံလာသည်။

အရှိန်ကလျင်မြန်ပြီးပြင်းထန်လှသဖြင့် ဓားပါးလေးများလေထဲတိုးလာသောအသံမှာ ကြောက်မက်ဖွယ်ရာကောင်းသည့်အပြင် စူးရှသောအသံများထွက်ပေါ်လာသည်။

ဓားပါးပစ်လိုက်သောအရှိန်အဟုန်ကို ကြည့်လိုက်သည်နှင့် စင်အိ၏သိုင်းပညာမှာ အထွတ်အထိပ်သို့ရောက်နေသည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

သို့သော် .... ယခု သူမရင်ဆိုင်ရသောပုဂ္ဂိုလ်သည် သိုင်းလောကတွင် ဦးသျှောင်နေရာယူထားသော .....

ရှောင်လင်ကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်နေပေသည်။ ကျိုရှမ်းဆရာတော်က အပြုံးမပျက်ပါ။

သူသည် လည်ပင်းတွင်ချိတ်ဆွဲထားသောစိပ်ပုတီးကုံးကိုချွတ်လိုက်သည်။ ထို့နောက် စိပ်ပုတီးနှစ်လုံးကိုဖြုတ်ယူပြီး သူ၏ခလယ်လက်ချောင်းဖြင့်တောက်လိုက်သည်။

"တောက်.... တောက်"

ဟူသောအသံနှစ်ချက်နှင့်အတူ ..... စင်အိပစ်လွှတ်လိုက်သောဓားနှစ်လက်သည် စိပ်ပုတီးနှစ်လုံးအား ထိမှန်ပြီးလျှင် မြေပေါ်သို့လွင့်စဉ်ကျသွားလေတော့သည်။

စင့်အိမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

သူမက မချိုပြုံးပြုံးလိုက်ပြီး ......

"ဆရာတော်က နာမည်ကြီးသလောက် တော်ပါပေတယ် အရှင်ဘုရား"

သူမက ယင်းသို့ပြောဆိုပြီးနောက်.....

သူမ၏လက်ချောင်းမှ သံမဏိလက်စွပ်ကိုချွတ်လိုက်၏။ ထိုသံမဏိလက်စွပ်၏ပတ်ခြာလည်တွင် အချွန်အတက်များဖြင့် ပြုလုပ်ထားသည်။

သူမက ထိုလက်စွပ်ကို ကျိုရှမ်းဆရာတော်ထံသို့ပစ်လွှတ်လိုက်ပြန်ရာ ဆရာတော်မှာ မျက်မှောင်ကုပ်သွားလေတော့၏။

သူသည် ယင်းလက်စွပ်နှင့်ပတ်သက်ပြီး အလုံးစုံသိထားသည်။ ထိုလက်စွပ်သည် တိဗက်၌ရှိသောအဆိပ်ပြင်းလှသည့် ဓာင်းမြီးကောက်အဆိပ်များဖြင့် ဖော်စပ်ထားသောလက်စွပ်ဖြစ်ပါသည်။

ဤလက်စွပ်ထိမှန်ခံရပါက မည်သည့်ဖြေဆေးမှမရှိဘဲ တစ်နာရီအတွင်း အသက်ဆုံးရှုံးနိုင်သည်။

ထို့ကြောင့် ...... သူက ထိုလက်စွပ်ကိုပေါ့ပေါ့တန်တန် သဘောမထားဘဲ သတိကြီးစွာဖြင့်ရှောင်တိမ်းလိုက်ရသည်။

သို့သော် ....

ထိုလက်စွပ်သည် အသက်ရှိသည့်ပမာ .....



ကျိုရှမ်းဆရာတော့် ရှောင်တိမ်းရာဘက်သို့ ကွေ့ပတ်၍ လာလေသည်။

ကျိုရှမ်းဆရာတော်က စိပ်ပုတီးကုံးဖြင့် ဇွေ့ယမ်းရိုက်ချလိုက်လေသည်။ ထိုအခါ..... ထိုလက်စွပ်မှာ မြေပေါ်သို့လွင့်စဉ်ကျသွားလေတော့သည်။

ကျိုရှမ်းဆရာတော် သည်းမခံနိုင်တော့ချေ။ သူက စကားဆက်၍မပြောတော့ဘဲ စိပ်ပုတီးကုံးမှ စိပ်ပုတီးလုံးများကိုဖြုတ်ယူပြီး စင်အိထံသို့ပစ်လွှတ်လိုက်သည်။

စိပ်ပုတီးလုံးများသည် သစ်သားဖြင့်ပြုလုပ်ထားသည် ဖြစ်သော်လည်း ကျိုရှမ်းဆရာတော်က အတွင်းအားဖြင့်ပစ်လွှတ်လိုက်ခြင်းကြောင့် အရှိန်ပြင်းထန်စွာဖြင့်စင်အိထံ ရောက်လာလေသည်။ စင်အိကရှောင်တိမ်းလိုက်၏။

သို့သော် ..... ကျိုရှမ်းဆရာတော်၏ စိပ်ပုတီးလုံးများသည် တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ရောက်ရှိလာသည်။

စင်အိမျက်နှာပျက်သွားသည်။

များပြားသောစိပ်ပုတီးလုံးများကို သူမ ရှောင်နိုင်စွမ်းမရှိတော့ပါ။ အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့် သူမသည် ထိုနေရာမှ ကမူးရှူးထိုးပြေးထွက်သွားလေတော့၏။

****

## အခန်း (၅၈)
## အသည်းကြားမှအမုန်းဓား

ဤနေရာတွင် မွန်တင်း၊ နုအင်း၊ ဟုန်စွန်းအီနှင့်အဘွားအို တို့ကျန်ရှိနေတော့သည်။ ဟိုချင်းတို့လူစုမှာကျိုရှမ်းဆရာတော်အား နှုတ်ဆက်ကာထွက်ခွာသွားကြသည်။

အဘွားအိုမှာလည်း သူမ၏တဲအိမ်ထဲသို့ ပြန်ဝင်သွားပြီဖြစ်သည်။ ကျိုရှမ်းဆရာတော်သည် ပြန်လည်သတိရလာသော မွန်တင်းအားတစ်ချက်ကြည့်လိုက်ပြီး ......

"ကဲ....တကာလေး၊ မင်းဘယ်လိုနေသေးလဲ"

မွန်တင်းက လက်အုပ်ချီ၍ကန်တော့လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာတော်၊ တပည့်တော် အတော်သက်သာလာပါပြီ"

ကျိုရှမ်းဆရာတော်သည် ဟုန်စွန်းအီအား တစ်ချက်ကြည့်လိုက်သည်။



"ကဲ..... တကာကြီး၊ မည်သူမပြုမိမိမှုတဲ့၊ ကိုယ့်ပြဿနာကိုယ်ဖြေရှင်းဖို့ပဲ ကျန်ပါတော့တယ်"

ဟုန်စွန်းအီက ရှိခိုးကန်တော့လိုက်သည်။

"တင်ပါ့ဘုရား .... တပည့်တော် ကြာပန်းဒေဝီနဲ့တွေ့ပြီးတဲ့နောက် တပည့်တော်ကျူးလွန်ခဲ့တဲ့အပြစ်များကို ပြန်လည်ပေးဆပ်ဖို့ဆုံးဖြတ်ထားပြီးပါပြီ"

ကျိုရှမ်းဆရာတော်က ခေါင်းညိတ်လိုက်သည်။

"အေး...... ကောင်းတယ်"

သူက တစ်စုံတစ်ရာကိုသတိရကာ .....

"အခုတလော မန်ချူးစစ်တပ်က နယ်ခြားမှာစုရုံးရောက်နေတယ်လို့ကြားရတယ်၊ ကျုပ်အထင်ပြောရရင် ဒီမန်ချူးတပ်တွေဟာ တို့နိုင်ငံကိုဝင်တိုက်မဲ့လက္ခဏာတွေ့ရတယ်ကွဲ့"

ထိုစကားကြားသောအခါ ဟုန်စွန်းအီမျက်မှောင်ကုပ်သွားသည်။

"ဟုတ်လားအရှင်ဘုရား ... တပည့်တော်တို့ဘက်က ကြိုတင်ကာကွယ်မှုတွေလုပ်ထားသလား အရှင်ဘုရား"

ကျိုရှမ်းဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဗိုလ်ချုပ်ကြီးကျူလီမ်တို့တပ်က နယ်ခြားတစ်လျှောက်မှာ တပ်ဖြန့်ထားတယ်လို့တော့ကြားတာပဲ၊ ဒါပေမဲ့ တို့တစ်တွေလဲ တပ်တွေကိုအကူအညီပေးမှသင့်လိမ့်မယ်ထင်တယ်၊ အခုလို

သိုင်းလောကသားတွေဟာ အချင်းချင်းသတ်ဖြတ်နေတဲ့ကိစ္စ၊ ဗိုလ်လုနေတဲ့ကိစ္စ၊ တစ်ယောက်နဲ့တစ်ယောက် ကလဲ့စားချေတဲ့ကိစ္စအားလုံးကိုရပ်သင့်ပြီလို့ထင်တယ်"

ဟုန်စွန်းအီကအရှိအသေပေးလိုက်၏။

"တင်ပါ့ဘုရား ... တပည့်တော်ကိစ္စပြီးရင် မန်ချူးစစ်တပ်ကိုခုခံဖို့ စစ်ထဲဝင်ပါ့မယ်အရှင်ဘုရား"

ထိုအခါ ကျိုရှမ်းဆရာတော်ကခေါင်းညိတ်လိုက်သည်။

"အေး....ဒါယကာကြီးအကြံဟာ အလွန်ကောင်းပါတယ်၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ တိုင်းပြည်အတွက်အသုံးချတာဟာ အကောင်းဆုံးပါပဲ"

ဟုန်စွန်းအီက ကန်တော့လိုက်သည်။

"အချိန်ကမရှိတာမို့ တပည့်တော်ကိုသွားခွင့်ပြုပါဦး"

"အိမ်း.... ကောင်းပြီ၊ ဒါယကာကြီးလိုအင်ဆန္ဒအားလုံး ပြည့်ဝအောင်မြင်ပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ်"

ဟုန်စွန်းအီသည် ကျိုရှမ်းဆရာတော်အား ကန်တော့ပြီးနောက် ထိုနေရာမှထွက်ခွာသွားလေတော့သည်။

နှင်းများသည် တဖွဲဖွဲကျနေဆဲပင်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေသည်။

နှင်းများဖုံးလွှမ်းသောမြေပေါ်တွင် ကျိုရှမ်းဆရာတော်နှင့်ကိုရင်လေးပါးဝဲ့သည် .....



မွန်တင်း၏ဒဏ်ရာများကိုကုသပေးပြီးနောက် သူ့အားစေ့စေ့ကြည့်လိုက်သည်။

"တကာလေး မင်းအဖေကိုသတ်တဲ့လူ ဘယ်သူလဲဆိုတာ သိပြီလား"

မွန်တင်းက နအင်းအားတစ်ချက်ကြည့်ပြီး ခေါင်းခါလိုက်သည်။

"မသိပါဘူးဘုရား"

ကျိုရှမ်းဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေး... မင်းအဖေကိုသတ်တဲ့လူဟာဟုန်စွန်းအီပါပဲ"

ထိုစကားကိုကြားရသောအခါ မွန်တင်းမှာ တစ်ကိုယ်လုံးတုန်ခါသွားလေတော့သည်။

သူ အံကိုတင်းတင်းကြိတ်လိုက်၏။

"ဒါ့ကြောင့်... သူကတပည့်တော်ကို သိုင်းပညာမသင်ပေးတာကိုး"

ကျိုရှမ်းဆရာတော်က သူ့အားအကဲခတ်လိုက်ပြီး ....

"အခု မင်းဘာဆက်လုပ်ဖို့စိတ်ကူးထားလဲ"

"တပည့်တော်က ဖခင်အတွက် ကလဲ့စားချေမှုဖြစ်မယ်ဘုရား"

ကျိုရှမ်းဆရာတော်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးတကာလေး ..... ဒီကိစ္စနဲ့ပတ်သက်ပြီး

ဟုန်စွန်းအီရဲ့အပြစ်လို့ လုံးလုံးလျားလျားပုံချလို့မရဘူး"

ကျိုရှမ်းဆရာတော်၏စကားအဆုံးတွင် မွန်တင်းကကြား ဖြတ်လိုက်သည်။

"တပည့်တော် တစ်ခုပဲသိချင်ပါတယ်ဘုရား"

"မေးပါ"

"တပည့်တော်ရဲ့ဖခင်ကိုသတ်တာ .... ဟုန်စွန်းအီဆိုတာ သေချာတယ်မဟုတ်လား"

ကျိုရှမ်းဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့....."

မွန်တင်းက ကျိုရှမ်းဆရာတော်၏စကားကိုဆုံးအောင်ပင် နားမထောင်တော့ပါ။ ထွက်ခွာသွားပြီဖြစ်သော ဟုန်စွန်းအီနောက်သို့ပြေးလွှားသွားတော့သည်။

"တကာလေး ကျုပ်စကားကိုဆုံးအောင် နားထောင်သွားလေ၊ ကိစ္စဆိုတာ အားလုံးသိမှကောင်းပါတယ်"

ကျိုရှမ်းဆရာတော်ကလှမ်းတားသော်လည်း မွန်တင်း၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်းရွေ့လျားကာ ပျောက်ကွယ်သွားလေတော့သည်။

"မွန်တင်း..... မွန်တင်း"

နုအင်းသည် မွန်တင်းနောက်မှအော်ခေါ်ကာ ပြေးလိုက်သွား၏။ မွန်တင်းက ဟုန်စွန်းအီအား ကလဲ့စားချေရန်ဆန္ဒပြင်းပြ



နေသဖြင့် နောက်မှလိုက်၍ အော်ခေါ်နေသော နုအင်း၏အသံကို လုံးဝမကြားရချေ။ သူက ခြေကုန်ပြေးနေသည်။

နောက်မှ နုအင်းကလည်း အပြေးလိုက်လာသည်။

နုအင်း၏ကိုယ်ဖော့ပညာက မွန်တင်းထက် အနည်းငယ်သာလွန်နေသဖြင့် အတန်ကြာသောအခါ သူမက မွန်တင်းအား လိုက်၍မီလာသည်။

"မွန်တင်း .... မမကိုစောင့်ပါဦး"

ယခုမှ... မွန်တင်းက နုအင်း၏အော်ခေါ်သံကိုကြားလိုက်လေသည်။ သူက ခြေလှမ်းရပ်လိုက်သော်လည်း သူ၏ခေါင်းထဲတွင် ဟုန်စွန်းအီအား ကလဲ့စားချေရန်သာစိတ်စောနေသည်။

နုအင်းက မွန်တင်းအားမှီလာသောအခါ ....

"မွန်တင်း အခုဘယ်သွားမလို့လဲဟင်"

မွန်တင်း၏မျက်နှာသည် ခံပြင်းသောစိတ်ကြောင့် တင်းမာနေသည်။

"ဟုန်စွန်းအီနောက်ကိုလိုက်မလို့"

"မောင်လေးရယ် .... ခေါင်းအေးအေးထားပြီးစဉ်းစားပါ၊ မောင်လေးက ဟုန်စွန်းအီကိုနိုင်ပါ့မလား"

နုအင်း၏စကားကိုကြားရသောအခါ မွန်တင်းက ဒေါသထွက်လာသည်။ နုအင်းက သူ့ကိုအထင်သေးသည်ဟု ယူဆမိသည်။

သူကအေးစက်စွာဖြင့် .....

"ကျွန်တော် ဟုန်စွန်းအီကိုမနိုင်မှန်းသိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဖခင်အတွက် သူသေကိုယ်သေရင်ဆိုင်ရမှာပဲ"

"ဟုတ်တော့ဟုတ်ပါတယ်မောင်လေးရယ်၊ မမပြောတာကိုခေါင်းအေးအေးထားပြီး စဉ်းစားဖို့ပြောနေတာပါ"

မွန်တင်းကအံကြိတ်လိုက်၏။

"မလိုပါဘူး၊ မမ မလိုက်ချင်လဲနေနိုင်ပါတယ်"

ထိုစကားကိုကြားလိုက်ရသောအခါ နအင်း၏ရင်ထဲတွင် နင့်ခနဲဖြစ်သွားလေသည်။

"အင်း.... သူက ငါလိုက်တာကိုမကြိုက်ဘူးနဲ့တူတယ်"

ဟုစိတ်ထဲမှကြိတ်၍တွေးရင်း ဟုန်စွန်းအီသမီးစွန်းကျဲကိုမြင်ယောင်လာသည်။

"သူက ဟုန်စွန်းအီကို ကလဲ့စားချေမယ်လို့သာပြောတယ်၊ ဒါပေမဲ့ စွန်းကျဲဟာ သူနဲ့ဘာလိုလိုဖြစ်ခဲ့သေးတယ်၊ အခု သူက စွန်းကျဲနဲ့တွေ့ရမှာမို့ ငါ့ကိုမလိုက်စေချင်တာဖြစ်ရမယ်"

နအင်းက ဤသို့စိတ်ထဲ၌တွေးရင်း စိတ်မကောင်းဖြစ်လာကာ မျက်ရည်များကျလာသည်။ သို့သော် သူမက စိတ်ဓာတ်ပြင်းထန်သောမိန်းကလေးတစ်ယောက်ဖြစ်သည့်အားလျော်စွာ မျက်ရည်များကို ထိန်းချုပ်လိုက်သည်။

"ကဲ.... မောင်လေး၊ မမတားလို့မရလဲ သွားပေါ့"



လေသံအေးအေးဖြင့် ပြန်ပြောလိုက်သည်။ မွန်တင်းက နအင်းတွေဝေနေသည်ကိုတွေ့မြင်လိုက်သောအခါ လိုရာဆွဲတွေးတော့၏။

"အင်း.... သူက ငါ့ကိုဘယ်လောက်ချစ်တယ်ပဲပြောပြော အခုငါသွားရမယ့်လမ်းက သေရမယ့်လမ်းဆိုတော့ သူ ဘယ်လိုက်ဝံ့ပါ့မလဲ၊ နောက်ပြီး ကြာပန်းဂိုဏ်းက ကြားပန်းဒေဝီရဲ့ တပည့်ဆိုတော့ ကောင်းတဲ့လူရှားပါတယ်လေ"

ထို့ကြောင့် သူကမျက်နှာတင်းတင်းထားလိုက်ပြီး.....၊

"ကဲ.... ဒါဖြင့် ကျွန်တော်သွားပြီ"

စကားဆုံးသွားသည်နှင့် အလျှင်အမြန်ပြေးလွှားသွားလေတော့သည်။ နအင်းက ထိန်းချုပ်ထားသောမျက်ရည်များ တားမနိုင်ဖြစ်ကာ တသွင်သွင်စီးကျလာလေတော့၏။

မွန်တင်းက စိတ်ထဲ၌ခံပြင်းလှသဖြင့် အားသွန်ပြေးလွှားနေသည်။ သူက နအင်းအပေါ်အထင်လွဲနေသောစိတ်ကြောင့် ယခုကဲ့သို့ ခြေဦးတည့်ရာပြေးလာခြင်းဖြစ်သည်။

အတန်ကြာမှ ... ပတ်ဝန်းကျင်ကိုသတိရလာပြီး ပြေးလွှားနေသောခြေလှမ်းကိုလည်း ရပ်လိုက်သည်။

ထို့နောက်.... ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဤနေရာကို သူတစ်ကြိမ်တစ်ခါမျှမရောက်ဘူးခဲ့ပါချေ။

သူ့ရှေ့တွင် ချယ်ရီပင်များအစီအရီစိုက်ထားသောချယ်ရီ

တောတစ်ခုကိုတွေ့ရသည်။ ချယ်ရီပန်းများသည် ဝေဝေဆာဆာ ဖူးပွင့်နေသည်။ ဝန်းကျင်တစ်ခုလုံးမှာ သာယာနေသည်။

ထိုမြင်ကွင်းအားတွေ့မြင်လိုက်သည်နှင့် မွန်တင်း၏စိတ်ထဲတွင် အလိုလိုကြည်နူးလာသည်။

"ငါ ဘယ်နေရာရောက်နေပါလိမ့်"

သူ့ကိုယ်သူမေးနေမိသည်။ သူက ချယ်ရီတောထဲသို့ တစ်လှမ်းချင်းလှမ်းဝင်သွား၏။ စိမ်းလန်းစိုပြည်နေသောမြက်ခင်းပင်များသည် မွေ့ရာသဖွယ်ပျော့ပျောင်းနေသည်။

ဤနေရာသည် လူအားဖြင့် ပြုပြင်ထားသောနေရာဖြစ်သည်မှာသေချာသည်။ သို့သော် .....

မည်သူက ဤနေရာတွင် လာရောက်ပြုပြင်ထားသနည်း။

သူက ဤသို့တွေးရင်း ဝန်းကျင်သို့တစ်ချက်ဝေ့ကြည့်လိုက်သည်။ ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေသည်။

လူရိပ်ကား လုံးဝမတွေ့ရချေ။

သူက ချယ်ရီတောထဲသို့လှမ်းဝင်လိုက်သည်။

ဤသို့ဖြင့် သူက ချယ်ရီတောထဲသို့ ခြေလှမ်းငါးဆယ်မျှ လှမ်းဝင်လိုက်သောအခါ ချယ်ရီပင်တစ်ပင်၏အကိုင်းအခက်တွင် သစ်သားဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်ကို တွေ့လိုက်ရလေသည်။ ထိုဆိုင်းဘုတ်ပေါ်တွင်....

"ဤ ချယ်ရီတောထဲသို့ အခွင့်မရှိ ဝင်ရောက်လာသူသည်



သေဒဏ်သင့်မည်"

ဟုရေးသားထားသည်ကိုတွေ့လိုက်ရသည်။

သို့သော် .... ထိုစာလုံးများသည် ကလေးလက်ရေးပမာ မညီမညာ ကွေ့ကွေ့ကောက်ကောက်ဖြစ်နေလေ၏။

ထို့ကြောင့် တစ်စုံတစ်ယောက်က သက်သက်လာရောက်ဆော့ကစားထားသည်ဟုထင်ရပေသည်။ မွန်တင်း တစ်ချက်ပြုံးပြီး ထိုဆိုင်းဘုတ်အား ဂရုမစိုက်ဘဲဝင်သွားသည်။

ဤသို့ဖြင့် .... ခြေလှမ်းငါးဆယ်ခန့်ထပ်မံလျှောက်လာသောအခါ ဆိုင်းဘုတ်တစ်ခုကိုထပ်မံ၍တွေ့လိုက်ရသည်။

ထိုဆိုင်းဘုတ်ပေါ်တွင် .....

*"ပြင်းပြင်းထန်ထန်သတိပေးခြင်း၊ သင်အသက်မသေချင်ရင် ဤနေရာမှပြန်လှည့်သွားပါ"*

*(ပုံ) ချယ်ရီပန်းဒေဝီ*

မွန်တင်း မျက်မှောင်ကုပ်သွားသည်။

ပြန်လှည့်ရန်ဟန်ပြင်လိုက်သည်။

ရုတ်တရက် သူ့ဦးနှောက်ထဲသို့ အကြံတစ်ခုဝင်ရောက်လာသည်။ ဤဆိုင်းဘုတ်သည် အလွန်ဉာဏ်များလှသည့် ဟုန်န်းအီကရေးသားထားခြင်းများဖြစ်နေမည်လော .....

သူ ဤသို့တွေးမိသည်နှင့် မဲ့ပြုံးပြုံးလိုက်ပြီး ရှေ့သို့ဆက်လျှောက်သွားသည်။

ဆက်၍လျှောက်လာရာ နောက်ထပ်ခြေလှမ်းငါးဆယ်ခန့် လျှောက်မိသည်နှင့် သူ၏ခြေလှမ်းသည် တုံ့ခနဲရပ်သွားလေတော့သည်။ နောက်ထပ်ဆိုင်းဘုတ်တစ်ခုကို ထပ်၍တွေ့လိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

သူသည် ရှေ့တည့်တည့်ကိုက်တစ်ရာခန့်အကွာတွင် လူတစ်ယောက်သည် ချယ်ရီပင်ကိုမှီ၍ထိုင်နေသည်ကိုတွေ့လိုက်ရသည်။ မွန်တင်း မျက်မှောင်ကုပ်သွားသည်။

သို့သော်... သူက ထိုလူအားစေ့စေ့ကြည့်လိုက်သောအခါ တစ်ကိုယ်လုံးတုန့်ယင်သွားသည်။

အဘယ့်ကြောင့်ဆိုသော် .....

ထိုင်နေသူမှာ .... သိုင်းဘုရင်ဟုန်စွန်းအီပင် ဖြစ်နေသောကြောင့်တည်း။

မွန်တင်းက မလှုပ်မယှက်ရပ်နေသည်။

ဟုန်စွန်းအီက အဘယ်ကြောင့် ဤနေရာမှာလာရောက်နေရပါသနည်း။

မိမိရောက်ရှိလာမည်ကို ကြိုတင်တွက်ဆထား၍ ဤနေရာမှစောင့်နေခြင်းဖြစ်မည်လော။

သူက ပြေးတွေ့လိုသောစိတ်ကိုဖျောက်ကာ ဟုန်စွန်းအီထံသို့ တစ်လှမ်းချင်းလျှောက်သွားလေတော့၏။

ချယ်ရီပန်းများသည် နီရဲနေသည်။



ထူးခြားသည်မှာ ချယ်ရီပင်အောက်၌ထိုင်လျက်နေသော ဟုန်စွန်းအီ၏ရင်ဝမှာလည်း နီရဲ၍နေခြင်းဖြစ်သည်။

ဟုန်စွန်းအီ၏ရင်ဝတွင် ပါးလွှာသောဓားတစ်လက်စိုက်နေသည်။

ဟုန်စွန်းအီမှာမူ အသက်ကင်းမဲ့စွာ ထိုင်နေခြင်းဖြစ်ပါသည်။ မွန်တင်းက ထိုအခြင်းအရာကို တွေ့မြင်လိုက်ရသောအခါ ကြက်သေသေသွားလေတော့သည်။

ဟုန်စွန်းအီကဲ့သို့သော သိုင်းဘုရင်တစ်ယောက်ကို မည်သူက ယခုကဲ့သို့သတ်နိုင်ပါသနည်း။

သူက အတန်ကြာစဉ်းစားသော်လည်းအဖြေမရရှိပါ။

ဟုန်စွန်းအီသေဆုံးသွားပြီဖြစ်ရာ သူ မည်သို့ဆက်လုပ်ရမည်နည်း။ လုပ်စရာမရှိတော့ပါ။

ဟုန်စွန်းအီအား ကလဲ့စားချေရန် ဆန္ဒအလွန်ပြင်းပြနေသောမွန်တင်းမှာ လက်ရှတွေ့တွင် ဟုန်စွန်းအီ အသတ်ခံလိုက်ရသည်ကိုတွေ့လိုက်ရသည်နှင့် ရင်ထဲတွင်ဟာတာတာဖြစ်သွား၏။

ဟုန်စွန်းအီအပေါ်မုန်းတီးသောစိတ်များ ပျောက်ကွယ်သွားတော့သည်။ ထို့ပြင် ဟုန်စွန်းအီတို့သားအဖ မိမိအပေါ် အစစအရာရာ နည်းအမျိုးမျိုးဖြင့်ကူညီခဲ့သည်များကို ထွာရေးရေးပြန်လည်မြင်ယောင်လာလေတော့သည်။ မိမိအား ယောက်ျားဟန်ဆောင်ပြီး သိုင်းစာအုပ်ကိုလက်ဆောင်ပေးသွားသောစွန်းကျဲ .....

မိမိအကြပ်အတည်းတွေ့ခဲ့စဉ်က ဗေဒင်ဆရာဟန်ဆောင်၍ မိမိကိုအသိမပေးဘဲ လျှို့ဝှက်စွာကူညီပေးခဲ့သောဟုန်စွန်းအီ။

နောက်ဆုံးတွင် ဟုန်စွန်းအီတို့သားအဖအပေါ် လုံးဝမုန်းတီး၍မရမုန်းသဘောပေါက်လာသည်။ ထို့နောက် သူသက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုအခါ .... သူက ချယ်ရီပင်၏ခြေရင်းတွင် မြေတူးကာ ဟုန်စွန်းအီ၏ အလောင်းကိုမြှုပ်နှံပေးလိုက်တော့သည်။

****

မွန်တင်းသည် တစ်သက်တာလုံးထမ်းဆောင်ခဲ့ရသော ဝန်ထုပ်ဝန်ပိုးတစ်ခုလျော့ကျသွားသဖြင့် သူသည် တစ်ကိုယ်လုံးပေါ့ပါးသွားသည်ဟုခံစားလိုက်ရသည်။

ဟုန်စွန်းအီ၏ အလောင်းကိုမြှုပ်နှံပြီးနောက် ....

သူသည် ချယ်ရီတောမှပြန်လည်ထွက်ခွာလာခဲ့လေ၏။

သို့သော်...... သူသည် အဘွားအိုနေထိုင်သောတဲအိမ်သို့ပြန်ရောက်လာသောအခါ နအင်းတစ်ယောက် မိမိအားရှာဖွေရန် ချယ်ရီတောသို့ထွက်ခွာသွားသည့်အကြောင်း အဘွားအိုထံမှကြားသိလိုက်ရသည်။

ထိုသတင်းစကားကိုကြားရသည်နှင့် .....

သူသည် ထိတ်ထိတ်ပျာပျာဖြစ်သွားမိသည်။

"ဟိုက် .... ဒုက္ခပါပဲ"



သူ့ထံမှထိတ်လန့်တကြားပေါ်ထွက်လာသည်။

သည့်နောက် သူသည် မဆိုင်းမတွပင် ချယ်ရီတောရှိရာသို့ဦးတည်၍ပြေးလွှားသွားလေတော့သည်။

မွန်တင်းသည် ချယ်ရီတောသို့ ပြန်လည်ရောက်ရှိလာ၏။

အချိန်ကား နံနက်ခင်းပင်ထည်း။

နံနက်ခင်း၏နေရောင်ခြည်ကြောင့် ချယ်ရီတောမှာ ပို၍လှပနေသည်ဟုထင်ရ၏။ မွန်တင်းသည် ချယ်ရီတောထဲသို့ပြေးဝင်သွားသည်။

ဆိုင်းဘုတ်နှစ်ခုကိုဖြတ်ကျော်လာမိသောအခါ ....

"ဟော့.... ရပ်လိုက်"

ရုတ်တရက် အော်၍အမိန့်ပေးသံတစ်သံကိုကြားလိုက်ရသည်။ မွန်တင်းသည် ခြေစုံရပ်လိုက်၏။ သူသည် အသံကြားရာဘက်သို့လှမ်းကြည့်လိုက်သည်။

ချယ်ရီတောထဲမှ မိန်းကလေး လေးယောက် ဖြည်းညှင်းစွာလျှောက်လာသည်ကိုတွေ့လိုက်ရသည်။ ထိုမိန်းကလေး လေးယောက်တို့သည် အဝါအနီအစိမ်းအပြာစသည့် ဆင်တူအဝတ်အစားများကို ဝတ်ဆင်ထားကြသည်။

ရှေ့ဆုံးမှလာသူမှာ .....

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးဖြစ်သည်။

ထိုမိန်းကလေး လေးယောက်လုံးမှာ အလွန်လှပချောမော၏။

မွန်တင်းသည် သူတို့ကို မျက်မှောင်ကုပ်၍ကြည့်လိုက်သည်။ အတန်ကြာမှ သူသည် ရှေ့သို့ခြေတစ်လှမ်းတိုးပြီး......

"မင်းတို့ကဘာယ်ကလဲ"

မွန်တင်း၏အမေးကြောင့် မိန်းကလေးများသည် အချင်းချင်း အပြန်အလှန်ကြည့်ကြပြီးနောက် .....

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက ....

"ရှင် ဒီအထဲဝင်လာတာ ဆိုင်းဘုတ်ကိုမဖတ်မိဘူးဘား"

"ဖတ်မိသားပဲ"

"ဒါဖြင့် ဘာဖြစ်လို့ထပ်ပြီးဝင်လာရတာလဲ"

"ဘာလဲ၊ ဒီဆိုင်းဘုတ်က ခင်ဗျားတို့ချိတ်ထားတာလား"

"ဟုတ်တယ်ရှင့်"

"ခင်ဗျားတို့က ဘာဖြစ်လို့ ဒီဆိုင်းဘုတ်ကိုချိတ်ရတာလဲ"

"ဒါက ရှင့်အလုပ်မဟုတ်ပါဘူး၊ ဒီချယ်ရီတောထဲကိုဝင်လာတဲ့လူမှန်သမျှ အပြစ်ပေးခံရမယ်ဆိုတာ ရှင်မသိဘူးလား"

မွန်တင်း မျက်မှောင်ကုပ်သွားသည်။

- "နေပါဦး ..... ဟုန်စွန်းအီကိုသတ်တာ ခင်ဗျားတို့မဟုတ်လား"

မိန်းကလေးများသည် တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြပြန်သည်။ အပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

မွန်တင်းက ဒေါသထွက်လာသည်။

ဤမျှလှပသောမိန်းကလေးများသည် ထိုမျှကြမ်းကြုတ်သောအလုပ်ကိုလုပ်ဆောင်လိမ့်မည်ဟု သူမမျှော်လင့်ခဲ့ချေ။

"မင်းတို့ ဟုန်စွန်းအီကို ဘာဖြစ်လို့သတ်ပစ်လိုက်ရတာလဲ"

အနီရောင်မိန်းကလေးက .....

"ဒါတော့ ကျွန်မတို့နယ်မြေထဲဝင်တဲ့လူမှန်သမျှကို သတ်ရမှာပဲ"

မွန်တင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်ကိုလဲသတ်မယ်ဆိုပါတော့"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမဲ့ ရှင့်ကိုတော့မသတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သခင်မလေးက ရှင့်ကိုမသတ်ဖို့ အမိန့်ပေးထားလို့ပါ"

မွန်တင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ၊ ခင်ဗျားတို့သခင်မလေးက ကျုပ်ကိုကြောက်လို့လား"

မွန်တင်းက ယင်းသို့ပြောလိုက်သော်လည်း၊ သူမတို့သည်

ဟုန်စွန်းအိကဲ့သို့သော သိုင်းရာဇာတစ်ယောက်ကိုပင် အသေသတ်နိုင်ခဲ့သည်။ ထို့ကြောင့် မိမိကို မည်သည့်နည်းနှင့်မှ ကြောက်ရွံ့၍ ဤကဲ့သို့အမိန့်ပေးခြင်းမဟုတ်ကြောင်းကိုရိပ်စားမိသည်။

အပြာရောင်ဝတ်ထားသောမိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး .....

"သခင်မလေးက ဘယ်သူ့ကိုမှမကြောက်ဘူးရှင့် .... ရှင်ကံကောင်းတယ်လို့ဆိုရမှာပေါ့ရှင်"

မွန်တင်းသည် ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်ပြီး....

"ဒါနဲ့ ကျုပ်တစ်ခုမေးပါရစေ"

"မေးပါရှင်"

"ဒီချယ်ရီတောကို မိန်းကလေးတစ်ယောက်များ လာသေးသလား"

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးက မျက်မှောင်ကုပ်လိုက်ပြီး ....

"မိန်းကလေးနှစ်ယောက်သုံးယောက်တော့ ဒီကိုဖြတ်လာတာပဲ"

မွန်တင်းရင်ထိတ်သွားသည်။

"ဒါဖြင့် ... နုအင်းဆိုတဲ့မိန်းကလေးတစ်ယောက်ကိုကော တွေ့မိပါသလား"

သူမက ခေါင်းခါယမ်းလိုက်သည်။



"သူတို့ရဲ့နာမည်ကိုတော့ ကျွန်မဘယ်သိမလဲရှင်"

"အခု သူတို့ဘယ်မှာလဲဗျ"

"တချို့ကတော့သေသွားကြပြီ၊ တချို့တော့ သခင်မလေးကခေါ်ထားပါတယ်"

သူမ၏စကားကြောင့် မွန်တင်းသည် စိုးရိမ်တုန်လှုပ်သွားမိသည်။ နုအင်းမှာ သူတို့လက်ချက်ဖြင့်သေဆုံးသွားပြီလော။

မွန်တင်းက သူတို့အားကြည့်ကာပြောလိုက်၏။

"ကဲ.... မင်းတို့သခင်မလေးကိုပြောလိုက် ကျုပ်က သူ့ကိုတွေ့ချင်တယ်လို့"

အနီရောင်မိန်းကလေးက .....

"ကျွန်မတို့သခင်မလေးက ဘယ်သူ့ကိုမှတွေ့လေ့မရှိပါဘူးရှင်"

"ဒါပေမဲ့ ကျုပ်ကတွေ့ချင်တယ်"

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက စိတ်မရှည်တော့သဖြင့် ....

"ဒီမယ် .... ရှင် ဒီနယ်မြေက အမြန်ဆုံးထွက်သွားရင်ကောင်းမယ်၊ တော်ကြာ သခင်မလေးစိတ်ထားပြောင်းသွားရင် ရှင်အသက်ရှင်လျက်နဲ့ ချယ်ရီတောကထွက်နိုင်မှာမဟုတ်ဘူး"

မွန်တင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ခင်ဗျားတို့သခင်မလေးနဲ့မတွေ့ရမချင်း ဒီနေရာက

ဘယ်မှမသွားနိုင်ဘူး"

ထိုစဉ်မှာပင်.....

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် သူတို့ထံသို့လျှောက်လာသည်ကိုတွေ့မြင်ရလေသည်။

ထိုမိန်းကလေးမှာ အလွန်လှပသည်။

သို့သော် ..... သူမ၏မျက်နှာသည် မာကျောခက်ထန်နေသည်။ ထိုမိန်းကလေး လေးယောက်တို့သည် အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးအားတွေ့လိုက်သည်နှင့် ဦးညွှတ်၍အရိုအသေပေးလိုက်ကြသည်။

အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးက မွန်တင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး .....

"ရှင့်နာမည်မွန်တင်းလား"

"ဟုတ်ပါတယ်"

"ရှင့်ကိုမသတ်ချင်လို့ပြန်ခိုင်းနေတာကို ရှင်က ဘာ့ဖြစ်လို့ မပြန်ရတာလဲ"

"ကျုပ်မေးစရာရှိနေလို့ပါ"

"ဘာများလဲရှင့်"

"ဒီချယ်ရီတောကို နုံအင်းဆိုတဲ့အမျိုးသမီးတစ်ယောက် ဝင်လာသလားဗျ"

သူမကအနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်ကာ ....



"ရှင်မေးနေတာ နုအင်းဆိုတဲ့မိန်းကလေးဟုတ်လား"

"ဟုတ်ပါတယ်၊ သူအခုဘယ်မှာလဲဗျ"

"သူဘယ်မှာလဲဆိုတာ ကျွန်မဘယ်သိပါ့မလဲရှင်"

"ဘာဖြစ်လို့လဲဗျ"

"ဘာလဲ .... ရှင်က သူ့ကိုကျွန်မသတ်ပစ်လိုက်တယ် ထင်နေသလား"

"ဒါတော့ ဘယ်သိမလဲ၊ ခင်ဗျားတို့က တော်တော်ရက်စက်တဲ့လူတွေပဲ၊ သတ်ချင်လဲသတ်မှာပဲ"

မိန်းကလေး မျက်မှောင်ကုပ်သွားသည်။

"ကျွန်မကရက်စက်တယ်လို့ ရှင်ကဘာ့ကြောင့်ပြောနိုင်ရတာလဲ"

မွန်တင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့သတ်လိုက်တဲ့လူကို ကျုပ်ကိုယ်တိုင်မြေမြှုပ်ပေးခဲ့ရတယ်ဗျ"

မိန်းကလေးကခေါင်းညိတ်လိုက်သည်။

"ဩော်.... ရှင်ကဟုန်စွန်းအီကိုပြောနေတာလား"

"ဟုတ်ပါတယ် ဟုန်းစွန်အီဟာ ခင်ဗျားတို့နဲ့ ဘယ်လိုရန်ငြိုးများရှိလို့ သတ်ပစ်လိုက်ရတာလဲ"

သူမ၏မျက်နှာမှာ ဝမ်းနည်းလာ၏။

အတန်ကြာမှ သူမသည် သက်ပြင်းတစ်ချက်ချပြီး ....

"သူ ကျွန်မအဖေကိုသတ်လို့ ကျွန်မကပြန်ပြီး ကလဲ့စားချေလိုက်တာပါ"

သူမ၏စကားကြောင့် မွန်တင်း အံ့အားသင့်သွားမိသည်။

"ဗျာ.....ဟုန်စွန်းအီက ခင်ဗျားအဖေကိုသတ်လိုက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင် .... သူ့ကို ကျွန်မလိုက်ရှာနေတာ အတော်ကြာပါပြီ၊ အခုတော့ သူသေကံရောက်တော့ ကျွန်မနယ်မြေထဲကို သူတိုးဝင်လာတယ်လေ"

မွန်တင်းသည် စွန်းကျဲကိုသတိရလာမိသည်။

"နေပါဦး ..... ဟုန်စွန်းအီရဲ့သမီးစွန်းကျဲကိုကော ခင်ဗျားတွေ့မိသလား"

သူမကခေါင်းညိတ်လိုက်သည်။

"တွေ့မိလိုက်ပါတယ်၊ သူက သူ့အဖေနဲ့အတူလာတာ"

မွန်တင်း ရင်ထိတ်သွားသည်။

"ဒါဖြင့် ခင်ဗျား သူ့ကိုသတ်ပစ်လိုက်ပြီပေါ့ဟုတ်လား"

မိန်းကလေးကခေါင်းခါယမ်းလိုက်၏။

"မသတ်ပါဘူးရှင်၊ ရှင်ထင်သလို ကျွန်မဟာ ရက်စက်တဲ့လူတစ်ယောက်မဟုတ်ပါဘူး၊ သိုင်းလောကကိုရွံမုန်းလို့ ဒီနေရာမှာလာပြီး အေးအေးချမ်းချမ်းနေထိုင်နေတာပါ"

"ဒါဖြင့် .... အခု စွန်းကျဲဘယ်ရောက်သွားပြီလဲ"



"အရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်နဲ့အတူ ထွက်သွားပါတယ်"

ထိုစကားကိုကြားရသောအခါ မွန်တင်းစိတ်သက်သာရာရသွားလေသည်။ သူသည် မိန်းကလေးအား မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်ကြည့်လိုက်ပြီးနောက် .....

"သူတို့ ဘယ်ဘက်ကိုထွက်သွားကြပါသလဲ"

"သူတို့ ကျုံကွမ်းဘက်ကိုသွားကြမယ်လို့ပြောသံကြားရပါတယ်"

မွန်တင်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး .....

"ကောင်းပြီလေ.... ကျုပ်အခု ကျုံကွမ်းကိုလိုက်သွားမယ် ဟိုရောက်လို့မှ သူတို့ကိုမတွေ့ရရင် ချယ်ရီတောကိုမီးရှို့ပစ်မယ်၊ ဒါပဲ"

မွန်တင်းသည် ယင်းသို့ပြောပြီးနောက်ချယ်ရီတောမှထွက်ခွာလာခဲ့တော့သည်။ ထိုအခါမှ သခင်မလေး၏အမည်ကိုပင် မမေးလိုက်မိသည်ကို သတိရလာမိတော့သည်။

****

## အခန်း (၆၀)
## မျိုးချစ်တရား

သုံးရက်....

သုံးရက်တိတိ ခရီးပြင်းနှင်မိခဲ့သောအခါ မွန်တင်းသည် ကျူကွမ်းမြို့သို့ရောက်ရှိလာသည်။

သို့သော်..... ကျူကွမ်းမြို့အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်။ သူသည် ကြာပန်းဂိုဏ်း၏ဌာနချုပ်တည်ရှိရာနေရာကိုစုံစမ်းလေ့လာသည်။ သို့သော်.... ထိုနေရာသို့ရောက်ရှိသောအခါ ကြာပန်းဂိုဏ်း၏ဌာနချုပ်မှာ လူသူကင်းမဲ့နေသည်ကို တွေ့ရသည်။

မွန်တင်းသည် မျက်မှောင်ကုပ်သွား၏။

သူသည် အခန်းအတွင်းသို့လှမ်းဝင်လိုက်သည်။

"မမ.... မမနအင်း"

သူက အော်၍ခေါ်လိုက်သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ တုံ့ပြန်ဖြေကြားခြင်းမရှိပါ။



မွန်တင်းသည် ခေါ်ရင်းဆက်၍လျှောက်သွားသည်။

မကြာမီ .....

သူသည် အခန်းကျယ်သော အဆောင်တစ်ဆောင်သို့ ရောက်ရှိလာလေ၏။

ထိုအခန်းကျယ်၌ စားပွဲ၊ ကုလားထိုင်များ၊ ပရိဘောဂများစုံစုံလင်လင်ရှိသည်။ သို့သော် လူသူဟူ၍တစ်ယောက်မှမရှိပါ။

မွန်တင်း၏စိတ်ထဲတွင် အံ့ဩမိသည်။

ဤကဲ့သို့ ဂိုဏ်းချုပ်တည်နေရာတွင်အစောင့်တစ်ယောက်မှမရှိသည်မှာ သဘာဝမကျလှပါ။

သူသည် အမျိုးမျိုးစဉ်းစားနေစဉ် .....

"ဘယ်သူလဲ"

ရုတ်တရက် မေးသံကိုကြားလိုက်ရသည်။

ယင်းအသံမှာ အေးတိအေးစက်နိုင်လှပေသည်။

မွန်တင်းသည် အသံလာရာသို့လှမ်းကြည့်လိုက်သည်။

အခန်းကျယ်၏အလယ်ဗဟိုတည့်တည့်ရှိ ကြီးမားသော ကုလားထိုင်တစ်လုံးပေါ်တွင် တစ်စုံတစ်ဦးထိုင်နေသည်ကို သတိပြုမိသည်။ ထိုသူမှာ ကြာပန်းဒေဝီပင်တည်း။

မွန်တင်းက ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် ....

"ကျွန်တော်မွန်ငင်းပါ"

ကြာပန်းဒေဝီက သူ့အားလှမ်းကြည့်လိုက်သည်။

"မွန်တင်းဟုတ်လား၊ ဩော်....မှတ်မိပြီ၊ မင်းက နအင်း တပည့်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်း ဒီကိုဘာလာလုပ်တာလဲ"

"ကျွန်တော် မမနအင်းကိုလာရှာတာပါခင်ဗျာ"

ကြာပန်းဒေဝီသည် ထိုစကားကိုကြားရသောအခါ တိတ်ဆိတ်စွာနေလိုက်သည်။ မွန်တင်းသည် ကြာပန်းဒေဝီက မည်သို့မှ ပြန်မပြောသည်ကိုတွေ့ရသောအခါ စိုးရိမ်စိတ်ပွားမိလေ၏။

နအင်းကို သူမသတ်လိုက်ပြီလော။

"မမနအင်း ဘယ်မှာလဲခင်ဗျာ ကျွန်တော် သူ့ကိုသိပ်တွေ့ချင်နေပါတယ်"

ကြာပန်းဒေဝီသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူ ဒီမှာမရှိတော့ပါဘူးကွယ်"

"ဒါဖြင့် သူဘယ်သွားလဲခင်ဗျာ"

"ဒါတော့မသိဘူး"

အတန်ကြာ ......

"အင်း....အခု တိုင်းရေးပြည်ရေးက မငြိမ်မသက်ဖြစ်နေတယ်၊ ဒါ့ကြောင့် တို့ဂိုဏ်းသားတွေကလဲ သိုင်းလောကဂိုဏ်းအသီးသီးတွေနဲ့အတူ တိုင်းပြည်ကာကွယ်ရေးအတွက် နေပြည်တော်



ကိုသွားပြီးစစ်တပ်ထဲဝင်ကြပြီကွဲ့"

မွန်တင်းသည် ထိုစကားကိုကြားမိသောအခါ အံ့အားသင့်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ပြောပါဦးဂိုဏ်းချုပ်ကြီးခင်ဗျား"

ကြာပန်းဒေဝီ၏မျက်နှာမှာ လေးနက်တည်ငြိမ်သွား၏။

"လွန်ခဲ့တဲ့ တစ်လလောက်က မန်ချူးစစ်တပ်တွေဟာ 'စန်းဟိုက်ကွမ်း'စခန်းတပ်'ကို သိမ်းပိုက်လိုက်ပြီလို့ကြားရတယ်၊ ဒါ့ကြောင့် တိုင်းပြည်နဲ့အဝှမ်း မန်ချူးစစ်တပ်တွေကိုခုခံဖို့စိုင်းပြင်းနေကြပြီလေ၊ ရှောင်လင်ဂိုဏ်းကအစ တို့ဂိုဏ်းအထိ၊ သိုင်းပညာရှိတဲ့လူတွေအားလုံးစစ်တပ်ထဲဝင်ကြပြီး နိုင်ငံကိုကျူးကျော်လာတဲ့ မန်ချူးတပ်တွေကိုခုခံတွန်းလှန်တိုက်ခိုက်နေကြပြီကွဲ့"

ကြာပန်းဒေဝီက ယင်းသို့စိတ်ရှည်လက်ရှည် ရှင်းပြပြောဆိုပြီးနောက် မွန်တင်းအားကြည့်ကာ ......

"မင်း အခုဘာလုပ်မယ်လို့ ဆုံးဖြတ်ချက်ချထားသလဲ"

မွန်တင်းခေါင်းငုံ့ထားလိုက်သည်။

"ကျွန်တော် မမနအင်းကို မတွေ့တွေ့အောင်ရှာပြီးမှ ဆုံးဖြတ်ချက်ချမယ်"

ကြာပန်းဒေဝီ သက်ပြင်းတစ်ချက်ချလိုက်ပြီး .....

"ဒါနဲ့ .... မင်းအဖေသတ်တဲ့ရန်သူ သေသွားပြီလို့ ကြားရတယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်းအဖေကိုသတ်တာ ဟန်စွန်းအီမဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

ကြာပန်းဒေဝီသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြန်လေ၏။

"အင်း .... အခု ဟန်စွန်းအီကိုသတ်သွားတဲ့လူ ဘယ်သူလဲဆိုတာကော မင်းသိသလား"

"ဟုတ်ကဲ့သိပါတယ်၊ ချယ်ရီတောကက သခင်မလေးဆိုတဲ့မိန်းကလေးပါ"

"အဲဒီသခင်မလေးဆိုတဲ့မိန်းကလေးက ဘာကြောင့် ဟန်စွန်းအီကိုသတ်တယ်ဆိုတာကော သိသလား"

"ဟုတ်ကဲ့ ....သူက သူ့အဖေအတွက် ကလဲ့စားချေတာလို့ပြောပါတယ်"

"သူ့အဖေဘယ်သူလဲဆိုတာ မင်းသိသလား"

ကြာပန်းဒေဝီ၏ မေးခွန်းများကား မဆုံးတော့ချေ။ တစ်စုံတစ်ခုကို ယတိပြတ်ပြောလျှင်ရပါလျက် မေးခွန်းများထပ်တလဲလဲထုတ်နေသည်။ မွန်တင်းက ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးခင်ဗျာ"

ကြာပန်းဒေဝီက သူ့အားစေ့စေ့ကြည့်ကာ .....

"သခင်မလေးရဲ့အဖေဆိုတာ မင်းအဖေပဲပေါ့"



မွန်တင်းက ထိုစကားကိုကြားရသောအခါ အံ့အားသင့်စွာကြည့်မိလေ၏။

"ဗျာ..."

ကြာပန်းဒေဝီက တစ်ချက်ပြုံးလိုက်ပြီး .....

"ငါပြောတာကို မင်းနားမရှင်းဘူးထင်တယ်"

"ဟုတ်ကဲ့ .... ကျွန်တော်သဘောမပေါက်ပါဘူးခင်ဗျာ"

"ဟန်စွန်းအီကိုသတ်လိုက်တဲ့မိန်းကလေးဟာ မင်းရဲ့အဖေတူအမေကွဲညီမပေါ့"

သူမ၏စကားကြောင့် မွန်တင်းမှာ အံ့သြထိတ်လန့်သွားမိလေ၏။

"ကျွန်တော် နားမရှင်းဘူးခင်ဗျာ"

"အေး.... မင်းကိုနားရှင်းအောင်ပြောပြရမယ်ဆိုရင် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကဆိုပါတော့ကွယ် ..... မင်းအဖေနဲ့ ဟန်စွန်းအီမှာ မိန်းမကိုယ်စီရှိကြတာချည်းပဲ၊ ဒါနဲ့ ဒီမိန်းကလေးတစ်ယောက်အတွက် တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားပြီး ရန်သူအဖြစ်ရောက်ခဲ့ကြတယ်၊ နောက်ဆုံးမှာတော့ မင်းအဖေ ဒီမိန်းကလေးကိုရလိုက်တယ်ဆိုပါတော့ .... အဲဒီအချိန်ကစပြီး ဟန်စွန်းအီက မင်းအဖေပေါ်မှာ ရန်ငြိုးဖွဲ့ခဲ့တယ်၊ ငါမှတ်မိသလောက်ပြောရရင် မင်းအသက်ဆယ်နှစ်လောက်မှာ မင်းရဲ့ညီတာ သုံးခါလည်လောက်ပဲရှိဦးမယ်ထင်တယ်၊ နောက် ... ဟန်စွန်းအီဟာ

မင်းအဖေနဲ့ ထိုက်ပန်တောင်ထိပ်မှာချိန်းပြီး သိုင်းပညာယှဉ်ပြိုင်ခဲ့ကြတယ်၊ အမှန်အတိုင်းပြောရရင် မင်းအဖေနဲ့ဟုန်စွန်းအီဟာ သိုင်းပညာ သိပ်မကွာလှဘူး၊ ဒါပေမဲ့..... ဟုန်စွန်းအီက မင်းအဖေအပေါ်မှာ ကလဲ့စားချေချင်တဲ့စိတ်ဆန္ဒပြင်းပြနေတာနဲ့ သူဟာ သုံးနှစ်လုံးလုံးကျိတ်ပြီး သိုင်းပညာလေ့ကျင့်ခဲ့တယ်၊ ဒါ့ကြောင့် ဒီယှဉ်ပြိုင်ပွဲမှာ မင်းအဖေသေဆုံးသွားရပြီး ဟုန်စွန်းအီဟာ သိုင်းရာဇာတစ်ယောက်အဖြစ်ကျော်ကြားလာခဲ့တယ်"

ကြာပန်းဒေဝီသည် ပြောရင်း အသံများတုန်ယင်လာ၏။

"ဒီနောက်တော့ ဟုန်စွန်းအီဟာနောင်တရလာတယ်၊ မင်းအဖေကိုသတ်မိတဲ့အတွက် ယူကျုံးမရဖြစ်လာတယ်၊ ဒါ့ကြောင့်မို့ သူ့ရဲ့အပြစ်တွေကိုပေးဆပ်ချင်လွန်းလို့ အစစအရာရာ မင်းကိုကူညီခဲ့တယ်၊ ဒီအကြောင်းတွေကိုလဲ သူက ငါ့ကိုဖွင့်ပြောခဲ့တယ်၊ နောက်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူ့ရဲ့လုပ်ငန်းပြီးဆုံးသွားရင် ငါ့ရှေ့မှာသက်သေထားပြီး ကိုယ့်ကိုယ်ကိုသတ်သေဖို့တောင် ပြောခဲ့ပါသေးတယ်"

ကြာပန်းဒေဝီမှာ ပြောရင်း မျက်လုံးအစုံတွင်မျက်ရည်များရစ်ဝဲလာလေသည်။

"အခုတော့ သူအသတ်ခံလိုက်ရပြီလေ၊ သူ့ရဲ့ဝဋ်ကြွေးဆိုဗါတော့ကွယ်"

မွန်တင်းသည် ကြာပန်းဒေဝီ၏ ရှင်းလင်းပြောကြားချက်များကိုကြားရသောအခါ ရင်ထဲ၌တလှပ်လှပ်ခံစားလာမိပေသည်။



ကြာပန်းဒေဝီသည် ထိုင်ရာမှဆတ်ခနဲထလိုက်လေ၏။

သူမ၏မျက်လုံးအစုံ၌ မျက်ရည်များရီဝေခြင်းမရှိတော့ပါ။ သူ၏မျက်နှာမှာ တက်ကြွခြင်းခံစားချက်ယှက်သန်းလာ၏။

သည့်နောက်...... သူမက စကားကိုဆက်ပြန်သည်။

"တို့သိုင်းသမားတွေဟာ ကိုယ့်ရဲ့သိုင်းပညာကို သူများထက်သာဖို့ရယ်၊ ဂိုဏ်းတွေဖွဲ့ပြီးလူတွေစု၊ ဩဇာအာဏာလွှမ်းမိုးဖို့ရယ်၊ သိုင်းပညာရှင်တစ်ယောက်ပေါ်လာပြီဆိုရင် အားလုံးကဝိုင်းနှိမ်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန်သတ်ဖြတ်ရင်း အချိန်တွေကုန်ခန်းခဲ့ကြတယ်၊ အမှန်ကိုပြောရရင် တို့ရဲ့လုပ်ရပ်တွေဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့အပြင် အကျိုးတောင်ယုတ်စေပါတယ်၊ ဒါ့ကြောင့်... အခုလိုနယ်ချဲ့မန်ချူးတွေက တို့နိုင်ငံကို မတရားကျူးကျော်ဝင်ရောက်လာတဲ့သတင်းကြားလိုက်တာနဲ့ ငါတို့ဟာ ငါတို့ဂိုဏ်းမှာရှိတဲ့ရွှေငွေတွေအားလုံးကို တိုင်းပြည်ကိုလှူလိုက်ကြတယ်လေ၊ သိုင်းပညာတတ်မြောက်ထားတဲ့ ငါတို့ရဲ့အဖွဲ့သားတွေကိုလဲ တိုင်းပြည်အတွက် တစ်တပ်တစ်အားပါဝင်နိုင်ဖို့ အားလုံးကို နေပြည်တော်လွှတ်လိုက်ပါပြီ"

ကြာပန်းဒေဝီသည် ယင်းသို့ပြောဆိုပြီး မွန်တင်းအားစေ့စေ့ကြည့်လိုက်၏။ ပြီးမှ .....

"ကဲ.... မွန်တင်း မင်းဟာ ရိုးသားဖြောင့်မတ်တဲ့သိုင်း

သမားတစ်ယောက်ဖြစ်တယ် ဒါပေမဲ့ မင်းဟာ အတွေးအခေါ် နုနယ်သေးလို့ ကိုယ်ရေးကိုယ်တာကို ရှေ့တန်းတင်လွန်းတယ်လို့ ဆိုချင်တယ်၊ အခုလို တိုင်းပြည်မှာ လူငယ်လူရွယ်တွေလိုအပ်နေချိန်မှာ မင်းလဲပါဝင်သင့်တယ်လို့ ငါနောက်ဆုံး တိုက်တွန်းချင်တယ်၊ ဂုဲ .... ငါလဲ အသက်ကြီးလာပြီ၊ ဒါပေမဲ့ ငါ့ရဲ့အသက်နဲ့ ခန္ဓာကိုယ်မြဲနေသရွေ့ တိုင်းပြည်နဲ့လူမျိုးအတွက် တတ်နိုင်သမျှ လုပ်ဆောင်သွားမယ်လို့ ဆုံးဖြတ်ထားတယ်"

ကြာပန်းဒေဝီသည် ဤကဲ့သို့ပြောဆိုပြီးသည်နှင့် ချာခနဲ လှည့်ကာ ခန်းမဆောင်ကြီးမှထွက်ခွာသွားလေတော့သည်။

****



အခန်း (၆၁)
ပေါင်းစည်းခြင်းအထွတ်အထိပ်

မွန်တင်းသည် မလှုပ်မယှက်ရပ်လျက်နေလေ၏။

ကြာပန်းဒေဝီ၏စကားသံများသည် သူ၏နားထဲ ပဲ့တင်ထပ်၍သွားသည်။ မှန်၏။ ကြာပန်းဒေဝီ၏စကားများသည် အလွန်တိကျမှန်ကန်နေသည်မဟုတ်ပါလား။

ကြာပန်းဂိုဏ်းမှာ ရက်စက်ကြမ်းကြုတ်သည့်လူတစ်စု ဖွဲ့စည်းထားသောဂိုဏ်းဟု အများကအသိအမှတ်ပြုထားကြသည်။ ယခုကြာပန်းဂိုဏ်းအဖွဲ့သားများသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုသောလုပ်ငန်းဘက်သို့ ကူးပြောင်းသွားပြီမဟုတ်ပါလော။

ကြာပန်းဒေဝီကဲ့သို့သော အသက်အရွယ်ကြီးရင့်သည့် ပုဂ္ဂိုလ်တစ်ယောက်ပင် ကိုယ်ကျိုးစွန့်ပြီး နိုင်ငံအကျိုးကို တစ်တပ်တစ်အားပါဝင်ရန် ထွက်ခွာသွားပြီမဟုတ်ပါလော။

မိမိသည် လူငယ်တစ်ယောက်ဖြစ်သည်။ မိမိသည်လည်း နိုင်ငံအတွက် နယ်ချဲ့ကျူးကျော်သူ မန်ချူးတို့အား အသက်စွန့်ပြီး

တိုင်းပြည်ကိုကာကွယ်ရန် မသင့်ပါသလော။

သူသည် တွေးရင်းတွေးရင်း စိတ်ခတ်တက်ကြွလာ၏။

"ဝုန်း"

သူ၏လက်သီးကို စားပွဲပေါ်တစ်ချက်ထုချပြီး ....

"ကနေ့ကစပြီး ငါဟာ အဓိပ္ပာယ်ကင်းမဲ့တဲ့အလုပ်တွေကို စွန့်ပြီးတိုင်းပြည်ကိုအကျိုးပြုပါမယ်လို့ အဓိဋ္ဌာန်ချလိုက်ပါပြီ"

သူက ကြိမ်းဝါးပြောဆိုရင်း ဆုံးဖြတ်ချက်ချလိုက်တော့၏။

****

ကျန်းနန်မြို့ .....

ကျန်းနန်မြို့မှာ ခါတိုင်းကဲ့သို့စည်ကားသိုက်မြိုက်စွာရှိနေသည်။ အကယ်၍ မြို့ဦး၏နံရံပေါ်တွင် စစ်သားများစုဆောင်းနေသောဆိုင်းဘုတ်များ၊ လမ်းဆုံလမ်းခွများတွင်လည်း အလားတူလူစုများဖွဲ့ကာ မန်ချူးစစ်တပ်ကျူးကျော်သည့်အကြောင်းများကို ဝေဖန်ပြောဆိုနေသည်များကိုသာမကြားခဲ့ပါလျှင် ......

ဤမြို့တော်သည် စစ်ငွေ့စစ်ရိပ်များ လုံးဝတွေ့ရှိလိမ့်မည်မဟုတ်ပါ။ မွန်တင်းသည် ကျန်းနန်မြို့သို့ရောက်ရှိလာသောအခါ သူသည် ချစ်သူနုအင်းနှင့်ခွဲခွာခဲ့ရသောလှေဆိပ်ကို သတိရလာမိ၏။ ထို့ကြောင့် .... သူ၏ခြေလှမ်းများသည် လှေဆိပ်ရှိရာသို့ ဦးတည်လျှောက်သွားသည်။



သူသည် လျှောက်လာရင်း ချစ်သူနုအင်းနှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းများ .....

'ကျောက်တုံးကျွန်း'တွင် ချစ်သူနုအင်းနှင့်အတူနေထိုင်ခဲ့ပုံများ .... နောက်ဆုံး ဤလှေဆိပ်အနီးတောအုပ်ရှိသစ်ပင်တစ်ပင်ပေါ်တွင် စာများရေးပြီး ဆံပင်များဖြတ်၍ထားခဲ့ပုံများကို မျက်လုံးထဲတွင် တရေးရေးမြင်ယောင်လာမိသည်။

သူ၏ရင်ထဲ၌ ချစ်သူနုအင်းကိုတွေ့လိုသောစိတ်များ တဖွားဖွားပေါ်ပေါက်လာပေသည်။ ထို့နောက်......

သူသည် လှေဆိပ်သို့ရောက်ရှိလာတော့သည်။

လှိုင်းပုတ်ခတ်သံများကို အဆက်မပြတ်ကြားနေရသည်။

ရေပြင်မှဖြတ်သန်းလာသော လေအေးများကြောင့် သူ၏တစ်ကိုယ်လုံးမှာ အေးစိမ့်စွာခံစားနေရသည်။

မွန်တင်းမှာ ချစ်စိတ်ကိုခံစားမိရင်း ရင်ထဲမှခံစားချက်ကို မျိုသိပ်ထားသော်လည်း သူ၏မျက်လုံးအစုံမှ မျက်ရည်များရစ်ဝဲလာမိပြန်သည်။ ထိုစဉ် မမျှော်လင့်ဘဲ ကျောက်ဆောင်တစ်ခုပေါ်၌ ရပ်နေသောချစ်သူနုအင်းကို ဗိုးတဝါးမြင်ယောင်လာမိသည်။

"ဩော်..... မမရယ်၊ မမဘယ်ရောက်နေသလဲကွယ်"

သူ၏အသံမှာ တုန်ယင်နေသည်။ အသံလှိုင်းများသည် လေနှင့်အတူ ဝေ့ကာဝေ့ကာလွင့်ပါသွားလေသည်။ သူသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး .....

"မမနုအင်း .... မမနုအင်း"

သူအသံကုန်အော်လိုက်၏။ ရင်ထဲ၌ ကိန်းအောင်းနေသောခံစားချက်များကို အစွမ်းကုန်အန်ထုတ်လိုက်ခြင်းဖြစ်သည်။

"မမနုအင်းရယ် ကျွန်တော်စစ်တပ်ထဲမဝင်ခင် မမကိုခဏတွေ့ချင်ပါသေးတယ်၊ မမဘယ်ဆီများရောက်နေပြီလဲမမရယ်"

သူ၏အသံမှာ တိုး၍တိုး၍သွားလေတော့သည်။

ရုတ်တရက်..... သူ၏မျက်လုံးအစုံမှ မြင်တွေ့နေရသောကျောက်ဆောင်ပေါ်မှ နုအင်း၏အရိပ်သဏ္ဍာန်မှာ တဖြည်းဖြည်းရွေ့လျားလာနေသည်ဟုထင်မိသည်။

သူ အံ့ဩသွားမိ၏။ သည့်နောက် သူသည် မျက်လုံးမှကျဆင်းလာသောမျက်ရည်များကို ပွတ်သတ်လိုက်၏။

ယခု.... သူသည် မြင်ကွင်းကိုပီပီပြင်ပြင်မြင်တွေ့ရပေပြီ။

ကျောက်ဆောင်ပေါ်၌ရပ်နေသောလူရိပ်မှာ ချစ်သူနုအင်းဖြစ်နေသည်။ သူသည် မိမိမျက်လုံးကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်မိလေ၏။ သူသည် ထပ်မံ၍မျက်လုံးကိုပွတ်၍ကြည့်လိုက်ပြန်သည်။ မြင်ကွင်းကား မပြောင်းလဲပါ။

နုအင်းမှနုအင်းအစစ်။

သူမသည် အကျွံုးတန်သောနုအင်းမဟုတ်တော့ဘဲ အလွန်လှပချောမောသောနုအင်းဖြစ်နေသည်။ သူသည် ဝမ်းသာလွန်း၍ကြောင်းအမ်းအမ်းဖြင့်ရပ်ကြည့်နေမိသည်။



"မွန်တင်း..... မွန်တင်း..... မောင်လေး"

သူမထံမှတုံ့ပြန်စကားကြားရမှ သူသည် အသိတရားပြန်လည်ရလာမိ၏။

"မမနုအင်း..... မမနုအင်း"

သူသည် အသံကုန်အော်ရင်း သူမထံသို့ပြေးသွားသည်။ လှိုင်းတံပိုးများသည် ကျောက်ဆောင်များကိုအဆက်မပြတ်ရိုက်ခတ်သောအသံများသည် သဘာဝ၏တေးဂီတသံများပမာကြည်နူးဖွယ်ကောင်းလှသည်ဟုထင်ရလေသည်။

ရေပြင်မှတိုက်ခတ်လာသောလေအေးများသည် အေးစိမ့်လှသည်။ သို့သော်..... ပြန်လည်ဆုံဆည်းရသော ချစ်သူနှစ်ဦး၏ရင်ထဲ၌ နွေးနွေးထွေးထွေးရှိလှပေသည်။ မွန်တင်းသည် နုအင်းအား တင်းကြပ်စွာဖက်ထားလိုက်မိပေတော့သည်။

"မမရယ်..... ဘာဖြစ်လို့များ ကျွန်တော့်ကိုရှောင်ပြေးနေရတာလဲမမရယ်"

နုအင်းသည် မျက်ရည်များကျဆင်းနေသည့်ကြားမှ ပြုံး၍ပြလိုက်ပြီး ......

"မောင်လေး .... သိပ်ချစ်တော့် သိပ်သဝန်တိုတယ်လို့ကြားဖူးသလားဟင်၊ မွန်တင်း"

မွန်တင်းကခေါင်းညိတ်လိုက်၏။

"ကြားဖူးပါတယ်မမ ဘာဖြစ်လို့လဲမမ"

"ဘာဖြစ်ရမှာလဲကွယ် .... မင်းကစွန်းကျဲနဲ့မေတ္တာမျှနေကြတယ်လို့မမထင်မိတယ်လေ၊ ဒါ့ကြောင့် မမဝမ်းနည်းပြီး မင်းအနားကရှောင်ခွာခဲ့ရတာပေါ့၊ စွန်းကျဲက မမထက်လှတယ်မဟုတ်လား"

"ဩော်...မမရယ်၊ မမက ကျွန်တော့်ကိုအထင်လွဲနေတာကိုး၊ ဒီမှာမမ ကျွန်တော်မမကို ဘယ်လောက်ချစ်တယ်ဆိုတာ မမသိဖို့ကောင်းပါတယ်မမရယ်"

နအင်းခေါင်းညိတ်လိုက်၏။

"မမယုံပါပြီကွယ် .... စွန်းကျဲက မမကို အားလုံးပြောပြပြီးပါပြီ၊ ဒါ့ကြောင့်လဲ မမ ခုလိုဒီနေရာကိုသတိရပြီးလာခဲ့တာပါ"

မွန်တင်းသည် မျက်မှောင်ကုပ်ပြီး .....

"ဒါနဲ့ စွန်ကျဲအဖေသေသွားတာကို မမသိပြီးပြီလားဟင်"

"အင်း...., စွန်းကျဲပြောပြလို့သိပြီးပါပြီ၊ သူလဲ အဖေဆုံးပြီးတဲ့နောက် လူ့လောကကိုငြီးငွေ့ပြီး သီလရှင်ဝတ်သွားတယ်"

ထိုစကားကိုကြားရသောအခါ စိတ်မကောင်းဖြစ်မိ၏။ မည်သို့ဆိုစေ၊ စွန်းကျဲသည် မိမိအားကူညီခဲ့သည်မဟုတ်ပါလော။

"ဩော်ဒါနဲ့ မောင်လေးက ဒီကိုဘယ်လိုလုပ်ပြီးရောက်လာတာလဲ"

"ကျွန်တော် စစ်ထဲဝင်မလို့ရောက်လာတာပါ၊ ဒါပေမဲ့ ဒီကျုံးနန်မြို့ကိုရောက်တော့ မမနဲ့ကျွန်တော်ခွဲခွာခဲ့ရတဲ့နေရာကို



သတိရတာနဲ့ ဒီနေရာကိုရောက်လာတာပါမမ"

နအင်းက တစ်စုံတရာကိုသတိရမိပြီး .....

"ဒါနဲ့ ဖုံးအင်းကိုသတိရသေးလား"

မွန်တင်းမျက်မှောင်ကုပ်သွား၏။

"အဘိုးအိုဖုံးဝူးကျိရဲ့သမီး ဖုံးအင်းကိုပြောတာလား"

"ဟုတ်တယ် သူ့ကိုကျုံးနန်မြို့ထဲမှာတွေ့ခဲ့တယ်၊ သူလဲစစ်တပ်ထဲဝင်ဖို့ စာရင်းသွားပေးတယ်လို့ပြောတယ်"

မွန်တင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း.... ကျွန်တော်နဲ့မမတို့ရဲ့ဘဝဟာ တော်တော်ထူးခြားပါတယ်၊ အတူတူနေနိုင်တုန်းကမနေကြဘူး၊ အခုတော့ ..."

"အခုတော့ဘာဖြစ်သလဲ မောင်လေး"

"ကျွန်တော်.... ကျွန်တော်"

"ဘာဖြစ်လဲ ပြောပါမောင်လေး"

"ကျွန်တော်စစ်ထဲဝင်တော့မလို့ မမရဲ့ကြာပန်းဒေဝီထံမှာကတိပေးခဲ့တယ်"

နအင်းကပြုံးပြလိုက်ပြီး .....

"အိုး မောင်လေးကလဲ ဒါဟာ တိုင်းပြည်နဲ့လူမျိုးအတွက် လုပ်သင့်လုပ်ထိုက်တဲ့တာဝန်တစ်ရပ်ပဲ၊ မောင်လေးနဲ့အတူ မမလဲလိုက်ခဲ့မှာပေါ့ကွယ်၊ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့"

မွန်တင်းသည် ဝမ်းသာကြည်နူးဖြစ်သွားသည်

"တကယ်ပြောတာလားမမရယ်"

"တကယ်ပေါ့မောင်လေးရဲ့"

"ဟာ... ဒီလိုဆို ကျွန်တော်သိပ်ဝမ်းသာတာပေါ့ဗျာ"

မှန်တင်းသည် ပြောရင်း နအင်း၏တစ်ကိုယ်လုံးကိုပွေ့ချီဖက်ထားလိုက်ပေတော့သည်။

"ဟား .... ဟား .... ဟား"

ကြည်နူးဖွယ်ရယ်မောသံများသည် ရေပြင်ပေါ်တိုက်ခတ်လာသောလေများနှင့်အတူ အဝေးသို့လွင့်၍လွင့်၍သွားလေတော့သတည်း။

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*